
www.dhammaransi.com

# [illegible]သုတ်တရားတော်ကြီး

ပဌမတွဲ

www.dhammaransi.com



အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

www.dhammaransi.com

၂၁၄၁၃

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သဗ္ဗာသဝသုတ် တရားတော်ကြီး

## ပဉ္စမတွဲ

ရန်ကုန်မြို့ သာသနာ့ရိပ်သာ

ဗုဒ္ဓသာသနာနုဂ္ဂဟပဋိပတ္တိသာသနာပြု

မဟာစည်ရံပုံငွေဖြင့် ပုံနှိပ်ထုတ်ဝေသည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့

ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၆ ကောဇာ ၁၃၃၄ ဖေဖော်ဝါရီ ၁၉၇၃

www.dhammaransi.com

**ထုတ်ဝေသူ။** ။မင်္ဂလာဦးအောင်မြင့် မှတ်ပုံတင်အမှတ် (၀၁၁၆၃) အကျိုးတော်ဆောင် (ပဋိပတ္တိသာသနာပြု မဟာစည်ရုံပုံငွေ) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ အမှတ် ၁၆၊ သာသနာ့ရိပ်သာ၊ ဟာမစ်တိတ်လမ်း၊ ကုက္ကိုင်း၊ ရွှေဂုံတိုင် စာတိုက်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက်အမှတ် (၅၆၇၃)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A., M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၇၃၉) က ပုံနှိပ်သည်။

www.dhammaransi.com

# လက်ဦးရှာဖွယ်

## ဟောတရားမှ စာအုပ်အဖြစ်သို့

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားသော သုတ္တန်တရားတော်ကြီးများကို ဟောတရားမှ စာအုပ်အဖြစ်သို့ရောက်အောင် (၁) ဟောစဉ်ကာလက အသံဖမ်းစက်ဖြင့် ဖမ်းယူထားခြင်း၊ (၂) ထိုဖမ်းယူထားသော တရားသံကို တိပ်ကြိုးခွေများမှ ထုတ်ယူရေးကူးခြင်း၊ (၃) ထိုရေးကူးထားသော စာမူကို ဆရာတော်ဘုရားကြီးထံ တင်ပြခြင်း၊ (၄) ဆရာတော်ဘုရားကြီးက ပြင်သင့်သည်ကို ပြင်တော်မူ၍ စာအုပ်အဖြစ် ရိုက်နှိပ်ရန် အခွင့်ပြုသောအခါ တာဝန်ဆောင်အဖွဲ့က ပုံနှိပ်တိုက်သို့အပ်နှံ၍ ရိုက်နှိပ်စေခြင်းဟူသော ဤအစဉ်ဖြင့် အဆင့်ဆင့် ဆောက်ရွက်ကြရပါသည်။

ဤနည်းဖြင့် ဆရာတော်ဘုရားကြီးဟောသော တရားတော်များကို အဝေးအနီး များစွာသော ရဟန်းရှင်လူတို့ အလွယ်တကူကြည့်ရှုမှတ်သား နာကြားနိုင်စေရန်အလို့ငှါ စာအုပ်အဖြစ်သို့ရောက်အောင် ရွက်ဆောင်ခဲ့ကြပါသည်၊ ယခုထုတ်ဝေသော ဤ**သလ္လေခသုတ်တရားတော်ကြီး**ကိုလည်း ထိုနည်းအတိုင်းပင် **ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး**၏ အတွင်းရေးမှူး **ဦးသိန်းအောင်**က ဟောတရားမှ စာမူအဖြစ်ရောက်အောင် ရွက်ဆောင်ကြိုးစားခဲ့ကြောင်း ကြားသိရပါသည်။

ဟောတရားမှ စာအုပ်အဖြစ်သို့ရောက်အောင် အားထုတ်ကြသော ဤနည်းမှာ သင့်လျော်ကောင်းမြတ်သော နည်းဖြစ်ပေသည်၊ ဤနည်းဖြင့် ခန့်ညားလေးနက်၍ အလွန်အဖိုးတန်သော တရားတော်ကြီးများမှာ တကြိမ်တခါ နာကြားရုံမျှဖြင့် ပျောက်ကွယ်ခဲ့ရသော အခြားတရားတော်များလို ပျောက်ကွယ်မသွားခြင်း၊ စာအုပ်အဖြစ်သို့ ရောက်လာသောအခါ ကမ္ဘာတဝှန်းလုံးရှိ

www.dhammaransi.com

[ ၁ ]

# လက်ဦးရှုဘွယ်

ဘာသာရေးတရား စိတ်ဝင်စားသူတိုင်း အဖန်ဖန်အခါခါ ကြည့်ရှုလေ့လာနိုင်ခြင်း–စသော အကျိုးကျေးဇူး အမြောက်အမြားထွက်ပေါ်လာနိုင်ပါသည်။

## တရားတပွဲလျှင် တပိုင်း

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် စာအုပ်အဖြစ်သို့ ရောက်ခဲ့ပြီးသော အရိယာဝါသတရားတော်ကြီး, ဝမ္မိကသုတ်တရားတော်ကြီး, ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး စသည်တို့ကို အမျှားနားလည်အောင် ကျယ်ကျယ်ပြန့်ပြန့် ဟောကြားတော်မူသကဲ့သို့ ဤသလ္လေခသုတ်တရားတော်ကြီးကိုလည်း အမျှားနားလည်အောင် ကျယ်ကျယ်ပြန့်ပြန့်ပင် ဟောတော်မူထားပါသည်။ ပါဠိစာမျက်နှာအားဖြင့် (၈)မျက်နှာမျှရှိသော သလ္လေခသုတ်ပါဠိတော်ကြီးကို တရားပွဲ(၁၂)ပွဲအထိ ဟောတော်မူပြီးမှ အဆုံးသတ်သွားသဖြင့် စာအုပ်အဖြစ် စီစဉ်ရာ၌ တရားတပွဲ တပွဲကို တပိုင်း တပိုင်းပြုလျက် (၁၂)ပိုင်းစီစဉ်ထားပါသည်။ ထိုတွင် ရှေ့ ၆-ပိုင်းကို ပဌမတွဲအဖြစ်ဖြင့်၎င်း၊ နောက် ၆ ပိုင်းကို ဒုတိယတွဲအဖြစ်ဖြင့်၎င်း တွေ့ကြရပါလိမ့်မည်။

ဟောကြားတော်မူသော နှစ်၊ လ၊ ရက်တို့ကိုလည်း တရားတပိုင်း တပိုင်း၏ အစ၌ အတိအကျဖော်ပြထားသဖြင့် ယင်း နှစ်၊ လ၊ ရက်တို့ကိုပါ အတိအကျ သိလိုသူ သုတေသီတို့အတွက် ကျေးဇူးများလှပါပေသည်၊ ၎င်းမှာ နောင်တချိန်တွင် သုတေသီတို့အတွက် အလွန်အရေးကြီး၍ အဖိုးတန်သောအချက် ဖြစ်နေဖွယ်ရာရှိပါပေသည်။

ယင်းနှစ်၊ လ၊ ရက်နှင့် တရားအပိုင်းတို့ကို ဤနေရာ၌ အကျဉ်းချုပ်ဖော်ပြရလျှင် ၁၃၃၁-ခုနှစ် နှောင်းတန်ခူးလဆန်း ၈-ရက် သင်္ကြန်အကျနေ့၌ ပဌမပိုင်းကို၊ ၁၃၃၂-ခုနှစ် ဦးတန်ခူးလပြည့်နေ့၌ ဒုတိယပိုင်းကို၊ ထိုနှစ်ကဆုန်လပြည့်ဗုဒ္ဓနေ့၌ တတိယပိုင်းကို၊ ထိုနှစ် နယုန်လပြည့် မဟာသမယနေ့၌ စတုတ္ထပိုင်းကို၊ ထိုနှစ် ဝါခေါင်လပြည့်နေ့၌ ပဉ္စမပိုင်းကို၊ ထိုနှစ် တော်သလင်းလပြည့်နေ့၌ ဆဋ္ဌမပိုင်းကို၊ ထိုနှစ် သီတင်းကျွတ်လပြည့်နေ့၌ သတ္တမပိုင်းကို၊ ထိုနှစ် သီတင်းကျွတ်လဆုတ် (၈)ရက်နေ့၌ အဋ္ဌမပိုင်းကို၊ ထိုနှစ် ပြာသိုလပြည့်နေ့၌ နဝမပိုင်းကို၊ ထိုနှစ် ပြာသိုလဆုတ်(၈)ရက်နေ့၌ ဒသမပိုင်းကို၊ ထိုနှစ် တပို့တွဲလပြည့်နေ့၌ ကော

www.dhammaransi.com



ဒသမပိုင်းကို၊ ထိုနှစ် တပို့တွဲလကွယ်နေ့၌ ဒွါဒသမနောက်ဆုံးပိုင်းကို ဟောခဲ့ကြောင်း အသီးအသီး ဖော်ပြထားပါသည်။

(၁၃၃၂-ခုနှစ် ဝါဆိုလပြည့်နေ့၌ ဝါဆိုသက်န်းတရားကို၊ ထိုနှစ်နတ်တော်လပြည့်နေ့၌ နှစ်ပတ်လည်သြဝါဒခံယူပွဲတွင် သြဝါဒတရားကို ဟောရသောကြောင့်၎င်း၊ ထိုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ မန္တလေး စစ်ကိုင်းစသည်သို့ကြွရောက်နေခိုက်ဖြစ်သောကြောင့်၎င်း ယင်းလပြည့်နေ့များ၌ ဤသလ္လေခသုတ်တရားတော်ကို ဟောခွင့်မရပဲ ရှိခဲ့လေသည်။)

## စေ့စပ်သေချာတော်မူလှပေသည်

အမှတ်တမဲ့ ပြုတတ်သူများအဖို့မှာဆိုလျှင် နာကြားလိုသည့် တရားသားသက်သက်ကို နာကြားရရုံမျှဖြင့်ပင် အားရကျေနပ်နေကြပေလိမ့်မည်၊ သို့သော် ထိုမျှလောက်ဖြင့် အားမရမကျေနပ်နိုင်သေးပဲ ဟောရာနှစ်၊ လ၊ ရက်၊ ဌာန-စသည်ကိုပါ သိလို မှတ်သားလိုကြသော သုတေသီတို့ကလည်း ရှိနေပေသေးသည်၊ ထိုသုတေသီတို့အတွက် နေရာတကာမှာ အတိအကျဖော်ပြထားခြင်းကို လိုအပ်လှပေသည်။

ဤလို တိကျမှုကို လိုလားသူ သုတေသီတို့၏အတွက်ပင် အရှင်မဟာကဿပ အစရှိသော သံဂါယနာတင် ထေရ်အရှင်မြတ်တို့သည် "ဧဝံ မေ သုတံ" အစချီလျက် "မည်သည့်အခါတွင်၊ မည်သည့်မြို့ရွာအရပ်၌၊ မည်သူကိုအကြောင်းပြု၍ ဤတရား ဤသုတ်တော်ကို မြတ်စွာဘုရား ဟောကြားတော်မူသည်ကို ကျွန်ုပ် အာနန္ဒာ ကြားလိုက်ရပါသည်" ဟု တရားတော်သုတ်တော်တို့၏ အစ အစ၌ နိဒါန်းပျိုးကာ ပျိုးကာ သံဂါယနာတင်တော်မူခဲ့ကြရပေသည်။

ထိုနည်းတူပင် စေ့စပ်သေချာတော်မူလှသော ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည်လည်း နှုတ်ဖြင့် တရားကိုဟောသည်ဖြစ်စေ၊ လက်ဖြင့်ကျမ်းဂန်ကို ရေးသည်ဖြစ်စေ စေ့စပ်သေချာတော်မူလှပါပေသည်။ ဟောကြားသောတရားတော်ကို သေသေချာချာ နာကြားကြည့်ပါ၊ ရေးသားသောကျမ်းဂန်တို့ကို သေသေချာချာ ဖတ်ရှုကြည့်ပါ၊ ကြားဝင်စရာမရှိလောက်အောင် စေ့စပ်သေချာလှသည်ကို ကိုယ်တိုင်တွေ့ရပါလိမ့်မည်။

www.dhammaransi.com



ဤသို့ ပြောရခြင်းမှာ ကိုယ့်အမြင်နှင့်ကိုယ် မိမိတကိုယ်တည်း အထင်ကြီးပြီး ပြောနေခြင်းမဟုတ်ပါ၊ ငါတဦးတည်းမှာသာ ဤလိုအမြင်မျိုး မြင်နေခြင်း ဖြစ်လေသလော–ဟူသော သံသယကြောင့် ဤစာရေးသူသည် အခြားပညာရှင်တို့အားလည်း အခွင့်သင့်တိုင်း စုံစမ်းမေးမြန်းကြည့်မိဘူးပါသည်၊ ထိုပညာရှင်တို့ကလည်း ဤအတိုင်းပင် မြင်တော်မူကြလျက် ဤအတိုင်းပင် အားပါးတရ ချီးကျူးတော်မူကြသည်ကို တွေ့ရပါသည်။ အတော်မြင့်မား၍ အထက်တန်း အတော်ကျသော စာရေးဆရာကြီးတဦးကပင် ဤအဓိပ္ပါယ်မျိုးပါသော အဆိုတမျိုးကို ဆိုခဲ့ဘူးကြောင်း တဆင့်စကား တဆင့်နား ကြားဘူးပါသေးသည်။ အဘယ်သို့နည်းဟူမူ—

"မဟာစည်ဆရာတော်ဘုရား ရေးသားသော စာဆိုလျှင်
သဝေထိုးတလုံးမျှပင် မပြင်လေနှင့် ပြင်စရာမလိုဘူး" ဟူ၍—

ဖြစ်လေသည်။ ထိုစာရေးဆရာကြီးက ဤသို့ပင် သိနေသောကြောင့် ဤသို့ပင် ဆိုခြင်း ဖြစ်ပါလိမ့်မည်၊ သူရေးသောစာမူကိုပင် မဟာစည်ဆရာတော်ဘုရားကြီးထံ တင်ပြ၍ ပြင်ဆင်ပေးပါရန် တောင်းပန်လျှောက်ထားရကြောင်းကို ထိုဆရာကြီး၏ စာအုပ်နိဒါန်းတွင် ဖော်ပြထားသဖြင့် ဤစာကို ဖတ်နေသူသည်လည်း ထိုနိဒါန်းကို ဖတ်ရှုဘူးကောင်း ဖတ်ရှုဘူးပါလိမ့်မည်၊ ထိုပုဂ္ဂိုလ်ကြီးသည် သာမန်ပုဂ္ဂိုလ်မဟုတ်၊ စာရေးဆရာ အကျော်အမော်တွေထဲတွင် အပါအဝင်ပုဂ္ဂိုလ်ကြီးတဦး ဖြစ်ပေသည်။

## တရားဦး စကားပလ္လင်

ဤတရားတော်ကြီး စာအုပ် စာမျက်နှာ(၂)၌—

"ဒီသုတ်ကတော့ ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ အသုံးကျပါတယ်၊ ကျေးဇူးများပါတယ်၊ အားမထုတ်ပဲ အလှူတ်နေတဲ့ပုဂ္ဂိုလ်တွေအတွက်လဲ အသုံးကျပါတယ်၊ ကျေးဇူးများပါတယ်၊ အကုသိုလ်ကိုပယ်ရှားလိုတဲ့–ကုသိုလ်ကိုပွါးများလိုတဲ့ ပုဂ္ဂိုလ်တွေအားလုံးအတွက် ကျေးဇူးများစေနိုင်တဲ့ သုတ်ကြီးဖြစ်ပါတယ်"–

www.dhammaransi.com



ဟူ၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက သလ္လေခသုတ်တရားတော်ကြီးနှင့် ထိုက်တန်တဲ့ ပုဂ္ဂိုလ်တွေကို တရားဦးစကားပလ္လင်ခံမှာ ထုတ်ဖော်ပြထားပါသည်။ ဆိုလိုရင်းကတော့ ဝိပဿနာတရား အားထုတ်သော သူရော၊ အားမထုတ်သောသူရော၊ မည်သူမဆို အကုသိုလ်ကို ပယ်လိုလျှင်၊ ကုသိုလ်ကိုပွါးစေလိုလျှင် ဤသုတ်တရားတော်ကြီးကို နာယူမှတ်သားသင့်သည်၊ ဤသုတ်၌ ညွှန်ပြထားသည့်အတိုင်း ကျင့်သင့်သည်၊ ထိုသို့သော ပုဂ္ဂိုလ်အားလုံးပင် ဤသုတ်တရားတော်ကြီးနှင့် ထိုက်တန်ပါသည်၊ "ငါတို့နှင့်မတန်၊ ငါတို့၏အရာမဟုတ်"ဟု မည်သူမှ စိတ်အားငယ်နေစရာမရှိဟု ဆိုလိုပါသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ထိုညွှန်ကြားပြဆိုချက်ကို တွေ့ရသောအခါ လွန်ခဲ့သော ၁၅-နှစ်ခန့်က ဆရာတော်ကြီးတပါးက ပြောကြားဘူးသော စကားကို ပြန်လည်အမှတ်ရလာပါတော့သည်။ ထိုဆရာတော်ကြီး၏ ပြောကြားပုံမှာ—

"လူတွေက သတိပဋ္ဌာန်တရားတော်ကြီးကို အာဂုံကျက်လိုကျက်၊ ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုပြီး ဝိပဿနာလုပ်လိုလုပ်နဲ့ ရယ်စရာကောင်းသေးတော့၊ သတိပဋ္ဌာန်တရားဆိုတာက လူတွေနဲ့ နဲနဲမှတော်တဲ့တရား မဟုတ်ဘူး" တဲ့။

ဘုရားဒေသနာတော်များကို ရိုသေလေးစားတာကတော့ ကောင်းပါသည်၊ သို့သော် လူတွေနှင့်မတန်အောင် လေးစားနေသည်မှာမူ လွန်လွန်းလှပါသည်၊ ဘုရားဒေသနာတော်များဟာ လူတွေနှင့်မတန်မရာဘူးဆိုလျှင် နတ်တွေ ဗြဟ္မာတွေနှင့်သာ တန်သည်ဟု ဆိုလိုပါသလား၊ သို့ဆိုပါလျှင် ထိုတရားဒေသနာတော်တွေကို အဘယ်ကြောင့် လူ့လောက၌ ဟောတော်မူပါသနည်း၊ ဤသို့လည်း ဆင်ခြင်မိဖို့ ကောင်းပါသည်။ သို့မဟုတ် လူတွေနှင့်မတန်ဟူသော စကားဖြင့် ရဟန်းများနှင့်သာ တန်သည်ဟု ဆိုလိုပါသလား၊ သို့ဆိုလျှင်လည်း ပါဠိအဋ္ဌကထာတို့၌ သိရိဝစ္ဆမည်သော သူကြွယ်၊ မာနဒိန္နမည်သော သူကြွယ်၊ မာတိကမာတာမည်သော ဒါယိကာမကြီး – ဤသို့စသော လူဝတ်ကြောင်များလည်း သတိပဋ္ဌာန်တရားကို ပွါးစေ၍ အနာဂါမ်အထိ ဖြစ်နေကြကြောင်း ပြဆိုထားသည်ကို အမှတ်ရဖို့ ကောင်းပါသည်။ ထိုအကြောင်းအရာတွေက

www.dhammaransi.com



တိမ်မြုပ်နက်နဲနေသောကြောင့် သတိမမူမိတောင်မှ သတိပဋ္ဌာနသုတ်အဋ္ဌကထာတို့၌ "ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးအရပ်၌ ပရိသတ်လေးပါးလုံး သတိပဋ္ဌာန်ဘာဝနာကို အားထုတ်ကြကြောင်း၊ အောက်ထစ်ဆုံးအားဖြင့် ကျွန် အလုပ်သမား အခြွေအရံ အောက်တန်းစား လူများတောင် သတိပဋ္ဌာန်စကားကိုသာ ပြောကြကြောင်း၊ ရေခပ်ရင်း ဗိုင်းငင့်ရင်းတောင်မှ သတိပဋ္ဌာန်စကားပြောကြ သတိပဋ္ဌာန်အလုပ်လုပ်ကြကြောင်း" ပြဆိုထားသည်ကိုမူ အမှတ်ရဘို့ကောင်းပါသည်၊ မမေ့သင့်ပါ၊ ထိုဆရာတော်ကြီး၏ ထိုစကားကို ကြားခဲ့စဉ်က ဆင်ခြင်မိသည်မှာ—

"ဤဆရာတော်ကြီးလို အထင်ရှိနေသူ ပုဂ္ဂိုလ်တွေ အများအပြားရှိနေကောင်း ရှိနေကြပေလိမ့်မည်၊ ဤအထင်မျိုး ထင်နေကြသူတွေဆိုလျှင် ကြိုးတောင့်ကြိုးခဲလှသည့် သတိပဋ္ဌာန်ကျင့်စဉ်ကို ငါတို့နှင့် မတန်ဘူးဆိုပြီး ကျင့်ကြံအားထုတ်ဝံ့ကြတော့မည် မဟုတ်တော့ဘူး၊ အလွန်အကျိုးနဲအောင် မှားတဲ့အထင်အမြင်မှားကြီးပါကလား"ဟူ၍ ဆင်ခြင်မိခဲ့ပါသည်။

ဤသလ္လေခသုတ်တော်နှင့်စပ်၍ အကျိုးများနိုင်သည့် ပုဂ္ဂိုလ်တို့ကို ထုတ်ဖော်ပြသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ အဆိုပါစကားသည် အရဋ္ဌာနအားလျော်စွာ ဟောကြားမည့်သုတ်တော်၏ ဂုဏ်ကျေးဇူးများကို ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ပြမှုမျှသာ ဖြစ်ပေလိမ့်မည်၊ သို့သော် ထိုဆရာတော်ကြီးကဲ့သို့ အထင်အမြင်မှားနေသူတို့အတွက် အမြင်မှန်ရစေရန် ညွှန်ကြားထားသည်နှင့်လည်း တူလှပေတော့သည်။

### သုတ္တာနုလောမ

သလ္လေခသုတ်ပါဠိ အဋ္ဌကထာဋီကာတို့၌ "မည်သူတွေအတွက် အသုံးကျသည်ကျေးဇူးများသည်"ဟူ၍ ပြဆိုထားချက်ကား မရှိပေ၊ ထိုသို့ပင် မရှိသော်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက "မည်သူတွေအတွက် အသုံးကျပါသည်ကျေးဇူးများပါသည်" ဟု ထုတ်ဖော် ဟောကြားထားပေသည်။ ဤသို့ဟောကြားတော်မူခြင်းသည် ပါဠိတော်အားလျော်စွာ ဟောတော်မူခြင်းသာဖြစ်ပေသည်၊ ပါဠိတော်နှင့် ဆန့်ကျင်ခြင်းကား လုံးဝပင်မရှိပေ။

www.dhammaransi.com



အဘယ်ကြောင့်ဆိုသော် ဤသလ္လေခသုတ်တရားတော်သည် ဝိနည်းသိက္ခာပုဒ်ကဲ့သို့ ရဟန်းတော်တို့အတွက်သာ ပညတ်အပ်သော တရားလည်း မဟုတ်ပေ၊ သိင်္ဂါလောဝါဒသုတ်ကဲ့သို့ လူဝတ်ကြောင်တို့အတွက်သာ ဟောကြားအပ်သော တရားလည်း မဟုတ်ပေ၊ စင်စစ်သော်ကား ဝိဟိံသာ-ညှဉ်းဆဲမှု၊ ပါဏာတိပါတ-သတ္တဝါကို သတ်မှုစသော အကုသိုလ်တရား လုံးဝမကင်းသေးသော ရဟန်း ရှင် လူ မည်သူမဆို ကျင့်ရမည့်တရားတို့ကိုသာ ဟောထားသော သုတ်တရားတော်ကြီး ဖြစ်ပေသည်၊ ထို့ကြောင့် ပါဠိတော်အား လျော်စွာ ဟောထားသော သုတ္တာနုလောမစကားသာ ဖြစ်ပါပေသည်။

ပါဠိတော် အဋ္ဌကထာတို့၌ တိုက်ရိုက်ပြဆိုမထားသော ဤလိုအနက်အဓိပ္ပါယ်မျိုးကို လျော်စွာယူရမည့်နေရာများ၌ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် သူမတူအောင် ယူဆဟောပြောနိုင်သော စွမ်းရည်ရှိတော်မူကြောင်းကို ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုရုပ် ဝိပဿနာရှုအပ်ကြောင်း အဆုံးအဖြတ်ပေးခြင်းဖြင့် ထင်ရှားသိရပေသည်။

အဆုံးအဖြတ်ပေးပုံကို အခြေအမြစ်ကစ၍ ပြပါမည်၊ မင်းကွန်းဇေတဝန် (မူလ) ဆရာတော်ဘုရားကြီး၏ မူလရင်းတပည့်ဖြစ်သော ပျော်ဘွယ်မြို့ ကမ္မဋ္ဌာန်းပြ ဆရာကြီး ဦးစံဒွန်း၏ တပည့်ဖြစ်သူ မြို့လှမြို့ ဓမ္မကထိကဆရာကြီး ဦးချစ်အောင် ရေးသားစီရင်သော သတိပဋ္ဌာနဒီပနီကျမ်း စာမျက်နှာ ၂၇၂-၌ အောက်ပါအတိုင်း ပြဆိုထားသည်ကို တွေ့ရသည်။

"ကာယာနုပဿနာအရ ဗိုက်ပူသည် ပိန်သည်ကို ရှုမှတ်၍နေရာ စကောဝိုင်းသကဲ့သို့ လှည့်ကာ လှည့်ကာ တအိအိဖြင့် သိမှတ်တိုင်း ရုပ်နာမ်တို့ ပျက်ခြင်းကို ထင်မြင်ပါသည်ဟု ကမ္မဋ္ဌာန်းဆရာထံ အစစ်ခံရာ ဆရာက နှစ်သက်အားရလှသဖြင့် ကြိုးစား၍ ရှုမှတ်ပါလေဟု မိန့်တော်မူသတည်း။ ဗိုက်ပူသည် ပိန်သည်ဟူရာ၌ "ကာယေ ကာယာနုပဿီ ဝိဟရတိ" ဟူသော သတိပဋ္ဌာန်ပါဠိတော်ကို ထောက်၍ သိမြင်စေကုန်လော့။"

အထက်ပါ သတိပဋ္ဌာနဒီပနီကျမ်းကို ၁၂၉၀-ပြည့်နှစ်က ရိုက်နှိပ်ပြီးစီးကြောင်း ထိုစာအုပ်၌ ပြထားသည်။ ထိုစာအုပ်၌ ပြထားသော အထက်ပါ စကားဖြင့်ပင် ဝမ်းဗိုက်ပူသည် ပိန်သည်ကို ရှုခြင်းသည် ကာယာနုပဿနာ၌

www.dhammaransi.com



အတွင်းဝင်ကြောင်း သုဝိညာပယ (သိနားလည်စေလွယ်သော) ပုဂ္ဂိုလ်များ အတွက် သဘောပေါက် နားလည်နိုင်လောက်ပါသည်။ သို့သော် ထိုမျှဖြင့် သဘောမပေါက်နိုင်ကြသော ပုဂ္ဂိုလ်များအတွက် ဝိပဿနာဋီကာကျမ်း ပဋ္ဌမတွဲ စာမျက်နှာ ၁၇၉–၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပြန်၏။

"အာနာပါနကမ္မဋ္ဌာန်း၌ နှာသီးဖျားမှာ စိတ်ထား၍ ထွက်တယ် ဝင်တယ်ဟူ၍ရင်း၊ ရှူတယ် ရှိုက်တယ်ဟူ၍ရင်း အများတို့ မှတ်ရှုကြလေရာ မင်းကွန်းဂိုဏ်းမှာမူကား အချို့ ဝမ်းဗိုက်မှာစိတ်ထား၍ ပူတယ်ပိန်တယ် ဟူ၍ရင်း၊ ဖောင်းတယ် ရှပ်တယ်ဟူ၍ရင်း ရှုမှတ်သည်ဟူ၍ ကျမ်းဂန် လည်းမရှိ ရှုမှတ်သောအရိုးအစဉ်လည်း မရှိပါဘဲနှင့် ထူးကဲလွန်းသည်ဟု အများတို့ကပင် ပြောကြလေသည်။ ထိုသူများသည်ကား ကျမ်းဂန် တိုက်ရိုက် အထင်အရှား တွေ့ရှိခြင်း ရှေးရိုးစဉ်လာ ဆရာသမားနှင့် အများတို့ ပြုလုပ်ကြသည်ကိုသာ မှတ်သားထား၍ သဘာဝတရား၏ အမှန်အမှားကိုကား ဉာဏ်မမြင်နိုင်ကြပေ။ သဘောမှာကား လေတို့၏ ဖြစ်ရာဌာနကိုပြဆိုရာ၌ ထွက်လေ၏အစ ချက်၊ အလယ်ရင်ချိုင့်၊ အဆုံးနှာ သီးဖျား။ ဝင်လေ၏ အစ နှာသီးဖျား၊ အလယ်ရင်ချိုင့်၊ အဆုံး ချက် ဟု ထွက်လေ၏ ဖြစ်ရာဌာနသုံးမျိုး၊ ဝင်လေ၏ ဖြစ်ရာဌာနသုံးမျိုး ကျမ်းဂန်၌ လာရှိပေ၏၊ ယခုကဲ့သို့ လာရှိသည်အရ နှာသီးဖျား၌ စိတ်ထား၍ ရှုမှတ်ခြင်းသည် ထွက်လေ၏ အဆုံးဌာနနှင့် ဝင်လေ၏ အစဌာနကို နိမိတ်ပြု၍ ရှုမှတ်ခြင်းဖြစ်လေရာ ဗိုက်မှာ စိတ်ထား၍ ရှုမှတ်ခြင်းသည်ကား ဝင်လေ၏အဆုံးဌာနနှင့် ထွက်လေ၏ အစဌာနကို နိမိတ်ပြု၍ ရှုမှတ်ခြင်းဖြစ်ပေ၏။" (ဤသို့ စသည်ဖြင့် ပြဆိုထား လေသည်)

ယင်းဝိပဿနာ ဋီကာကျမ်းကို မင်းကွန်းဇေတဝန် (မူလ) ဆရာတော်ဘုရား ကြီး၏တပည့်ရင်းဖြစ်သော ကမ္မဋ္ဌာနာစရိယ ဆရာကြီး ဦးမြတ်ကျော် ရေးသား စီရင်သည်၊ ၁၂၉၇-ခုနှစ်က ပုံနှိပ်ထုတ်ဝေကြောင်း ထိုစာအုပ်၌ ပြထားသည်။ ထိုဋီကာအဆိုဖြင့်လည်း အချို့ သဘောကျဘွယ်ရှိပါသည်။ သို့သော် ထိုမျှဖြင့် သဘောမကျနိုင်သေးသော ပုဂ္ဂိုလ်များအတွက် ကျေးဇူးရှင် မဟာစည်

www.dhammaransi.com



ဆရာတော်ဘုရားကြီးက "ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုသည် သဘာဝအားဖြင့် ထောက်ကန် တောင့်တင်းလှုပ်ရှားမှု ဝါယောဓာတ်ဖြစ်ကြောင်း၊ ဖောင်းတယ် ပိန်တယ်ဟု ရှုမှတ်ခြင်းဖြင့် ဝါယောဓာတ်၏ ဝိတ္ထမ္ဘနလက္ခဏာ, သမုဒီရဏရသ, အဘိနီဟာရပစ္စုပဋ္ဌာန်တို့ကို ထင်ရှားသိရ၍ သဘာဝကျကြောင်း၊ ကွေးမှု ဆန့်မှုကို ရှုမှတ်၍ သိခြင်းကဲ့သို့ပင် ဖောင်းမှု ပိန်မှုကို ရှုမှတ်၍ သိခြင်းသည် လည်း ကိုယ်အမူအရာရုပ်ကို သိခြင်းပင်ဖြစ်၍ ကာယာနုပဿနာ၌ အတွင်းဝင်ကြောင်း၊ (သတိပဋ္ဌာနသုတ်ဋီကာ ဒုတိယနည်း အဖွင့်အားဖြင့်) "ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ" ဟူသော သတိပဋ္ဌာနသုတ်ပါဠိ၌ အတွင်းဝင်ကြောင်း၊ အဘိဓေယျသုတ် ပရိဓေယျသုတ် စသည်တို့နှင့်လည်း ညီညွတ်ကြောင်း၊ ဝိပဿနာ အရာ၌ မည်သည့်ကိုယ်အစိတ်အပိုင်းက ရုပ်မဆို ရှုအပ်ကြောင်း၊ မည်သည့် ဝါယောရုပ်မဆို ရှုအပ်ကြောင်း" ဤသို့စသည်ဖြင့် ဘာဘာဝ, အာဂမ ၂ ပါး လုံးကိုပြ၍ ပြတ်သားစွာ ရှင်းလင်းဆုံးဖြတ်ပြထားလေသည်။ (အကျယ်သိလို လျှင် ဝိပဿနာရှုနည်းကျမ်း ပဌမတွဲ ပဥ္စမနိပ် နှာ ၂ဂဂ-၉၊ ၎င်း ဒုတိယတွဲ သတ္တမနိပ် နှာ ၃-၄-၅-မှတ်ချက်၌၎င်း၊ အရိယာဝါသတရားတော်ကြီး၊ နှာ ၁ဂ၄ မှ ၁ဂ၉၊ နောက်ဆက်တွဲ နှာ ၂၄၄-စသည်၌၎င်း၊ ဝမ္မိကသုတ်တရားတော်ကြီး နှာ ၂၁၇-စသည်၌၎င်း၊ မဟာစည်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာနသုတ် ပါဠိနိသျ နောက်ဆက်တွဲ၌၎င်း ကြည့်ရှု လေ့လာနိုင်ပါသည်)

ယင်းသို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဖောင်းပိန်ရုပ်ကို ရှုအပ်ကြောင်း ခိုင်လုံစွာ အဆုံးအဖြတ်ပေးသော ကျေးဇူးကြောင့် ဖောင်းပိန် ရုပ်ကို ပဓာနအရင်းခံပြု၍ ဒွါရ ၆-ပါးမှ ပေါ်လာသမျှ ရုပ်နာမ်တို့ကို ရှုမှတ် ခြင်းဖြင့် သိန်းသောင်းမက များပြားလှစွာသော ယောဂီတို့မှာ မည်မျှအကျိုး ရှိနေကြသည်ကို မြန်မာနိုင်ငံတဝှန်းလုံး သိကြပြီး ဖြစ်နေရုံမျှမက ယိုးဒယား သီဟိုဠ် အင်္ဂလန် အမေရိကံ စသည်တို့မှာလည်း ထင်ရှား၍နေလေပြီ။

## ဟောပြောနိုင်ဖို့ မလွယ်

စုန္ဒမထေရ်က မေးလျှောက်၍ မြတ်စွာဘုရားက ဖြေကြားထားသော ဤ သလ္လေခသုတ်တော်ကို ဆဋ္ဌသံဂါယနာမူ ပမာဏဖြင့် ဖော်ပြရလျှင် ပါဠိမှာ

www.dhammaransi.com



(ဂ) မျက်နှာသာဂိုဏ်း၌ အဋ္ဌကထာမှာ (၁၅) မျက်နှာခန့်သာ ရှိပါသည်၊ ၎င်းပါဠိအဋ္ဌကထာတို့ကို ရွတ်ဖတ်မည်ဆိုလျှင် မိနစ် ၄၀-၅၀-ခန့်ဖြင့် ပြီးစေနိုင်ပါသည်။ သို့သော် အနက်အဓိပ္ပါယ်အားဖြင့်မူ အလွန်ပင် နက်နဲခက်ခဲ၍ ကျယ်ဝန်းလှပါသည်၊ သိမ်မွေ့လှပါသည်။

စျာန်မဂ်ဖိုလ်တရားများနှင့်စပ်၍ မေးဖြေထားသော အမေးအဖြေတရားများဖြစ်သောကြောင့် မည်မျှနက်နဲ ခက်ခဲသိမ်မွေ့မည်ကို ပညာရှိတို့ သိမြင်နိုင်ပါသည်၊ တရားသဘောရင်းကိုက ဤသို့ နက်နဲ ခက်ခဲ သိမ်မွေ့လှသည့်အထဲမှာ အမေးအဖြေသဘောကလည်း ဆိုလိုသည်ကို သိနိုင်ရန် ခက်ခဲချက်တရပ် ပါဝင်နေပြန်ပါသေးသည်။ ထို့ကြောင့်ပင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက—

> "ဒီအမေးအဖြေ ၂-ခုလုံးဟာ သဘောပေါက်ဖို့ နားလည်ဖို့ မလွယ်ဘူး၊ ခက်တယ်၊ အမေးမှာ—နှလုံးသွင်းခါစနှင့် ဒီအယူမှားတွေကို ပယ်နိုင်ပါသလား-လို့ မေးထားတယ်။ အဖြေမှာ—ဒိဋ္ဌိအယူမှားတွေ ဖြစ်ပွါးရာဘုံ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို 'ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ အတ္တမဟုတ်' လို့ ရှုမြင်လျှင် အဲဒီ ဒိဋ္ဌိအယူမှားတွေကို ပယ်စွန့်ခြင်းဖြစ်တယ်လို့ ဖြေထားတယ်" ဟူ၍—

အမေးအဖြေကို ရှင်းလင်း ဟောပြောတော်မူရာတွင် ထည့်သွင်းဟောပြောထားခြင်းဖြစ်ပေသည်။ ယင်းဟောပြောချက်ဖြင့် သဘာဝအခက်ကို ဆိုလိုသည်မဟုတ်သေးပဲ အမေးအဖြေ ဝေါဟာရအပေါ်မှာ သိနိုင်ရန် ခက်ခဲကြောင်းကိုသာ ဆိုလိုကြောင်း ထင်ရှားပါသည်။ တရားတော်၏ အစဖြစ်သော အမေးအဖြေသဘောကိုက နားမလည်နိုင်လောက်အောင် ခက်နေပြီဆိုပါလျှင် ဓမ္မသဘာဝကို သိနိုင်ဖို့ကျတော့ အဆများစွာ ပိုမိုခက်ခဲတော့မည်မှာ သေချာလှပါသည်။

သို့သော် ဤအရာ၌ ခက်တယ်-ဆိုသည်မှာ တရားနာပရိသတ်တို့အတွက်သာ ဆိုလိုခြင်း ဖြစ်ပါသည်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအတွက်မှာမူ မခက်ပါ၊ မခက်သောကြောင့်ပင်—

www.dhammaransi.com



"အဲဒီ အသိခက်တာတွေကို သိနားလည်အောင် ရှင်းပြရလိမ့်မယ်"လို့ ရှင်းပြဖို့ရန် ဆက်လက်ပြီး တာဝန်ခံတော်မူလိုက်ခြင်း ဖြစ်ပါသည်။ အကယ်၍ ဆရာတော်ဘုရားကြီးအတွက်လည်း ခက်နေပါလျှင် ရှင်းပြရန် တာဝန်လည်း ခံနိုင်မည်မဟုတ်၊ ရှင်း၍လည်း ပြနိုင်မည်မဟုတ်ပေ၊ ယခုမူ ဆရာတော်ဘုရားကြီးက ရှင်းပြရန် တာဝန်ခံပြီးလျှင် အများပရိသတ်တို့ နားလည်အောင် အစ အဆုံး ပြည့်ပြည့်စုံစုံ ရှင်းပြထားပေသည်။

## မရှိခဲ့ဘူးသေး

အစမှာလည်း ခက်၊ အလယ်မှာလည်း ခက်၊ အဆုံးမှာလည်း ခက်လှသော ဤလို သုတ္တန်ဒေသနာတော်မျိုးတွေကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးလို တခမ်းတနား ထိမိနိုင်နင်းစွာ ဝေဘန်ဟောကြားရန်မှာ မလွယ်ကူပါ၊ မလွယ်ကူသောကြောင့်ပင် ယခင်က ဤတရားတော်ကြီးမျိုး မပေါ်မထွက်ခဲ့ပဲ ရှိခဲ့လေသည်။ မှန်ပါသည်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသကဲ့သို့ အခြားသော ဓမ္မကထိကတို့ ဟောကြားထားသော ဤလို ခမ်းနားပြည့်စုံသည့် သုတ္တန်တရားတော်ကြီးများ မရှိခဲ့ဘူးသေးပါ။ စေ့စေ့စပ်စပ် မဟုတ်ပဲ ဟိုတစ သည်တစ လိုရာ အကွက်ကလေးလောက်သာ ဆွဲထုတ်ဟောကြား ရေးသားထားသော တရားနှင့် စာအုပ်များမှာမူ မရှိမဟုတ် ရှိကြပါသည်၊ သို့သော် အစ အဆုံး ပြည့်ပြည့်စုံစုံ မဟုတ်ကြသောကြောင့် ပညာရှိတို့ အားရကျေနပ်လောက်အောင် မဖြစ်ရှိသာမက ထယ်ဝါခန့်ညားခြင်းလည်း မရှိကြပါ။

## လူတိုင်း သိနားလည်နိုင်သည်

အကြောင်းအားလျော်စွာ တခါတရံ ဆွမ်းစသည်တို့နှင့် စပ်သော အနုမောဒနာတရားများကို ဟောကြားသေးသော်လည်း အနုသာသနီအနေဖြင့် ဟောကြားရသည့် သီးသန့်တရားပွဲကြီးများ၌မူ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဤသလ္လေခသုတ်တော်ကြီးလို လေးနက်သော သုတ်တော်ကြီးတို့ကိုသာ ဟောကြားတော်မူလေ့ရှိပါသည်။

www.dhammaransi.com



ထိုသုတ္တန်တရားတော်တို့မှာ အဟောအပြောခက် အသိခက်ငြားသော်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက နိုင်နိုင်နင်းနင်း ရှင်းလင်းဝေဘန်၍ ဟောကြားတော်မူနိုင်သဖြင့် နာကြားရသူတို့မှာ အလွယ်တကူပင် သိမြင်သဘောပေါက်နိုင်ကြပေသည်၊ ဤသို့သဘောပေါက်နိုင်ပုံကို ဤသလ္လေခသုတ်တရားတော်ကြီးက ဖတ်ရှုသူတို့အား ထင်ရှားသိစေပါလိမ့်မည်။

ဤသလ္လေခသုတ်တော်ကြီးသည် မဂ်ဖိုလ်ကို မရသေးပါပဲ ရပြီဟု ထင်မှု အဓိမာနရှိနေသော ပုဂ္ဂိုလ်တို့အတွက် ရည်ရွယ်၍ ဟောထားသော တရားတော်ဖြစ်သောကြောင့် အခြားသုတ်တော်တို့ထက်ပင် အဆစ်အဖု အခက်အခဲတွေ များသောကြောင့် သာ၍ အဟောခက် အသိခက်သည်ဟု ဆိုချင်ပါသည်။ အကြောင်းမူကား အဓိမာန ဟုတ်သည် မဟုတ်သည်ကို အဆုံးအဖြတ်ခက်ခဲရာမှ၁ တိတိကျကျ ဆုံးဖြတ်နိုင်အောင် အလွန်သိမ်မွေ့နက်နဲသော ဈာန်-မဂ်-ဖိုလ်တရားများကို ဟောကြားရခြင်းကြောင့် ဖြစ်ပါသည်။

ယင်းသို့ အခြားသုတ်တော်ကြီးတို့ထက် အဟောရခက်မည်ဟု ထင်ရငြားသော်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဟောကြားထားပုံကို ဖတ်ရှုကြည့်ရသောအခါ အခြားသုတ်တော်ကြီးများကို ပေါ်လွင်ထင်ရှားအောင် ဟောကြားထားသကဲ့သို့ပင် ဤသလ္လေခသုတ်တော်ကြီးကိုလည်း ပေါ်လွင်ထင်ရှားအောင် ဟောကြားထားသည်ကို တွေ့ရပေသည်။ ယောဂီတို့မှာ အထင်ကြီးမှု – အဓိမာန ဖြစ်တတ်သည့် အရဌာနများကို အကွက်ချ၍ ဖော်ပြ ဟောကြားထားသည်ကိုလည်း တွေ့ရပေသည်။ အဓိမာန ဖြစ်တတ်သည့် သဘောကို ဖော်ပြရာ၌—

> "တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ တရားထူးကို တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပြီး အားထုတ်နေတယ်၊ ဒီတော့ ထူးထူးခြားခြားကလေးကို တွေ့ယင် တရားထူးပဲလေလားလို့ ထင်မြင်အောက်မေ့မိတတ်တယ်၊ တောထဲမှာ မှိုရှာတဲ့လူဟာ ဖွေးဖွေးကိုမြင်ယင် မှိုလေလားလို့ တွေးမိတာလိုပါပဲ"ဟူ၍—

တရားနာပရိသတ်တို့ အသိဉာဏ်တွင် သိလွယ် မြင်လွယ်အောင် ထင်ရှားလွယ်ကူသော ဥပမာကိုဆောင်၍ ဖော်ပြဟောကြားထားပေသည်။

www.dhammaransi.com



## ဆုံးဖြတ်ရာ၌ တိကျသည်

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ် ပဋိပတ် နှစ်ရပ်လုံး၌ ကျွမ်းကျင်တော်မူလှသောကြောင့် အဆုံးအဖြတ်ပေးသင့်သည့် နေရာများ၌လည်း တိတိကျကျ ဆုံးဖြတ်နိုင်စွမ်းရှိတော်မူသည်ကိုလည်း တွေ့နိုင်ပါသည်။ သာဓကတခုလောက်ကို ထုတ်ပြရလျှင် အချို့ ကမ္မဋ္ဌာန်းဆရာများ တွေဝေမှားယွင်းတတ်သောအရာ၌—

> ''တချို့က တုံးလုံးပက်လက် လဲနေတာ, ကိုးယိုကားယား လူးလိမ့်နေတာကို တရားထူးလို့ ထင်မှတ်နေကြတယ်၊ ဒါကတော့ မဟုတ်ပါဘူး၊ ဈာန်-မဂ်-ဖိုလ် ဆိုတာတွေဟာ အပ္ပနာဇောတွေဘဲ၊ အပ္ပနာဇောဆိုတာ ထိုင်ခြင်း ရပ်ခြင်း အစရှိတဲ့ ဣရိယာပုထ်တွေကို မူလတည်မြဲအတိုင်းပင် တည်စေတတ်တယ်၊ ဒါကြောင့် အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ-လို့ အဋ္ဌကထာတွေမှာ အထင်အရှားပြဆိုထားပါတယ်''ဟူ၍—

(ဤတရားတော်ကြီး နှာ ၃၉-မှာ) ခိုင်လုံတဲ့သာဓကနှင့်တကွ အဆုံးအဖြတ်ပေးထားသည်ကို တွေ့ကြရပါလိမ့်မည်။

ထိုကဲ့သို့ မှားမှားယွင်းယွင်း ထင်မြင်ယူဆပြီး တရားထူးမဟုတ်သည်ကို တရားထူးအနေဖြင့် အသိအမှတ်ပြုနေတဲ့ ကမ္မဋ္ဌာန်းဆရာတို့သည်ကား ပရိယတ်ပဋိပတ်အရာ၌ မကျွမ်းကျင်သောကြောင့်လည်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်၊ သို့မဟုတ် ဝိပဿနာအလုပ်ကို ကိုယ်တိုင်က ကျကျနန အားမထုတ်ဘူးပါပဲ ကမ္မဋ္ဌာန်းခေတ်စားနေခိုက်မှာ ငါလည်း ကမ္မဋ္ဌာန်းဆရာလုပ်မည်ဟု လာဘသက္ကာရ သိလောကကို မြှော်လင့်ပြီး သူမနိုင်သောအလုပ်ကို လုပ်နေသူလည်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ဤသို့တွေးတောယူဆရာ၌ အထောက်သာဓကမှာ မြတ်စွာဘုရားလက်ထက်တော်ကာလကပင် ဘုရားမဟုတ်ပါပဲ ဘုရားလုပ်နေသူတွေ ရှိခဲ့သည်ကို ထောက်ဆကြည့်လျှင် ယခုခေတ်၌ ကမ္မဋ္ဌာန်းဆရာအတုဟူသည်မှာလည်း မရှိဘူးဟူ၍ အဘယ်မှာ ဆိုနိုင်လိမ့်မည်နည်း။

ထိုသို့သော ကမ္မဋ္ဌာန်းဆရာအတုတို့ထံ၌ နည်းခံ၍ကျင့်သဖြင့် အရိယာဖြစ်ပြီ၊ သောတာပန်ဖြစ်ပြီ၊ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ပြီ-ဟု အသိ

www.dhammaransi.com



အမှတ်ပြုချက်ရသော်လည်း စိတ်မချရ၊ မကြာမီပင် ပုထုဇဉ်အဖြစ်သို့ ပြန်ရောက်တတ်သည်၊ ရဟန္တာလူထွက်အထိ ဖြစ်ပေါ်ခဲ့ဘူးသည်ကို မကြာမီ နှစ်များအတွင်းက သတင်းစာများ၌ပင် အထင်အရှား မကြားကောင်း မနာသာတွေ့ခဲ့ကြရလေသည်။ ထို့ကြောင့် တရားထူးအရာ၌ အထင်မှားတတ်သည်ကို ဆရာတော်ဘုရားကြီးက ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ပြထားသည်မှာ သင့်လျော်လှပါပေသည်။

## ပရိယတ် ပဋိပတ် စွယ်စုံ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်ကား ပရိယတ် ပဋိပတ် နှစ်ရပ်လုံး စွယ်စုံ ဖြစ်ပေသည်၊ အနည်းငယ်ဖော်ပြရလျှင် ၁၂၉၃-ခုနှစ် ရဟန်းသိက္ခာ (၈) ဝါရအရွယ်၌ သထုံမြို့ မင်းကွန်း ဇေတဝန် (မူလ) ဆရာတော်ဘုရားကြီးထံ၌နည်းခိုသယခံယူ၍ သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို လေးလကျော်အားထုတ်ခဲ့သဖြင့် ပဋိပတ်ဘက်မှာလည်း ပြည့်စုံတော်မူပေသည်၊ ပရိယတ်နှင့်ပြည့်စုံကြောင်းမှာမူ ဆဋ္ဌသံဂါယနာတင်စဉ်က ဩသာနုသောဒနေ ကိစ္စနှင့် အမေးပုစ္ဆကအရာတို့၌ ဆောင်ရွက်တော်မူခဲ့ခြင်းဖြင့် အလွန် ထင်ရှားလှပါပေသည်။ သို့သော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် တရား အားထုတ်ပြီးလျှင် ပြီးချင်း ကမ္မဋ္ဌာန်းတရားကို ဟောကြားပြသခဲ့သည် မဟုတ်ပေ၊ သင့်လျော်သော အချိန်အခါကို ငံ့လင့်လျက် ပရိယတ် ပဋိပတ်တို့ကို ထပ်မံလေ့လာနေခဲ့ပြီးလျှင် ၁၃၀၀-ပြည့်နှစ်မှသာလျှင် အစပြု၍ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ဟောကြားပြသတော်မူခဲ့ပေသည်။

## အရိယာလူထွက် မရှိ

ဟောကြားညွှန်ပြရာ၌လည်း တပည့်ယောဂီ၏အားထုတ်ပုံ တွေ့မြင်ပုံများကို နေ့စဉ် မေးမြန်း စစ်ဆေး၍ ဝိပဿနာဉာဏ်များ အစဉ်အတိုင်း အပြည့်အစုံ ဖြစ်ပေါ်လျက် မဂ်ဖိုလ်ဉာဏ်များ ဖြစ်ပုံ ထင်ရှားသည်တိုင်အောင် ညွှန်ကြားပြသတော်မူပေသည်၊ တရားထူးနှင့် ပြည့်စုံလောက်ပြီဟု ယုံကြည်ရသောသူအားလည်း သောတာပန်ဖြစ်ပြီ စသည်ဖြင့် အဆုံးအဖြတ်မပေးပဲ ဓမ္မာဒါသ

www.dhammaransi.com



သုတ်တရားတော်နှင့်အညီ ဉာဏ်စဉ်တရားကို ဟောပြ၍ ယောဂီ၏ ကိုယ်တိုင်တွေ့ ကိုယ်ပိုင်ဉာဏ်ဖြင့်သာလျှင် ဆုံးဖြတ်စေပါသည်။ ထို့ကြောင့်ပင် ယခုအထိ နှစ်ပေါင်း သုံးဆယ်ကျော်အတွင်းမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တပည့်ထဲမှ အရိယာလူထွက်ဟူ၍ တဦးတယောက်မျှ ပေါ်လာခြင်း မရှိပဲ ကြည်ညိုဘွယ်ဂုဏ်နှင့် ပြည့်စုံလျက် ရှိပါပေသည်၊ အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသူ စာပေကျမ်းဂန်တတ် ရဟန်း ရှင်လူတို့၏ ယုံကြည်လေးစားခြင်း ကိုလည်း ခံယူရပါပေသည်။ ဤအချက်မှာ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ တခုတည်း၌ပင် စာပေကျမ်းဂန်တတ် ရဟန်းတော်များ သုံးလေးဆယ်အထိ အသစ်အဟောင်း ပြောင်းလဲကာ အားထုတ်လျက် အမြဲတမ်းရှိနေခြင်းဖြင့် ထင်ရှားလှပါသည်။

## တစ တစနှင့် ကြီးထွားလာရသည်

ဤသို့ ရဟန်း ရှင်လူအများ၏ ယုံကြည်လေးစားခြင်းကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ပဋိပတ်လုပ်ငန်းစဉ်ကြီးသည် ၁၃၀၀-ပြည့်နှစ်မှစ၍ ပေါက်ပွါးလျက် တစ တစနှင့် ကြီးထွားလာခဲ့ရာ ယခုအခါမှာ အကြီးဆုံး အကျယ်ပြန့်ဆုံးအဖြစ်သို့ ရောက်နေပေပြီ။ ဤသည်မှာ ဆရာတော်ဘုရားကြီး၏ ပရိယတ် ပဋိပတ် နှစ်ရပ်လုံး ပြည့်စုံလုံလောက်ခြင်း၊ စိတ်စေတနာသဒ္ဓါတရား ဖြူစင်သန့်ရှင်းခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းတို့ကြောင့် ဖြစ်ကြောင်း ထင်ရှားလှပါသည်။ မမှန်ကန်သော အတုအယောင်တို့မှာမူ တရှိန်တိုး အမြန်တက်လာပြီးလျှင် တခဏလောက်နှင့်ပျောက်မှန်းမသိ ပျောက်ကွယ်သွားတတ်ကြပါသည်။

## ဤသို့ ထင်မှတ်ရသည်

နောက်ဆုံး နိဂုံးချုပ်အနေအားဖြင့် ဖော်ပြလိုသည်မှာ— ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားထားသော သုတ္တန်တရားတော်ကြီး များမှာ တရားတပုဒ်ကို နာကြားဖတ်ရှုနေစဉ် အခြားတပုဒ်ထက် ပိုကောင်းသည်

www.dhammaransi.com

 လက်ဦးရှုဘွယ်

ပိုလေးနက်သည်ဟု ထင်မှတ်ကြရပါသည်။ သို့ဖြစ်၍ ယခင်က ဖတ်ခဲ့ဘူးသော အရိယာဝါသတရားတော်ကြီး စသည်တို့ကို လေးနက်ကောင်းမွန်လှပါပေသည်ဟု ထင်မှတ်ခဲ့ပြီးသော သူတို့သည် ဤသလ္လေခသုတ်တရားတော်ကြီးကို ဖတ်ရှုကြရသည့်အခါ ဤသုတ်တရားတော်ကြီးက ပိုလေးနက် ပိုကောင်းပါကလား-လို့ ထင်မှတ်ရလိမ့်မည်ဖြစ်ကြောင်း နိဂုံးချုပ်အနေဖြင့် ဖော်ပြလိုက်ပါသတည်း။

**ဦးတိဿ**

နာယကဆရာတော်
မစိုးရိမ်ကျောင်းတိုက်
ဝက်လက်မြို့။

၁၃၃၃-ခုနှစ်၊
ဦးတန်ခူးလပြည့်ကျော်(၈)ရက်
(၁၈ - ၄ - ၇၁)

www.dhammaransi.com

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　စာမျက်နှာ


ပဌမပိုင်း　　၁ – မှ　၇၆

| | |
|---|---|
| ပလ္လင်ခံ .... .... | ၁ |
| အရှင်စုန္ဒမထေရ်က လျှောက်ထားတယ် .... .... | ၃ |
| အရှင်စုန္ဒမထေရ်၏ မေးလျှောက်ပုံ .... .... | ၄ |
| အတ္တဝါဒနှင့် စပ်တဲ့ မိစ္ဆာအယူ .... .... | ၅ |
| လောကဝါဒ ရှစ်ပါး .... .... | ၆ |
| မြတ်စွာဘုရား၏ အဖြေ .... .... | ၁၀ |
| မြင်ခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ .... .... | ၂၁ |
| ကြားခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ .... .... | ၂၂ |
| နံခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ .... .... | ၂၂ |
| စားသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ .... .... | ၂၂ |
| ထိသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ .... .... | ၂၃ |
| ကြံသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ .... .... | ၂၃ |
| ခန္ဓာငါးပါး၌ အတ္တဒိဋ္ဌိ ဖြစ်ပုံ .... .... | ၂၄ |
| ကိလေသာ ကိန်းပုံ .... .... | ၂၆ |
| ကိလေသာမကိန်းအောင် ရှုပုံ .... .... | ၂၇ |
| ငါ့ဥစ္စာမဟုတ် စသည်ဖြင့် သိမြင်ပုံ .... .... | ၂၀ |
| ဒိဋ္ဌိကို ပယ်နိုင်အောင် ရှုပုံရှုနည်း .... .... | ၃၁ |
| ပဌမစျာန်ရရှိနဲ့လဲ အထင်ကြီးတတ်သည် .... .... | ၃၆ |
| ပဌမစျာန်၏ ဂုဏ်များ .... .... | ၃၀ |
| အထင်ရောက်တဲ့ ရဟန်းငါးရာဝတ္ထု .... .... | ၄၁ |
| မဟာနာဂမထေရ်ဝတ္ထု .... .... | ၄၂ |
| စူဠသုမ မထေရ်ဝတ္ထု .... .... | ၄၃ |

www.dhammaransi.com



# သလ္လေခသုတ်တရားတော်ကြီး

အကြောင်းအရာ　　　　　　　　　　　　　　　　စာမျက်နှာ


ထူးခြားတဲ့အတွေ့တွေကို တွေ့ရတယ် .... .... ၄၄
မျက်မှောက်ချမ်းသာရေးတရား .... .... ၄၅
ဝိပဿနာမှာလဲ စျာန်သဘောတွေ ပါဝင်နေတယ် .... .... ၄၆
သာသနာတော်၌ သလ္လေခအကျင့် .... .... ၄၇
ခေါင်းစဉ်ဆောင်ပုဒ်ကြီး .... .... ၄၉
သလ္လေခအကျင့် အကျယ်ပြချက် .... .... ၅၁
အဝိဟိံသာတရား .... .... ၅၂
စိတ္တုပ္ပါဒဝါရ .... .... ၅၃
ပရိက္ကမနဝါရ .... .... ၅၉
ဥပရိဘာဂဝါရ .... .... ၆၂
ပရိနိဗ္ဗာနဝါရ .... .... ၆၅
(၁) အဓိဌာန်ဆောင်ပုဒ် .... .... ၆၇
ညှဉ်းဆဲမှု၏ အပြစ်နှင့် အကျိုး .... .... ၆၉
ပူတိဂတ္တတိဿမထေရ်ဝတ္ထု .... .... ၇၀
ဘုရားကိုယ်တော်တိုင် သူနာပြုပုံ .... .... ၇၁
ရဟန္တာခေတ်တော်ဆိုတာ အရိုးတွေပါဘဲ .... .... ၇၃
ပူတိဂတ္တတိဿမထေရ်၏ ရှေးအကြောင်း .... .... ၇၄
အမျှဝေ တရားသိမ်း နိဂုံးချုပ် .... .... ၇၆

ဒုတိယပိုင်း ၇၇ – မှ ၁၁၀

တရားအနုသန္ဓေ .... .... ၇၇
ပါဏာတိပါတပုဒ်အနက် .... .... ၇၈
သလ္လေခဝါရ၌ ဟောတော်မူပုံ .... .... ၇၈
စိတ္တုပ္ပါဒဝါရ်စသည် .... .... ၈၂
(၂) အဓိဌာန်ဆောင်ပုဒ် .... .... ၈၄
စျာန်နှင့် မသတ်မှု နှိုင်းယှဉ်ပြချက် .... .... ၈၄
ပညာဖြင့် ပယ်မှ အမြစ်ပြတ်ငြိမ်းသည် .... .... ၈၈

www.dhammaransi.com



အကြောင်းအရာ စာမျက်နှာ

ပါဏာတိပါတကံ မြောက် မမြောက် .... ၉၁
စေခိုင်းလျှင်လဲ ကံထိုက်တယ် .... ၉၂
အစွန်းသုံးပါး လွတ်တဲ့အသား .... ၉၃
အပြစ်နှင့် အကျိုး .... ၉၇
မွေးခါစကလေးသေတာ ဘာကြောင့်လဲ .... ၉၈
ဗုဒ္ဓမြတ်စွာ၏ အဖြေ .... ၉၉
သိုးကို သတ်မိလို့ သိုးမွေးနှင့်အမျှ ခံရသည် .... .... ၁၀၂
မတကဘတ် ဇာတ်ဝတ္ထု .... .... ၁၀၄
အသက်တိုသူနှင့် စပ်ပြီး သောကဖြစ်ရတာကတော့ .... ၁၀၄
ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်း၏ အကျိုး .... .... ၁၀၅
အမျှဝေ တရားသိမ်း နိဂုံးချုပ် .... .... ၁၁၀

## တတိယပိုင်း ၁၁၁ – မှ ၁၅၄

ကဆုန်လပြည့် ဗုဒ္ဓနေ့ .... .... ၁၁၁
ဘုရားအလောင်းလို့ စွန့်ရဲကြပါ့မလား .... .... ၁၁၂
ဘုရားဖြစ်တော်မူရာဌာန .... .... ၁၁၃
ပလ္လင်၏ ပမာဏ .... .... ၁၁၄
ဒေဝပုတ္တမာရ်ကို အောင်တော်မူခြင်း .... .... ၁၁၅
ဝသုန္ဓရီနတ်ဆိုတာ ရှိသလား .... .... ၁၁၉
အောင်တော်မူဂါထာ .... .... ၁၁၉
ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူခြင်း .... .... ၁၂၁
ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူခြင်း .... .... ၁၂၂
ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူခြင်း .... .... ၁၂၄
အာသဝက္ခယဉာဏ်ကို ရရန် ဝိပဿနာရှုတော်မူပုံ .... .... ၁၂၆
ဗုဒ္ဓ-ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း .... .... ၁၂၉
ရူပကာယကိုယ်တော် ဘယ်လိုထူးသလဲ .... .... ၁၃၁
တရားဟောခြင်းနှင့် ပရိနိဗ္ဗာန် .... .... ၁၃၂

www.dhammaransi.com



အကြောင်းအရာ　　　　　　　　　　　　　　　　စာမျက်နှာ

ရာဇဝင်ကြောင်း ထင်ရှားမှ စိတ်ချရသည် .... .... ၁၃၂
ဘုရား၏ ခါတ်တော်များ .... .... ၁၃၄
ဘုရားခါတ်တော်များ၏ ပမာဏနှင့် အဆင်း .... .... ၁၃၄
အဒိန္နာဒါန-လုယက်ခိုးယူခြင်း .... .... ၁၃၆
ခိုးမှုမြောက် မမြောက် စိစစ်ချက် .... .... ၁၃၈
ဝိရတီသုံးပါး .... .... ၁၄၀
မခိုးမှုနှင့် အဆင့်အတန်းတက်မည် .... .... ၁၄၃
မခိုးမှုနှင့် ငြိမ်းစေမည် .... .... ၁၄၄
(၃) အဓိဋ္ဌာန်ဆောင်ပုဒ် .... .... ၁၄၄
အပြစ်နှင့် အကျိုး .... .... ၁၄၅
အဆင့်အတန်းတက်ရအောင် .... .... ၁၄၈
ကိလေသာ ကိန်းပုံနှင့် ငြိမ်းပုံ .... .... ၁၄၉
ရှုမှတ်တာလဲ သလ္လေခအကျင့်ဘဲ .... .... ၁၅၀
ရှုမှတ်ယင် အဆင့်အတန်း တက်တယ် .... .... ၁၅၁
အမျှဝေ တရားသိမ်း နိဂုံးချုပ် .... .... ၁၅၄

**စတုတ္ထပိုင်း　　၁၅၅ — မှ ၁၉၉**

မဟာသမယနေ့ .... .... ၁၅၅
ဒီကနေ့ အလှည့်ကျတာက .... .... ၁၅၇
သလ္လေခဝါရ .... .... ၁၅၇
အဖြူပါမစရိယ ၂-မျိုး .... .... ၁၅၈
ကာမေသုမိစ္ဆာစာရ .... .... ၁၅၉
ဗြဟ္မစရိယ .... .... ၁၆၀
ပရိက္ကမနဝါရ စသည် .... .... ၁၆၁
မေထုန်ငယ် ၇-ပါး .... .... ၁၆၃
မေထုန်ငယ်ဆောင်ပုဒ် .... .... ၁၆၇
အပြစ်နှင့် အကျိုး .... .... ၁၇၀

www.dhammaransi.com



## မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အမျိုးသားများဘက်က ဝတ္တု | .... | .... | ၁၇၃ |
| အမျိုးသမီးများဘက်က ဝတ္တု | .... | .... | ၁၇၅ |
| (၁) ခေမာထေရီဝတ္တု | .... | .... | ၁၇၇ |
| (၂) ဥပ္ပလဝဏ်ထေရီဝတ္တု | .... | .... | ၁၈၅ |
| (၃) ပဋာစာရာထေရီဝတ္တု | .... | .... | ၁၈၆ |
| (၄) ကုဏ္ဍလကေသာထေရီဝတ္တု | .... | .... | ၁၈၆ |
| (၅) ကိသာဂေါတမီထေရီဝတ္တု | .... | .... | ၁၈၇ |
| (၆) ဓမ္မဒိန္နာထေရီဝတ္တု | .... | .... | ၁၈၉ |
| (၇) ဝိသာခါဝတ္တု | .... | .... | ၁၉၃ |
| ဘုံစဥ်စံ သောတာပန် | .... | .... | ၁၉၃ |
| (၄) အဓိဋ္ဌာန်ဆောင်ပုဒ် | .... | .... | ၁၉၈ |
| အမျှဝေ တရားသိမ်း နိဂုံးချုပ် | .... | .... | ၁၉၉ |

**ပဉ္စမပိုင်း ၂၀၀ မှ ၂၄၃**

| | | | |
|---|---|---|---|
| တရားအနုသန္ဓေ | .... | .... | ၂၀၀ |
| မုသာဝါဒ | .... | .... | ၂၀၀ |
| သက်သေခံတဲ့အခါ အရေးကြီးတယ် | .... | .... | ၂၀၂ |
| အရိယနှင့် အနရိယဝေါဟာရများ | .... | .... | ၂၀၃ |
| စိတ္တုပ္ပါဒဝါရ စသည် | .... | .... | ၂၀၄ |
| အဓိဋ္ဌာန်ဆောင်ပုဒ် | .... | .... | ၂၀၄ |
| အပြစ်နှင့် အကျိုး | .... | .... | ၂၀၄ |
| မျက်မှောက်မှာလဲ အကျိုးရနိုင်တယ် | .... | .... | ၂၀၈ |
| အဆိပ်ကိုလဲ ပယ်ဖျောက်နိုင်တယ် | .... | .... | ၂၀၈ |
| ရောဂါကိုလဲ ပျောက်စေနိုင်တယ် | .... | .... | ၂၁၀ |
| တရားဆေးတမျိုးပေါ့ | .... | .... | ၂၁၁ |
| မိုးကိုလဲ ရွာစေနိုင်တယ် | .... | .... | ၂၁၂ |
| သုတသောမမင်း | .... | .... | ၂၁၂ |

www.dhammaransi.com



အကြောင်းအရာ — စာမျက်နှာ


ယခုလူတွေကလဲ အသားကြိုက်ကြတယ် .... .... ၂၁၂
လူသားစားလို့ နှင်ထုတ်ခံရတယ် .... .... ၂၁၃
လူသားစားလို့ ပေါရိသာဒ ခေါ်တယ် .... .... ၂၁၃
မရလှ ရသကချိုင် .... .... ၂၁၄
ညောင်စောင့်နတ် ကိုးတယ် .... .... ၂၁၄
ယဇ်ပူဇော်ဘို့ မင်းတွေ ဖမ်းတယ် .... .... ၂၁၅
သုတသောမမင်းကို ဖမ်းပုံ .... .... ၂၁၆
ဝန်ခံချက် ပျက်မှာတော့ စိုးရိမ်တယ် .... .... ၂၁၈
တရာတန် ဂါထာများ .... .... ၂၁၉
သိလျှင် သိရသလောက် မြင့်မြတ်သည် .... .... ၂၂၁
မိဘကြောင့် မြင့်မြတ်လာပုံ .... .... ၂၂၃
ဘုရားဟောနှင့် ညီမှ မြင့်မြတ်တယ် .... .... ၂၂၄
ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ဖြင့် မြင့်မြတ်လာပုံ .... .... ၂၂၅
တော်ဝင်ရထားတွေလဲ အိုမင်းသွားသည် .... .... ၂၂၆
ခန္ဓာကိုယ်လဲ အိုမင်းသွားသည် .... .... ၂၂၈
မအိုတဲ့တရား .... .... ၂၃၀
တရားရှာပုံ အားကျဘွယ် .... .... ၂၃၁
အဝေးကြီး ၄-ပါး .... .... ၂၃၂
အဝေးတကာ့ အဝေးဆုံး .... .... ၂၃၄
ရာတန်က ထောင်တန် ဖြစ်သည် .... .... ၂၃၆
သစ္စာစောင့်ပုံ .... .... ၂၃၆
တရားပူဇော်ချင်တယ် .... .... ၂၃၇
ပေါရိသာဒ ချွတ်ခဏ်း .... .... ၂၃၇
ပြည်တော်ပြန်ခဏ်း .... .... ၂၄၂
ဇာတ်ပေါင်းခဏ်း .... .... ၂၄၂
လိုရင်းကောက်နုတ်ချက် .... .... ၂၄၂
အမျှဝေ တရားသိမ်း နိဂုံးချုပ် .... .... ၂၄၃

www.dhammaransi.com



အကြောင်းအရာ စာမျက်နှာ

**ဆဋ္ဌမပိုင်း ၂၄၄ – မှ ၂၉၆**


| | | |
|---|---|---|
| တရားအနုသန္ဓေ | .... .... | ၂၄၄ |
| ပိသုကာဝါစာ | .... .... | ၂၄၄ |
| ဘေဒဥပါယ် | .... .... | ၂၄၆ |
| ဝဿကာရ၏ ဂုံးတိုက်ပုံ | .... .... | ၂၄၆ |
| ပိသုကာဝါစာကို ပယ်ပုံ | .... .... | ၂၄၈ |
| အဓိဋ္ဌာန်ဆောင်ပုဒ် | .... .... | ၂၅၁ |
| အပြစ်နှင့် အကျိုး | .... .... | ၂၅၁ |
| ဣသိဒါသီထေရီဝတ္ထု | .... .... | ၂၅၂ |
| ဥဒုမ္ဗရဒေဝီအကြောင်း | .... .... | ၂၅၉ |
| ဣသိဒါသီထေရီအကြောင်း | .... .... | ၂၆၃ |
| ကောက်နုတ်ချက် | .... .... | ၂၆၉ |
| ဖရုသဝါစာ | .... .... | ၂၇၀ |
| ရှုမှတ်ခြင်းဖြင့် ဖရုသဝါစာကို ပယ်ပုံ သာဓက | .... .... | ၂၇၂ |
| အပြစ်နှင့် အကျိုး | .... .... | ၂၇၃ |
| ကျိန်ဆဲလို့ ပြိတ္တာဖြစ်သည် | .... .... | ၂၇၄ |
| ဆဲရေးလို့လဲ ပြိတ္တာဖြစ်တတ်သည် | .... .... | ၂၇၆ |
| သမ္ဖပ္ပလာပ | .... .... | ၂၇၈ |
| ဿဋ္ဌိကာရထုံး | .... .... | ၂၈၀ |
| အပြစ်နှင့် အကျိုး | .... .... | ၂၈၃ |
| အဘိဇ္ဈာ | .... .... | ၂၈၇ |
| လိုချင်မှု ၄-မျိုး | .... .... | ၂၈၈ |
| အဓိဋ္ဌာန်ဆောင်ပုဒ် | .... .... | ၂၉၂ |
| ဗျာပါဒ | .... .... | ၂၉၂ |
| အဓိဋ္ဌာန်ဆောင်ပုဒ် | .... .... | ၂၉၃ |
| အမျှဝေ တရားသိမ်း နိဂုံးချုပ် | .... .... | ၂၉၆ |

www.dhammaransi.com

# သလ္လေခသုတ်တရားတော် ပဋ္ဌမတွဲ၌ ပြင်ဖတ်ရန်

| စာမျက်နှာ | စာကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၉ | ၂၃ | ကျန်းဂန် | ကျမ်းဂန် |
| ၁၄ | ၂၂ | ရှိတယ်။လို့ | ရှိတယ်-လို့ |
| ၁၅ | ၄ | အလွန်းကြီးတယ် | အလွန်ကြီးတယ် |
| ၂၃ | ၂၄ | တကိုယ်လုံးက ရှုပ် | တကိုယ်လုံးက ရှုပ်၊ |
| ၂၆ | ၂၅ | အဲဖြစ်နိုင်တယ် | ဖြစ်နိုင်တယ် |
| ၄၃ | ၁ | ပ၊တယ် | ပါတယ် |
| ၉၈ | ၂၅ | သေးတယ် | သေတယ် |
| ၁၂၅ | ၁၉ | အိုးခြင်း | အိုခြင်း |
| ၁၂၈ | ၅ | ပရမာ အဏုမြူ | ပရမာဏုမြူ |
| ။ | ၁၀ | လျင်မြန်ှစွာ | လျင်မြန်စွာ |
| ၁၂၉ | ၁၁ | ရှုသိရတဲ့ | ရှုသိရတဲ့ |
| ၁၆၁ | ၁၇ | အဖြစ်ကို | အပြစ်ကို |
| ၁၆၅ | ၂၇ | ဒါကတော | ဒါကတော့ |
| ၁၆၉ | ၈ | သရဏဂုဏ် | သရဏဂုံ |
| ၁၇၁ | ၁ | ချင်ခင်ကြ | ချစ်ခင်ကြ |
| ။ | ၂၂ | မရွံ့ရှား"တ | မရွံ့ရှား"တဲ့ |
| ၁၇၉ | ၂၇ | ကြည့်နူးဘွယ် | ကြည်နူးဘွယ် |
| ၁၈၁ | ၂၁ | ပုပ်ညှနံလှောင်း | ပုပ်ညှိနံလှောင်း |
| ၁၈၈ | ၉ | တောင်းခံရတဲ့ | အတောင်းခံရတဲ့ |
| ။ | ၂၂ | န နိဂမဿ | နော နိဂမဿ |

www.dhammaransi.com

# သလ္လေခသုတ်တရားတော် ပဌမတွဲ၌ ပြင်ဖတ်ရန်

| စာမျက်နှာ | စာကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၁၉၀ | ၁၇ | ကုတင် | ခုတင် |
| ၂၀၄ | ၂၅ | အဒိန္နဒါန် | အဒိန္နာဒါန် |
| ၂၀၅ | ၂၅ | သုခသမဿတာ | သုခသမ္ဖဿတာ |
| ၂၁၄ | ၂၄ | နတ်အုန်းသီးလဲ ပေးပါမယ် | နတ်အုန်းသီး လဲပေးပါမယ် |
| ၂၆၁ | ၂၂ | ပြုးရယ်တာ | ပြုံးရယ်တာ |
| ၂၆၄ | ၆ | ကမ္မ | ကမ္မံ |
| ၂၇၂ | ၃ | ပြောကြရမယ် | ပြောရမယ် |
| ။ | ၉ | တွေရတဲ့အခါ | တွေ့ရတဲ့အခါ |
| ၂၈၃ | ၅ | အဒိန္နဒါန် | အဒိန္နာဒါန် |
| ၂၈၄ | ၁၉ | ပိယာ | ပိထာ |
| ၂၈၅ | ၇ | ကဏှ | ကဏ္ဏ |

www.dhammaransi.com

# သလ္လေခသုတ်တရားတော်ကြီး

၁၃၃၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက် ဟောသည်။

နမော တဿ ဘဂဝတော သိခါပ္ပတ္တသလ္လေခဿ။

## ပဏ္ဍာင်းခံ

ဒီကနေ့ဟာ ၁၃၃၁-ခုနှစ် နှောင်းတန်ခူးလဆန်း(၈)ရက် သကြိန်အကျနေ့ ဖြစ်တယ်၊ ဒီကနေ့က စပြီးဟောဘို့ တရားကတော့ နိကာယ်ငါးရပ်မှာ မဇ္ဈိမ-နိကာယ်က၊ မူလပဏ္ဏာသပါဠိတော်က သလ္လေခသုတ် ဆိုတဲ့တရားကို စဉ်းစား ထားပါတယ်။

ယခင်ကလဲ ဒီတရားကို သုံးလေးကြိမ်ထက်မနည်း ဟောခဲ့ဘူးပါပြီ၊ ဒီဌာန မှာလဲ လွန်ခဲ့တဲ့ ၂၀-ခုနှစ် ဝါဆိုလကစပြီး တကြိမ် ဟောခဲ့ဘူးပါတယ်၊ ယခု တကြိမ် ဒီမှာထပ်ပြီး ဟောရတာကတော့ အကြောင်းရှိပါတယ်၊ အဲဒီ ၂၀-ခုနှစ်က ဟောတုန်းက အသံဖမ်းယူထားတဲ့ တိပ်ကြိုးခွေတွေထဲမှာ တချို့က အသံ ဟောင်းတွေနှင့် ရောနေတယ်၊ တချို့ကလဲ ကြိုးတွေ လိမ်တွန့်နေလို့ ဖွင့်ပြီး အများကြားနာရန် မကောင်းတော့ဘူးလို့ ဆိုပါတယ်၊ အဲဒါတွေကြောင့် ဒီသလ္လေခသုတ်တရားတော်ကို တိပ်ကြိုးခွေများမှ ဖွင့်ထုတ်ပြီးတော့ အများတို့ သန့်သန့်ရှင်းရှင်း အမြဲတမ်းကြားနာနိုင်ကြရအောင်လို့ ယခုတကြိမ် ထပ်ပြီး တော့ ဟောရပါတယ်။

ဗုဒ္ဓ-မြတ်စွာဘုရား၏ သာသနာတော်မှာ အပ္ပိစ္ဆာဂုဏ် သန္တုဋ္ဌိဂုဏ် သလ္လေခ-ဂုဏ်ဆိုတဲ့ ဒီဂုဏ်တွေဟာ ပြည့်စုံဘို့ရာ အင်မတန်အရေးကြီးတဲ့ ဂုဏ်တွေဖြစ်ပါ တယ်။ အပ္ပိစ္ဆာ-အလိုနည်းခြင်းဆိုတဲ့ ဂုဏ်နဲ့ပြည့်စုံဘို့ရာ အလိုရမ္မက်နည်းအောင်

www.dhammaransi.com



ကျင့်ရမယ်၊ အလိုရမ္မက်များပြီး လောဘကြီးနေလို့ရှိယင် မြတ်စွာဘုရား အလိုတော်မကျဘူး။ ဒါကြောင့် အလိုရမ္မက်နည်းစေရမယ်၊ လောကဘက်က ဆိုယင် အသုံးအဆောင် ပစ္စည်းရေးတွေနဲ့ စပ်ပြီးတော့လဲ အလိုရမ္မက် နည်းစေရမယ်၊ အခြွေအရံစသည်နဲ့ စပ်ပြီးတော့လဲ အလိုရမ္မက် နည်းစေရမယ်။ တရားဘက်ကဆိုယင်လဲ ပရိယတ်နဲ့ စပ်ပြီးတော့ ဖြစ်စေ၊ ပဋိပတ်နဲ့ စပ်ပြီးတော့ ဖြစ်စေ မိမိဂုဏ်ကိုမဖော်လိုဘဲ အလိုရမ္မက် နည်းစေရမယ်၊ မိမိက စာပေကျမ်းဂန်တတ်သိပြီး ဗဟုသုတများနေပေမယ်လို့ ဖော်ပြလိုစိတ်မရှိဘဲ အလိုနည်းစေရမယ်၊ ပဋိပတ်အကျင့်တွေကို ထူးထူးချွန်ချွန် ကျင့်ထားဘူးပေမယ်လို့ အဲဒါတွေကို သူများသိအောင် ပြောပြလိုခြင်းမရှိဘဲ အလိုနည်းစေရမယ်၊ တကယ်ဟုတ်နေပေမယ်လို့ သောတာပန် ဖြစ်နေတယ်၊ သကဒါဂါမ် ဖြစ်နေတယ်၊ အနာဂါမ် ဖြစ်နေတယ်၊ ရဟန္တာ ဖြစ်နေတယ်၊ အကြားအမြင် ပေါက်နေတယ်-စသည်ဖြင့် ဒီလိုဟာတွေကို သူများသိအောင် ဖော်ပြလိုခြင်း မရှိဘဲ အလိုနည်းစေရမယ်၊ အရိယာပုဂ္ဂိုလ်အစစ် ဆိုယင်တော့ ဒီလို မိမိဂုဏ်ကို ဖော်ပြလိုခြင်းမရှိဘဲ အလိုရမ္မက်နည်းနေပါတယ်၊ မိမိရထားတဲ့ တရားထူးကို သူတပါးအား ရစေချင်ပါတယ်၊ ဒါပေမဲ့ မိမိရဲ့ဂုဏ်ကိုတော့ ဖော်ပြခြင်းမရှိဘဲ လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ထားတတ်ကြပါတယ်၊ အစစ်အမှန် မဟုတ်တဲ့ ပုဂ္ဂိုလ်တွေကသာ အရိယာအဖြစ် ရဟန္တာအဖြစ်ကို ဖော်ပြတတ်ကြပါတယ်။

နောက်ပြီးတော့ သန္တုဋ္ဌိ—ရောင့်ရဲလွယ်ခြင်း ဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံဘို့ရာလဲ ကျင့်ရမယ်၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ရသမျှပစ္စည်းနဲ့ ရောင့်ရဲနိုင်အောင် ကျင့်ရမယ်၊ ဒီဂုဏ်ကလဲ အရေးကြီးပါတယ်။ နောက်ပြီးတော့ သလ္လေခ-ကိလေသာကို ခေါင်းပါးစေခြင်းဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံဘို့ရာလဲ ကျင့်ရမယ်၊ ကိုယ်မှာ အညစ်အကြေးတွေ လူးပေနေယင် ဝါးခြမ်းစသည်နဲ့ ခြစ်ပစ်ရသလို စိတ်သန္တာန်မှာ ဖြစ်ပွါးနိုင်တဲ့ **ကိလေသာအညစ်အကြေးတွေကို ခေါင်းပါးအောင် နည်းပါးအောင် ကင်းသွားအောင် ကျင့်ရတဲ့ပဋိပတ်ကို သလ္လေခအကျင့်**လို့ ခေါ်တယ်၊ အဲဒီသလ္လေခအကျင့်တွေကို ဒီသုတ်မှာ**အကျယ်** ဖော်ပြထားတယ်၊ ဒါကြောင့် ဒီသုတ်ကို **သလ္လေခသုတ်**လို့ ခေါ်တယ်။ အဲဒီ သလ္လေခသုတ်ကို ဒီကနေ့ကစပြီး ဟောရမယ်၊ အယင် နှစ်ဆယ်ခုနှစ်တုန်းက

www.dhammaransi.com



ခုနစ်သီတင်း ခုနစ်ကြိမ်ဟောရတယ်၊ ယခုလဲ ခုနစ်ကြိမ်ထက် နည်းမယ် မဟုတ်ဘူး၊ သုတ်ကြီးက အရှည်ကြီးဘဲ၊ ဒါကြောင့် တပိုင်းချင်းဘဲ ဟောသွားရမယ်။

ဒီသုတ်ကတော့ ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ အသုံးကျပါတယ်၊ ကျေးဇူးများပါတယ်၊ တရားအားမထုတ်ပဲ အလွတ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ အသုံးကျပါတယ်၊ ကျေးဇူးများပါတယ်၊ အကုသိုလ်ကို ပယ်ရှားလိုတဲ့ – ကုသိုလ်ကို ပွါးများလိုတဲ့ ပုဂ္ဂိုလ်တွေအားလုံးအတွက် ကျေးဇူးများစေနိုင်တဲ့သုတ်ကြီး ဖြစ်ပါတယ်၊ ဒါကြောင့် ဒီသုတ်တရားကို ကြားနာလေ့လာယင် ကမ္မဋ္ဌာန်းကျောင်းမှာ တရားအားထုတ်နေကြတဲ့ သူတွေအတွက်လဲ အထောက်အပံ့ရမယ်၊ အိမ်မှာနေတဲ့လူတွေ အလုပ်ကိစ္စတွေကို လုပ်ကိုင်ဆောင်ရွက်နေရင်းလဲ ကုသိုလ်ပွါးပြီး အကျိုးများစေမယ်၊ ဒါကြောင့် ဒီသလ္လေခသုတ်တရားက အားလုံးနှင့် ဆိုင်ပါတယ်။ ဒီသုတ်ကို ဘာကြောင့် မြတ်စွာဘုရား ဟောတော်မူရတယ် ဆိုတဲ့အကြောင်းက စပြီး ယခု ဟောရမယ်။

## အရှင်စုန္ဒမထေရ်က လျှောက်ထားတယ်

အခါတပါးမှာ မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်သာရိပုတြာ၏ ညီတော်ဖြစ်တဲ့ မဟာစုန္ဒဆိုတဲ့ ရဟန္တာမထေရ်က တနေ့သောအခါမှာ ဖလသမာပတ်ကို ဝင်စားပြီး နေတော်မူပါတယ်၊ ဒီလို သမာပတ်ဝင်စားတယ် ဆိုတာကလဲ ဒီတနေ့တည်း မဟုတ်ပါဘူး၊ ရဟန္တာဆိုတာ အကြောင်းအထူး မရှိယင် သမာပတ်တပါးပါးကို ဝင်စားနေလေ့ရှိပါတယ်၊ တရားဆွေးနွေးစရာ ဟောပြောစရာရှိတဲ့အခါမှာ ဆွေးနွေးတယ်၊ ဟောပြောတယ်၊ အခြားပုဂ္ဂိုလ်က ဟောယင်လဲ တရားနာတယ်၊ ကိစ္စကြီးငယ်ဆောင်ရွက်စရာရှိယင်လဲ ဆောင်ရွက်တယ်၊ ဒီပြင်အချိန်တွေမှာ ဆိုယင် အများအားဖြင့် သမာပတ်တပါးပါးကို ဝင်စားနေလေ့ရှိပါတယ် တရံတခါ ဈာန်သမာပတ်ကို ဝင်စားနေတယ်၊ တရံတခါ နိရောဓသမာပတ်ကို ဝင်စားနေတယ်၊ နိရောဓသမာပတ်ဆိုတာ စိတ်၊စေတသိက်တွေ စိတ္တဇရုပ်တွေ အကုန်ချုပ်ငြိမ်းနေတဲ့ သဘောပါဘဲ။ တရံတခါမှာ အရဟတ္တဖလသမာပတ်ကို ဝင်စားနေတယ်၊ အရဟတ္တဖလသမာပတ် ဆိုတာ

www.dhammaransi.com



နိဗ္ဗာန်အငြိမ်းဓာတ်ကို **အာရုံပြုပြီး** အငြိမ်းဓာတ်ထဲ ဝင်ရောက်နေသလို အရဟတ္တဖိုလ်စိတ်ချည်း မပြတ်ဖြစ်နေတဲ့ သဘောပါဘဲ၊ အနာဂါမ်က အနာဂါမိဖလသမာပတ်ကို ဝင်စားတဲ့အခါ၊ သကဒါဂါမ်က သကဒါဂါမိဖလသမာပတ်ကို ဝင်းစားတဲ့အခါ၊ သောတာပန်က သောတာပတ္တိဖလသမာပတ်ကို ဝင်းစားတဲ့အခါများမှာလဲ ဒီအတိုင်းပါဘဲ၊ မြင်စရာ ကြားစရာ တွေ့စရာ သိစရာတွေက ရှိနေပေမဲ့ အဲဒီလို အာရုံတွေဆီကို စိတ်က မရောက်ပဲနဲ့ ရုပ်နာမ်သင်္ခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်အာရုံထဲမှာ စိတ်ကလေး ဝင်ပြီးတည်နေသလို ချုပ်ငြိမ်းမှုသဘောတမျိုးတည်းထင်နေတဲ့ သဘောပါဘဲ။ အရှင်စုန္ဒမထေရ်ဟာ ယခု ပြောခဲ့တဲ့အတိုင်း အရဟတ္တဖလသမာပတ်ကို တနေ့လုံး ဝင်စားပြီးတော့ ညနေချမ်းအခါမှာ မြတ်စွာဘုရားထံ လာရောက်တယ်၊ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး သင့်တော်တဲ့အရပ်မှာ ထိုင်တယ်၊ အဲဒီလို ထိုင်နေပြီးတော့ မြတ်စွာဘုရားကို ဒီလို မေးလျှောက်ပါတယ်။

## အရှင်မဟာစုန္ဒမထေရ်၏ မေးလျှောက်ပုံ

> ယာ ဣမာ ဘန္တေ အနေကဝိဟိတာ ဒိဋ္ဌိယော လောကေ ဥပ္ပဇ္ဇန္တိ အတ္တဝါဒပဋိသံယုတ္တာ ဝါ လောကဝါဒပဋိသံယုတ္တာ ဝါ၊ အာဒိမေဝ ဘန္တေ ဘိက္ခုနော မနသိကရောတော ဧဝမေတာသံ ဒိဋ္ဌီနံ ပဟာနံ ဟောတိ၊ ဧဝမေတာသံ ဒိဋ္ဌီနံ ပဋိနိဿဂ္ဂေါ ဟောတိ။

ဒါက မြတ်စွာဘုရားကို မဟာစုန္ဒမထေရ်**က** လျှောက်ထားပုံဘဲ၊ ဘုရားလက်ထက်တော်ကာလတုန်းက အိန္ဒိယအလယ်ပိုင်းမှာ အချင်းချင်း ပါဠိဘာသာနဲ့ ပြောဆိုနေကြတယ်၊ ဒါကြောင့် ပါဠိဘာသာနဲ့ဘဲ မေးလျှောက်တယ်၊ ယခု တရားနာပရိသတ်ကတော့ ပါဠိဘာသာကို နားမလည်တဲ့သူကဘဲ များတယ်၊ ဒါကြောင့် အဲဒီပါဠိကို မြန်မာလို ပြန်ပြီး ဟောရမယ်။

ဘန္တေ၊ **မြတ်စွာဘုရား**။ အတ္တဝါဒပဋိသံယုတ္တာ ဝါ၊ **အတ္တဝါဒနှင့်စပ်ဆိုင်သည့်မှုလည်းဖြစ်ကုန်သော**။ လောကဝါဒပဋိသံယုတ္တာ ဝါ၊ **လောကဝါဒနှင့်စပ်ဆိုင်သည့်မှုလည်းဖြစ်ကုန်သော**။ အနေကဝိဟိတာ၊ **များစွာကုန်သော**။ ယာ

www.dhammaransi.com



ဣမာ ဒိဋ္ဌိယော၊ အကြင်မှားသော အယူအမြင်တို့သည်။ လောကေ၊ လောက၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်နေကြပါသည် အရှင်ဘုရား။

လောကမှာ မှားတဲ့မိစ္ဆာ အယူအမြင်တွေက ဖြစ်ပေါ်နေကြပါတယ်၊ အဲဒါတွေဟာ တမျိုးတည်းလဲ မဟုတ်ပါဘူး၊ အနေကဝိဟိတာ–အများကြီးပါဘဲတဲ့။ ဘယ်လိုဟာတွေလဲဆိုယင် အတ္တကောင်လို့ ပြောဆိုတဲ့ ဝါဒနဲ့လဲ စပ်ပြီး ဖြစ်ကြပါတယ်၊ လောကလို့ ပြောဆိုတဲ့ ဝါဒနဲ့လဲ စပ်ပြီး ဖြစ်ကြပါတယ် ဘုရားတဲ့။

ဗုဒ္ဓ–မြတ်စွာဘုရား မပွင့်တော်မူခင်ကတည်းက သတ္တဝါကို အတ္တလို့လဲ ခေါ်ကြတယ်၊ လောကလို့လဲ ခေါ်ကြတယ်၊ သတ္တလောက, သင်္ခါရလောက, ဩကာသလောက ဆိုတဲ့ လောကသုံးပါးထဲမှာ သတ္တလောက ဆိုတာ သတ္တဝါကို ခေါ်တာဘဲ၊ သတ္တဝါ တယောက်ကို လောက တခုလို့ ဆိုရတယ်။ အဲဒီ သတ္တဝါနဲ့ အတ္တကောင် ဆိုတာ အမည်သာ ကွဲပါတယ်၊ အနက်အထည်ဒြဗ်ကတော့ အတူတူပါဘဲ၊ အသက်ရှင်နေတဲ့ အကောင်လို့ချည်းဘဲ ဆိုလိုပါတယ်။

## အတ္တဝါဒနှင့် စပ်တဲ့ မိစ္ဆာအယူ

အတ္တဝါဒနဲ့ စပ်ပြီး အယူမှားဖြစ်ပုံကတော့....ရူပံ အတ္တတော သမနုပဿတိ။ ရူပံ၊ ရုပ်ကို။ အတ္တတော၊ အတ္တဟု၊ ဝါ-အသက်ရှင်နေသော အကောင်ဟု။ သမနုပဿတိ၊ ရှုမြင် ထင်မှတ်၏။ ရုပ်ကိုဘဲ အသက်ရှင်နေတဲ့အကောင်လို့ ယူဆထင်မှတ်တဲ့ အယူမှားက တမျိုးတဲ့။ ရုပ်ဆိုတာ ယခု ထင်ရှားတွေ့နေကြရတဲ့ ကိုယ်ကြီးတခုလုံးပေါ့၊ အဲဒါဟာ ရုပ်အသေးအမွှားကလေးတွေ သန်းပေါင်းများစွာ ကုဋေပေါင်းများစွာ စုပေါင်းပြီးဖြစ်နေတဲ့ ရုပ်အစုအဝေးကြီးပါဘဲ၊ အဲဒီ ရုပ်အစုအဝေး ရုပ်ကိုယ်ကြီးကိုဘဲ အသက်ရှင်နေတဲ့ အတ္တကောင်လို့ ဆိုပါတယ်၊ "ရုပ်ကိုယ်ကြီးသည်ပင် အတ္တကောင်၊ အတ္တကောင်သည်ပင် ရုပ်ကိုယ်ကြီး၊ ရုပ်ကိုယ်ကြီးနဲ့ အတ္တကောင်ဟာ အတူတူဘဲ" လို့ ယူဆတဲ့ ဒီလို အယူဝါဒလဲ လောကမှာ ရှိနေပါတယ်။ ဥပမာ လက်ခြေစသည်ကို ကွေးယင် ဆန့်ယင် လှုပ်ရှားယင် "ငါကဘဲ ကွေးတယ် ဆန့်တယ် လှုပ်ရှားတယ်၊ ကွေးတာ ဆန့်တာ လှုပ်ရှားတာဟာ ငါဘဲ"လို့ ဒီလို ယူဆစွဲလမ်းတာဟာ ရုပ်ကို အတ္တလို့ ယူဆစွဲလမ်းတာပါဘဲ။

www.dhammaransi.com



နောက်ပြီးတော့–ရူပဝန္တံ ဝါ အတ္တာနံ သမနုပဿတိ–တဲ့။ အတ္တဆိုတာ ရုပ်တော့မဟုတ်ဘူး၊ ဒါပေမဲ့ အတ္တမှာ ရုပ်ရှိတယ်၊ သစ်ပင်မှာ အရိပ်ရှိနေသလို ပါဘဲတဲ့၊ သစ်ပင်ရဲ့အရိပ်ဟာ သစ်ပင်နဲ့ စပ်ဆိုင်နေသလို ရုပ်ကိုယ်ကြီးဟာလဲ အတ္တနဲ့စပ်ဆိုင်နေတယ်–လို့ ဒီလိုယူဆတဲ့ ဝါဒလဲ ရှိတယ်။ ဥပမာ ကွေးတယ် ဆန့်တယ် လှုပ်ရှားတယ်ဆိုယင် ကွေးတာ ဆန့်တာ လှုပ်ရှားတာက ရုပ်ပဲ၊ အဲဒါက အတ္တမဟုတ်ဘူး၊ အတ္တနဲ့စပ်ဆိုင်တဲ့ ရုပ်ပဲ၊ အတ္တရဲ့အလိုအတိုင်း အဲဒီ ရုပ်က ကွေးလိုက် ဆန့်လိုက် လှုပ်ရှားလိုက်နဲ့ ဖြစ်နေရတာဘဲ–လို့ ယူဆတယ်။ ဒီအယူကတော့ စိတ်နာမ်တရားကို အတ္တလို့ယူရာ ရောက်ပါတယ်။

နောက်ပြီးတော့ အတ္တနိ ဝါ ရူပံ သမနုပဿတိ–တဲ့။ ရုပ်က အတ္တပေါ်မှာ တည်မှီနေတယ်၊ ပန်းရဲ့အနံ့က ပန်းထဲမှာ တည်မှီနေသလိုဘဲ–လို့ ဒီလိုယူဆတဲ့ ဝါဒလဲရှိတယ်၊ ဒါလဲ စိတ်နာမ်တရားကို အတ္တလို့ စွဲလမ်းရာရောက်ပါတယ်။

နောက်ပြီးတော့–ရူပသ္မိံ ဝါ အတ္တာနံ သမနုပဿတိ–တဲ့။ အတ္တဆိုတဲ့ အသက်ကောင်က ရုပ်ကိုယ်ကြီးထဲမှာ တည်မှီနေတယ်လို့ ဒီလိုယူဆတဲ့ ဝါဒလဲ ရှိတယ်။ တချို့က အသက်ရှင်နေတဲ့ အတ္တကောင်ဟာ တကိုယ်လုံးမှာ ပျံ့နှံ့ပြီး တည်နေတယ်၊ ရုပ်ကိုယ်ကြီးယင် အတ္တကောင်ကလဲ ကြီးတယ်၊ ရုပ်ကိုယ်က ငယ်ယင် အတ္တကောင်ကလဲ ငယ်တယ်–လို့ ဒီလို ယူဆကြတယ်။ အချို့ကလဲ အတ္တကောင်ဟာ လေငြိမ်ရာမှာ မီးထွန်းထားယင် မီးတောက်ကလေး ငြိမ်နေ တာလို နှလုံးအိမ်ထဲမှာ ငြိမ်ပြီးတည်နေတယ်–လို့ ယူဆကြတယ်။ ဒီလို အတ္တ စွဲလမ်းပုံ ယူဆပုံတွေကတော့ အိန္ဒိယမှာ ကျမ်းဂန်ကြီးတွေနဲ့ အထင်အရှား ရှိနေပါတယ်၊ အခြားနိုင်ငံတွေမှာလဲ ဝိညာဉ်ကောင်ဆိုတဲ့အမည်နဲ့ ရေးသား ထားကြတာတွေ ရှိပါတယ်။

ရုပ်နာမ်မျှသာ ရှိတယ်၊ အတ္တကောင်ဆိုတာ မရှိဘူး–လို့ ဟောထားတဲ့ ဗုဒ္ဓတရားတော်တွေ ထွန်းကားနေတဲ့ ဗမာပြည်လို ဌာနမှာတော့ အဲဒီလို အတ္တ အယူဝါဒဟာ ထင်ထင်ရှားရှား ပီပီသသတော့ မရှိပါဘူး၊ ဒါပေမဲ့ ဒီကိုယ်ထဲမှာ အသက်ရှင်နေတဲ့ အသက်ကောင် လိပ်ပြာကောင်ဆိုတာဟာ ရှိသလိုလို အစွဲအလမ်းကတော့ တချို့ပုဂ္ဂိုလ်တွေမှာ ရှိနေသေးတာပါဘဲ။ ဒါကြောင့် တချို့အမျိုးသမီးကြီးတွေက လိပ်ပြာလန့်သွားတယ်၊ လိပ်ပြာကို ဥစ္စာစောင့်က

www.dhammaransi.com



နှုတ်ယူသွားတယ်၊ လိပ်ပြာချင်း တွေ့ကြတယ်–စသည်ဖြင့် ပြောဆိုနေကြပါတယ်။ နောက်ပြီးတော့ ပဋိသန္ဓေတည်နေတဲ့အခါ အသက်ကဝင်လာသလိုလို၊ သေတဲ့အခါ အသက်ကထွက်သွားသလိုလို ဒီလိုလဲ အများက ပြောဆိုနေကြပါတယ်။ အဲဒါတွေဟာ အတ္တစွဲရှိကြောင်း သက်သေသာဓကတွေပါဘဲ။

ယခု ပြောခဲ့တာဟာ ရုပ်နဲ့စပ်ပြီး အတ္တစွဲအယူဝါဒ ၄-မျိုးဖြစ်ပုံဘဲ။ အဲဒီ ၄-မျိုးထဲမှာ ပဌမဝါဒက ရုပ်ကို အတ္တကောင်–လို့ စွဲလမ်းတယ်၊ နောက်ဝါဒ ၃-ခုကတော့ စိတ်နာမ်တရားကို စွဲလမ်းတယ်၊ အဲဒီ ၃-ခုကတော့ ရုပ်နာမ်မှ အလွတ် ပညတ်ကိုစွဲတဲ့ အတ္တစွဲလဲ ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ကာ ယခုခေတ်မှာ အတ္တစွဲရှိတဲ့သူအချို့က သူတို့ယူဆထားတဲ့ အတ္တဟာ ရုပ်လဲ မဟုတ်ဘူး၊ နာမ်လဲမဟုတ်ဘူး–လို့ ငြင်းဆိုနေကြပါတယ်။ ဒါပေမဲ့ သူတို့က ဘယ်လိုဘဲ ငြင်းနေပေမဲ့ ရုပ်နာမ်နဲ့တော့ မကင်းနိုင်ပါဘူး၊ သူတို့ရဲ့စွဲလမ်းမှုဟာ ရုပ်နာမ်အပေါ်မှာဘဲ ကျနေပါတယ်။

ရုပ်နဲ့စပ်ပြီး အတ္တစွဲ ၄-မျိုးဖြစ်သလို ဝေဒနာနဲ့စပ်ပြီးတော့လဲ ၄-မျိုးဖြစ်တယ်။ ဖြစ်ပုံကတော့ ခံစားမှုဝေဒနာကိုဘဲ အတ္တကောင်လို့ ယူဆစွဲလမ်းတာလဲ ရှိတယ်၊ ညောင်းတာ ပူတာ နာကျင်ကိုက်ခဲတာဟာ ငါဘဲ၊ ကိုယ်ထဲမှာ အခံခက်တာ ဆင်းရဲတာဟာ ငါဘဲ၊ ခံသာတာ ကောင်းတာလဲ ငါဘဲ၊ စိတ်ထဲမှာ ဆင်းရဲတာ ချမ်းသာတာ ကောင်းတာလဲ ငါဘဲလို့ ဒီလို ယူဆစွဲလမ်းတာက တမျိုး။ အတ္တက ခံစားမှု ဝေဒနာမဟုတ်ဘူး၊ အတ္တမှာ ခံစားမှုရှိနေတယ်၊ ခံစားမှုနဲ့ စပ်ဆိုင်နေတယ်–လို့ ဒီလို ယူဆစွဲလမ်းတာက တမျိုး။ အတ္တကိုမှီပြီး ခံစားမှုက ဖြစ်နေတယ်၊ အတ္တရှိနေလို့ ဆင်းရဲမှု ချမ်းသာမှုတွေ ဖြစ်နေတယ်–လို့ ဒီလို ယူဆစွဲလမ်းတာက တမျိုး။ အတ္တက ခံစားမှုဝေဒနာကိုမှီပြီး တည်နေတယ်–လို့ ဒီလို ယူဆစွဲလမ်းတာက တမျိုး၊ အဲဒီ ၄-မျိုးဟာ ဝေဒနာနဲ့စပ်ပြီး ဖြစ်တဲ့ အတ္တစွဲ ၄-မျိုးပါဘဲ။

ထို့အတူ မှတ်သားမှုသညာနဲ့ စပ်ပြီးတော့လဲ အတ္တစွဲ ၄-မျိုးဖြစ်တယ်၊ မှတ်သားမှုသညာကိုပင် အတ္တလို့ ထင်မှတ်စွဲလမ်းတာက တမျိုး၊ ငါက မှတ်မိတယ်၊ မှတ်ဉာဏ်ကောင်းတယ်–လို့ ဒီလို ထင်မှတ်စွဲလမ်းတာမျိုးပါဘဲ။ အတ္တမှာ မှတ်သားမှုရှိတယ်–လို့ စွဲလမ်းတာက တမျိုး၊ မှတ်သားမှုသညာက အတ္တကို

www.dhammaransi.com



မှီပြီး ဖြစ်နေတယ်–လို့ စွဲလမ်းတာက တမျိုး။ အတ္တက မှတ်သားမှုသညာကို မှီပြီး တည်နေတယ်လို့ စွဲလမ်းတာက တမျိုး။ ဒီ ၄-မျိုးဟာ သညာနဲ့စပ်ပြီး ဖြစ်တဲ့ အတ္တစွဲ ၄-မျိုးပါဘဲ။

နောက်ပြီးတော့ ပြုပြင်အားထုတ်မှု သင်္ခါရတွေနဲ့ စပ်ပြီးတော့လဲ အတ္တစွဲ ၄-မျိုးဖြစ်တယ်။ ကွေးအောင် ဆန့်အောင် ထိုင်အောင် ထအောင် သွားလာ လှုပ်ရှားအောင် ကိုယ်အမူအရာတွေဖြစ်အောင် ပြုလုပ်နေတာဟာ အတ္တကောင် ဘဲ၊ အဲဒါတွေဖြစ်အောင် ငါကပြုလုပ်နေတာဘဲ၊ ပြောဆိုမှု နှုတ်အမူအရာတွေ ကိုလဲ ငါကပြုလုပ်နေတာဘဲ၊ စိတ်ကူးကြံစည်မှု သိမှုတွေ ပြီးစီးအောင်လဲ ငါက လုပ်နေတာဘဲ–လို့ ဒီလိုလဲ ယူဆစွဲလမ်းတယ်၊ အဲဒါဟာ ပြုပြင်မှု သင်္ခါရတွေကို အတ္တကောင် ငါကောင်လို့ စွဲလမ်းတာပါဘဲ။ အတ္တမှာ ပြုပြင်အားထုတ်မှု ရှိတယ်လို့ ဒီလိုလဲ ယူဆစွဲလမ်းတယ်။ ပြုပြင်အားထုတ်မှုတွေက အတ္တကိုမှီပြီး ဖြစ်နေတယ်လို့ ဒီလိုလဲ ယူဆစွဲလမ်းတယ်။ အတ္တက ပြုပြင်အားထုတ်မှုတွေမှာ တည်မှီနေတယ်လို့ ဒီလိုလဲ ယူဆစွဲလမ်းတယ်။ ဒါတွေက သင်္ခါရတွေနဲ့စပ်ပြီး ဖြစ်တဲ့ အတ္တစွဲ ၄-မျိုးဘဲ။

နောက်ပြီးတော့ စိတ်ဝိညာဉ်နဲ့စပ်ပြီးတော့လဲ အတ္တစွဲ ၄-မျိုးဖြစ်တယ်။ မြင်မှု ကြားမှု နံမှု စားသိမှု ထိသိမှု ကြံသိမှု စိတ်ဝိညာဉ်ကို အတ္တကောင်လို့လဲ ယူဆစွဲလမ်းတယ်၊ ငါကမြင်တယ်၊ ငါကကြားတယ်၊ ငါကကြံသိတယ်၊ မြင်တာ ကြားတာ ကြံသိတာဟာ ငါဘဲလို့ ဒီလို ထင်မှတ်စွဲလမ်းတာမျိုးပါဘဲ၊ အဲဒီလို ထင်မှတ်တဲ့အတိုင်း တကယ်ဟုတ်တယ်လို့ ယူဆစွဲလမ်းယင် သက္ကာယဒိဋ္ဌိခေါ်တဲ့ အတ္တဒိဋ္ဌိဖြစ်တယ်။ စိတ်ကတော့ အတ္တမဟုတ်ဘူး၊ အတ္တမှာ စိတ်ရှိတယ်၊ အတ္တက အဲဒီစိတ်နဲ့ မြင်မှု ကြားမှု ကြံသိမှု စသည်တွေကို ပြုလုပ်နေတယ်လို့ ဒီလိုလဲ စွဲလမ်းတယ်။ စိတ်ဝိညာဉ်က အတ္တမှာတည်မှီနေတယ်လို့ ဒီလိုလဲ စွဲလမ်း တယ်။ အတ္တက စိတ်ဝိညာဉ်မှာ တည်မှီနေတယ်လို့ ဒီလိုလဲ စွဲလမ်းတယ်။ ဒီ ၄-မျိုးက စိတ်ဝိညာဉ်နဲ့ စပ်ပြီးဖြစ်တဲ့ အတ္တဝါဒ ၄-မျိုးဘဲ။

ယခု **ပြောခဲ့တဲ့ အတ္တဝါဒ အတ္တအစွဲတွေဟာ ခန္ဓာတပါးတပါးမှာ ၄-မျိုးစီ ရှိတယ်၊ ခန္ဓာငါးပါးလုံးမှာဆိုတော့ နှစ်ဆယ်ရှိတယ်၊** အဲဒီနှစ်ဆယ်ကို သက္ကာယ

www.dhammaransi.com



ဒိဋ္ဌိလို့လဲ ခေါ်တယ်၊ အတ္တဒိဋ္ဌိလို့လဲ ခေါ်တယ်။ ပုထုဇဉ်ပုဂ္ဂိုလ်မှာဆိုယင် အဲဒီအတ္တဒိဋ္ဌိ အတ္တအစွဲက ကင်းခဲပါတယ်၊ တချို့ပုဂ္ဂိုလ်မှာ ခိုင်ခိုင်မြဲမြဲကြီး စွဲလမ်းတယ်၊ တချို့ပုဂ္ဂိုလ်မှာတော့ သိပ်မခိုင်လှဘူး၊ ဒါလောက်သာ ကွဲပြား ခြားနားခြင်း ရှိပါတယ်၊ အစွဲအလမ်းကတော့ ရှိနေကြတာချည်းပါဘဲ။ ဝိပဿနာ ဉာဏ် ရင့်သန်ပြည့်စုံလို့ သောတာပတ္တိမဂ်ရောက်တော့မှ ဒီအတ္တဒိဋ္ဌိ အတ္တစွဲက လုံးဝကင်းစင်သွားပါတယ်။ အဲဒီလို ကင်းပုံ မကင်းပုံကိုဘဲ အရှင်မဟာစုန္ဒ မထေရ်က မေးလျှောက်ခြင်းဖြစ်ပါတယ်။

## လောကဝါဒရှစ်ပါး

နောက်ပြီးတော့ လောကဆိုတဲ့ အမည်ဝေါဟာရနဲ့ ပြောဆိုတဲ့ ဝါဒကလဲ ရှစ်ပါးရှိပါတယ်၊ ဘုရားလက်ထက်တော် ဟိုခေတ်တုန်းက အိန္ဒိယနိုင်ငံမှာ ခေတ်စားနေတဲ့ အယူဝါဒတွေပါဘဲ။ ယခုလဲ ဒီလိုဝါဒတွေ ရှိနေတာပါဘဲ။ ဒီဝါဒတွေရဲ့ ဖြစ်ပုံကတော့—

(၁) သဿတော လောကော-တဲ့။ လောကော၊ လောကဆိုတဲ့ သတ္တဝါသည်။ သဿတော၊ ပျက်စီးခြင်းမရှိဘဲ တည်မြဲတည်နေသည်တဲ့။ ဒီနေရာမှာ လောက ဆိုတာ သတ္တဝါဆိုတဲ့ အတ္တကောင်ကို ဆိုတာပါဘဲ။ ဒါကြောင့် လောကဆိုတဲ့ အသက်ကောင် အတ္တကောင် သတ္တဝါကောင်ဟာ ပျက်စီးခြင်းမရှိဘဲ အမြဲ တည်ရှိနေတယ်လို့ ယူဆတဲ့ အယူအဆပါဘဲ၊ ဒီလို အယူကို သဿတဒိဋ္ဌိလို့ ခေါ်တယ်၊ ဒီအယူရှိတဲ့သူက "သတ္တဝါဟာ ရုပ်ကိုယ်အကြမ်းကြီးက ပျက်စီးပြီး သေသွားတယ်လို့ ဆိုရပေမဲ့ လောကခေါ်တဲ့ အတွင်းသားအတ္တကောင်ကတော့ ပျက်စီးခြင်းမရှိဘူး၊ နောက်နောက်ဘဝ ခန္ဓာအိမ်အသစ်တွေထဲမှာ ဝင်ရောက်ပြီး တည်မြဲတည်ရှိနေတယ်၊ ဘယ်တော့မှ ပျောက်ပျက်မသွားဘူး၊ ပျောက်ပျက် သွားအောင်လဲ ဘယ်လိုနည်းနဲ့မှ မလုပ်နိုင်ဘူး''လို့ ယူဆစွဲလမ်းတယ်။ ဒီအယူက တချို့ဗမာတွေ ယူဆပုံနဲ့ တူနေဟန် ရှိပါတယ်၊ ဗုဒ္ဓတရားကျွန်းဂန် ဗဟုသုတ မရှိတဲ့ သူတွေက ဒီအတိုင်းဘဲ ယူနေကြတာ များပါလိမ့်မယ်၊ ပဋိသန္ဓေနေတဲ့ အခါ နာနာဘာဝအကောင်က အမိဝမ်းထဲ ဝင်လာသလိုလိုလဲ ထင်နေကြတယ်၊ မိခင်လောင်းဖြစ်တဲ့သူ ရေသောက်ရာမှာ အမှိုက်ယောင်ဆောင်ပြီးတော့ ဝင်လာ

www.dhammaransi.com



တတ်တယ်လို့ ဒီလိုပြောသံကိုလဲ ငယ်ငယ်တုန်းက ကြားရဘူးတယ်၊ သေတဲ့အခါမှာလဲ အသက်က နှာခေါင်းကထွက်သွားသလိုလို၊ ပါးစပ်က ထွက်သွားသလိုလို ဒီလိုလဲ ထင်မှတ်နေကြတယ်၊ သေပြီးတော့ ဘဝသစ် ဌာနသစ်မှာ ခန္ဓာအိမ်အသစ်ထဲ ဝင်ပြီးဖြစ်တယ်လို့လဲ ထင်နေကြတယ်။ အဲဒီလို အယူအဆ အထင်အမြင်တွေဟာ သဿတအယူ အမြင်တွေပါဘဲ။ ဒီအယူက "ခန္ဓာကိုယ်တွေ ဘယ်လိုပျက်သွားပေမဲ့ လောကခေါ်တဲ့ အတ္တကောင် အသက်ကောင်ကတော့ ပျက်တယ်လို့မရှိဘူး၊ တနေရာရာမှာ တည်မြဲတည်ရှိနေတာဘဲ" လို့ ယူဆတယ်။ ဒါကြောင့် ဒီအယူခိုင်ခိုင်မြဲမြဲကြီး ရှိနေတဲ့သူဟာ အကြောင်းအကျိုး ရုပ်နာမ် အဆက်ဆက်မျှသာ ရှိတယ်၊ အမြဲတမ်းတည်ရှိနေတဲ့ အတ္တကောင် မရှိဘူး ဆိုတာကို မယုံကြည်နိုင်ဘူး၊ ဝိပဿနာရှုပြီး မဂ်ဉာဏ်ဖြင့် အကြောင်းကိလေသာတွေ ချုပ်ငြိမ်းသွားယင် အကျိုးရုပ်နာမ်တွေ ချုပ်ငြိမ်းပြတ်စဲသွားတယ်ဆိုတာကိုလဲ မယုံကြည်နိုင်ဘူး။ ဒါကြောင့် ဒီလိုအယူအစွဲ အားကြီးတဲ့သူဟာ ဝိပဿနာတရားကိုလဲ အားမထုတ်နိုင်တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ကိုလဲ မရောက်နိုင်ဘူး။ ဒါကြောင့် ဒီ သဿတဒိဋ္ဌိကို မဂ္ဂန္တရာယ်ဖြစ်တယ်လို့ ဆိုထားပါတယ်။ အဲဒါက မစွန့်လွှတ်နိုင်အောင် အလွန်ခိုင်မြဲနေတဲ့ သဿတအယူကို ဆိုတာပါ၊ ဗမာတွေမှာ ရှိနေတဲ့ သဿတအယူမျိုးကတော့ အဲဒီလို ခိုင်မြဲတဲ့အယူ မဟုတ်ပါဘူး၊ ဒါကြောင့် အကြောင်းအကျိုး ရုပ်နာမ်မျှသာ ရှိတယ်၊ အမြဲတည်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူးဆိုတာကိုလဲ ယုံကြည်လက်ခံနိုင်တယ်၊ ဝိပဿနာရှုပြီး မဂ်ဉာဏ်လေးပါးကို ရတဲ့အခါ ကိလေသာအကြောင်းတရားတွေ ချုပ်ငြိမ်းပြတ်စဲသွားလို့ အကျိုးရုပ်နာမ်ဘဝတွေလဲ ချုပ်ငြိမ်းပြတ်စဲသွားတယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ် ဆိုတာကိုလဲ ယုံကြည်လက်ခံနိုင်တယ်၊ ဒီလို ယုံကြည်လက်ခံပြီး ဝိပဿနာတရားကိုလဲ ကောင်းကောင်းအားထုတ်နိုင်တယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာဝင် မြန်မာလူမျိုးတွေမှာ ရှိနေတဲ့ သဿတအယူမျိုးကတော့ မဂ္ဂန္တရာယ် မဖြစ်ဘူးဆိုတာကိုလဲ မှတ်ထားကြရမယ်။ ဒါပေမဲ့ ဒီမခိုင်မြဲဘူးဆိုတဲ့ သဿတအယူဟာလဲ သောတာပတ္တိမဂ်ဉာဏ် မရောက်သေးယင်တော့ သူက လုံးဝမကင်းသေးဘူး၊ သောတာပတ္တိမဂ်ဉာဏ်ရောက်မှ သူက လုံးဝကင်းစင်သွားပါတယ်။ အဲဒီအကြောင်းကိုဘဲ အရှင်မဟာစုန္ဒမထေရ်က မေးလျှောက်နေခြင်းဖြစ်ပါတယ်။

www.dhammaransi.com



(၂) နောက်တခုကတော့ အသဿတော လောကော-တဲ့။ လောကော၊ လောကဆိုတဲ့ သတ္တဝါသည်။ အသဿတော၊ မတည်မြဲဘူးတဲ့။ ဒီအယူက ခုနကပြောခဲ့တဲ့ သဿတအယူနဲ့ ဆန့်ကျင်ဘက် အယူဘဲ၊ ဒီအယူမှာတော့ သတ္တဝါဟာ မသေခင်အတွင်းသာ ရှိတယ်၊ သေပြီးယင် ဘာမျှမရှိတော့ဘူး၊ ပျောက်ပျက်သွားတယ်-လို့ ယူဆတယ်။ ဒီအယူကို ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်တယ်၊ ရှေးတုန်းက ဘုရားလက်ထက်တော်ကာလဆီတုန်းကတော့ ဒီလို ဥစ္ဆေဒအယူရှိတဲ့သူက နဲနဲဘဲရှိခဲ့ပါတယ်၊ ယခုခေတ်မှာတော့ ဒီဥစ္ဆေဒအယူကို ကြိုက်တဲ့လူတွေက များလာတယ်၊ ဒီလိုများလာခြင်းရဲ့အကြောင်းကတော့ အနောက်နိုင်ငံကပုဂ္ဂိုလ်တွေက လူဟာ သေပြီးယင် ဘာမျှမရှိတော့ဘူး၊ ပျောက်ကွယ်သွားတယ်ဆိုတဲ့အကြောင်းကို ဆင်ခြင်စဉ်းစားခဏ်းတွေ အကြောင်းယုတ္တိတွေနဲ့ပြပြီး ကျမ်းစာတွေ ရေးထုတ်ကြတယ်၊ စာရေးပုံတွေကလဲ အလွန်ကောင်းတယ်၊ မျက်မှောက်ကိုယ်တိုင် မတွေ့ယင် မယုံရဘူးဆိုတာကို အခြေခံပြုပြီး ရေးထားကြတယ်၊ အဲဒီလို စာပေတွေကိုလဲ ကြည့်မိကြတဲ့အပြင် မသေခင်အပြည့်အဝ ခံစားလိုတဲ့ လောဘကလဲ အားကြီးကြတဲ့အတွက် အဲဒီဥစ္ဆေဒအယူကို အကြိုက်များလာကြဟန် တူပါတယ်။

အမှန်စင်စစ်ကတော့ အမြဲတမ်းတည်နေတဲ့ အတ္တကောင်ရယ်လို့လဲ မရှိဘူး၊ သေပြီးယင် ဘာမျှ မရှိတော့ဘဲ ပျောက်သွားတယ် ဆိုတာလဲ မဟုတ်ဘူး၊ မြတ်စွာဘုရားဟောတော်မူတဲ့ တရားတော်အရအားဖြင့် အတ္တကောင်ဆိုတာကိုက ရှိတာမဟုတ်ဘူး၊ အကြောင်းအကျိုးဆက်သွယ်ပြီး ဖြစ်နေတဲ့ ရုပ်နာမ်ခန္ဓာအစဉ်မျှသာရှိတယ်။ ဆင်းရဲချမ်းသာ အစစ်အမှန်ကို မသိတဲ့ အဝိဇ္ဇာကြောင့် ချမ်းသာအောင် အားထုတ်တဲ့ သင်္ခါရတွေဖြစ်ကြတယ်၊ အဲဒီအားထုတ်မှုကုသိုလ် အကုသိုလ်ကံကြောင့် ဘဝသစ်ဝိညာဉ်ဖြစ်တယ်-စသည်ဖြင့် ဒီလိုအကြောင်းအကျိုးတွေ အဆက်ဆက်ဖြစ်နေတာသာရှိတယ်၊ တဘဝက သေတယ်ဆိုတာ အထူးအဆန်းမဟုတ်ဘူး၊ ခဏမစဲ ချုပ်ပျက်နေတဲ့ ရုပ်နာမ်အစဉ်ထဲမှာ နောက်ဆုံး ရုပ်နာမ်ပြတ်စဲသွားတဲ့သဘောမျှပါဘဲ၊ အသက်ရှင်နေတယ်လို့ခေါ်ဆိုရတဲ့ ရုပ်နာမ်အစဉ်ထဲမှာ နောက်ဆုံးရုပ်နာမ်ချုပ်ပြီး အဲဒီမှာ ရုပ်နာမ်အသစ် မဖြစ်လာတော့ဘဲ ပြတ်စဲသွားတာကို သေတယ်လို့ ခေါ်ရတာဘဲ။ အဲဒီလို

www.dhammaransi.com



သေပြီးတော့ ဘာမျှမရှိတော့ဘဲ လုံးလုံးပျောက်သွားပါသလားဆိုတော့၊ အဲဒီလိုလဲ လုံးလုံးပျောက်သွားတာမဟုတ်ဘူး၊ ကိလေသာမကင်းသေးယင် ကံအားလျော်စွာ ဌာနအသစ် ဘဝအသစ်မှာ ပဋိသန္ဓေဝိညာဉ်မှစပြီး နာမ်ရုပ်အစဉ်တွေ ရှေးဘဝကလိုဘဲ အဆက်မပြတ် ဖြစ်သွားပြန်တယ်။ အဲဒါဟာ ဘဝဟောင်းမှ အသက်ကောင်က ပြောင်းရွှေ့လာတာလဲ မဟုတ်ဘူး၊ ဘဝဟောင်းမှ ရုပ်နာမ်ခန္ဓာတွေက ပြောင်းရွှေ့လာတာလဲ မဟုတ်ဘူး၊ ဘဝဟောင်းမှာ အသက်ရှင်နေစဉ်တုန်းကလဲ ရုပ်နာမ်တွေဟာ မြင်ပြီးပျောက်၊ ကြားပြီးပျောက်-စသည်ဖြင့် ခဏမစဲ ဖြစ်ပြီးပျောက်ပျောက်သွားတာချည်းဘဲ၊ မြင်တဲ့စိတ်က ကြားတာမဟုတ်ဘူး၊ ကြားတဲ့စိတ်ကလဲ မြင်တာမဟုတ်ဘူး၊ မြင်တဲ့စိတ် ကြားတဲ့စိတ်တွေက နံတာ စားသိတာ ထိသိတာ ကြံသိတာ မဟုတ်ဘူး၊ အဲဒီနံသိ စားသိ ထိသိ ကြံသိတဲ့စိတ်တွေကလဲ မြင်တာ ကြားတာမဟုတ်ဘူး၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပေါ်လာပြီး ချက်ခြင်းပျောက်ပျက်သွားတာချည်းဘဲ၊။ ဒါပေမဲ့ ရှေ့စိတ်ရှိလို့ နောက်စိတ်ဖြစ်ရတယ်၊ နောက်စိတ်ဖြစ်ရာမှာ ရှေ့စိတ်နဲ့ သက်ဆိုင်နေပါတယ်၊ အကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်နေပါတယ်။ အဲဒီလိုပါဘဲ သေတဲ့အခါမှာ ဘဝဟောင်းက ရုပ်နာမ်တွေ အကုန်လုံး ချုပ်ပျက်သွားကြပါတယ်၊ ဘဝသစ်မှာ ရုပ်နာမ်တွေ အသစ်ဖြစ်ကြပါတယ်၊ ဒါပေမဲ့ ဘဝဟောင်းက ရုပ်နာမ်တွေနဲ့ အကြောင်းအကျိုးအဖြစ်ဖြင့်တော့ ဆက်စပ်နေပါတယ်၊ သေခါနီးက ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံတခုခုကို စွဲလမ်းခဲ့လို့ အဲဒီအာရုံကိုဘဲ စွဲပြီး ပဋိသန္ဓေစိတ်အစရှိတဲ့ နာမ်ရုပ်တွေ ဖြစ်ပေါ်ရတယ်၊ ဒီလို အကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်နေတဲ့ နာမ်ရုပ်အစဉ်သာရှိပါတယ်၊ အသက်ရှင်ပြီး အမြဲတမ်းတည်နေတဲ့အကောင်လဲ မရှိဘူး၊ သေတဲ့အခါ ပျောက်ကွယ်သွားတဲ့အကောင်ရယ်လို့လဲ မရှိဘူး၊ ဘာကြောင့်လဲဆိုယင်-မသေခင် အသက်ရှင်နေတယ်လို့ ဆိုရတုန်းကပင် ရုပ်နာမ်အစဉ်မျှသာ ရှိခဲ့တယ်၊ အသက်ရှင်ပြီး တည်နေတဲ့အသက်ကောင်ရယ်လို့ မရှိခဲ့ဘူး၊ ဒီတော့ သေတဲ့အခါမှာ ပျောက်သွားတဲ့အကောင်ရယ်လို့လဲမရှိနိုင်တော့ဘူးပေါ့။ အမှန်ကတော့ မသေခင်ကလဲ အကြောင်းအကျိုး ရုပ်နာမ်အစဉ်သာရှိတယ် သေတဲ့အခါလဲ ရုပ်နာမ်အစဉ်သာရှိတယ်၊ ဘဝအသစ်ဖြစ်တယ်ဆိုတာလဲ ရုပ်နာမ်အစဉ် ဆက်ပြီးဖြစ်ရုံမျှဘဲ။ ဒီရုပ်နာမ်အစဉ်ဟာ ကိလေသာ မကင်းသေးသမျှကာလပတ်လုံး ကံအားလျော်စွာ တဘဝပြီး

www.dhammaransi.com



တဘဝ ဆက်ပြီးဖြစ်နေမှာဘဲ။ ဒါကြောင့် လောကဆိုတဲ့ သတ္တဝါဟာ အမြဲတည်မနေဘူး သေယင် ပျောက်ကွယ်သွားတယ်ဆိုတဲ့ အယူဟာ မှားယွင်းတဲ့ မိစ္ဆာအယူမျှသာ ဖြစ်တယ်။ ဝိပဿနာအလုပ်ကို အားထုတ်လို့ ရဟန္တာဖြစ်သွားတဲ့အခါမှာ ကိလေသာတွေ လုံးဝကင်းစင်သွားတယ်၊ အဲဒီအခါ ဘဝကိုမျှ စွဲလမ်းခြင်းမရှိတော့တဲ့အတွက် နောက်ဆုံးစုတိစိတ် ချုပ်သွားတဲ့အခါ ရုပ်နာမ်အသစ် မဖြစ်ပေါ်လာတော့ဘဲ လုံးဝအပြီးတိုင် ချုပ်ငြိမ်းသွားတယ်၊ အဲဒါကို ပရိနိဗ္ဗာန်စံတယ်လို့ ခေါ်တယ်။ အဲဒီအခါမှာလဲ အသက်ရှင်နေတဲ့ အကောင် ပျောက်ကွယ်သွားတာ မဟုတ်ဘူး၊ မပြတ် ဆက်စပ်ပြီးဖြစ်နေတဲ့ ရုပ်နာမ်အစဉ် ဆင်းရဲအစုမျှသာ ချုပ်ငြိမ်းသွားတာပါဘဲ။ ဒါကြောင့် ဒီလို ရုပ်နာမ်အစဉ်မျှ ဖြစ်ပျက်နေပုံကို အမှန်အတိုင်းသိအောင် ပရိယတ်အနေဖြင့်လဲ လေ့လာရတယ်၊ ပဋိပတ်အနေဖြင့်လဲ ကိုယ်တိုင်သိအောင် အားထုတ်ရတယ်။

(၃) နောက်တခုကတော့ သဿတော စ အသဿတော စ လောကော-တဲ့။ လောကော၊ လောကဆိုတဲ့သတ္တဝါသည်။ သဿတော စ၊ မြဲသည်လည်းရှိ၏။ အသဿတော စ၊ မမြဲသည်လည်းရှိ၏-တဲ့။ လောကဆိုတဲ့ သတ္တဝါဟာ မြဲတာလဲ ရှိတယ်၊ မမြဲတာလဲရှိတယ်-တဲ့။ ကမ္ဘာလောကကြီးနဲ့ သတ္တဝါတွေကို ဖန်ဆင်းတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ အတ္တကတော့ ကောင်းကင်ဘုံမှာ မပျက်စီးဘဲ အမြဲတမ်းတည်ရှိနေတယ်၊ သူကဖန်ဆင်းထားတဲ့သတ္တဝါတွေကတော့ သေကြရ ဘဝပြောင်းကြရတယ် မမြဲဘူး-လို့ ဒီလို ယူတဲ့ဝါဒပါဘဲ။ ဒီအယူဝါဒကို ဧကစ္စသဿတဝါဒလို့ ဗြဟ္မဇာလသုတ်မှာ ဟောထားပါတယ်။ ဒီဝါဒမှာ ဖန်ဆင်းထားတဲ့ အများသတ္တဝါတွေက မမြဲဘူးဆိုပေမဲ့ သေတဲ့အခါ လုံးလုံးပျောက်သွားတယ်လို့တော့ မဆိုလိုပါဘူး၊ ခန္ဓာကိုယ်ကြီး ပျက်သွားတဲ့အခါ အတ္တကောင်က ပြောင်းရွှေ့ပြီး အခြားတနေရာ တဘဝ တဌာနမှာ တည်မြဲ တည်ရှိနေတယ်လို့ဘဲ ယူဆပါတယ်။ ဒါကြောင့် ဒီအယူဝါဒဟာ အမှတ် (၁) သဿတဝါဒထဲမှာ ပါဝင်နေတဲ့ ဝါဒပါဘဲ။

(၄) နောက်တခုကတော့ နေဝ သဿတော နာသဿတော လောကော တဲ့။ လောကဆိုတဲ့ သတ္တဝါဟာ တည်မြဲတာလဲ မဟုတ်ဘူး၊ မတည်မြဲတာလဲ မဟုတ်ဘူးတဲ့၊ ဒီအယူဝါဒကတော့ နားလည်ဘို့ခက်ပါတယ်၊ သူ့အယူဝါဒရှင်သာ

နားလည်နိုင်စရာရှိပါတယ် အကြောင်းမဲ့သက်သက် ကြံဆပြီး ယူဆထားတဲ့ ဝါဒပါဘဲ။ သူဟာက မြဲတာမဟုတ်ဘူးလို့လဲ ဆိုတယ်၊ မြဲတာမဟုတ်ယင် မမြဲတာလား-လို့ ဆိုတော့ မမြဲတာလဲ မဟုတ်ပြန်ဘူးတဲ့၊ မမြဲတမြဲလို့ ဆိုရမလို ဖြစ်နေပါတယ်။ ဒီအယူဝါဒမှာ တိတိကျကျ အဖြေမပေးတဲ့အတွက် အမရာဝိက္ခေပအယူဝါဒလို့လဲ ခေါ်ရပါတယ်၊ အမရာခေါ်တဲ့ အဖမ်းခက်တဲ့ ငါးတမျိုး ရှိတယ်လို့ ဆိုပါတယ်၊ အဲဒီငါးကို အဖမ်းရခက်သလိုဘဲ ဒီအယူဝါဒကို အဖမ်းရခက်တဲ့အတွက် အမရာငါးလိုဘဲ အတည်တကျမရှိဘဲ ပျံ့လွင့်စေတတ်တဲ့ အယူဝါဒလို့ခေါ်ပါသတဲ့။

(၅) နောက်ပြီးတော့ အန္တဝါ လောကော-တဲ့။ လောကော၊ လောက ဆိုတဲ့သတ္တဝါသည်။ အန္တဝါ၊ အဆုံးအပိုင်းအခြားရှိ၏။ ဆိုလိုတာကတော့ သတ္တဝါတယောက် တယောက်ဟာ လောကတခု တခုဘဲ၊ အဲဒီသတ္တဝါ တယောက်တယောက်မှာ တကိုယ်လုံး၌ ပျံ့နှံ့ပြီး တည်နေတဲ့ အတ္တကောင်ဟာ အပိုင်းအခြား အကန့်အသတ် ရှိနေတယ်၊ ကိုယ်ခန္ဓာကငယ်ယင် အတ္တကောင် ကလဲ ငယ်တယ်၊ ကိုယ်ခန္ဓာကကြီးယင် အတ္တကောင်ကလဲ ကြီးတယ်၊ ကိုယ်ခန္ဓာရဲ့ ပမာဏလောက်ပဲ အတ္တကောင်ရဲ့ ပမာဏရှိတယ်လို့ ဆိုပါတယ်၊ လူ့ရဲ့အတ္တကောင်ဆိုယင် အမြင့်က တလံလောက် လုံးပတ်က ၂-ပေခွဲ ၃-ပေလောက် အပိုင်းအခြား အကန့်အသတ်ရှိနေတယ်လို့ ဆိုလိုပါတယ်၊ တချို့ကလဲ အတ္တကောင်ဟာ နှလုံးအိမ်မှာ တည်နေတယ်၊ သူတည်ရာအရပ်ပမာဏရှိတယ်လို့ ဆိုကြတယ်။ ဘဝဟောင်းက သေပြီး ဘဝသစ် ခန္ဓာအိမ်သစ်ကို လိုက်ရှာနေတဲ့ အခါမှာတော့ အတ္တကောင်ဟာ ပရမာဏုမြူလောက်အထိတောင် သေးငယ်တယ်လို့လဲ ဆိုကြပါတယ်။ ဒီလိုအယူဝါဒတွေဟာ လောကဆိုတဲ့ အတ္တကောင်မှာ အန္တဝါ၊ အပိုင်းအခြား အကန့်အသတ်ရှိတယ်။ လို့ ဆိုတဲ့ အယူဝါဒတွေပါဘဲ။

(၆) နောက်တခုကတော့ အနန္တဝါ လောကောတဲ့။ လောကော၊ လောက ဆိုတဲ့ သတ္တဝါသည်။ အနန္တဝါ၊ အပိုင်းအခြားမရှိ အလွန်ကြီးကျယ်ပါတယ်-တဲ့။ ဆိုလိုတာကတော့ ဒီအယူဝါဒမှာ သတ္တဝါ တယောက် တယောက်ကို အတ္တကောင်တခုစီ တခုစီ အသီးအသီးရှိတယ် လို့ ဒီလို မယူဆဘူး၊ သတ္တဝါတွေအားလုံးဟာ ကောင်းကင်ဘုံက ဖန်ဆင်းတဲ့ ဘုရားသခင်ရဲ့

ပရမတ္ထဆိုတဲ့ အတ္တကြီးရဲ့ အစိတ်အပိုင်းတွေဘဲ၊ အဲဒီ ဘုရားသခင်ရဲ့ အတ္တကြီးဟာ အတိုင်းမသိ အလွန်ကြီးကျယ်တယ်၊ တလောကလုံးမှာ ပျံ့နှံ့ပြီး တည်နေတယ်၊ဒါကြောင့် လောကဆိုတဲ့အတ္တကောင်ဟာ အနန္တဝါ၊အပိုင်းအခြား အကန့်အသတ်မရှိ အလွန်းကြီးတယ်လို့ ဆိုကြပါတယ်၊ ယခုပြောခဲ့တဲ့ အပိုင်းအခြား ရှိမရှိ ယူဆပုံတွေကတော့ ယခုခေတ် အိန္ဒိယကျမ်းစာအုပ်တွေမှာ ထင်ရှားရှိနေတဲ့ ယူဆပုံတွေဖြစ်ပါတယ်၊ အဋ္ဌကထာများမှာ ပြဆိုထားတာကတော့ ကသိုဏ်းပဋိဘာဂနိမိတ်ကို အတ္တဘဲ လောကဘဲလို့ ယူပြီး အဲဒီ ပဋိဘာဂနိမိတ်ရဲ့ အပိုင်းအခြား ရှိမရှိကို အကြောင်းပြုပြီး စွဲလမ်းတယ်လို့ ဆိုပါတယ်၊ အဲဒါကတော့ ဈာန်ရ အထက်တန်းစား အနည်းငယ်သော ပုဂ္ဂိုလ်များနဲ့သာ ဆိုင်ပါတယ်၊ ဘုန်းကြီး ယခုပြောခဲ့တဲ့ အပိုင်းအခြား ရှိမရှိ စွဲလမ်းပုံကတော့ သာမန်လူများစုနဲ့ ဆိုင်ပါတယ်၊ ဒါကြောင့် လူများစု နားလည်လွယ်မည့် စွဲလမ်းပုံကိုသာ ဒီမှာ ပြောနေခြင်း ဖြစ်ပါတယ်။

(၇) နောက်တခုကတော့ အန္တဝါ စ အနန္တဝါ စ လောကော-တဲ့။ လောကော၊ လောကဆိုတဲ့ သတ္တဝါသည်။ အန္တဝါ စ၊ အပိုင်းအခြားလည်း ရှိ၏။ အနန္တဝါ စ၊ အပိုင်းအခြားလည်း မရှိ အလွန်ကြီးကျယ်ပါတယ်-တဲ့။ ဒီ ဝါဒကတော့ ဧကစ္စသဿတဝါဒနဲ့ တူဟန်ရှိပါတယ်၊ တချို့က အပိုင်းအခြား ရှိတယ်၊ တချို့က အပိုင်းအခြားမရှိဘူး-လို့ ဆိုလိုဟန်ရှိပါတယ်၊ ဘုရားသခင်က ဖန်ဆင်းထားတဲ့ သတ္တဝါတွေရဲ့ အတ္တက အပိုင်းအခြားရှိတယ်၊ ဘုရားသခင်ရဲ့ ပရမတ္ထဆိုတဲ့ အတ္တကြီးက အပိုင်းအခြားမရှိဘူး-လို့ ဆိုလိုတဲ့သဘောပါဘဲ။

(၈) နောက်တခုကတော့ နေဝန္တဝါ နာနန္တဝါ လောကော-တဲ့။ လောကော၊ လောက ဆိုတဲ့ သတ္တဝါသည်။ နေဝန္တဝါ၊ အပိုင်းအခြား ရှိသည်လည်း မဟုတ်။ နာနန္တဝါ၊ အပိုင်းအခြားမရှိသည်လည်း မဟုတ်ဘူးတဲ့။ ဒီ ဝါဒကလဲ အမှတ်(၄)ဝါဒလိုဘဲ အကြောင်းမဲ့ ကြံဆထားတဲ့ အယူဝါဒပါဘဲ၊ အတိအကျ အဖြေမပေးနိုင်တဲ့ အမရာဝိက္ခေပအယူပါဘဲ။

အမှန်စင်စစ်ကတော့ ယခုပြောခဲ့တဲ့ လောကနဲ့စပ်တဲ့ အယူဝါဒတွေဟာ ဘာမျှမရှိတဲ့ ယုန်ချိုလိပ်မွေးဆိုတာတွေကို အမျိုးမျိုး အထွေထွေ ယူဆပြောဆိုတာမျိုးတွေချည်းပါဘဲ၊ ယုန်ချိုဆိုတာ ရှိမှ မရှိပါဘဲနဲ့ ယုန်ချိုဟာ

www.dhammaransi.com



တိုတယ် ရှည်တယ် ထက်တယ် မာတယ် စသည်ဖြင့် ပြောနေယင် ဟုတ်မှန်နိုင်ပါမလား၊ လိပ်မွေးဟာ တိုတယ် ရှည်တယ် ဖြူတယ် မဲတယ် စသည်ဖြင့် ပြောနေယင်ကော ဟုတ်မှန်နိုင်ပါမလား၊ ယုန်ချို လိပ်မွေးဆိုတဲ့ အခြေခံကမှ မရှိပါဘဲနဲ့ အဲဒါတွေကို တိုတယ် ရှည်တယ် စသည်ဖြင့် ပြောနေတာဟာ အခြေခံမရှိဘဲ အရမ်းပြောနေခြင်းမျှသာ ဖြစ်တယ်၊ အမှားပေါ်မှာ ထပ်ပြီး မှားနေတဲ့ အပြောအဆိုတွေချည်းဘဲဆိုတာ ထင်ရှားပါတယ်၊ အဲဒါလိုဘဲ လောကဆိုတဲ့ သတ္တဝါကောင် အတ္တကောင်ကိုက မရှိပါဘဲနဲ့ အဲဒီ လောက အတ္တဆိုတဲ့ သတ္တဝါဟာ မြဲတယ်၊ မမြဲဘူး၊ အပိုင်းအခြားရှိတယ်၊ မရှိဘူး စသည်ဖြင့် ကြံဆပြောဆိုနေတဲ့ အယူဝါဒတွေဟာလဲ အခြေအမြစ်မရှိဘဲ အရမ်းကြံဆပြောဆိုနေတဲ့ မိစ္ဆာအယူဝါဒတွေချည်းပါဘဲ။

ဒါကြောင့် ယခုပြောခဲ့တဲ့အတိုင်း အတ္တနဲ့စပ်တဲ့ မိစ္ဆာဝါဒတွေ လောကနဲ့စပ်တဲ့ မိစ္ဆာဝါဒတွေဟာ လောကမှာ ဖြစ်ပေါ်လျက် ရှိနေကြပါတယ်၊ ဗုဒ္ဓသာသနာတော်ရဲ့ အပြင်က လူတွေဟာ ဒီလိုအယူဝါဒတွေကိုဘဲ တရားကောင်းအနေနဲ့ ယူဆပြောဆိုနေကြပါတယ်၊ အဲဒီလို အယူဝါဒတွေဟာ တရားအားထုတ်ခါစမှာ ကင်းနိုင်ပါ့သလားဆိုတာကို အရှင်မဟာစုန္ဒမထေရ်က ဒီလိုမေးလျှောက်ပါတယ်။

ဘန္တေ၊ မြတ်စွာဘုရား။ အတ္တဝါဒပဋိသံယုတ္တာ ဝါ၊ အတ္တဝါဒနှင့်စပ်ဆိုင်သည်မူလည်း ဖြစ်ကုန်သော။ လောကဝါဒပဋိသံယုတ္တာ ဝါ၊ လောကဝါဒနှင့် စပ်ဆိုင်သည်မူလည်း ဖြစ်ကုန်သော။ အနေကဝိဟိတာ၊ များစွာကုန်သော။ ယာ ဣမာ ဒိဋ္ဌိယော၊ အကြင်မှားသော အယူအမြင်တို့သည်။ လောကေ ဥပ္ပဇ္ဇန္တိ၊ လောက၌ ဖြစ်ပေါ်နေကြပါသည် အရှင်ဘုရား။ ဘန္တေ၊ မြတ်စွာဘုရား။ အာဒိမေဝ မနသိကရောတော၊ အစမျှ၌သာလျှင် နှလုံးသွင်းရသေးသော။ ဝါ၊ နှလုံးသွင်းခါစမျှသာ ဖြစ်သော။ ဘိက္ခုနော၊ ရဟန်းအား။ ဧဝံ၊ ဤသို့စ၍ နှလုံးသွင်းကာမျှဖြင့်။ ဧတာသံ ဒိဋ္ဌီနံ၊ ဤမှားသော အယူအမြင်တို့ကို။ ပဟာနံ ဟောတိ၊ ပယ်ခြင်းဖြစ်ပါသလားအရှင်ဘုရား။ ဧဝံ၊ ဤသို့စ၍ နှလုံးသွင်းကာမျှဖြင့်။ ဧတာသံ ဒိဋ္ဌီနံ၊ ဤမှားသော အယူအမြင်တို့ကို။ ပဋိနိဿဂ္ဂေါ၊ လုံးဝစွန့်ခြင်းသည်။ ဟောတိ၊ ဖြစ်ပါသလား အရှင်ဘုရား-လို့ မေးလျှောက်ပါတယ်။

www.dhammaransi.com



အဲဒီမေးလျှောက်ချက်မှာ အတိုချုပ်ဆိုလိုတာကတော့ အတ္တဝါဒနဲ့စပ်တဲ့ အယူမှားတွေ လောကဝါဒနဲ့စပ်တဲ့ အယူမှားတွေဆိုတဲ့ အဲဒီ အယူမှားတွေကို နှလုံးသွင်းရှုမှတ်ခါစဖြင့် ပယ်နိုင်ပါသလား-လို့ ဆိုလိုပါတယ်၊ တရားအားထုတ်ခါစ သမာဓိရရုံလောက်နဲ့ အဲဒီ အယူမှားတွေကို ပယ်နိုင်ပါသလား၊ ဝိပဿနာရှုလို့ အရောင်အလင်း ပီတိအစရှိတဲ့ ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသကို တွေ့ရုံမျှလောက်နဲ့ ပယ်နိုင်ပါသလား-လို့ မဟာစုန္ဒမထေရ်က မေးလျှောက်ပါတယ်။

ဒီလို မေးလျှောက်ရတာကလဲ အကြောင်းရှိပါတယ်၊ တချို့ပုဂ္ဂိုလ်တွေက သမာဓိရရုံလောက်နဲ့ ဈာန်ရရုံလောက်နဲ့ ဥပက္ကိလေသကို တွေ့ရုံလောက်နဲ့ အဲဒီ အယူမှားတွေကို ပယ်နိုင်တယ်လို့ အထင်ရောက်နေကြတယ်၊ တချို့ကလဲ အဲဒီလို သမာဓိရရုံမျှ အရောင်အလင်းစသည်ကို တွေ့ရုံမျှနဲ့ ရဟန်းကိစ္စ ပြီးပြီ၊ ရဟန္တာ ဖြစ်ပြီ-လို့ ဒီလို အသင်ရောက်နေကြတယ်၊ အဲဒီလို အထင်မှားပြီး အထင်ကြီးနေတဲ့ ပုဂ္ဂိုလ်တွေမှာ အမြင်မှန်ရအောင်လို့ မေးလျှောက်ခြင်း ဖြစ်ပါတယ်။

ဟုတ်တယ်၊ တရားအားထုတ်တဲ့အလုပ်က အထင်ကြီးစရာအလုပ်ဖြစ်တော့ နဲနဲပါးပါး ထူးခြားတာကလေးကို တွေ့ရယင် တရားထူးလို့ အထင်ရောက်တတ်တယ်၊ အထင်ကြီးတတ်တယ်၊ လမ်းမှန်ကို ညွှန်ပြနိုင်တဲ့ ဆရာကောင်းမရှိယင် အဲဒီလို မဖြစ်စလောက် အတွေ့ထူးကလေးလောက်နဲ့ တရားထူးရပြီ၊ ဈာန်ရပြီ၊ အရိယာမဂ်ရပြီ၊ သောတာပန်ဖြစ်ပြီ၊ ရဟန္တာဖြစ်ပြီ-လို့ အထင်ကြီးနေတတ်တယ်၊ အဲဒါဟာ ယခုမှမဟုတ်ဘူး၊ ရှေးရှေးတုန်းက ဘုရားလက်ထက်တော် ကာလကတည်းက ရှိလာခဲ့တာဘဲ၊ အဲဒီတုန်းက မြတ်စွာဘုရားက သေသေချာချာ တိတိကျကျ ကိုယ်တော်တိုင် ကမ္ဘဋ္ဌာန်းပေးပြီး ဟောကြားညွှန်ပြနေပါတယ်၊ အရှင်သာရိပုတြာ အစရှိတဲ့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီးတွေကလဲ ပရိယတ် ပဋိပတ် နှစ်ရပ်လုံး စွယ်စုံညွှန်ပြနေပါတယ်၊ အဲဒီလို တိတိကျကျ သေသေချာချာ ညွှန်ပြနေတဲ့ ခေတ်တုန်းကတောင် အားထုတ်ခါစ သမာဓိရရုံကလေးနဲ့ အရောင်အလင်းအစရှိတဲ့ အထူးကို တွေ့ရရုံကလေးနဲ့ တရားထူးရပြီ၊ တရားပြည့်စုံပြီ-လို့ အထင်မှားပြီး အထင်ကြီးတဲ့ပုဂ္ဂိုလ်တွေ ရှိခဲ့သေးတယ်

www.dhammaransi.com



ဆိုတော့ ယခုနေအခါဆိုယင် အဲဒီလို အထင်မှားပြီး အထင်ကြီးနေတာတွေ အများကြီးရှိနေမှာပေါ့၊ အဲဒီလိုအထင်ကြီးတဲ့ ပုဂ္ဂိုလ်က သင်ပြပေးတဲ့အတိုင်း အားထုတ်လို့ သူလိုဘဲ ထူးခြားချက်ကလေး အနည်းငယ်ကို တွေ့ရရုံနဲ့ တရားပြည့်စုံပြီလို့ အဆုံးအဖြတ်ရပြီး ကျေနပ်နေတဲ့သူတွေလဲ အများကြီးရှိမှာပေါ့။

အမှန်စင်စစ်ကတော့ မဂ်ဖိုလ်တရားထူးကို ရတယ်ဆိုတာဟာ ရုပ်နာမ်တရားတွေကို ပိုင်းခြားပြီးသိရမယ်၊ အဲဒီ ရုပ်နာမ်တွေ ခဏမစဲ ဖြစ်ပျက်နေတာကိုလဲ ထင်ထင်ရှားရှားတွေ့ရမယ်၊ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကိုလဲ ပိုင်ပိုင်နိုင်နိုင် သိရမယ်၊ အဲဒီလိုသိတဲ့ ဝိပဿနာဉာဏ်တွေနဲ့ ပြည့်စုံရမယ်၊ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် နိဗ္ဗိန္ဒဉာဏ် သင်္ခါရုပေက္ခာဉာဏ် ဆိုတာတွေကို ထင်ထင်ရှား ရှားတွေ့ရမယ်၊ အဲဒီလို ဝိပဿနာဉာဏ်တွေ ပြည့်စုံပြီးမှ ရုပ်နာမ်သင်္ခါရ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို တွေ့မြင်နိုင်ပါတယ်၊ အဲဒီလို နိဗ္ဗာန်ကို အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဉာဏ်ဖြင့် တွေ့မြင်မှ ခုနကပြောခဲ့တဲ့ အယူမှား မိစ္ဆာဒိဋ္ဌိတွေကို ပယ်နိုင်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက ဒီလို ဖြေတော်မူပါတယ်။

## မြတ်စွာဘုရား၏အဖြေ

> ယာ ဣမာ စုန္ဒ အနေကဝိဟိတာ ဒိဋ္ဌိယော လောကေ ဥပ္ပဇ္ဇန္တိ အတ္တဝါဒပဋိသံယုတ္တာ ဝါ လောကဝါဒပဋိသံယုတ္တာ ဝါ၊ ယတ္ထ စေတာ ဒိဋ္ဌိယော ဥပ္ပဇ္ဇန္တိ၊ ယတ္ထ စ အနုသေန္တိ၊ ယတ္ထ စ သမုဒါစရန္တိ၊ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဧဝမေတာသံ ဒိဋ္ဌီနံ ပဟာနံ ဟောတိ၊ ဧဝမေတာသံ ဒိဋ္ဌီနံ ပဋိနိဿဂ္ဂေါ ဟောတိ။

စုန္ဒ၊ ချစ်သားစုန္ဒ။ အတ္တဝါဒပဋိသံယုတ္တာ ဝါ၊ အတ္တဝါဒနှင့် စပ်ဆိုင်သည်မူလည်း ဖြစ်ကုန်သော။ လောကဝါဒပဋိသံယုတ္တာ ဝါ၊ လောကဝါဒနှင့် စပ်ဆိုင်သည်မူလည်း ဖြစ်ကုန်သော။ အနေကဝိဟိတာ၊ များစွာကုန်သော။ ယာ ဣမာ ဒိဋ္ဌိယော၊ အကြင်မှားသော အယူအမြင်တို့သည်။ လောကေ ဥပ္ပဇ္ဇန္တိ၊ လောက၌ ဖြစ်ပေါ်လျက်ရှိကုန်၏။ စေတာ ဒိဋ္ဌိယော၊ ဤမှားသော အယူအမြင် ဒိဋ္ဌိတို့သည်။ ယတ္ထ စ ဥပ္ပဇ္ဇန္တိ၊ အကြင်ခန္ဓာငါးပါး၌လည်း ဖြစ်ကုန်၏။ ယတ္ထ စ အနုသေန္တိ၊

www.dhammaransi.com



အကြင် ခန္ဓာငါးပါး၌လည်း ကိန်းကုန်၏။ ယတ္ထ စ သမုဒါစရန္တိ၊ အကြင် ခန္ဓာငါးပါး၌လည်း မပြတ်ဖြစ်ကုန်၏။ တံ၊ ထို ဒိဋ္ဌိတို့၏ဖြစ်ရာ ကိန်းရာ မပြတ်ဖြစ်ရာဘုံ အာရုံဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားကို။ နေတံ မမ-န ဧတံ မမ၊ ဤသည်ကား ငါ့ဥစ္စာ မဟုတ်။ ဝါ၊ ငါ့ဥစ္စာအနေဖြင့် သာယာသိမ်းပိုက်သင့်သော အရာ မဟုတ်ဟူ၍ရင်း။ နေသောဟမသ္မိ-န ဧသော အဟံ အသ္မိ၊ ဤသည်ကား ငါ မဟုတ်-ငါဘဲဟု အထင်ကြီးစရာ မာန်တက်စရာ မဟုတ်ဟူ၍ရင်း။ န မေသော အတ္တာတိ-န မေ ဧသော အတ္တာတိ၊ ဤသည်ကား ငါ၏အတ္တကောင် အထည် ကိုယ်မဟုတ်-အနတ္တသဘောတရားမျှသာ ဟူ၍ရင်း။ ဧဝံ၊ ဤသို့။ ဧတံ၊ ဤ သဘောကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မှန်စွာသိသော ဝိပဿနာပညာ မဂ်ပညာဖြင့်။ ပဿတော၊ ရှုမြင်သောပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့ အနိစ္စ ဒုက္ခ အနတ္တ-ဟု ရှုမြင်ခြင်းဖြင့်။ တေသံ ဒိဋ္ဌီနံ၊ ဤဆိုခဲ့သော အယူမှား အမြင်မှား ဒိဋ္ဌိတို့ကို။ ပဟာနံ ဟောတိ၊ ပယ်ခြင်းဖြစ်ပေ၏။ ဧဝံ၊ ဤသို့ အနိစ္စ ဒုက္ခ အနတ္တ-ဟု ရှုမြင်ခြင်းဖြင့်။ တေသံ ဒိဋ္ဌီနံ၊ ဤဆိုခဲ့သော အယူမှား အမြင်မှား ဒိဋ္ဌိတို့ကို။ ပဋိနိဿဂ္ဂေါ ဟောတိ၊ လုံးဝစွန့်ခြင်းဖြစ်ပေ၏။

ဒါက မြတ်စွာဘုရားအဖြေဘဲ၊ ဒီအမေးနဲ့ အဖြေ ၂-ခုလုံးဟာ သဘော ပေါက်ဖို့ နားလည်ဘို့ မလွယ်ဘူး ခက်တယ်၊ အမေးမှာ နှလုံးသွင်းခါစနဲ့ ဒိဋ္ဌိ အယူမှားတွေကို ပယ်နိုင်ပါသလားလို့ မေးထားတယ်၊ အဲဒီမှာ နှလုံးသွင်းခါစ ဆိုတာ ဘာကို ရည်ရွယ်သလဲ-လို့ သိဘို့ခက်တယ်၊ အဖြေမှာ ဒိဋ္ဌိ အယူမှားတွေ ဖြစ်ပွါးရာဘုံ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို ငါ့ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏ အတ္တမဟုတ်-လို့ ရှုမြင်လျှင် အဲဒီ ဒိဋ္ဌိ အယူမှားတွေကို ပယ်စွန့်ခြင်းဖြစ်တယ်-လို့ ဖြေထားတယ်။ အဲဒီမှာ ဘယ်လို ရှုရမလဲ၊ ဘယ် လောက် ရှုရမလဲ စသည်ဖြင့် တိတိကျကျ သိဘို့ ခက်တယ်။ အဲဒီ အသိခက် တာတွေ သိနားလည်အောင် ရှင်းပြောရလိမ့်မယ်။

အတ္တဝါဒနဲ့စပ်တဲ့ အယူမှားတွေ၊ လောကဝါဒနဲ့စပ်တဲ့ အယူမှားတွေ ဆိုတာ ဟာ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိပင် ဖြစ်ကြောင်းကို ရှေ့နားက ရှင်းပြောခဲ့ပြီ။ အဲဒီ ဒိဋ္ဌိတွေကို ပယ်စွန့်ချင်ယင် အဲဒီ ဒိဋ္ဌိတွေ ကင်းစေချင်ယင် အဲဒီ ဒိဋ္ဌိတွေရဲ့ဖြစ်ရာ ဌာန အသိုက်အအုံကို သိဘို့ လိုတယ်၊ နောက်ပြီးတော့ အဲဒီ ဒိဋ္ဌိရဲ့ ဖြစ်ရာဌာန

www.dhammaransi.com



တွေကို ဘယ်လို ရှုမြင်ထင်မှတ်နေလို့ အဲဒီ ဒိဋ္ဌိ ဖြစ်ပွါးနေတယ်ဆိုတာလဲ သိဘို့ လိုပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီ ဒိဋ္ဌိတွေဟာ ခန္ဓာငါးပါးမှာ ဖြစ်ပွါးနေကြတယ်၊ အဲဒီ သူတို့ရဲ့ဖြစ်ပွါးရာ ခန္ဓာငါးပါးကို ငါ့ဥစ္စာဘဲ၊ ငါဘဲ၊ ငါ့အတ္တဘဲ-လို့ ပကတိ အရိုးအစဉ်အတိုင်း ထင်မှတ်နှလုံးသွင်းနေယင် အဲဒီ ဒိဋ္ဌိ တွေဟာ ဖြစ်မြဲ ဖြစ်ပွါးနေမယ်၊ ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်ဘူး-လို့ ဒီလို ရှုမြင်ပါမှ အဲဒီ ဒိဋ္ဌိတွေကို ပယ်နိုင်မယ်ဆိုတဲ့ အကြောင်းများကို ဟော ကြားတော်မူပါတယ်။

အဲဒီမှာ ခန္ဓာငါးပါးတရားတွေဆိုတာ အထူးအဆန်းတွေ မဟုတ်ဘူး၊ တခြားမှာ လိုက်ရှာနေရမည့်တရားတွေ မဟုတ်ဘူး၊ သတ္တဝါတိုင်း သတ္တဝါတိုင်း မိမိတို့ကိုယ်ထဲမှာ အသီး အသီး အဲဒီ ခန္ဓာတွေ ရှိနေကြတာဘဲ။ ရုပ်က တမျိုး၊ ဝေဒနာက တမျိုး၊ သညာက တမျိုး၊ သင်္ခါရတွေဆိုတာက တမျိုး၊ စိတ်ဝိညာဏ် ဆိုတာက တမျိုး၊ အဲဒါတွေဟာ ခန္ဓာငါးပါးတရားတွေပါဘဲ။ အဲဒီမှာ ရုပ်-ဆိုတာက ရုပ်ကိုယ်ကြီးတခုလုံးပေါ့၊ ရုပ်အသေးအမွှားကလေးတွေ သန်းပေါင်း များစွာ၊ ကုဋေပေါင်းများစွာ စုဝေးပြီးတည်နေတဲ့ ရုပ်အစုအဝေးကြီးပါဘဲ၊ ဥပမာ ဆန်မှုန့် ဂျုံမှုန့် အသေးအမွှားကလေးတွေကို သင့်တော်လောက်တဲ့ရေနဲ့ ရောစပ်လိုက်ယင် အတုံးအခဲကြီး ဖြစ်လာသလိုပါဘဲ၊ ဒီရုပ်ကိုယ်ကြီးကလဲ ပကတိ မျက်စိနဲ့ မမြင်နိုင်လောက်အောင် သေးငယ်တဲ့ ရုပ်တွေ ကုဋေပေါင်းများစွာ ပေါင်းစပ်ပြီးတည်နေတဲ့ ရုပ်အစုအဝေးကြီး ရုပ်အစုအပုံကြီးပါဘဲ၊ အဲဒါကို ရူပက္ခန္ဓာလို့ ခေါ်ပါတယ်။ ဝေဒနာဆိုတာကတော့ အာရုံ အကောင်းအဆိုးနဲ့ တွေ့ပြီး ကိုယ်ထဲစိတ်ထဲမှာ အကောင်းအဆိုးကို ခံစားတဲ့သဘောပါဘဲ။ သညာ ဆိုတာကတော့ မြင်ရ ကြားရ တွေ့ရ သိရတဲ့အာရုံတွေကို မမေ့နိုင်အောင် မှတ်သားတဲ့သဘောပါဘဲ။ သင်္ခါရတွေဆိုတာကတော့ အမျိုးမျိုးသော ကိုယ် အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတွေကို ပြုလုပ်တတ်တဲ့ သဘောတရား တွေပါဘဲ၊ အဲဒါတွေကတော့ အာရုံကိုတွေ့တဲ့ ဖဿ၊ နှလုံးသွင်းတဲ့ မနသိကာရ၊ စေ့ဆော်တိုက်တွန်းတဲ့ စေတနာ၊ လိုချင် တပ်မက် နှစ်သက်တဲ့ လောဘ၊ ပြစ်မှား ဖျက်ဆီးချင်တဲ့ ဒေါသ၊ မလိုချင် မတပ်မက် မနှစ်သက်တဲ့ အလောဘ၊ မပြစ်မှား မဖျက်ဆီးလိုတဲ့ အဒေါသ စသည်ဖြင့် အမျိုးပေါင်း ငါးဆယ်တောင် ရှိပါတယ်၊

www.dhammaransi.com



ဒါကြောင့် သူတို့ကိုတော့ သင်္ခါရတွေလို့ ဗဟုဝုစ်နဲ့ ပြောထားပါတယ်။ စိတ် ဝိညာဏ်ဆိုတာကတော့ ဗမာစကားလို ဖြစ်နေပါပြီ၊ ထင်ရှားပါတယ်၊ မြင်သိတာ ကြားသိတာ နံသိတာ စားသိတာ ထိသိတာ ကြံသိတာ-အဲဒါတွေပါဘဲ။ အဲဒီမှာ ရုပ်ခန္ဓာကတပါး၊ နာမ်ခန္ဓာက ဝေဒနာရယ် သညာရယ် သင်္ခါရရယ် ဝိညာဏ်ရယ် ၄-ပါး ရှိတယ်၊ ပေါင်း ခန္ဓာငါးပါး ဖြစ်ပါတယ်။ ရုပ် နာမ်ဆိုတဲ့ ဝေါဟာရနဲ့ ခွဲယင်တော့ ရုပ်နဲ့ နာမ် ၂-ပါးဘဲ ဖြစ်ပါတယ်။

## မြင်ခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

အဲဒီ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ဘယ်အခါမှာ ဘယ်လို ထင်ရှား ဖြစ်နေသလဲဆိုယင် မြင်တဲ့အခါ ကြားတဲ့အခါ စသည်မှာ မြင်တဲ့အနေ ကြားတဲ့ အနေ စသည်ဖြင့် ထင်ရှားဖြစ်နေပါတယ်။ မြင်တဲ့အခါမှာ မျက်စိနှင့်တကွ တကိုယ်လုံးက ရုပ်၊ မြင်ရတဲ့အဆင်းကလဲ ရုပ်၊ မြင်သိတာက နာမ်၊ အဲဒီမြင်သိမှု ထဲမှာ မြင်လို့ ကောင်းတာ မကောင်းတာက ဝေဒနာ၊ မြင်ရတဲ့အာရုံကိုမှတ်သား တာက သညာ၊ မြင်မှုကိစ္စပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာက သင်္ခါရ၊ မြင်သိရုံမျှသဘောက ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးဘဲ၊ မြင်တိုင်း မြင် တိုင်း အဲဒီခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးမျှသာ ထင်ရှား ဖြစ်ဖြစ်သွားတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူး။ ဒါပေမဲ့ မျက်စိနှင့်တကွ ရုပ် ကိုယ်ကြီး တခုလုံးကိုလဲ ငါဘဲလို့ ထင်နေကြတယ်၊ မြင်လို့ ကောင်းတာ မကောင်းတာကိုလဲ ငါဘဲလို့ ထင်နေကြတယ်၊ မြင်ရတဲ့အာရုံ မှတ်သားတာကိုလဲ ငါဘဲလို့ ထင်နေကြတယ်၊ မြင်အောင်လို့ နှလုံးသွင်းတာ ကြောင့်ကြစိုက်တာ ကိုလဲ ငါဘဲလို့ ထင်နေကြတယ်၊ မြင်သိတာကိုလဲ ငါဘဲလို့ ထင်နေကြတယ်၊ ကိုယ့်ကိုယ်ကို မြင်ရယင် မြင်ရတာကိုလဲ ငါဘဲလို့ ထင်နေကြတယ်၊ သက်ရှိ သတ္တဝါရဲ့အဆင်းကို မြင်ရယင်လဲ အသက်ရှင်နေတဲ့အကောင်ကို မြင်ရတယ်လို့ ထင်နေကြတယ်၊ အဲဒါဟာ မြင်ခိုက်မှာ ခန္ဓာငါးပါးကို အတ္တကောင် ငါကောင် လို့ စွဲလမ်းပြီး သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ဖြစ်ပွါးနေပုံပါဘဲ။

အမေအနာအထင်တွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
အမှတ်စဉ်-ရန်ကုန်။
၂၁၄၁၃

www.dhammaransi.com



## ကြားခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

ကြားခိုက်မှာ နားနှင့်တကွ တကိုယ်လုံးက ရုပ်၊ ကြားရတဲ့အသံကလဲ ရုပ်၊ ကြားသိတာက နာမ်၊ အဲဒီ ကြားသိမှုထဲမှာ ကြားလို့ကောင်းတာ မကောင်းတာက ဝေဒနာ၊ ကြားရတဲ့အာရုံကို မှတ်သားတာက သညာ၊ ကြားမှုကိစ္စပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာက သင်္ခါရ၊ ကြားသိရုံမျှသဘောက ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးဘဲ၊ ကြားတိုင်း ကြားတိုင်း အဲဒီ ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးမျှသာ ထင်ရှား ဖြစ်ဖြစ်သွားတယ်၊ အသက်ရှင်နေတဲ့အတ္တကောင် ရယ်လို့ မရှိဘူး။ ဒါပေမဲ့ အဲဒီလို ကြားတဲ့သဘောတွေကို ငါဘဲ အသက်ရှင်နေတဲ့ အကောင်ဘဲလို့ ဒီလို ထင်မြင် စွဲလမ်းနေကြတယ်။အတ္တဒိဋ္ဌိ ဖြစ်ပွါးနေတာပါဘဲ။

## နံသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

နံသိခိုက်မှာ နှာခေါင်းနှင့်တကွ တကိုယ်လုံးက ရုပ်၊ နံသိရတဲ့ အနံ့ကလဲ ရုပ်၊ နံသိတာက နာမ်၊ အဲဒီ နံသိမှုထဲမှာ နံလို့ကောင်းတာ မကောင်းတာက ဝေဒနာ၊ နံရတဲ့အာရုံကို မှတ်သားတာက သညာ၊ နံမှုကိစ္စပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာက သင်္ခါရ၊ နံသိရုံမျှသဘောက ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးဘဲ၊ နံတိုင်း နံတိုင်း အဲဒီ ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးမျှသာ ထင်ရှား ဖြစ်ဖြစ်သွားတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူး။ ဒါပေမဲ့ အဲဒီလို နံတဲ့သဘောတွေကို ငါဘဲ အသက်ရှင်နေတဲ့အကောင်ဘဲလို့ ဒီလို ထင်မြင် စွဲလမ်းနေကြတယ်။ အတ္တဒိဋ္ဌိ ဖြစ်ပွါးနေတာပါဘဲ။

## စားသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

စားသိခိုက်မှာ လျှာနှင့်တကွ တကိုယ်လုံးက ရုပ်၊ စားသိရတဲ့ အရသာကလဲ ရုပ်၊ စားသိတာက နာမ်၊ အဲဒီ စားသိမှုထဲမှာ စားလို့ကောင်းတာ မကောင်းတာ မြိန်ရှက်တာ မမြိန်ရှက်တာက ဝေဒနာ၊ စားသိရတဲ့အာရုံကို မှတ်သားတာက သညာ၊ စားသိမှုကိစ္စပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာက သင်္ခါရ၊ စားသိရုံမျှသဘောက ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးဘဲ၊ စားသိတိုင်း စားသိတိုင်း အဲဒီ ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးမျှသာ ထင်ရှား ဖြစ်ဖြစ်သွားတယ်၊

www.dhammaransi.com



အသက်ရှင်နေတဲ့အတ္တကောင်ရယ်လို့ မရှိဘူး။ ဒါပေမဲ့ အဲဒီလို စားသိတဲ့သဘော တွေကို ငါဘဲ အသက်ရှင်နေတဲ့အကောင်ဘဲလို့ ဒီလို ထင်မြင် စွဲလမ်းနေကြ တယ်။ အတ္တဒိဋ္ဌိ ဖြစ်ပွါးနေတာပါဘဲ။

## ထိသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

ထိသိခိုက်မှာ ကာယပသာဒခေါ်တဲ့ ကိုယ်အကြည်ရုပ်နှင့်တကွ တကိုယ်လုံး က ရုပ်၊ ထိသိရတာကလဲ ရုပ်၊ ထိသိတာက နာမ်၊ အဲဒီ ထိသိမှုထဲမှာ ထိလို့ ကောင်းတာ မကောင်းတာက ဝေဒနာ၊ ညောင်းတယ် နာတယ် ပူတယ် ကိုက်ခဲ တယ် ယားတယ် စသည်ဖြင့် အခံခက်တာတွေဟူသမျှဟာ ထိလို့ မကောင်းတဲ့ ဒုက္ခဝေဒနာတွေချည်းဘဲ၊ အဲဒါတွေကတော့ အလွန်ဘဲ ထင်ရှားပါတယ်၊ တကိုယ်လုံးမှာ နေရာတကာကဘဲ ထင်ရှားပေါ်နိုင်ပါတယ်၊ ထိသိရတဲ့ အာရုံကို မှတ်သားတာက သညာ၊ ထိသိမှုကိစ္စပြီးအောင် နှလုံးသွင်းတာ ကြောင့်ကြစိုက် တာက သင်္ခါရ၊ ထိသိရုံမျှသဘောက ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးဘဲ၊ သွားတယ် ရပ်တယ် ထိုင်တယ် လျှောင်းတယ် ကွေးတယ် ဆန့်တယ် လှုပ်ရှားပြုပြင်တယ် ဖောင်းတယ် ပိန်တယ် ဆိုရတာတွေလဲ အတွေ့အထိသဘောတွေဘဲ၊ အဲဒီ ကိုယ်အမူအရာတွေကို ပြုလုပ်ရာမှာလဲ ယခုပြောခဲ့တဲ့အတိုင်း ခန္ဓာငါးပါးဘဲ၊ ဒါကြောင့် ထိသိတိုင်း လှုပ်ရှားပြုပြင်တိုင်း အဲဒီ ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးမျှ သာ ထင်ရှား ဖြစ်ဖြစ်သွားတာဘဲ၊ အသက်ရှင်နေတဲ့အတ္တကောင်ရယ်လို့ မရှိဘူး။ ဒါပေမဲ့ အဲဒီလို ထိသိတဲ့သဘောတွေ ကိုယ်လက်လှုပ်ရှား ပြုပြင်မှုတွေကို ငါဘဲ အသက်ရှင်နေတဲ့အကောင်ဘဲလို့ ဒီလို ထင်မြင် စွဲလမ်းနေကြတယ်၊ ငါ သွား တယ် ငါရပ်တယ် ငါထိုင်တယ် ငါအိပ်တယ် ငါကွေးတယ် ငါဆန့်တယ် စသည် ဖြင့် ထင်မြင် စွဲလမ်းနေကြတယ်။ အတ္တဒိဋ္ဌိ ဖြစ်ပွါးနေတာပါဘဲ။

## ကြံသိခိုက်မှာ ခန္ဓာငါးပါး ထင်ရှားပုံ

စိတ်ကူး ကြံစည်ခိုက် ကြံသိခိုက်မှာ စိတ်ကူးကြံစည်မှု၏ တည်ရာရုပ်နှင့် တကိုယ်လုံးက ရုပ် စိတ်ကူးကြံသိတာက နာမ်၊ အဲဒီ ကြံသိမှုထဲမှာ ဝမ်းသာတာ စိတ်ရွှင်လန်းချမ်းသာတာ ဝမ်းနည်းတာ စိတ်နှလုံးမသာတာတွေက ဝေဒနာ၊ စိတ်ထဲမှာ ပေါ်လာတဲ့အာရုံကို မှတ်သားတာက သညာ၊ ကိုယ်အမူအရာ နှုတ်

www.dhammaransi.com



အမူအရာ စိတ်အမူအရာတွေကို ကြံစည်ပြုလုပ်တာက သင်္ခါရ၊ သွားမှု ရပ်မှု စသည် ကွေးမှု ဆန့်မှု စသည် ပြီးစီးအောင် ကြောင့်ကြစိုက်တာလဲ သင်္ခါရဘဲ၊ ပြောဆိုအောင် ကြောင့်ကြစိုက်တာလဲ သင်္ခါရဘဲ၊ စိတ်ကူးကြံစည်မှုဖြစ်အောင် နှလုံးသွင်းတာ ကြောင့်ကြစိုက်တာလဲ သင်္ခါရဘဲ၊ ဒီ သင်္ခါရက္ခန္ဓာရဲ့ အလုပ်က အင်မတန် ကျယ်ပြန့်ပါတယ်၊ ကိုယ်အမူ နှုတ်အမူ စိတ်အမူဟူသမျှတွေကို သူက ပြုလုပ်နေတာဘဲ၊ ကြံသိရုံမျှသဘောက ဝိညာဏ်၊ အဲဒါ ခန္ဓာငါးပါးဘဲ၊ စိတ်ကူးကြံစည်တိုင်း အဲဒီ ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးမျှသာ ထင်ရှား ဖြစ်ဖြစ် သွားတယ်၊ အသက်ရှင်နေတဲ့ အတ္တကောင်ရယ်လို့ မရှိဘူး။ ဒါပေမဲ့ ဒီလို ကြံစည်စဉ်းစားတဲ့သဘောတွေကို ငါဘဲ အသက်ရှင်နေတဲ့အကောင်ဘဲလို့ ဒီလို ထင်မြင်စွဲလမ်းနေကြတယ်။ အတ္တဒိဋ္ဌိ ဖြစ်ပွါးနေတာပါဘဲ။ ဒီစိတ်ကူး ကြံစည်မှုဆိုတာကတော့ အမြဲမပြတ် ရှိနေတဲ့အတွက် အဲဒီစိတ်ကူးကြံစည်မှုနဲ့စပ်ပြီး စွဲလမ်းမှုကလဲ အမြဲမပြတ်လိုဘဲ ဖြစ်နေတတ်ပါတယ်၊ ရုပ်နာမ် သဘောတရားအကြောင်းကို မကြားဘူးတဲ့သူတွေမှာဆိုယင် ဒီအတ္တစွဲက အမြဲမပြတ်လိုဘဲ ဖြစ်နေတတ်ပါတယ်။

## ခန္ဓာငါးပါး၌ အတ္တဒိဋ္ဌိ ဖြစ်ပုံ

ယခုပြောခဲ့တဲ့အတိုင်း မြင်ခိုက်မှာ ထင်ရှားတဲ့ ခန္ဓာငါးပါးကိုလဲစွဲမှိုပြီး အတ္တဒိဋ္ဌိ ဖြစ်တယ်၊ မျက်စိနှင့်တကွ တကိုယ်လုံးဟာ ငါဘဲ အသက်ရှင်နေတဲ့ အတ္တကောင်ဘဲလို့ ဒီလိုလဲ ထင်မှတ်တယ်၊ အဲဒါဟာ ရုပ်ခန္ဓာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိဘဲ။ မြင်လို့ ကောင်းတာ မကောင်းတာကိုလဲ ငါကောင် အတ္တကောင်လို့ ထင်မှတ်တယ်၊ မြင်ရတဲ့ ပုံပန်းအခြေအနေကို မှတ်သားနိုင်တဲ့ သညာကိုလဲ ငါကောင် အတ္တကောင်လို့ ထင်မှတ်တယ်၊ မြင်အောင် ကြောင့်ကြစိုက်တာကိုလဲ ငါကောင် အတ္တကောင်လို့ ထင်မှတ်တယ်၊ မြင်သိတာကိုလဲ ငါကမြင်တယ် မြင်တာဟာ ငါဘဲလို့ ထင်မှတ်တယ်၊ အဲဒါဟာ မြင်ခိုက်မှာ ထင်ရှားတဲ့ ခန္ဓာငါးပါးကို အတ္တကောင် ငါကောင်လို့ ထင်မှတ်ပြီး အတ္တဒိဋ္ဌိ ဖြစ်ပုံပါဘဲ။

ကြားခိုက် နံခိုက် စားသိခိုက်တွေမှာလဲ နည်းတူဘဲ ထင်မှတ်ပြီး အတ္တဒိဋ္ဌိက ဖြစ်နေပါတယ်။ ထိသိခိုက်မှာတော့ ထိသိရာဌာန ရုပ်နဲ့ တကိုယ်လုံးကို

www.dhammaransi.com



အတ္တကောင် ငါကောင်လို့ ထင်မှတ်တယ်၊ ရုပ်ခန္ဓာကို အတ္တလို့စွဲလမ်းတဲ့ အတ္တဒိဋ္ဌိဘဲ။ နာကျင်ခြင်း စသည်ဖြစ်ယင်လဲ ငါနာတယ် ကျဉ်တယ် ကိုက်ခဲတယ် ယားတယ် ပူတယ် ငါအခံခက်တယ် ငါဆင်းရဲတယ်လို့ ထင်မှတ်တယ်၊ အတွေ့အထိ ကောင်းတဲ့အခါလဲ ငါကောင်းတယ်၊ တွေ့ထိပြီးကောင်းနေတာဟာ ငါဘဲလို့ ထင်မှတ်တယ်၊ ဝေဒနာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါဘဲ။ မှတ်သားတဲ့ သညာကိုလဲ ထို့အတူ ထင်မှတ် စွဲလမ်းတာဘဲ။ ထိသိမှုဖြစ်အောင် နှလုံးသွင်းမှု ကြောင့်ကြစိုက်မှု သင်္ခါရကိုလဲ ထို့အတူ ထင်မှတ်စွဲလမ်းတာဘဲ၊ ထိသိကာမျှ ဝိညာဏ်ကိုလဲ ထို့အတူ ထင်မှတ် စွဲလမ်းတာဘဲ။ ယခုပြောခဲ့တာဟာ ကြားခိုက် စသည်မှာ ထင်ရှားတဲ့ ခန္ဓာငါးပါးကို အတ္တကောင် ငါကောင်လို့ ထင်မှတ်ပြီး အတ္တဒိဋ္ဌိ ဖြစ်ပုံပါဘဲ။

စိတ်ကူး ကြံစည်ခိုက်မှာတော့ စိတ်ကူး စဉ်းစား ကြံစည်နေတာကို ငါဘဲလို့ ထင်မှတ်တယ်၊ အဲဒါဟာ စိတ်ဝိညာဏ်ကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိဘဲ၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ ဒီ စိတ်ဝိညာဏ်ကို စွဲလမ်းတဲ့ အတ္တဒိဋ္ဌိကတော့ အများအားဖြင့် ဖြစ်နေတတ်ပါတယ်၊ ကင်းခဲပါတယ်။ ဝမ်းသာတာ စိတ်ချမ်းသာတာကိုလဲ ငါဘဲလို့ ထင်မှတ်တယ်၊ စိတ်ညစ်တာ နှလုံးမသာတာကိုလဲ ငါဘဲလို့ ထင်မှတ်တယ်၊ ဝေဒနာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါဘဲ။ မှတ်မိတာ မှတ်ဉာဏ်ကောင်းတာကိုလဲ ငါဘဲလို့ ထင်မှတ်တယ်၊ သညာကို အတ္တလို့စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါဘဲ။ သွားမယ် ရပ်မယ် ထိုင်မယ် အိပ်မယ် ကွေးမယ် ဆန့်မယ် ပြောဆိုမယ် စသည်ဖြင့် ကြံစည်အားထုတ်တာကိုလဲ ငါဘဲလို့ ထင်မှတ်တယ်၊ သင်္ခါရက္ခန္ဓာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါဘဲ။ အဲဒီလို ကြံစည်တဲ့အတိုင်း သွားလာ လှုပ်ရှား ပြုပြင်နေတဲ့ ရုပ်ကိုယ်ကြီးကိုလဲ ငါဘဲလို့ ထင်မှတ်တယ်၊ ငါ သွားတယ် ရပ်တယ် ထိုင်တယ် အိပ်တယ် ကွေးတယ် ဆန့်တယ် ပြောဆိုတယ်၊ သွားတာ ရပ်တာ ထိုင်တာ အိပ်တာ ကွေးတာ ဆန့်တာ ပြောဆိုတာဟာ ငါဘဲ စသည်ဖြင့်လဲ ထင်မှတ်တယ်၊ ရုပ်ခန္ဓာကို အတ္တလို့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါဘဲ။ အဲဒါတွေဟာ စိတ်ကူးကြံစည်ခိုက်မှာ ထင်ရှားတဲ့ ခန္ဓာငါးပါးကို အတ္တကောင် ငါကောင်လို့ ထင်မှတ်ပြီး အတ္တဒိဋ္ဌိဖြစ်ပုံပါဘဲ။

www.dhammaransi.com



ယခုပြောခဲ့တဲ့အတိုင်း မြင်ခိုက် ကြားခိုက် နံခိုက် စားသိခိုက် ထိသိခိုက် ကြံသိခိုက်တွေမှာ ထင်ရှားဖြစ်ပေါ်နေတဲ့ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေကိုဘဲ အတ္တကောင် ငါကောင်အနေနဲ့ ထင်မှတ်စွဲလမ်းပြီး အတ္တဒိဋ္ဌိ ဖြစ်တတ်ပုံကို မြတ်စွာဘုရားက—

တော ဒိဋ္ဌိယော၊ ဤမှားသော အယူအမြင် ဒိဋ္ဌိတို့သည်။ ယတ္ထ စ ဥပ္ပဇ္ဇန္တိ၊ အကြင် ခန္ဓာငါးပါး၌လည်း ဖြစ်ကုန်၏။ ယတ္ထ စ အနုသေန္တိ၊ အကြင် ခန္ဓာငါးပါး၌လည်း ကိန်းကုန်၏။ ယတ္ထ စ သမုဒါစရန္တိ၊ အကြင် ခန္ဓာငါးပါး၌လည်း မပြတ်ဖြစ်ကုန်၏-လို့ ဟောထားပါတယ်။

## ကိလေသာ ကိန်းပုံ

အဲဒီမှာ မြတ်စွာဘုရားက "ဖြစ်တယ်, ကိန်းတယ်, မပြတ်ဖြစ်တယ်"လို့ ဒီလို ဝေါဟာရ ၃-မျိုးနဲ့ ဟောထားတယ်၊ ဖြစ်-ဆိုတာက မြင်ခိုက် ကြားခိုက် စသည်မှာ ထင်ရှားတဲ့ ခန္ဓာတွေကို အာရုံပြုပြီး အဲဒီ ဒိဋ္ဌိတွေ ဖြစ်ပေါ်တာကို ဆိုတာပါဘဲ။ မပြတ်ဖြစ်ဆိုတာကတော့ တကြိမ်တခါမဟုတ်ပဲ အကြိမ်ကြိမ် အထပ်ထပ် မပြတ်ဖြစ်နေတာကို ဆိုတာပါဘဲ။ ကိန်း-ဆိုတာကတော့ မြင်ခိုက် ကြားခိုက် စသည်မှာ ယောနိသော မနသိကာရ စသည်ကြောင့် အဲဒီ ဒိဋ္ဌိ မဖြစ်သေးပေမဲ့ နောင်အခါ အကြောင်းညီညွတ်ယင် ဖြစ်ဖို့ အဆင်သင့် ဖြစ်နေတာကို ဆိုတာပါဘဲ။ အဲဒါက ဘယ်လိုလဲဆိုယင် မြင်ခိုက် ကြားခိုက် စသည်မှာ ထင်ရှားပေါ်လာတဲ့ ရုပ်နာမ် ခန္ဓာတွေကို ပီပီသသ အထင်အရှား သိပြီး စွဲမှတ်ထားတဲ့ သဘောပါဘဲ၊ အဲဒီလို စွဲမှတ်ထားတဲ့ ရုပ်နာမ် ခန္ဓာတွေကို ပြန်လည် စဉ်းစားပြီးတော့ သာယာနှစ်သက်တဲ့ လောဘလဲ ဖြစ်နိုင်တယ်၊ ပြစ်မှားတဲ့ ဒေါသလဲ ဖြစ်နိုင်တယ်၊ မြဲတယ် ချမ်းသာတယ် စသည်ဖြင့် အသိမှားတဲ့ မောဟလဲ ဖြစ်နိုင်တယ်၊ ငါတတ်တယ် ငါမြတ်တယ် ငါစွမ်းတယ် စသည်ဖြင့် အထင်ကြီးတဲ့ မာနလဲ ဖြစ်နိုင်တယ်၊ အလျင်က မြင်ခဲ့တာ ကြားခဲ့တာ တွေ့ခဲ့တာ သိခဲ့တာဟာ ငါက မြင်ခဲ့ ကြားခဲ့ တွေ့ခဲ့ သိခဲ့တာဘဲ စသည်ဖြင့် အယူအမြင်မှားတဲ့ ဒိဋ္ဌိလဲ အဲဖြစ်နိုင်တယ်။ ဒီလို ဒိဋ္ဌိဖြစ်ဖို့ရာ အာရုံကို အထင်အရှား စွဲမှတ်ထားတဲ့သဘောကို ကိန်းတယ်လို့ ဆိုရတယ်။

www.dhammaransi.com



## ကိလေသာ မကိန်းအောင် ရှုပုံ

ဒါဖြင့် ကိလေသာမကိန်းအောင် ဘယ်လို လုပ်ရသလဲဆိုယင် မြင်ခိုက် ကြားခိုက် စသည်မှာ ရုပ်နာမ် ခန္ဓာသဘောမျှ, ဖြစ်ပျက်တဲ့သဘောမျှ, အနိစ္စ ဒုက္ခ အနတ္တသဘောမျှဘဲလို့ အမှန်အတိုင်းသိအောင် ရှုရတယ်။ မြင်ခိုက်မှာ ထင်ရှားပေါ်လာတာကို မြင်တယ် မြင်တယ်လို့ ရှုရတယ်၊ ကြားခိုက်မှာ ထင်ရှားပေါ်လာတာကို ကြားတယ် ကြားတယ်လို့ ရှုရတယ်၊ နံခိုက်မှာ ထင်ရှား ပေါ်လာတာကို နံတယ် နံတယ်လို့ ရှုရတယ်၊ စားသိခိုက်မှာ ထင်ရှားပေါ်လာ တာကို သိတယ် သိတယ်လို့ ရှုရတယ်၊ ထိသိခိုက်မှာ ထင်ရှားပေါ်လာတာကို ထိတယ် ထိတယ် စသည်ဖြင့် ရှုရတယ်၊ ဒီထိသိခိုက်မှာ ရှုပုံတွေကတော့ များ ပါတယ်၊ သွားတယ် ရပ်တယ် ထိုင်တယ် အိပ်တယ် ကွေးတယ် ဆန့်တယ် ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုတာတွေလဲ ဒီထိသိမှုကို ရှုတာဘဲ၊ နာတယ် ကျဉ်တယ် ကိုက်ခဲတယ် ယားတယ် ပူတယ် အေးတယ် မောတယ်စသည်ဖြင့် ရှုတာတွေလဲ ဒီထိသိမှုနှင့် ဆိုင်တာဘဲ။ နောက်ပြီးတော့ ကြံသိခိုက်မှာ ထင်ရှား ပေါ်လာတာကို ကြံတယ် သိတယ် စိတ်ကူးတယ် စဉ်းစားတယ် စသည်ဖြင့် ရှုရတယ်၊ ဒီကြံသိခိုက်မှာလဲ ရှုပုံတွေက များပါတယ်၊ သာယာတယ် နှစ်သက် တယ် လိုချင်တယ် စိတ်ဆိုးတယ် စိတ်ညစ်တယ် ဝမ်းနည်းတယ် ဝမ်းသာတယ် စိတ်ထွက်တယ် စသည်ဖြင့် စိတ်အမူအရာတွေကို ရှုတာတွေလဲ ဒီ ကြံသိမှုနှင့် ဆိုင်တာဘဲ။ ယခုပြောခဲ့တာလောက်ဆိုယင် အခြေခံရှုပုံကတော့ ပြည့်စုံပါပြီ။

ဒါပေမဲ့ စပြီး ရှုခါစပုဂ္ဂိုလ်ကတော့ မြင်မှု ကြားမှု စသည်တွေကို အကုန် လိုက်ပြီး မရှုနိုင်သေးဘူး၊ အကုန်လိုက်ပြီး ရှုနေယင်လဲ သမာဓိမဖြစ်နိုင်ဘူး။ ဒါကြောင့် နဲနဲကစပြီး ရှုရတယ်၊ ထိုင်နေတဲ့အခါဆိုယင် ထိုင်တယ် ထိုင်တယ်လို့ ထိုင်တာ တမျိုးတည်းကလဲ စပြီး ရှုနိုင်တယ်၊ ထိုင်တယ် ထိတယ် ထိုင်တယ် ထိတယ်လို့ ထိုင်ဟာနဲ့ ထိတာ ဒီ ၂-မျိုးကလဲ စပြီး ရှုနိုင်တယ်၊ အာနာပါနကို ကြိုက်ယင် နှာသီးဝမှာ ထိသိရာက စောင့်ပြီး ဝင်တယ် ထွက်တယ် ဝင်တယ် ထွက်တယ်လို့ ဒီလိုလဲ ရှုနိုင်ပါတယ်။ ဘုန်းကြီးတို့က အကောင်းဆုံး အနေနဲ့ ညွှန်ပြနေတာကတော့ ဝမ်းဗိုက်ထဲက တောင့်တင်းလှုပ်ရှားနေတဲ့ ဝါယောဓာတ် ပါဘဲ၊ အဲဒါကို ဖောင်းတက်လာတိုင်း ပိန်ကျသွားတိုင်း ခေါ်ဝေါ် နေကျအမည်နဲ့

www.dhammaransi.com



ဖောင်းတယ် ပိန်တယ် ဖောင်းတယ် ပိန်တယ်လို့ အခြေခံအနေဖြင့် ရှုမှတ်ဖို့ ဘုန်းကြီးတို့က ညွှန်ပြနေပါတယ်။ ဒါပေမဲ့ အဲဒီ ဖောင်းတာ ပိန်တာ ၂-ခုထည်း တော့လဲ မဟုတ်ပါဘူး၊ အဲဒီလို ဖောင်းတာ ပိန်တာကို မပြတ် ရှုမှတ်နေရင်းထဲ က စိတ်ကူးကြံစည်မှုတွေ ဖြစ်ပေါ်လာယင် အဲဒါတွေကိုလဲ မှတ်ရတယ်၊ နာကျင်တာ အခံခက်တာတွေဖြစ်ပေါ်လာယင် အဲဒီ ဒုက္ခဝေဒနာတွေကိုလဲ မှတ်ရတယ်၊ ကွေးမှု ဆန့်မှု လှုပ်ရှားပြုပြင်မှုတွေပေါ်လာယင် အဲဒါတွေကိုလဲ မှတ်ရတယ်၊ အတိုချုပ်အားဖြင့်တော့ စိတ်အမူအရာတွေ ဝေဒနာတွေ ကိုယ်အမူအရာတွေကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီး မှတ်ရတယ်၊ ဘာမှ မှတ်စရာ အထူးမရှိတဲ့အခါကျတော့ ဝမ်းဗိုက်က ဖောင်းတာ ပိန်တာကိုဘဲ ရှုမှတ်နေရတယ်။ ဒါကလဲ အချိုးမကျသေးခင် ရှုမှတ်ခါစအတွက် ညွှန်ကြားချက်ပါဘဲ၊ အချိုးကျလို့ သတိ သမာဓိ အသိဉာဏ်က အားကောင်းလာတဲ့အခါကျတော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း ပေါ်ရာပေါ်ရာကို အကုန်လုံး လိုက်ပြီး ရှုမှတ်ရပါတယ်၊ ရှုလဲ ရှုမှတ်နိုင်ပါတယ်။

အဲဒီလို ရှုမှတ်လို့ ကောင်းကောင်း ရှုမှတ်နိုင်တဲ့အခါကျတော့ မြင်ရာ ကြားရာ စသည်မှာ မြင်ရုံမျှ ကြားရုံမျှ စသည်လောက်ပဲ ထင်ရှားတယ်၊ မြဲတဲ့အနေလဲ မထင်ဘူး၊ နှစ်သက်ဖွယ် မုန်းဖွယ်လဲ မထင်ဘူး၊ ငါကောင် သတ္တဝါကောင် အနေလဲ မထင်ဘူး၊ ပဌမအစမှာတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း ကြံသိတိုင်းမှာ သိစရာ ရုပ်သဘောနဲ့ သိတဲ့ နာမ်သဘောမျှကိုသာ တွေ့ရတယ်၊ သူ့ထက် သမာဓိဉာဏ် ရင့်လာတဲ့အခါမှာ အကြောင်းနဲ့ အကျိုးမျှကိုသာ တွေ့ရတယ်၊ အဲဒါထက် သမာဓိဉာဏ် အားကောင်းလာတဲ့အခါမှာ ခဏမစဲ အသစ် အသစ် ဖြစ်ပျက်နေတာကိုချည်း တွေ့ရတယ်၊ ပေါ်လာသမျှ မြင်မှု ကြားမှု စသည်တွေလဲ ဖြစ်ဖြစ်ပြီး တခဏချင်း ပျက်ပျက် သွားတာကိုသာ တွေ့ရတယ်၊ ရှုမှတ်နေတာကလဲ သိသိပြီး တခဏချင်း ပျက်ပျက်သွားတယ်လို့ဘဲ ထင်ရှားတွေ့ရတယ်။

## ငါ့ဥစ္စာမဟုတ် စသည်ဖြင့် သိမြင်ပုံ

အဲဒီလိုအခါမှာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ပေါ်လာသမျှ ရုပ်နာမ်ခန္ဓာတွေကို ဖြစ်ပေါ်လာပြီး ပျောက်ပျောက်

www.dhammaransi.com



သွားလို့ မမြဲဘူးလို့လဲ ထင်ရှား သိရတယ်၊ အဲဒီလို မမြဲဘူး မမြဲဘူးလို့ သိတိုင်း သိတိုင်း “ငါဘဲ, ငါတတ်တယ်, ငါမြတ်တယ်, ငါစွမ်းတယ်”လို့ အထင်ကြီးတဲ့ မာန်မာန မဖြစ်နိုင်တော့ဘူး၊ ဥပမာ စောစောက ဘယ်လို မာနကြီးနေပေမယ်လို့ ယခုချက်ခြင်း သေရတော့မယ်ဆိုယင် အဲဒီမာနဟာ မဖြစ်နိုင်တော့သလိုပါဘဲ။ ဒါကြောင့် ရှုတိုင်း မှတ်တိုင်း အလွန် လျင်မြန်စွာ ဖြစ်ပျက်သွားတာတွေကိုချည်း ထင်ရှားတွေ့နေရလို့ မမြဲဘူး မမြဲဘူးလို့ သိတိုင်း သိတိုင်းဟာ “နေသောဟမသ္မိ–ဤအရာသည် ငါမဟုတ်”လို့ ရှုနေသည် မည်ပါတယ်၊ “ငါမဟုတ်ဘူး, ငါမဟုတ်ဘူး”လို့ ဒီလိုလဲ ဆင်ခြင်မိတတ်ပါတယ်။ နောက်ပြီးတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း “ဖြစ်လိုက်ပျက်လိုက်နဲ့ နှစ်သက်စရာ အားကိုးစရာဘာမျှမရှိဘူး၊ ဆင်းရဲတွေ မကောင်းတာတွေချည်းဘဲ”လို့ ဒီလိုလဲ ထင်ရှား သိသိသွားတယ်။ အဲဒီလိုသိတော့ သာယာနှစ်သက်ပြီး ငါ့ဥစ္စာအနေနဲ့ သိမ်းပိုက်စရာရယ်လို့ မထင်တော့ဘူး၊ ဒါကြောင့် ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲချည်းဘဲလို့ သိတိုင်း သိတိုင်း“နေတံ မမ–ဤအရာသည် ငါ့ဥစ္စာမဟုတ်”လို့ ရှုနေသည် မည်ပါတယ်၊ “ငါ့ဟာမဟုတ်, ငါ့ဟာမဟုတ်”လို့ ဒီလိုလဲ ဆင်ခြင်မိတတ်ပါတယ်။ နောက်ပြီးတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ကိုယ့်အလိုအတိုင်း မဖြစ်ပဲ သူ့သဘောအတိုင်းသာ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကိုချည်း တွေ့နေရတဲ့ အတွက် အစိုးမရတဲ့ အတ္တကောင်မဟုတ်တဲ့ အနတ္တသဘောတရားမျှချည်းဘဲလို့လဲ သိမြင်သဘောကျကျသွားတယ်၊ အဲဒီလို သိမြင်သဘောကျကျသွားတာဟာ “န မေသော အတ္တာ–ဤအရာသည် ငါ၏ အတ္တမဟုတ်ဘူး”လို့ သိသိသွားတာပါဘဲ။ ဒီနေရာမှာ ဒီအနတ္တအသိက အရေးအကြီးဆုံးပါဘဲ။ အဲဒီလိုမြင်ခိုက်ကြားခိုက် စသည်မှာ ပေါ်လာသမျှ ရုပ်နာမ်ခန္ဓာတွေကို မမြဲတာတွေချည်းဘဲ၊ ဆင်းရဲတွေချည်းဘဲ၊ အတ္တကောင်မဟုတ်တဲ့ သဘောတရားမျှတွေချည်းဘဲ–လို့ ရှုမှတ်ပြီး သိတိုင်း သိတိုင်း အဲဒီရုပ်နာမ် ခန္ဓာတွေမှာ ငါကောင် သတ္တဝါကောင် အနေနဲ့ ထင်မှတ်တဲ့ အတ္တဒိဋ္ဌိက မကိန်းဘူး၊ တနည်းအားဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်လို့ သိမြင်သဘောကျကျသွားယင် အဲဒီရှုမိတဲ့ ရုပ်နာမ်ခန္ဓာတွေမှာ အတ္တဒိဋ္ဌိက မကိန်းဘူး၊ ဒါကြောင့် အဲဒီလိုရှုမှတ်မိတဲ့ ရုပ်နာမ်ခန္ဓာတွေနဲ့ စပ်ပြီး ပြန်လည်စဉ်းစားသောအားဖြင့် ငါမြင်တယ်၊ မြင်တာဟာ ငါဘဲ စသည်ဖြင့် အယူအမြင်မှားတဲ့ အတ္တဒိဋ္ဌိဟာ

www.dhammaransi.com



မဖြစ်နိုင်ဘူး။ အဲဒါဟာ ဝိပဿနာဖြင့် ရှုမိတိုင်း ရှုမိတိုင်းသော ရုပ်နာမ်ခန္ဓာတွေမှာ တဒင်္ဂပဟာန်ဖြင့် အတ္တဒိဋ္ဌိကို ပယ်နေတာပါဘဲ။

ဒါပေမဲ့ ဒီလို ဝိပဿနာရှုပြီး တဒင်္ဂပဟာန်ဖြင့် ပယ်ရုံနဲ့တော့ ဒီအတ္တဒိဋ္ဌိက လုံးဝမကင်းသေးဘူး၊ မရှုမိတဲ့ ရုပ်နာမ်ခန္ဓာတွေမှာ ဒီအတ္တဒိဋ္ဌိက အခွင့်သင့်တိုင်း ဖြစ်ဖြစ်နေဦးမှာဘဲ။ အဲဒီ ဝိပဿနာဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို သိမြင် သိမြင်ပြီး အဖြစ်အပျက် ၂-ပါးလုံးကို မြင်နေရာက အပျက်သက်သက်ကိုမြင်တဲ့ ဘင်္ဂဉာဏ်ဖြစ်လာတယ်၊ အဲဒီအခါမှာ မှတ်တိုင်း မှတ်တိုင်း မှတ်သိရတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော ပျောက်ပျောက်သွားတာကိုသာ တွေ့နေရတယ်၊ ဒါကြောင့် ပေါ်လာတဲ့အာရုံကိုလဲ မြဲတယ် ကောင်းတယ် အတ္တ ကောင်ဘဲလို့ စွဲလမ်းစရာမရှိဘူး၊ မှတ်သိနေတဲ့ စိတ်ကိုလဲ စွဲလမ်းစရာမရှိဘူး၊ အတွင်းအပြင် အကုန်လုံး အနိစ္စ ဒုက္ခ အနတ္တသဘောချည်းဘဲ ဆိုတာ ရှင်းရှင်းလင်းလင်း သိရတယ်၊ အဲဒီဘင်္ဂဉာဏ်က ရင့်ပြန်တော့ ကြောက်ဖွယ်ထင်တဲ့ ဘယဉာဏ်ဆိုတာ ဖြစ်တယ်၊ အဲဒီလို ကြောက်ဖွယ်ထင်တော့ အပြစ်မြင်တဲ့ အာဒီနဝဉာဏ် ဖြစ်လာတယ်၊ အပြစ်မြင်တော့ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ် ဖြစ်လာတယ်၊ ငြီးငွေ့တော့ အဲဒီ အနိစ္စ ဒုက္ခ အနတ္တသဘောမျှဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေကို စွန့်လွှတ်လိုတဲ့ မုဉ္စိတုကမျတာဉာဏ် ဖြစ်လာတယ်၊ စွန့်လွှတ်ချင်တော့ စွန့်လွှတ်နိုင်အောင် တဖန်ကြိုးစားပြီးရှုတဲ့ ပဋိသင်္ခါဉာဏ် ဖြစ်လာတယ်၊ တဖန်ကြိုးစားပြီးရှုတော့ အဲဒီ ရုပ်နာမ်ခန္ဓာဆိုတဲ့ သင်္ခါရတွေကို လျစ်လျူရှုတဲ့ သင်္ခါရုပေက္ခာဉာဏ် ဖြစ်လာတယ်၊ အဲဒီသင်္ခါရုပေက္ခာဉာဏ်က ရင့်သန်ပြည့်စုံတဲ့ အခါမှာ ခဏမစဲပျက်နေတဲ့ ရုပ်နာမ်ခန္ဓာတွေကို ရှုနေရင်းထဲက ရုပ်နာမ်သင်္ခါရတွေ လုံးဝချုပ်ငြိမ်းတဲ့ နိဗ္ဗာန်အငြိမ်းဓာတ်ကို သိမြင်တဲ့ သောတာပတ္တိမဂ်ဉာဏ်ဆိုတာ ဖြစ်ပေါ်လာတယ်၊ အဲဒီ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ယင် ရုပ်နာမ်ခန္ဓာတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ သိမြင်မှုဟာ အတ္တဒိဋ္ဌိကို ပယ်နိုင်လောက်အောင် ပြည့်စုံသွားတယ်၊ ဒီသလ္လေခသုတ်အရ ပြောရယင်တော့ "ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ၏ အတ္တမဟုတ်"လို့ သိမြင်မှုဟာ အတ္တဒိဋ္ဌိကို ပယ်နိုင်လောက်အောင် လုံးဝပြည့်စုံသွားတယ်၊ ဒါကြောင့် အဲဒီ နိဗ္ဗာန်ကို တွေ့မြင်ပြီးသည်မှ နောက်ကာလမှာ ရုပ်နာမ်ခန္ဓာတွေကို အသက်ရှင်နေတဲ့

အတ္တကောင်အနေနဲ့ ထင်မှတ်စွဲလမ်းမှုဟာ မဖြစ်နိုင်တော့ဘူး၊ လုံးဝ ကင်းသွားတယ်။ အဲဒီလိုကင်းသွားပုံကို ရည်ပြီးတော့ မြတ်စွာဘုရားက ဒီလိုဖြေရှင်း ဟောကြားတော်မူပါတယ်။

## ဒိဋ္ဌိကို ပယ်နိုင်အောင် ရှုပုံရှုနည်း

တံ၊ ထို ဒိဋ္ဌိတို့၏ ဖြစ်ရာ ကိန်းရာ မပြတ်ဖြစ်ရာ အသိုက်အအုံ ဘုံ အာရုံ ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားကို။ နေတံ မမ-န ဧတံ မမ၊ ဤသည်ကား ငါ့ဥစ္စာ မဟုတ်–ငါ့ဥစ္စာအနေဖြင့် သာယာသိမ်းပိုက်သင့်သောအရာ မဟုတ် ဟူ၍ရှင်း။ နေသောဟမသ္မိ–န ဧသော အဟံ အသ္မိ၊ ဤသည်ကား ငါမဟုတ်– ငါဘဲဟု အထင်ကြီးစရာ မာန်တက်စရာမဟုတ်ဟူ၍ရှင်း။ န မေသော အတ္တာတိ– န မေ ဧသော အတ္တာတိ၊ ဤသည်ကား ငါ၏ အတ္တကောင်အထည်ကိုယ်မဟုတ်– အနတ္တသဘောတရားမျှသာဟူ၍ရှင်း။ ဧဝံ၊ ဤသို့။ ဧတံ၊ ဤသဘောကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မှန်စွာသိသော ဝိပဿနာပညာ မဂ်ပညာဖြင့်။ ပဿတော၊ ရှုမြင်သောပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့ ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်ဟု ရှုမြင်ခြင်းဖြင့်။ ဝါ၊ ဤသို့ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်ခြင်းဖြင့်။ ဧတာသံ ဒိဋ္ဌီနံ၊ ဤဆိုခဲ့သော အယူမှား အမြင်မှား ဒိဋ္ဌိတို့ကို။ ပဟာနံ ဟောတိ၊ ပယ်ခြင်းဖြစ်ပါတယ်တဲ့။

အဲဒီမှာ ရုပ်နာမ်ခန္ဓာတရားတွေကို နေတံ မမ-ငါ့ဥစ္စာမဟုတ်ဘူး-ငါ့ဥစ္စာ အနေနဲ့ သာယာသိမ်းပိုက်စရာ ကောင်းတဲ့တရား မဟုတ်ဘူး-လို့ ရှုရမယ် သိမြင်ရမယ်တဲ့။ အဲဒါဟာ စာသိအနေနဲ့တော့ မခက်လှပါဘူး၊ ကြားနာရုံနဲ့လဲ သိနိုင်ပါတယ်၊ ကျက်မှတ်ထားရုံနဲ့လဲ သိနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒါက ကိုယ်တိုင်သိ မဟုတ်ဘူး၊ တဆင့်ကြားလို့ သိရတဲ့ သုတသိမျှသာ ရှိသေးတယ်၊ အဲဒီသုတသိ လောက်နဲ့တော့ ကိလေသာကို မပယ်နိုင်သေးဘူး။ ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေမှာ ငါ့ဥစ္စာ မဟုတ်ဘူး-ငါ့ဥစ္စာအနေနဲ့ မသာယာ မသိမ်းပိုက်သင့်ဘူး- လို့ ဒီလိုဆင်ခြင်ကြည့်တဲ့ စိန္တာသိလောက်နဲ့လဲ ကိလေသာကို မပယ်နိုင်သေးဘူး။ ခုနက ပြောခဲ့တဲ့အတိုင်း ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ဒလစပ် ရှုမှတ်ပြီးသိမြင်တဲ့ ဘာဝနာသိ ကိုယ်တိုင်သိနဲ့မှ ကိလေသာကို ပယ်နိုင်ပါတယ်။

www.dhammaransi.com



ဒါကြောင့် အဲဒီလို ဒလစပ် မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ ခုနကပြောခဲ့တဲ့ အတိုင်း ဝိပဿနာဉာဏ် ကောင်းကောင်းဖြစ်ပေါ်လာတဲ့အခါမှာ ဖြစ်ပေါ်လာသမျှတွေဟာ ချက်ခြင်း ချက်ခြင်း ပျောက်ပျက်သွားတာကိုချည်း တွေ့ရတယ်၊ အဲဒီလို တွေ့ရတဲ့အခါမှာ ဖြစ်ပြီးပျက်သွားတဲ့တရားတွေချည်းဘဲ၊ မမြဲတဲ့ တရားတွေချည်းဘဲ၊ မမြဲလို့ အားကိုးစရာမရှိတဲ့ တရားတွေချည်းဘဲ၊ ကြောက်စရာ တရားတွေချည်းဘဲ၊ ဆင်းရဲတွေချည်းဘဲလို့ ဒီလို ကိုယ်တွေ့ ဉာဏ်တွေ့ သဘောကျပြီး သိမြင်ရတယ်၊ အဲဒီလို သိရတော့ ကိုယ်တွင်းမှာရော ကိုယ်ပမှာရော ဘယ်ဟာမှ ငါ့ဥစ္စာအနေနဲ့ သာယာစရာ သိမ်းပိုက်စရာ မရှိဘူးဆိုတာကို ကောင်းကောင်းသဘောပေါက်ပြီး သိရတဲ့အတွက် သာယာမှု-တဏှာ ကင်းသွားနိုင်ပါတယ်။

နောက်ပြီးတော့ အဲဒီလို ခဏမစဲ မပြတ်ဖြစ်ပျက်နေတာကိုချည်း တွေ့ပြီး မမြဲဘူးဆိုတာကို သိရတဲ့အတွက် "မြင်တာဟာ ငါဘဲ, ကြားတာဟာ ငါဘဲ, သိတာဟာ ငါဘဲ, ပြုလုပ်တာဟာ ငါဘဲ၊ ငါတတ်တယ်, ငါမြတ်တယ်, ငါသိတယ်"-စသည်ဖြင့် အထင်ကြီးတဲ့ မာနလဲ ကင်းသွားနိုင်ပါတယ်။ ယခုလူတွေမှာ အထင်ကြီးတဲ့ မာနဖြစ်နေတာဟာ မမြဲဘူးဆိုတာကို ပိုင်ပိုင်နိုင်နိုင် မသိသေးလို့ပါဘဲ။ ပကတိလူတွေမှာ ဖြစ်တိုင်း ပျက်တိုင်းသော ရုပ်နာမ်တွေကို မရှုနိုင် မသိနိုင်ကြတဲ့အတွက် ရုပ်ကိုယ်ကြီးကလဲ တသက်လုံး တည်မြဲတည်နေတယ်လို့ ထင်နေကြတယ်၊ စိတ်ကလဲ တည်မြဲတည်နေတယ်လို့ ထင်နေကြတယ်၊ ကိုယ်ရော စိတ်ရော ငယ်ငယ်ကတည်းက ယခုထက်တိုင် တည်မြဲတည်နေတယ်လို့ ထင်နေတယ်၊ အလျင်က မြင်တာ ကြားတာ သိတာနဲ့ ယခု မြင်တာ ကြားတာ သိတာ ဟာ တယောက်ထဲဘဲ၊ နောင်လဲ တည်မြဲတည်နေဦးမှာဘဲလို့ ထင်နေကြတယ်။ အဲဒီလို တည်မြဲတည်နေတယ်၊ တည်နေဦးမယ်လို့ ထင်နေကြတဲ့အတွက် မာန်မာန တက်ကြွပြီး ထောင်လွှားနေကြတာဘဲ။ ဖြစ်ခိုက် ရုပ်နာမ်တွေကို ဖြစ်တိုင်း ပျက်တိုင်း ရှုမှတ်လို့ ခဏမစဲ ပျက်ပျက်သွားတာကိုချည်း တွေ့နေတဲ့ ယောဂီမှာတော့ ငါဘဲဆိုပြီး မာန်တက်စရာ ဘာမျှမရှိတော့ဘူး၊ နေသောဟာ-မသ္မိ-ငါ မဟုတ်ဘူး – ငါအနေနဲ့ မာန်တက်စရာမရှိဘူးဆိုတာကို ကိုယ်ပိုင်ဉာဏ်နဲ့ ရှုမှတ်နေရင်း ကောင်းကောင်းသဘောကျကျသွားပါတယ်။ တချို့က ထုတ်ပြီး

www.dhammaransi.com



တော့တောင် ပြောတတ်ကြပါသေးတယ်–ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ၂-ပါးမျှ ရှိတာဘဲ၊ မင်း, မင်းကတော်စသည်ဖြင့် အလကား ဂုဏ်ယူနေကြတာဘဲ စသည်ဖြင့် ပြောတတ်ကြပါတယ်။

နောက်ပြီးတော့ အဲဒီလို ခဏမစဲ ပျက်ပျက်သွားတာကိုချည်း တွေ့နေရတဲ့ ယောဂီမှာ အသက်ရှင်နေတဲ့ အတ္တကောင်ရယ်လို့ ထင်မှတ်စရာလဲ မရှိတော့ဘူး။ မြင်တာကလဲ မြင်ပြီးပျောက်သွားတာဘဲ၊ ကြားတာကလဲ ကြားပြီးပျောက်သွားတာဘဲ၊ ထိတာကလဲ ထိပြီးပျောက်သွားတာဘဲ၊ ကွေးတာ ဆန့်တာ လှုပ်ရှားတာတွေကလဲ ကွေးရင်း ဆန့်ရင်း လှုပ်ရှားရင်း တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာဘဲ၊ တနေရာက တနေရာကိုတောင် မရောက်ဘူး၊ အင်မတန် အပျောက်မြန်ပါတယ်၊ ကြံသိတာကလဲ ချက်ခြင်း ပျောက်ပျောက်သွားတာဘဲ။ အဲဒီမှာ မှတ်သိတာကလဲ သိပြီးပျောက် သိပြီးပျောက်နဲ့ ပျောက်သွားတာချည်းဘဲ၊ သိစရာအာရုံရော သိတဲ့စိတ်ရော အတွဲလိုက် အတွဲလိုက် တစုံ တစုံ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်။ ဒီတော့ တသက်လုံး အသက်ရှင်နေတဲ့ ငါကောင် အတ္တကောင်ရယ်လို့ ထင်မှတ်စရာ ဘယ်ရှိတော့မလဲ၊ ခဏမစဲ တရိပ်ရိပ်နဲ့ ပျောက်ပျက်နေတဲ့ သဘောတရားမျှဘဲ ရှိတယ်လို့ သိမြင်သဘောကျနေပါတယ်။ အဲဒါဟာ န မေသော အတ္တာ–ပျက်ပျက်သွားတာဟူသမျှဟာ ငါ၏အတ္တ မဟုတ်–အနတ္တသဘောတရားမျှချည်းဘဲလို့ သိမြင်နေတဲ့ဉာဏ်ပါဘဲ။

တကယ်သိအောင် မရှုနိုင်ကြလို့သာ အသက်ရှင်နေတဲ့အကောင် ရှိသလိုလို ထင်နေကြတာပါ၊ မပြတ်ရှုမှတ်လို့ အစဉ်အတိုင်း အသိဉာဏ်ရင့်ကျက်လာတဲ့ အခါကျတော့ ပေါ်လာသမျှဟာ ရှုမှတ်လိုက်ယင် ချက်ခြင်းပျောက်သွားတာ ချည်းဘဲ၊ စိတ်ကလေးဆိုပါတော့၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် မှတ်နေရင်း စိတ်ကလေးက အပြင်ထွက်သွားတယ်ဆိုယင် ချက်ခြင်းဘဲ မှတ်သိနိုင်တယ်၊ အဲဒီလို မှတ်သိလိုက်တော့ ချက်ခြင်းဘဲ ပျောက်သွားတယ်၊ သူက မရှိတော့ဘူး၊ အဲဒီစိတ်ကူးဟာ အစကလဲ မရှိဘူး၊ မှတ်သိပြီးတော့လဲ မရှိဘူး၊ ပျောက်သွားတယ်၊ အဲဒါဟာ အမြဲတမ်း အသက်ရှင်နေတဲ့အကောင် ဟုတ်နိုင်ပါ့မလား၊ ယောကျ်ား, မိန်းမလို့ ဆိုနိုင်ပါ့မလား၊ ဘာမှ မဟုတ်ဘူး၊ သူ့သဘောအတိုင်း ဖြစ်ပေါ်လာပြီး ပျောက်သွားတဲ့ သဘောတရားမျှသာ

www.dhammaransi.com



ဟုတ်တယ်၊ အဲ့ဒါကို အနတ္တ–အတ္တမဟုတ်–သဘောတရားမျှလို့ ဆိုရတာဘဲ။ နောက်တခုကတော့ ဖောင်းတယ် ပိန်တယ်စသည်ဖြင့် မပြတ်ရှုမှတ်နေတုန်း တနေရာရာက ပူလာတယ် ဆိုပါတော့–အဲ့ဒါကို ပူတယ် ပူတယ်လို့ စူးစိုက်ပြီး ရှုမှတ်ရတယ်၊ အဲဒီလို မှတ်တိုင်းမှတ်တိုင်း ပူတဲ့သဘောကလေးဟာ အခိုးအငွေ့ များ ထွက်ထွက်သွားသလို ဟာကနဲ ဟာကနဲ ပျောက်ပျောက်သွားတယ်၊ ပကတိလူများမှာလို ကြာရှည်စွာ တဆက်တည်း ပူမနေဘူး၊ မှတ်တိုင်း မှတ်တိုင်း တပူချင်း တပူချင်း ပျောက်ပျောက်သွားတယ်၊ မှတ်သိတဲ့စိတ်ကလဲ သိရင်း ပျောက်ရင်း သိရင်း ပျောက်ရင်းနဲ့ ပူတာနဲ့အတူတူ အတွဲလိုက် အတွဲလိုက် ပျောက်ပျောက်သွားတယ်၊ အဲဒီလို ပူတာရော မှတ်သိတာရော အတွဲလိုက် အတွဲလိုက် ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတော့ အသက်ရှင်နေတဲ့ အတ္တကောင်လို့ စွဲလမ်းစရာမရှိတော့ဘူး၊ ပူလိုက် ပျောက်လိုက် ပူလိုက် ပျောက်လိုက်နဲ့ ပျောက်ပျောက်သွားတာဟာ အသက်ရှင်နေတဲ့ အကောင် ဟုတ်နိုင်ပါ့မလား၊ ယောကျ်ားဘဲ မိန်းမဘဲလို့ကော ဆိုသင့်ပါ့မလား၊ သိသိပြီး ပျောက်ပျောက်သွားတဲ့ မှတ်သိမှုကကော အသက်ရှင်နေတဲ့အကောင် ဟုတ်နိုင် ပါ့မလား၊ ယောကျ်ားဘဲ မိန်းမဘဲလို့ကော ဆိုနိုင်ပါ့မလား။ အသက်ရှင်နေတဲ့ အကောင်လို့လဲ မဆိုနိုင်ဘူး၊ ယောကျ်ား မိန်းမလို့လဲ မဆိုနိုင်ဘူး၊ သူ့ဟာသူ ဖြစ်ပျက်နေတဲ့ သဘောတရားမျှသာ ဖြစ်တယ်၊ အဲဒီလို သိမြင်သဘောကျတာ ဟာ အနတ္တဝိပဿနာဉာဏ်အစစ်ပါဘဲ။

တချို့ဝိပဿနာလုပ်ငန်းစဉ်တွေမှာ တဖွားဖွားနဲ့ ဖြစ်ပျက်နေတာကို တွေ့ရ တယ်လို့တော့ ဆိုပါတယ်၊ ဒါပေမဲ့ အဲဒီလို ရှုသိနေတဲ့စိတ်ရဲ့ အဖြစ်အပျက်ကိုတော့ ထင်ရှားမသိကြရဘူးတဲ့။ အဲဒီလိုဆိုယင် ရှုသိနေတဲ့စိတ်ကို အသက်ရှင်နေတဲ့ ငါကောင်လို့ စွဲလမ်းမှု မကင်းသေးပေဘူး၊ငါက ရှုသိနေတယ်လို့ ထင်မှတ်စွဲလမ်းမှု ရှိနေဦးမှာဘဲ။ ဘုန်းကြီးတို့ ညွှန်ပြနေတဲ့ သတိပဋ္ဌာန်နည်းအရ ဒွါရ ၆-ပါးက ပေါ်လာသမျှရုပ်နာမ်တွေကို မပြတ်ရှုမှတ်နေကြတဲ့ ယောဂီတွေမှာတော့ ပေါ် လာသမျှအာရုံတွေ ခဏမစဲ ပျက်ပျက်သွားတာကိုလဲ ထင်ရှားတွေ့ရတယ်၊ မှတ်သိ နေတဲ့စိတ်ကလေး သိသိပြီး ပျောက်ပျောက်သွားတာကိုလဲ ထင်ရှားတွေ့ရတယ်။ ဒါကြောင့် ပေါ်လာသမျှအာရုံတွေလဲ သူ့သဘောအတိုင်း ခဏမစဲ ဖြစ်ပျက်

www.dhammaransi.com



နေတဲ့ သဘောတရားတွေချည်းဘဲ၊ ရှုသိနေတဲ့စိတ်လဲ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားဘဲလို့ ပိုင်ပိုင်နိုင်နိုင်ကြီး သိသိသွားတယ်၊ အဲဒါ ဟာ နေသောဟမသ္မိ-ငါ၏ အတ္တမဟုတ်-အနတ္တသဘောတရားမျှဘဲလို့ ရှုမြင်တာပါဘဲ။ အဲဒီလို ရှုမြင်ပြီးတော့ ရှေ့နားက ပြောခဲ့တဲ့အတိုင်း ဝိပဿနာ ဉာဏ်တွေ အစဉ်အတိုင်း တက်ပြီး သောတာပတ္တိမဂ်ဉာဏ်ဖြင့် ရုပ်နာမ်သင်္ခါရတွေ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မြင်ရမယ်၊ အဲဒီလိုမြင်မှ အတ္တဝါဒ လောကဝါဒတွေနဲ့ စပ်တဲ့ အမြင်မှား အယူမှားဒိဋ္ဌိတွေ လုံးဝကင်းသွားတယ်။ ဒါကြောင့် မြတ်စွာ ဘုရားက——

**တေ**၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားသဘောကို။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာ။ သမ္မပ္ပညာယ၊ ဝိပဿနာပညာ မဂ်ပညာဖြင့်။ ပဿတော၊ ရှုမြင်သော ပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့ ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်ဟု ရှုမြင်ခြင်း ဖြင့်။ ဝါ၊ ဤသို့ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်ခြင်းဖြင့်။ တေသံ ဒိဋ္ဌီနံ၊ အတ္တ ဝါဒနှင့် လောကဝါဒနှင့် စပ်ဆိုင်သော ဤအမြင်မှား အယူမှား ဒိဋ္ဌိတို့ကို။ ပဟာနံ ဟောတိ၊ ပယ်ခြင်းဖြစ်ပေသည်။ ပဋိနိဿဂ္ဂေါ ဟောတိ၊ လုံးဝ စွန့်ခြင်းဖြစ်ပေသည်-လို့ ဟောတော်မူပါတယ်။

အဲဒီမှာ အတိုချုပ်ကတော့ ဒွါရ ၆-ပါးက ထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်နာမ် ခန္ဓာတွေကို ရှုမှတ်ပြီး ခဏမစဲ ဖြစ်ပျက်နေတာကို သိမြင်ရမယ်၊ အဲဒီလို သိမြင်ပြီးတော့ မမြဲတဲ့ အနိစ္စတရားတွေချည်းဘဲ၊ ဆင်းရဲဒုက္ခတရားတွေချည်း ဘဲ၊ အတ္တကောင်မဟုတ်တဲ့ အနတ္တသဘောတရားတွေချည်းဘဲ-လို့ သိမြင် ရမယ်၊ အဲဒီမှာ ဒုက္ခထင်ယင် ငါ့ဥစ္စာမဟုတ်ဘူး-ငါ့ဥစ္စာအနေဖြင့် မသာယာ မသိမ်းပိုက်သင့်ဘူးလို့လဲ သိတော့တာပါဘဲ။ အနိစ္စထင်ယင် ငါမဟုတ်-ငါဘဲလို့ ဂုဏ်ယူပြီး မာန်ဘက်စရာမဟုတ်ဘူးလို့လဲ သိတော့တာပါဘဲ။ အနတ္တထင်ယင် ငါ၏ အတ္တမဟုတ်ဘူးလို့ သိတာကတော့ အထူးပြောစရာမလိုပါဘူး။ အဲဒီလို ဝိပဿနာဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို သိမြင်ပြီးတော့ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ရမယ်။ အဲဒီလို တွေ့မြင်မှ အမြင်မှား အယူမှား ဒိဋ္ဌိတွေကင်းတယ်၊ နှလုံးသွင်းအားထုတ်ခါစ သမာဓိ ဖြစ်ရုံလောက်နဲ့ အဖြစ်အပျက်ကို သိကာမျှ ဝိပဿနာဉာဏ်ဖြစ်ရုံလောက်

www.dhammaransi.com



နဲ့တော့ အဲဒီဒိဋ္ဌိတွေကို မပယ်နိုင်သေးဘူး။ အဲဒီလို မပယ်နိုင်သေးပါဘဲနဲ့ ဈာန်ရရုံလောက်နဲ့ အထင်ကြီးနေတတ်ပုံကို မြတ်စွာဘုရားက ဆက်ပြီး ဟောတော်မူပါတယ်။

## ပဌမဈာန်ရရုံနဲ့လဲ အထင်ကြီးတတ်သည်

ဌာနံ ခေါ ပနေတံ စုန္ဒ ဝိဇ္ဇတိ၊ ယံ ဣဓေကစ္စော ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျ၊ တဿ ဧဝမဿ "သလ္လေခေန ဝိဟရာမီ" တိ။ နခေါ ပနေတေ စုန္ဒ အရိယဿ ဝိနယေ သလ္လေခါ ဝုစ္စန္တိ။ ဒိဋ္ဌဓမ္မသုခဝိဟာရာ ဧတေ အရိယဿ ဝိနယေ ဝုစ္စန္တိ။

စုန္ဒ၊ ချစ်သားစုန္ဒ။ ဧတံ ခေါ ဌာနံ၊ ယခုပြောမည့် အထင်လွဲစရာ အထင်ကြီးစရာအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိပေ၏။ (ယခုပြောမည့် အထင်လွဲစရာ အထင်ကြီးစရာအကြောင်းကလေးရှိတယ်၊ အဲဒါကို ပြောပြမယ်-လို့ ဆိုလိုပါတယ်။) ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော ဘိက္ခု၊ အချို့ရဟန်းသည်။ ဝိဝိစ္စေဝ ကာမေဟိ၊ လိုချင်စရာနှင့် လိုချင်မှုကိလေသာကာမတို့မှ ကင်းဆိတ်၍သာလျှင်။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ၊ နီဝရဏအကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်။ သဝိတက္ကံ၊ ကြံစည်မှုလဲရှိသော။ သဝိစာရံ၊ စဉ်းစားဆင်ခြင်မှုလဲရှိသော။ ဝိဝေကဇံ ပီတိသုခံ၊ နီဝရဏကင်းလို့ဖြစ်သည့် ပီတိနှင့် ချမ်းသာလည်းရှိသော။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ၊ ပဌမဈာန်ကိုရောက်၍ ရ၍။ ဝိဟရေယျ၊ နေရာ၏။

မြတ်စွာဘုရား၏ သာသနာတော်တွင်းမှာဘဲ ဒီလိုရဟန်းအချို့ရှိပါတယ် တဲ့။ ဘယ်လိုရဟန်းလဲဆိုယင် ပဌမဈာန်ကို ရနေတဲ့ ရဟန်းပါ ဘဲ။ အဲဒီပဌမဈာန် ဆိုတာက ဘယ်လိုတရားလဲဆိုယင် ဈာန်ဆိုတာ ကသိုဏ်းအစရှိတဲ့ **တခုတည်း** သောအာရုံမှာ စူးစိုက်ပြီး တည်နေတဲ့တရားပါဘဲ၊ တချို့က ပထဝီကသိုဏ်း မြေကသိုဏ်းအာရုံမှာ စူးစိုက်ပြီး တည်နေတယ်၊ တချို့က အာပေါကသိုဏ်း ရေကသိုဏ်း အစရှိတဲ့ တခြားကသိုဏ်းအာရုံမှာ စူးစိုက်ပြီး တည်နေတယ်၊

www.dhammaransi.com



တချို့ကလဲ ဝင်လေထွက်လေအာရုံမှာ စူးစိုက်ပြီးတည်နေတယ်၊ တချို့က ဆံပင် မွေးညင်း အစရှိတဲ့ ၃၂-စုထဲက တခုခုမှာ စူးစိုက်ပြီး တည်နေတယ်။ တချို့က ဖူးဖူးရောင်တဲ့ လူသေကောင် ညိုမဲပုပ်ပွနေတဲ့ လူသေကောင် အစရှိတဲ့ အသုဘ အာရုံတခုခုမှာ စူးစိုက်ပြီး တည်နေတယ်။ အဲဒီလို သမထကမ္မဋ္ဌာန်းအာရုံ တခုတည်းအပေါ်မှာသာ စူးစိုက်ပြီး တည်ငြိမ်နေတဲ့သဘောကို စျာန်လို့ခေါ် ပါတယ်။ ဒါကြောင့် ဘုန်းကြီးက အဲဒီစျာန်သဘောကို လွယ်လွယ်နဲ့မှတ်ရအောင် (တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထစျာန်ခေါ်သည်) လို့ ဆောင်ပုဒ်ကလေး စီထား ပါတယ်။ အဲဒါကို ဆိုကြရမယ်။

တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထစျာန်ခေါ်သည်။ (ဆို)

တည်ငြိမ်ရုံမျှ စူးစိုက်ပြီး ရှုနေတာကို သမထစျာန်လို့ ခေါ်ပါတယ်။ ဒါဖြင့် ဒီပြင် တခြားစျာန်ရှိပါသေးသလား-လို့ မေးစရာရှိပါတယ်။တခြားစျာန်လဲ ရှိပါ သေးတယ်၊ အဲဒါက ဘာလဲဆိုယင် ဝိပဿနာစျာန်-တဲ့။ အဲဒါကိုလဲ လွယ်လွယ်နဲ့ မှတ်ရအောင် (လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿစျာန်ခေါ်သည်) လို့ ဆောင် ပုဒ်ကလေး စီထားပါတယ်။ အဲဒါကိုလဲ ဆိုကြရမယ်။

လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿစျာန်ခေါ်သည်။ (ဆို)

အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာဆိုတဲ့ ဒီလက္ခဏာသုံးပါးကို ရှုမှတ်ပြီး သိတာက ဝိပဿနာစျာန်-တဲ့၊ အဲဒါဟာ လက္ခဏာသုံးပါးကို ရှုမှတ်ပြီး သိတဲ့အတွက် လက္ခဏူပနိဇ္ဈာန်လို့ အဋ္ဌကထာတွေမှာ ပြဆိုထားပါတယ်၊ လွယ် လွယ်နဲ့ ပြောရယင်တော့ ဝိပဿနာစျာန်ပါဘဲ။ ယခုပြောရမည့်စျာန်ကတော့ အဲဒီဝိပဿနာစျာန်မဟုတ်ပါဘူး၊ သမထစျာန်ဘဲဖြစ်ပါတယ်၊ အဲဒါဟာ ကသိုဏ်း နိမိတ် အသုဘနိမိတ် အစရှိတဲ့အာရုံကို စူးစိုက်ပြီး ရှုနေတဲ့သဘောဖြစ်တဲ့အတွက် အာရမ္မဏူပနိဇ္ဈာန်လို့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။ လွယ်လွယ်နဲ့ပြော ရယင်တော့ သမထစျာန်ပါဘဲ။ အဲဒီသမထစျာန်က ပဌမစျာန် ဒုတိယစျာန် စသည်ဖြင့် ရှစ်ပါးရှိတယ်၊ အဲဒီရှစ်ပါးထဲက ယခုစပြီးပြောနေတဲ့စျာန်ကိုတော့ ပဌမစျာန်လို့ ခေါ်ပါတယ်။

www.dhammaransi.com



## ပဌမစျာန်၏ ဂုဏ်များ

အဲဒီပဌမစျာန်မှာ လိုချင်နှစ်သက်စရာတွေကို လိုချင်နှစ်သက်ပြီး ကြံစည်တတ်တဲ့ ကိလေသကာမဆိုတဲ့ ကာမစ္ဆန္ဒနီဝရဏလဲ ကင်းဆိတ်နေပါတယ်တဲ့၊ ပကတိလူတွေမှာဆိုယင် ဒီလိုချင်နှစ်သက်မှု ကာမစ္ဆန္ဒ-က အမြဲတမ်းလိုလို ဖြစ်နေတာဘဲ၊ သမာဓိက အားမကောင်းသေးယင် တရားအားထုတ်နေဆဲမှာလဲ သူက ဝင်ဝင်ပြီးဖြစ်နေသေးတာဘဲ၊ အဲဒီလို ဆိုးဝါးတဲ့ ကာမအလိုဆန္ဒလဲ ပဌမစျာန်မှာ ကင်းနေပါတယ် တဲ့။ နောက်ပြီးတော့ ဗျာပါဒခေါ်တဲ့ စိတ်ပျက်စိတ်ဆိုးမှု ဒေါသလဲ ကင်းနေပါတယ်၊ ထိနမိဒ္ဓခေါ်တဲ့ ထိုင်းမှိုင်းပျင်းရိမှုလဲ ကင်းနေပါတယ်၊ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စ၊ စိတ်ပူပန်မှု ကုက္ကုစ္စလဲ ကင်းနေပါတယ်၊ ယုံမှားတွေဝေမှု ဝိစိကိစ္ဆာလဲ ကင်းနေပါတယ်၊ စျာန်ကုသိုလ် ဖြစ်ခွင့်မရအောင် တားမြစ်တတ်တဲ့ အဲဒီနီဝရဏငါးပါးတရားတွေ အကုန်ကင်းနေကြပါတယ် တဲ့။ အဲဒါဟာ စျာန်ဖြစ်ခိုက်မှာသာမဟုတ်ဘူး၊ စျာန်၏ရှေးနောက် အနီးကာလတွေမှာလဲ ကင်းနေကြပါတယ်။ ဒီ နီဝရဏတွေ ကင်းနေတယ်ဆိုယင်ကို ကောင်းလှပါပြီ။

အဲဒီနီဝရဏတွေ ကင်းရုံမျှတွင် မဟုတ်သေးဘူး၊ အဲဒီနီဝရဏတွေကင်းနေလို့ ဖြစ်ပေါ်လာတဲ့ ပီတိနဲ့ သုခဆိုတာလဲ ဖြစ်ပေါ်ပြီး ရှိနေပါတယ်။ ဒါကြောင့် အဲဒီစျာန်ဖြစ်နေတဲ့အချိန်မှာ နှစ်သိမ့်ဝမ်းမြောက်တဲ့ ပီတိတွေကြောင့် တကိုယ်လုံးမှာ တငြိမ့်ငြိမ့် တသိမ့်သိမ့်နဲ့ ဘယ်လိုကောင်းမှန်းမသိအောင်လဲ ကောင်းမနေပါတယ်၊ စိတ်ကလဲ အင်မတန် ရွှင်လန်း ချမ်းသာနေပါတယ်၊ စိတ်ချမ်းသာတဲ့အတွက် တကိုယ်လုံးမှာလဲ ညောင်းညာပင်ပန်းခြင်း ဆင်းရဲခြင်းဆိုတာတွေ လုံးဝကင်းပြီး အင်မတန်ချမ်းသာနေပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း နီဝရဏခေါ်တဲ့ အကုသိုလ်တရားဆိုးတွေ ကင်းပြီး အလွန်အကဲ နှစ်သိမ့်ဝမ်းမြောက်တဲ့ ပီတိ၊ အလွန်အကဲချမ်းသာတဲ့သုခဆိုတာတွေနဲ့ ပြည့်စုံတဲ့အပြင် အလွန်ထက်သန်တဲ့ ကြံစည်မှုဝိတက်နဲ့ စဉ်းစားဆင်ခြင်မှု ဝိစာရဆိုတာတွေနဲ့လဲ ပြည့်စုံကယ်။ အဲဒီလိုထူးခြားတဲ့ ဝိတက် ဝိစာရ ပီတိ သုခတွေနဲ့ ပြည့်စုံပြီးတော့ ကမ္မဋ္ဌာန်းအာရုံမှာ တကြွံတည်း တည်ငြိမ်နေတဲ့ သမာဓိကလဲ ဖြစ်နေတယ်။ အဲဒီလို ကိုယ်အလိုရှိတဲ့အတိုင်း တခုတည်းသောအာရုံမှာ

www.dhammaransi.com



စူးစူးစိုက်စိုက် တည်ငြိမ်နေတဲ့ စျာန်သမာဓိနဲ့ ပြည့်စုံနေပါတယ်တဲ့။ အဲဒီမှာ ဝိတက် ဝိစာရ ပီတိ သုခ (ကေဂ္ဂတာဆိုတဲ့) သမာဓိအားဖြင့် စျာန်အင်္ဂါ ငါးပါးလုံး ထင်ရှားဖြစ်နေတယ်၊ အဲဒီစျာန်ဖြစ်နေတဲ့အချိန်မှာ ဣရိယာ ပုထ်ကလဲ မလှုပ်မယှက် ကြံ့ကြံ့တည်ပြီးတော့ ခိုင်ခံ့နေပါတယ်။ စျာန်ဝင် စားနေတဲ့အခါမှာဆိုယင် တနာရီ နှစ်နာရီ သုံးနာရီစသည်ဖြင့် အကြာ ကြီးလဲ တည်နေတာဘဲ၊ တနေ့လုံး တညလုံးလဲ တည်နေတာဘဲ၊ ထိုင်လျက် ဝင်စားနေယင် ထိုင်လျက်ပဲ တနာရီ နှစ်နာရီစသည် တနေ့လုံး တညလုံး စသည်ဖြင့် တည်မြဲ တည်နေတယ်၊ လဲကျသွားခြင်း ယိမ်းယိုင်ခြင်းဆိုတာ မျိုးတွေဟာ မရှိဘူး။ အဲဒါကို သေသေချာချာ မှတ်ထားကြ။ တချို့က တုံးလုံး ပက်လက်လဲနေတာ ကိုးယို့ကားယား လူးလိမ့်နေတာကို တရားထူးလို့ ထင်မှတ်နေကြတယ်၊ အဲဒါကတော့ မဟုတ်ပါဘူး၊ စျာန် မဂ် ဖိုလ် ဆိုတာ တွေဟာ အပ္ပနာဇောတွေဘဲ၊အပ္ပနာဆိုတာ ထိုင်ခြင်း ရပ်ခြင်း အစရှိတဲ့ ဣရိ-ယာပုထ်တွေကို မူလက တည်မြဲအတိုင်းပင် ခိုင်စေတတ်တယ်၊ ဒါကြောင့် အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ-လို့ အဋ္ဌကထာတွေမှာ အထင်အရှား ပြဆိုထားပါတယ်။

အပ္ပနာဇဝနံ၊ စျာန်မဂ်ဖိုလ်-ဟူသော အပ္ပနာဇောသည်။ ဣရိယာပထမ္ပိ၊ ထိုင်ခြင်း ရပ်ခြင်း စသော ဣရိယာပုထ်ရုပ်ကိုလည်း။ သန္နာမေတိ၊ တည်မြဲ တည်စေလျက် ခိုင်မာစေတတ်ပါတယ်-တဲ့၊ ဒါကြောင့် တရားအားထုတ်နေရင်း လဲကျသွားတာတွေ၊ လူးလိမ့်နေတာတွေကတော့ ဘုရားအလိုတော်ကျ ပိဋက ကျမ်းဂန်နဲ့ညီတဲ့ တရားထူးဖြစ်ပုံတွေ မဟုတ်ဘူးဆိုတာ တထစ်ချ မှတ်ထားကြ ရမယ်။

ယခုတင်က ပြောခဲ့တဲ့အတိုင်း နီဝရဏတရားဆိုးတွေ ကင်းပြီးတော့ ထက် သန်တဲ့ ဝိတက် ဝိစာရတွေနဲ့ ပြည့်စုံသည့်အပြင် အလွန်ထူးခြားတဲ့ ပီတိ သုခ တွေနဲ့လဲ ပြည့်စုံပြီး တခုတည်းသောအာရုံမှာ တည်ငြိမ်နေတဲ့သမာဓိဖြစ်နေတယ် ဆိုတော့ အင်မတန် အားရစရာ အထင်ကြီးစရာ တရားပါပေဘဲ၊ ဒါကြောင့် အထင်ကြီးတတ်ပုံကို မြတ်စွာဘုရားက ဆက်ပြီးတော့ ဒီလို ဖော်ပြသွားပါတယ်။

www.dhammaransi.com



တဿ၊ ထိုသို့ ထူးခြားသော ပဌမစျာန်သို့ ရောက်၍နေသော ပုဂ္ဂိုလ်အား။ သလ္လေခနေ ဝိဟရာမီတိ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ဖြင့် နေရပါပေသည်ဟူ၍။ ဧဝံ၊ ဤသို့ ထင်မြင်ခြင်းသည်။ အဿ၊ ဖြစ်ရာ၏။ ဝါ၊ ဖြစ်နိုင်ပေ၏။

ကိလေသာကို ခေါင်းပါးစေတတ်တဲ့ ကိလေသာတွေကို ပယ်တတ်တဲ့ ကင်းစေတတ်တဲ့ တရားထူးနဲ့ မွေ့လျော်နေရပါပေတယ်၊ တရားထူးကို ရပေပြီ-လို့ ဒီလို ထင်တတ်ပါတယ်-တဲ့၊ အဲဒီလို ထင်တာဟာ အကြောင်းမဲ့ ထင်တာ မဟုတ်ဘူး၊ ထင်စရာအကြောင်းရှိလို့ ထင်တာဘဲ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ တရားထူးကို တွေ့ရလိမ့်မယ်-လို့ မျှော်လင့်ပြီး အားထုတ်နေတယ်၊ ဒီတော့ ထူးထူးခြားခြားကလေးကိုတွေ့ယင် တရားထူးဘဲလေလားလို့ ထင်မြင် အောက်မေ့မိတတ်တယ်၊ တောထဲမှာ မှိုရှာတဲ့လူဟာ ဖွေးဖွေးကိုမြင်ယင် မှိုလေလားလို့ တွေးမိတာလိုပါဘဲ၊ တရားအလုပ်ကိုက အထင်ကြီးစရာအလုပ်ဆိုတော့ ထူးထူးခြားခြားကလေးကိုတွေ့ယင် အထင်ရောက်မိတတ်တာပါဘဲ၊ တချို့မှာ သမာဓိနိမိတ်အထူးကလေးတွေ့ရတာနဲ့လဲ တရားထူးထင်မှတ်ပြီး အားရနေတယ်၊ တချို့မှာတော့ ညွှန်ပြတဲ့ဆရာကိုက မပိုင်မနိုင်တာနဲ့ ထူးခြားတဲ့အတွေ့ကလေး တစ်တခုလောက်နဲ့ တရားထူးရပြီလို့ အဆုံးအဖြတ်ပေးတဲ့အတွက် အားရကျေနပ်နေတတ်ဘယ်၊ တချို့မှာ စျာန်ကိုတောင် မရောက်သေးပါဘူး၊ နီဝရဏကလေး အတော်အတန်ကင်းပြီး ပီတိသုခကလေးများကို တွေ့ရတာနဲ့ တရားထူးရပြီလို့ ယူဆပြီး အားရနေတတ်တယ်၊ ယခုဘုရားဟောတဲ့ပုဂ္ဂိုလ်ကတော့ ပဌမစျာန်ကို တကယ်ရောက်နေတဲ့ပုဂ္ဂိုလ်ပါဘဲ၊ ဒါပေမဲ့ အဲဒီစျာန်ဟာ သမာဓိစခန်းမျှသာ ရှိပါသေးတယ်၊ ရုပ်နာမ် ၂-ပါးကို ပိုင်းခြားသိတဲ့ ပဌမအဆင့် ဝိပဿနာစခန်းတောင်မရောက်သေးပါဘူး၊ အဲဒီထက်မြင့်တဲ့ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တလက္ခဏာကိုသိတဲ့ ဝိပဿနာဉာဏ်တွေနဲ့တော့ ဝေးပါသေးတယ်၊ အဲဒီ စျာန်သမာဓိလောက်နဲ့ ဒီစျာန်ရပုဂ္ဂိုလ်က အားရကျေနပ်ပြီးတော့ သလ္လေခအကျင့်ဖြင့် နေရပါပေတယ်လို့ အထင်ရောက်နေပါတယ်-တဲ့၊ အဲဒါဟာ အထင်ရောက်ရုံမျှပါဘဲ၊ တကယ် သလ္လေခတရားတော့ မဟုတ်သေးပါဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ဆက်ပြီးတော့ ဒီလို အဆုံးအဖြတ်ပေးတော်မူပါတယ်။

www.dhammaransi.com



ပန၊ ထိုသို့ ကိလေသာကို ခေါင်းပါးစေသောအကျင့်ဖြင့် နေရပေသည်ဟု ထင်မှတ်သော်လည်း။ စုန္ဒ၊ ချစ်သား စုန္ဒ။ ဧတေ၊ ဤစျာန်တရားတို့ကို။ အရိယဿ ဝိနယေ၊ ဘုရား၏ အဆုံးအမ၌။ သလ္လေခါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်တို့ဟူ၍။ န ခေါ ဝုစ္စန္တိ၊ မဆိုအပ်ကုန်သေးပေ။ (ဒီ ပဥ္စမစျာန်တရားတွေကို မြတ်စွာဘုရား၏ သာသနာတော်မှာ ကိလေသာကို ခေါင်းပါးစေတဲ့ သလ္လေခအကျင့်လို့ မခေါ်ရ မဆိုရသေးဘူးတဲ့။)

ပဥ္စမစျာန်ကို ရရုံနဲ့ သလ္လေခအကျင့်ဖြင့် နေရပါပေသည်-လို့ ဒီလို ထင်မှတ်တတ်တယ်၊ သလ္လေခအကျင့်ဆိုတာ တော်တော်ကြာတော့ ဆက်ပြီးကြားရပါလိမ့်မယ်၊ ကိလေသာကို အမြစ်ပြတ် အကြွင်းမဲ့ ပယ်နိုင်သည်အထိ ပြီးစေနိုင်တဲ့ အကျင့်ကိုမှ မြတ်စွာဘုရား၏ သာသနာမှာ သလ္လေခအကျင့်လို့ ခေါ်တယ်၊ ဒီစျာန်ကတော့ အကြွင်းမဲ့ မပယ်နိုင်ဘူး၊ ကွာစေရုံလောက်သာ စွမ်းနိုင်တယ်၊ ဒါကြောင့် စျာန်ကို မြတ်စွာဘုရားသာသနာတော်မှာ သလ္လေခအကျင့်လို့ မဆိုရသေးဘူးတဲ့။ ဒါပေမဲ့ ဒီစျာန်လောက်ရယင်ဘဲ သောတာပန်ဖြစ်ပြီ၊ ရဟန္တာဖြစ်ပြီလို့ ဒီလို အထင်မျိုးကတော့ ဖြစ်တတ်ပါတယ် ဘုရားလက်ထက်တော်ကလဲ ဒီလို အထင်ရောက်တဲ့ပုဂ္ဂိုလ်တွေ ရှိခဲ့တာဘဲ၊ ဘုရားပရိနိဗ္ဗာန် စံပြီးတဲ့နောက်မှာလဲ ရှိခဲ့တာဘဲ၊ သာဓကဝတ္ထုအနည်းငယ် ထုတ်ပြရဦးမယ်။

## အထင်ရောက်တဲ့ ရဟန်းငါးရာဝတ္ထု

တချိန်က ရဟန်းတော်ငါးရာဟာ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူပြီးတော့ တောအရပ်မှာ တရားအားထုတ်ကြတယ်၊ စျာန်ရတဲ့အခါ ကိလေသာဖြစ်ပေါ်တာကို မတွေ့ကြရတဲ့အတွက် ရဟန်းကိစ္စ ပြီးပြီလို့ အထင်ရောက်ပြီးတော့ မြတ်စွာဘုရားထံ လျှောက်ကြားဘို့ လာကြတယ်၊ ဇေတဝန်ကျောင်းတော် တံခါးဝရောက်တဲ့အခါ မြတ်စွာဘုရားက အရှင်အာနန္ဒာကို "အဲဒီ ရဟန်းတွေ သုသာန်ကိုသွားပြီးမှ ဘုရားထံလာရမယ်"ဆိုတဲ့အကြောင်း ပြောကြားစေလိုက်တယ်၊ အရှင်အာနန္ဒာက သွားပြီး အဲဒီအကြောင်းကို ပြောကြားတယ်၊ ဒီတော့ အဲဒီငါးရာသော ရဟန်းတော်တွေက သုသာန်ကို သွားကြတယ်၊ ဟိုတုန်းက သုသာန်မှာ သူသေကောင်တွေကို မြေကြီးထဲမမြှုပ်ပဲ ပစ်ထား

www.dhammaransi.com



တာတွေ ရှိဟန်တူပါတယ်၊ ဒီလို မဟုတ်ယင်လဲ မိုးရှို့မည့်အလောင်းတွေက လောလောလပ်လပ် ရှိနေကြတာယင်လဲ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် အဲဒီ ရဟန်းတွေဟာ သုသာန်ရောက်တော့ တရက် နှစ်ရက်လွန်ပြီးဖြစ်တဲ့ အလောင်း တွေကို မြင်ရတဲ့အခါ ရွံရှာစက်ဆုပ်တဲ့ ဒေါမနဿ ဒေါသ ဖြစ်ကြပါသတဲ့၊ သေပြီးခါစ ဝိသဘာဂ အလောင်းတွေကို မြင်ရတဲ့အခါ တပ်မက်မှုရာဂ ဖြစ်ကြ ပါသတဲ့၊ အဲဒီတော့မှ အဲဒီ ရဟန်းတော်တွေဟာ မိမိတို့ ကိလေသာ မကင်း သေးကြောင်း သိကြရပါသတဲ့။ အဲဒီအခါမှာ မြတ်စွာဘုရားက ဇေတဝန် ကျောင်းတော် ဂန္ဓကုဋိတိုက်ကဘဲ နေတော်မူလျက် ရောင်ခြည်တော်လွှတ်ပြီး ဂါထာတပုဒ်တရားကို ဟောတော်မူပါတယ်၊ အဲဒီ တရားကို ကြားနာရင်း အဲဒီ ရဟန်းတော်ငါးရာဟာ အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာ ဖြစ်သွားကြပါတယ်။

ဒီပြင်လဲ ဘုရားလက်ထက်တော်က တရားရပြီလို့ အထင်ရောက်ပြီး ပြော ကြားကြတာတွေ ရှိပါသေးတယ်၊ ယခု ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်ပေါင်း ၄၀၀-အတွင်းက ဖြစ်ခဲ့တဲ့ သာဓကဝတ္ထုများကို ထုတ်ပြဦးမယ်။

## မဟာနာဂမထေရ်ဝတ္ထု

ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်ပေါင်း ၃၀၀-ကျော် ၄၀၀-အတွင်းက သီဟိုဠ်ကျွန်း တောင်ပိုင်း တလင်္ဂရတိယဆိုတဲ့ တောင်မှာ အရှင်ဓမ္မဒိန္နဆိုတဲ့ ရဟန္တာမထေရ်တပါး ရှိခဲ့ဝယ်၊ အဲဒီအခါတုန်းက ဟက်နဆိုတဲ့ ကျောင်းမှာ ရဟန္တာဖြစ်ပြီလို့ အထင်ရောက်နေတဲ့ မထေရ်ကြီးတပါးရှိတယ်၊ ဘွဲ့အမည် ကတော့ မဟာနာဂလို့ ခေါ်ပါတယ်၊ တနေ့သောအခါမှာ အရှင်ဓမ္မဒိန္န-က အဲဒီမထေရ်ကြီးထံ သွားရောက်ပြီး ပြဿနာများစွာကို မေးပါတယ်၊ မထေရ် ကြီးက အလွယ်တကူနဲ့ ဖြေရှင်းပြပါတယ်၊ ဒီတော့ အရှင်ဓမ္မဒိန္န-က အရှင် ဘုရား၏ ဉာဏ်တော်ဟာ အလွန်ထက်မြက်ပါပေတယ်၊ တရားထူးကို ဘယ် တော့က ရထားပါသလဲလို့ မေးပါတယ်၊ ရဟန်းကိစ္စပြီးခဲ့တာ အနှစ် ၆၀-ကျော် ခဲ့ပါပြီလို့ မထေရ်ကြီးက ဖြေပါတယ်၊ အဘိညာဉ်တန်ခိုးများ လေ့လာပါသေး သလားလို့ မေးပြန်ပါတယ်၊ လေ့လာကြောင်း ပြန်ကြားပါတယ်၊ ဒါဖြင့် အရှင် ဘုရား ဆင်ကြီးတကောင် ဖန်ဆင်းလိုက်စမ်းပါလို့ အရှင်ဓမ္မဒိန္န-က လျှောက်

www.dhammaransi.com



ပါတယ်၊ မထေရ်ကြီးက အဘိညာဉ်တန်ခိုးဖြင့် ချက်ခြင်း ဖန်ဆင်းလိုက်တယ်၊ အဲဒီ ဆင်ကြီးဟာ နားရွက်များကိုလဲ ကုပ်အမြီးကိုလဲ ဆန့်ထောင်ပြီးတော့ နှာမောင်းကိုလဲ သူ့ပါးစပ်ထဲထည့်ပြီး စူးရှပြင်းထန်တဲ့အသံကို အော်ပြီးတော့ အရှင်ဘုရားဆီကို ပြေးလာအောင် နှလုံးသွင်း အဓိဋ္ဌာန်ပြုလိုက်ပါဦးလို့ အရှင်ဓမ္မဒိန္န-က လျှောက်ပြန်တယ်၊ မထေရ်ကြီးက လျှောက်တဲ့အတိုင်း နှလုံးသွင်း အဓိဋ္ဌာန်ပြုလိုက်တဲ့အခါ ဆင်ကြီးက မထေရ်ကြီးဆီကို တဟုန်တည်း အတင်း ပြေးလာတယ်၊ အဲဒါကို မြင်ရတော့ မထေရ်ကြီးက ကြောက်တာနဲ့ ထပြေးဘို့ ပြင်ပါသတဲ့။ အဲဒီအခါ အရှင်ဓမ္မဒိန္န-က မထေရ်ကြီးရဲ့ သင်္ကန်းစွန်းကို ဆွဲပြီး တော့ "ရဟန္တာမှာ ကြောက်လန့်ခြင်း ရှိပါသေးသလား"လို့ မေးပါတယ်၊ အဲဒီတော့မှ မဟာနာဂမထေရ်ကြီးက မိမိဟာ ပုထုဇဉ်မျှသာ ဖြစ်ကြောင်း သိပြီးတော့ အရှင်ဓမ္မဒိန္နထံမှာ ကမ္မဋ္ဌာန်းတောင်းတယ်၊ အရှင်ဓမ္မဒိန္န ညွှန်ကြား တဲ့အတိုင်း အားထုတ်ပြီး ရဟန္တာအစစ် ဖြစ်တော်မူပါသတဲ့။

အဲဒီ မဟာနာဂမထေရ်ကြီးဟာ ဒေါသစရိုက်ရှိတဲ့အတွက် ကြောက်ဖွယ် ထင်အောင် ဖန်ဆင်းခိုင်းပြီး ကြောက်လန့်မှု ဒေါမနဿနှင့် ဒေါသပေါ်လာ အောင် အရှင်ဓမ္မဒိန္န-က စီမံရခြင်း ဖြစ်ပါသတဲ့။ (ဝိသုဒ္ဓိမဂ်နှင့် သမ္မောဟ-ဝိနောဒနီ အဋ္ဌကထာများမှာတော့ ဒီမဟာနာဂမထေရ်ကြီး၏နေရာကျောင်းကို ဥစ္စတလက်ကျောင်းလို့ ပြဆိုထားပါတယ်၊ ဟက်နကျောင်းမှာ အထင်ရောက် နေတဲ့ မထေရ်ကြီးကိုတော့ မဟာဒတ္တမထေရ်လို့လဲ ပြဆိုထားပါတယ်။) နောက် ပြီးတော့ စိတ္တလတောင် ကမ္မဋ္ဌာန်းကျောင်းမှာ သီတင်းသုံးတဲ့ မထေရ်တပါး အကြောင်းကိုလဲ ဒီသလ္လေခသုတ်အဖွင့် အဋ္ဌကထာမှာ ပြထားပါသေးတယ်၊ ယခု အဲဒီ မထေရ်အကြောင်းကိုလဲ ပြောဦးမယ်။

## စူဠသုမ မထေရ်ဝတ္ထု

စိတ္တလတောင်ဆိုတာလဲ သီဟိုဠ်ကျွန်းရဲ့ တောင်ဘက်အစွန်းမှာ ရှိပါတယ်၊ ဒုဋ္ဌဂါမဏိမင်းရဲ့ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီး၏ စိုးစံရာ မဟာဂါမရဲ့ အရှေ့မြောက်ဖက် မိုင်သုံးလေးဆယ်ခန့်မှာ ရှိပါတယ်၊ အဲဒီ ခေတ်တုန်းက ရဟန္တာတွေ များစွာဖြစ်ပေါ်ခဲ့တဲ့ တောကျောင်းအရပ်ပါဘဲ၊ အဲဒီ စူဠသုမ

www.dhammaransi.com



မထေရ်ကြီးထံလဲ အရှင်ဓမ္မဒိန္န-က သွားရောက်ပြီးတော့ နည်းတူဘဲ မေးပါတယ်၊ အဲဒီ မထေရ်ကြီးလဲ နည်းတူဘဲ ဖြေကြားပါတယ်၊ အဲဒီ မထေရ်ကြီးကိုတော့ ရေကန်ကြီးတခု ဖန်ဆင်းခိုင်းတယ်၊ အဲဒီ ရေကန်ထဲမှာ ပဒုမ္မာကြာရုံကြီး ဖန်ဆင်းခိုင်းတယ်၊ အဲဒီကြာရုံမှာ အင်မတန်ကြီးတဲ့ ပဒုမ္မာကြာပန်းကြီး ဖန်ဆင်းခိုင်းတယ်၊ အဲဒီကြာပန်းပေါ်မှာ ရပ်တည်ပြီးတော့ အင်မတန်သာယာတဲ့အသံနဲ့ သီချင်းဆိုပြီး ကနေတဲ့ မိန်းမရုပ်ကိုလဲ ဖန်ဆင်းခိုင်းတယ်။ မထေရ်ကြီးက ခိုင်းတဲ့အတိုင်းဘဲ ချက်ခြင်း ချက်ခြင်း ဖန်ဆင်းလိုက်တယ်။ အဲဒီအခါမှာ အရှင်ဓမ္မဒိန္နက အဲဒီ သီချင်းဆိုပြီးကနေတဲ့ မိန်းမရုပ်ကို ခဏလောက် ကြည့်နေရစ်ပါဦး-လို့ ပြောပြီး ကျောင်းခန်းထဲ ဝင်သွားပါသတဲ့။ အဲဒီအခါ ကိုယ်တိုင်ဖန်ဆင်းထားတဲ့ မိန်းမရုပ်ကို ကြည့်နေရင်း မထေရ်ကြီးမှာ အနှစ် ၆၀-ပတ်လုံး ဝေးကွာငြိမ်သက်နေခဲ့တဲ့ ကိလေသာတွေက လှုပ်ရှားဖြစ်ပေါ်လာကြပါသတဲ့။ အဲဒီတော့မှ အဲဒီစူဠသုမမထေရ်ကြီးလဲ ပုထုဇဉ်မျှသာဖြစ်ကြောင်း သိပြီးတော့ အရှင်ဓမ္မဒိန္နထံမှာ ကမ္မဋ္ဌာန်းနည်းယူပြီး အားထုတ်လို့ ရဟန္တာအစစ် ဖြစ်တော်မူပါတယ်တဲ့။ ဒီမထေရ်ကြီးကတော့ ရာဂစရိုက်ရှိတဲ့အတွက် ကိန်းနေတဲ့ ရာဂအငုတ်ကလေးပေါ်လာအောင် အရှင်ဓမ္မဒိန္နက ရာဂဖြစ်ဖွယ် အာရုံကို ဖန်ဆင်းခိုင်းတယ်လို့ ဆိုပါတယ်။

## ထူးခြားတဲ့အတွေ့တွေကို တွေ့ရတယ်

ယခုပြောခဲ့တဲ့ အကြောင်းအရာတွေကတော့ ဟိုရှေးခေတ် သာသနာတော် အင်မတန် ထွန်းပနေတဲ့အခါမျိုးက အထင်ရောက်ပုံ အကြောင်းအရာတွေပါဘဲ။ အဲဒီပုဂ္ဂိုလ်တွေက ဈာန်အဘိညာဉ်တွေရပြီး အင်မတန်အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဒီလို အထင်ရောက်တာဟာ သမာဓိကလေး ထူးထူးခြားခြား ဖြစ်ရုံမျှနဲ့လဲ ဖြစ်တတ်တယ်၊ ယခုနေအခါမှာတော့ ဘာမျှမဟုတ်သေးဘဲနဲ့ သူ့အစွဲနဲ့သူ အထင်ရောက်နေကြတာတွေလဲ ရှိနေကြပါတယ်။ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ နည်းမှန်လမ်းမှန်နဲ့ အားထုတ်လို့ရှိယင် ရုပ်နာမ်အဖြစ်အပျက်ကို မြင်တဲ့ ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါ အရောင်အလင်း ပီတိ ပဿဒ္ဓိ သုခ သဒ္ဓါ အစရှိသော ထူးခြားတဲ့အတွေ့တွေကို လွန်လွန်ကဲကဲ တွေ့ရတယ်၊ ဝိသုဒ္ဓိမဂ်မှာ အဲဒီလိုဟာတွေကို မုချတွေ့ရတယ်လို့ ဆိုထားပါတယ်၊ အဲဒီတော့ ဝိပဿနာ

www.dhammaransi.com



ရှုပါလျက်နဲ့ အဲဒီအရောင်အလင်း ပီတိစသည်ကို ထူးထူးခြားခြား မတွေ့ရလို့ ရှိယင် နည်းလမ်းကဘဲ မမှန်လို့လား၊ အားထုတ်မှုကဘဲ လိုနေသေးလို့လား ဆိုတာ စဉ်းစားစရာပါဘဲ။ အဲဒီလို ထူးထူးခြားခြားတွေကို တွေ့ရတဲ့အခါမှာ တရားထူးရပြီလို့ အထင်ရောက်တတ်တယ်။

## မျက်မှောက်ချမ်းသာရေး တရား

ယခုဒီသုတ်မှာ မြတ်စွာဘုရားက တိုက်ရိုက်ထုတ်ဖော်ပြီး ဟောနေတာ ကတော့ စျာန်တရားတွေနဲ့စပ်ပြီး အထင်ရောက်ပုံတွေပါဘဲ။ ပဌမစျာန်ရတဲ့ ပုဂ္ဂိုလ်က အဲဒီပဌမစျာန်ကိုဘဲ ကိလေသာကင်းစေနိုင်တဲ့ သလ္လေခအကျင့်လို့ အထင်ရောက်နေပုံကို ယခုဟောခဲ့ပြီ။ အဲဒီပဌမစျာန်ဟာ ကိလေသာတွေကို အမြစ်ပြတ်ပယ်နိုင်တဲ့ သလ္လေခအကျင့် မဟုတ်သေးပါဘူးတဲ့။ အဲဒီစျာန်ကို ဝင်စားနေခိုက်မှာ ကိုယ်ရောစိတ်ပါ ချမ်းသာစွာနေရတဲ့အတွက် မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်မှာတော့ အဲဒီစျာန်ကို ဒိဋ္ဌဓမ္မသုခဝိဟာရခေါ်တဲ့ မျက်မှောက်ဘဝချမ်းသာစွာ နေထိုင်ရေးတရားမျှသာမည်တယ် ဆိုတဲ့အကြောင်း မြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟောကြားတော်မူပါတယ်။

ဧတေ၊ ဤစျာန်တရားတို့ကို။ အရိယဿ ဝိနယေ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ ဒိဋ္ဌဓမ္မသုခဝိဟာရာ၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေထိုင် ရရေးတရားတို့ဟူ၍။ ဝုစ္စန္တိ၊ ခေါ်ဆိုအပ်ကုန်၏ – တဲ့။

စျာန်ဝင်စားနေခိုက်မှာ အာရုံတခုတည်းမှာသာ တည်ငြိမ်နေတဲ့ စျာန်စိတ် ဖြင့် ချမ်းသာနေပါတယ်၊ မကောင်းတဲ့ အာရုံတွေကို မမြင်ရ မကြားရ မတွေ့ ရဘဲ ချမ်းသာနေပါတယ်၊ တနာရီဝင်စားနေယင် တနာရီလုံး ချမ်းသာနေ ပါတယ်၊ ၂-နာရီ ၃-နာရီစသည်ဖြင့် ဝင်စားနေယင် ၂-နာရီ ၃-နာရီစသည်ဖြင့် ပိုင်းခြားထားတဲ့ ကာလပတ်လုံး အခြားမရှိဘဲ စျာန်ချမ်းသာဖြင့် မပြတ် ချမ်းသာနေပါတယ်။ ဒါကြောင့် စျာန်တရားတွေကို ဒိဋ္ဌဓမ္မသုခဝိဟာရ- မျက်မှောက်ကိုယ်၌ ချမ်းသာစွာ နေရေးတရားလို့ ဆိုပါတယ်။

နောက်ပြီးတော့ ပီတိ သုခ ဧကဂ္ဂတာ ဆိုတဲ့ အင်္ဂါ ၃-ပါးရှိတဲ့ ဒုတိယစျာန် ကို ရရုံနဲ့ သလ္လေခအကျင့် ထင်မှတ်ပြီး ကျေနပ်နေပုံ၊ သုခ ဧကဂ္ဂတာ ဆိုတဲ့

www.dhammaransi.com



အင်္ဂါ ၂-ပါးရှိတဲ့ တတိယဈာန်ကို ရရှိနဲ့ သလ္လေခအကျင့် ထင်မှတ်ပြီး ကျေနပ်နေပုံ၊ ဥပေက္ခာ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၂-ပါးပင်ရှိတဲ့ စတုတ္ထဈာန်ကို ရရှိနဲ့ သလ္လေခအကျင့် ထင်မှတ်ပြီး ကျေနပ်နေပုံများကိုလဲ မြတ်စွာဘုရားက ဖော်ပြပြီး အဲဒီဈာန်တွေလဲ သလ္လေခအကျင့် မဟုတ်သေးကြောင်း၊ ဒိဋ္ဌဓမ္မသုခဝိဟာရမျှသာ ဖြစ်ကြောင်းများကို ဟောတော်မူပါတယ်။ အဲဒီ ဒုတိယ တတိယ စတုတ္ထဈာန်တွေဟာ တဆင့်ထက်တဆင့် သာသာပြီး မြင့်မြတ်တဲ့ဈာန်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရား၏ သာသနာတော်မှာတော့ အဲဒီဈာန်တွေကိုလဲ သလ္လေခအကျင့်လို့ မဆိုရသေးဘူး၊ မျက်မှောက်ကိုယ်၌ ချမ်းသာစွာ နေရေးတရားများလို့သာ ဆိုရတယ်။

နောက်ပြီးတော့ အာကာသာနဉ္စာယတနဈာန် ဝိညာဏဉ္စာယတနဈာန် အာကိဉ္စညာယတနဈာန် နေဝသညာနာသညာယတနဈာန်ဆိုတဲ့ အရူပါဝစရဈာန်များကို ရရှိနဲ့ ကိလေသာကို ခေါင်းပါးစေတဲ့ သလ္လေခအကျင့်ဖြင့် နေရပါပေပြီလို့ အားရကျေနပ်နေကြပုံများကိုလဲ ဖော်ပြပြီးတော့ အဲဒီ အရူပါဝစရဈာန်တွေကိုလဲ ဘုရားသာသနာတော်မှာ သလ္လေခအကျင့်လို့ မဆိုရသေးကြောင်း၊ အလွန်ငြိမ်သက်တဲ့ ဈာန်များဖြစ်တဲ့အတွက် သန္တဝိဟာရ-ငြိမ်သက်ငြိမ်းချမ်းစွာ နေရေး တရားများလို့သာ ခေါ်ဆိုရကြောင်းများကို မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

## ဝိပဿနာမှာလဲ ဈာန်သဘောတွေ ပါဝင်နေတယ်

ဝိပဿနာရှုရာမှာလဲ အဲဒီဈာန်တွေနဲ့ ခပ်တူတူဖြစ်နေပုံတွေ ရှိတယ်။ ရှုမှတ်လို့ အချိုးကျလာပြီး ကောင်းခါစမှ သမ္မသနဉာဏ်ပိုင်းလောက်အတွင်းမှာ အာရုံပေါ် အောင်ကြံမှု ဝိတက်လဲ ထင်ရှားတယ်၊ အာရုံကို ထပ်ခါ ထပ်ခါ သုံးသပ်ဆင်ခြင်မှု ဝိစာရလဲ ထင်ရှားတယ်၊ နှစ်သိမ့်အားရမှု ပီတိလဲ ထင်ရှားတယ်၊ စိတ်ရွှင်လန်းချမ်းသာမှု သုခလဲ ထင်ရှားတယ်၊ မှတ်ရာ မှတ်ရာအာရုံမှာ ကပ်ခနဲ ကပ်ခနဲ စူးစိုက်တည်ကြည်မှု သမာဓိလဲ ထင်ရှားတယ်။ ဒါကြောင့် အဲဒီအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဈာန်အင်္ဂါ၅ပါးရှိတဲ့ ပဌမဈာန်နဲ့ ခပ်တူတူ ဖြစ်နေပါတယ်။

www.dhammaransi.com



ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါမှာ အာရုံကို ကြံမှု သုံးသပ်ဆင်ခြင်မှု မရှိတော့ဘဲ ပေါ်လာသမျှအာရုံကို မှတ်သိရုံမျှ မှတ်သိသွားနေတယ်၊ အဲဒီအခါမှာ ပီတိ သုခတွေက အလွန်အကဲဖြစ်နေတယ်၊ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး ဘယ်လိုကောင်းမှန်းမသိအောင် ကောင်းနေတတ်တယ်၊ စိတ်လဲ ပျံ့လွင့်ခြင်း မရှိဘဲ တည်ငြိမ်နေတယ်။ ဒါကြောင့် အဲဒီအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အင်္ဂါ ၃-ပါးရှိတဲ့ ဒုတိယစျာန်နဲ့ ခပ်တူတူ ဖြစ်နေပါတယ်။

အရောင်းအလင်း အစရှိတဲ့ ဥပက္ကိလေသတွေ ပျောက်သွားတဲ့အခါ မှတ်ရတဲ့ အာရုံရဲ့ အဖြစ်အပျက်ကို ရှင်းလင်းပြတ်သားစွာ သိရတဲ့ ဥဒယဗ္ဗယဉာဏ် အရင့်စားဖြစ်လာတယ်၊ အဲဒီအခါမှာတော့ နှစ်သိမ့်ဝမ်းမြောက်မှု ပီတိ မပါတော့ဘဲ စိတ်ချမ်းသာမှုက အလွန်အကဲ ထင်ရှားတယ်၊ စိတ်လဲ ပျံ့လွင့်ခြင်း မရှိဘဲ သာပြီး တည်ငြိမ်နေတယ်။ အဲဒီအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သုခ ဧကဂ္ဂတာ ဆိုတဲ့ အင်္ဂါ ၂-ပါးရှိတဲ့ တတိယစျာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်။

ဘင်္ဂဉာဏ်အစရှိတဲ့ အထက်ပိုင်းဉာဏ်တွေကျတော့ အများအားဖြင့် စိတ်ရွှင်လန်းဝမ်းသာမှု မရှိဘဲ ဥပေက္ခာနဲ့ ဧကဂ္ဂတာထင်ရှားတတ်တယ်၊ အထူးအားဖြင့် သင်္ခါရုပေက္ခာဉာဏ်မှာ လျစ်လျူရှုတဲ့ ဥပေက္ခာသဘောက ပိုပြီး ထင်ရှားတတ်တယ်။ အဲဒီလိုအခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဥပေက္ခာ ဧကဂ္ဂတာ ဆိုတဲ့ အင်္ဂါ ၂-ပါးရှိတဲ့ စတုတ္ထစျာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်။

နောက်ပြီးတော့ တခါတရံမှာ ကိုယ်ကြီးတကိုယ်လုံးလဲ ပျောက်ပြီးတော့ တခြားတပါး ရုပ်အထည်ဒြပ်တွေလဲ ထင်ပေါ်ခြင်းမရှိဘဲ ဟင်းလင်းပြင်ထဲ ရောက်နေသလို ထင်ရတယ်။ အဲဒီလိုအခါမှာ အာကာသာနဉ္စာယတနစျာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်။ တခါတရံမှာ စိတ်တမျိုးတည်းသာ ပေါ်နေလို့ အဲဒီစိတ်ကိုချည်း ရှုနေရတယ်။ အဲဒီလိုအခါမှာ ဝိညာဏဉ္စာယတနစျာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်။ တခါတရံမှာ ဘာမျှမရှိတာကိုချည်း ရှုမှတ်နေရသလို ထင်ရတယ်၊ အဲဒီလိုအခါမှာ အာကိဉ္စညာယတနစျာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်။ တခါတရံမှာ ပေါ်လာတဲ့စိတ်ကလဲ အလွန်သိမ်မွေ့ပြီးတော့ မှတ်သိတဲ့စိတ်ကလဲ အလွန်သိမ်မွေ့နေလို့ စိတ်ဟာ မရှိသလိုလို ဖြစ်နေတယ်၊ အဲဒီလိုအခါမှာ နေဝသညာ-နာသညာယတနစျာန်နဲ့ ခပ်တူတူ ဖြစ်နေတယ်။

www.dhammaransi.com



အဲဒီလို ဈာန်နဲ့ ခပ်တူတူဖြစ်နေတဲ့အတွက် ဝိပဿနာကို သာယာပြီး အထင်ရောက်တတ်တယ်၊ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်တဲ့အခါမှာ အရောင်အလင်းတွေလဲ တွေ့ရပြီးတော့ ပီတိ သုခ အစရှိသော အထူးတွေကို တွေ့ရတဲ့အတွက် တရားထူးလို့ ထင်မှတ်ပြီး အားရနေတတ်တယ်၊ အဲဒီလို အားရကျေနပ်နေယင် ဝိပဿနာဉာဏ်က မတိုးတက်တော့ဘူး။ ဒါကြောင့် ဝိပဿနာအရာမှာလဲ ပေါ်လာသမျှအထူးတွေကို ရှုမှတ်ပြီး ပယ်ပယ်သွားဖို့ လိုပါတယ်။

ယခု ဒီသလ္လေခသုတ်မှာတော့ မြတ်စွာဘုရားက ဈာန်သမာပတ်တွေကို သလ္လေခအကျင့် ထင်မှတ်ပြီး အားရကျေနပ်နေတတ်ကြပုံတွေကို ဖော်ပြပြီးတော့ အဲဒီဈာန်သမာပတ်တွေဟာ ကိလေသာတွေကို အမြစ်ပြတ်ခေါင်းပါးအောင် ကင်းပြတ်သွားအောင် ပယ်နိုင်တဲ့ သလ္လေခအကျင့် မဟုတ်သေးဘူး၊ မျက်မှောက်ကိုယ်၌ ချမ်းသာစွာနေရေးတရားနှင့် ငြိမ်သက်ငြိမ်းချမ်းစွာ နေရေးတရားမျှသာ ဖြစ်တယ်။ ဒါကြောင့် ကိလေသာကို အမြစ်ပြတ် ခေါင်းပါးစေနိုင် ကင်းပြတ်စေနိုင်တဲ့ သလ္လေခအကျင့်ကို ကျင့်ရမယ်ဆိုတဲ့အကြောင်းကို ဒီလိုဆက်ပြီး ဟောကြားတော်မူပါတယ်။

## သာသနာတော်၌ သလ္လေခအကျင့်

ဣဓ ပန ဝေါ စုန္ဒ သလ္လေခေါ ကရဏီယော။

စုန္ဒ၊ ချစ်သားစုန္ဒ။ ဣဓ ပန၊ ဤငါဘုရား၏အဆုံးအမ သာသနာ၌မူကား။ ဝေါ၊ ဗုဒ္ဓသာသနာဝင်ဖြစ်ကြသော သင်တို့သည်။ သလ္လေခေါ၊ ကိလေသာကို အမြစ်ပြတ်ငြိမ်းအောင် ခေါင်းပါးစေတတ်သော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်ပေ၏။

သလ္လေခအကျင့်ကို ကျင့်ရမယ်တဲ့။ ဘယ်လိုကျင့်ရမလဲဆိုတော့—

ပရေ ဝိဟိံသကာ ဘဝိဿန္တိ၊ မယမေတ္ထ အဝိဟိံသကာ ဘဝိဿာ·မာတိ သလ္လေခေါ ကရဏီယော—တဲ့။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ဝိဟိံသကာ၊ သူတပါးကို မညှာတာဘဲ ညှဉ်းဆဲနှိပ်စက်တတ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကြကုန်လတ့်။ ဧတ္ထ၊ သူတပါးတို့က ညှဉ်းဆဲကြမည့် ဤအရာ၌။ မယံ၊ ငါတို့သည်။ အဝိဟိံသကာ၊ မညှဉ်းဆဲ

www.dhammaransi.com



မနှိပ်စက်ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်ပေ၏-တဲ့။

သလ္လေခအကျင့်နဲ့ မပြည့်စုံတဲ့သူတွေကတော့ ကိုယ်ချင်းစာမှုမရှိဘဲ သူတပါးကို ရက်ရက်စက်စက် ညှဉ်းဆဲနှိပ်စက်ကြလိမ့်မယ်၊ အဲဒီလိုသူတပါးတွေက နှိပ်စက်ကြမည့်အရာမှာ ငါတို့ကတော့ ကိုယ်ချင်းစာကာ သနားပြီး မညှဉ်းဆဲဘဲနေကြမယ်၊ ညှဉ်းဆဲမှုကို ရှောင်ကြဉ်ကြမယ်လို့ ဒီလိုကျင့်ရမယ်၊ အဲဒီလိုကျင့်တာဟာ သလ္လေခအကျင့်ပါဘဲ တဲ့။

သလ္လေခသုတ်မှာ လိုရင်းတရားက ယခုမှ ရောက်လာတယ်၊ ရှေ့ပိုင်းက အခြေခံတရားတွေကို နာနေကြရတာ တနာရီခွဲလောက်တောင် ရှိသွားပြီ။ ဒီသုတ်မှာဟောထားတဲ့ ပယ်ရမည့်တရားတွေက ဝိဟိံသာ-ညှဉ်းဆဲမှုကစပြီး ၄၄-ပါး ရှိတယ်၊ အဲဒါတွေကို အတိုချုပ် လွယ်လွယ်နဲ့ မှတ်ထားရအောင် ဆောင်ပုဒ်လင်္ကာ တပုဒ် စီထားတယ်၊ အဲဒီဆောင်ပုဒ်မှာလဲ တချို့နေရာမှာ လင်္ကာရေးနည်းနောက် မလိုက်ပဲ အနက်အဓိပ္ပါယ်ကို အလေးပြုပြီး ရေးထားတာလဲ နဲနဲပါတယ်။ အဲဒီဆောင်ပုဒ်ကို ယခု လိုက်ဆိုကြရမယ်။

## ခေါင်းစဉ်ဆောင်ပုဒ်ကြီး

ဝိဟိံသာ, ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ၊ မုသာ, ပိသုံ၊ ဖရု, သမ္ဖာ၊ အဘိဇ္ဈ, ဗျာနှင့်၊ ဆယ်ဖြာ မိစ္ဆတ္တ၊ စဉ်တိုင်းပြ၍၊ ထိန, ဥဒ္ဓစ္စာ၊ ဝိစိကိစ္ဆာနှင့်၊ ကောဓာ, ပနာဟ၊ မက္ခ, ပဠာ၊ ဣဿာ, မစ္ဆေ၊ သာဌေ, မာယာ၊ အတိမာ, ထမ္ဘ၊ ဒုဗ္ဗစနှင့်၊ ပါပမိတ္တော၊ ပမာဒေါ တဖြာ၊ သဒ္ဓါမရှိ၊ အဟိရိက၊ နောတ္တပ္ပနှင့်၊ သုတနည်းဘိ၊ ပျင်းရိတရပ်၊ မုဋ္ဌဿစ္စ၊ ဒုပ္ပညတာ၊ ယူသည်းစွာဟု၊ ကိလေသာဘေး၊ လေးဆဲ့လေးကို၊ ဝေးဝေးစွန့်စေ၊ ညွှန်ပြပေသည်၊ သလ္လေခသုတ် မိန့်ခွန်းတည်း။

အဲဒါဟာ သလ္လေခအကျင့်ဖြင့် ပယ်ရမည့် အကုသိုလ်တရား ၄၄-ပါးရဲ့ ခေါင်းစဉ်ဆောင်ပုဒ်ပဲ။ ဝေငှထားတဲ့စာရွက်ထဲမှာ အဲဒီအကုသိုလ် ၄၄-ပါးကို အစဉ်အတိုင်း ဂဏန်းစဉ်နဲ့ပြထားပါတယ်။ ဝိဟိံသာ ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မ

www.dhammaransi.com



စရိယာ၊ မုသာ ပိသု၊ ဖရု သမ္ဖာ၊ အဘိဇ် ဗျာနှင့်-ဒီတိုင်အောင် အကုသိုလ်တရား ၁၀-ပါး ရှိတယ်။ (၁) ဝိဟိံသာ-ညှဥ်းဆဲခြင်း၊ (၂) ပါဏာတိပါတ-သတ္တဝါကိုသတ်ခြင်း၊ (၃) အဒိန္နာဒါန-သူ့ဥစ္စာကို လုယက်ခိုးယူခြင်း၊ (၄) အဗြဟ္မစရိယ-မေထုန်မှုကို ပြုခြင်း၊ (၅) မုသာဝါဒ-လိမ်လည်ပြောဆိုခြင်း၊ (၆) ပိသုဏာဝါစာ-ဂုံးတိုက်ခြင်း၊ (၇) ဖရုသဝါစာ-ဆဲဆိုခြင်း၊ (၈) သမ္ဖပ္ပလာပ-အနှစ်မဲ့စကား ပြောခြင်း၊ (၉) အဘိဇ္ဈာ-သူ့ဥစ္စာကိုရရန် ကြံခြင်း၊ (၁၀) ဗျာပါဒ-သူတပါးကို သေပျက်စေရန် ကြံခြင်း အဲဒီ ၁၀-ပါးရဲ့ ခေါင်းစဉ်ပါဘဲ၊

အဲဒီကနောက် ဆယ်ဖြာမိစ္ဆတ္တ၊ စဉ်တိုင်းပြ၍-ဆိုတာက (၁) မိစ္ဆာဒိဋ္ဌိ-မှားစွာယူခြင်း၊ (၂) မိစ္ဆာသင်္ကပ္ပ-မှားစွာကြံခြင်း၊ (၃) မိစ္ဆာဝါစာ-မှားစွာပြောခြင်း၊ (၄) မိစ္ဆာကမ္မန္တ-မှားစွာပြုခြင်း၊ (၅) မိစ္ဆာအာဇီဝ-မှားစွာအသက်မွေးခြင်း၊ (၆) မိစ္ဆာဝါယာမ-မှားစွာအားထုတ်ခြင်း၊ (၇) မိစ္ဆာသတိ-မှားစွာအမှတ်ရခြင်း၊ (၈) မိစ္ဆာသမာဓိ-မှားစွာစိတ်တည်ခြင်း၊ (၉) မိစ္ဆာဉာဏ-မှားစွာဆင်ခြင်ခြင်း၊ (၁၀) မိစ္ဆာဝိမုတ္တိ-မှားစွာလွတ်ခြင်း-ဆိုတဲ့ အဲဒီမိစ္ဆတ္တတရားဆယ်ပါးကို အစဉ်အတိုင်း ပြထားတယ်လို့ ဆိုလိုပါတယ်။ ရှေ့ကတဆယ်နဲ့ ယခုတဆယ် ပေါင်းလိုက်ယင် နှစ်ဆယ်ရှိသွားပြီ။

အဲဒီကနောက် (၂၁) ထိနမိဒ္ဓ-စိတ်ထိုင်းမှိုင်းခြင်း၊ (၂၂) ဥဒ္ဓစ္စ-စိတ်ပျံ့လွင့်ခြင်း၊ (၂၃) ဝိစိကိစ္ဆာ-ယုံမှားခြင်း၊ (၂၄) ကောဓ-အမျက်ထွက်ခြင်း၊ (၂၅) ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း၊ (၂၆) မက္ခ-သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ (၂၇) ပဠာသ-ဂုဏ်ကြီးသူနှင့် ဖက်ပြိုင်ခြင်း၊ (၂၈) ဣဿာ-မနာလိုခြင်း၊ (၂၉) မစ္ဆရိယ-ဝန်တိုခြင်း၊ (၃၀) သာဌေယျ-ဟန်ဆောင်၍ ပလွှားခြင်း-ဒီထိအောင် သုံးဆယ်ရှိသွားပြီ၊ ဒါတွေကတော့ ဆောင်ပုဒ်အရပင် ထင်ရှားနေပါပြီ။ အခြားသုတ်များမှာတော့ မာယာ ပြီးမှ သာဌေယျကို ဟောတယ်၊ ဒီသုတ်မှာတော့ သာဌေယျကို ရှေးဦးစွာ ဟောထားတယ်၊ အဲဒီအစဉ်အတိုင်းဘဲ ဆောင်ပုဒ်စီထားပါတယ်။

ဒါကြောင့် အဲဒီသာဌေယျပြီးတော့ (၃၁) မာယာ-မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း၊ (၃၂) ထမ္ဘ-အရိုအသေမပြုနိုင်ခြင်း၊ (၃၃) အတိမာန-အလွန်

www.dhammaransi.com



အထင်ကြီးခြင်း၊ (အခြားသုတ်များမှာ အတိမာနကို ရှေးဦးစွာ ဟောတယ်၊ ဒီသုတ်မှာတော့ ထမ္ဘကို ရှေးဦးစွာ ဟောထားတယ်၊ ဒါပေမဲ့ ဆောင်ပုဒ်မှာတော့ ကာရန်ရတဲ့အတိုင်း "အတိမာ ထမ္ဘ" လို့ဘဲ စီထားတယ်။) (၃၄) ဒုဗ္ဗစတာ-ဒေါဝစဿတာ-ဆိုဆုံးမခက်ခြင်း၊ (၃၅) ပါပမိတ္တတာ-မိတ်ဆွေညံ့နှင့် ပေါင်းခြင်း (၃၆) ပမာဒ-ကုသိုလ်ရေး၌ မေ့ခြင်း၊ (၃၇) အသဒ္ဓတာ-သဒ္ဓါတရားမရှိခြင်း၊ (၃၈) အဟိရိက-အကုသိုလ်မှ မရှက်ခြင်း၊ (၃၉) အနောတ္တပ္ပ-အကုသိုလ်မှ မကြောက်ခြင်း၊ (၄၀) အပ္ပသုတတာ-အကြားအမြင်နည်းခြင်း၊ ဒီထိအောင် လေးဆယ်ရှိသွားပြီ၊ ဒါတွေလဲ ဆောင်ပုဒ်အရပင် ထင်ရှားနေပါပြီ။ အဲဒီ ကနောက်—

(၄၁) ကောသဇ္ဇ-ပျင်းရိခြင်း၊ (၄၂) မုဋ္ဌဿစ္စ-သတိလွတ်ခြင်း-သတိမေ့ ခြင်း၊ (၄၃) ဒုပ္ပညတာ-ဝိပဿနာပညာမဲ့ခြင်း၊ (၄၄) သန္ဒိဋ္ဌိပရာမာသ-အယူ သည်းခြင်း၊ ဒါတွေလဲ ဆောင်ပုဒ်အရပင် ထင်ရှားနေပါပြီ။ အဲဒီ ၄၄-ပါးဟာ ဒီသလ္လေခသုတ်မှာ ပယ်ရမည့် အကုသိုလ်ကိလေသာအဖြစ်ဖြင့် ထုတ်ဖော်ပြီး ဟောထားတာတွေဖြစ်ပါတယ်။ ဒါကြောင့်—

ဝိဟိံသာ ပါတ၊ အဒိန္နနှင့် ။ပ။ ဒုပ္ပညတာ၊ ယူသည်းစွာဟု၊ ကိလေသာဘေး၊ လေးဆဲ့လေးကို၊ ဝေးဝေးစွန့်စေ၊ ညွှန်ပြပေသည်၊ သလ္လေခသုတ်မိန့်ခွန်းတည်း လို့ ဆောင်ပုဒ်က ဆိုထားပါတယ်။

## သလ္လေခအကျင့် အကျယ်ပြချက်

ယခုပြောခဲ့တဲ့ လေးဆဲ့လေးပါးသော အကုသိုလ်တရားတွေကို စျာန်သမာ ပတ်မျှဖြင့် အမြစ်ပြတ် ကင်းငြိမ်းအောင် မပယ်နိုင်ဘူး၊အဲဒီအကုသိုလ် ၄၄-ပါးရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သီလ သမာဓိ ပညာအကျင့်ကို ပြည့်စုံအောင်ကျင့်မှ အဲဒီ အကုသိုလ်တွေကို အမြစ်ပြတ် ငြိမ်းစေနိုင်တယ်။ အောက်ထစ်ဆုံးအားဖြင့် သောတာပတ္တိမဂ်ကိုရောက်မှ အမြစ်ပြတ် ငြိမ်းစေနိုင်တယ်။ သောတာပတ္တိ မဂ်ကိုရောက်ယင် အဲဒီ ၄၄-ပါးထဲက မိစ္ဆာဒိဋ္ဌိရယ်၊ အယူသည်းတာရယ်၊ ဝိစိ ကိစ္ဆာရယ်၊ ပါဏာတိပါတရယ်-ဒီလို အကုသိုလ်တရားတွေ အမြစ်ပြတ် ကင်းငြိမ်း သွားတယ်၊ အတိုချုပ်အားဖြင့်ဆိုယင် အပါယ်လေးပါးကို ကျရောက်စေနိုင်တဲ့

www.dhammaransi.com



အကုသိုလ်တရားတွေ အကုန်လုံးကင်းငြိမ်းသွားတယ်။ အဲဒီလို အကုသိုလ်တရား ကိလေသာတရားတွေ ကင်းငြိမ်းသင့်သမျှ ကင်းငြိမ်းဖို့က အရေးကြီးပါတယ်။ သမာဓိရတယ်၊ ဈာန်ရတယ်၊ အကြားအမြင်ပေါက်တယ်၊ တရားထူးရတယ် ဆိုရုံနဲ့ ကိစ္စပြီးတာမဟုတ်ဘူး၊ အောက်ထစ်ဆုံး ယခုပြောခဲ့တဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပါဏာတိပါတ အစရှိတဲ့ အပါယ်လားကြောင်း ကိလေသာတွေ ကင်းငြိမ်းဖို့က အရေးကြီးပါတယ်၊ အဲဒီလို ကိလေသာတွေ မကင်းငြိမ်းဘူးဆိုယင် တရားထူး ရတယ်ဆိုတာဟာ ဘာမျှအရာမရောက်ဘူးလို့သာ မှတ်ထားကြပေတော့။

သာသနာပမှာ ဈာန်ရတာဟာ အဲဒီဈာန်မပျက်စီးဘဲ သေသွားယင် ဗြဟ္မာ့ပြည်ရောက်ပြီး အသက်ရှည်စွာနေရဘို့ – ဒါလောက်ပဲ အကျိုးရှိတယ်၊ အဲဒီဗြဟ္မာ့ဘုံက စုတေတဲ့အခါ လူ့ဘုံ နတ်ဘုံကို ပြန်ရောက်လာရမယ်၊ အဲဒီအခါ ကာမဂုဏ်အာရုံတွေနဲ့ ပျော်မွေ့ပြီး အပါယ်လားကြောင်း မကောင်းမှုတွေကို ပြုမိယင် အပါယ် ၄-ပါးလဲ ကျရဦးမှာဘဲ။ နောက်ပြီးတော့ ဒီသာသနာတော်အတွင်းမှာ ဈာန်ရနေတဲ့ပုဂ္ဂိုလ်လဲ အဲဒီဈာန်လောက်နဲ့ အားရကျေနပ်နေယင် သာသနာပ ဈာန်ရပုဂ္ဂိုလ်နဲ့ အတူတူပါဘဲ၊ အပါယ် ၄-ပါးက လွတ်မြောက်တဲ့ တရားကို မရောက်နိုင်ဘူး။ ထူးတာကတော့ သာသနာတွင်းဈာန်ရပုဂ္ဂိုလ်မှာ အဲဒီဈာန်ကို အခြေခံပြုပြီး ဝိပဿနာရှုလိုက်ယင်တော့ အပါယ်ဆင်းရဲ သံသရာဆင်းရဲမှ လွတ်မြောက်စေနိုင်တဲ့ မဂ်ဖိုလ်တရားထူးတွေကိုလဲ ရနိုင်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီလို ဈာန်လောက်နဲ့ အားရမနေဘဲ အကုသိုလ်တရားတွေကို အမြစ်ပြတ်ပယ်နိုင်တဲ့ သလ္လေခအကျင့်ကို ကျင့်ဘို့ရာ ဒီမှာဟောကြားထားပါတယ်။

## အဝိဟိံသာတရား

အဲဒီမှာ ရှေးဦးစွာ အဝိဟိံသာဆိုတဲ့ မညှဉ်းဆဲခြင်းတရားက စပြီးဟောထားပါတယ်။ သူတပါးကို ညှဉ်းဆဲတယ်ဆိုတာ တော်တော်မတရားတဲ့အမှုပါဘဲ၊ စဉ်းစားကြည့်ပါ၊ သူများက ကိုယ့်ကိုလာပြီး အကြောင်းမဲ့ နိုင်လိုမင်းထက်ညှဉ်းဆဲမယ်ဆိုယင် ခွင့်ပြုလက်ခံနိုင်ပါမည်လား၊ လက်မခံနိုင်ဘူး၊ စွမ်းနိုင်မယ်ဆိုယင် အဲဒီညှဉ်းဆဲတဲ့သူကို ချေပမှာဘဲ၊ လူတိုင်း လူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်း ဒီသဘောချည်းပါဘဲ၊ အဲဒီတော့ ကိုယ်လက်မခံနိုင်တဲ့ ညှဉ်းဆဲမှု

www.dhammaransi.com



ကို သူတပါးအား ပြုမယ်ဆိုယင် တော်ပါ့မလား၊ မတော်ဘူးလို့ဘဲ ဖြေရပေလိမ့်မယ်၊ အဲဒီလို ကိုယ်ချင်းစာတရားနဲ့ ဆင်ခြင်ပြီး ညှဉ်းဆဲမှုကို မပြုလုပ်ပဲ ကြဉ်ရှောင်သွားတို့ပါဘဲ။ အဲဒီမညှဉ်းဆဲမှုကိုတော့ သတ္တဝါတိုင်းက လက်ခံနိုင်ပါတယ်။

အိန္ဒိယမှာဆိုယင် ဒီမညှဉ်းဆဲမှုဆိုတဲ့ အဟိံသာအကျင့်ကို အင်မတန် အလေးပြုကြတယ်၊ ဂျိန်းဘာသာဝင်တွေက သူတို့ရဲ့ ကျင့်ဝတ်ကြီးငါးခုထဲမှာ ဒီအဟိံသာတရားကို ပဌမဆုံးခေါင်းထိပ်က ပြထားပါတယ်၊ အဲဒါဟာ အထူးအလေးပြုတဲ့ သဘောကို ပြတာပါဘဲ၊ ဒါပေမဲ့ မညှဉ်းဆဲအပ်တဲ့ သတ္တဝါကို သူတို့ပြပုံကတော့ နယ်လွန် ပယ်လွန် ဖြစ်နေပါတယ်၊ သူတို့က စိတ်ဝိညာဉ်ရှိတဲ့အကောင်တွေကိုသာမဟုတ်ပဲ ရေအေးတွေ စိမ်းစိုတဲ့ မြက်သစ်ပင်တွေ မြေကြီးတွေပါ သတ္တဝါတွေလို့ ဆိုထားပါတယ်။ ဒါကြောင့် သူတို့နဲ့အငြင်းအခုံမပွါးရအောင်လို့ မြတ်စွာဘုရားက ရဟန်းများအား မြက်သစ်ပင်ကို မဖျက်ဆီးရန်၊ မြေကို မတူးဆွရန် ဒီလိုသိက္ခာပုဒ်တွေတောင် ပညတ်ထားခဲ့ပါတယ်။ အဲဒါကတော့ အငြင်းပွါးပြီး အကုသိုလ်မဖြစ်ဖို့လောက်ပဲ ရည်ရွယ်ချက်ရှိပါတယ်။ တကယ်စင်စစ်ကတော့ မြက်သစ်ပင်တို့ မြေကြီးတို့ဆိုတာတွေဟာ သတ္တဝါတွေမဟုတ်ပါဘူး၊ ရဟန်းမဟုတ်တဲ့သူတွေမှာဆိုယင် အဲဒီမြက်သစ်ပင်တို့မြေကြီးတို့ကို ခုတ်ဖြတ်ဖျက်ဆီးခြင်း တူးဆွခြင်းကြောင့် ဘာအကုသိုလ်မှ မဖြစ်ပါဘူး။ တကယ်မညှဉ်းဆဲအပ်တဲ့ သတ္တဝါဆိုတာကတော့ စိတ်ဝိညာဉ်ရှိတဲ့ အကောင်တွေသာ ဖြစ်ပါတယ်၊ အကောင်းအဆိုးကို သိမှု ခံစားမှုရှိတဲ့ အကောင်တွေသာ ဖြစ်ပါတယ်။ အဲဒီစိတ်ဝိညာဉ်ရှိတဲ့ အကောင်းအဆိုးကိုသိတတ် ခံစားတတ်တဲ့ သတ္တဝါဆိုယင်တော့ သေးသေးကြီးကြီး မညှဉ်းဆဲရဘူး-ဒါလောက်ပဲ မြတ်စွာဘုရားသာသနာတော်မှာ ရည်ရွယ်ချက်ရှိပါတယ်။

ဒီလိုမညှဉ်းဆဲမှုက ဘာကြောင့် ဈာန်သမာပတ်တွေထက် မြင့်မြတ်ပါသလဲလို့ မေးစရာရှိပါတယ်၊ မြင့်မြတ်ခြင်း၏ အကြောင်းကတော့ ဒီလိုပါ၊ ညှဉ်းဆဲမှုကိလေသာက သုံးဆင့်ရှိပါတယ်၊ ကိုယ်ဖြင့် နှုတ်ဖြင့် ညှဉ်းဆဲတာကို ဝီတိက္ကမ ကိလေသာခေါ်တယ်၊ ကာယကံမြောက် ဝစီကံမြောက်ညှဉ်းဆဲမှုပါဘဲ၊ အဲဒီ ဝီတိက္ကမကိလေသာခေါ်တဲ့ ညှဉ်းဆဲမှုကို သီလဖြင့် ပယ်ရတယ်၊

www.dhammaransi.com



သီလကို ရှိရှိသေသေ စောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်က သူတပါးကို မညှဉ်းဆဲဘူး၊ အမျက်ထွက်ပြီး ညှဉ်းဆဲလိုတဲ့စိတ် ဖြစ်ပေမဲ့ သီလကို ရှိသေသောအားဖြင့် ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်မှုကိုတော့ သူက မပြုဘူး။

နောက်ပြီးတော့ စိတ်ထဲမှာ ညှဉ်းဆဲချင်တဲ့ကြံစည်မှုတွေ ဖြစ်နေတာကိုတော့ ပရိယုဋ္ဌာန်ကိလေသာခေါ်တယ်၊ စိတ်ကူးကြံစည်မှုဆိုတဲ့ စိတ်အစဉ် စိတ်သန္တာန်မှာ ထကြွဖြစ်ပေါ်နေတဲ့ ညှဉ်းဆဲလိုမှု ကိလေသာပါဘဲ၊ အဲဒီ ပရိယုဋ္ဌာန် ကိလေသာကိုတော့ ဥပစာ အပ္ပနာသမာဓိစျာန်များနဲ့ ပယ်ရတယ်၊ ပထဝီကသိုဏ်းအာရုံကို ပထဝီ ပထဝီ မြေ မြေ-လို့ မပြတ်ရှုနေယင် အဲဒီလို ညှဉ်းဆဲလိုတဲ့ စိတ်ကူးကြံစည်မှုတွေ မဖြစ်ရတော့ဘူး၊ ဒီပြင် ကသိုဏ်းအာရုံတွေကို ရှုနေယင်လဲ အဲဒီလို ညှဉ်းဆဲလိုတဲ့ စိတ်ကူးကြံစည်မှုတွေ မဖြစ်နိုင်တော့ဘူး၊ ငြိမ်းနေတယ်၊ အာနာပါနကမ္မဋ္ဌာန်းကို ရှုနေယင်လဲ ငြိမ်းတာဘဲ၊ ဒီပြင် သမထကမ္မဋ္ဌာန်းတမျိုးမျိုးကို ရှုနေယင်လဲ အဲဒီ ညှဉ်းဆဲလိုမှု ကိလေသာဟာ ကင်းငြိမ်းနေတာဘဲ၊ အဲဒီလိုရှုပြီး အပ္ပနာစျာန်ရောက်နေယင်တော့ အထူးပြောစရာမလိုပါဘူး၊ စျာန်ရောက်နေခိုက်မှာလဲ အဲဒီလို ညှဉ်းဆဲလိုတဲ့စိတ်ကူး မဖြစ်ရဘူး၊ ငြိမ်းနေတယ်၊ စျာန်က ထပြီး အလွတ်နေတဲ့အခါလဲ အကြောင်းအထူးမရှိယင် ငြိမ်းမြဲ ငြိမ်းနေတာဘဲ၊ သို့သော် အကြောင်းအထူးနဲ့ တွေ့ရယင်တော့ အဲဒီလို ညှဉ်းဆဲလိုတဲ့ ဒေါသက ပြန်ပြီး ပေါ်လာတတ်သေးတာဘဲ၊ ဒါပေမဲ့ အကြောင်းထူးနဲ့ မတွေ့ရမီအတွင်း အဲဒီလို ကြာရှည်စွာမဖြစ်ပဲ ကင်းကွာနေတာကို ဝိက္ခမ္ဘန-ပဟာန်ဖြင့် ပယ်ထားလို့ ဝေးကွာနေတာလို့ ဆိုရတယ်။

ဥပမာအားဖြင့် ရေကန်ထဲမှာ မှော်သေးကလေးတွေက ရေမျက်နှာပြင်ပေါ်မှာ ဖုံးနေတယ် ဆိုပါတော့၊ ရေခပ်တဲ့လူက အဲဒီမှော်တွေကို ရေအိုးနဲ့ ရိုက်လိုက်ယင် ဘေးကို ရှဲကွာသွားကြတယ်၊ အဲဒီအခါ ရေထဲကို အိုးနှစ်ပြီး ရေခပ်ယူလိုက်ယင် အဲဒီမှော်တွေဟာ ဘေးကို တော်တော်ဝေးဝေး ရွေ့ရှားသွားကြတယ်၊ အဲဒီ ရေခပ်တဲ့နေရာမှာ မှော်မရှိဘဲ ကွက်လပ်ကလေး ဖြစ်နေတယ်၊ ရုတ်တရက် ပြန်ပြီး မှော်တွေ ပြည့်မလာဘူး၊ ဒါပေမဲ့ တဖြေးဖြေး မှော်တွေက ပြန်လာကြတယ်၊ တော်တော်ကြာတော့ ရေမျက်နှာပြင်မှာ ပြည့်မြဲဘဲ ပြန်ပြီး ပြည့်လာတယ်၊ စျာန်သမာဓိဖြင့် ကိလေသာကို ကွာစေတယ်

www.dhammaransi.com



ဆိုတာက အဲဒီ ရေမှော်တွေကို ကွာစေပုံနဲ့ တူတယ်လို့ အဋ္ဌကထာများမှာ ပြဆို ထားပါတယ်၊ ဒါကြောင့် ဈာန်သမာဓိဖြင့် ပယ်ခွါထားလို့ နှစ်ပေါင်းများစွာ မဖြစ်ပဲ ကင်းကွာနေပေမယ်လို့ အကြောင်းထူးနဲ့ တွေ့ရတဲ့အခါကျတော့ ကိလေသာ ပြန်ပြီး ဖြစ်မြဲ ဖြစ်ပြန်တာဘဲ၊ မူလပြန်တဲ့သဘောပါဘဲ၊ ရှေးနား ပိုင်းက ပြောခဲ့တဲ့ အဘိညာဉ်ရ မထေရ်ကြီးတွေမှာ ဆင်ရုပ်ကို ကြောက်မှု, မိန်းမရုပ်ကို တပ်မက်မှု ဖြစ်တာမျိုးပေါ့။

နောက်ပြီးတော့ ဒွါရ ၆-ပါးက ထင်ရှားပေါ်လာတဲ့ စိတ်ဆိုးစရာ ရုပ်နာမ်ကို မရှုမမှတ်မိလျှင် ဖြစ်စေ၊ အနာဂါမိမဂ်ကို မရောက်သေးလျှင် ဖြစ်စေ အဲဒီ ပုဂ္ဂိုလ်၏ သန္တာန်မှာ အကြောင်းညီညွတ်ယင် ညှဉ်းဆဲလိုတဲ့ ဒေါသကိလေသာ ဟာ ဖြစ်နိုင်တယ်၊ အဲဒီလို ဖြစ်နိုင်တဲ့သဘောကို အနုသယကိလေသာ ခေါ်တယ်၊ အဲဒါဟာ မြင်စဉ် တွေ့စဉ်က ဒေါသမဖြစ်ခဲ့ပေမဲ့ မရှုမမှတ်ခဲ့မိလို့ရှိယင် ပြန်လည် စဉ်းစားတဲ့အခါမှာ ဒေါသဖြစ်ပြီး ညှဉ်းဆဲလိုတဲ့စိတ်တွေ ဖြစ်လာနိုင်တယ်၊ အဲဒီ အနုသယကိလေသာကိုတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ ပယ်ရတယ်၊ ဒွါရ ၆-ပါးက ပေါ်လာသမျှ ရုပ်နာမ်တွေကို မပြတ်ရှုနေတဲ့သူမှာ စိတ်ဆိုးစရာအာရုံကို တွေ့ရပေမယ်လို့ စိတ်ဆိုးစရာရယ်လို့ မထင်ခဲ့ဘူး၊ တခဏချင်း ပျက်သွားတဲ့ အနိစ္စသဘော ဒုက္ခ အနတ္တသဘောလို့သာ ထင်ခဲ့ သိခဲ့တယ်၊ ဒါကြောင့် အဲဒီ တွေ့ရစဉ်အခိုက်တုန်းကလဲ ဒေါသမဖြစ်ခဲ့ဘူး၊ ပြန်လည်စဉ်းစားပြီးတော့လဲ ဒေါသမဖြစ်ဘူး၊ အဲဒါဟာ ဝိပဿနာက ညှဉ်းဆဲလိုတဲ့ ဒေါသကို တဒင်္ဂပဟာန်ဖြင့် ပယ်တာပါဘဲ၊ ဒါပေမဲ့ မရှုမိတဲ့အာရုံမှာတော့ ဒေါသက ဖြစ်နိုင်သေးတာဘဲ၊ အမြစ်ပြတ်တော့ မငြိမ်းသေးဘူး၊ သို့သော်လဲ ဝိပဿနာရှုတိုင်း ရှုတိုင်းဟာ အဲဒီ ညှဉ်းဆဲလိုတဲ့ ဒေါသကို အမြစ်ပြတ်ပယ်နိုင်အောင် ကျင့်နေတဲ့ အခြေခံ သလ္လေခ အကျင့်တော့ ဖြစ်နေပါတယ်၊ ဒါကြောင့် အဲဒီ ဝိပဿနာဉာဏ်က ရင့်သန် ပြည့်စုံတဲ့အခါမှာ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာတယ်၊ အဲဒီအခါမှာ အပါယ်ကျလောက်အောင် ကြမ်းတမ်းတဲ့ ညှဉ်းဆဲမှု ဒေါသမျိုးကင်းသွားတယ်၊ သကဒါဂါမိမဂ်ဉာဏ် ဖြစ်ပေါ်လာတဲ့အခါမှာ အဲဒီ ဒေါသဟာ သာပြီးတော့ နည်းပါးအားနည်းသွားတယ်၊ အနာဂါမိမဂ်ဉာဏ်ရောက်တဲ့အခါကျတော့ အဲဒီ ညှဉ်းဆဲလိုတဲ့ ဒေါသဟာ လုံးဝကင်းပြတ်သွားတယ်၊ ဝိဟိံသာဆိုတဲ့ ညှဉ်းဆဲမှုမှ

www.dhammaransi.com



ကြည်ရှောင်တဲ့ မညှဉ်းဆဲမှု သလ္လေခအကျင့်က အဲဒီ အနာဂါမိမဂ်ရောက်အောင် ကျင့်ရမှာ ဖြစ်ပါတယ်၊ ဒါကြောင့် မညှဉ်းဆဲမှု သလ္လေခအကျင့်ကို ဈာန်သမာပတ်တွေထက် မြင့်မြတ်တယ်လို့ ဟောတော်မူခြင်း ဖြစ်ပါတယ်။

ယခု ဒီသာသနာ့ရိပ်သာမှာ ဝိပဿနာတရားအားထုတ်နေကြတဲ့ ယောဂီတွေဟာ အဲဒီ သလ္လေခအကျင့်ကို ကျင့်နေကြတာဘဲ၊ သီလဆောက်တည်ကတည်းက ညှဉ်းဆဲမှုမှ ကြည်ရှောင်တဲ့ သလ္လေခအကျင့် ပါဝင်လာခဲ့တယ်၊ အဲဒီကနောက် ဖောင်းတာ ပိန်တာက စပြီးတော့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားပြုပြင်တိုင်း စိတ်ကူးစဉ်းစား ကြံသိတိုင်း အကောင်း အဆိုး ဝေဒနာတွေ ဖြစ်ပေါ်တိုင်း သတိပညာဖြင့် မပြတ်ရှုမှတ်နေကြရတယ်၊ အဲဒီလို မှတ်တိုင်း မှတ်တိုင်းဟာ ညှဉ်းဆဲလိုတဲ့ ဒေါသကို တဒင်္ဂပဟာန်ဖြင့် ပယ်ပယ်သွားတယ်၊ ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီ သလ္လေခအကျင့်ကို ကျင့်နေသည် မည်ပါတယ်၊ နောက်ဆုံး အကြောင်းညီညွတ်တဲ့ အချိန်ကျယင် အရိယာမဂ်ဖြင့် အဲဒီ ညှဉ်းဆဲလိုတဲ့ ဒေါသကို အမြစ်ပြတ်ပယ်နိုင်ပါလိမ့်မယ်၊ အဲဒီလို အမြစ်ပြတ်ပယ်နိုင်တဲ့ အရိယာမဂ်အကျင့်ကတော့ ဒီအပိုဒ်မှာ ခေါင်ထိပ် သလ္လေခအကျင့် ဖြစ်ပါတယ်၊ ဒါကြောင့် ယခု ရှုမှတ်နေကြတဲ့ ယောဂီတွေဟာ ဈာန်သမာပတ်တွေထက် မြင့်မြတ်တဲ့ သလ္လေခအကျင့်ကို ငါတို့ ကျင့်နေရပေတယ်လို့ အာရုံပြုပြီး ဝမ်းမြောက်ကြဘို့ စိတ်အားတက်ကြဘို့ပါဘဲ။ အဲဒါဟာ—

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ဝိဟိံသကာ၊ သူတပါးကို မညှာတာဘဲ ညှဉ်းဆဲနှိပ်စက်တတ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကြကုန်လတ့်။ ဧတ္ထ၊ သူတပါးတို့က ညှဉ်းဆဲကြမည့် ဤအရာ၌။ မယံ၊ ငါတို့သည်။ အဝိဟိံသကာ၊ မညှဉ်းဆဲမနှိပ်စက်ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်ပေ၏-လို့ ဟောတော်မူတဲ့ ဘုရားစကားတော်နဲ့ အညီပါဘဲ။ ဒါကြောင့် ဘုန်းကြီးကလဲ—

သူများတွေက ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်-လို့ ဆောင်ပုဒ်ပေးထားပါတယ်။

www.dhammaransi.com



ယခုပြောခဲ့တဲ့ ဝါရ-က သလ္လေခဝါရ-လို့ ခေါ်ပါတယ်၊ ဒီဝါရမှာ ဝိဟိံသာမှ ကျန်တဲ့ ကိလေသာ ၃၃-ပါးကိုလဲ ဒီနည်းအတိုင်းဘဲ ဟောထားပါတယ်၊ အဲဒီက နောက် စိတ္တုပ္ပါဒဝါရကို ဒီလို ဟောတော်မူပြန်ပါတယ်။

## စိတ္တုပ္ပါဒဝါရ

စိတ္တုပ္ပါဒမ္ပိ ခေါ အဟံ စုန္ဒ ကုသလေသု ဓမ္မေသု ဗဟုကာရံ ဝဒါမိ၊ ကော ပန ဝါဒေါ ကာယေန ဝါစာယ အနုဝိဓီယနာသု။

စုန္ဒ၊ ချစ်သားစုန္ဒ။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ စိတ္တုပ္ပါဒမ္ပိ၊ စိတ်ဖြစ်ရုံမျှကိုသော်လည်း။ ဗဟုကာရံ၊ အကျိုးကျေးဇူးများလှပြီဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဒါန သီလ ဘာဝနာ ကုသိုလ်တရားတွေနဲ့စပ်ပြီး စိတ်ကူးဖြစ်ရုံမျှပင် အကျိုးကျေးဇူးများလှပါပြီ-တဲ့၊ ဒါနကုသိုလ်မှာ ဆိုယင် ပေးကမ်းလှူဒါန်းမည်လို့ ကြံရုံမျှရှိသေး၊ တကယ်မပေးမလှူရသေးဘူး၊ အဲဒါတောင် ကျေးဇူးများလှပါပြီ-တဲ့၊ ထို့အတူ ငါးပါးသီလစောင့်ဘို့ ရှစ်ပါးသီလစောင့်ဘို့ ရှင်ပြုဘို့ တရားနာဘို့ တရားအားထုတ်ဘို့ စိတ်ကူးကြံစည်ရုံမျှပင် ကျေးဇူးများလှပါပြီ-တဲ့၊ အဲဒီလောက် ဆိုယင်ကို မိမိတို့ အလိုရှိတဲ့ လူ့ချမ်းသာ နတ်ချမ်းသာ ကောင်းကျိုးတွေကို ရနိုင်ပါပြီ-တဲ့၊ မဏ္ဍုကဒေဝပုတ္တ ဆိုတဲ့ သေဌေးသားဟာ သေခါနီး ဆဲဆဲမှာ မြတ်စွာဘုရားကို ဖူးမြင်ရပြီး ကြည်ညိုတဲ့ကုသိုလ်စိတ်ဖြစ်တယ်၊ အဲဒီ ကုသိုလ်စိတ်ကြောင့် မကြာမီသေသွားတဲ့အခါ တာဝတိံသာနတ်ပြည်ကို ရောက်သွားတယ်၊ စမ္ပာမြို့ ဂဂ္ဂရာရေကန်အနီးမှာ ဖားတကောင်ဟာ မြတ်စွာဘုရား ဟောတဲ့ တရားသံကို ကြည်ညိုနေရင်း နွားကျောင်းသား၏ ဝါးရင်းဒုတ်နဲ့ ထောက်မိ ဖိမိတဲ့ဒဏ်ကြောင့် သေသွားတဲ့အခါ သူလဲ တာဝတိံသာနတ်ပြည်ကို ရောက်သွားတယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးခါစက အဇာတသတ် မင်းက စေတီတည်ထားပူဇော်တဲ့အခါ ရာဇဂြိုဟ်မြို့သူတယောက်ဟာ အဲဒီ စေတီကို ပူဇော်ဘို့ သပွတ်ခါးပွင့် ၄-ပွင့်ကိုယူပြီး စေတီဆော်ဆီသွားနေတုန်း လမ်းမှာ နွားဝှေ့လို့ သေဆုံးပြီးတော့ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းရဲ့

www.dhammaransi.com



အခြေခံအရံထဲမှာ ရွှေရထားကြီးနှင့်တကွ ဖြစ်သွားတယ်၊ အဲဒါတွေဟာ ကုသိုလ်စိတ်ကူးဖြစ်ရုံမျှနဲ့ နတ်ချမ်းသာဆိုတဲ့ အကျိုးကိုရသွားကြတာတွေပါဘဲ။

စိတ်ကူးကြံစည်တဲ့အတိုင်း ဒါနကုသိုလ်ထမြောက် အောင်မြင်သွားယင် သီလကုသိုလ် ဘာဝနာကုသိုလ်တွေ ထမြောက် အောင်မြင်သွားယင်တော့ အကျိုးကျေးဇူးများတာဟာ အထူးပြောစရာမလိုပါဘူး၊ ဒါကြောင့် ကာယေန ဝါစာယ၊ ကိုယ်ဖြင့် နှုတ်ဖြင့်။ အနုဝိဓိယနာသု၊ ကြံစည်တဲ့အတိုင်းလိုက်၍ အောင်မြင်စွာ ပြုလုပ်မှုတို့၌။ ကော ပန ဝါဒေါ၊ ကျေးဇူးများသည်ဟု ပြောဆိုဘွယ် အဘယ်မှာရှိတော့အံ့နည်း-လို့လဲ ဆက်ပြီး ဟောတော်မူပါတယ်။

နောက်ပြီးတော့ ကျေးဇူးများပုံ တနည်းပြရလျှင် လူ့လောက နတ်လောကဌ ကြီးပွါးချမ်းသာနေကြရတာတွေဟာလဲ ဒီလို စပြီး ဖြစ်ပေါ်လာတဲ့ ကုသိုလ်စိတ်ကူးက အခြေခံလာတာဘဲ၊ အဲဒီ ကုသိုလ်စိတ်ကူးကြောင့် ဒါန သီလစသော ကုသိုလ်တွေကို ပြုနိုင်ကြတယ်၊ အဲဒီ ကုသိုလ်တွေကြောင့် လူ့လောက နတ်လောကမှာ ဖြစ်ပြီး ကြီးပွါးချမ်းသာနေကြတယ်၊ ဘုရား ရဟန္တာ အရိယာတွေ ဖြစ်ကြတယ် ဆိုတာလဲ ဒီလို ကုသိုလ်စိတ်ကူးဖြစ်ရာက အခြေခံလာခဲ့တာဘဲ၊ ဘုရားဖြစ်အောင် ပါရမီဖြည့်လိုတဲ့ အကြံကလေးကစပြီး ဘုရားဖြစ်ဖို့ ဆုပန်ခဲ့တယ်၊ ပါရမီတွေကို ဖြည့်ခဲ့တယ်၊ နောက်ဆုံးတချိန်ကျတော့ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တယ်၊ အဂ္ဂသာဝက မဟာသာဝက စသည်တွေလဲ ဒီနည်းအတိုင်းဘဲ၊ အဲဒီလို သာဝကအထူးဖြစ်အောင် ပါရမီဖြည့်ဘို့ စိတ်ကူးက စလာခဲ့တာဘဲ၊ အရိယာ သာမန်ရဟန္တာ ဖြစ်ကြရတာလဲ ဒီလို ကုသိုလ်စိတ်ကူးကလေးက စလာခဲ့တာဘဲ။ ယခု ဒီမှာ တရားအားထုတ်နေကြတဲ့ ယောဂီတွေလဲ ဒီလို ကုသိုလ်စိတ်ကူးက စလာခဲ့တာဘဲ၊ ဒီအတိုင်း အားထုတ် နေရင်းဘဲ တနေ့တချိန်ကျယင် မိမိတို့ အလိုရှိတဲ့ တရားထူးတွေကို ရသွားကြမယ်။ ဒါကြောင့် ပဌမစပြီး ကုသိုလ်စိတ်ကူးဖြစ်တာဟာ ကျေးဇူးများပါတယ်-တဲ့။ အဲဒီ စိတ်ကူးအတိုင်း လိုက်ပြီး အပြည့်အစုံ ပြုကျင့်လိုက်တဲ့ အခါကျတော့ မိမိတို့ အလိုရှိနေတဲ့ လောကီအကျိုး လောကုတ္တရာအကျိုးတွေကို အပြည့်အစုံ ရသွားကြမယ်။ ဒါကြောင့် ကြံစည်တဲ့အတိုင်း ဒါန သီလ ဘာဝနာအမှုတွေကို

www.dhammaransi.com



ကိုယ်ဖြင့် နှုတ်ဖြင့် စိတ်ဖြင့် လိုက်ပြီး ပြုကျင့်ရမှာတော့ အကျိုးများပုံကို ပြောစရာ မလိုတော့ပါဘူးတဲ့။

တသ္မာတိဟ စုန္ဒ ပရေ ဝိဟိံသကာ ဘဝိဿန္တိ၊ မယမေတ္ထ အဝိဟိံသကာ ဘဝိဿာမာတိ စိတ္တံ ဥပ္ပါဒေတဗ္ဗံ။

စုန္ဒ၊ ချစ်သား စုန္ဒ။ တသ္မာ၊ ထိုသို့ ကုသိုလ်စိတ်ကူးဖြစ်ရုံမျှပင် ကျေးဇူးများလှသောကြောင့်။ ပရေ၊ သူတပါးတို့သည်။ ဝိဟိံသကာ၊ သူတပါးကို မညှာတာဘဲ ညှဉ်းဆဲ နှိပ်စက်တတ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကြကုန်လတ့်။ ဧတ္ထ၊ သူတပါးတို့က ညှဉ်းဆဲကြမည့် ဤအရာ၌။ မယံ၊ ငါတို့သည်။ အဝိဟိံသကာ၊ ကိုယ်ချင်းစာလျက် မနှိပ်စက် မညှဉ်းဆဲကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကြကုန်အံ့။ ဣတိ စိတ္တံ၊ ဤသို့သောစိတ်ကို။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏-တဲ့။

သူတပါးတို့က ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ မညှဉ်းဆဲဘူး ဆိုတဲ့ ဒီလို ကုသိုလ်စိတ်ကို ဖြစ်စေရမယ်၊ ဒီလို သနားကျင်နာပြီး မညှဉ်းဆဲလိုတဲ့ ကုသိုလ်စိတ်ကလေး ဖြစ်ရုံမျှပင် ကျေးဇူးများလှပြီလို့ ဆိုလိုပါတယ်။ ဒါကြောင့် ဘုန်းကြီးကလဲ ဆောင်ပုဒ်ထဲမှာ ဒီဝါရအတွက် “ဒီလို စိတ်မျိုးကို ဖြစ်စေမည်” ဆိုတဲ့အပိုဒ်ကို ဆက်ပြီး ထည့်ထားပါတယ်၊ အင်မတန်ကောင်းတဲ့ အဓိဋ္ဌာန် ပါဘဲ။ ကိုင်း လိုက်ဆိုကြရမယ်။

သူများတွေက ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှု ကင်းစေမည်၊ ကိလေသာခေါင်းပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်။

နောက်တဝါရကတော့ ရှောင်လွှဲဘို့ ညွှန်ပြတဲ့ ပရိက္ကမနဝါရဘဲ၊ အဲဒီ ဝါရ ကိုလဲ ဒီလို ဆက်ပြီး ဟောတော်မူပါတယ်။

## ပရိက္ကမနဝါရ

သေယျထာပိ စုန္ဒ ဝိသမော မဂ္ဂေါ အဿ၊ တဿ အညော သမော မဂ္ဂေါ ပရိက္ကမနာယ၊ သေယျထာ ဝါ ပန စုန္ဒ ဝိသမံ တိတ္ထံ အဿ၊ တဿ အညံ သမံ တိတ္ထံ ပရိက္ကမနာယ၊ ဧဝမေဝ ခေါ စုန္ဒ ဝိဟိံသကဿ ပုရိသပုဂ္ဂလဿ အဝိဟိံသာ ဟောတိ ပရိက္ကမနာယ။

www.dhammaransi.com



စုန္ဒ၊ ချစ်သားစုန္ဒ။ သေယျထာပိ၊ ဥပမာအားဖြင့် ပြရလျှင်။ ဝိသမော မဂ္ဂေါ အဿ၊ မညီညွတ်သောလမ်းတခု ရှိရာ၏၊ ဝါ-ရှိတယ်ဆိုကြပါစို့။ အညော၊ တပါးသော။ သမော မဂ္ဂေါ၊ ညီညွတ်သော လမ်းသည်။ တဿ ပရိက္ကမနာယ၊ ထိုမညီညွတ်သောလမ်းကို ရှောင်လွှဲရန်အလို့ငှါ။ အဿ သေယျထာပိ၊ ဖြစ်ရာသကဲ့သို့။ (လက်ဝဲဘက်က မညီညွတ်တဲ့ လမ်းဆိုးတခု ရှိနေတယ်ဆိုကြပါစို့၊ လက်ျာဘက်က ညီညွတ်တဲ့ လမ်းကောင်းတခုလဲ ရှိနေတယ်ဆိုယင် အဲဒီ လက်ျာဘက်က လမ်းကောင်းဟာ လက်ဝဲဘက်က မညီညွတ်တဲ့ လမ်းဆိုးကို ရှောင်လွှဲဘို့ရာ ဖြစ်ပါတယ်၊ လက်ဝဲဘက်က လမ်းဆိုးကို မသွားချင်ယင် လက်ျာဘက်က လမ်းကို သွားလိုက်ရုံဘဲ၊ အဲဒါဟာ လမ်းဆိုးကို လမ်းကောင်းနဲ့ ရှောင်လွှဲပုံ ဥပမာပါဘဲ။) စုန္ဒ၊ ချစ်သားစုန္ဒ။ သေယျထာ ဝါ ပန၊ တနည်း ဥပမာအားဖြင့် ဆိုလျှင်။ ဝိသမံ တိတ္ထံ အဿ၊ မညီညွတ်သော ဆိပ်ကမ်းတခု ရှိရာ၏၊ ဝါ-ရှိတယ်ဆိုကြပါစို့။ အညံ သမံ တိတ္ထံ၊ ညီညွတ်သော အခြား ဆိပ်ကမ်းသည်။ တဿ ပရိက္ကမနာယ၊ ထိုမညီညွတ်သော ဆိပ်ကမ်းကို ရှောင်လွှဲရန် အလို့ငှါ။ အဿ သေယျထာ၊ ဖြစ်ရာသကဲ့သို့။ (ဆိပ်ကမ်းဆိုတာ မြစ်ကမ်းမှာ ရေချိုးတဲ့ဆိပ် ရေခပ်တဲ့ဆိပ် လှေဆိပ် သင်္ဘောဆိပ်ဆိုတာတွေပါဘဲ၊ တချို့ အရပ်မှာ အဲဒီလို ဆိပ်ကမ်းက မညီမညွတ်ဖြစ်ပြီး ဆိုးနေတယ်၊ ဒါပေမဲ့ အခြားတနေရာမှာတော့ ညီညွတ်တဲ့ဆိပ်ကမ်းလဲ ရှိတတ်ပါတယ်၊ အဲဒီလိုရှိတဲ့နေရာမှာ ညီညွတ်တဲ့ ဆိပ်ဟာ မညီညွတ်တဲ့ဆိပ်ကို ရှောင်လွှဲဘို့ရာဖြစ်တယ်၊ ဆိပ်ကမ်းဆိုးက မသွားချင်ယင် ဆိပ်ကမ်းကောင်းက ရှောင်လွှဲပြီး သွားနိုင်ပါတယ်၊ အဲဒါလဲ ဥပမာ တခုဘဲ။) စုန္ဒ၊ ချစ်သားစုန္ဒ၊ ဧဝမေဝ၊ ဤအတူပင်လျှင်။ ဝိဟိံသကဿ၊ ညှဉ်းဆဲတတ်သော၊ ဝါ-ညှဉ်းဆဲလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်၏။ (ဒီမှာ ပုရိသ-ယောကျ်ား-လို့ ဆိုထားတာနဲ့ ငါတို့ မိန်းမတွေ မပါဘူးလို့တော့ မယူကြနဲ့၊ ပြခန်းတဲ့ ယောကျ်ားကို ထုတ်ပြလိုက်ယင် မပြခန်းတဲ့ မိန်းမလဲ ပါဝင်တယ်လို့သာ ယူရတယ်။) အဝိဟိံသာ၊ မညှဉ်းဆဲသောအကျင့်သည်။ ပရိက္ကမနာယ၊ ညှဉ်းဆဲမှု အကျင့်ဆိုးကို ရှောင်လွှဲရန် အလို့ငှါ။ ဟောတိ၊ ဖြစ်ပေ၏။

www.dhammaransi.com



လမ်းဆိုးနဲ့ လမ်းကောင်း ၂-ခုရှိရာမှာ လမ်းဆိုးကိုမသွားချင်ယင် လမ်းကောင်းကို သွားခြင်းဖြင့် အဲဒီလမ်းဆိုးကို ရှောင်လွှဲနိုင်သလို တနည်းအားဖြင့် ဆိပ်ကမ်း အဆိုးနဲ့အကောင်း ၂-ခုရှိရာမှာ ဆိပ်ကမ်းကောင်းက သွားခြင်းဖြင့် ဆိပ်ကမ်းဆိုးကို ရှောင်လွှဲနိုင်သလို မူလက ညှဉ်းဆဲလေ့ရှိနေတဲ့သူဟာ တသံသရာလုံး ဆင်းရဲမသွားချင်ယင် ချမ်းသာသွားချင်ယင် အဲဒီ ညှဉ်းဆဲမှု အကျင့်ဆိုးကို ရှောင်ရလိမ့်မယ်၊ ရှောင်ယင်လဲ အလွယ်ပါဘဲ၊ လမ်းကောင်း ဆိပ်ကမ်းကောင်း ပြောင်းလိုက်သလို မညှဉ်းဆဲမှုဆိုတဲ့ သလ္လေခအကျင့်ကို ပြောင်းလိုက်ရုံပါဘဲ၊ မညှဉ်းဆဲဘဲနေလိုက်ယင် အဲဒီ ညှဉ်းဆဲမှု အကျင့်ဆိုးကို ရှောင်လွှဲပြီးဖြစ်သွားတာပါဘဲ။ အဲဒီမှာ ညှဉ်းဆဲတတ်တဲ့သူ ညှဉ်းဆဲလေ့ရှိတဲ့သူလို့ ဆိုထားတဲ့အတွက် မူလကပင် ညှဉ်းဆဲခြင်းမရှိတဲ့သူမှာတော့ ဒီ သလ္လေခအကျင့်နဲ့ မဆိုင်တော့ဘူးလား-လို့ မေးစရာ ရှိပါတယ်။ ဆိုင်ပါတယ်၊ ယခု လောလောဆယ်မှာ ကိုယ်ဖြင့် နှုတ်ဖြင့် ထင်ရှားတဲ့ ညှဉ်းဆဲမှုမရှိပေမဲ့ ရှေးရှေးဘဝတွေကလဲ ညှဉ်းဆဲမှု ရှိခဲ့တယ်၊ နောင်ကာလမှာလဲ ညှဉ်းဆဲစရာ အကြောင်းပေါ်လာတဲ့အခါမှာ ညှဉ်းဆဲဦးမှာဘဲ၊ အနာဂါမ် ရဟန္တာမဖြစ်သေးသမျှ ကာလပတ်လုံး ညှဉ်းဆဲမှုကိလေသာကင်းပြီလို့ မဆိုနိုင်ပါဘူး၊ ဒါကြောင့် တတ်နိုင်လို့ရှိယင် ညှဉ်းဆဲမှုကိလေသာကို အမြစ်ပြတ် ငြိမ်းစေနိုင်တဲ့ အရိယာမဂ်များကို ရသည်တိုင်အောင် ဒီညှဉ်းဆဲမှုမှ ရှောင်ကြဉ်တဲ့ သလ္လေခအကျင့်ကို ကျင့်သွားရမှာချည်းဘဲ။ ဒါကြောင့် ဘုန်းကြီးက ဒီဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဒီလို ထည့်ထားပါတယ်၊ "ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်"တဲ့။ ဒီပြင်နည်းနဲ့ ရှောင်လွှဲလို့ မရဘူး၊ ညှဉ်းဆဲမှုရဲ့ ဆန့်ကျင်ဘက် မညှဉ်းဆဲမှုနဲ့ ရှောင်လွှဲမှ အောင်မြင်နိုင်တယ်။ကဲ ဆောင်ပုဒ်ကို အစကစပြီး လိုက်ဆိုကြရမယ်။

> သူများတွေက ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှုကင်းစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်။

ဒီဝါရပြီးတော့ အထက်တန်းတက်ရန် ညွှန်ပြတဲ့ ဥပရိဘာဂဝါရကို ဒီလို ဆက်ပြီး ဟောတော်မူပြန်ပါတယ်။

www.dhammaransi.com



## ဥပရိဘာဂဝါရ

သေယျထာပိ စုန္ဒ ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အဓောဘာဂင်္ဂမနီယာ။ ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ဥပရိဘာဂင်္ဂမနီယာ။ ဧဝမေဝ ခေါ စုန္ဒ ဝိဟိံသကဿ ပုရိသပုဂ္ဂလဿ အဝိဟိံသာ ဟောတိ ဥပရိဘာဂါယ။

စုန္ဒ၊ ချစ်သားစုန္ဒ။ သေယျထာပိ၊ ဥပမာအားဖြင့်ဆိုလျှင်။ ယေကေစိ အကုသလာ ဓမ္မာ၊ အလုံးစုံသော အကုသိုလ်တရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ သဗ္ဗေ တေ၊ ထိုအလုံးစုံသော အကုသိုလ်တရားတို့သည်။ အဓောဘာဂင်္ဂမနီယာ၊ အောက်အဖို့သို့ သွားစေတတ်ကုန်၏။

အကုသိုလ်တွေဆိုတာ လောဘ ဒေါသ မောဟအရင်းခံပြီးဖြစ်တဲ့ တရားဆိုးတွေပါဘဲ။ အဲဒီ အကုသိုလ်တရားတွေထဲမှာ သူတပါးကို ညှဉ်းဆဲ သတ်ဖြတ်ခြင်း သူ့ဘပါးဥစ္စာကို လုယက်ခိုးယူခြင်း အစရှိတဲ့ အားကြီးတဲ့ အကုသိုလ်တွေက အပါယ်ပဋိသန္ဓေအကျိုးအထိ ကြီးလေးတဲ့ မကောင်းကျိုးတွေကို ပေးတတ်ဘယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ ယုတ်ညံ့တဲ့ ဘုံဘဝတွေကို ရောက်စေတတ်ဘယ်၊ တဲ့တဲ့ပြောရယင် ခွေး ကြက် ဝက် ဘဲ နွား ကျွဲ စသည် ဖြစ်စေတတ်ဘယ်။ အဲဒီလောက် အားမကြီးတဲ့ နှစ်သက်လိုချင်ကာမျှ စိတ်ဆိုးကာမျှ သာမန်အကုသိုလ် အသေးအမွှားကလေးတွေကတော့ ပဋိသန္ဓေအကျိုးထိအောင် မပေးနိုင်ဘူး၊ အကြောင်းညီညွတ်ယင် ပဝတ္တိ အကျိုး အသေးအမွှားလောက်သာ အကျိုးပေးတတ်တယ်၊ အဲဒီလို အကျိုးပေးခွင့် မရတောင်မှ သံသရာဝဋ်ဆင်းရဲ ရှည်လျားဘို့ အထောက်အပံ့ကတော့ ဖြစ်တာဘဲ။

အားကြီးတဲ့ အကုသိုလ်တွေကတော့ အပါယ်ဘဝအကျိုးတွေကို ပေးပြီးတဲ့နောက် ကုသိုလ်ကံကြောင့် လူ့ဘဝရောက်လာတဲ့အခါလဲ အဲဒီ အကုသိုလ်က အသက်တိုခြင်း အနာများခြင်း မရှိဆင်းရဲခြင်း စသည်ဖြင့် မကောင်းကျိုးတွေကို ဘဝပေါင်းများစွာ လိုက်ပြီး ပေးတတ်တယ်၊ ယခုပြောနေတဲ့ ညှဉ်းဆဲမှု အကုသိုလ်မျိုးဆိုယင် အနာရောဂါ များခြင်းဆိုတဲ့ မကောင်းကျိုးကို ပေးတတ်

www.dhammaransi.com



တယ်။ အကုသိုလ်ဆိုတာ ဒုက္ခဝိပါကလက္ခဏာလို့ ဆိုတဲ့အတိုင်း မကောင်းကျိုးကို ပေးတတ်တဲ့သဘော ရှိတာချည်းဘဲ၊ ယုတ်ညံ့တဲ့ လူ့ဘဝ ဆင်းရဲ နွမ်းပါးတဲ့ လူ့ဘဝ အစရှိတဲ့ အောက်တန်းစား ဘဝတွေကို ရောက်စေတတ်တယ်၊ နတ်ဖြစ်ယင်လဲ ဘုံဗိမာန်မရှိ စားစရာ ဝတ်စရာမရှိတဲ့ နတ် အညံ့စားကလေးတွေ ဖြစ်စေတတ်တယ်။ တချို့လူတွေဟာ လူ့ဘဝမှာ ကောင်းစား ချမ်းသာနေရာက မတော်တာတွေကို အလွန်အကျွံပြုလုပ်မိတဲ့အတွက် သေသည်၏ အခြားမဲ့မှာ အနိမ့်ဆုံး ငရဲဘုံကို ရောက်သွားရတယ်။ ကကုသန်ဘုရားလက်ထက်တော်က ဒူသီဆိုတဲ့ မာရ်နတ်ကြီးဟာ ဘုရား ရဟန္တာများကို ပြစ်မှားမိတဲ့အတွက် ချက်ခြင်း သေပြီး အဝီစိငရဲ ရောက်သွားရတယ်။ ဒါကြောင့် အကုသိုလ် ဟူသမျှဟာ အောက်အဖို့ကို သွားစေတတ်တယ်၊ ယုတ်ညံ့ရာကို ပို့ဆောင်တတ်တယ်လို့ မိန့်ဆိုတော်မူပါတယ်။

ယေကေစိ ကုသလာ ဓမ္မာ၊ အလုံးစုံသော ကုသိုလ်တရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ သဗ္ဗေ တေ၊ ထိုအလုံးစုံသော ကုသိုလ်တရားတို့သည်။ ဥပရိဘာဂင်္ဂမနီယာ၊ အထက်အဖို့သို့ သွားစေတတ်ကုန်၏။

ဒါန သီလ အစရှိသော ကုသိုလ်တရားတွေကတော့ လူ့ဘဝ အဆင့်ဆင့် နတ်ဘဝအဆင့်ဆင့် ဗြဟ္မာဘဝ အဆင့်ဆင့်ဆိုတဲ့ အထက်အဖို့ကို သွားရောက်စေတတ်တယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပစ္စေကဗုဒ္ဓါ ဘုရားဆိုတဲ့ ဒီလို မြင့်မြတ်ရာတွေကိုလဲ ရောက်စေတတ်တယ်။ လူ့ဘဝတွင်ဘဲ ဆိုပါတော့ ဆင်းရဲနွမ်းပါးတဲ့ အခြေအနေက ပြည့်စုံကြွယ်ဝတဲ့ အခြေအနေကို ရောက်စေတတ်တယ်၊ သူဌေးအဖြစ် မင်းအဖြစ်များသို့လဲ ရောက်စေတတ်တယ်၊ သာဝတ္ထိမြို့က ပန်းသည်သမီး မလ္လိကာဟာ မြတ်စွာဘုရားကို မုန့်ကလေးများ လှူတာနဲ့ အဲဒီနေ့မှာဘဲ ပသေနဒီကောသလမင်းကြီးရဲ့ မိဖုရားအဖြစ်ကို ရောက်ရတယ်၊ အဲဒါမျိုးပေါ့။ ဒါကြောင့် ကုသိုလ်ဟူသမျှဟာ အထက်အဖို့သို့ သွားစေတတ်တယ်၊ မြင့်မြတ်ရာကို ရောက်စေတတ်တယ်လို့ ဆိုပါတယ်။

စုန္ဒ၊ ချစ်သားစုန္ဒ။ ဧဝမေဝ၊ ဤအတူပင်လျှင်။ ဝိဟိံသကဿ၊ ညှဉ်းဆဲတတ်သော။ ပုရိသ ပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်၏။ အဝိဟိံသာ၊ မညှဉ်းဆဲ

www.dhammaransi.com



သောအကျင့်သည်။ ဥပရိဘာဂါယ၊ အထက်အဖို့အလို့ငှါ၊ ဝါ-အထက်အထက်သို့ အဆင့်အတန်းတက်ရန်အလို့ငှါ။ ဟောတိ၊ ဖြစ်ပေ၏။

ဆီပုလင်းများ ဆီအိုးများကို ရေထဲမှာ ရိုက်ခွဲလိုက်မယ် ဆိုယင် လေးတဲ့ ပုလင်းကွဲ အိုးကွဲတွေက အောက်ကျသွားတယ်၊ ပေါ့တဲ့ဆီတွေကတော့ အပေါ် တက်လာတယ်၊ အကုသိုလ်နဲ့ ကုသိုလ် အောက်ကျသွားပုံ အထက်တက်လာ ပုံက အဲဒါနဲ့လဲ တူပါတယ်။ ဒါကြောင့် အထက်တက်ချင်လို့ရှိယင် ညှဉ်းဆဲမှုကို ကြဉ်ရှောင်ပြီး မညှဉ်းဆဲတဲ့အကျင့်ကို ကျင့်ရလိမ့်မယ်၊ မညှဉ်းဆဲတဲ့သလ္လေခ အကျင့်ကို ကျင့်ယင် တဆင့်ထက် တဆင့် မြင့်ပြီး တက်လာဘို့ ဖြစ်ပါတယ်တဲ့။ အသက်ရှည်ခြင်း အနာကင်းခြင်း အဆင်းလှခြင်း ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝ ခြင်း အမျိုးမြတ်ခြင်း ရာထူးဂုဏ်သိရ်မြင့်ခြင်း စသည်ဖြင့် အဆင့်အတန်း တက်သွားပါလိမ့်မယ်၊ နတ်ဘဝ ဗြဟ္မာဘဝ စသည်ကိုလဲ တက်သွားနိုင်ပါတယ်၊ သောတာပန်အဖြစ် စသည်ကိုလဲ တက်သွားနိုင်ပါတယ်။ ဒီလို ကုသိုလ်နဲ့ တက်မှ ရရှိထားတဲ့အဆင့်ဟာ ခိုင်မြဲနိုင်ပါတယ်၊ ဒါကြောင့် ဘုန်းကြီးက ဒီဝါရအတွက် "မညှဉ်းဆဲမှုနှင့် အဆင့်အတန်း တက်မည်"လို့ အဓိဋ္ဌာန်ဆောင်ပုဒ် စီထားပါ တယ်။ သူများ တွေက ညှဉ်းဆဲနှိပ်စက်ပြီး အဆင့်အတန်း တက်နေကြရာမှာ ငါတို့ကတော့ မညှဉ်းဆဲတဲ့ သလ္လေခအကျင့်နဲ့ အဆင့်အတန်း တက်မယ်-လို့ ဆိုလိုပါတယ်။ ကိုင်း ဆိုကြရမယ်။

သူများတွေက ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှု ကင်းစေ မည်၊ ကိလေသာ ပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလို စိတ်မျိုးကို ဖြစ်စေမည်၊ ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်၊ မညှဉ်းဆဲမှုနှင့် အဆင့်အတန်း တက်မည်။

ကိလေသာ ခေါင်းပါးစေတဲ့ သလ္လေခအကျင့်က တဝါရ၊ ညှဉ်းဆဲမှုစသည်ကို ကြဉ်ရှောင်မယ်လို့ စိတ်ဖြစ်စေတာက တဝါရ၊ ညှဉ်းဆဲမှု စသည်ကို မညှဉ်းဆဲမှု စသည်နှင့်ရှောင်လွှဲဘို့က တဝါရ၊ မညှဉ်းဆဲမှု အစရှိတဲ့ ကုသိုလ်နဲ့ အဆင့်အတန်း တက်ဖို့က တဝါရ ဆိုတော့ ၄-ဝါရပြီးသွားပြီ၊ ငြိမ်းအောင် ကျင့်ဘို့ဆိုတဲ့ ပရိနိဗ္ဗာနဝါရ တခုဘဲ လိုတော့တယ်။ အဲဒီ ဝါရကို မြတ်စွာဘုရားက ဒီလို ဆက်ပြီး ဟောတော်မူပါတယ်။

www.dhammaransi.com



## ပရိနိဗ္ဗာနဝါရ

သော ဝတ စုန္ဒ အတ္တနာ ပလိပပလိပန္နော ပရံ ပလိပပလိပန္နံ ဥဒ္ဓရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ သော ဝတ စုန္ဒ အတ္တနာ အပလိပ-ပလိပန္နော ပရံ ပလိပပလိပန္နံ ဥဒ္ဓရိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။ သော ဝတ စုန္ဒ အတ္တနာ အဒန္တော အဝိနီတော အပရိနိဗ္ဗုတော ပရံ ဒမေဿတိ ဝိနေဿတိ ပရိနိဗ္ဗာပေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ သော ဝတ စုန္ဒ အတ္တနာ ဒန္တော ဝိနီတော ပရိနိဗ္ဗုတော ပရံ ဒမေဿတိ ဝိနေဿတိ ပရိနိဗ္ဗာပေဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။ ဧဝမေဝ ခေါ စုန္ဒ ဝိဟိံသကဿ ပုရိသပုဂ္ဂလဿ အဝိဟိံသာ ဟောတိ ပရိနိဗ္ဗာနာယ။

စုန္ဒ၊ ချစ်သားစုန္ဒ။ အတ္တနာ၊ မိမိကိုယ်တိုင်။ ပလိပပလိပန္နော၊ ရွှံ့ဗွက်ထဲ၌ နှာခေါင်းထိအောင် နစ်မြုပ်နေသော။ သော၊ ထိုပုဂ္ဂိုလ်သည်။ ပလိပပလိပန္နံ၊ ရွှံ့ဗွက်ထဲ၌ နစ်မြုပ်နေသော။ ပရံ၊ အခြားသူကို။ ဝတ၊ စင်စစ်။ ဥဒ္ဓရိဿတီတိ၊ ဆယ်တင်နိုင်လိမ့်မည်ဟူသော။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိပေ။ စုန္ဒ၊ ချစ်သားစုန္ဒ။ အတ္တနာ၊ မိမိကိုယ်တိုင်။ အပလိပပလိပန္နော၊ ရွှံ့ဗွက်ထဲ၌ မကျမနစ်ပါမူ။ သော၊ ထိုသို့သောသူသည်။ ပလိပပလိပန္နံ၊ ရွှံ့ဗွက်ထဲ၌ နစ်မြုပ်နေသော။ ပရံ၊ အခြားသူကို။ ဝတ၊ စင်စစ်။ ဥဒ္ဓရိဿတီတိ၊ ဆယ်တင်နိုင်လိမ့်မည်ဟူသော။ ဧတံ ဌာနံ၊ ဤအကြောင်းသည်ကား။ ဝိဇ္ဇတိ၊ ရှိပေ၏။

ကိုယ်ကိုယ်တိုင်ကိုက ရွှံ့ဗွက်ထဲမှာ နှာခေါင်းအနီးအထိ နစ်မြုပ်နေတယ်ဆိုယင် အဲဒီလိုနစ်မြုပ်နေတဲ့လူက အခြား နစ်မြုပ်နေတဲ့လူကို ဆယ်တင်နိုင်ပါမလား၊ ဆယ်တင်နိုင်စရာလုံးဝ မရှိပါဘူး။ ကိုယ်က ရွှံ့ဗွက်ထဲမှာ မကျဘဲ ပကတိ မြေပြင်ပေါ်မှာ ရှိနေယင်တော့ ရွှံ့ဗွက်ထဲနစ်မြုပ်နေတဲ့ အခြားလူကို ဆယ်တင်နိုင်ပါတယ်တဲ့၊ အဲဒါဟာ ဥပမာပြတာပါဘဲ။

အဲဒီမှာ ရွှံ့ဗွက်ဆိုတာက ကာမဂုဏ်ငါးပါးကို ဆိုတယ်၊ ကာမဂုဏ်တွေကို နှစ်သက်သာယာနေတဲ့သူဟာ ရွှံ့ဗွက်ထဲ နစ်မြုပ်နေသည်မည်တယ်၊ ဒီတော့

www.dhammaransi.com



ကာမဂုဏ်တွေကို နှစ်သက်သာယာနေတဲ့ ပုဂ္ဂိုလ်တယောက်က ကာမဂုဏ်တွေကို နှစ်သက်သာယာနေတဲ့ အခြားသူကို ကာမဂုဏ်ရွှံ့ဗွက်ထဲက ထုတ်ဆောင်ကယ်တင်နိုင်လိမ့်မယ်ဆိုတာ မဖြစ်နိုင်ဘူး-လို့ ဒီလိုဆိုလိုတဲ့အကြောင်းကိုလဲ အဋ္ဌ-ကထာမှာ ဖွင့်ပြထားပါတယ်။

စုန္ဒ၊ ချစ်သားစုန္ဒ။ အတ္တနာ၊ မိမိကိုယ်တိုင်။ အဒန္တော၊ မယဉ်ကျေးသေးပါဘဲ။ အဝိနီတော၊ သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို မကျင့်ရသေးပါဘဲ။ အပရိနိဗ္ဗုတော၊ ကိလေသာအပူဘေး မငြိမ်းသေးပါဘဲ။ သော၊ ထိုသို့သော ပုဂ္ဂိုလ်သည်။ ပရံ၊ အခြားသူကို။ ဝတ၊ စင်စစ်။ ဒမေဿတိ၊ ယဉ်ကျေးစေနိုင်လိမ့်မည်။ ဝိနေဿတိ၊ သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ကျင့်စေနိုင်လိမ့်မည်။ ပရိနိဗ္ဗာပေဿတီတိ၊ ကိလေသာအပူဘေးကို ငြိမ်းအေးစေနိုင်လိမ့်မည်ဟူသော။ တံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိပေ။ စုန္ဒ၊ ချစ်သားစုန္ဒ။ အတ္တနာ၊ ကိုယ်တိုင်။ ဒန္တော၊ ယဉ်ကျေးပြီးသော။ ဝိနီတော၊ သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ကျင့်သုံးပြီးသော။ ပရိနိဗ္ဗုတော၊ ကိလေသာအပူဘေး လုံးဝငြိမ်းအေးပြီးသော။ သော၊ ထိုသို့သော ပုဂ္ဂိုလ်သည်။ ပရံ၊ အခြားသူကို။ ဝတ၊ စင်စစ်။ ဒမေဿတိ၊ ယဉ်ကျေးအောင်ဆုံးမနိုင်ပေလိမ့်မည်။ ဝိနေဿတိ၊ သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ညွှန်ကြားလျက် ကျင့်စေနိုင်လိမ့်မည်။ ပရိ-နိဗ္ဗာပေဿတီတိ၊ ကိလေသာအပူဘေး လုံးဝငြိမ်းအေးစေနိုင်လိမ့်မည်ဟူသော။ တံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိပေ၏။

ကိုယ်တိုင်က ယဉ်ကျေးအောင် မကျင့်ရသေးလို့ ကိုယ်နှုတ်စိတ်အမူအရာတွေမှာ မယဉ်ကျေးသေးပါဘဲ၊ သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို မကျင့်ရသေးပါဘဲ၊ ကိုယ့်သန္တာန်မှာ ကိလေသာမငြိမ်းသေးပါဘဲ သူတပါးကို ယဉ်ကျေးအောင် ကိုယ်ကျင့်တရားကို ကျင့်နိုင်အောင် ကိလေသာအပူဘေး ငြိမ်းအေးအောင် ညွှန်ကြားရှက်ဆောင်နိုင်လိမ့်မယ် ဆိုတဲ့အကြောင်းကတော့ မရှိပါဘူးတဲ့။ ဒီဥပမာ ဩပါဒကတော့ ယခုကာလမှာ ကိုယ်တိုင်က တရားအားမထုတ်ဘူးပါဘဲ၊ ဝိပဿနာအလုပ်ကို မလုပ်ဘူးပါဘဲ ဘာဝနာအလုပ် ဝိပဿနာအလုပ်တွေကို ဟောပြောနေကြတဲ့ပုဂ္ဂိုလ်တွေနဲ့ အဲဒီလိုပုဂ္ဂိုလ်တွေထံမှာ တပည့်ခံနေကြတဲ့ ပုဂ္ဂိုလ်တွေအတွက် အထူးသတိပြုစရာပါဘဲ။ ဒမှန်စင်စစ်ကတော့

www.dhammaransi.com



ကိုယ်တိုင်က ကျကျနန ကျင့်သုံးပြီးလို့ ယဉ်ကျေးပြီးဖြစ်တဲ့သူ သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ကျင့်သုံးပြီးဖြစ်တဲ့သူ ကိလေသာအပူတေး ငြိမ်းအေးပြီး ဖြစ်တဲ့သူကမှ သူတပါးကို ယဉ်ကျေးအောင် သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို ကျင့်နိုင်အောင် ကိလေသာအပူတေး ငြိမ်းအေးအောင် ရွက်ဆောင်နိုင်ပါတယ်။

ဒီနေရာမှာ ပုထုဇဉ်က ဟောတဲ့တရားကို နာပြီးတရားရတဲ့သူများလဲ ရှိတဲ့ အကြောင်း အဲဒီလို နည်းမှန်အတိုင်းဟောလို့ နည်းမှန်အတိုင်း နှလုံးသွင်းပြီး တရားထူးရတာကိုလဲ မြတ်စွာဘုရားက ကယ်တင်တယ်လို့သာ ယူသင့်တဲ့ အကြောင်းများကိုလဲ အဋ္ဌကထာမှာ ပြဆိုထားပါသေးတယ်။ အဲဒါမျိုးကတော့ များလှမယ် မဟုတ်ပါဘူး၊ အနည်းငယ်သာ ရှိပါလိမ့်မယ်။

အဲဒီဥပမာ ၂-ခုမှာ ပဌမဥပမာဖြင့် ကိုယ်တိုင်က မလွတ်မြောက်ယင် သူများကို လွတ်မြောက်အောင် မကယ်နိုင်တာလို ကိုယ်တိုင်က အပါယ်တေး သံသရာတေးမှ မလွတ်မြောက်သေးယင် သူများကိုလဲ အဲဒီတေးတွေမှ လွတ် မြောက်အောင် မကယ်နိုင်ဘူးဆိုတဲ့ အနက်အဓိပ္ပါယ်ကိုလဲ ထင်ရှားစေပါတယ်။ ဒုတိယဥပမာဖြင့် ကိုယ်တိုင်က ကိလေသာမငြိမ်းသေးယင် သူများကို ကိလေ- သာငြိမ်းအောင် မဆောင်ရွက်နိုင်ဘူးဆိုတဲ့ အနက်အဓိပ္ပါယ်ကိုလဲ ထင်ရှားစေ ပါတယ်။ ဒါပေမဲ့ ဒီမှာ ပြလိုရင်းကတော့ ရွှံ့ဗွက်ထဲ နစ်မြုပ်နေတဲ့သူ အချင်းချင်း မဆယ်တင်နိုင်တာလို၊ ကိလေသာမငြိမ်းသူ အချင်းချင်း မကယ် နိုင်တာလို မစင်ကြယ်တဲ့ အကုသိုလ်အချင်းချင်း စင်ကြယ်အောင် မလုပ်နိုင် ဘူး၊ ဥပမာ မစင်ကြယ်တဲ့ အညစ်အကြေးကို မစင်ကြယ်တဲ့ အညစ်အကြေး ရေနဲ့ ဆေးကြောလို့ မစင်ကြယ်နိုင်သလိုပါဘဲ။ နောက်ပြီးတော့ ပူလောင် တတ်တဲ့ အကုသိုလ်ကိလေသာ အချင်းချင်း ငြိမ်းအေးအောင် မပြုလုပ်နိုင်ဘူး၊ ဥပမာ မီးကို မီးနဲ့ ငြိမ်းအောင် မပြုလုပ်နိုင်သလိုပါဘဲ၊ အဲဒါလိုဘဲ ညှဉ်းဆဲမှု အစရှိသော မစင်ကြယ်တဲ့ အကုသိုလ်ကို အဲဒီမစင်ကြယ်တဲ့ အကုသိုလ်နဲ့တော့ စင်ကြယ်အောင် မလုပ်နိုင်ဘူး၊ ပူလောင်တတ်တဲ့ ညှဉ်းဆဲမှုစသည်ကို အဲဒီ ညှဉ်းဆဲမှု စသည်ဖြင့် မငြိမ်းသတ်နိုင်ဘူး၊ စင်ကြယ်တဲ့ကုသိုလ်ဖြင့်သာ စင်ကြယ် စေနိုင်တယ်၊ ငြိမ်းအေးတဲ့ကုသိုလ် ရေစင်ဖြင့်သာ ငြိမ်းစေနိုင်တယ် ဆိုတာကို

www.dhammaransi.com



သိစေလိုရင်းပါဘဲ။ ဒါကြောင့် လိုရင်း ဥပမေယျကို ဒီလိုဆက်ပြီး ဟောတော်မူပါတယ်။

စုန္ဒ၊ ချစ်သားစုန္ဒ။ ဧဝမေဝ၊ ဤဆိုခဲ့သော ဥပမာ ၂-ရပ် အတူပင်လျှင်။ ဝိဟိံသကဿ၊ ညှဉ်းဆဲတတ်သော။ ဝါ-ညှဉ်းဆဲလေ့ရှိသော၊ ဝါ-ညှဉ်းဆဲမှုကိလေသာလုံးဝ မကင်းသေးသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်၏။ အဝိဟိံသာ၊ မညှဉ်းဆဲသော အကျင့်သည်။ ပရိနိဗ္ဗာနာယ၊ ညှဉ်းဆဲမှုကိလေသာဘေး လုံးဝငြိမ်းအေးရန်အလို့ငှါ။ ဟောတိ၊ ဖြစ်ပေ၏။

ညှဉ်းဆဲမှု လုံးဝကင်းပါပြီလို့ မဆိုနိုင်သေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ အဲဒီ ညှဉ်းဆဲမှုကင်းအောင် သီလ သမာဓိ ပညာအကျင့်ကို ကျင့်ခြင်းဟာ အဲဒီ ညှဉ်းဆဲမှုကိလေသာလဲ ငြိမ်းအေးဘို့ ဖြစ်တယ်၊ အခြား ကိလေသာတွေရော သံသရာဝဋ်ဆင်းရဲတွေရော အဲဒီ ဆင်းရဲဟူသမျှတွေလဲ ငြိမ်းဘို့ ဖြစ်တယ်။ ဒါကြောင့် ကိလေသာခပ်သိမ်း ဆင်းရဲခပ်သိမ်း ငြိမ်းဘို့ဖြစ်ပါတယ်တဲ့။ဒါကြောင့် ဘုန်းကြီးက ဒီဝါရအတွက် "ညှဉ်းဆဲမှု ကိလေသာမီးကို မညှဉ်းဆဲမှုနှင့် ငြိမ်းသတ်မည်"လို့ အဓိဋ္ဌာန်ဆောင်ပုဒ် စီထားပါတယ်။ ကိုင်း ဆောင်ပုဒ်ကို အစကစပြီး ဆိုလိုက်ကြဦးစို့။

## (၁) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက ညှဉ်းဆဲကြမည့်နေရာမှာ ငါတို့ကတော့ ညှဉ်းဆဲမှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလို စိတ်မျိုးကို ဖြစ်စေမည်၊ ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်၊ မညှဉ်းဆဲမှုနှင့် အဆင့်အတန်း တက်မည်၊ ညှဉ်းဆဲမှု ကိလေသာမီးကို မညှဉ်းဆဲမှုနှင့် ငြိမ်းသတ်မည်။

အဲဒါဟာ သလ္လေခသုတ်မှာ ဟောထားတဲ့ ငါးဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ။ အဲဒီမှာ "ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်" ဆိုတဲ့ စကားထိအောင် အဆိုက ကိလေသာခေါင်းပါးအောင်ကျင့်ဘို့ ညွှန်ကြားတဲ့ သလ္လေခဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ။ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်ဆိုတာက ကုသိုလ်စိတ်ကို ဖြစ်စေရမယ်လို့ ညွှန်ကြားတဲ့ စိတ္တုပ္ပါဒဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ။ ညှဉ်းဆဲမှုကို မညှဉ်းဆဲမှုနှင့် ရှောင်လွှဲမည်ဆိုတာက အကုသိုလ်

www.dhammaransi.com



လမ်းဆိုးကို ကုသိုလ်လမ်းကောင်းနှင့် ရှောင်လွှဲဘို့ညွှန်ကြားတဲ့ ပရိက္ကမနဝါရ အတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ။ မညှဉ်းဆဲမှုနှင့် အဆင့်အတန်းတက်မည်ဆိုတာက ကုသိုလ်အလုပ်ဖြင့် အဆင့်အတန်းတက်ဖို့ ညွှန်ကြားတဲ့ ဥပရိဘာဂဝါရအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ။ ညှဉ်းဆဲမှုကိလေသာမီးကို မညှဉ်းဆဲမှုနှင့် ငြိမ်းသတ်မည် ဆိုတာက အကုသိုလ်ကို ကုသိုလ်ဖြင့် ငြိမ်းသတ်ဖို့ ညွှန်ကြားတဲ့ ပရိနိဗ္ဗာနဝါရ အတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ပဲ။ အဲဒီငါးဝါရအတွက် ခေါင်းစဉ်ကိုလဲ "ခေါင်းပါး ကိလေ၊ စိတ်ဖြစ်စေ၊ ရှောင်သွေ့, ထက်ဆင့်, ငြိမ်းအောင် ကျင့်"လို့ ဆောင်ပုဒ် သီးသန့် စီထားတယ်။ ကိလေသာခေါင်းပါးအောင် ကျင့်ဘို့က တဝါရ၊ ကုသိုလ်စိတ် ဖြစ်စေဘို့က တဝါရ၊ အကုသိုလ်လမ်းဆိုးကို ကုသိုလ်လမ်းကောင်း နှင့် ရှောင်လွှဲဘို့က တဝါရ၊ ကုသိုလ်အလုပ်ဖြင့် အဆင့်အတန်းတက်ဖို့က တဝါရ၊ အကုသိုလ်ကိလေသာမီးကို ကုသိုလ်ရေစင်ဖြင့် ငြိမ်းစေဘို့က တဝါရ၊ ပေါင်း ငါးဝါရရှိတယ်၊ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ခေါင်းပါးကိလေ၊ စိတ်ဖြစ်စေ၊ ရှောင်သွေ့, ထက်ဆင့်, ငြိမ်းအောင် ကျင့်။

## ညှဉ်းဆဲမှု၏ အပြစ်နှင့် မညှဉ်းဆဲမှု၏ အကျိုး

ညှဉ်းဆဲယင် ဘယ်လိုအပြစ်ရှိတယ်၊ မညှဉ်းဆဲတော့ ဘယ်လိုအကျိုးရှိတယ် ဆိုတာကို ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်မှာ ဟောထားပါတယ်။ အဲဒီသုတ်မှာ သုဘဆိုတဲ့လုလင်က လူလူချင်းတူပါလျက် တချို့က အသက်တို တယ်၊ တချို့က အသက်ရှည်တယ်၊ ဘာကြောင့်ပါလဲ။ တချို့က အနာရောဂါ များတယ်၊ တချို့က အနာကင်းရှင်း ကျန်းမာတယ်၊ ဘာကြောင့်ပါလဲ။ တချို့က အရုပ်ဆိုးတယ် တချို့က အရုပ်အဆင်းလှတယ်၊ ဘာကြောင့်ပါလဲ–စသည်ဖြင့် မြတ်စွာဘုရားကို မေးလျှောက်တယ်၊ မြတ်စွာဘုရားက ကမ္မဿကာ မာဏဝ သတ္တာ–စသည်ဖြင့် ဖြေရှင်းဟောကြားတော်မူပါတယ်။

မာဏဝ၊ သုဘလုလင်။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ မိမိတို့ ကိုယ်တိုင်ပြုထားတဲ့ အမှုကံသျှင် ကိုယ်ပိုင် ဉစ္စာရှိကုန်၏။ ကမ္မဒါယာဒါ၊ ကံ၏အမွေကို ခံယူရကုန်၏။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရင်း ရှိကုန်၏။ ကမ္မဗန္ဓူ၊ ကံသာလျှင် ဆွေမျိုးအစစ် ရှိကုန်၏၊ ကမ္မပဋိသရဏာ၊ ကံသာလျှင်

www.dhammaransi.com



အားကိုးရာ ရှိကုန်၏။ ကမ္မံ၊ ကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇတိ၊ အယုတ် အမြတ်ဖြစ်ဖို့ရာ ဝေဘန်ခွဲခြား၏—လို့ အကျဉ်းချုပ် ဖြေကြားတော်မူပါတယ်။ အဲဒါကို သုဘလုလင်က သဘောမပေါက်လို့ အကျယ်ဝေဘန်ဟောဘို့ လျှောက်တဲ့အတွက် မြတ်စွာဘုရားက ညှဥ်းဆဲမှု အကုသိုလ်ကံ၏ အကျိုးပေးပုံ၊ မညှဥ်းဆဲမှု ကုသိုလ်ကံ၏ အကျိုးပေးပုံများကို အကျယ်ဝေဘန်ပြီး ဟောကြားတော်မူပါတယ်။

အတိုချုပ်ပြောရယင် သူတပါးကို မညှာမတာ ရက်ရက်စက်စက် ညှဥ်းဆဲတဲ့ သူဟာ သေသည်၏ အခြားမဲ့မှာ အဲဒီညှဥ်းဆဲမှု အကုသိုလ်ကံကြောင့် ငရဲကို ကျရောက်ရတယ်။ အဲဒီငရဲမှ လွတ်လာတဲ့အခါလဲ ဖြစ်လေရာရာဘဝမှာ အနာရောဂါ များတတ်တယ်။ သူတပါးကို သနားညှာတာပြီး မညှဥ်းဆဲတဲ့သူကတော့ သေသည်၏ အခြားမဲ့မှာ အဲဒီကုသိုလ်ကံကြောင့် နတ်ပြည်ကိုရောက်ရတယ်၊ လူ့ဘဝ ပြန်ရောက်လာယင်လဲ အနာရောဂါ ကင်းပြီးကျန်းမာတတ်တယ် ဆိုတဲ့ အကြောင်း ဝေဘန်ပြီး ဟောကြားတော်မူပါတယ်။ အဲဒါကို ဘုန်းကြီးက "ညှဥ်းဆဲသူကား၊ အနာများ၊ သနားကျန်းမာသည်"လို့ အတိုချုပ်ဆောင်ပုဒ် စီထားတယ်။ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ညှဥ်းဆဲသူကား၊ အနာများ၊ သနားကျန်းမာသည်။ (ဆို)

## ပူတိဂတ္တတိဿမထေရ်ဝတ္ထု

ညှဥ်းဆဲမှု အကုသိုလ်ကံကြောင့် အနာရောဂါ များတတ်ပုံ သာဓကဝတ္ထုကတော့—မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိပြည်သားတယောက် မြတ်စွာဘုရား သာသနာတော်မှာဝင်ပြီး ရဟန်းပြုတယ်၊ သူ့အမည်က အရှင်တိဿတဲ့။ ရဟန်းပြုပြီးတော့ သီလ သမာဓိ ပညာ အကျင့်တွေကို ကောင်းမွန်စွာ ကျင့်နေတယ်။ နောက် ကာလအတန်ကြာတော့ သူ့မှာ အနာရောဂါတွေ ပေါ် လာတယ်၊ အစမှာတော့ မုန်ညင်းစေ့လောက် အဖုကလေးတွေ ပေါက်လာ တယ်၊ နောက် တဖြည်းဖြည်းနဲ့ ပဲနောက်လုံးလောက် ကုလားပဲလုံး စားတော် ပဲလုံးလောက် ဇီးစေ့လောက် ဆီးဖြူသီးလောက် ဥသျှစ်သီးကင်းလောက် ဖြစ် လာတယ်၊ နောက်ဆုံးကျတော့ ဥသျှစ်သီးမှည့်လောက် အဖုအလုံးကြီးတွေ

www.dhammaransi.com



ဖြစ်လာပြီး ပေါက်ကွဲကြတယ်၊ တကိုယ်လုံးမှာ အပေါက်အပေါက်တွေ ဖြစ်နေတယ်၊ အဲဒီလိုဖြစ်ပြီး တကိုယ်လုံးပုပ်နေလို့ သူ့ကို ပူတိဂတ္တတိဿလို့ ခေါ်ကြတယ်။ သူ့မှာ အရိုးတွေကလဲ ဆွေးမြည့်ပြီး ကျိုးကုန်သတဲ့။ ယခုကာလမှာလဲ တချို့မှာ ဒီလို အရိုးတွေဆွေးနေတာကို ကြားရတယ်၊ လက်ကို ကိုင်ပြီး မ–လိုက်ယင် အဲဒီလက်ရိုးက ကျိုးသွားသတဲ့၊ ခြေကို မလိုက်ယင်လဲ ခြေရိုးက ကျိုးသွားသတဲ့၊ ဒါကြောင့် အဲဒီလို လူမမာကို မကိုင်ဝံ့ မမဝံ့တာနဲ့ ဆွေမျိုးတွေက ဘယ်လိုမှ မပြုစုနိုင်ဘဲ မျက်ရည်စက်လက်နဲ့ ကြည့်နေကြရတယ်လို့ ဆိုတယ်။ အဲဒီ ပူတိဂတ္တတိဿမထေရ်မှာလဲ သူ့တပည့်တွေက ကြာတော့ မပြုစုနိုင်ကြတော့ဘူး၊ အဝတ်သင်္ကန်းတွေဟာလဲ သွေးပုပ် ပြည်ပုပ်တွေနဲ့ လူးပေနေတယ်၊ ဘယ်သူမှ ပြုစုသူ မရှိဘဲ ကိုးကွယ်ရာမဲ့ ဖြစ်နေပါသတဲ့။ ဟုတ်မှာဘဲ၊ အလွန်ဆိုးဝါးတဲ့ အနာရောဂါတွေကို ကြာရှည်ပြုစုနေရတော့ တာဝန်လေးကြမှာဘဲ၊ တပည့်မပြောနဲ့ မိဘနဲ့ သားသမီးတောင် ကြာရှည်လာတော့ တာဝန်လေးတတ်ပါတယ်။

## ဘုရားကိုယ်တော်တိုင် သူနာပြုပုံ

အဲဒီလို ကိုးကွယ်ရာမဲ့ ဖြစ်နေတဲ့အခါမှာ မြတ်စွာဘုရားက အဲဒီ ပူတိဂတ္တ-တိဿမထေရ် ကိုးကွယ်ရာမဲ့ ဖြစ်နေပုံနဲ့ ရဟန္တာဖြစ်ဖို့အကြောင်း ဥပနိဿယ ရှိပုံကို မြင်တော်မူတာနဲ့ ကျောင်းစဉ်လှည့်ပြီး ကြည့်ရှုတဲ့အနေအားဖြင့် အဲဒီ နေရာကို ကြွသွားတော်မူတယ်၊ မီးတင်းကုပ်မှာ ရေနွေးတည်ပြီး ရေ ပူနွေးအောင် စောင့်နေတော်မူတယ်၊ ရေ ပူနွေးတဲ့အခါ အဲဒီ ပူတိဂတ္တတိဿရဟန်းရဲ့ ကုတင်ညောင်စောင်းကို မပြီးရွှေ့ဘို့ ကိုင်တော်မူတယ်။ အဲဒီအခါ အနီးအပါးမှာ ရှိတဲ့ ရဟန်းတွေက "ဖယ်တော်မူပါဘုရား၊ တပည့်တော်တို့ မ-ရွှေ့ပါမယ်" လို့ လျှောက်ပြီး မီးတင်းကုပ်သို့ ယူလာကြတယ်၊ မြတ်စွာဘုရားက ရေစည်ပိုင်းကို ယူစေပြီးတော့ ရေနွေးထည့်ပြီး အဲဒီရဟန်းတွေကို ပူတိဂတ္တ-တိဿရဲ့ ဧကသီ ရေနွေးနဲ့ ဆွတ်ခိုင်းပြီး လျှော်စေတယ်၊ လျှော်ပြီး နေလှန်းစေတယ်၊ အဲဒီအတောအတွင်း မြတ်စွာဘုရားက အနီးအပါးမှာ ရပ်တော်မူကာ ပူတိဂတ္တတိဿရဲ့ ကိုယ်ကို ရေနွေးနဲ့ ဆွတ်ပြီး ရေချိုးပေးစေတယ်၊ နေလှန်းထားတဲ့ ကေသီခြောက်တဲ့အခါ အဲဒီကေသီကို ဝတ်စေပြီးတော့ သင်းပိုင်ကို

www.dhammaransi.com



ရေနွေးနဲ့လျှော်ပြီး နေပူမှာ လှန်းထားစေတယ်၊ အဲဒီသင်္ကန်း ခြောက်တဲ့အခါ အဲဒီသင်းပိုင်ကို ဝတ်စေတယ်၊ ကေသီကို ရုံစေတယ်၊ အဲဒီအခါ ပူတိဂတ္တတိဿ မထေရ်ဟာ သက်သာရာရပြီး စိတ်တည်ငြိမ်စွာနဲ့ ကုတင်ပေါ်မှာ လျောင်းနေတယ်။ မြတ်စွာဘုရားက ပူတိဂတ္တတိဿရဲ့ ခေါင်းရင်းက ရပ်တော်မူလျက် တရားဂါထာတပုဒ်ကို ဒီလို ဟောတော်မူပါတယ်။

အစိရံ ဝတ ယံ ကာယော၊ ပထဝိံ အဓိသေဿတိ။
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။

ဘိက္ခု၊ ချစ်သားတိဿရဟန်း။ အယံ ကာယော၊ ဤ သင့်ကိုယ်သည်။ အစိရံ၊ မကြာမြင့်မီ။ အပေတဝိညာဏော၊ အသိစိတ်ဝိညာဏ် ကင်းသည်ဖြစ်၍။ (မကြာခင်ဘဲ အသိစိတ်ဝိညာဏ်ချုပ်ကင်းပြီး သေတော့မယ်လို့ ဆိုလိုပါတယ်၊ အနာရောဂါက အသည်းအသန်ဖြစ်နေတော့ မကြာခင်သေတော့မယ် ဆိုတာ အလွန်ပင် ထင်ရှားနေပါတယ်၊ သတိသံဝေဂ ဖြစ်စရာ အင်မတန်ပေါ်လွင်နေပါတယ်၊ အဲဒါကို မြတ်စွာဘုရားက သတိဖော်ပေးပါတယ်၊ ဒီလိုအခါမှာ ဘာမှ မြော်လင့်စရာမရှိတော့ တရားဘဲ အားကိုးစရာရှိတော့တယ် ဆိုတာကို သတိရစေပါတယ်။) အပေတဝိညာဏော၊ အသိစိတ်ဝိညာဏ် ကင်းသည်ဖြစ်၍။ ဆုဒ္ဓေါ၊ သိတင်းသုံးဘော်များက သုသာန်၌ စွန့်ပစ်အပ်သောကြောင့်။ (အသိစိတ် ဝိညာဏ်မရှိတော့ဘူး-သေပြီ ဆိုမှဖြင့် ရုပ် ကိုယ်ကြီးဆိုတာ ဘာမှ အသုံးကျတာ မဟုတ်တော့ဘူး၊ မသေခင်က ဘယ်လိုအလေးအမြတ်ပြုအပ်တဲ့ ကိုယ် ဖြစ်ပေမဲ့ သေသွားတဲ့ အခါကျတော့ ဘယ်သူကမျှ အလေးအမြတ် မပြုနိုင်ကြတော့ဘူး၊ ဘယ်သူမှ ဒီအလောင်းကောင်ကြီးနားမှာ မနေချင်ကြတော့ဘူး၊ မသေခင်က တခဏကလေးတောင် မခွဲရက်ဘူးဆိုတဲ့ သူတွေလဲ အနီးအပါး မကပ်ချင်ကြတော့ဘူး၊ ၂-ရက် ၃-ရက်လောက်ကြာယင် ပုပ်ပွပြီးတော့ သာပြီးရွံစရာ ကြောက်စရာကြီး ဖြစ်လာတယ်၊ ဒါကြောင့် ကျောင်းမှာ ဖြစ်စေ၊ အိမ်မှာ ဖြစ်စေ၊ ကြာကြာမထားနိုင်ကြဘူး၊ ဝေးရာ သုသာန်သို့ ပို့လိုက်ကြရ စွန့်လိုက်ကြရတော့တာဘဲ၊ ဒါကြောင့်)ဆုဒ္ဓေါ၊ သိတင်းသုံးဘော်တို့က သုသာန်၌ စွန့်ပစ်အပ်သောကြောင့်။ ပထဝိံ အဓိသေဿတိ ဝတ၊ သုသာန်မြေ၌ စင်းစင်း ခွေခွေ အိပ်နေရတော့မည် တကား။ (ဘယ်သူမှ ကြည့်ရှုသူမရှိဘဲ သုသာန်မြေ

www.dhammaransi.com



ပေါ်မှာ ဒီကိုယ်ကောင်ကြီးဟာ စင်းစင်းဖြစ်စေ၊ ခွေခွေဖြစ်စေ အိပ်နေရချေတော့မယ်၊ မကြာတော့ဘူးတဲ့။) ကိမိဝ၊ ဘာနှင့်တူမလဲ ဆိုယင်။ နိရတ္ထံ၊ အကျိုးမပြီး၍ အသုံးမဝင်သော။ ကလိင်္ဂရံဝ၊ သစ်သားအဖျင်း အညှာကဲ့သို့ပင် အိပ်နေရချေတော့မည်-တဲ့။ (ကုလားထိုင် ကုတင် အိမ်တိုင်စသည် အသုံးကျတဲ့ သစ်သားကောင်းများကိုတော့ လူတွေက အိမ်မှာယူပြီး အသုံးချကြတယ်၊ အဲဒီလို အသုံးမကျတဲ့ အကောက်အကွေး အပိုင်းအစ သစ်သားဖျင်း သစ်သားညှာတွေကိုတော့ တောထဲမှာဘဲ စွန့်ပစ်ထားခဲ့ကြတယ်၊ ဘယ်သူမှ ဂရုမစိုက်ကြဘူး၊ သူ့ဟာသူ တောထဲမှာပင် တည်နေရသလိုဘဲ သင်၏ ဒီကိုယ်ကောင်ဟာလဲ သုသာန်မြေပေါ်မှာ ဘယ်သူကမှ ဂရုပြုခြင်း မရှိဘဲ စင်းစင်းခွေခွေ သူ့ဟာသူဘဲ တည်နေရချေတော့မယ်လို့ ဆိုလိုပါတယ်။)

## ရဟန္တာခေတ်တော်ဆိုတာ အရိုးတွေပါဘဲ

ပူတိဂတ္တတိဿမထေရ်ဟာ မူလကလဲ တရားနှလုံးသွင်းအားထုတ်မှု အခြေခံက ရှိနေတဲ့အတွက် အဲဒီဂါထာတရားကို နာနေရင်း ဝိပဿနာဉာဏ် အစဉ်အတိုင်း တက်ပြီး အရဟတ္တမဂ်ဖိုလ်သို့ ရောက်သွားတယ်၊ ရဟန္တာ ဖြစ်သွားတယ်။ ရဟန္တာ ဖြစ်ပြီး မကြာခင်ဘဲ ပရိနိဗ္ဗာန်စံသွားတယ်၊ မြတ်စွာဘုရားက သူ့အလောင်းကို မီးသင်္ဂြိုဟ်စေပြီး အရိုးဓာတ်တော်တွေကို စေတီတည်စေပါတယ်။ ရဟန္တာဓာတ်တော် ဆိုတာ အရိုးတွေပါဘဲ၊ ဗမာပြည်မှာတော့ ဓာတ်တော်ဆိုယင် ဘုရားဓာတ်တော်များလို အလုံး အလုံးကလေးတွေလို့ ဒီလို အများက ထင်မြင်ယူဆပြောဆိုနေကြတယ်။ အမှန်မှာတော့ အဲဒီလို မဟုတ်ပါဘူး၊ ဘုရားဓာတ်တော်များသာ မြတ်စွာဘုရား၏ အဓိဋ္ဌာန်ချက်ကြောင့် အလုံး အလုံးကလေးတွေ ဖြစ်ကြတာပါ။ ရဟန္တာများ၏ ဓာတ်တော်များကတော့ ပကတိအရိုးအတိုင်းပါဘဲ၊ ဘာကြောင့် ဒီလို သိရသလဲ ဆိုယင်- ဘုန်းကြီးတို့ အိန္ဒိယ ကလကတ္တားမြို့ကို သီးသန့် လေယာဉ်ဖြင့် သွားပြီး အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်များကို ပင့်ဆောင်စဉ် အခါတုန်းက ဓာတ်တော်တိုက်ထဲမှာ အရှင် သာရိပုတ္တရာ အရှင် မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်တွေကို ထင်ရှားတွေ့ခဲ့ရပါတယ်၊ ပကတိ အရိုးအတိုင်းပါဘဲ၊ အရောင်အဆင်းက ဖြူဖွေးနေတယ်၊ ပုံသဏ္ဌာန်ကတော့

www.dhammaransi.com



လက်ဆစ်ရိုးကလေးတွေဟာ လက်ဆစ်ကလေးများအတိုင်းပါဘဲ၊ အစွန်း ၂-ဖက် အဆစ်နေရာများကကြီးပြီး ခါးလယ်ကသေးနေတယ်။ အဲဒီ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်များတောင် ပကတိအရိုးအတိုင်းရှိနေတယ်ဆိုတော့ ဒီပြင်ရဟန္တာများ၏ ဓာတ်တော်များဟာလဲ ပကတိအရိုးအတိုင်းဘဲ ရှိလိမ့်မယ်ဆိုတာ သံသယဖြစ်ဖွယ် မရှိပါဘူး။ ဒါကြောင့် ယခု ဗမာပြည်မှာ ရှိသေလေးစားအပ်တဲ့ ဆရာတော်တပါးပါး ပျံတော်မူလို့ မီးသင်္ဂြိုဟ်တဲ့အခါမှာ ကျောက်ခဲလုံးကလေးများလို ဓာတ်တော်များကျတယ်ဆိုတာကို ချင့်ပြီး ယုံကြဘို့ပါဘဲ။

## ပူတိဂတ္တတိဿမထေရ်၏ ရှေးအကြောင်း

အဲဒီလို စေတီတည်စေပြီးတဲ့နောက် ရဟန်းတော်များက ပူတိဂတ္တတိဿ-မထေရ်ဟာ ဘယ်မှာဖြစ်ပါသလဲ-လို့ မေးလျှောက်ကြတယ်။ ပရိနိဗ္ဗာန် စံသွားတဲ့ အကြောင်း မြတ်စွာဘုရားက မိန့်တော်မူတဲ့အခါ “ရဟန္တာဖြစ်ဖို့အကြောင်း ဥပနိဿယရှိနေပါလျက် သူကိုယ်ဟာ ဘာကြောင့် အနာတွေပေါက်ပြီး ပုပ်ရပါသလဲ၊ သူ့အရိုးတွေဟာ ဘာကြောင့် ကျိုးရပါသလဲ၊ ဘာကြောင့် ရဟန္တာဖြစ်ရပါသလဲ”လို့ မေးလျှောက်ကြပြန်တယ်။ အဲဒီအခါ မြတ်စွာဘုရားက ဒီလိုဖြေကြားတော်မူပါတယ်။

ပူတိဂတ္တတိဿမထေရ်ရဲ့ အလောင်းဟာ ကဿပမြတ်စွာဘုရားလက်ထက်တော်ကာလက ငှက်မုဆိုးဖြစ်ခဲ့တယ်၊ ငှက်တွေကိုသတ်ပြီး ရောင်းစားခဲ့တယ်၊ တနေ့တည်းရောင်းလို့ မကုန်နိုင်မည့် ငှက်တွေကို မသတ်သေးဘဲ အတောင်ချိုးထားတယ်၊ ခြေကို ချိုးထားတယ်၊ ဟိုတုန်းက အအေးခန်းတို့ ရေခဲစိမ်တာတို့ဆိုတာ ရှိပုံမပေါ်ပါဘူး၊ ဒါကြောင့် ပုပ်ပျက်မကုန်အောင် အရှင် အတိုင်း ချိုးဖဲ့ပြီး သိမ်းဆည်းထားတယ်။ ယခုကာလမှာလဲ ငှက်တွေကို မသတ်သေးဘဲ ဒီလို နှိပ်စက်ပြီး လှောင်ထားတာတွေ၊ ငါးတွေကို လှောင်ထားတာတွေ ရှိတယ်လို့ ကြားရတယ်၊ ဒါမျိုးဘဲ ဖြစ်ပါလိမ့်မယ်။ အဲဒီလို ငှက်တွေကို လိမ်ချိုးပြီး နှိပ်စက်ခဲ့ သတ်ခဲ့တဲ့အတွက် ငရဲမှာကြာမြင့်စွာ ဆင်းရဲဒုက္ခခံခဲ့ရပြီးတော့ အဲဒီကံကြွင်းကြောင့် လူဖြစ်တဲ့အခါမှာလဲ အနာရောဂါများခဲ့ရတယ်၊

www.dhammaransi.com



ယခုဘဝမှာလဲ အဲဒီနှိပ်စက်မှု အကုသိုလ်ကံကြောင့် အနာတွေပေါက်ပြီး တကိုယ်လုံး ပုပ်ရတယ်၊ အရိုးတွေလဲ ကျိုးရတယ်။ နောက်ဆုံး အဲဒီ ငှက်မှုဆိုးဖြစ်စဉ်က တနေ့သောအခါ သူ့အိမ်ကို ကြွရောက်လာတဲ့ ရဟန္တာမထေရ်အား သူစားဘို့ ချက်ထားတဲ့ ငှက်သားဟင်းနှင့် ဆွမ်းကိုလှူပြီးတော့ အရှင်မြတ်တို့ သိမြင်တဲ့ တရား၏အပြီးအဆုံးသို့ ရောက်ရပါစေ—လို့ ဆုတောင်းခဲ့တယ်၊ အဲဒီ ဆွမ်းအလှူ ဒါနကြောင့် ရဟန္တာဖြစ်ရတယ်ဆိုတဲ့အကြောင်း ပြေကြားတော်မူပါတယ်။

အဲဒီဝတ္ထုထဲမှာ အနာရောဂါတွေ အကြီးအကျယ်ဖြစ်ပြီး တကိုယ်လုံး ရစရာ မရှိအောင် ပုပ်ရတယ်၊ အရိုးတွေလဲ ကျိုးရတယ်ဆိုတာဟာ “ညှဉ်းဆဲသူကား၊ အနာများ”ဆိုတဲ့ အကုသိုလ်အကျိုးပြစကားရဲ့ သက်သေသာဓကပါဘဲ။ သူတပါးကို ကိုယ်ချင်းစာကာ သနားပြီး မညှဉ်းဆဲဘဲ ကြဉ်ရှောင်ယင်တော့ အရှင်ဗာကုလတို့လို အနာကင်းရှင်း ကျန်းမာခြင်း၏ အကြောင်းဖြစ်ပါတယ်။ ဘုန်းကြီး ဆယ်ဝါလောက်တုန်းက မော်လမြိုင် တောင်ဝိုင် တိုက်ကျောင်းမှာ နေစဉ်တုန်းက အနာကင်းရှင်းကျန်းမာတဲ့ ဒကာမကြီးတယောက်ကို တွေ့ဘူးတယ်၊ သူကျန်းမာပုံကတော့ ချီးမွမ်းစရာ ကောင်းပါတယ်၊ အဲဒီတုန်းက ဒီဒကာမကြီးဟာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်လောက် ရှိနေပါပြီ၊ သူတသက်မှာ နေမကောင်းတာဆိုရင် နှာစေးတာ ခေါင်းကိုက်တာတောင် မတွေ့ဘူးဘူးတဲ့၊ ဆေးဆိုယင်လဲ လျက်ဆားတောင် မလျက်ဘူးဘူးတဲ့၊ ဘုန်းကြီးတို့နေတဲ့ တောင်ဝိုင်းဆိုတာ အဲဒီအခါတုန်းက ငှက်ဖျားရှိပါတယ်၊ အဲဒီမှာ ၂-လ ၃-လလောက်နေမိယင် ဖျားတတ်ပါတယ်၊ အဲဒီ ဒကာမကြီး မှာတော့ အဲဒီတောင်ဝိုင်းမှာ နှစ်လုံးပေါက်နေပေမယ်လို့ ဘာမှ နေမကောင်း ထိုင်မသာမဖြစ်ဘူး၊ တော်တော်ကိုကျန်းမာရေးကောင်းတဲ့ ဒကာမကြီးဘဲ။ အဲဒါဟာ ညှဉ်းဆဲမှုမှ ကြဉ်ရှောင်ခဲ့တဲ့ ကုသိုလ်ကြောင့်လို့ ယူဆရပါတယ်။

ဒါကြောင့် မိမိတို့ကိုယ်တိုင် ကျန်းမာမှုများနေယင် ရှေးက ညှဉ်းဆဲမှုနည်း ခဲ့လို့ ကင်းခဲ့လို့ဘဲဆိုတာ ယူဆသင့်ပါတယ်။ အနာရောဂါတွေ များနေယင်တော့ ရှေးက သူတပါးကို ညှဉ်းဆဲခဲ့တဲ့ အကုသိုလ်ကြောင့်ဘဲလို့ ယူဆသင့်ပါတယ်။ အဲဒီလို ယူဆပြီးတော့ နောင်ကာလ နောင်ဘဝတွေမှာ အနာရောဂါ ကင်းရှင်းပြီး ကျန်းမာချမ်းသာရအောင် ညှဉ်းဆဲမှုကို ရှောင်ကြဉ်မယ်လို့ အဓိဋ္ဌာန်ပြုပြီး

www.dhammaransi.com



လက်ဆစ်ရိုးကလေးတွေဟာ လက်ဆစ်ကလေးများအတိုင်းပါဘဲ၊ အစွန်း ၂-ဖက် အဆစ်နေရာများကကြီးပြီး ခါးလယ်ကသေးနေတယ်။ အဲဒီ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်များတောင် ပကတိအရိုးအတိုင်းရှိနေတယ်ဆိုတော့ ဒီပြင်ရဟန္တာများ၏ ဓာတ်တော်များဟာလဲ ပကတိအရိုးအတိုင်းဘဲ ရှိလိမ့်မယ်ဆိုတာ သံသယဖြစ်ဖွယ် မရှိပါဘူး။ ဒါကြောင့် ယခု ဗမာပြည်မှာ ရိုးသလေးစားအပ်တဲ့ ဆရာတော်တပါးပါး ပျံတော်မူလို့ မီးသင်္ဂြိုဟ်တဲ့အခါမှာ ကျောက်ခဲလုံးကလေးများလို ဓာတ်တော်များကျတယ်ဆိုတာကို ချင့်ပြီး ယုံကြဘို့ပါဘဲ။

## ပူတိဂတ္တတိဿမထေရ်၏ ရှေးအကြောင်း

အဲဒီလို စေတီတည်စေပြီးတဲ့နောက် ရဟန်းတော်များက ပူတိဂတ္တတိဿမထေရ်ဟာ ဘယ်မှာဖြစ်ပါသလဲ-လို့ မေးလျှောက်ကြတယ်။ ပရိနိဗ္ဗာန် စံသွားတဲ့အကြောင်း မြတ်စွာဘုရားက မိန့်တော်မူတဲ့အခါ "ရဟန္တာဖြစ်ဖို့အကြောင်း ဥပနိဿယရှိနေပါလျက် သူ့ကိုယ်ဟာ ဘာကြောင့် အနာတွေပေါက်ပြီး ပုပ်ရပါသလဲ၊ သူ့အရိုးတွေဟာ ဘာကြောင့် ကျိုးရပါသလဲ၊ ဘာကြောင့် ရဟန္တာဖြစ်ရပါသလဲ" လို့ မေးလျှောက်ကြပြန်တယ်။ အဲဒီအခါ မြတ်စွာဘုရားက ဒီလိုဖြေကြားတော်မူပါတယ်။

ပူတိဂတ္တတိဿမထေရ်ရဲ့ အလောင်းဟာ ကဿပမြတ်စွာဘုရားလက်ထက်တော်ကာလက ငှက်မုဆိုးဖြစ်ခဲ့တယ်၊ ငှက်တွေကိုသတ်ပြီး ရောင်းစားခဲ့တယ်၊ တနေ့တည်းရောင်းလို့ မကုန်နိုင်မည့် ငှက်တွေကို မသတ်သေးဘဲ အတောင်ချိုးထားတယ်၊ ခြေကို ချိုးထားတယ်၊ ဟိုတုန်းက အအေးခန်းတို့ ရေခဲစိမ်တာတို့ဆိုတာ ရှိပုံမပေါ်ပါဘူး၊ ဒါကြောင့် ပုပ်ပျက်မကုန်အောင် အရှင်အတိုင်း ချိုးဖဲ့ပြီး သိမ်းဆည်းထားတယ်။ ယခုကာလမှာလဲ ငှက်တွေကို မသတ်သေးဘဲ ဒီလို နှိပ်စက်ပြီး လှောင်ထားတာတွေ၊ ငါးတွေကို လှောင်ထားတာတွေ ရှိတယ်လို့ ကြားရတယ်၊ ဒါမျိုးဘဲ ဖြစ်ပါလိမ့်မယ်။ အဲဒီလို ငှက်တွေကို လိမ်ချိုးပြီး နှိပ်စက်ခဲ့ သတ်ခဲ့တဲ့အတွက် ငရဲမှာကြာမြင့်စွာ ဆင်းရဲဒုက္ခခံခဲ့ရပြီးတော့ အဲဒီကံကြွင်းကြောင့် လူဖြစ်တဲ့အခါမှာလဲ အနာရောဂါများခဲ့ရတယ်၊

www.dhammaransi.com



ယခုဘဝမှာလဲ အဲဒီနှိပ်စက်မှု အကုသိုလ်ကံကြောင့် အနာတွေပေါက်ပြီး တကိုယ်လုံး ပုပ်ရတယ်၊ အရိုးတွေလဲ ကျိုးရတယ်။ နောက်ဆုံး အဲဒီ ငှက်မှုဆိုးဖြစ်စဉ်က တနေ့သောအခါ သူ့အိမ်ကို ကြွရောက်လာတဲ့ ရဟန္တာမထေရ်အား သူစားဘို့ ချက်ထားတဲ့ ငှက်သားဟင်းနှင့် ဆွမ်းကိုလှူပြီးတော့ အရှင်မြတ်တို့ သိမြင်တဲ့ တရား၏ အပြီးအဆုံးသို့ ရောက်ရပါစေ—လို့ ဆုတောင်းခဲ့တယ်၊ အဲဒီ ဆွမ်းအလှူဒါနကြောင့် ရဟန္တာဖြစ်ရတယ်ဆိုတဲ့အကြောင်း ဖြေကြားတော်မူပါတယ်။

အဲဒီဝတ္ထုထဲမှာ အနာရောဂါတွေ အကြီးအကျယ်ဖြစ်ပြီး တကိုယ်လုံး ရစရာ မရှိအောင် ပုပ်ရတယ်၊ အရိုးတွေလဲ ကျိုးရတယ်ဆိုတာဟာ "ညှဉ်းဆဲသူကား၊ အနာများ" ဆိုတဲ့ အကုသိုလ်အကျိုးပြစကားရဲ့ သက်သေသာဓကပါဘဲ။ သူတပါးကို ကိုယ်ချင်းစာကာ သနားပြီး မညှဉ်းဆဲဘဲ ကြဉ်ရှောင်ယင်တော့ အရှင်ဗာကုလတို့လို အနာကင်းရှင်း ကျန်းမာခြင်း၏ အကြောင်းဖြစ်ပါတယ်။ ဘုန်းကြီး ဆယ်ဝါလောက်တုန်းက မော်လမြိုင် တောင်ဝိုင်းတိုက်ကျောင်းမှာ နေစဉ်တုန်းက အနာကင်းရှင်းကျန်းမာတဲ့ ဒကာမကြီးတယောက်ကို တွေ့ဘူး တယ်၊ သူ့ကျန်းမာပုံကတော့ ချီးမွမ်းစရာ ကောင်းပါတယ်၊ အဲဒီတုန်းက ဒီဒကာမကြီးဟာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်လောက် ရှိနေပါပြီ၊ သူ့တသက်မှာ နေမကောင်းတာဆိုရင် နှာစေးတာ ခေါင်းကိုက်တာတောင် မတွေ့ဘူးဘူးတဲ့၊ ဆေးဆိုယင်လဲ၊ လျက်ဆားတောင် မလျက်ဘူးဘူးတဲ့၊ ဘုန်းကြီးတို့နေတဲ့ တောင်ဝိုင်းဆိုတာ အဲဒီအခါတုန်းက ငှက်ဖျားရှိပါတယ်၊ အဲဒီမှာ ၂-လ ၃-လလောက်နေမိယင် ဖျားတတ်ပါတယ်၊ အဲဒီ ဒကာမကြီး မှာတော့ အဲဒီတောင်ဝိုင်းမှာ နှစ်လုံးပေါက်နေပေမယ်လို့ ဘာမှ နေမကောင်း ထိုင်မသာမဖြစ်ဘူး၊ တော်တော်ကိုကျန်းမာရေးကောင်းတဲ့ ဒကာမကြီးဘဲ။ အဲဒါဟာ ညှဉ်းဆဲမှုမှ ကြဉ်ရှောင်ခဲ့တဲ့ ကုသိုလ်ကြောင့်လို့ ယူဆရပါတယ်။

ဒါကြောင့် မိမိတို့ကိုယ်တိုင် ကျန်းမာမှုများနေယင် ရှေးက ညှဉ်းဆဲမှုနည်း ခဲ့လို့ ကင်းခဲ့လို့ဘဲဆိုတာ ယူဆသင့်ပါတယ်။ အနာရောဂါတွေ များနေယင်တော့ ရှေးက သူတပါးကို ညှဉ်းဆဲခဲ့တဲ့ အကုသိုလ်ကြောင့်ဘဲလို့ ယူဆသင့်ပါတယ်။ အဲဒီလို ယူဆပြီးတော့ နောင်ကာလ နောင်ဘဝတွေမှာ အနာရောဂါ ကင်းရှင်းပြီး ကျန်းမာချမ်းသာရအောင် ညှဉ်းဆဲမှုကို ရှောင်ကြဉ်မယ်လို့ အဓိဋ္ဌာန်ပြုပြီး

www.dhammaransi.com



မညှဉ်းဆဲမှု သနားညှာတာမှု ကုသိုလ်တရားတွေကို ပွါးသည်ထက်ပွါးအောင် များသည်ထက် များအောင် ကျင့်သုံးသွားကြရမယ်။ ကဲ အကျိုးပြဆောင်ပုဒ်ကို ဆိုကြပါဦး။

ညှဉ်းဆဲသူကား၊ အနာများ၊ သနားကျန်းမာသည်။ (ဆို)

သလ္လေခသုတ်မှာ အကုသိုလ်တရား ၄၄-ပါးကို ရှောင်ကြဉ်ဘို့ ဟောထားတဲ့ သလ္လေခတရား ၄၄-ပါးရှိတဲ့အနက်က ဒီကနေ့ဟောခဲ့တာဟာ ဝိဟိံသာ – ညှဉ်းဆဲမှုမှ ရှောင်ကြဉ်မှုတပါးဘဲ ပြီးသေးတယ်၊ နောက် ဆက်ဟောဘို့ရာ ၄၃-ပါး ကျန်သေးတယ်။ ဒီကနေ့တော့ ဒီတွင်ဘဲ ရပ်ကြဦးစို့။ ဒီကနေ့ ပြုပြုသမျှကုသိုလ်တွေကို အမျှဝေပြီး တရားသိမ်းကြစို့။ ကဲ လိုက်ဆိုကြ။

## အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျနုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဝေယျာဝစ္စကုသိုလ် တရားဟောရသောကုသိုလ် တရားနာရသောကုသိုလ် အစရှိသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမိအဘတို့အား အမျှပေးဝေပါကုန်၏၊ အဆွေအမျိုးတို့အား အမျှပေးဝေပါကုန်၏၊ ဤအရပ်၌ ရောက်ရှိနေကြသော လူပရိသတ် နတ်ပရိသတ်အပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ သိကြားမင်းကြီးမှစ၍ အလုံးစုံသော နတ်အပေါင်း အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ်တရားတော် ပဌမပိုင်း ဤတွင် ပြီး၏။

www.dhammaransi.com

# သလ္လေခသုတ်တရားတော်ကြီး

# ဒုတိယပိုင်း

၁၃၃၂–ခုနှစ်၊ ဦးတန်ခူးလပြည့်နေ့ ဟောသည်။

## တရားအနုသန္ဓေ

သလ္လေခသုတ်တရားကို ပြီးခဲ့တဲ့ တန်ခူးလဆန်း (၈) ရက်သကြၤန်အကျနေ့က စပြီးဟောခဲ့တယ်။ အဲဒီမှာ——

ဝိဟိံသာ, ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ၊ မုသာ, ပိသု၊ ဖရု, သမ္ဖာ၊ အဘိဇ္ဈ,ဗျာနှင့်၊ ဆယ်ဖြာ မိစ္ဆတ္တ၊ စဉ်တိုင်းပြ၍–စသည်ဖြင့် ဆောင်ပုဒ်မှာ ပြထားတဲ့အတိုင်း ၄၄-ပါးသော အကုသိုလ်တရားတွေကို ပယ်ဘို့ရာ မြတ်စွာဘုရားက ညွှန်ပြထားပါတယ်။ ဒါကြောင့် အဲဒီဆောင်ပုဒ်ရဲ့ အဆုံးမှာ–ကိလေသာဘေး၊ လေးဆဲ့လေးကို၊ ဝေးဝေးစွန့်စေ၊ ညွှန်ပြပေသည်၊ သလ္လေခသုတ် မိန့်ခွန်းတည်း–လို့ ဆိုထားပါတယ်။

အဲဒီ ၄၄—ပါးထဲက သကြၤန်အကျနေ့တုန်းက ဟောခဲ့တာဟာ ဝိဟိံသာ ဆိုတဲ့အစဆုံး အကုသိုလ်တခုဘဲ ပြီးခဲ့သေးတယ်။ အဲဒီ ဝိဟိံသာပြီးတော့ ပါတ–ဆိုတဲ့ ပါဏာတိပါတကို ဟောရမယ်။ ဆောင်ပုဒ်ထဲမှာ အက္ခရာလေးလုံး စီရမည့်နေရာမှာ အက္ခရာငါးလုံးမက လွန်နေလို့ ပါဏာတိ–ဆိုတာကို နုတ်ပြီး ပါတ–လို့ သိရုံလောက် စီထားရတယ်။ ပါဏာတိပါတဆိုတာ ငါးပါးသီလထဲမှာ ပါဝင်နေလို့ အများက သိနားလည်ကြပြီးဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တရားအစဉ် ကျရောက်လာတဲ့အခါ သေချာသည်ထက် သေချာအောင် သရုပ်ခွဲပြီး ဟောရမယ်။

www.dhammaransi.com



## ပါဏာတိပါတပုဒ်အနက်

ပါဏ—ဆိုတာက လောကဝေါဟာရအားဖြင့် သတ္တဝါကို ခေါ်တာဘဲ၊ ပရမတ္ထသဘောတရားအရအားဖြင့်တော့ ဇီဝိတိန္ဒြေကို ခေါ်တယ်၊ ဇီဝိတိန္ဒြေဆိုတာ အသက်လို့ခေါ်ရတဲ့ သဘောတရားပါဘဲ။ အတိ-ဆိုတာက အလွန်လျင်မြန်စွာတဲ့၊ ပါတ – ဆိုတာက ကျစေတယ် – တဲ့။ ဒါကြောင့် ပါဏာတိပါတဆိုတာ ဇီဝိတိန္ဒြေ ခေါ်တဲ့ အသက်ကို သေချိန်မကျသေးခင် အလျင်အမြန် ကျစေတယ်လို့ ဆိုလိုပါတယ်၊ သတ္တဝါကို သေချိန်မရောက်သေးခင် သေအောင်ပြုလုပ်တာကို ဆိုတာပါဘဲ။ အဲဒါကို အရပ်သုံးစကားနဲ့ ဆိုယင်တော့ သတ္တဝါကို သေစေတယ်၊ သတ်တယ်လို့ ပြောဆိုနေကြပါတယ်။ အဲဒီ သတ်မှုအကုသိုလ်ကို ပယ်ဘို့ရာ မြတ်စွာဘုရားက သလ္လေခဝါရမှစပြီး ငါးဝါရ ခွဲခြားဟောထားပါတယ်။ သလ္လေခဝါရမှာ ဟောတော်မူပုံကတော့—

## သလ္လေခဝါရ၌ ဟောတော်မူပုံ

> ပရေ ပါဏာတိပါတီ ဘဝိဿန္တိ၊ မယမေတ္ထ ပါဏာတိပါတာ ပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော – တဲ့။

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ပရေ၊ သလ္လေခအကျင့်ကို မကျင့်ကြသော သူတပါးတို့သည်။ ပါဏာတိပါတီ၊ သတ္တဝါ၏ အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။

ကိလေသာကို ခေါင်းပါးစေတဲ့ သလ္လေခအကျင့်ကို မကျင့်နိုင်ကြတဲ့ အခြားပုဂ္ဂိုလ်တွေက သူတပါးကို မညှာမတာ ရက်ရက်စက်စက် သတ်ကြလိမ့်မယ် တဲ့၊ အဲဒီလို သတ်နေကြတာတွေဟာ အများကြီးပါဘဲ။ ကိုယ့်အသက်သေရမှာကျတော့ အဲဒီလို ပုဂ္ဂိုလ်တွေက အလွန်ကြောက်ကြပါတယ်။ ဒါကြောင့်—

> သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော—လို့

ဒီလိုလဲ ဟောထားပါတယ်။ သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ ဒဏ္ဍဿ၊ ဘေးဒဏ်မှ။ တသန္တိ၊ ထိတ်လန့်ကြကုန်၏။ သဗ္ဗေ၊ အလုံးစုံသောသတ္တဝါတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဝါ-သေရမည်မှ။ ဘာယန္တိ၊ ကြောက်ကြကုန်၏။

www.dhammaransi.com



သတ္တဝါတွေအားလုံးဟာ ဘေးဒဏ်သင့်မှာ သေရမှာ ထိတ်လန့်ကြတယ် ကြောက်ကြတယ်။ အဲဒါဟာ ယေဘုယျအများကို ငဲ့ပြီးပြောတာပါဘဲ၊ ဒေါသကင်းတဲ့ အနာဂါမ်နှင့် ရဟန္တာတွေကတော့ မထိတ်လန့်ကြ မကြောက်ကြပါဘူး၊ ဒါပေမဲ့ အဲဒီလို မထိတ်လန့်တတ် မကြောက်တတ်တဲ့ အနာဂါမ်ရဟန္တာဆိုတာက အလွန်နည်းပါတယ်၊ အနာဂါမ်ရဟန္တာမဟုတ်တဲ့ အခြားသတ္တဝါတွေကဘဲ အတိုင်းမသိ များပြားပါတယ်၊ အဲဒီအတိုင်းမသိ များပြားလှတဲ့ သတ္တဝါတွေဟာ အားလုံးဘဲ ထိတ်လန့်တတ်ကြ ကြောက်တတ်ကြပါတယ်။ ဒါကြောင့် အများကို ငဲ့ပြီး ယေဘုယျအားဖြင့် သတ္တဝါတွေအားလုံးဟာ ဘေးဒဏ်သင့်မှာ ထိတ်လန့်ကြတယ်၊ သေရမှာ ကြောက်ကြတယ်-လို့ ဟောထားပါတယ်။ သတ္တဝါတွေဟာ ကိုယ်သေရမှာတော့ သိပ်ကြောက်ကြတယ်၊ ဒါပေမဲ့ သူတပါးကိုတော့ ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိကြပါတယ်။

ကမ္ဘာလောကကြီးကို လျှောက်ကြည့်လိုက်ယင် အများအားဖြင့် နိုင်ရာနိုင်ရာ သတ်စားနေကြတာကို တွေ့ရတယ်။ ကိုယ့်အသက်တခုရှင်ရေးအတွက် အခြားသတ္တဝါတွေများစွာကို သတ်ပြီး စားနေကြတယ်။ ပင်လယ်ထဲ ရေထဲမှာ အလွန်သေးငယ်တဲ့ သတ္တဝါကလေးတွေဆိုတာ ရှိတယ်၊ အဲဒီသတ္တဝါအငယ်ကလေးတွေကို သူတို့ထက် အတော်အတန်ကြီးတဲ့ သတ္တဝါတွေက သတ်စားကြတယ်၊ အဲဒီ အတော်အတန်ကြီးတဲ့ သတ္တဝါတွေကိုလဲ သူတို့ထက်ကြီးတဲ့သတ္တဝါတွေက သတ်စားကြတယ်၊ အဲဒီနည်းဖြင့် နိုင်ရာနိုင်ရာ အဆင့်ဆင့် သတ်စားကြတာဟာ ဝေလငါးဆိုတဲ့ အကောင်ကြီးတွေရောက်ရော၊ အဲဒီအကောင်ကြီးတွေကတော့ ရေသတ္တဝါထဲမှာ အကြီးဆုံးဘဲ၊ အဲဒီငါးကြီးတွေက သူတို့အောက်စားလောက်တဲ့ ငါးတွေကို သတ်စားကြတယ်။ အဲဒါက ရေသတ္တဝါတွေ အချင်းချင်း နိုင်ရာသတ်စားနေကြပုံဘဲ။

ကုန်းသတ္တဝါတွေကို ကြည့်လိုက်ယင်လဲ အများအားဖြင့် နိုင်ရာ နိုင်ရာ သတ်စားနေကြတာကို နည်းတူဘဲ တွေ့ရတယ်။ ဒီအထဲမှာ ပရွက်ဆိတ်တို့ ကျားတို့ ဒီလို အကောင်တွေကတော့ သူတို့ထက် ကြီးတဲ့ အကောင်တွေလဲ သတ်စားကြတာဘဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုနိုင်ရာသတ်စားနေကြတဲ့ တိရစ္ဆာန်တွေကို ရည်ပြီးတော့....တွေ့၊ ဤတိရစ္ဆာန်လောကဉ်။ အညမညခါဒိကာ၊ အချင်းချင်း

www.dhammaransi.com



စားတတ်သောအကျင့်သည်။ ဒုဗ္ဗလခါဒိကာ၊ အားနည်းသူကို စားတတ်သော အကျင့်သည်။ ဝတ္တတိ၊ ဖြစ်နေသည်-လို့ ဟောထားပေတာဘဲ။ လူတွေကို ကြည့်လိုက်မယ်ဆိုယင် လူတွေက ပိုပြီးနယ်ကျယ်တာကို တွေ့ရတယ်၊ ကုန်းပေါ်က သတ္တဝါတွေကိုရော၊ မြေကြီးထဲအောင်းနေတဲ့ သတ္တဝါတွေကိုရော၊ ရေထဲက သတ္တဝါတွေကိုရော၊ ကောင်းကင်မှာပျံနေတဲ့ သတ္တဝါတွေကိုရော ဖမ်းပြီး သတ်စားနေကြတယ်၊ အလွန်ဝေးကွာတဲ့ ပင်လယ်ထဲက ဝေလငါးကြီးတွေဆိုတာကိုလဲ သတ်ပြီး အဆီကို ယူ-သုံးစွဲနေကြတယ်၊ အလွန်ကို နယ်ကျယ်ပါတယ်။

အဲဒီလို သူတပါးကိုသတ်ပြီး စားကြ သုံးစွဲကြတာဟာ ဘာအတွက်လဲဆိုယင် မိမိတို့ကိုယ်ခန္ဓာ အသက်ရှင်ရေးအတွက် ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ အဲဒီတော့ ကိုယ့်အသက်ကလေးတခု ရှင်ဘို့ရာ အခြားသတ္တဝါတွေ များစွာကို သတ်ရတယ်၊ အခြားသတ္တဝါတွေရဲ့ အသား အသွေး ရုပ်တွေနဲ့ ရင်းနှီးပြီး ကိုယ့်ခန္ဓာကို မွေးမြူပြုစုတယ်ဆိုတာဟာ တော်တော်ကို မတရားတဲ့အလုပ်ပါဘဲ။ အဲဒီလို သူတပါးကို သတ်ပြီး ကိုယ့်ခန္ဓာကို မွေးမြူနေကြတဲ့သူတွေဟာ မိမိကိုယ်တိုင်သေရမယ်ဆိုယင်တော့ အင်မတန်ကြောက်ကြပါတယ်၊ သူများက သတ်လို့ သေရမယ်ဆိုယင် သာပြီးကြောက်တတ်ကြတယ်၊ အဲဒါထက် အခြားသတ္တဝါကြီးတွေက မိမိကို ဖမ်းစားမယ်ဆိုယင် သာပြီးကြောက်လိမ့်မယ်၊ ကျားတို့ ခြင်္သေ့တို့ ဒီလိုအကောင်တွေက ဖမ်းစားမယ်ဆိုယင် မကြောက်ကြပေဘူးလား၊ လူကို မျိုနိုင်လောက်တဲ့ မြွေကြီးက ဖမ်းပြီးမျိုမယ်ဆိုယင် မကြောက်ကြပေဘူးလား၊ သိပ်ကြောက်ကြမှာဘဲ။ တခါက ဗဟုသုတဖြစ် စာတခုကို ဖတ်ဘူးတယ်။ အမေရိကန်က လူတစုဟာ အင်ဒိုနီးရှားကျွန်းတခုမှာ ဒရာဂုန်ခေါ် တဲ့ အကောင်ကြီးတွေကို ဖမ်းကြတယ်၊ ဒရာဂုန်ဆိုတာ နဂါး-လို့ မြန်မာပြန်ကြတယ်၊ ဒါပေမဲ့ ပိဋကစာပေမှာ ဆိုထားတဲ့ နတ်နဂါး-မြွေနဂါးမျိုးတော့ မဟုတ်ပါဘူး၊ ပုတ်သင်ညိုလို အကောင်အကြီးစားမျိုးပါဘဲ၊ အဲဒီအကောင်ကြီးတွေက လူထက်ကြီးပါတယ်။ သူတို့ဟာ အဲဒီအကောင်ကြီးတွေကို ထောင်ချောက်နဲ့ထောင်ပြီး အရှင်ရအောင်လဲ ဖမ်းကြတယ်၊ သေနတ်နဲ့ ပစ်သတ်ပြီး အသေလဲ ဖမ်းကြတယ်။ အဲဒီ သူတို့လူစုထဲမှာ အမျိုးသမီးတယောက်လဲ ပါတယ်။ တခါကတော့ ဒရာဂုန်

www.dhammaransi.com



အကောင်ကြီးတကောင်က အဲဒီအမျိုးသမီးဆီကို ကိုက်စားမယ်လို့ လာနေတယ်၊ အလွန်နီးကပ်နေပြီ၊ သူ့လက်ထဲမှာလဲ သေနတ်က မရှိတဲ့အခါဖြစ်နေတော့ အဲဒီ အမျိုးသမီးဟာ အင်မတန်ဘဲ ကြောက်ပါသတဲ့။ ဒါပေမဲ့ သူ့အဖော်တယောက်က အဲဒီဒရာဂုန်အကောင်ကြီးကို သေနတ်နဲ့ပစ်လိုက်လို့ အဲဒီအမျိုးသမီးဟာ သေဘေးက သီသီကလေးလွတ်သွားတယ် ဆိုတဲ့အကြောင်း ဖတ်ရဘူးတယ်။ အဲဒီမှာ သူတပါးကို ရက်ရက်စက်စက် သတ်ရဲပေမဲ့ ကိုယ့်ကို နိုင်လောက်တဲ့အကောင်ကြီးက ဖမ်းစားမယ်ဆိုတော့ အလွန်ကြောက်တဲ့အကြောင်း ဖော်ပြထားတာဟာ ဒီနေရာမှာ သာဓကပါဘဲ။

အဲဒါတွေကို စဉ်းစားကြည့်လိုက်ယင် ကိုယ်တိုင်သေရမှာ ကြောက်သလို သတ္တဝါတိုင်း သေရမှာ ကြောက်ကြတယ်၊ ဒါကြောင့် ကိုယ်ချင်းစာတရားနဲ့ သူတပါးကို မသတ်သင့်ဘူးဆိုတာ ထင်ရှားပေါ်လာပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက——

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ ပရေ၊ သလ္လေခအကျင့်ကို မကျင့်ကြသော သူတပါးတို့သည်။ ပါဏာတိပါတီ၊ သတ္တဝါ၏အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ ဝါ၊ သူတပါးအသက်ကို သတ်ဖြတ်လေ့ရှိသော ဤလောကကြီးထဲ၌။ မယံ၊ ဘုရားအဆုံးအမကိုရကြသော ငါတို့သည်။ ပါဏာတိပါတာ ပဋိဝိရတာ၊ သတ္တဝါ၏အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာကို ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-လို့ ဟောတော်မူပါတယ်။

သူများတွေက သတ်ဖြတ်ကြမည့်နေရာမှာ ငါတို့ကတော့ သူတပါးအသက်ကို မသတ်ဘူး၊ သတ်မှုမှကြဉ်ရှောင်မယ်၊ သတ်မှုဆိုတဲ့ ကိလေသာကို ပယ်မယ်၊ ခေါင်းပါးစေမယ်-လို့ အဓိဋ္ဌာန်ပြုပြီး ကိလေသာ ခေါင်းပါးစေတဲ့ အကျင့်ကို ကျင့်ရမယ်တဲ့။ အဲဒါက သလ္လေခဝါရ-ဘဲ။

**သလ္လေခ ၆—ပ-မ-သ-စ**

www.dhammaransi.com



## စိတ္တုပ္ပါဒဝါရစသည်

စိတ္တုပ္ပါဒဝါရကျတော့ ဣတိ စိတ္တံ ဥပ္ပါဒေတဗ္ဗံ–ဤသို့သော စိတ်ကို ဖြစ်စေရမယ်လို့ ဟောထားပါတယ်။ သတ်စရာအကြောင်း မပေါ်သေးခင် စောစောကတည်းက သတ်မှုမှ ရှောင်ကြဉ်မယ်ဆိုတဲ့ စိတ်ကူးကြံစည်မှုမျိုးကို ဖြစ်စေရမယ်တဲ့။ ပရိက္ကမနဝါရကျတော့—

ပါဏာတိပါတီနော ပုရိသပုဂ္ဂလဿ၊ သူ့အသက်ကို သတ်လေ့ရှိသော ယောကျ်ားပုဂ္ဂိုလ်၏။ ပါဏာတိပါတာ ဝေရမဏီ၊ သတ်မှုမှ ရှောင်ကြဉ်ခြင်းသည်။ ပရိက္ကမနာယ၊ ရှောင်လွှဲရန်အလို့ငှါ။ ဟောတိ၊ ဖြစ်ပေ၏-လို့ ဟောထားပါတယ်။

လမ်းဆိုးနဲ့ လမ်းကောင်း ၂-ခု ရှိရာမှာ လမ်းဆိုးက မသွားချင်ယင် လမ်းကောင်းက သွားခြင်းဖြင့် လမ်းဆိုးကို ရှောင်လွှဲနိုင်တာလို သူ့အသက်သတ်ခြင်းဆိုတဲ့ မကောင်းမှုကို သတ်မှုမှ ကြဉ်ရှောင်ခြင်းဆိုတဲ့ ကောင်းမှုနဲ့ ရှောင်လွှဲနိုင်ပါတယ်၊ သတ်မှုလုံးဝကင်းပြီလို့ မဆိုရသေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ သတ်မှုကို ကြဉ်ရှောင်တာဟာ သတ်မှုဆိုတဲ့ လမ်းဆိုးကို ရှောင်လွှဲဘို့ရာ လမ်းကောင်းဖြစ်တယ်၊ ရှောင်ချင်ယင် ရှောင်လွှဲလိုက်ရုံပါဘဲတဲ့။ ဆိပ်ကမ်းဆိုးကို ရှောင်လွှဲချင်ယင် ဆိပ်ကမ်းကောင်းက သွားရသလို သတ်မှုကို ရှောင်လွှဲချင်ယင် မသတ်မှုနဲ့ ပြောင်းလဲလိုက်ရုံပါဘဲ၊ သတ်မှုကို ကြဉ်ရှောင်မယ်လို့ အဓိဋ္ဌာန်ပြုပြီး ရှောင်လွှဲလိုက်ရုံပါဘဲ။

ဥပရိဘာဂဝါရကျတော့–ပါဏာတိပါတာ ဝေရမဏီ၊ သူ့အသက်ကို သတ်မှုမှ ကြဉ်ရှောင်ခြင်းသည်။ ဥပရိဘာဂါယ၊ အထက်အဖို့အလို့ငှါ။ ဟောတိ၊ ဖြစ်ပေ၏-လို့ ဟောထားပါတယ်။

သူ့အသက်ကို သတ်ခြင်းဆိုတာက အကုသိုလ်တရားဘဲ၊ အကုသိုလ်ဆိုတာ အောက်အဖို့ကို ကျသွားစေတတ်တယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်ရွာ ကျရောက်စေတတ်တယ်၊ လူဖြစ်ပြန်ယင်လဲ ဆင်းရဲတဲ့ အောက်တန်းစားဘဝတွေမျိုးမှာ ဖြစ်စေတတ်တယ်။ သူ့အသက်သတ်မှုမှ ကြဉ်ရှောင်တယ်ဆိုတာက ကုသိုလ်တရားဘဲ၊ ကုသိုလ်ဆိုတာ လူ့ဘဝ နတ်ဘဝ မြင့်မြတ်ရာဘဝတွေကို ရောက်စေတတ်တယ်၊ တဆင့်ထက် တဆင့် မြင့်မြတ်ရာကို ရောက်စေတတ်တယ်။

www.dhammaransi.com



ဒါကြောင့် သတ်မှုမှ ကြဉ်ရှောင်တာဟာ အထက်အဖို့ တက်ဖို့ရာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီတော့ လူတိုင်း လူတိုင်း စဉ်းစားကြည့်နိုင်ပါတယ်၊ အောက်လမ်း သွားချင်သလား၊ အထက်လမ်း သွားချင်သလား၊ အောက်လမ်းသွားချင်ယင် သူ့အသက်သတ်တဲ့ ပါဏာတိပါတလမ်းကို သွားရုံဘဲ၊ အထက်လမ်းသွားချင်ယင်တော့ သတ်မှုမှ ကြဉ်ရှောင်ရုံဘဲ၊ အဲဒီ အထက်လမ်း သွားယင်တော့ ယခုမျက်မှောက်မှာလဲ ဘေးရန်အန္တရာယ်ကင်းခြင်း စိတ်ချမ်းသာခြင်း စသည်ဖြင့် အဆင့်အတန်း မြင့်တက်သွားပါလိမ့်မယ်၊ နောင်သံသရာဘဝတွေမှာလဲ အထက်တန်းကျတဲ့ ဘဝတွေချည်းဖြစ်ပြီး ကြီးပွါးချမ်းသာသွားပါလိမ့်မယ်၊ ဒါကြောင့် ဘုရားတပည့်ဖြစ်ကြတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ကတော့ သတ်မှုမှကြဉ်ရှောင်တဲ့ ကုသိုလ်လမ်းစဉ်နဲ့ အထက်တန်းကို တက်ကြရမယ်။ ဘုရားအဆုံးအမကို မသိတဲ့သူတွေ သိသော်လဲ မလိုက်နာနိုင်တဲ့သူတွေကတော့ သူတပါးတွေကို သတ်ပြီးတော့လဲ ကြီးပွါးချမ်းသာအောင် အဆင့်အတန်း မြင့်အောင် အားထုတ်နေကြတာတွေ ရှိပါတယ်၊ အဲဒါကတော့ အကြောင်းညီညွတ်လို့ ကြီးပွါးချမ်းသာတောင် တခဏပါဘဲ၊ တသက်လျှာလောက်ပါဘဲ၊ နောက်ဘဝ နောက်ကာလတွေကျတော့ အောက်တန်းကျပြီး ဆင်းရဲဒုက္ခရောက်သွားရှာကြမှာတွေပါဘဲ။ ပါဏာတိပါတမှ ကြဉ်ရှောင်တယ်ဆိုတဲ့ ဒီလမ်းနဲ့ အဆင့်အတန်းတက်တာကတော့ ပြန်ကျတယ်လို့ မရှိဘူး၊ တဆင့်ထက်တဆင့် တိုးတက်သွားဘို့ဘဲရှိတယ်။ ဒါကြောင့် မသတ်မှုနှင့် အဆင့်အတန်းတက်မယ်-လို့ ဒီလို အဓိဋ္ဌာန်ပြုပြီး ကျင့်ကြရမယ်။ ကျင့်လဲကျင့်နေကြတာပါဘဲ၊ ငါးပါးသီလကို နေ့စဉ်ဆောက်တည်ပြီး ကျင့်နေတာဟာ ပါဏာတိပါတစသည်မှ ကြဉ်ရှောင်မှုဖြင့် အဆင့်အတန်းတက်နေကြတာပါဘဲ၊ ရှစ်ပါးသီလ ဆယ်ပါးသီလ ဆောက်တည်ကျင့်သုံးနေကြတာကိုတော့ အထူးပြောစရာ မလိုပါဘူး၊ ငါတို့ဟာ အကောင်းဆုံးနည်းနဲ့ အဆင့်အတန်းတက်ဖို့ အားထုတ်နေရတာပါကလား-လို့ ဆင်ခြင်ပြီး ဝမ်းမြောက်ဖို့ဘဲ ရှိပါတယ်။

နောက်ဆုံး ပရိနိဗ္ဗာနဝါရမှာတော့-ပါဏာတိပါတာ ဝေရမဏီ၊ သတ်မှုမှ ကြဉ်ရှောင်ခြင်းသည်။ ပရိနိဗ္ဗာနာယ၊ ကိလေသာမီး အပြီးတိုင်ငြိမ်းခြင်းငှါ။ ဟောတိ၊ ဖြစ်ပေ၏-လို့ ဟောထားပါတယ်။

www.dhammaransi.com



မီးကို ရေနဲ့ငြိမ်းသတ်ယင် ငြိမ်းသွားသလို သတ်မှုဆိုတဲ့ ကိလေသာမီးကို ရှောင်ကြဉ်မှု မသတ်မှုဆိုတဲ့ ကုသိုလ်ရေစင်နဲ့ ငြိမ်းသတ်နိုင်ပါတယ်၊ အဲဒီလို ငြိမ်းသတ်လိုက်ယင် အပြီးတိုင် ငြိမ်းသွားနိုင်ပါတယ်-တဲ့၊ ယခုပြောလာခဲ့တာဟာ ပါဠာတိပါဌ်နဲ့စပ်ပြီး ဟောထားတဲ့ ငါးဝါရလုံး ပြည့်စုံသွားပြီ၊ ကဲ – အဓိဋ္ဌာန် ဆောင်ပုဒ်ကို ဆိုကြစို့။ လိုက်ဆိုကြ—

## (၂) အဓိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက သတ်ဖြတ်ကြမည့်နေရာမှာ ငါတို့ကတော့ သတ်ဖြတ်မှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ သတ်ဖြတ်မှုကို မသတ်မှုနှင့် ရှောင်လွှဲမည်၊ မသတ်မှုနှင့် အဆင့်အတန်းတက်မည်၊ သတ်ဖြတ်မှု ကိလေသာမီးကို မသတ်မှု ကုသိုလ် ရေစဉ်နှင့် ငြိမ်းသတ်မည်။

## စျာန်နှင့် မသတ်မှု နှိုင်းယှဉ်ပြခြင်း

ပါဠာတိပါဌ် ဝေရမဏီ–သူ့အသက်သတ်မှုမှ ကြဉ်ရှောင်ခြင်းဆိုတာဟာ သီလကုသိုလ်မဟုတ်ပါလား၊ ဒီ သီလကုသိုလ်ကို စျာန်သမာပတ်ထက် မြတ်တဲ့ သလ္လေခတရားရယ်လို့ ဘာကြောင့် ဟောရသလဲ-လို့ ဒီလို မေးစရာရှိပါတယ်၊ အဲဒီ မေးခွန်းကို အဋ္ဌကထာမှာ ဖြေရှင်းပုံကတော့ မူလက ထုတ်ပြခဲ့တဲ့ စျာန်သမာပတ်တွေက သာသနာပတရားများသာ ဖြစ်တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန် တိုင်အောင် မရောက်နိုင်ဘူး၊ မညှဉ်းဆဲခြင်း, သတ်မှုမှ ကြဉ်ရှောင်ခြင်း အစ ရှိတဲ့ ကုသိုလ်တရားတွေကတော့ သာသနာတွင်းတရားတွေ ဖြစ်တဲ့အတွက် မဂ် ဖိုလ်နိဗ္ဗာန်အထိ ရောက်စေနိုင်တယ်၊ ဒါကြောင့် သလ္လေခတရား-လို့ ဟောတယ် ဆိုတဲ့အကြောင်း ဖြေရှင်းပြသွားပါတယ်။

အဲဒီ ဖြေရှင်းချက်မှာလဲ ပါဠိတတ်ပုဂ္ဂိုလ်တွေက ထပ်ပြီး မေးစရာရှိပြန်ပါ တယ်၊ စျာန်သမာပတ်တွေနဲ့ အထင်ကြီးနေပုံကို ပြတဲ့ပါဠိမှာ ဣဓေကစ္စော ဘိက္ခု-ဤသာသနာတော်က အချို့သော ရဟန်း-လို့ ဟောထားတယ် မဟုတ် ပါလား၊ ဒီတော့ သာသနာတွင်းမှာ စျာန်သမာပတ်တွေနဲ့ အားရပြီး အထင်

www.dhammaransi.com



ကြီးနေတာလဲ သလ္လေခမှု အလွတ်မဖြစ်နိုင်ပေဘူးလား-လို့ မေးစရာရှိပါတယ်၊ ဘုန်းကြီးတို့ကတော့ စျာန်သမာပတ်တွေနဲ့ အားရနေယင် သာသနာတွင်းမှာလဲ အဲဒီ စျာန်သမာပတ်တွေဟာ ကိလေသာကို ခေါင်းပါးစေတဲ့ သလ္လေခတရား မဖြစ်ဘူးလို့ဘဲ ဆိုချင်ပါတယ်၊ ဘာကြောင့်လဲဆိုယင် အဲဒီ စျာန်သမာပတ် လောကီနဲ့ အားရကျေနပ်နေယင် အရိယာမဂ်ဖိုလ်တရားထူးတွေကို မရနိုင်ဘူး၊ အရိယာမဂ်ဖိုလ်ကို မရနိုင်ယင် ကိလေသာကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ခေါင်းပါးအောင် ကင်းအောင် မပြုနိုင်ဘူး၊ ဒါကြောင့် သလ္လေခအကျင့်မမည် ဘူးလို့ ဆိုချင်ပါတယ်။

ပဉ္စမပိုင်းတုန်းက ထုတ်ပြခဲ့တဲ့ မဟာနာဂမထေရ်, စူဠသုမမထေရ်တို့ဟာ စျာန်သမာပတ်တွေနဲ့ အားရပြီး နေကြတဲ့အတွက် အနှစ် ၆၀-ခန့်တိုင်အောင် လောကုတ္တရာတရားထူးမရဘဲ ရှိနေခဲ့တယ်၊ အကယ်၍သာ အရှင်ဓမ္မဒိန္နမထေရ်ရဲ့ ဩဝါဒကို မရယင် အဲဒီ မထေရ်တွေဟာ ပျံလွန်တော်မူကြသည်တိုင်အောင် လောကုတ္တရာတရားထူးကို မရဘဲ အာဋ္ဌာရရသေ့, ဥဒကရသေ့တို့လိုဘဲ အချည်းနှီး ဆုံးရှုံးသွားကြဘွယ် ရှိပါတယ်၊ ဒါကြောင့် သာသနာပမှာသာ မဟုတ်ဘူး၊ သာသနာတွင်းမှာလဲ စျာန်သမာပတ်ကိုပင် တရားထူးထင်ပြီး အားရကျေနပ်နေယင် အဲဒီ စျာန်သမာပတ်ဟာလဲ ဘုရားအလိုတော်အရ အားဖြင့် သလ္လေခအကျင့်မဟုတ်သေးဘူးလို့သာ ဆိုရမယ်။

ဘုရားအလိုတော်ကျ သလ္လေခအကျင့်ကတော့ ညှဉ်းဆဲမှု သတ်မှုအစရှိသော အကုသိုလ်တရားတွေကို သီလနဲ့လဲ ပယ်ရမယ်၊ သမာဓိနဲ့လဲ ပယ်ရမယ်၊ ပညာနဲ့လဲ ပယ်ရမယ်၊ သီလကို ဆောက်တည်ပြီး ရှိရှိသေသေ စောင့်ထိန်းနေတဲ့သူမှာ ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်တဲ့ ဝီတိက္ကမကိလေသာ ဖြစ်ခွင့် မရဘူး ကင်းတယ်၊ အဲဒါဟာ သီလနဲ့ ဝီတိက္ကမကိလေသာကို ပယ်တာပါဘဲ။ ဒါပေမဲ့ စိတ်ကူးထဲမှာ ဖြစ်လာတဲ့ လောဘ ဒေါသ မောဟ-ဆိုတဲ့ ပရိယုဋ္ဌာန် ကိလေသာကိုတော့ သီလနဲ့ မပယ်နိုင်ဘူး၊ အဲဒီ စိတ်ကူးထဲမှာ ဖြစ်ပေါ်လာတဲ့ ကိလေသာတွေကိုတော့ သမာဓိနဲ့ ပယ်ရတယ်။ ဒါကြောင့် အတိုချုပ်အားဖြင့် မှတ်ချင်ယင် သီလဖြင့် ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်မှု ဝီတိက္ကမ ကိလေသာကို ပယ်သည်၊ သမာဓိဖြင့် စိတ်ကူးထဲမှာ ထကြွဖြစ်ပေါ်သော

www.dhammaransi.com



ပရိယုဋ္ဌာန်ကိလေသာကို ပယ်သည်-လို့ မှတ်ထားကြရမယ်။ ကဲ–မှတ်မိအောင် လိုက်ဆိုကြ—

သီလဖြင့် ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်မှု ဝီတိက္ကမ ကိလေသာကို ပယ်သည်။

ကာယကံမြောက် ကျူးလွန်မှုဆိုတာ သူ့အသက်ကို သတ်တယ်၊ သူ့ဥစ္စာကို ခိုးယူတယ် လုယက်တယ်၊ မပိုင်မဆိုင်တဲ့ ကာမဂုဏ်တွေမှာ ဖြစ်မှားတယ် ဒါမျိုးတွေပါဘဲ။ ဝစီကံမြောက် ကျူးလွန်မှုဆိုတာကတော့ သူတပါးအား အကျိုးမဲ့ဖြစ်အောင် လိမ်တယ်၊ ဂုံးတိုက်တယ်၊ ဆဲရေးတယ်၊ အနှစ်မဲ့စကားကို အဖိုးတန်စကားလုပ်ပြီး ပြောတယ်၊ ဒီလိုဟာမျိုးတွေပါဘဲ။ သီလကို ရှိရှိသေသေ စောင့်ထိန်းနေတဲ့သူမှာ အဲဒီလို ကျူးလွန်မှုတွေ မဖြစ်ဘူး ကင်းတယ်၊ ကဲ– လိုက်ဆိုကြဦး—

သမာဓိဖြင့် စိတ်ကူးထဲမှာ ထကြွဖြစ်ပေါ်သော ပရိယုဋ္ဌာန်ကိလေသာကို ပယ်သည်။

သမာဓိဘာဝနာဖြစ်နေတဲ့အခါမှာ သတ်ဘို့ ခိုးဘို့ လိမ်ဘို့ စသည်ဖြင့် ကြံတဲ့ အကုသိုလ်စိတ်ကူးတွေဟာ မဖြစ်နိုင်ဘူး ကင်းနေတယ်၊ ပုံစံထုတ်ပြရယင် ပထဝီကသိုဏ်းကို အာရုံပြုပြီး ပွါးများအားထုတ်နေတဲ့သူဟာ ပထဝီ ပထဝီ မြေ မြေ-လို့ စိတ်ဖြင့် မပြတ်နှလုံးသွင်းနေရတယ်၊ အဲဒီလို နှလုံးသွင်းနေလို့ စိတ်တည်ကြည်မှု သမာဓိဖြစ်နေတဲ့အခါမှာ လောဘစိတ်ကူးလဲ မဖြစ်နိုင်ဘူး၊ ဒေါသစိတ်ကူး စသည်လဲ မဖြစ်နိုင်ဘူး၊ ရှုနေတဲ့ ဘာဝနာကုသိုလ်စိတ်ကလေး တခုတည်းသာ မပြတ်ဖြစ်နေတယ်၊ အာပေါကသိုဏ်းစသည်ကို ရှုနေယင်လဲ နည်းတူပါဘဲ။

အာနာပါန သမထဘာဝနာကို ပွါးနေတယ်ဆိုယင်လဲ နှာသီးဖျားမှာဖြစ်စေ အထက်နှုတ်ခမ်းမှာဖြစ်စေ ထင်ရှားတိုက်ခိုက်ရာက စောင့်ပြီး ရှုနေရတယ်၊ ဝင်လေကို ဝင်တယ်-လို့ ရှုရတယ်၊ ထွက်လေကို ထွက်တယ်-လို့ ရှုရတယ်၊ အဋ္ဌကထာမှာတော့ တစ် နှစ် သုံး လေး ငါး စသည်ဖြင့် ဂဏန်းနဲ့ ရေတွက်ပြီး ရှုဘို့တောင် ပြထားပါသေးတယ်၊ အားထုတ်ခါစမှာ သမာဓိဖြစ်လွယ်အောင်လို့

www.dhammaransi.com



ညွှန်ကြားတာပါဘဲ၊ လိုရင်းကတော့ ရှုသွင်းတိုင်း ရှုထုတ်တိုင်း အဲဒီ ဝင်လေ ထွက်လေကို ရှုမိနေဘို့က လိုရင်းပါဘဲ၊ အဲဒီလို ဝင်လေ ထွက်လေကို စူးစိုက်ပြီး မပြတ်ရှုနေတဲ့အခါမှာလဲ အကုသိုလ်စိတ်ကူးတွေ မဖြစ်နိုင်ဘူး ကင်းနေတယ်၊ ငါးမိနစ် ဆယ်မိနစ် စသည်ဖြင့် တသမတ်တည်း ရှုနေနိုင်တဲ့အခါမှာ အဲဒီ အချိန်ကာလအတွင်း အကုသိုလ်စိတ်ကူးတွေ မဖြစ်ပဲ ကင်းငြိမ်းနေတယ်၊ ချွန် ထိအောင်ရောက်ယင်တော့ အဲဒီချွန်ကို ဝင်စားပြီးတော့ ၁-နာရီ ၂-နာရီ ၃-နာရီ စသည်ဖြင့် တသမတ်တည်း တည်ငြိမ်နေနိုင်တယ်၊ အဲဒီလိုအခါမှာ ချွန်စိတ်မှတပါး အခြားစိတ်ဆိုယင် ဘာစိတ်မှ မဖြစ်နိုင်ဘူး၊ အကုသိုလ် စိတ်ကူးဖြစ်ဖို့ ဆိုတာကတော့ ဝေးပါတယ်၊ အဲဒါဟာ သမာဓိဖြင့် အကုသိုလ် စိတ်ကူး ပရိယုဋ္ဌာန်ကို ပယ်ပုံပါဘဲ။

ဒါပေမဲ့ အဲဒီ သမာဓိဖြင့် ပယ်တာကတော့ အမြစ်ပြတ်မငြိမ်းသေးဘူး၊ အဲဒီ သမာဓိကို မလေ့လာဘဲ လွှတ်ထားတဲ့အခါ သမာဓိနဲ့ ဝေးကွာသွားတဲ့ အခါကျတော့ အကုသိုလ်တွေ ကိလေသာတွေက ပြန်ပြီးဖြစ်ပေါ်လာတတ်တယ်၊ ဥပမာ–ရေကန်ထဲမျှားမှာ မှော်သေးကလေးတွေဆိုတာ ရှိတတ်တယ်၊ ရေ မျက်နှာပြင်မှာ တစပ်တည်း ပိတ်နေတတ်တယ်၊ ရေခပ်တဲ့သူက ရေခပ်တဲ့ အခါမှာ အဲဒီ မှော်တွေကို ရေအိုးနဲ့ရိုက်ပြီး ဖယ်ရှားရတယ်၊ အဲဒီလို ရေအိုးနဲ့ ရိုက်လိုက်တဲ့အခါမှာ မှော်တွေက ရှဲသွားကြတယ်၊ ကျဲသွားကြတယ်၊ အဲဒီ အခါမှာ ရေအိုးကို ရေထဲမှာ နှစ်ပြီး ရေကို ခပ်ယူရတယ်၊ အဲဒီလို ရေခပ်ယူတဲ့ နေရာမှာ မှော်တွေမရှိဘဲ ရှင်းနေတယ်၊ ဒါပေမဲ့ မှော်တွေက တဖြည်းဖြည်းချင်း ပြန်ပြီး စုလာတယ်၊ တော်တော်ကြာတော့ ရေမျက်နှာပြင်မှာ မှော်တွေဟာ ပြည့်မြဲဘဲ ပြန်ပြီး ပြည့်နေတယ်၊ အဲဒီမှာ ရေအိုးနဲ့ရိုက်လို့ ရေအိုးဒဏ်ကြောင့် မှော်တွေ ရှဲကွာနေတာလို သမာဓိအဟုန်ကြောင့် ပရိယုဋ္ဌာန်ခေါ်တဲ့ အကုသိုလ် စိတ်ကူးတွေ မဖြစ်ပေါ်ဘဲ ခေတ္တခဏဝေးကွာနေတာ တူပါတယ်၊ တော်တော် ကြာတော့ မှော်တွေ ပြန်ပြီး ပြည့်မြဲပြည့်လာတာလို သမာဓိနဲ့ဝေးသွားတဲ့အခါ အကုသိုလ်စိတ်ကူးတွေ ပြန်ပြီး ဖြစ်မြဲ ဖြစ်ပေါ်လာပုံ တူပါတယ်၊ အဲဒီလို ပယ်ပုံကို ဝိက္ခမ္ဘနပဟာန်လို့ ဆိုပါတယ်၊ ခေတ္တခဏလောက် ဝေးကွာစေရုံမျှဖြင့် ပယ်တယ်လို့ ဆိုလိုပါတယ်။

www.dhammaransi.com



ထို့အတူ ကောသာ လောမာ နခါ ဒန္တာ တစော–ဆံပင် အမွေး လက်သည်း ခြေသည်း သွား အရေ စသည်ဖြင့် ကိုယ်ထဲက စက်ဆုပ်ရွံရှာဘွယ် ၃၂-ကောဋ္ဌာသကို နှလုံးသွင်းနေယင်လဲ နှလုံးသွင်းဖန်များတော့ ကိုယ့်ကိုယ်လဲ နှစ်သက်ဖွယ်မရှိ၊ သူများကိုယ်လဲ နှစ်သက်ဖွယ်မရှိ၊ စက်ဆုပ်ဖွယ် ရွံဘွယ်တွေဖြစ်ပြီး ထင်နေတတ်ပါတယ်၊ အဲဒီလိုအခါမှာ ဘယ်လိုလှပအောင် ပြုပြင်ထားတဲ့သူကို မြင်ရပေမဲ့ နှစ်သက်သာယာမှုမရှိဘဲ စက်ဆုပ်ရွံရှာဘွယ် အနေအားဖြင့်သာ ထင်နေတတ်ပါတယ်၊ အဲဒါလဲ သမာဓိအဟုန်ကြောင့် ရာဂကိလေသာတွေ ဝေးကွာနေတာပါဘဲ၊ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခွါထားတာပါဘဲ၊ ဒါပေမဲ့ အဲဒီလို ဆံပင် အမွေး စသည်ဖြင့် အသုဘနှလုံးသွင်းမှုက ဝေးကွာတဲ့အခါမှာ နှစ်သက်သာယာဘွယ်အနေဖြင့် ပြန်ပြီး ထင်တတ်တယ်၊ နှစ်သက်သာယာတဲ့စိတ်တွေလဲ ဖြစ်မြဲဘဲ ပြန်ပြီး ဖြစ်တတ်တယ်၊ သမာဓိဖြင့် ပယ်တာဟူသမျှဟာ ဒီနည်းချည်း ပါဘဲ၊ အမြစ်ပြတ်မငြိမ်းဘူး၊ ကိလေသာဖြစ်မှု ဝေးကွာနေရုံမျှပါဘဲ။

## ပညာဖြင့်ပယ်မှ အမြစ်ပြတ်ငြိမ်းသည်

ပညာဖြင့် ပယ်မှ အမြစ်ပြတ်ငြိမ်းတယ်၊ ပညာနဲ့ ပယ်လိုက်ယင်တော့ အကုသိုလ်ဟာ ဖြစ်ဖို့အခွင့်တောင် မရှိတော့ဘဲ ငြိမ်းသွားတယ်၊ ဥပမာ–ငှက်ဖျားအစရှိတဲ့ အနာရောဂါကို အမြစ်ပြတ်ပျောက်စေနိုင်တဲ့ ဆေးနဲ့ ဖြတ်လိုက်တဲ့အခါ တဖန် မပေါ်လာတော့ဘဲ ပျောက်ကင်းသွားသလိုပါဘဲ။ ဘယ်လိုလဲဆိုယင် ဒွါရ ၆-ပါးက ပေါ်လာသမျှ အာရုံတွေကို သတိပညာဖြင့် မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ ဘင်္ဂဉာဏ်စသည် ဖြစ်နေတဲ့အခါ ပေါ်လာသမျှအာရုံရော မှတ်သိတဲ့ စိတ်ရော တရိပ်ရိပ်နဲ့ အတွဲလိုက် အတွဲလိုက် ပျက်ပျက်သွားတာကိုချည်း တွေ့နေရတယ်၊ မြင်တယ်ဆိုယင် မြင်ရတာရော မြင်တာရော မှတ်သိတာရော ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ မြဲတည်နေတဲ့ ပုံသဏ္ဌာန် အထည်ဒြပ်ရယ်လို့ မတွေ့ရဘူး၊ ကြားတယ်ဆိုယင်လဲ ကြားရတာရော ကြားတာရော မှတ်သိတာရော ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ ဘယ်လိုအသံဘဲ ဘာသံဘဲ စသည်ဖြင့် စိတ်ထဲမှာစွဲပြီး မကျန်ရစ်ဘူး။ ဒါကြောင့် အဲဒီလို မြင်မှု ကြားမှုနဲ့စပ်ပြီး လောဘ ဒေါသ ကိလေသာတွေ မဖြစ်ရဘူး၊ မြင်ဆဲ ကြားဆဲမှာလဲ မဖြစ်ရဘူး၊ နောင်လဲ ပြန်လည်စဉ်းစား

www.dhammaransi.com



ပြီး မဖြစ်ရဘူး၊ ဘာကြောင့်လဲဆိုယင် မြင်စဉ် ကြားစဉ်ကပင် နှစ်သက်ဖွယ် မုန်းဘွယ်စသည်ဖြင့် မထင်ရှားခဲ့လို့ပါဘဲ။ အဲဒါဟာ ကိလေသာ ဖြစ်ခွင့် မရအောင် ရှုမှတ်မှု ဝိပဿနာက တဒင်္ဂပဟာန်ဖြင့် ပယ်သွားပုံပါဘဲ။ နံခိုက် စားသိခိုက် ထိသိခိုက် ကြံသိခိုက် စသည်တွေမှာလဲ နည်းတူဘဲ ရှုမှတ်ပြီး နည်းတူဘဲ သိသိသွားတယ်၊ ပေါ်လာတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော တခဏချင်း ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်။ ဒါကြောင့် အဲဒီ နံမှု စားသိမှု ထိသိမှု ကြံသိမှုစသည်နှင့် စပ်ပြီးတော့လဲ အကုသိုလ်ကိလေသာတွေ မဖြစ်ရဘူး၊ ကိလေသာဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းနေတယ်၊ အဲဒါဟာ ဝိပဿနာက တဒင်္ဂပဟာန်ဖြင့် ကိလေသာကို ပယ်ပုံပါဘဲ။ တဒင်္ဂပဟာန်ဆိုတာ ရှုမိတဲ့အာရုံနဲ့ စပ်ပြီးတော့ တစိတ်တဒေသလောက်သာ ပယ်နိုင်တယ်၊ မရှုမိတဲ့အာရုံတွေနဲ့ စပ်ပြီးတော့ ဖြစ်မည့်ကိလေသာတွေကိုတော့ မပယ်နိုင် ဘူး။ ဒါကြောင့် မရှုမိတဲ့ အာရုံတွေမှာတော့ ကိလေသာက ဖြစ်နိုင်သေးတာဘဲ။

ဒါပေမဲ့ မပြတ် ရှုမှတ်လို့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားတယ်၊ အဲဒီလို အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သွားယင်တော့ သူ့မဂ်ဉာဏ်ဆိုင်ရာ ကိလေသာတွေဟာ လုံးဝ မဖြစ်ပေါ်နိုင်တော့ဘဲ အမြစ်ပြတ် တခါတည်း ငြိမ်းသွားတယ်။ သောတာပတ္တိမဂ်ဆိုယင် သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ငြိမ်းတယ်၊ နောက်ပြီးတော့ အပါယ် လားရောက်စေတတ်တဲ့ အကုသိုလ်တွေလဲ ငြိမ်းတယ်၊ ပါဏာတိပါတ – သူ့အသက်ကို သတ်ခြင်း၊ အဒိန္နာဒါန – သူ့ဥစ္စာကို လုယက် ခိုးယူခြင်း၊ ကာမေသုမိစ္ဆာ-စာရ – မပိုင်မဆိုင်သော ကာမဂုဏ်တို့၌ မှားယွင်း ကျူးလွန်ခြင်း၊ မုသာဝါဒ – လိမ်လည် ပြောဆိုခြင်း၊ သုရာမေရယ – သေရည် အရက်စသည် သောက်စားခြင်းဆိုတဲ့ အပါယ် လားကြောင်း အကုသိုလ်တွေဟာ ဖြစ်နိုင်ခွင့် မရှိတော့ဘဲ လုံးဝ ငြိမ်းသွားတယ်။ သောတာပန်မှာ လောဘ ဒေါသကတော့ အကုန်လုံး မကင်းသေးပါဘူး၊ ဒါကြောင့် လိုချင် နှစ်သက်စရာကိုတွေ့ရယင် လိုချင်မှု နှစ်သက်မှုကတော့ ဖြစ်သေးတာဘဲ၊ စိတ်ဆိုးစရာကို တွေ့ရယင် စိတ်ဆိုးမှုကတော့ ဖြစ်သေးတာဘဲ။ ဒါပေမယ်လို့ သူတပါးကို သတ်နိုင်လောက်အောင် သူ့ဥစ္စာကို လုယက် ခိုးယူနိုင်လောက်အောင် ပြင်းထန်တဲ့ လောဘ ဒေါသ

www.dhammaransi.com



အကြမ်းစားတွေကတော့ မဖြစ်တော့ဘူး၊ မဂ်မှန် ဖိုလ်မှန်ဖြင့် သောတာပန် အစစ်ဖြစ်ယင် အဲဒီလို အပါယ်လားကြောင်း အကုသိုလ်တွေ လုံးဝကင်းတယ်။ အဲဒါဟာ အကုသိုလ် ကိလေသာကို ပညာဖြင့် အမြစ်ပြတ် ငြိမ်းအောင် ပယ်တာပါဘဲ။ ဒါကြောင့် အတိုချုပ်အားဖြင့် မှတ်ချင်ယင် "ပညာဖြင့် ကိလေသာဖြစ်ခွင့်ကို ပယ်သည်"လို့ မှတ်ထားကြရမယ်၊ ကိလေသာ ဖြစ်ခွင့် ဆိုတာ အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်တဲ့ အနုသယကိလေသာပါဘဲ။ ကဲ အဲဒါကို ဆိုကြရမယ်။

## ပညာဖြင့် ကိလေသာဖြစ်ခွင့်ကို ပယ်သည် (ဆို)

ယခုပြောနေတဲ့ "ပါဏာတိပါတာ ဝေရမဏီ – သူ့အသက် သတ်မှုမှ ကြဉ်ရှောင်ခြင်း"ဆိုတဲ့ သလ္လေခအကျင့် အရဆိုယင် ဒီလို သောတာပတ္တိမဂ်ဖြင့် အမြစ်ပြတ် ပယ်နိုင်သည်အထိ ကျင့်ရမှာ၊ အဲဒါက အရေးကြီးပါတယ်။ တချို့မှာ သမာဓိရရုံလောက်နဲ့ ဖိုလ်ဝင်စားနိုင်ပြီလို့ ထင်ပြီး အားရ ကျေနပ်နေတတ်ကြတယ်။ အာနာပါနကို ရှုနေရင်းဖြစ်စေ၊ တခြားအာရုံကို ရှုနေရင်းဖြစ်စေ တကိုယ်လုံး တောင့်ပြီး ဘာမျှ သတိမရတော့ဘဲ ချုပ်နေတယ် ဆိုတာတွေ ရှိတယ်၊ အဲဒီလို ချုပ်နေတာကို ဆရာကရော ပတ်ဝန်းကျင်ကရော ဖိုလ်ဝင်စားနေတယ်လို့ ယူဆတတ်ကြတယ်။ ရုပ်နာမ်ကိုလဲ ပိုင်းခြားပြီးမသိရသေးပါဘဲ၊ အဖြစ်အပျက်ကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် မသိရသေးပါဘဲ၊ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ သဘာဝလက္ခဏာတွေကိုလဲ မသိရသေးပါဘဲနဲ့ အဲဒီလို ချုပ်နေတာက တော့ သမာဓိသက်သက်နဲ့ ချုပ်နေတာ ဖြစ်တတ်တယ်။ အဲဒီလို သမာဓိ သက်သက်နဲ့ ချုပ်နေတဲ့ပုဂ္ဂိုလ်မှာ နောင်တချိန်ကျယင် သတ်ခြင်း ခိုးခြင်း လိမ်ခြင်း စသည်ဖြင့် သီလပျက်ပြီး အမှုမှန် ပေါ်တတ်ပါတယ်။ အဲဒီလို ဖြစ်တာဟာ သမာဓိမျှဖြင့် ကိလေသာကို အမြစ်ပြတ် မပယ်နိုင်လို့ပါဘဲ။ ဒါကြောင့် ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို သိဘို့ လိုပါတယ်၊ ဝိပဿနာဉာဏ်တွေလဲ အစဉ်အတိုင်း အပြည့်အစုံဖြစ်ဖို့ လိုပါတယ်၊ အဲဒီလို အပြည့်အစုံဖြစ်ပြီး ရုပ်နာမ် သင်္ခါရ လုံးဝချုပ်တဲ့နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် ဆိုက်ရောက်အောင် အားထုတ်ဖို့ လိုပါတယ်။ အဲဒီလို မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားယင်တော့ သတ်မှု ခိုးမှု လိမ်မှု အစရှိသော အကုသိုလ်တွေဟာ လုံးဝ

www.dhammaransi.com



ကင်းငြိမ်းသွားပါတယ်။ အဲဒီလို ကင်းငြိမ်းသွားအောင် အားထုတ်ကြတို့ပါဘဲ။ အားထုတ်ပြီးတဲ့အခါလဲ ဆင်ခြင်ကြည့်ရမယ်၊ သူ့အသက်ကို သတ်နိုင်သေးသလား၊ မသတ်နိုင်တော့ဘူးလားဆိုတာ ဆင်ခြင်ကြည့်ရမယ်။ ကိုယ်ရေးကိုယ်တာအတွက် တကယ့်အရေးကျတော့ သတ်နိုင်သေးတယ်ဆိုယင် ဒီသလ္လေခအကျင့်က မပြည့်စုံသေးဘူးလို့ မှတ်ရမယ်၊ ဘယ်နည်းနဲ့မှ မသတ်နိုင်တော့ဘူးဆိုယင်တော့ နေရာကျပြီ၊ ဒီသလ္လေခအကျင့် ပြည့်စုံပြီလို့ ဆုံးဖြတ်ရှုံဘဲ။

## ပါဏာတိပါတကံ မြောက် မမြောက်

ယခု ပါဏာတိပါတကံ မြောက် မမြောက် စိစစ်ပြဦးမယ်။ ပါဏာတိပါတကံမှာ အင်္ဂါက ငါးပါးရှိတယ်၊ (၁) ပါဏ – သက်ရှိအကောင်လဲ ဟုတ်ရမယ်၊ (၂) ပါဏသညိတာ – သက်ရှိ သတ္တဝါ အကောင်လို့လဲ အမှတ်ရှိရမယ်၊ (၃) ဝဓကစိတ္တံ – သတ်လိုတဲ့စိတ်လဲ ရှိရမယ်၊ (၄) ပယောဂ – ရိုက်ခြင်း ခုတ်ခြင်း ထိုးခြင်းစသည်ဖြင့် သေအောင် အားထုတ်မှု–သတ်မှုလဲ ရှိရမယ်၊ (၅) အဲဒီလို သတ်မှုကြောင့် အဲဒီ အကောင်ဟာ သေလဲ သေရမယ်တဲ့၊ ဒီ အင်္ဂါ ငါးပါးလုံး ပြည့်စုံမှ ပါဏာတိပါတကံ မြောက်တယ်၊ ဒီအင်္ဂါ ငါးပါးထဲက တပါးပါးလိုနေယင် ကံမမြောက်ဘူး။ သတ္တဝါမဟုတ်တဲ့ မြက်ပင် သစ်ပင်တွေကို သတ္တဝါထင်မှတ်ပြီး သတ်နေယင် အဲဒီမှာ သတ္တဝါမဟုတ်တဲ့အတွက် ပါဏာတိပါတကံ မထိုက်ဘူး၊ ဒါပေမဲ့ ဒေါသစိတ်နဲ့ ပြုလုပ်တဲ့အတွက် အကုသိုလ်တော့ ဖြစ်တာဘဲ။ ဥပမာ ညမှောင်ထဲမှာ နွယ်တို့ ကြိုးတို့ကို မြွေထင်ပြီး ရိုက်သတ်တာမျိုးပါဘဲ။ အဲဒါဟာ ပါဏ–သတ္တဝါဆိုတဲ့အင်္ဂါ လိုနေတဲ့အတွက် ပါဏာတိပါတကံ မထိုက်ဘူး၊ ဒေါသ အကုသိုလ် ဖြစ်ရုံမျှပါဘဲ၊ ပြောပလောက်တဲ့ မကောင်းကျိုးကိုလဲ မပေးနိုင်ဘူးလို့ဘဲ ယူရတယ်။

သတ္တဝါဟုတ်နေပေမဲ့ နွယ်တို့ ကြိုးတို့ ဒုတ်ချောင်းတို့ထင်မှတ်ပြီး ခုတ်လိုက် ရိုက်လိုက်လို့ သေသွားယင်လဲ ပါဏာတိပါတကံ မထိုက်ဘူး၊ ဘာကြောင့်လဲ ဆိုယင် သတ္တဝါမှန်းမသိတဲ့အတွက် သတ်လိုသောစေတနာ မရှိလို့ပါဘဲ။

သတ္တဝါလဲ ဟုတ်တယ်၊ သတ္တဝါမှန်းလဲ သိတယ်၊ ဒါပေမဲ့ သေစေလိုတဲ့ စေတနာမရှိဘဲ ပြုလုပ်မှုကြောင့် မတော်တဆ ထိခိုက်ပြီး သေသွားယင် အဲဒါလဲ

www.dhammaransi.com



ကံမထိုက်ဘူး၊ ဥပမာ သီလကို ရိုရိုသေသေ စောင့်ရှောက်နေတဲ့သူမှာ ပဋ္ဌက်ဆိတ် အကိုက်ခံရတယ် ဆိုပါတော့၊ အဲဒီလူဟာ ယားတာ နာတာကို မခံချင်တဲ့ အတွက် အဲဒီ ပဋ္ဌက်ဆိတ်ကို ဖယ်ရှားရပေလိမ့်မယ်၊ သေအောင် လုပ်တာတော့ မဟုတ်ဘူး၊ ဖယ်ရှားတာပါဘဲ၊ ဒါပေမဲ့ ဖယ်ရှားရင်း မတော်တဆ သေသွား တတ်တယ်၊ အဲဒီလို သေသွားရာမှာ သေစေလိုတဲ့စေတနာ မရှိတဲ့အတွက် ကံလဲ မထိုက်ဘူး၊ အကုသိုလ်လဲ မဖြစ်ဘူး။ လမ်းလျှောက်နေရင်း မတော်တဆ နင်းမိလို့ ပိုးကောင်ကလေးများ သေသွားတာ၊ ထုရိုက်ပြီး အလုပ်တခုခု လုပ် နေရင်း မတော်တဆ ထုမိ ရိုက်မိလို့ သေသွားတာ -- ဒီလိုဟာတွေမှာလဲ သေ စေလိုတဲ့ စေတနာမရှိတဲ့အတွက် ကံလဲ မထိုက်ဘူး၊ အကုသိုလ်လဲ မဖြစ်ဘူး။

သတ္တဝါလဲ ဟုတ်တယ်၊ သတ္တဝါမှန်းလဲ သိတယ်၊ သေစေလိုတဲ့ စေတနာလဲ ရှိတယ်၊ သေအောင်လဲ ရိုက်ခြင်း ခုတ်ခြင်း ထိုးခြင်း စသည်ကို ပြုတယ်၊ ဒါပေမဲ့ မထိခိုက်လို့ ဖြစ်စေ၊ ထိခိုက်သော်လဲ သေလောက်အောင် ဒဏ်ရာက မပြင်းထန် လို့ဖြစ်စေ အဲဒီသတ္တဝါမသေယင် ပါဏာတိပါတကံတော့ မထိုက်ဘူး၊ အကုသိုလ် တော့ ဖြစ်တယ်၊ အဲဒီသတ္တဝါရဲ့ ဂုဏ်အားလျော်စွာ အပြစ်လဲ ကြီးတတ်တယ်။ အဲဒီသတ္တဝါဟာ မိမိက ပြုလုပ်တဲ့ဒဏ်ကြောင့် သေသွားယင်တော့ အင်္ဂါငါးပါး လုံး ညီညွတ်ပြီး ပါဏာတိပါတကံ ထိုက်တယ်၊ အဲဒီသတ္တဝါရဲ့ ဂုဏ်အားလျော်စွာ အပြစ်လဲ ကြီးတယ်။ ဒီနေရာမှာ အပြစ်ကြီးပုံ ငယ်ပုံကို ဒီလို ခွဲခြားထားပါ တယ်၊ သတ်တဲ့သူရဲ့ အကုသိုလ်စေတနာ မထက်သန်ယင် အပြစ် ငယ်တယ်၊ ထက်သန်ယင် ထက်သန်သလောက် အပြစ်ကြီးတယ်။ သေအောင် ပြုလုပ်ရာ မှာ ကြောင့်ကြ ဗျာပါရနည်းလျှင် အပြစ်ငယ်တယ်၊ ကြောင့်ကြ ဗျာပါရ များလျှင် များသလောက် အပြစ်ကြီးတယ်။ အသတ်ခံရတဲ့သတ္တဝါက သီလ စသောဂုဏ် မရှိယင် အပြစ်ငယ်တယ်၊ ဂုဏ်များယင် များသလောက် အပြစ် ကြီးတယ်။

## စေခိုင်းလျှင်လဲ ကံထိုက်တယ်

ဒီပါဏာတိပါတအရာမှာ ကိုယ်တိုင် သတ်မှသာ မဟုတ်ဘူး၊ သူတပါးကို အသတ်ခိုင်းယင်လဲ ကံထိုက်တာဘဲ၊ သူတပါးအား သတ်ဖို့ အရိပ် နိမိတ်ပြယင်

www.dhammaransi.com



ပြတဲ့အတိုင်း အဲဒီ သူတပါးကလဲ သတ်ယင် အဲဒါလဲ ကံထိုက်တာဘဲ။ ဒါက အရေးကြီးပါတယ်၊ ချက်ရေး ပြုတ်ရေးဘက်က အမျိုးသမီးတွေမှာ အထူး သတိပြုစရာ ကောင်းပါတယ်။ ဘယ်လိုဟာလဲဆိုယင် ငါးတွေကို အရှင်အတိုင်း ထားပြီး ဝယ်မည့်သူလာမှ ထုပြီးရောင်းတာ ရှိတယ်လို့ ကြားရတယ်၊ ငါးသည် တွေက ထုနှက်သတ်ထားပြီးဖြစ်တဲ့ ငါးအသေကို တွေ့လို့ ဝယ်ယူလာတာကတော့ အပြစ်မရှိဘူးလို့ ဆိုရမှာဘဲ။ ဒါပေမဲ့ ငါးအရှင်တွေကို တွေ့တာနဲ့ အရှင်တွေဟဲ့ ဆိုပြီး တဖက်ကို ရှောင်လွှဲသွားတယ်၊ နောက်တခါ လှည့်လာယင် သတ်ထားပြီး ဖြစ်ကောင်းပါရဲ့ဆိုတဲ့အနေနဲ့ အရိပ်နိမိတ်ပြတဲ့ သဘောပါဘဲ၊ အဲဒီမှာ ငါးသည် က ရိပ်မိပြီး ငါးတွေကို ထုသတ်ထားတယ်၊ ခုတင်က အရှင်တွေဆိုပြီး တဖက် လှည့်သွားတဲ့သူက တပတ်ပြန်လှည့်လာဘယ်၊ သူ ရည်ရွယ်ချက်အတိုင်း ငါး အသေတွေကို တွေ့ရတော့ အဲဒါတွေကို ဝယ်ယူသွားတယ်၊ အဲဒီလိုဆိုယင် ဝယ်တဲ့သူလဲ ကံထိုက်တာဘဲ၊ အပြစ်ရှိတာဘဲ။ ဒါကြောင့် အဲဒီလို ပါဏာတိ- ပါတကံ မထိုက်အောင် ဝယ်တတ်ဖို့ အရေးကြီးပါတယ်။

## အစွန်းသုံးပါး လွတ်တဲ့အသား

ရဟန်းများမှာ ဒိဋ္ဌ သုတ ပရိသင်္ကိတဆိုတဲ့ အစွန်းသုံးပါးလွတ်တဲ့ အသား ကိုသာ သုံးဆောင်ကောင်းတယ်၊ ရဟန်းတော်များအတွက် ရည်ရွယ်ပြီးသတ် တာကို တွေ့မြင်ပြီးသိရယင်၊ အဲဒီလိုအသားကို ဒိဋ္ဌ-မြင်ရတဲ့အသားလို့ ခေါ်တယ်၊ အဲဒီလိုအသားဟင်းကို မစားကောင်းဘူး၊ ရဟန်းတော်များအတွက် ရည်ရွယ် ပြီးသတ်တဲ့အကြောင်း ကြားသိရလို့ ရှိယင်၊ အဲဒီလိုအသားကို သုတ-တဆင့် ကြားရတဲ့အသားခေါ်တယ်၊ အဲဒါကိုလဲ မစားကောင်းဘူး၊ ရဟန်းတော်များ အတွက် သတ်တဲ့အသားလေလားလို့ ယုံမှားရှိယင်၊ အဲဒီလိုအသားကို ပရိသင်္ကိတ- ရွံရှားအပ်တဲ့ အသား မသင်္ကာတဲ့ အသား ခေါ်တယ်၊ အဲဒါမျိုးလဲ မစား ကောင်းဘူး။ တောရွာအချို့မှာ ကြက်ဘဲစသည်ကို ရောင်းတဲ့ ဈေးသယ်ရယ်လို့ မရှိဘူး၊ အဲဒီလိုအရပ်မှာ အာဂန္တုရဟန်းအတွက် ကြက်သားဟင်း- ဘဲသား ဟင်းနဲ့ ဆွမ်းလာပို့ယင် ဆွမ်းပို့ရန်အတွက် သတ်ပြီး ချက်လာလေသလားလို့ မသင်္ကာစရာ ဖြစ်တယ်၊ အဲဒီလိုအသားကို ရဟန်းများ မစားကောင်းဘူး၊ စားချင်ယင် မေးမြန်းကြည့်ရမယ်၊ ရဟန်းများအတွက် သတ်ပြီးချက်တဲ့ဟင်း

www.dhammaransi.com



မဟုတ်ပါဘူးလို့ဆိုယင်၊ သံသယလဲကင်းယင်တော့ စားကောင်းပါတယ်။ အစွန်း သုံးပါးမလွတ်တဲ့ အသားကို စားယင် ပါဏာတိပါတကံ ထိုက်သလား၊ ဒီလိုကံ ထိုက်တာတော့ မဟုတ်ပါဘူး၊ ဝိနည်းသိက္ခာပုဒ်အရ မစားကောင်းတာပါဘဲ၊ စားယင် ဒုက္ကဋ်အာပတ် သင့်ပါတယ်။

ဂျိန်းဘာသာဝင်တွေကတော့ ကိုယ့်အတွက် ရည်ပြီး သတ်တဲ့အသားကို သိလျက်နဲ့ စားယင်၊ ပဋိစ္စကံ ထိုက်တယ်၊ ပါဏာတိပါတကံ တဝက်ထိုက်တယ်လို့ ဆိုကြပါတယ်။ ဒါပေမဲ့ ဗုဒ္ဓတရားတော်အရအားဖြင့်တော့ ကံတဝက်လဲ မထိုက် ပါဘူး၊ တစိတ်လဲ မထိုက်ပါဘူး၊ ဒါပေမဲ့ ကိုယ့်အတွက်သတ်တာကို သိလျက်နဲ့ စားနေယင်တော့ မသနားရာလဲ ရောက်ပါတယ်၊ ကိုယ့်အတွက် နောက်ထပ်လဲ သတ်ကြပါလိမ့်မယ်၊ ဒါကြောင့် အကုသိုလ်တော့ မကင်းဘူးလို့ ဆိုရမှာဘဲ။ ရဟန်းများမှာတော့ ကိုယ့်တပါးတည်းအတွက်သာ မဟုတ်ဘူး၊ ရဟန်းတပါး ပါးအတွက် ဖြစ်စေ၊ အများအတွက် ဖြစ်စေ၊ သံဃာအတွက် ဖြစ်စေ ရည်ပြီး သတ်တဲ့အသား ဆိုယင်၊ ဒိဋ္ဌ သုတ ပရိသင်္ကိတလဲ ရှိမယ်ဆိုယင်၊ ဘယ်ရဟန်းမှ မစားကောင်းဘူး။

သီဟိုဠ်ကျွန်းမှာ ရဟန်းများဟာ ဘဲဥ ကြက်ဥကို မစားရဘူးလို့ ဆိုတယ်၊ အားလုံးကဘဲ "မစားကောင်းဘူးလို့ အယူရှိကြတယ်"လို့ ဆိုတယ်။ အဲဒါဟာ သဘာဝကျပုံ ပေါ်တယ်၊ ဘာကြောင့်လဲ ဆိုယင် ဘဲဥ ကြက်ဥ ဆိုတာဟာ ရဟန်းများကို ကပ်လှူယင် ရဟန်းများအတွက် သက်သက်ရည်ရွယ်ပြီး ပြုတ်ရ ကြော်ရတာကဘဲ များပါလိမ့်မယ်၊ ဟင်းတခွက်အနေနဲ့ ကြော်ပြီးလှူယင် တော့ အဲဒီရဟန်းအတွက် သက်သက်ရည်ပြီး ပြုလုပ်ရကြောင်း ထင်ရှားနေပါ တယ်။ ဒါကြောင့် ဒိဋ္ဌ သုတ မဟုတ်တောင် ပရိသင်္ကိတ ကတော့ လွတ်နိုင်စရာ အကြောင်း မရှိပေဘူး။ ဒါပေမဲ့ အပြစ်ကင်းနိုင်တဲ့ ဘဲဥ ကြက်ဥလဲ ရှိပါသေးရဲ့၊ ဘယ်လိုဟာလဲ ဆိုယင်၊ ဆားရေစိမ်တို့ ထုံးရေစိမ်တို့ ဆိုတာတွေပါဘဲ၊ အဲဒါ မျိုးတွေဟာ ရှေးတုန်းကတော့ ရှိပါတယ်၊ ယခုတော့ ရှိမရှိ မပြော တတ်ဘူး။ နောက်ပြီးတော့ ပြုတ်ပြီး ရောင်းနေတဲ့ ဘဲဥ ကြက်ဥတွေလဲ အစွန်း သုံးပါးက လွတ်ပါတယ်။ ယခုခေတ်မှာ အကောင်မပေါက်နိုင်တဲ့ ဘဲဥ ကြက်ဥ ဆိုတာတွေလဲ ရှိတယ်၊ အဲဒါတွေကိုတော့ အများက သက်မဲ့အနေနဲ့ ယူဆနေကြ

www.dhammaransi.com



တယ်၊ သက်မဲ့ဟုတ်ယင်တော့ အဲဒီလို ဥတွေနဲ့စပ်ပြီး အပြစ်ဖြစ်စရာမရှိပါဘူး။ ဘုန်းကြီးအနေနဲ့ ဆိုယင်တော့ အဲဒီဥတွေဟာ သက်မဲ့ ဟုတ်မှ ဟုတ်ပါမလား လို့ သံသယရှိတယ်၊ အကောင်အဖြစ်သို့ မရောက်ရဘဲ – သေရမည့် သတ္တဝါ တွေ များလေလားလို့လဲ စဉ်းစားဘွယ် ရှိနေပါတယ်၊ ဘာကြောင့်လဲ ဆိုယင်၊ လောကမှာ သတ္တဝါတွေရဲ့ ကံအားလျော်စွာဖြစ်နေကြပုံက အလွန်ဆန်းကြယ် တဲ့ အတွက်ကြောင့်ပါဘဲ၊ တချို့သတ္တဝါတွေဟာ ကျောက်တုံးကျောက်ခဲထဲမှာ ပဋိသန္ဓေတည်ပြီး ဖြစ်ကြတယ်၊ အဲဒီ သတ္တဝါတွေမှာ သူတို့ရဲ့ တည်ရာဌာနက အလွန်ကျဉ်းကြပ်ပါဘိနဲ့ ကိုယ်ကာယ ကြီးထွားလာလေလေ အဲဒီကျောက်တွေ ကြားထဲညပ်ပြီး အင်မတန် နာကျင်မှာပါဘဲ၊ ဘယ်လို အကုသိုလ်ကံကြောင့် ဒါလောက်ကျဉ်းကြပ်တဲ့နေရာထဲမှာ ဖြစ်ရသလဲ မပြောတတ်ပါဘူး၊ အင်မတန် ကြောက်စရာ ကောင်းပါတယ်။ ယခု အကောင်မပေါက်နိုင်တဲ့ ဥတွေဆိုတာလဲ အဲဒီလို ကံမကောင်းတဲ့ သတ္တဝါတွေ များလေလားလို့ စဉ်းစားစရာ ရှိပါတယ်။ ဒါပေမဲ့ သက်မဲ့ ဥတွေဘဲလို့ ယူဆပြီး ပြုတ်ကြော်စားတဲ့ လူတွေမှာ သက်ရှိ အကောင် ဖြစ်နေစေကာမူ ပါဏာတိပါတကံ မထိုက်ဘူးလို့ ဆိုရမှာဘဲ၊ ဘာ ကြောင့်လဲ ဆိုယင်– ပါဏသညိတာ ဆိုတဲ့ အင်္ဂါအရ သတ္တဝါလို့ အမှတ်မရှိဘဲ အင်္ဂါချွတ်ယွင်းနေတဲ့ အတွက်ပါဘဲ။ နောက်ပြီးတော့ သတ္တဝါလို့ အမှတ်မရှိတဲ့ အတွက် သေစေလိုတဲ့ စေတနာလဲ မရှိသောကြောင့်ပါဘဲ။

နောက်တခုကတော့ တောရွာတချို့မှာ အလှူကြီးတွေ ပေးလှူတဲ့ အခါ ကျွေးမွေးပုံကိုလဲ စဉ်းစားစရာ ကောင်းတယ်၊ မြို့ကြီးများမှာလို အသားသည် က မရှိတော့ အမဲသား ဝက်သားနဲ့ ကျွေးချင်ယင် အသားရောင်းမည့်သူကို အကြောင်းကြား မှာထားရတာလဲ ရှိတယ်လို့ ကြားရတယ်။ အဲဒီလို ဆိုယင် အလှူ့ရှင်မှာ နွားတွေ ဝက်တွေကို အသတ်ခိုင်းရာ ရောက်တယ်၊ ကုသိုလ်ရ ချင်လို့ အလှူပေးကာမှ နွားသတ်တဲ့ အကုသိုလ်ကံ ဝက်သတ်တဲ့ အကုသိုလ်ကံ ဖြစ်ရတယ်။ ဝမ်းနည်းစရာပါဘဲ။ နောက်ပြီးတော့ အဲဒီလို မှာကြားပြီး ကပ် လှူတဲ့ အသားဟင်းကို ရဟန်းတော်များ စားသင့် မစားသင့်လဲ စဉ်းစားစရာ ရှိပါတယ်။ တချို့တောရွာများမှာတော့ ကျောင်းမှာ အလှူလုပ်တယ်ဆိုယင်၊ ဝက်တွေကို အရှင်လိုက် ကျောင်းကိုယူလာကြပြီး၊ ဟင်းလုပ်ကြတာလဲ ရှိတယ်လို့

www.dhammaransi.com



ကြားရတယ်၊ အဲဒါကတော့ အလွန်ကို မတော်တာပါဘဲ၊ ဘုန်းကြီးရဲ့ မိတ်ဆွေ ဘုန်းကြီးတပါးဟာ လွန်ခဲ့တဲ့အနှစ် ၃၀-လောက်က အဲဒီလို တောရွာကျောင်းတခုမှာ သွားနေမိလို့ အဲဒီလို မတော်တာတွေကို တွေ့ရတဲ့အတွက် အပြင်းအထန်ပြောပြီး အတင်းတားမြစ်ရတယ် ဆိုတဲ့အကြောင်း ကြားရဘူးပါတယ်။ အဲဒါဟာ ဆရာသမားတာဝန် ရှိတဲ့အတိုင်း ဆုံးမသွန်သင်မှုပါဘဲ၊ ဒီလိုမလျော်တဲ့အမှုကို တွေ့ရယင် ဆရာသမားတိုင်းက ဆုံးမသင့်ပါတယ်။

နောက်တခုကတော့ ဟော်တယ်ကမှာပြီး ကြက်သားဒန်ပေါက် ဆိတ်သားဒန်ပေါက် ဆွမ်းကပ်လှူကြရမှာ အပြစ်ကင်း ၊ မကင်း စဉ်းစားဘို့ရာပါဘဲ၊ ဟော်တယ်က သေပြီးအသားတွေကို ဝယ်ယူပြီး ပြုပြင် လာတယ် ဆိုယင်တော့ အပြစ်မရှိဘူးလို့ ဆိုရမှာဘဲ၊ သူတို့ကိုယ်တိုင် သတ်ပြီးတော့ ဖြစ်စေ၊ စောစောက မှာယူပြီးတော့ ဖြစ်စေ၊ ချက်လာတဲ့ ဒန်ပေါက်ဆွမ်း ဆိုယင်တော့ အပြစ်ကင်းတယ်လို့ ဆိုဘို့ရာခက်ပါတယ်၊ အဲဒီလို ဒန်ပေါက်ဆွမ်းဟာ ရဟန်းတော်များအတွက် ပရိယာယ်ကိုတမှ လွတ်မလွတ်လဲ စဉ်းစားဘို့ရှိပါတယ်။ ဒါတွေကို လျှောက်စဉ်းစားလိုက်ယင်၊ အသက်သတ်လွတ် စားတာဟာ အပြစ်အကင်းဆုံးပါဘဲ။ အသက်သတ်လွတ် မဟုတ်ယင်လဲ ကိုယ်တိုင်သတ်မှု၊ စေခိုင်းသတ်မှု၊ အရိပ်နိမိတ်ပြပြီး သတ်မှုဆိုတဲ့ ပါဏာတိပါတမှ လွတ်အောင် ကြဉ်ရှောင်ကြဘို့ လိုပါတယ်၊ ရဟန်းတော်များမှာလဲ အစွန်းသုံးပါးမလွတ်တဲ့အသားကို ကြဉ်ရှောင်ဘို့ လိုပါတယ်၊ အဲဒီလို ကြဉ်ရှောင်တာဟာ "ငါတို့ကတော့ သတ်ဖြတ်မှုကင်းစေမည်" ဆိုတဲ့ ဒီ သလ္လေခ အကျင့်နှင့် အညီပါဘဲ။ ကဲ–အဲဒီ အဓိဋ္ဌာန် ဆောင်ပုဒ်ကို ဆိုလိုက်ကြဦးစို့။

> (၂) သူများတွေက သတ်ဖြတ်ကြမည့်နေရာမှာ ငါတို့ကတော့ သတ်ဖြတ်မှုကင်းစေမည်၊ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်။ပ။ မသတ်မှုကုသိုလ်ရေစင်နှင့် ငြိမ်းသတ်မည်။

အဲဒီ အဓိဋ္ဌာန်ဆောင်ပုဒ်အတိုင်း သတ်ဖြတ်မှုအကုသိုလ်ကို သီလနဲ့လဲ ပယ်ရမယ်၊ သမာဓိပညာနဲ့လဲ ပယ်ရမယ်။ ယခု ဒီမှာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှတွေကိုလိုက်ပြီး မပြတ်ရှုမှတ်နေကြရတာဟာ အဲဒီလို အကုသိုလ်တွေကို အမြစ်ပြတ်ငြိမ်းအောင် အားထုတ်

www.dhammaransi.com



နေကြရတာဘဲ၊ မရှုမမှတ်ပဲ နေတဲ့သူတွေမှာ မြင်ရာကလဲ စပြီး သတ်ချင်စိတ် ဖြစ်ပေါ်တတ်တယ်၊ ကြားရာစသည်ကလဲ စပြီး ဖြစ်ပေါ်တတ်တယ်။ မပြတ် ရှုမှတ်ပြီး အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တသဘောကိုချည်း တွေ့မြင်နေတဲ့ ယောဂီမှာတော့ သတ်စရာ ပုဂ္ဂိုလ် သတ္တဝါ အကောင်ထင်တဲ့ စိတ်တောင် မဖြစ်ရဘူး၊ သတ်ချင်တဲ့ အကုသိုလ်စိတ်ဆိုတာ ဘယ်ဖြစ်နိုင်တော့မလဲ။ ဥပမာ ရှုမှတ်ခြင်း မရှိတဲ့သူမှာ ပရွက်ဆိတ်ကကိုက်ယင် ယားလိုက်တာ နာလိုက်တာ ဘာပါလိမ့်မလဲလို့ ကြည့်လိမ့်မယ်၊ ကိုက်နေတဲ့ ပရွက်ဆိတ်ကိုမြင်ယင် ငါ့ကို ကိုက်ရမလားလို့ စိတ်ဆိုးလိမ့်မယ်၊ သီလမရှိတဲ့သူဆိုယင် နင်ကိုက်ယင် နင် သေရော့ဆိုပြီး ပွတ်သတ်လိုက်လိမ့်မယ်၊ သီလရှိတဲ့သူကတော့ သတ်ချင်တဲ့ စိတ် ဖြစ်ပေမယ်လို့ သတ်တော့ မသတ်ဘူး၊ ဖယ်ရှားပစ်လိမ့်မယ်။ ဝိပဿနာ ရှုနေတဲ့ယောဂီကတော့ ယားတယ် နာတယ်၊ ယားတယ် နာတယ်–လို့ ရှုမှတ် နေရင်း အဲဒီယားမှု နာမှုကလေးတွေနဲ့ မှတ်သိမှုကလေးတွေ ခဏမစဲ ဖြစ် ပျက်နေတာကိုသာ တွေ့ရတယ်၊ ပရွက်ဆိတ်က ငါ့ကို ကိုက်တယ် ဆိုတဲ့စိတ် ဒေါသစိတ်တွေ မဖြစ်ရဘူး၊ သတ်ချင်တဲ့စိတ်ဆိုတာကတော့ ဝေးရော့။ အဲဒီလို ရှုမှတ်နေရင်း ယားမှု နာမှု ပျောက်သွားတာလဲ ရှိတယ်၊ မခံသာလှယင်လဲ ရှုမှတ်ပြီး ကုတ်ရ ဖျောက်ရတယ်၊ သတ်ချင်တဲ့စိတ်နဲ့ သတ်မှုကတော့ မဖြစ်ရ တော့ဘူး။ အဲဒီ ပရွက်ဆိတ်ကိုက်ရာမှာလိုဘဲ မြင်ရာ ကြားရာ စသည်မှာလဲ မပြတ် ရှုမှတ်နေတဲ့သူမှာ ဝိပဿနာဉာဏ် ရင့်နေတဲ့အခါ ဘယ်ကမှ အကုသိုလ် စိတ် မဝင်နိုင်ဘူး။ သတ်ချင်တဲ့စိတ် ဆိုတာကတော့ ဝေးရော့။ အဲဒီလို ရှုမှတ် နေရင်းဘဲ အရိယာမဂ်ဉာဏ်ကို ရောက်သွားနိုင်ပါတယ်။ အဲဒီ အခါကျတော့ ဒီ ပါဏာတိပါတ အကုသိုလ်မျိုးဟာ အစဉ်ထာဝရ လုံးဝ ကင်းငြိမ်းသွားတယ်။ ဒါကြောင့် ယခု ငါတို့ရှုမှတ်နေကြရတာဟာ အကုသိုလ်ဟူသမျှကို အမြစ် ပြတ်ပယ်နိုင်တဲ့ သလ္လေခ အကျင့်ကို ကျင့်နေကြရတာပါကလား လို့ ဆင်ခြင်ပြီး ဝမ်းမြောက် ဝမ်းသာကြရမယ်။

## အပြစ်နှင့် အကျိုး

သူ့အသက် သတ်ယင် ဘယ်လို အပြစ်ရှိသလဲ၊ မသတ်ယင် သတ်မှုမှ ကြဉ် ရှောင်ယင် ဘယ်လို အကျိုးရှိသလဲလို့ဆိုတော့, ပဌမ ပိုင်းတုန်းက ပြောခဲ့တဲ့

www.dhammaransi.com



အတိုင်း သုဘ ဆိုတဲ့ လုလင်က မေးလို့ မြတ်စွာဘုရားက ဖြေကြားထားတာ ရှိပါတယ်၊ ဘယ်လိုလဲ ဆိုတော့, လူ လူချင်းတူကြပါလျက် တချို့က အသက်တိုတယ်၊ တချို့က အသက်ရှည်တယ်၊ ဘာကြောင့်ပါလဲ–တဲ့၊ သုဘ လုလင်က ဒီလို မေးလျှောက်တယ်။ ဒီအမေးထဲမှာ ဘာကြောင့်ပါလဲလို့ မေးထားတဲ့အတွက် အကြောင်းမဲ့ အလိုလို ကွဲပြားတယ်ဆိုတဲ့ အဖြေကိုတော့ လက်မခံနိုင်ပေဘူး၊ အကြောင်းကလဲ အမျိုးမျိုးရှိပါတယ်၊ ပစ္စုပ္ပန်မျက်မြင်အကြောင်းလဲ ရှိတယ်၊ မျက်မြင်မဟုတ်တဲ့ အကြောင်းလဲ ရှိတယ်၊ မျက်မြင်အကြောင်းကတော့ မိခင်ဘခင်တို့ရဲ့ ရုပ်အကြောင်းနဲ့ အစာအာဟာရ အစရှိတဲ့ အကြောင်းတွေပါဘဲ၊ အဲဒီမှာလဲ တချို့က အမွှာညီနောင် ၂-ယောက်တောင်မှ အသက် အရှည်အတို မတူဘဲ ကွဲပြားနေတာ ရှိပါတယ်၊ ဒါကြောင့် အဲဒီမျက်မြင်အကြောင်းနဲ့တော့ ဒီအသက်ရှည်တို ပြဿနာက မပြေလည်နိုင်ပေဘူး၊မျက်မြင်မဟုတ်တဲ့ အကြောင်းကတော့ ဣဿရကုတ္တ ဗြဟ္မကုတ္တဆိုတဲ့အကြောင်းနဲ့ ကံအကြောင်းပါဘဲ၊ ဣဿရကုတ္တဆိုတာ ဣဿရခေါ်တဲ့ ဘုရားသခင်က ကမ္ဘာလောကနဲ့ သတ္တဝါတွေကို ဖန်ဆင်းတယ်ဆိုတဲ့ အယူဝါဒပါဘဲ၊ ဗြဟ္မကုတ္တဆိုတာကလဲ ဗြဟ္မာလို့ခေါ်တဲ့ ဘုရားသခင်က ဖန်ဆင်းတယ်ဆိုတဲ့ အယူဝါဒပါဘဲ၊ ဒီအယူဝါဒ ၂-ခုဟာ အမည်မျှသာကွဲပါတယ်၊ ဆိုလိုရင်းကတော့ အတူတူပါဘဲ၊ ဒီဘုရားသခင်က ဖန်ဆင်းတယ်ဆိုတဲ့ အယူဝါဒဟာ ဗုဒ္ဓဘုရားမပွင့်မီ ကမ္ဘာ့သက္ကရာဇ်မရှိသေးမီကတည်းက ပေါ်လာခဲ့တဲ့ အယူဝါဒလက်ဟောင်းကြီး ဖြစ်ပါတယ်၊ အဲဒါကို ဒီဃနိကာယ် ပါထိကသုတ်(နှာ-၁၃)စသည်မှာ မြတ်စွာဘုရား ဟောထားပါတယ်။ အဲဒီ ဖန်ဆင်းဝါဒအရ ဆိုယင်တော့ ဖန်ဆင်းတဲ့ဘုရားသခင်၏ အလိုအတိုင်း အသက်ရှည်အောင် ဖန်ဆင်းယင် အသက်ရှည်တယ်၊ တိုအောင် ဖန်ဆင်းယင် တိုတယ်လို့ ဆိုရမှာဘဲ။

## မွေးခါစကလေးသေတာ ဘာကြောင့်လဲ

ဒါပေမဲ့ "မွေးခါစကလေးသေတာ ဘာကြောင့်လဲ" ဆိုတဲ့ ပြဿနာကို ပြေလည်အောင် ဖြေဘို့ကတော့ ခက်ပါတယ်။ "မွေးခါစကလေး သေးတယ်" ဆိုတာ လူမျိုးတိုင်း ဘာသာဝင်တိုင်းမှာ ရှိတယ်၊ ဘုရားမဲ့ တရားမဲ့ ဘာသာမဲ့ ဆိုတဲ့ လူတွေထဲမှာလဲ ရှိတယ်၊ ဘယ်လိုဆေးဆရာတွေနဲ့ စောင့်ရှောက်နေပေ

www.dhammaransi.com



မယ်လို့ တဦးတလေမှာ ကလေးသေတာကတော့ ရှိတာဘဲ၊တချို့များ သားသမီး ရချင်လွန်းလို့ ဆေးဆရာတွေ အစောင့်အရှောက်တွေနဲ့ ကျန်းမာရေးကောင်း အောင် အင်မတန်ဂရုစိုက်နေပေမဲ့ အကြောင်းက မညီညွတ်တော့ ကလေး အဖတ်မတင်ဘူး၊ ဒီလို အမျိုးသမီးလဲ ရှိတာဘဲ၊ တချို့ တောရွာတွေက အမျိုး သမီးတွေကျတော့လဲ ဘာမှ အပြုအစု အစောင့်အရှောက်မရှိပဲ ဖြစ်သလိုနေပေ မယ်လို့ သားသမီးတွေက တဆယ် တဆယ်ကျော် ရှိနေတယ်၊ ဒီလိုဖြစ်ပုံဟာ ကမ္ဘာအရပ်ရပ် နိုင်ငံတိုင်းမှာ ရှိတယ်၊ ဘာသာဝင်တိုင်းမှာ ရှိတယ်၊ ဘာသာမဲ့ ထဲမှာလဲ ရှိတာဘဲ။

အဲဒီတော့ ဖန်ဆင်းတဲ့ ဘုရားသခင်၏ အလိုအတိုင်းဖြစ်ရတယ်ဆိုယင် မွေးခါစ ကလေးသေတာလဲ အဲဒီဘုရားသခင်၏ အလိုတော်ကြောင့်လို့ ဆိုရပေ လိမ့်မယ်။ ဒီလိုဆိုယင် ဘိုးစဉ်ဘောင်ဆက်က အဲဒီဘုရားသခင်ကို ရိုရိုသေသေ ကိုးကွယ်လာတဲ့ မိဘများ၏ကလေးကို ဘာကြောင့် အသက်တိုအောင် ဖန်ဆင်း ရသလဲ၊ အဲဒီလို မိဘတွေဘက်ကနေ ကြည့်မယ်ဆိုယင် အဲဒီလို မိဘတွေ စိတ်ဆင်းရဲအောင် မဖန်ဆင်းသင့်ပေဘူး၊ စိတ်ချမ်းသာအောင်သာ ဖန်ဆင်း သင့်ပေတယ်၊ကလေးဘက်ကနေကြည့်ယင်လဲ ယခုဘဝမှစပြီး ဖန်ဆင်းတယ်ဆိုတဲ့ ဝါဒအရဆိုယင် ဒီကလေးဟာ ဘာမျှမသိသေးတဲ့အတွက် ပြစ်မှားမိတာရယ်လို့လဲ မရှိသေးပေဘူး၊ ဒါကြောင့် ဒီကလေးကို ဘာကြောင့် ဒါလောက်အသက် တိုအောင် ဖန်ဆင်းရသလဲဆိုတာ ဖြေရှင်းဘို့ ခက်ပါတယ်။

## ဗုဒ္ဓမြတ်စွာ၏ အဖြေ

ဗုဒ္ဓမြတ်စွာဘုရားကတော့ "လူ လူချင်းတူပါလျက် တချို့က အသက်တိုတယ် တချို့က အသက်ရှည်တယ်၊ ဘာကြောင့်ပါလဲ" လို့မေးတဲ့ သုဘလုလင်၏အမေး ပြဿနာကို ဒီလိုဖြေကြားတော်မူပါတယ်။ "ဤလောကမှာ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ သူတပါး၏အသက်ကို ရက်ရက်စက်စက် သတ်တဲ့သူဟာ အပါယ်ငရဲကို ကျရောက်တတ်တယ်, အဲဒီမှာ အနှစ်သိန်းပေါင်းများစွာ ငရဲ ဆင်းရဲကို ခံစားရတယ်၊ အဲဒီငရဲမှလွတ်လို့ လူ့ဘဝရောက်လာယင်လဲ အသက် တိုရတယ်" တဲ့၊ အဲဒီလို ဖြေကြားတော်မူပါတယ်။

www.dhammaransi.com



အဲဒီမှာ "သတ်တဲ့သူဟာ အပါယ်ငရဲ ကျရောက်တတ်တယ်" ဆိုတာက ကျရောက်တတ်တာ ကျရောက်နိုင်တာကိုသာ ဆိုလိုပါတယ်၊ သတ်တဲ့သူတိုင်း သေပြီးသည့်နောက် အခြားမဲ့မှာ ငရဲကို ဧကန်ကျရောက်တယ်လို့တော့ ဆိုလိုတာ မဟုတ်ပါဘူး၊ တချို့မှာ သတ်မှု-အကုသိုလ်တွေ ရှိနေပေမယ်လို့ သူ့ထက် အားကောင်းတဲ့ အခြားကုသိုလ်ကံက အကျိုးပေးနေတာနဲ့ လူ့ဘဝ နတ်ဘဝမှာ ဖြစ်နေရတာလဲ ရှိပါတယ်၊ သာဓကကတော့ နာရဒဇာတ်တော်မှာ အလာတ ဆိုတဲ့ စစ်သူကြီးဟာ နွားသတ်သမားဘဝက သေလာပြီး အခြားကုသိုလ်ကံ ကြောင့် လူ့ဘဝရောက်ပြီး အထက်တန်းစား စစ်သူကြီးဖြစ်နေတယ်ဆိုတာဟာ သာဓကပါဘဲ၊ ဒါပေမဲ့ အဲဒီလို ပုဂ္ဂိုလ်ဟာလဲ နောင်တချိန်ကျတော့ သူပြုထားတဲ့ အကုသိုလ်ကံက အပါယ်ငရဲကို ရောက်စေတာပါဘဲ။ ဒါကြောင့် သူတပါးကို သတ်တဲ့သူဟာ အဲဒီအကုသိုလ်ကံက အကျိုးပေးခွင့်ရတဲ့အခါမှာ အပါယ်ငရဲကို ကျရောက်ရတယ်၊ အဲဒီမှာ အနှစ်သိန်းပေါင်းများစွာ ငရဲဒုက္ခဆင်းရဲတွေကို ခံစားရတယ်၊ အဲဒီ အကုသိုလ်ကံကုန်လို့ ငရဲမှလွတ်ပြီး လူ့ဘဝရောက်လာပြန် ယင်လဲ အသက်တမ်းပြည့်မနေရဘဲ အသက်တိုရတယ်၊ ဒီလို လူ့ဘဝရောက်ရ တယ် ဆိုတာကလဲ လူဖြစ်ဖို့ ကုသိုလ်ကံကရှိပါမှ ရောက်ရပါတယ်၊ ကုသိုလ်ကံက မရှိယင်တော့ ငရဲမှလွတ်တဲ့အခါ ကြက် ဝက် ဘဲ ဆိတ် နွား ကျွဲ အစရှိတဲ့ တိရစ္ဆာန်ဘဝတွေမှာဘဲ ဖြစ်ရတယ်၊ အဲဒီ ဖြစ်ရာဘဝတွေမှာ အသက်တမ်း အတိုင်း မနေရဘဲ အသေဆိုးနဲ့ သေရတယ်။

ဒါကတော့ ယခု အများမြင်နေကြရတဲ့ အတိုင်းပါဘဲ၊ ကြက်တို့ ဘဲတို့ ဆိုတာတွေဟာ တချို့မှာ အကောင်တောင် မပေါက်လိုက်ရသေးဘူး၊ ဥထဲရှိနေ တုန်းမှာ လူတွေက ပြုတ်စားကြ ကြော်စားကြတာနဲ့ သေကုန်ကြရတယ်၊ ဥထဲက အကောင်ပေါက်လာပြန်ယင်လဲ လူတွေစားဘို့ ဟင်းမျိုးလုပ်ကြတာနဲ့ အသက်တမ်းအတိုင်း မနေရဘဲ သေကုန်ရှာကြရတယ်၊ ဝက်တွေ ဆိတ်တွေ နွားတွေ ကျွဲတွေလဲ ဒီအတိုင်းပါဘဲ၊ အသက်အတိုင်း နေကြရတာက ရှားပါ တယ်။ သားသတ်ရုံရောက်ပြီး မရှုမလှ အသတ်ခံရလို့ သေရှာကြရတာကဘဲ များပါတယ်။ နောက်ပြီးတော့ ရေထဲက သတ္တဝါတွေဆိုတာလဲ နိုင်ရာ နိုင်ရာ စားလို့ သေကုန်ကြရတာကဘဲ များပါလိမ့်မယ်၊ အဲဒီထဲမှာ လူတွေစားဘို့

www.dhammaransi.com



ဖမ်းယူတဲ့အတွက် သေရတာတွေကလဲ ကမ္ဘာအရပ်ရပ်က စာရင်းအရဆိုယင် အများကြီးပါဘဲ၊ နောက်ပြီးတော့ ကုန်းသတ္တဝါတွေထဲက ပိုးကောင်ကလေးတွေ ဆိုတာလဲ နိုင်ရာ နိုင်ရာအကောင်တွေက ဖမ်းစားလို့ မကြာခင်ဘဲ သေကုန်ရှာ ကြရတယ်၊ အထူးအားဖြင့်တော့ လူတွေစိုက်ပျိုးထားတဲ့ လယ်ယာတွေထဲမှာ လာဖြစ်ကြတဲ့ သတ္တဝါတွေကတော့ အသက်အတိုဆုံးလို့ ဆိုရမှာဘဲ၊ သူတို့က ကံမကောင်းတဲ့အတွက် လူတွေရဲ့ စားဘွယ် သုံးဘွယ်အပင်တွေထဲမှာ လာပြီး ဖြစ်ကြရတယ်၊ သူတို့ဟာ လူနဲ့မနီးတဲ့ တောထဲမှာ ဖြစ်ကြမယ်ဆိုယင်တော့ တော်တော်ကြာအောင် အသက်ရှင်နေနိုင်ဘို့ ရှိပါတယ်၊ ဒါပေမဲ့ သူတို့က အသက်တိုဘို့ကံရှိနေကြတဲ့အတွက် လူတွေရဲ့စိုက်ခင်းတွေထဲမှာ လာပြီးဖြစ်ကြရ တယ်၊ လူတွေမှာလဲ သူတို့ကို မသုတ်သင်ယင် စားသောက်နေထိုင်ရေးအတွက် အင်မတန်ကျပ်ပါလိမ့်မယ်၊ ဒါကြောင့် သူတို့ကို လျစ်လျူရှုမထားနိုင်ပေဘူး၊ သုတ်သင်ရှင်းလင်းကြရပေလိမ့်မယ်၊ အဲဒီလို သုတ်သင်ရှင်းလင်းလိုက်တော့ အဲဒီ ပိုးကောင်တွေဟာ မကြာခင်ဘဲ သေကုန်ရှာကြတယ်၊ ဒီလို အချိန်မကျဘဲ သေကြရတာတွေဟာ ပါဏာတိပါတကံကြောင့် ဖြစ်တယ်ဆိုတာကို ဗုဒ္ဓတရား တော်အရအားဖြင့် သိရပါတယ်။

နောက်ပြီးတော့ လူ့ဘဝရောက်လာပြန်လဲ တချို့မှာ အမိဝမ်းထဲတွင်ဘဲ သေကြရတယ်၊ တချို့လဲ မွေးပြီးမကြာခင်ဘဲ သေကြရတယ်၊ တချို့လဲ တလ နှစ်လ စသည်အတွင်းမှာဘဲ သေကြရတယ်၊ တချို့လဲ တနှစ် နှစ်နှစ်စသည် အတွင်းမှာဘဲ သေကြရတယ်၊ တချို့လဲ ဆယ်နှစ် အနှစ်နှစ်ဆယ် သုံးဆယ် စသည်ဖြင့် အသက်တမ်းစေ့မနေရဘဲ သေကြရတယ်။ အဲဒီလို သေကြရာမှာလဲ တချို့က သူတပါး၏ သတ်ဖြတ်ခြင်းခံရပြီး သေကြရတယ်၊ တချို့ကလဲ မတော် တဆထိခိုက်ပြီး သေကြရတယ်၊ တချို့ကလဲ ရောဂါဆိုးနှိပ်စက်ခံရပြီး သေကြ ရတယ်။ အဲဒီလို သေချိန်မကျဘဲ သေကြရတာတွေဟာ သူတပါးကိုသတ်ခဲ့တဲ့ ပါဏာတိပါတကံကြောင့်ချည်းပါဘဲ။ ဒီတော့ လူ လူချင်းတူပါလျက် သူများလို အသက်တမ်းစေ့ မနေကြရဘဲ သေကြရတာ အသက်တိုတာဟာ ဘာကြောင့်လဲ ဆိုယင် သူတပါးကိုသတ်ခဲ့တဲ့ ပါဏာတိပါတကံကြောင့်ဘဲဆိုတာ ထင်ရှားနေ ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက—

www.dhammaransi.com



အပ္ပါယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ပါဏာတိပါတီ ဟောတိ – လို့ အတိုချုပ် ဟောထားပါတယ်။

မာဏဝ၊ သုဘလုလင်။ ယဒိဒံ-ယော အယံ၊ အကြင်ပုဂ္ဂိုလ်သည်။ ပါဏာတိ-ပါတီ ဟောတိ၊ သတ္တဝါတို့ကို သတ်ဖြတ်လေ့ရှိ၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ ဧသာ ပဋိပဒါ၊ ဤသတ်ဖြတ်မှု အကျင့်သည်။ အပ္ပါယုကသံဝတ္တနိကာ၊ အသက်တိုခြင်းကို ဖြစ်စေတတ်၏၊ ဝါ–အသက်တိုစေတတ်၏–တဲ့။

အဲဒါကို ဘုန်းကြီးက အတိုချုပ် ဆောင်ပုဒ်စီထားတယ်– သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်–လို့ စီထားပါတယ်။ သူတပါးကိုသတ်ယင် အသက်တိုတတ်တယ်-လို့ ဆိုလိုပါတယ်၊ သိလွယ်ပါတယ်။ ဒီနေရာမှာ သာဓကဝတ္ထုများကို အတိုချုပ် ထုတ်ပြရဦးမယ်။

## သိုးကိုသတ်မိလို့ သိုးမွေးနှင့်အမျှ ခံရသည်

ရှေးတုန်းက ဗာရာဏသီမြို့က မင်းသားတဦးဟာ သူ့ခမည်းတော် ကွယ်လွန်တဲ့အခါ မင်းအဖြစ်ကိုရယင် ဇမ္ဗုဒီပါကျွန်းမှာရှိတဲ့ မိဖုရားများနှင့်တကွ တရာ့တပါးသော မင်းတို့၏ လည်ချောင်းသွေးဖြင့် ပူဇော်ပသပါမယ်-လို့ ညောင်ပင်စောင့်နတ်ကို ကိုးထားတယ်။ အဲဒီလို ကိုးထားတဲ့အတိုင်း သူမင်းဖြစ်တဲ့အခါ တရာ့တပါးသော မင်းတွေကို မိဖုရားတွေပါဖမ်းပြီး ညောင်ပင်စောင့်နတ်ကို ပူဇော်ဘို့ စီစဉ်တယ်။ အဲဒီအခါ အငယ်ဆုံးမင်းကလေးရဲ့ မိဖုရားက ဓမ္မဒိန္နာတဲ့။ သူက သူ့ခင်ပွန်း မင်းကလေးကိုသာ ရှိခိုးနေတယ်။ အဲဒါကို မြင်ရတော့ ဗာရာဏသီမင်းက ငါသို့သော တန်ခိုးအကြီးဆုံးမင်းကို ရှိမခိုးဘဲ နေရမလားလို့ ကြိမ်းမောင်းပြောဆိုတယ်။ ဒီတော့ ဓမ္မဒိန္နာက "ငါ့မှာ သင်နှင့် ဘာစပ်ဆိုင်လို့ ရှိခိုးရမှာလဲ၊ ငါ့အရှင်သခင်ဖြစ်တဲ့ ဒီမင်းက ငါ့ကို မိဖုရားစည်းစိမ်ပေးထားတဲ့ ကျေးဇူးရှင်ဖြစ်တယ်၊ ဒီလို ကျေးဇူးရှင်ကိုမှ ရှိမခိုးယင် ဘယ်သူ့ကို ရှိခိုးရမှာလဲ" လို့ ချေပပြောဆိုတယ်၊ အဲဒီလို အချေအတင် ပြောဆိုနေရင်း ဓမ္မဒိန္နာက ငိုလဲငိုတယ်၊ ရယ်လဲရယ်ပါသတဲ့။ ဒီတော့ ဗာရာဏသီမင်းက ဘာကြောင့် ငိုရသလဲ၊ ဘာကြောင့် ရယ်ရသလဲ၊ ရူးနေသလားလို့ မေးတယ်။ အဲဒီအမေး ဖြေပုံကို ဓမ္မပဒအဋ္ဌကထာမူရင်းအတိုင်း ရွတ်ပြမယ်။

www.dhammaransi.com



မာဒိသာ၊ ငါသို့သော အမျိုးသမီးတို့သည်။ ဥမ္မတ္တိကာ၊ ရူးကုန်သည်။ န ဟောန္တိ၊ မဟုတ်ကုန်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သုဏောဟိ၊ ငိုခြင်း ရယ်ခြင်း၏အကြောင်းကို နားဆင်ပါလော့။ အဟံ၊ ငါသည်။ အတီတေ၊ လွန်ခဲ့သော ရှေးဘဝတခု၌။ ကုလဓီတာ ဟုတွာ၊ အမျိုးသမီးဖြစ်ခဲ့၍။ ပတိကုလေ ဝသန္တီ၊ လင်ယောကျ်ားအိမ်၌ နေစဉ်၊ ဝါ၊ အိမ်ရှင်မဖြစ်နေစဉ်။ (အိမ်ရှင်မဖြစ်ပြီး အိမ်ရှင်မတာဝန်ကို ဆောင်ရွက်နေရစဉ်မှာ-လို့ ဆိုလိုပါတယ်) သာမိကဿ သဟာယကံ ပါဟုနကံ အာဂတံ ဒိသွာ၊ လင်၏မိတ်ဆွေ ဧည့်သည် ရောက်လာတာကို တွေ့ရ၍။ တဿ ဘတ္တံ ပစိတုကာမာ၊ ထိုဧည့်သည်အတွက် ထမင်းဟင်းချက်လိုသောကြောင့်။ မံသံ အာဟရာတိ၊ အသားဝယ်ပါချေဟု။ ဒါသိယာ ကဟာပဏံ ဒတွာ၊ ကျွန်မကို ငွေပေး၍ လွှတ်လိုက်ပြီးနောက်။ တာယ မံသံ အလဘိတွာ အာဂတာယ၊ အသားမရမူ၍ ပြန်လာသော ထိုကျွန်မ က။ နတ္ထိ မံသန္တိ ဝုတ္တေ၊ အသားမရှိဟု ဆိုလတ်သော်။ ဂေဟဿ ပစ္ဆိမ-ဘာဂေ သယိတာယ၊ အိမ်နောက်ဖေး၌ ဝပ်နေသော။ ဧဠကာယ၊ ဆိတ်ကုလား ခေါ် သော သိုးမ၏။ သီသံ ဆိန္ဒိတွာ၊ ဦးခေါင်းကို ဖြတ်၍။ ဘတ္တံ သမ္ပာဒေသိံ၊ ထမင်းဟင်းကို ပြုပြင်၍ ကျွေးမွေးခဲ့ပါသည်။ (အင်း အိမ်ရှင်မတာဝန်ကလဲ အကြီးသားဘဲ၊ ကိုယ့်လင်၏ မိတ်ဆွေကို အသားဟင်းမပါဘဲ ကျွေးရယင် မျက်နှာမလှဘဲ ဖြစ်နေမှာစိုးလို့နဲ့ တူပါရဲ့ သိုးမကို ကိုယ်တိုင်သတ်ပြီး ဟင်းချက် ကျွေးရရှာသတဲ့နော်။) သာ အဟံ၊ ထိုသို့ သိုးမတကောင်ကို လည်လှီးသတ်ခဲ့ သော ငါသည်။ (ဒီနေရာမှာ ရန်သူမင်းတဦးရဲ့ မိဖုရားက ပြောတဲ့စကား ဆိုတော့ ဗမာ့ယဉ်ကျေးမှုအရ ကျွန်မ-လို့ အနက်ပြန်ရန် မသင့်ဘူး-လို့ ယူဆပါ တယ်။ ဒါကြောင့် သဒ္ဒါနက်အတိုင်း ငါသည်လို့ဘဲ ပြန်လိုက်ပါတယ်) ဧကိဿာ ဧဠိကာယ သီသံ ဆိန္ဒိတွာ၊ သိုးမတကောင်၏ ခေါင်းကိုဖြတ်၍ သတ်ခဲ့မိသော ကြောင့်။ နိရယေ ပစ္စိတွာ၊ ငရဲ၌ ငရဲမီး အလောင်ခံခဲ့ရပြီး၍။ ပက္ကာဝသေ-သေန၊ ငရဲ၌ ကျက်စေ-အလောင်ခံရစေသောကံမှ ကြွင်းသောကံကြောင့်။ တဿာ၊ ထိုသိုးမ၏။ လောမဂဏနာယ၊ အမွေးအရေအတွက်ဖြင့်။ သီသစ္ဆေဒံ ပါပုဏိံ၊ ခေါင်းဖြတ်ခံရခြင်းသို့ ရောက်ခဲ့ရလေပြီ။ (သိုးမွေးတွေဟာ ဘယ် လောက်ရှိတယ်လို့ အတိအကျရေတွက်ပြဘို့တော့ ခက်ပါတယ်၊ ဒါကြောင့် သိုးမွေးအရေအတွက်နှင့်အမျှ ခေါင်းဖြတ်ခံရတယ်ဆိုတာကို ခန့်မှန်းခြေအရ

www.dhammaransi.com



ပြောတဲ့စကားလို့ ယူသင့်ပါတယ်။) တံ့၊ သင်ဗာရာဏသီမင်းသည်။ ဧတ္တကံ ဇနံ ဝဓိတွာ၊ ဤမျှများပြားသော မင်းတွေနှင့် မိဖုရားတွေကို သတ်ပြီးလျှင်။ ကဒါ၊ ဘယ်သောအခါကျမှ။ ဒုက္ခာ မုစ္စိဿတိတိ၊ အသတ်ခံရ၍ သေရသော ဆင်းရဲမှလွတ်ပါလိမ့်မည်နည်းဟု။ ဧဝံ တဝ ဒုက္ခံ အနုဿရန္တိ၊ ဤသို့ သင်၏ ခံစားရမည့်ဆင်းရဲကို မြော်တွေးလျက်။ အဟံ ရောဒိံ၊ ငါ ငိုပါသည်-လို့—

ဓမ္မဒိန္နာက ပြောပါတယ်။ ဘာကြောင့် ရယ်ရသလဲဆိုတာကိုတော့ သူမှာ သိုးမကို သတ်မိတဲ့ကံ၏ အကျိုးပေးမှ လွတ်ပေပြီလို့ ဆင်ခြင်မိတဲ့အတွက် ဝမ်းမြောက်လို့ ရယ်ပါတယ်-တဲ့။ အဲဒီတော့ ဗာရာဏသီမင်းဟာ အလွန်ထိတ်လန့်ပြီးတော့ ဖမ်းထားတဲ့မင်းတွေ မိဖုရားတွေကို ကန်တော့ တောင်းပန်ပြီး လွှတ်လိုက်ပါသတဲ့။ ဒီဝတ္ထုထဲမှာ သိစေလိုရင်းကတော့ သိုးတကောင်သတ်တဲ့ အကုသိုလ်ကံကြောင့် ငရဲကျပြီး ငရဲဒုက္ခတွေကို ခံခဲ့ရတယ်၊ အဲဒီကနောက် ကံကြွင်းကြောင့် သိုးတကောင်၏ အမွေးအရေအတွက်ခန့်မျှသော ဘဝတို့၌ လည်လှီးပြီး အသတ်ခံခဲ့ရတယ် ဆိုတာပါဘဲ။ (ဓမ္မပဒ-ဋ္ဌ ပ-၂၉၀)

## မတကဘတ် ဇာတ်ဝတ္ထု

ဧကနိပါတ် ၁၈-ခုမြောက် မတကဘတ်ဇာတ်ဝတ္ထုမှာတော့ ဒီလိုပြထားပါတယ်။ ပုဏ္ဏားတယောက်ဟာ သေသွားတဲ့သူတွေအတွက် ဝေဒကျမ်းအရ မတကဘတ် ဆိုတာကို ပြုလုပ်တယ်၊ မတကဘတ်ဆိုတာ သေသူတို့တွက် ထမင်းကျွေးတာပါဘဲ၊ အဲဒီ ထမင်းကျွေးပွဲမှာ ဆိတ်ကုလားခေါ်တဲ့ သိုးတကောင်ကို ဝေဒကျမ်းအရ စီမံပြီး သတ်တယ်၊ သတ်ပြီး ယဇ်ပူဇော်တယ် ကျွေးမွေးတယ်။ အဲဒီ အကုသိုလ်ကံကြောင့် အဲဒီပုဏ္ဏားဟာ ဘဝငါးရာတိုင်အောင် သိုးဖြစ်ပြီး လည်လှီးအသတ်ခံရတယ် ဆိုတဲ့အကြောင်း ပြဆိုထားတယ်။ အဖန်ငါးရာ-လို့ အစဉ်အဆက်ပြောနေကြတဲ့ စကားဟာ ဒီဇာတ်ဝတ္ထုကို မှီပြီး ဖြစ်လာဟန်တူပါတယ်။

## အသက်တိုသူနှင့်စပ်ပြီး သောကဖြစ်ရတာကတော့

အသက်တိုရခြင်း၏ အကြောင်းကတော့ ပါဏာတိပါတကံကြောင့် ဖြစ်ရတယ်ဆိုတာ ထင်ရှားပါပြီ။ အသက်တိုတဲ့ကလေးနှင့်စပ်ပြီး မိခင်ဖခင်များမှာ

www.dhammaransi.com



သောကဖြစ်ရတာကတော့ ဘာကြောင့်လဲလို့ မေးစရာရှိပါသေးတယ်။ အဲဒါဟာလဲ ဗုဒ္ဓတရားတော်အရကတော့ ရှင်းလင်းပြတ်သားပါတယ်၊ ပါဏာတိပါတကံပြုစဉ်ကာလတုန်းက ဝမ်းမြောက်ဝမ်းသာ သဘောတူခဲ့တဲ့သူတွေဟာ အဲဒီပါဏာတိပါတကံပြုသူ၏ မိဘစသည် ဖြစ်ရတယ်၊ အဲဒီ ကံဆိုးသူက အဲဒီ ပါဏာတိပါတကံကြောင့် သေချိန်မကျဘဲ သေရတဲ့အခါ မိခင်ဖခင်စသည် ဖြစ်တဲ့သူတွေမှာ သတ်ဖြတ်မှုကို သဘောတူခဲ့တဲ့ကံကြောင့် စိတ်ဆင်းရဲခြင်းဖြစ်ရပါတယ်တဲ့၊ ဒီတော့ သူ့အမှု-သူ့ကံနဲ့ သူ့အကျိုးပေးတယ်ဆိုတဲ့ ဗုဒ္ဓတရားတော်အရကတော့ ရှင်းနေပါတယ်။ ပါဏာတိပါတကံကြောင့် အသက်တိုရတယ်၊ ပါဏာတိပါတအမှုကို ဝမ်းမြောက်သဘောတူတဲ့သူတွေမှာ သောကဖြစ်ရတယ်ဆိုတဲ့အကြောင်းကတော့ ပြီးသွားပါပြီ။ ယခု ပါဏာတိပါတအမှုမှ ကြဉ်ရှောင်တဲ့ကုသိုလ်ကံ၏ အကျိုးပေးပုံကို ပြောရမယ်။

## ပါဏာတိပါတမှ ကြဉ်ရှောင်ခြင်း၏အကျိုး

အသက်ရှည်တာ ဘာကြောင့်လဲဆိုတဲ့ အမေးကို မြတ်စွာဘုရားက ဒီလို ဖြေကြားတော်မူပါတယ်။ ဤလောကမှာ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သူ့အသက်သတ်ဖြတ်မှုမှ ကြဉ်ရှောင်တဲ့သူဟာ နတ်ပြည်ကို ရောက်ရတယ်၊ လူ့ဘဝ ပြန်ရောက်လာပြန်ယင်လဲ အသက်တမ်းပြည့်ဖြစ်စေ၊အသက်တမ်းထက်ကျော်လွန်ပြီးတော့ဖြစ်စေ၊ အသက်ရှည်ရတယ်ဆိုတဲ့ အကြောင်းကို အကျယ်ဖော်ပြပြီးတော့ အတိုချုပ်အားဖြင့် ဒီလိုဟောတော်မူပါတယ်။

> ဒီဃာယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။

မာဏဝ၊ သုဘလုလင်။ ယဒိဒံ-ယော. အယံ၊ အကြင်ပုဂ္ဂိုလ်သည်။ ပါဏာတိပါတံ ပဟာယ၊ သူ့အသက်သတ်ဖြတ်မှုကို ပယ်၍။ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ သူ့အသက် သတ်ဖြတ်မှုမှ ကြဉ်ရှောင်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ ဧသာ ပဋိပဒါ၊ ဤသတ်ဖြတ်မှုမှ ကြဉ်ရှောင်သောအကျင့်သည်။ ဒီဃာယုကသံဝတ္တနိကာ၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်၏၊ ဝါ-အသက်ရှည်စေတတ်၏ တဲ့။

www.dhammaransi.com



အဲဒါကို ရှေးနားက ပြောခဲ့တဲ့ အသက်တိုကြောင်း ဆောင်ပုဒ်နဲ့ ပေါင်းပြီးတော့ "သူ့ကို သတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

သူ့ကိုသတ်ဖြတ်၊ သက်တိုတတ်၊ မသတ် အသက်ရှည်။ (ဆို)

သတ်ဖြတ်ခြင်းမှ ကြဉ်ရှောင်ခဲ့တဲ့သူဟာ အသက်ရှည်တတ်ပါတယ်တဲ့၊ အဲဒါဟာ ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတဲ့တရားပါဘဲ။ အသက်ရှည်ချင်တဲ့သူတွေဟာ သူ့အသက်သတ်ခြင်းမှ ကြဉ်ရှောင်ကြရမယ်၊ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေဟာ ငါးပါးသီလကို ရိုရိုသေသေ စောင့်ရှောက်နေယင် ဒီအသက်ရှည်ကြောင်း ကုသိုလ်ကတော့ ပြည့်စုံနေတာပါဘဲ။

နောက်ပြီးတော့ ခုဒ္ဒကပါဌအဋ္ဌကထာ (နှာ ၂၃) နှင့် ဣတိဝုတ်အဋ္ဌကထာ (နှာ ၂၂၄) မှာ ပြထားတဲ့အကျိုးတွေလဲ ရှိပါသေးတယ်။ အဲဒီမှာ ပါဏာတိပါတမှ ကြဉ်ရှောင်တဲ့ ကုသိုလ်ကြောင့် ရနိုင်တဲ့အကျိုးများကို ၂၃-ပါး အထိ ဖော်ပြထားပါတယ်။ အဲဒီ ၂၃-ပါးထဲက မှတ်လို့လွယ်အောင် အချို့အကျိုးများကို အတိုချုပ် ဆောင်ပုဒ်စီထားပါတယ်။

လှပ,သက်ရှည်၊ ကျန်းမာသည်၊ ချစ်ကြည်,ခြွေရံများ။
သောကကင်းလတ်၊ မကွဲတတ်၊ သက်သတ်ရှောင်ကျိုးများ။

ဒီ ၂-ပုဒ်တည်းနှင့် ချုံးပြီးစီထားတယ်။ အဋ္ဌကထာမှာ ပြထားတဲ့အကျိုး ၂၃-ပါးလုံးကို အကုန်စီယင်တော့ ဆောင်ပုဒ်တွေက များနေလို့ ကျက်မှတ်ထားဘို့ရာ လွယ်ကူမှာ မဟုတ်ဘူး။ ဒါကြောင့် အတိုချုံးပြီး စီထားပါတယ်။ ကဲ ဆိုကြရမယ်။

လှပ,သက်ရှည်၊ ကျန်းမာသည်၊ ချစ်ကြည်,ခြွေရံများ။ (ဆို)

သတ်မှုမှ ကြဉ်ရှောင်တဲ့သူဟာ ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်းမှာ လှပတင့်တယ်တတ်ပါတယ် တဲ့။ လူတိုင်း လူတိုင်း လှချင်ကြတယ်၊ အထူးအားဖြင့် ငယ်ငယ်ရွယ်ရွယ်လူတွေက သာပြီးလှချင်ကြတယ်၊ အဲဒီအထဲမှာလဲ အမျိုးသမီး

www.dhammaransi.com



တွေက သာပြီးလှချင်ကြတယ်၊ လှချင်ယင် လှခြင်း၏အကြောင်းဖြစ်တဲ့ ဒီကုသိုလ်ကို ပွါးများရမယ်၊ သူ့အသက်သတ်မှုမှ အမြဲတမ်းကြဉ်ရှောင်ရမယ်။ အဲဒီ လှပဆိုတဲ့စကားထဲမှာ အဋ္ဌကထာက ပြထားတဲ့အကျိုးတွေ ရှစ်ပါးပါဝင်ပါတယ်၊ အင်္ဂါကြီးငယ်ပြည့်စုံတယ်ဆိုတာလဲ ပါဝင်တယ်၊ အင်္ဂါမစုံယင် ဘယ်မှာလှပနိုင်မလဲ၊ အင်္ဂါစုံမှ လှပနိုင်ပါတယ်။ နောက်ပြီးတော့ အလုံးအရပ်ညီမျှပြည့်စုံတယ်ဆိုတာလဲ ပါဝင်တယ်၊ ကိုယ်လုံးကသေးပြီး အရပ်ကြီးရှည်နေယင် မလှနိုင်ပါဘူး၊ အလွန်ဝပြီး ပုက္ကကွကလေးဖြစ်နေယင်လဲ မလှနိုင်ဘူး၊ အလုံးနှင့်အရပ်ညီမျှနေမှ လှပနိုင်တယ်။ နောက်ပြီးတော့ ခြေဖဝါးညီညာတယ်ဆိုတာလဲ လှပခြင်း၏ အစိတ်အပိုင်းတခုဘဲ။ စာရုတာ-တင့်တယ်ခြင်း၊ မုဒုတာ-နူးညံ့ခြင်း၊ သုစိတာ-စင်ကြယ်ခြင်းဆိုတဲ့ ဒီသုံးပါးလဲ လှပခြင်း၏ အစိတ်အပိုင်းတွေဘဲ။ နောက်ပြီးတော့ သုရူပတာ-ကောင်းသောရုပ်အဆင်းရှိခြင်း၊ သုသဏ္ဌာနတာ-ကောင်းသောပုံသဏ္ဌာန်ရှိခြင်းဆိုတာတွေကတော့ လှပပုံကိုပြတဲ့ ဂုဏ်တွေဘဲ။ ဒါကြောင့် ယခုပြောခဲ့တဲ့ ဂုဏ်ရှစ်ပါးဟာ လှပ-ဆိုတဲ့စကားထဲမှာ အတွင်းဝင်ပါတယ်၊ အဲဒီဂုဏ်ရှစ်ပါးနှင့် ပြည့်စုံပြီး လှပတင့်တယ်တာကို ဒီဆောင်ပုဒ်ထဲမှာ လှပ-လို့ ဆိုထားပါတယ်။

နောက်ပြီးတော့ သက်ရှည်-ဆိုတဲ့ အကျိုးထဲမှာ အသက်ရှည်ခြင်းနှင့် သူတပါး၏ လုံ့လပယောဂဖြင့် မသေရခြင်းဆိုတဲ့ အကျိုး ၂-ပါးပါဝင်ပါတယ်။ ဟုတ်တယ် သူတပါးကသတ်လို့ သေရတယ်ဆိုယင် ဘယ်မှာအသက်ရှည်နိုင်မလဲ၊ ဒါကြောင့် အသက်ရှည်တယ်ဆိုယင် သူတပါး၏ လုံ့လပယောဂကြောင့် မသေရဘူး၊ ကောင်းသောသေခြင်းဖြင့်သာ သေရတယ်ဆိုတာလဲ ပါဝင်သွားပါတယ်။ ဒါကြောင့် လှပ သက်ရှည်-ဆိုတဲ့ ၂-ပုဒ်ထဲနဲ့ အကျိုးဆယ်ပါးကို ချုံးပြီး ပြထားပါတယ်။

နောက်ပြီးတော့ ကျန်းမာသည်-ဆိုတဲ့ စကားထဲမှာ အပ္ပါဗာဓတာ-အနာကင်းတယ်ဆိုတာကတော့ တိုက်ရိုက်ပါဝင်တယ်၊ မဟာဗ္ဗလတာ-ခွန်အားကြီးခြင်း ဇဝသမ္ပတ္တိ-လျင်သောအဟုန်နှင့်ပြည့်စုံခြင်းဆိုတာတွေလဲ ပါဝင်တယ်၊ ဟုတ်တယ်၊ ကျန်းမာယင် ခွန်အားလဲရှိတာဘဲ၊ လျင်မြန်သွက်လက်ခြင်းလဲ ရှိတာဘဲ။ အကျိုး ၁၃-ပါးရှိသွားပြီ။ နောက်ပြီးတော့ ချစ်ကြည်-ဆိုတဲ့ စကားထဲမှာ လူအများက

www.dhammaransi.com



ချစ်ကြတယ်ဆိုတာရယ်၊ နေလတာ-အပြစ်ကင်းတဲ့စကားရှိတယ်ဆိုတာရယ် ဒီ ၂-ပါး ပါဝင်တယ်။ ဟုတ်တယ် ပြောတဲ့စကားက အပြစ်များနေယင် အဲဒီလို လူကို အများကမုန်းတယ်၊ အပြောအဆိုကောင်းတဲ့သူကိုမှ အများက ချစ်ခင် တတ်ကြတယ်။ အကျိုး ၁၅-ပါး ရှိသွားပြီ။ ခြေရံများ ဆိုတာကတော့ အနန္တ ပရိဝါရတာ-အခြေအရံ အပိုင်းအခြား အကန့်အသတ်မရှိ များတတ်တယ်ဆိုတဲ့ အဋ္ဌကထာရဲ့ ဘာသာပြန်ပါဘဲ။ ဒီပဌမဆောင်ပုဒ်ထဲမှာ အကျိုး ၁၆-ပါး ပါဝင် ပါတယ်။ ဒုတိယဆောင်ပုဒ်ကို ဆိုကြရမယ်။

သောကကင်းလတ်၊ မကွဲတတ်၊ သက်သတ်ရှောင်ကျိုးများ။ (ဆို)

သောက ကင်းတယ်တဲ့၊ အဲဒါက အရေးကြီးပါတယ်၊ စိုးရိမ်ပူပန်မှု သောက မရှိဘဲ စိတ်အေးချမ်းစွာ နေရတယ်ဆိုတာကို လူတိုင်း လူတိုင်း အလိုရှိကြတယ်၊ ဒါကြောင့် သောကကင်းဝေး နေနိုင်ရေးလို့ အမည်တပ်ပြီးတော့တောင် စာအုပ် ထုတ်ဝေကြသေးတယ်၊ အဲဒီစာအုပ်ဟာ လူတွေ တော်တော်အကြိုက်များပါ လိမ့်မယ်၊ တော်တော်များများ ရောင်းရပါလိမ့်မယ်၊ သောကကင်းဝေး နေနိုင် ရေးအကောင်းဆုံးနည်းကတော့ သီလသိက္ခာပုဒ်တွေကို လုံခြုံအောင်စောင့်ထိန်း တာနဲ့ သတိပဋ္ဌာန်တရားကို အားထုတ်တာတွေပါဘဲ၊ ယခု သာသနာ့ရိပ်သာမှာ ပါဏာတိပါတာဝေရမဏိ အစရှိတဲ့ သီလသိက္ခာတွေကိုလဲ ရိုရိုသေသေစောင့် ထိန်းပြီး သတိပဋ္ဌာန်တရားတွေကို နေ့ရောညဉ့်ပါ မပြတ်ပွါးများနေကြရတာဟာ "သောကပရိဒေဝါနံ သမတိက္ကမာယ-စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်းတို့ကို လွန် မြောက်ရန်အတွက် တကြောင်းတည်းသောလမ်းဘဲ" လို့ မြတ်စွာဘုရားဟော ထားတဲ့ အကောင်းဆုံးအကျင့်လမ်းကို ကျင့်နေကြရတာ သွားနေကြရတာဘဲ၊ သိပ်နေရာကျတာဘဲ၊ မကြာခင်ဘဲ သောကကင်းတဲ့ စခန်းရောက်ပြီး အမြဲတမ်း စိတ်ချမ်းသာစွာနဲ့ နေထိုင်သွားကြရတော့မယ်၊ ယခု ဒီဆောင်ပုဒ်အရာမှာတော့ သူ့အသက်သတ်မှုမှ ကြဉ်ရှောင်တဲ့ကုသိုလ်ဟာ ဖြစ်လေရာရာဘဝတိုင်းမှာ စိုးရိမ် ပူဆွေးမှု သောကမဖြစ်ရဘဲ ချမ်းသာစွာ နေရခြင်းအကျိုးကို ရစေတတ်ပါ တယ်-တဲ့။

နောက်ပြီးတော့ မကွဲတတ်-ဆိုတာကတော့ ချစ်ခင်မြတ်နိုးအပ်တဲ့ပုဂ္ဂိုလ်တွေ ဥစ္စာပစ္စည်းတွေနဲ့ မကွဲမကွာ အတူတကွ ပြည့်စုံနေရတတ်ပါတယ်-တဲ့၊ ဒါကလဲ

www.dhammaransi.com



အရေးကြီးတာဘဲ၊ ချစ်ခင်နှစ်သက်အပ် မြတ်နိုးအပ်တဲ့ လင်မယား သားသမီး စသည်တွေနဲ့ မကွဲချင်ကြဘူး၊ အသက်ထက်ဆုံး အတူတကွ ဝမ်းမြောက်ဝမ်းသာနဲ့ နေသွားချင်ကြတယ်၊ အဲဒါတွေနဲ့ မတော်တဆ ကွဲကွာသွားရယင် အင်မတန် ဆင်းရဲဒုက္ခ ရောက်တတ်ကြပါတယ်၊ တချို့မှာ ရင်ကွဲနာကျပြီး သေတောင် သေသွားတတ်သေးတယ်၊ ချစ်ခင်မြတ်နိုးအပ်တဲ့ ပစ္စည်းဥစ္စာတွေနဲ့လဲ မကွဲမကွာချင်ကြဘူး၊ ရန်သူမျိုးငါးပါးကြောင့် မတော်တဆ စီးပွါးဥစ္စာတွေ ပျက်စီးသွားယင် သေလုနီးပါး စိတ်ဒုက္ခရောက်တတ်ကြပါတယ်၊ တချို့မှာဆိုယင် သေတောင် သေသွားတတ်သေးတယ်၊ သူ့အသက်သတ်မှုမှ ကြဉ်ရှောင်တဲ့ ကုသိုလ်က အဲဒီ ချစ်ခင်နှစ်သက်အပ် မြတ်နိုးအပ်တဲ့ပုဂ္ဂိုလ်တွေ ပစ္စည်းဥစ္စာတွေနဲ့ မကွဲမကွာ ချမ်းသာစွာ နေရခြင်းအကျိုးကိုလဲ ရစေနိုင်ပါတယ်-တဲ့၊ နောက်ပြီးတော့ ဒီမကွဲတတ်-ဆိုတဲ့စကားထဲမှာ အဘေဇ္ဇပရိသတာ-အခြွေအရံပရိသတ် မကွဲမပျက်ခြင်းဆိုတဲ့ အကျိုးကိုလဲ ထည့်ယူရမယ်၊ ဒီတော့ သောကကင်းလတ်ဆိုတာက အကျိုးတပါး၊ မကွဲတတ်ဆိုတာက အကျိုး ၂-ပါး၊ ပေါင်းလိုက်ယင် ဒီ ဒုတိယဆောင်ပုဒ်မှာ အကျိုး ၃-ပါး ဖြစ်တယ်၊ ပဌမဆောင်ပုဒ်က အကျိုး ၁၆-ပါး အားလုံးပေါင်း အကျိုး ၁၉-ပါး ဖြစ်ပါတယ်၊ အဲဒီ အကျိုးတွေဟာ သူတပါးကို မသတ်ခြင်း-သတ်မှုမှ ရှောင်ခြင်း၏ အကျိုးများဘဲဆိုတာကို "သက်သတ်ရှောင်ကျိုးများ"လို့ ပြဆိုထားပါတယ်၊ ဒီအကျိုး ၁၉-ပါးရတယ်ဆိုယင် ဒီ သီလကို ကျင့်သင့် ကျင့်ထိုက်လှပါပြီ၊ ဒါကြောင့် "လှပသက်ရှည်၊ ကျန်းမာသည်၊ ချစ်ကြည်ခြွေရံများ။ ။သောကကင်းလတ်၊ မကွဲတတ်၊ သက်သတ်ရှောင်ကျိုးများ"လို့ အကျဉ်းချုံးပြီး ဆောင်ပုဒ်စီထားပါတယ်။

အဲဒီ ဆောင်ပုဒ်ထဲမှာ မပါဝင်ဘဲ ကျန်နေတာကတော့ (၁) သူရတာ-ရဲရင့်ခြင်း၊ (၂)ဝိသဋ္ဌဝစနတာ-ပွင့်ပွင့်လင်းလင်းပြောဆိုတတ်ခြင်း၊ (၃)အစ္ဆမ္ဘိတာ-မကြောက်ရွံ့ မတုန်လှုပ်ခြင်း၊ (၄) ဒုပ္ပဓံသိယတာ-သူတပါးတို့က မဖျက်ဆီးနိုင်ခြင်း-ဆိုတဲ့ ဒီအကျိုး ၄-ပါးပါဘဲ၊ အဲဒါတွေပါဆိုယင်တော့ ဆောင်ပုဒ်က နောက်တပုဒ် ထပ်တိုးရလိမ့်ဦးမယ်၊ ဆောင်ပုဒ်ကိုလဲ မများစေချင်ဘူး၊ ပြခဲ့ပြီးအကျိုးများဖြင့်ပင် စိတ်ဝင်စားဘွယ် ကောင်းလှပြီလို့လဲ စဉ်းစားမိတယ်၊

www.dhammaransi.com



ဒါကြောင့် အကျိုး ၁၉-ပါး ပါဝင်တဲ့ ပဓာနအကျိုး(၇)ပါးကိုသာ ဆောင်ပုဒ် ၂-ပုဒ်ဖြင့် ချုံးပြီး စီထားပါတယ်။ ကဲ–အဲဒီ ဆောင်ပုဒ်များကို ဆိုကြဦး။

လှပ, သက်ရှည်၊ ကျန်းမာသည်၊ ချစ်ကြည်, ခြွေရံများ။ (ဆို)

သောက ကင်းသတ်၊ မကွဲတတ်၊ သက်သတ်ရှောင်ကျိုးများ။ (ဆို)

ပါဏာတိပါတမှ ရှောင်ခြင်း၏အကျိုး ပဓာနအားဖြင့်(၇)ပါး၊ အတွင်းဝင် တာက ၁၉-ပါး၊ ကျန်တာက ၄-ပါး၊ အဲဒါကို သိရယင် ပါဏာတိပါတ၏ အပြစ်များကိုလဲ အဲဒီ အကျိုးများမှ ပြောင်းပြန် ပြန်ပြီး ယူနိုင်ပါတယ်၊ ဘယ် လိုလဲဆိုယင် လှပ-ဆိုရာမှာ မလှခြင်း အရုပ်ဆိုးခြင်း စသည်ဖြင့် ပြန်ယူရုံပါဘဲ၊ အင်္ဂါကြီးငယ် စုံလင်တယ်ဆိုရာမှာ လက်ခြေစသည် အင်္ဂါမစုံဘူး စသည်ဖြင့် ပြန်ယူရုံပါဘဲ။

ဒီကနေ့တော့ ရာသီဥတုကလဲ ပူပြင်းတာနဲ့ တနာရီလောက်သာ ဟောမယ်လို့ မူလက ရည်ရွယ်ထားပါတယ်၊ တနာရီလဲ အနည်းငယ် ကျော်သွားပါပြီ၊ ဒါကြောင့် ဒီတွင်ဘဲ ရပ်ပြီး တရားသိမ်းကြစို့။ ကဲ–အမျှဝေပြီး တရားသိမ်း ကြရမယ်။

## အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျွန်ုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ်။ပ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ်တရားတော် ဒုတိယပိုင်း ဤတွင် ပြီး၏။

www.dhammaransi.com

# သလ္လေခသုတ်တရားတော်ကြီး

# တတိယပိုင်း

## ၁၃၃၂-ခု၊ ကဆုန်လပြည့်နေ့ ဟောသည်။

## ကဆုန်လပြည့် ဗုဒ္ဓနေ့

ယခု မြန်မာသက္ကရာဇ် ၁၃၃၂-ခုထဲမှာ ၁၁၇၂-ကို ရောထည့်လျှင် ဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှစ၍ ရေတွက်လာခဲ့တဲ့ သာသနာတော်နှစ် ၂၅၁၄-ခု ဖြစ်တယ်၊ ဒီလို ၁၁၇၂-ခုကို ပေါင်းထည့်ရခြင်း၏ အကြောင်းကတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှစ၍ ခုနှစ်ရေတွက်လာခဲ့ရာမှာ(၆၂၄)နှစ်ရှိသော အခါ သမုန္ဒရီမင်းက(၆၂၂)ကို ဖြိုပစ်ခဲ့တယ်၊ တဖန်(၅၆၂)နှစ်ရှိသောအခါ သဃ်ရာဇ်မင်းက(၅၆၀)ကို ဖြိုပစ်ခဲ့ပြန်တယ်၊ အဲဒီ ဖြိုပစ်ခဲ့တဲ့(၆၂၂)နှင့်(၅၆၀) ကို ပေါင်းလိုက်ယင်(၁၁၈၂)ဖြစ်တယ်၊ ဒါကြောင့် သာသနာနှစ်ကို သိချင်ယင် ရောက်ဆဲ မြန်မာသက္ကရာဇ်ထဲမှာ အဲဒီ ဖြိုခဲ့တဲ့(၁၁၈၂)ကို ရောထည့်ရတယ်။

အဲဒီ ၂၅၁၄-ခုမြောက်နှစ်ဆိုတာက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခဲ့တဲ့ နှစ်ဖြစ်တယ်၊ ဖွားမြင်တော်မူခဲ့တဲ့နှစ်ကတော့ မြတ်စွာဘုရား၏ သက်တော်(၈၀) ကို ထပ်ထည့်ရမယ်၊ အဲဒီလို ထည့်လိုက်ယင် ၂၅၉၄-နှစ် ဖြစ်တယ်၊ အဲဒီ ၂၅၉၄-ခု မြောက်နှစ်က ဗုဒ္ဓမြတ်စွာဘုရား၏ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် မာယာဒေဝီတို့မှ ဖွားမြင်တော် မူခဲ့ပါတယ်၊ အသက်တော် ၁၆-နှစ်အရွယ်မှာ ယသောဓရာဒေဝီနှင့် စုံဘက်၍ ထီးနန်းစည်းစိမ်ကို ခံစားတော်မူခဲ့ပါတယ်၊ ၂၉-နှစ်အရွယ်မှာ အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ တရားကို ရှာဘို့ရာ တောထွက်တော်မူပြီး ရဟန်းပြုတော်မူခဲ့ ပါတယ်။

အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ တရားတွေဟာ အလိုမရှိအပ်တဲ့ တရား ဆိုးတွေ ဖြစ်တယ်၊ အဲဒီ တရားဆိုးတွေကို ပယ်နိုင်အောင် ရှာကြံတယ်ဆိုတာဟာ

www.dhammaransi.com



အလွန်မွန်မြတ်တဲ့အလုပ် ဖြစ်ပါပေတယ်၊ လောကမှာ ပညာရှိသူတော်ကောင်းတွေဟာ လူတွေရဲ့ အကျိုးမဲ့တွေကို ပယ်ဘို့ အကျိုးစီးပွါးဖြစ်ထွန်းဘို့ အမြဲရှာကြံနေကြတာဘဲ၊ ရှေးကလဲ ရှာကြံခဲ့ကြတယ်၊ ယခုလဲ ရှာကြံနေကြတုန်းဘဲ သုတေသနလုပ်နေကြတာတွေပေါ့၊ အထူးအားဖြင့် ယခုခေတ်မှာ ကျန်းမာရေးဘက်က အမြဲမပြတ် ရှာကြံနေကြတယ်၊ အကောင်းတွေချည်းပါဘဲ။

## ဘုရားအလောင်းတော်လို စွန့်ရဲကြပါ့မလား

ဘုရားအလောင်းတော်မှာတော့ လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်ကစပြီး ဘဝအဆက်ဆက် သတ္တဝါတွေ၏ အကျိုးကို ရှာကြံလာခဲ့တယ်၊ အကျိုးမဲ့တွေကို ပယ်ဘို့ ရှာကြံလာခဲ့တယ်၊ အကျိုးမဲ့တွေထဲမှာ အိုခြင်း နာခြင်း သေခြင်း ဆိုတာတွေက အဆိုးဆုံး အကျိုးမဲ့တွေဘဲ၊ အဲဒီ သုံးပါးထဲမှာလဲ သေခြင်းဆိုတာကတော့ အဆိုးဆုံးဘဲ၊ အဲဒီ အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ တရားဆိုတာကတော့ အကောင်းဆုံးတရားဘဲ၊ အဲဒီ အကောင်းဆုံးတရားကို ရှာဘို့ရန် ဘုရားအလောင်းတော်ဟာ သက်တော် ၂၉-နှစ်မှာ တောထွက်တော်မူခဲ့တယ်၊ အသက် ၂၉-နှစ်ဆိုတော့ ပျိုမျစ်နုနယ် ငယ်ပါသေးတယ်၊ ယခုနေအခါမှာ တချို့ဆိုယင် ပညာသင်ကြားတုန်း ကျောင်းသားအရွယ်ရှိသေးတာဘဲ၊ ဒီဂရီဘွဲ့ထူးတွေကို ရအောင် ကြိုးစားရတုန်း ရှိသေးတာဘဲ၊ လောကအလုပ်တောင် ထိထိရောက်ရောက် မလုပ်ရသေးဘူး၊ ငါတို့ဘုရားအလောင်းတော်ကတော့ အဲဒီ ၂၉-နှစ်အရွယ်မှာ ယသောဓရာဒေဝီနှင့်တကွ လောကီစည်းစိမ်ချမ်းသာတွေကို အာလယပြတ်ပယ်စွန့်ပြီး ရဟန်းပြုလို့ တရားကျင့်သုံးနေပြီ၊ အဲဒါဟာ ယခုလူတွေအနေနဲ့ စဉ်းစားကြည့်ယင် အင်မတန် အံ့သြစရာ ကောင်းပါတယ်၊ ဘာကြောင့်လဲဆိုယင် ယခုလူတွေဟာ အတော်အတန် ပြည့်စုံနေတဲ့ မိမိတို့ရဲ့ အိုးအိမ်စည်းစိမ်ကို ဘုရားအလောင်းတော်လို အာလယပြတ်စွန့်ရမယ် ဆိုယင် စွန့်ရဲကြပါမလား၊ တကယ်စွန့်ဘို့ မပြောနဲ့အုံး စိတ်ကူးနဲ့ ကြံကြည့်ဘို့တောင် တချို့မှာ ခဲယဉ်းနေကောင်း နေပါလိမ့်မယ်၊ အဲဒါကြောင့် ဘုရားအလောင်းတော်စွန့်လွှတ် တောထွက်တာဟာ အင်မတန်အံ့သြစရာကောင်းတာပါဘဲ။

www.dhammaransi.com



အဲဒီလို တောထွက်ပြီး ဘုရားအလောင်းတော်ဟာ ဥရုဝေလ ဆိုတဲ့ တောအရပ်မှာ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်တွေကို ကျင့်ခဲ့ပါတယ်၊ ဒုက္ကရစရိယာ ဆိုတာ ပြုနိုင်ခဲတဲ့ အကျင့်တွေလို့ ဆိုလိုပါတယ်၊ ဘာတွေလဲ ဆိုယင် ထွက်သက် ဝင်သက်ကို ချုပ်ပြီး ကျင့်တာရယ်၊ အစာအာဟာရကို ဖြတ်ပြီး ကျင့်တာရယ်– ဒါတွေပါဘဲ။ ဒါပေမဲ့ အဲဒီ အကျင့်တွေကတော့ ဘုရားဖြစ်ဖို့ အကျင့်ကောင်း အကျင့်မှန်တွေ မဟုတ်ပါဘူး။ ဒါကြောင့် အလောင်းတော်ဟာ ၆-နှစ်ကြာတဲ့အခါ အဲဒီ အကျင့်ကို စွန့်ပြီးတော့ မဇ္ဈိမပဋိပဒါ ခေါ်တဲ့ အလယ်လမ်းအကျင့်ကို ကျင့်ပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

## ဘုရားဖြစ်တော်မူရာဌာန

ဘုရားအဖြစ်ကို ရောက်တော်မူပုံကတော့– ဘုရားအလောင်း တော်ဟာ အစာအာဟာရကို ဖြတ်ပြီး ကျင့်နေရာမှ အဲဒီအကျင့်ဖြင့် တရားထူးကို မရနိုင်ကြောင်းသိပြီးတော့ အာနာပါနစျာန်ကိုရအောင် အားထုတ်ဖို့ရာ သင့်လျော်တဲ့ အစာအာဟာရများကို မှီဝဲသုံးဆောင်ခဲ့ပါတယ်၊ အင်အား ပြည့်တဲ့အခါ အာနာပါနကမ္မဋ္ဌာန်းဖြင့် စျာန်သမာပတ်များကို ရခဲ့ပါတယ်၊ အဲဒီလို ရပြီးတဲ့နောက် ယနေ့လို ကဆုန်လပြည့်နေ့နံနက်မှာ သုဇာတာဆိုတဲ့ သေဌေးကတော် လှူတဲ့ ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီး အဲဒီ ညနေခင်းမှာ ဗောဓိညောင်ပင်ကြီး အောက်သို့ ကြွတော်မူပါတယ်၊ အဲဒီ ညောင်ပင်ကြီးက ဘယ်အရပ်မှာလဲ ဆိုယင် မဇ္ဈိမဒေသခေါ်တဲ့ အိန္ဒိယအလယ်ပိုင်းအရပ် ယခု ဂယာလို့ခေါ်တဲ့ မြို့ရဲ့ အရှေ့တောင်ဘက် ၆-မိုင်ခန့်တွင် ဗုဒ္ဓဂယာခေါ်တဲ့ အရပ်မှာ ရှိပါတယ်၊ ယခုတော့ အဲဒီအပင်ကြီး မရှိပါဘူး၊ အဲဒီနေရာမှာ တည်ထားတဲ့ စေတီကြီးသာရှိပါတော့တယ်၊ အဲဒီစေတီရဲ့အနောက်ဖက်မှာ ကပ်လျက် ညောင်ပင်ပျိုတပင်တော့ ရှိပါတယ်၊ မူလဗောဓိညောင်ပင်ကြီးရဲ့ မျိုးစေ့မှ ပေါက်လာတဲ့ ဗောဓိညောင်ပင်ပွါး ဖြစ်တယ်လို့ ပြောကြပါတယ်။

ဘုရားအလောင်းတော်ဟာ ဗောဓိညောင်ပင်ကြီးအောက် ရောက်ပြီးတော့ အဲဒီညောင်ပင်ကြီးရဲ့ အရှေ့မျက်နှာအရပ်မှာ မြက်ရိတ်သမားက လှူလိုက်တဲ့ မြက်ရှစ်ဆုပ်ကို အဖျားကကိုင်ပြီး ဖြန့်ကြဲလိုက်ပါတယ်၊ ထိုင်ဘို့ နေရာခင်းလိုက်

www.dhammaransi.com



တာပါဘဲ၊ မြက်ကို ထိုင်ဘို့ ခင်းတယ်ဆိုတာ အိန္ဒိယမှာ အထူးအဆန်း မဟုတ်ပါဘူး၊ အဲဒီမှာ ရသေ့တွေ ပရိဗိုဇ်တွေက ဒီလိုဘဲ မြက်ကိုခင်းပြီး ထိုင်လေ့ အိပ်လေ့ ရှိကြပါတယ်။ ဒါကြောင့် မြက်အခင်းဟာ အိန္ဒိယ ရသေ့ရဟန်းတွေရဲ့ အခင်း တမျိုးဖြစ်ပါတယ်။ ဘုရားအလောင်းတော်က ဖြန့်ခင်းလိုက်တဲ့ မြက်တွေဟာ (စုဒ္ဒသဟတ္ထ) တဆဲ့လေးတောင်ရှိတဲ့ ပလ္လင်ဖြစ်သွားတယ်လို့ ဗုဒ္ဓဝင်အဋ္ဌကထာ ဇာတ်အဋ္ဌကထာများမှာ ဆိုထားပါတယ်၊ ဟတ္ထသဒ္ဒါ–အရ ၆-လက်မရှိ မိုက်ကို ယူယင်လဲ ၁၄-မိုက်ရှိတဲ့ ပလ္လင်ဖြစ်တယ်လို့ ယူရမယ်။ (ပလ္လင်္က) ပလ္လင်ဆိုတာ ထက်ဝယ်ဖွဲ့ခွေပြီး ထိုင်တာကိုလဲ ခေါ်တယ်၊ ဒါကြောင့် တင်ပလ္လင်ခွေထိုင်တယ်လို့ ပြောဆိုနေကြတာဘဲ။ နောက်ပြီးတော့ ထိုင်စရာ အိပ်စရာ လေးထောင့် စပ်စပ် ခုံကိုလဲ ပလ္လင်လို့ ခေါ်တယ်။ ထိုင်စရာ အိပ်စရာ သာမန်နေရာကိုလဲ ပလ္လင်လို့ ခေါ်တယ်။ ယခု ပြောနေတဲ့ ပလ္လင်ကတော့ ထိုင်စရာမြက်အခင်း ပါဘဲ။ ဒါကြောင့် ဗုဒ္ဓဝင်အဋ္ဌကထာမှာ "ဗောဓိသတ္တော၊ ဘုရားအလောင်းတော်သည်။ စုဒ္ဒသဟတ္ထေ၊ ၁၄-တောင်ရှိသော။ တတ္ထ တိဏသန္ထရေ၊ ထို မြက်အခင်း (ပလ္လင်)၌။ တိသန္ဓိပလ္လင်္က၊ အစပ်သုံးခုရှိသော တင်ပလ္လင်ခွေကို။ အာဘုဇိတ္ဝာ၊ ဖွဲ့ခွေ၍။ စတုရင်္ဂသမန္နာဂတဝီရိယံ၊ အင်္ဂါ ၄-ပါးရှိသော ဝီရိယကို။ အဓိဋ္ဌဟိတ္ဝာ၊ ဆောက်တည်၍။ နိသီဒိ၊ ထိုင်နေတော်မူလေ၏" လို့ မိန့်ဆိုထားပါတယ်။ အဲဒီ ပလ္လင်ကို ရတနာဖြင့် ပြီးတဲ့ပလ္လင်လို့လဲ ရေးသားပြောဆိုလေ့ရှိကြပါတယ်၊ လောကီရတနာတွေကို စွန့်ပယ်လာခဲ့တဲ့ ဘုရားအလောင်းတော်မှာ ရတနာပလ္လင် ခမ်းခမ်း နားနားကြီးတော့ လိုပုံမရပါဘူး၊ အဋ္ဌကထာများမှာလဲ "ပလ္လင်္ကော – ပလ္လင်ဖြစ်တယ်" လို့ သာမညသာ ပြဆို ထားပါတယ်။

## ပလ္လင်၏ ပမာဏ

စုဒ္ဒသဟတ္ထ ၁၄-တောင်၊ သို့မဟုတ် ၁၄-မိုက်ဆိုတဲ့ ပမာဏဟာ အမြင့်လား, အကျယ်လား ဆိုယင်၊ တချို့က အမြင့်လို့ ဆိုကြပါတယ်၊ တချို့ကတော့လဲ အကျယ်လို့ ဆိုကြပါတယ်၊ ဒီအချက်ကို ရှေးက ဆရာ့ဆရာအကျော်အမော်တွေ စိစစ်ဆုံးဖြတ်ထားချက်တွေ ရှိပါတယ်၊ မဟာဗုဒ္ဓဝင်ပဌမတွဲ (ဒုတိယပိုင်း) စာမျက်နှာ ၅၇၁ - စသည်မှာ အရှင်ဝိစိတ္တက စုပေါင်းပြီး ပြထားချက် ရှိပါ

www.dhammaransi.com



တယ်။ ဘုန်းကြီးကတော့ အကျယ်ပမာဏကို သဘောကျပါတယ်၊ ဘာကြောင့်လဲ ဆိုယင် မြက်ရှစ်ဆုပ်ကို ဖြန့်ကြဲခင်းတာဟာ ထိုင်ဘို့ရာဖြစ်တဲ့အတွက် တင့်တင့် တယ်တယ် ကျယ်ကျယ် ပြန့်ပြန့် ထိုင်လောက်တဲ့ အကျယ် အဝန်း ရှိဘို့က လိုရင်းဖြစ်ပါတယ်၊ မြင့်တာက လိုရင်းမဟုတ်ပါဘူး၊ ဒါကြောင့်ပါဘဲ။ နောက်ပြီးတော့ ဗုဒ္ဓဝံသအဋ္ဌကထာဆရာကလဲ အကျယ် ပမာဏကိုသာ ပြထားပါတယ်၊ ဒီပင်္ကရာ ဘုရား နောက်မှာ ပွင့်တော်မူတဲ့ ကောဏ္ဍည ဘုရားမှစပြီး ဘုရားအလောင်းတော်များဖြန့်ကြဲလိုက်တဲ့ မြက်အခင်းပမာဏကို အဋ္ဌပဏ္ဏာသဟတ္ထ-ဝိတ္ထတံ ၅၈-တောင် ကျယ်ပြန့်သောအခင်း၊ တိံသဟတ္ထဝိတ္ထတံ-အတောင်သုံးဆယ် ကျယ်ပြန့်သော အခင်း စသည်ဖြင့် အကျယ် ပမာဏကိုသာ ပြထားပါတယ်။ အတ္ထဒဿီ- ဘုရားလောင်း၏ မြက် အခင်းကိုတော့ တေ ပညာသ ဟတ္ထာယာမဝိတ္ထတံ ၅၃-တောင် အလျားအနံရှိသော အခင်း-လို့ အလျားအနံပါတောင် ပြထားပါသေးတယ်။ ကဿပ - ဘုရားလောင်း၏ မြက်အခင်းကိုလဲ ထို့အတူဘဲ အလျားအနံပါ ပြထားပါတယ်။ ဒါကြောင့် ဘုန်းကြီးကတော့ ဂေါတမ ဘုရား အလောင်း တော် ဖြန့် ကြဲ လိုက် တဲ့ မြက် အ ခင်း ရဲ့ ပမာဏ ၁၄-တောင်၊ သို့မဟုတ် ၁၄-မိုက်ဆိုတာဟာလဲ အကျယ်ပမာဏဘဲ-လို့ သဘောကျပါတယ်။ အမြင့်ကတော့ ပါရမီအားလျော်စွာ ရှိသင့်သလောက် ရှိပါလိမ့်မယ်၊ အဲဒီ အမြင့်ပမာဏကတော့ ဒီနေရာမှာ လိုရင်းမဟုတ်ဘူးလို့လဲ သဘောကျပါတယ်။

## ဒေဝပုတ္တမာရ်ကို အောင်တော်မူခြင်း

ဘုရားအလောင်းတော်ဟာ "ဘုရားအဖြစ်သို့ မရောက်သေးမချင်း ဤထက်ဝယ်ဖွဲ့ခွေ ထိုင်နေခြင်းကို မဖျက်တော့ဘူး၊ ဒီနေရာမှ မထတော့ဘူး" လို့ အဓိဋ္ဌာန်ပြုပြီး အဲဒီ မြက်အခင်းပလ္လင်ပေါ်မှာ ထိုင်တော်မူပါတယ်။ အဲဒီအခါ မာရ်နတ်ကလာပြီး အနှောင့်အယှက် ပြုလုပ်တယ်၊ ဘာကြောင့်လဲ ဆိုယင်- မာရ်နတ် ဆိုတာက တရားကျင့်ပြီး တရားထူးရတာ, လောကမှ လွတ်မြောက်သွားတာကို မကြိုက်ဘူး၊ ယခုကာလမှာ သူများတရားအားထုတ်တာကို မလိုလားတဲ့ လူတွေလို နေမှာပေါ့။ သူက ဘုရားအလောင်းတော် တောထွက်ကတည်းက မြို့တော်ကို ပြန်ဝင်ဘို့ ဖြားယောင်း တိုက်တွန်းခဲ့တယ်၊ အဲဒီလို တိုက်တွန်းလို့

www.dhammaransi.com



မရတဲ့အတွက် သူက ဘုရားအလောင်းကို အမြဲလိုက်ပြီး ထောက်လှမ်းကြည့်ရှုနေတယ်၊ အပြစ်တွေ့ယင် စောဒနာဘို့ပါဘဲ။ ယခု ဘုရားအလောင်းတော်က ဘုရားမဖြစ်သေးမချင်း ဒီနေရာက မထတော့ဘူးလို့ အဓိဋ္ဌာန်ပြုပြီး ထိုင်လိုက်တော့ သူ့စိတ်မှာ အကြီးအကျယ် ထိခိုက်တုန်လှုပ် သွားတယ်။ "သိဒ္ဓတ္ထမင်းသားဟာ စိတ်ဓာတ်ခိုင်မြဲတယ်၊ သူအဓိဋ္ဌာန် ပြုထားတဲ့အတိုင်း တရားမရယင် ဒီနေရာမှ ထတော့မှာ မဟုတ်ဘူး၊ မထဘဲ အားထုတ်လို့ အောင်မြင်သွားယင်၊ သူက လူတွေ နတ်တွေကိုလဲ ဟောပြောလိမ့်မယ်၊ လူတွေ နတ်တွေ အများပင် ငါ့လက်အောက်ခံ နယ်ပယ်မှ လွတ်မြောက် ကုန်လိမ့်မယ်၊ အဲဒါကို ငါအလိုမရှိဘူး၊ လျစ်လျူရှုမနေနိုင်ဘူး၊ ကာကွယ်ရမယ်" ဆိုတဲ့ အနေနဲ့ သူက လာပြီး အနှောင့်အယှက် ပြုလုပ်တော့တာပါဘဲ။ လောကမှာ လူတွေဟာ ကိုယ်နဲ့အယူဝါဒမတူတဲ့သူတွေကို အနှောင့်အယှက်ပေးကြတဲ့ သဘောမျိုးပါဘဲ။ တချို့နိုင်ငံတွေမှာ ဘာသာရေးစစ်ပွဲတွေ ဖြစ်ပုံနဲ့လဲ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။

အနှောင့်အယှက်ပြုပုံကတော့— သူက နတ်ပြည် ၆-ထပ်မှာ ဩဇာကြီးတယ်၊ ဒါကြောင့် သူ့ဩဇာခံ နတ်တွေ ဘီလူးတွေ ရက္ခိုသ်တွေကို ခေါ်လာတယ်၊ သူ့ဘက်တော်သား မာရပရိသတ်တွေက အလွန် ကြောက် ဖွယ် ကောင်းတဲ့ ပုံသဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်းလာတယ်၊ လက်နက်အမျိုးမျိုးတွေ စွဲကိုင်လာတယ်၊ အလွန်စူးရှပြင်းထန်တဲ့ ကြွေးကြော်သံတွေကို ဟစ်အော်ကြွေးကြော်လာတယ်။ အဲဒီ မာရ်နတ်ပရိသတ်စစ်သည်တွေဟာ ရှေ့ကရော လက်ဝဲ လက်ယာ ၂-ဖက်ကရော ၁၂-ယူဇနာစီရှိတယ်၊ နောက်ကတော့ စကြဝဠာအဆုံးထိအောင် များပြားတယ်၊ အထက်အောက် ထုကတော့ ၉-ယူဇနာရှိတယ်လို့ ဆိုပါတယ်။ လူ့လောကမှာတော့ ဒီလောက်ကြီးကျယ်တဲ့ စစ်တပ်ဆိုတာ မရှိနိုင်ပါဘူး။ မာရ်နတ်ကြီးကိုယ်တိုင်ကတော့ ဂိရိမေခလာ ဆိုတဲ့ အလွန်ကြီးမားတဲ့ ဆင်ကြီးကို စီးလာတယ်၊ သူ့မှာ မူလရှိရင်းကတော့ လက်ဟာ သူများလိုပင် ၂-ဖက်သာရှိပါတယ်၊ ဒါပေမဲ့ ကြောက်မက်ဖွယ်ဖြစ်အောင် သူက လက်တွေကို အများကြီး ဖန်ဆင်းလာတယ်၊ ဗာဟုသဟဿံ မာပေတွာ—လက်ရုံးတထောင် ဖန်ဆင်းတယ်လို့ ဆိုပေမဲ့ တထောင် တိတိကျကျရယ်လို့တော့ မဟုတ်ပါဘူး၊ များတာကိုဘဲ ဆိုလိုပါတယ်၊ ဒီလိုနေရာမှာ သတံ—တရာ၊ သဟဿံ— တထောင် လို့

www.dhammaransi.com



ဆိုတာကို အနေကသဉ်ချာ–လို့ ခေါ်ပါတယ်၊ များပြားတာကိုဘဲ ဆိုလိုပါတယ်။ အဲဒီ လက်တွေများစွာမှာလဲ လက်တချောင်း တချောင်းမှာ လက်နက်တမျိုးစီကိုင်လာပါတယ်။ အဲဒီလို ကြောက်မက်ဖွယ်တွေ ဖန်ဆင်းလာပြီးတော့ ဘုရားအလောင်းတော် ထိုင်နေရာမှ ထပြေးအောင် အမျိုးမျိုး ချောက်လှန့်တယ်၊ အကြီးအကျယ် တစ္ဆေချောက်တယ်လို့ ဆိုရမှာဘဲ။

ဘယ်လိုပင် ချောက်လှန့်ပြီးအန္တရာယ်ပြုသော်လဲ ဘုရားအလောင်းတော်မှာ တုန်လှုပ်ခြင်းမရှိဘဲ တည်ငြိမ်စွာထိုင်လျက် သီတင်းသုံးနေတာကို မြင်ရတော့ မာရ်နတ်က နောက်ဆုံးမှာ စကားနဲ့ စစ်ထိုးပြန်တယ်၊ "ဒီ ပလ္လင် ဒီနေရာဟာ ကျွန်ုပ်၏ဒါနကောင်းမှုကြောင့် ဖြစ်ပါတယ်၊ ဒီနေရာမှ ထပါ" လို့ မာရ်နတ်က ဆိုတယ်။ သင် ဒါနပြုခဲ့တဲ့အကြောင်း သက်သေပြပါလို့ အလောင်းတော်က ဆိုတဲ့အခါ မာရ်နတ်က သူ့ပရိသတ်ကို သက်သေပြတယ်၊ သူ့ပရိသတ်က "ကျွန်ုပ် မျက်မြင် ဖြစ်ပါတယ်၊ ကျွန်ုပ် မျက်မြင် ဖြစ်ပါတယ်" လို့ ထောက်ခံလိုက်ကြတာဟာ မြေကြီး ပြိုကျသွားသလို တခဲနက် ဆူညံသွားတယ် – လို့ ဆိုပါတယ်။ ဒီတော့ မာရ်နတ်က "ကျွန်ုပ်ဘက်ကတော့ ခိုင်လုံနေပါပြီ၊ သင် မင်းသားက သက်သေထူပြပါ" လို့ ဆိုတယ်။ ဘုရားအလောင်းတော်၏ အနီးအပါးမှာ သက်ရှိသက်သေထူစရာ ဆိုယင် တဦးတယောက်မျှ မရှိဘူး၊ မယ်တော် ခမည်းတော်တွေလဲ မရှိဘူး၊ ဆွေတော် မျိုးတော်တွေလဲ မရှိဘူး၊ အလုပ်အကျွေး ပုဂ္ဂိုလ်လဲ မရှိဘူး၊ မာရ်နတ်စစ်သည်တွေ မလာခင်ကဆိုယင်တော့ ကာလနဂါးမင်း သိကြားမင်း ဗြဟ္မာမင်းတို့ ဆိုတာ အလောင်းတော်ရဲ့ အနီးအပါးမှာ ရှိကြပါတယ်၊ မာရ်နတ်စစ်သည်တွေ ချီတက်လာတဲ့အခါမှာ သူတို့က သူတို့ တာဝန်မဟုတ်တာနဲ့ ရှောင်ခွါသွားကြပါတယ်။ ဒီတော့ သာမန် လူတယောက် အနေနဲ့ဆိုယင်တော့ အင်မတန် စိတ်အားငယ်မှာပါဘဲ၊ ဒါပေမဲ့ ဘုရားအလောင်းတော်မှာတော့ စိတ်အားငယ်ခြင်း မရှိပါဘူး၊ သက်ရှိပုဂ္ဂိုလ်သက်သေထက် ခိုင်လုံတဲ့သက်သေကို မြင်ထားပြီးသား ရှိနေပါတယ်။ ဒါကြောင့် ဒါနကုသိုလ်ကိုပြုတိုင်း အလှူရေစက် သွန်းချရာဖြစ်တဲ့ မဟာပထဝီမြေကြီးကိုဘဲ သက်သေထူလိုက်ပါတယ်၊ တခြားဘဝတွေကို ဖယ်ထားလိုက်ဦးတော့၊ ဝေဿန္တရာမင်းအဖြစ် တဘဝတည်းမှာဘဲ ဒီပလ္လင် ဒီနေရာအတွက် ၇ ါ အလှူကြီးတွေ

www.dhammaransi.com



ပေးလှူခဲ့ရာမှာ ဒီမဟာပထဝီမြေကြီးဟာ ခုနစ်ကြိမ်တိုင်တိုင် တုန်လှုပ်ပြီး ကောင်းချီးပေးခဲ့ပါတယ်၊ ဒီမဟာပထဝီမြေကြီးဟာ ငါ၏ မျက်မြင်သက်သေ ပါဘဲ-လို့ လက်ျာလက်တော်ဖြင့် မြေကြီးကို ညွှန်ပြီး သက်သေ ထူလိုက်ပါတယ်။ ယခု တွေ့မြင်နေကြရတဲ့ တင်ပလ္လင်ခွေ ဆင်းတုတော်ပုံတွေထဲမှာ လက်ျာလက်တော်ကို လက်ျာဘက်ခြေပေါ်မှ မှောက်လျက် ချထားတဲ့ပုံတော်ဟာ မဟာပထဝီမြေကြီးကို သက်သေအဖြစ် ညွှန်ပြနေတဲ့ပုံတော်လို့ အချို့ ပညာရှင်များက ဆိုကြတယ်၊ ဘူမိဖဿမုဒြာလို့လဲ ခေါ်ကြတယ်။ တချို့ ပညာရှင်များက တော့လဲ လှန်ထားတဲ့ လက်ဝဲလက်ဖြင့် လက်ဖဝါး လက္ခဏာကိုပြပြီး မှောက်ထားတဲ့ လက်ျာလက်ဖြင့် လက်ဖမိုးလက္ခဏာကိုပြတဲ့ ပုံတော်ဖြစ်တယ်လို့ ဆိုကြပါတယ်။

အဲဒီလို ဘုရားအလောင်းတော်က လက်ျာလက်တော်ဖြင့်ညွှန်ပြီး သက်သေထူလိုက်တဲ့အခါ မဟာပထဝီမြေကြီးဟာ အသက်ဝိညာဏ်မရှိသော်လဲ အလောင်းတော် အလှူကြီးများ ပေးလှူခဲ့တာကို ကျွန်ုပ် မျက်မြင်ဖြစ်ပါသည်-ဟု မဆိုသော်လည်း ဆိုဘိသကဲ့သို့ တက်၍ တက်၍ လှုပ်ခြင်း သက်၍ သက်၍ လှုပ်ခြင်း ခါ၍ ရမ်း၍ လှုပ်ခြင်း ဝိုင်း၍ လှည့်၍ လှုပ်ခြင်း စသည်ဖြင့် အမျိုးမျိုးအထွေထွေ အကြီးအကျယ် တုန်လှုပ်ပြီး သက်သေခံလိုက်ပါတယ်။ အဲဒီလို မြေလျှင် အကြီးအကျယ် တုန်လှုပ်လိုက်တဲ့အခါ မာရ်နတ်ပရိသတ်တွေဟာ ထောက်တည်ရာ မရဘဲ ဖရိုဖရဲဖြစ်ပြီး ထွက်ပြေးကြပါတယ်။ နတ်တွေဆိုတာ ကောင်းကင်မှာလဲ တည်နေနိုင်တဲ့အတွက် မြေလျှင်လှုပ်ပေမဲ့ ကောင်းကင်မှာ ရပ်တည်မနေနိုင်ပေဘူးလားလို့ ဒီလိုလဲ စဉ်းစားစရာ ရှိပါတယ်၊ ဒီမြေလျှင်က ရိုးရိုး မြေလျှင် မဟုတ်ပါဘူး၊ ဘုရားအလောင်းတော်ရဲ့ ပါရမီတော်ကြောင့် မာရ်စစ်သည်တွေ မခံမရပ်နိုင်အောင် လှုပ်တဲ့ မြေလျှင် ဖြစ်ပါတယ်၊ ဒါကြောင့် မြေကြီးတွင်မဟုတ်ဘဲ မြေကြီးနှင့်ဆက်စပ်နေတဲ့ ကောင်းကင်က လေခေတ် အခိုးအငွေ့ခေတ်တွေရော အကုန်လုံး လှုပ်လိုက်တဲ့အတွက် မာရ်နတ် ပရိသတ်တွေဟာ ထောက်တည်ရာ မရဘဲ ထွက်ပြေးကြရခြင်း ဖြစ်တယ်လို့ ယူဆရပါတယ်။ မာရ်နတ်ကြီးလဲ ဂိရိမေခလာဆင်ကြီးပေါ်က ဂျွမ်းထိုးမှောက်ခုန်ကျပြီး ထွက်ပြေးရတယ်လို့ ဆိုပါတယ်။

www.dhammaransi.com



## ဝသုန္ဒရီနတ်ဆိုတာ ရှိသလား

ဒါပေမဲ့ မာရ်နတ်ရော သူ့ဘက်တော်သားနတ်တွေရော ဘယ်သူမှ ကျိုးတယ် ဒဏ်ရာရတယ် သေတယ်လို့တော့ မရှိပါဘူး၊ ဘုရားအလောင်းတော်ရဲ့ ပါရမီတော်အဟုန်ကြောင့် ကြောက်လန့်ပြီး ထွက်ပြေးကြရရုံပါဘဲ။ ဒီစကား ထည့်ပြောရတာက တခြားကြောင့် မဟုတ်ဘူး၊ ဗုဒ္ဓသာသနာတော်ကို မကြည်ညိုတဲ့ သူတွေက မဟုတ်မဟတ် လုပ်ကြံပြီး ပြောကြတာကို ကြားရဘူးတယ်၊ ဘုရားအလောင်းတော်ရဲ့ သက်သေထူချက်ကြောင့် ဝသုန္ဒရီနတ်က ဆံပင်ရေတွေညှစ်ချလိုက်တာနဲ့ မာရ်နတ်စစ်သည်တွေ ရေထဲမျောနစ်ပြီး သေကုန်ကြတယ်၊ အဲဒါဟာ ဘုရားအလောင်းတော်က မသနားလို့ဘဲ-လို့ ဒီလို ကြံကြံဖန်ဖန် ပြောကြတာကို ကြားရဘူးတယ်။ အမှန်ကတော့ ဝသုန္ဒရီနတ်ဆိုတာလဲ ထေရဝါဒ ဗုဒ္ဓစာပေကျမ်းဂန်ထဲမှာ မရှိပါဘူး၊ တချို့ ဘုရားကျောင်းတွေမှာ ဝသုန္ဒရီနတ်ရုပ် ထုထားတာတော့ တွေ့ရပါတယ်၊ ဒါပေမဲ့ ထေရဝါဒစာပေမှာတော့ မရှိပါဘူး၊ အသင့် ယုတ္တိလဲ မရှိပါဘူး၊ အမှန်ကတော့ ဝသုန္ဒရီဆိုတဲ့ပါဠိကလဲ မြေကြီးလို့ အနက်ရှိပါတယ်။ ဒါကြောင့် မြေကြီး တုန်လှုပ်တဲ့အတွက် ခုတင်က ပြောခဲ့တဲ့ အတိုင်း ကြောက်လန့်ပြီး ထွက်ပြေးကြခြင်းသာ ဖြစ်ပါတယ်။

ယခုပြောခဲ့တာဟာ မာရ်ငါးပါးထဲက ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူပုံပါဘဲ။ အဲဒါကို ရှေးဆရာတို့က အောင်ခြင်းရှစ်ပါးထဲမှာ ပဌမဆုံး အောင်ခြင်း အဖြစ်ဖြင့် ဒီလို ဂါထာစီကုံးထားကြပါတယ်။

## အောင်တော်မူဂါထာ

ဗာဟုံသဟဿမဘိနိမ္မိတသာဝုဓံ တံ၊
ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ။
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဂိရိမေခလံ၊ ဂိရိမေခလာ အမည်ရှိသော ဆင်ကြီးကို။ ဥဒိတံ၊ တက်စီးလျက်။ အဘိနိမ္မိတသာဝုဓံ၊ လွန်လွန်ကဲကဲ ဖန်ဆင်းထားသော လက်နက်တို့နှင့်တကွသော။ ဗာဟုံသဟဿံ၊ လက်ရုံး

www.dhammaransi.com



ပေါင်းတထောင်ရှိသော။ သောရုံ၊ ကြမ်းတမ်းလှစွာသော။ သသေနမာရုံ၊ ရွှေနှင့် ဝဲယာ ၁၂-ယူဇနာစီ ရှိသည့်ပြင် နောက်မှ စကြဝဠာ အဆုံးအထိ များပြားလှသော စစ်သည်အပေါင်းနှင့်တကွသော။ တံ၊ ထိုမာရ်နတ်မင်းကို။ ဒါနာဒိဓမ္မဝိဓိနာ၊ ဒါနစသည် ပါရမီတော် ဆယ်ချက် ကောင်းမှုတည်းဟူသော လက်နက်အစီအရင်ဖြင့်။ ဇိတဝါ၊ မပင်မပန်း ရှင်လန်းကြည်လင် အောင်မြင်တော်မူလေပြီ။ တန္တေဇသာ၊ မာရ်နတ်မင်းကို အောင်မြင်တော်မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

ဒါက သူ့မူရင်းအတိုင်း အနက်ပြန်ခြင်းဖြစ်ပါတယ်၊ အဲဒီလိုဆိုတော့ ကိုယ့် တဦးတည်းအတွက် ဆုတောင်းခြင်း ဖြစ်နေတယ်။ တရားနာ ပရိသတ်တွေလဲ ပါအောင် တန္တေဇသာ ဘဝတု နော ဇယမင်္ဂလဂ္ဂံ လို့ ပြင်ဆိုပါတယ်။ တန္တေ-ဇသာ၊ မာရ်နတ်မင်းကို အောင်မြင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ နော-အမှာကံ၊ တရားဟောသျှက် တရားနာသျှက် ရှိကြသော အကျွန်ုပ်တို့အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ (သာဓု သာဓု သာဓု)

ဒီနေရာမှာ သဒ္ဒါတရားရော သုတရော နည်းတဲ့သူ အချို့က စောဒနာတဲ့ စကားတခုလဲ ရှိပါသေးတယ်၊ ဘုရားအလောင်းဟာ မြက်အခင်း ပလ္လင်နေရာ ကို ဘာကြောင့် ငြိကပ်တွယ်တာနေရသလဲ၊ မာရ်နတ်က လိုချင်တယ်ဆိုရမှာ ဖယ်ပေးလိုက်ယင် အလွယ်တကူနဲ့ ပြီးငြိမ်းသွားနိုင်မယ် မဟုတ်လား လို့ စောဒနာ တယ်။ အဲဒါကတော့ သဒ္ဒါတရားနဲ့ အကြားအမြင်နည်းတဲ့ပြင် အမြော်အမြင် ဉာဏ်ကလဲ မရှိလို့ စောဒနာခြင်းပါဘဲ။ "မာရ်နတ်က စစ်သည်တွေ များစွာနဲ့ အကြီးအကျယ် ချီတက်လာတာဟာ ပလ္လင်နေရာကို လိုချင်လို့မဟုတ်ဘူး၊ ဘုရား မဖြစ်အောင်လို့ အနှောင့်အယှက် ပေးလိုတဲ့အတွက်သာ ဖြစ်တယ်"ဆိုတာ ရှေး နားက ပြောခဲ့တဲ့စကားဖြင့် ထင်ရှားနေပါပြီ၊ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူကြတဲ့ ဘုရားတိုင်းဟာ ဒီမဟာဗောဓိပလ္လင်နေရာမှာသာ ဘုရား အဖြစ်သို့ ရောက်တော်မူကြရတယ်၊ ဒီတော့ အဲဒီနေရာမှ ထပေးလိုက်ယင် ဘုရား အလောင်းတော်မှာ "ဘုရား မဖြစ်သေးမချင်း ဒီနေရာက မထတော့ဘူး"ဆိုတဲ့

www.dhammaransi.com



အမိဌာန်ကြီးလဲ ပျက်သွားမယ်၊ တခြားနေရာမှာလဲ ဘုရား မဖြစ်နိုင်ဘူး၊ ဒါကြောင့် နေရာမှ ထပေးလိုက်တာနဲ့ မာရ်နတ်က အနိုင်ရသွားမယ်။ "နေရာက လိုရင်း မဟုတ်ဘူး၊ အကျင့်မှန်တာက လိုရင်းဖြစ်တယ်၊ ဘယ်နေရာမှာဘဲ ကျင့်ကျင့် အကျင့်မှန်ယင် ဘုရားဖြစ်နိုင်တယ်"လို့ ဆိုစေကာမူ မာရ်နတ်က နောက်တနေရာလဲ လိုက်ပြီး နှောင့်ယှက်ဦးမှာဘဲ၊ အဲဒီလို ရွှေ့သွားတဲ့ နေရာတိုင်းမှာ လိုက်ပြီး နှောင့်ယှက်နေယင် ဘယ်မှာ ဘုရားဖြစ်နိုင်တော့မလဲ။ အမှန်ကတော့ ဘုရားဖြစ်ရမည့် နေရာမြတ်မှာ အမိဌာန်ကြီးနဲ့ ထိုင်တော်မူလိုက်ကတည်းက အဲဒီ အမိဌာန်လဲ မပျက်ရဘူး၊ အဲဒီနေရာမှာဘဲ ကေန်မုချ ဘုရားအဖြစ်သို့လဲ ရောက်ရမယ်၊ ဒါကြောင့် ဘုရားအလောင်းတော်က အဲဒီနေရာမှ ထမပေးဘဲ မိမိ၏ ဒါနကုသိုလ်ကြောင့်ရတဲ့ ပလ္လင်ဖြစ်ကြောင်း မဟာပထဝီမြေကြီးကို သက်သေထူပြီး အနိုင်ယူလိုက်ခြင်း ဖြစ်ပါတယ်။ အဲဒါဟာ အချိန်ကာလအားဖြင့် ကဆုန်လပြည့်နေ့ ညနေခင်း နေမဝင်မီအချိန် ဖြစ်တယ်။ ဒါကြောင့် အဋ္ဌကထာများမှာ သူရိယေ ဓရမာနေယေဝ၊ နေမဝင်သေး၍ နေရှိနေစဉ်ပင်လျှင်။ မာရဗလံ ဝိဓမိတ္ဝာ၊ မာရ်စစ်သည်ဗိုလ်ပါအပေါင်းကို နှိမ်နင်းပယ်ရှားပြီး၍-စသည်ဖြင့် ပြဆိုထားပါတယ်။

## ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူခြင်း

မာရ်နတ်ကို အောင်မြင်ပြီးတဲ့နောက် ရှေးကတည်းက ရထားပြီးဖြစ်တဲ့ ဈာန်သမာပတ်တွေကို လေ့လာဝင်စားသောအားဖြင့် ညဉ့်ဦးယာမ်မှာ ပုဗ္ဗေ-နိဝါသအဘိညာဉ်ကို ရတော်မူပါတယ်။ ပုဗ္ဗေနိဝါသဆိုတာ ရှေးကာလ၌ နေခဲ့ဘူး ဖြစ်ခဲ့ဘူးတဲ့ ခန္ဓာအစဉ် ဘဝအစဉ်တွေပါဘဲ၊ အဘိညာဉ်ဆိုတာ ထူးထူးခြားခြားသိတဲ့ ဉာဏ်ပါဘဲ။ ဒါကြောင့် ပုဗ္ဗေနိဝါသအဘိညာဉ်ဆိုတာ ရှေးကဖြစ်ခဲ့ဘူးတဲ့ ဘဝတွေကို ပြန်ပြီး အထူး သိမြင်တဲ့ဉာဏ်-လို့ ဆိုလိုပါတယ်။ အဲဒီဉာဏ်ဖြင့် ဘုရားအလောင်းတော်ဟာ ရှေးဘဝဟောင်းတွေကို ပြန်ပြီး ဆင်ခြင်တော်မူပါတယ်၊ နောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝကို မရောက်မီက တုသိတာနတ်ပြည်မှာ သေတကေတုမည်သော နတ်သားဖြစ်ခဲ့ပြီး ၅၇-ကုဋေနှင့် အနှစ်၆-သန်းကာလပတ်လုံး နတ်စည်းစိမ်တွေ ခံစားနေခဲ့တာကို မြင်တယ်၊ အဲဒီကနောက် ပြန်ပြီးကြည့်လိုက်တဲ့အခါ ဝေဿန္တရာမင်းဖြစ်စဉ်က ဒါနပါရမီ စသည်ကို

www.dhammaransi.com



ဖြည့်ကျင့်ခဲ့ပုံတွေကို မြင်တယ်။ ဒီပုံဒီနည်းဖြင့် ရှေးရှေးကဖြစ်ခဲ့တဲ့ ဘဝဟောင်းတွေကို နိယတဗျာဒိတ်ခံခဲ့တဲ့ သုမေဓာ ရသေ့ဘဝတိုင်အောင်လဲ ပြန်ပြီးမြင်တယ်။ အဲဒီထက် ရှေးကျတဲ့ သင်္ချေနှစ်ဆယ်ထက်က ဗြဟ္မဒေဝဘုရားလက်ထက်တိုင်အောင်လဲ မြင်တယ်။ အဲဒီထက်ရှေးကျတဲ့ ဘဝဟောင်းတွေကိုလဲ အလိုရှိသလောက် ကြည့်ရှုယင် မြင်နိုင်တယ်။ အဲဒီလို ရှေးရှေး ဘဝဟောင်းတွေကို ပြန်လှန်ဆင်ခြင်ပြီး သိမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်ကို ညဉ့်ဦးယာမ်မှာ ရတော်မူပါတယ်။

ဒီဉာဏ်က လောကုတ္တရာ မဟုတ်သေးဘူး၊ လောကီဉာဏ်ဘဲ၊ ဒါကြောင့် ဒီဉာဏ်မျိုးကို သာသနာပ ရသေ့တွေလဲ ရနိုင်ပါတယ်။ ဒါပေမဲ့ သာသနာပ ရသေ့တွေကတော့ တချို့မှာ ဘဝအနည်းငယ်လောက်သာ ပြန်လည်အောက်မေ့နိုင်တယ်၊ တချို့လဲ ဘဝတရာ ဘဝတထောင်လောက်သာ အောက်မေ့နိုင်တယ်။ တချို့လဲ ကပ္ပါ တဆယ် နှစ်ဆယ် သုံးဆယ်လောက်သာ အောက်မေ့နိုင်တယ်။ အများဆုံး ကပ္ပါ လေးဆယ် လောက်သာ အောက်မေ့နိုင်တယ်။ သာသနာတွင်းက သာဝကတွေထဲမှာလဲ တချို့မှာ ဘဝအနည်းငယ်လောက် ကပ္ပါ အနည်းငယ်လောက်သာ အောက်မေ့နိုင်တယ်။ မဟာသာဝကတွေကတော့ ကပ္ပါတသိန်းအထိ အောက်မေ့နိုင်တယ်၊ အဂ္ဂသာဝကများကတော့ တသင်္ချေနှင့် ကပ္ပါတသိန်းအထိ အောက်မေ့နိုင်တယ်၊ ပစ္စေကဗုဒ္ဓါများကတော့ ၂-သင်္ချေနှင့် ကပ္ပါတသိန်းအထိ အောက်မေ့နိုင်တယ်။ ဗုဒ္ဓမြတ်စွာဘုရားများကတော့ ကပ္ပါအကန့်အသတ်မရှိ အလိုရှိတိုင်း အောက်မေ့ဆင်ခြင်ပြီး သိမြင်တော်မူနိုင်ကြပါတယ်။ ကိုယ့်ဘဝတွေသာ မဟုတ်ဘူး၊ သတ္တဝါအများ၏ ဘဝဟောင်းတွေကိုလဲ ဆင်ခြင်ပြီး သိမြင်တော်မူနိုင်ကြပါတယ်။ အဲဒီလို သိမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်ကို ညဉ့်ဦးယာမ်မှာ ရတော်မူပါတယ်။

## ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူခြင်း

ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူပြီးတဲ့နောက် သန်ကောင်ယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူပါတယ်၊ သန်ကောင်ယာမ်ဆိုတာ စက်နာရီဖြင့် ၁၀-နာရီမှ နံနက် ၂-နာရီအတွင်းပေါ့၊ ဒိဗ္ဗစက္ခုဆိုတာ နတ်မျက်စိလို့ အနက်ရှိပါတယ်၊

www.dhammaransi.com



နတ်မျက်စိလိုပင် မြင်စွမ်းနိုင်တဲ့ ဉာဏ်မျက်စိလို့ ဆိုလိုပါတယ်၊ ဒါပေမဲ့ ဒီဉာဏ်မျက်စိက နတ်မျက်စိထက် များစွာသာလွန်ပါတယ်၊ တခြားဥပမာမရှိလို့သာ နတ်မျက်စိကို ဥပမာပြုပြီး ပြောဆိုရခြင်း ဖြစ်ပါတယ်၊ နတ်မျက်စိဖြင့် မမြင်နိုင်တာတွေကိုလဲ ဒီဉာဏ်မျက်စိဖြင့် မြင်နိုင်ပါတယ်။

ဒီဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်လိုက်ယင် ပကတိမျက်စိနဲ့ မမြင်နိုင်တာတွေကို မြင်နိုင်တယ်၊ အလွန်သေးငယ်တာတွေရော၊ နံရံ စသည်ဖြင့် ကွယ်ခြားနေတာတွေရော၊ အလွန်ဝေးတဲ့အရပ်မှာ တည်ရှိနေတာတွေရော၊ နတ်ပြည် ဗြဟ္မာ့ပြည်ငရဲဘုံ ပြိတ္တာဘုံတွေရော အကုန်လုံးမြင်နိုင်တယ်၊ ဒီစကြဝဠာတွင်သာ မဟုတ်ဘူး၊ အခြား စကြဝဠာတွေလဲ မြင်နိုင်တယ်၊ ဒါပေမဲ့ ဒီဉာဏ်ကလဲ လောကုတ္တရာတော့ မဟုတ်သေးဘူး၊ လောကီဉာဏ်ဘဲ ရှိပါသေးတယ်၊ ဒါကြောင့် သာသနာပရသေ့များလဲ ဒီဉာဏ်ကို ရနိုင်ပါတယ်၊ ဒီဉာဏ်ရရုံနဲ့တော့ အရိယာဖြစ်တယ် ရဟန္တာဖြစ်တယ်လို့ မဆိုရသေးဘူး၊ ဘုရားအလောင်းတော်လဲ ဒီဉာဏ်ကို ရခါစက အဲဒီ သန်ကောင်ယာမ်မှာ ဘုရားမဖြစ်သေးပါဘူး၊ ပုထုဇဉ်အဖြစ်မှာဘဲ တည်ရှိနေပါသေးတယ်။

ဒါပေမဲ့ ထူးခြားတာကတော့ အခြားပုဂ္ဂိုလ်တွေရတဲ့ ဒိဗ္ဗစက္ခုဉာဏ်ကတော့ အကန့်အသတ်နဲ့ တော်ရုံတန်ရုံသာ မြင်နိုင်တယ်၊ ဘုရားအလောင်းတော်ရတဲ့ ဒီဒိဗ္ဗစက္ခုဉာဏ်ကတော့ အလိုရှိသလောက် အကန့်အသတ်မရှိ အနန္တစကြဝဠာတွေကို မြင်နိုင်ပါတယ်၊ ယခုခေတ် သိပ္ပံပညာရှင်တွေက အလွန်ကောင်းတဲ့ ကောင်းကင်ကြည့်မှန်ပြောင်းကြီးနဲ့ ကြည့်တဲ့အခါ မြန်မာတို့က ကြယ်လို့ခေါ်တဲ့ နေကြီးတွေနဲ့ စကြဝဠာတွေ ကုဋေပေါင်းများစွာကို တွေ့ရတယ်လို့ ဆိုကြပါတယ်၊ နောက်ပြီးတော့ သူတို့မှန်ပြောင်းနဲ့ မမြင်နိုင်တဲ့ စကြဝဠာတွေလဲ များစွာပင် ရှိလိမ့်ဦးမယ်လို့လဲ ယုံကြည်ယူဆကြပါတယ်၊ သူတို့ရဲ့ မှန်ပြောင်းလဲ ချီးမွမ်းစရာကောင်းပါပေတယ်၊ ယခု ဘုရားအလောင်းရတဲ့ ဒိဗ္ဗစက္ခုကတော့ အလိုရှိလို့ ကြည့်လိုက်မယ်ဆိုယင် မမြင်နိုင်တာရယ်လို့ကို မရှိဘူး၊ အကုန်လုံးကို မြင်နိုင်တယ်၊ သူတို့ရဲ့ မှန်ပြောင်းဖြင့်ကြည့်ယင် ကြယ်လို့ခေါ်တဲ့ နေကိုသာ မြင်နိုင်တယ်၊ အဲဒီ နေပတ်ဝန်းကျင်မှာ ရှိကြတဲ့ ဂြိုဟ်တွေကိုလဲ မမြင်နိုင်ဘူး၊ အဲဒီ ဂြိုဟ်တွေပေါ်မှာ ရှိနေတဲ့ သက်ရှိ သက်မဲ့ဝတ္ထုတွေကိုလဲ မမြင်နိုင်ဘူး၊

www.dhammaransi.com



နတ်တွေဆိုတာကိုတော့ ဒီစကြဝဠာမှာတောင် မမြင်နိုင်ဘူး၊ အလောင်းတော် ရတဲ့ ဒိဗ္ဗစက္ခုဉာဏ်ကတော့ အဲဒါတွေ အကုန်လုံးကို မြင်နိုင်ပါတယ်။

ဒါကြောင့် အဲဒီ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် အလောင်းတော်ဟာ သတ္တဝါတွေ လက်ရှိဘဝမှသေပြီး ကံအားလျော်စွာ ဘဝသစ်များမှာ ဖြစ်ကြတာကိုလဲ မြင်တော်မူပါတယ်၊ ကုသိုလ်ကံရှိတဲ့ သတ္တဝါတွေက လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာ ဖြစ်ကြတာကိုလဲ မြင်တော်မူပါတယ်၊ အကုသိုလ်ကံရှိတဲ့သူတွေက ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်ဘုံတွေမှာ ဖြစ်ကြတာကိုလဲ မြင်တော်မူပါတယ်၊ ချမ်းသာတဲ့ လူ့ဘဝ နတ်ဘဝက သေပြီး ငရဲဘုံ ပြိတ္တာဘုံ ရောက်သွားတာတွေ နွား ကျွဲ ခွေး ဝက် ကြက် စသည် ဖြစ်သွားတာတွေကိုလဲ မြင်တော်မူပါတယ်၊ အဲဒီလို မြင်ရတော့ သံသရာမှာ ကျင်လည်နေရတာနဲ့ စပ်ပြီး အင်မတန် သံဝေဂရစရာ ထိတ်လန့်စရာ ကောင်းမှာပါဘဲ၊ အဲဒီလို မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ကို သန်ကောင်ယာမ်မှာ ရတော်မူပါတယ်။

## ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူခြင်း

ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူပြီးတဲ့နောက် စက်နာရီဖြင့် ၂-နာရီကျော် မိုးသောက်ယာမ်အချိန်မှာ ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူပါတယ်၊ အဲဒီလို ဆင်ခြင်ပုံကတော့ ပဋိစ္စသမုပ္ပါဒ်တရားတော်စာအုပ်မှာ အကျယ်ပြထားပြီး ရှိနေပါပြီ၊ ဒါကြောင့် ဒီမှာတော့ အင်္ဂါစုံရုံ အကျဉ်းချုပ်ပဲ ပြောရမယ်။

ဆင်ခြင်တော်မူပုံကတော့ — အိုခြင်း သေခြင်းဟာ ဘာကြောင့် ရှိရသလဲ၊ ဘဝအသစ်ဖြစ်ခဲ့လို့ ရှိရတယ်၊ ဘဝအသစ်က ဘာကြောင့် ဖြစ်ရသလဲ၊ ဖြစ်ကြောင်းကံရှိလို့ ဖြစ်ရတယ်၊ ကံက ဘာကြောင့် ဖြစ်ရသလဲ၊ စွဲလမ်းမှု ဥပါဒါန်ရှိလို့ ဖြစ်ရတယ်၊ ဘာကြောင့် စွဲလမ်းရသလဲ၊ တပ်မက်ဆာလောင်မှု တဏှာရှိလို့ စွဲလမ်းတယ်၊ ဘာကြောင့် တပ်မက်ရသလဲ၊ အကောင်းအဲဆိုးကို ခံစားရလို့ တပ်မက်တယ်၊ ဘာကြောင့် ခံစားရသလဲ၊ အာရုံကို တွေ့ရလို့ ခံစားရတယ်၊ ဘာကြောင့် တွေ့ရသလဲ၊ တွေ့ဘို့ရာအကြောင်း အာယတနတွေရှိနေလို့ တွေ့ရတယ်၊ မျက်စိနဲ့ အဆင်းရှိလို့ မြင်တွေ့ရတယ်၊ နားနဲ့ အသံရှိလို့ ကြားတွေ့

www.dhammaransi.com



ရတယ်၊ နှာခေါင်းနဲ့ အနံ့ရှိလို့ နံတွေ့ရတယ်၊ လျှာနဲ့ အရသာရှိလို့ စားသိပြီး တွေ့ရတယ်၊ ကိုယ်နဲ့ အတွေ့ရုပ်ရှိလို့ ထိတွေ့ရတယ်၊ စိတ်နှလုံးနဲ့ သဘောအာရုံရှိလို့ ကြံသိပြီး တွေ့ရတယ်၊ မျက်စိအဆင်း အစရှိတဲ့ အကြောင်းတွေက ဘာကြောင့် ဖြစ်ရသလဲ၊ နာမ်နှင့်ရုပ်ရှိလို့ ဖြစ်ရတယ်၊ နာမ်နှင့်ရုပ်က ဘာကြောင့် ဖြစ်ရသလဲ၊ စိတ်ဝိညာဏ်ရှိလို့ ဖြစ်ရတယ်၊ စိတ်ဝိညာဏ်က ဘာကြောင့် ဖြစ်ရသလဲ၊ နာမ်နှင့်ရုပ်ရှိလို့ ဖြစ်ရတယ်၊ ဒီမျှဖြင့် ဖြစ်လဲ ဖြစ်နိုင်တယ်၊ အိုလဲ အိုနိုင်တယ်၊ သေလဲ သေနိုင်တယ်၊ အဆက်ဆက်လဲ ရွေ့လျောသေပျက်နိုင်တယ်၊ ကပ်ရောက်ပြီးတော့လဲ ဖြစ်နိုင်တယ်၊ အကြောင်းအကျိုးဆက်ပြီး ဖြစ်ပုံကတော့ စိတ်ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် ဖြစ်ကြောင်း အာယ-တနဖြစ်တယ်၊ အာယတနကြောင့် တွေ့မှု ဖဿ ဖြစ်တယ်၊ ဖဿကြောင့် ခံစားမှု ဝေဒနာ ဖြစ်တယ်၊ ဝေဒနာကြောင့် တပ်မက်ဆာလောင်မှု တဏှာ ဖြစ်တယ်၊ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ဖြစ်ကြောင်းကံဘဝ ဖြစ်တယ်၊ ဖြစ်ကြောင်းကံကြောင့် ဘဝသစ် ဖြစ်တယ်၊ ဘဝသစ်ဖြစ်လို့ အိုရ သေရတယ်၊ စိုးရိမ်ပူဆွေးရ ငိုကြွေးရ ဆင်းရဲရ နှလုံးမသာရ အပြင်းအထန် စိတ်ပူပန်ရတယ်၊ ဒီပုံ ဒီနည်းဖြင့် သက်သက်ဆင်းရဲအစုမျှသာ ဖြစ်တဲ့ ဒီအကြောင်းအကျိုး တရားအဆက်ဆက်၏ ဖြစ်နေခြင်းမျှသာ ရှိတာဘဲ-လို့ ဖြစ်ကြောင်းတရားနဲ့ ဖြစ်နေပုံကို ဆင်ခြင်တော်မူပါတယ်။

နောက်ပြီးတော့ – အဘယ်တရားမရှိယင် အိုခြင်း သေခြင်း ကင်းမလဲ၊ ဘဝအသစ်ဖြစ်ခြင်းမရှိယင် အိုခြင်း သေခြင်း မရှိနိုင်၊ အိုးခြင်း သေခြင်းကင်းသည် စသည်ဖြင့်လဲ အကြောင်းအကျိုး အဆက်ဆက် ကင်းခြင်း ချုပ်ခြင်းကို ဆင်ခြင်တော်မူပါတယ်၊ စိတ်ဝိညာဏ်မရှိလျှင် နာမ်ရုပ်မရှိနိုင်၊ နာမ်ရုပ်မရှိလျှင် အာရုံကို တွေ့ဘို့ရာ အကြောင်း အာယတန မရှိနိုင်၊ အာယတနမရှိလျှင် အာရုံကို မတွေ့နိုင်၊ အာရုံကို မတွေ့ရလျှင် အကောင်းအဆိုးကို မခံစားနိုင်၊ မခံစားရလျှင် တပ်မက်ဆာလောင်ခြင်း မဖြစ်နိုင်၊ ဆာလောင်ခြင်းမရှိလျှင် မစွဲလမ်းနိုင်၊ မစွဲလမ်းလျှင် ဖြစ်ကြောင်းအမှုကံ မဖြစ်နိုင်၊ ဖြစ်ကြောင်းကံမရှိလျှင် ဘဝအသစ်မဖြစ်နိုင်၊ ဘဝအသစ်မဖြစ်လျှင် အိုခြင်း သေခြင်း မရှိနိုင်၊ စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း စိတ်ပူပန်ခြင်းတို့လဲ

www.dhammaransi.com



မရှိနိုင်၊ ဒီပုံ ဒီနည်းဖြင့် သက်သက် ဆင်းရဲအစုမျှသာဖြစ်တဲ့ ဒီအကြောင်း အကျိုး အဆက်ဆက်၏ ချုပ်ခြင်းမျှသာဘဲ-လို့ ချုပ်ကြောင်းတရားနဲ့ ချုပ်ခြင်းသဘောကိုလဲ ဆင်ခြင်တော်မူပါတယ်။

## အာသဝက္ခယဉာဏ်ရရန် ဝိပဿနာရှုတော်မူပုံ

အဲဒီလို ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံဖြစ်ပုံ ချုပ်ပုံများကို ဆင်ခြင်တော်မူပြီးတဲ့ နောက်မှာ အာသဝေါကုန်ကြောင်းတရားဖြစ်လို့ အာသဝက္ခယခေါ်တဲ့ အရဟတ္တ မဂ်ဉာဏ်ကိုရဘို့ ဘုရားဖြစ်ဖို့အတွက် ဝိပဿနာဘာဝနာကို ပွါးများတော်မူပါတယ်၊ ဝိပဿနာဆိုတာ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက် အနိစ္စ,ဒုက္ခ,အနတ္တ သဘောတွေကိုရှုရတာဘဲ။ ဒါကြောင့်-ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၏။ ဥဒယဗ္ဗယာနုပဿီ၊ အဖြစ်အပျက်ကိုရှုလျက်။ ဝိဟာသိံ၊ နေခဲ့ပြီ-လို့ ဟောတော်မူပါတယ်။

ငါ-ငါ့ဥစ္စာလို့ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ရှုပြီးနေခဲ့ပါတယ်တဲ့၊ အဲဒါဟာ မြတ်စွာဘုရားကိုယ်တော်တိုင် ဝိပဿနာရှုခဲ့ပုံကို ပြန်ဟောထားတဲ့ စကားတော်ပါဘဲ။ ယခု ယောဂီတွေ ရှုမှတ်နေကြရတာလဲ ဒီဥပါဒါနက္ခန္ဓာ တရားတွေပါဘဲ။ ဥပါဒါနဆိုတာ မြဲတယ် ချမ်းသာတယ် ကောင်းတယ် ငါဘဲ ငါ့ဥစ္စာ-ဘဲလို့ စွဲလမ်းတတ်တဲ့တရားဘဲ၊ အဲဒီ ဥပါဒါန်တို့၏ အာရုံဖြစ်တဲ့ "မြဲတယ် ချမ်းသာတယ် ကောင်းတယ် ငါဘဲ ငါ့ဥစ္စာဘဲ" လို့စွဲလမ်းနိုင်တဲ့ ရုပ်နာမ်တရားတွေကို ဥပါဒါနက္ခန္ဓာ-လို့ ခေါ်တယ်။ ယခု လူတွေဟာ ရုပ်ကိုယ်ကြီးတခုလုံးကို မြဲတယ်လို့လဲ ထင်နေကြတယ်၊ ကလေးဘဝမှ ရုပ်ကိုယ်ကဘဲ ယခုထက်တိုင် တည်ရှိနေတယ်-လို့ ထင်နေကြတယ်၊ နောင် သေသည်တိုင်အောင်လဲ တည်ရှိနေမယ်လို့လဲ ထင်နေကြတယ်။ ဒီရုပ်ကိုယ်ကြီးကိုမှီပြီး အကောင်းတွေကို ခံစားနေရတဲ့အတွက် ကောင်းတယ်လို့လဲ ထင်နေကြတယ်။ ငါဘဲ အသက်ရှင်နေတဲ့ အကောင်ဘဲ-လို့လဲ ထင်နေကြတယ်။ ငါ့လက် ငါ့ခြေ ငါ့ကိုယ် စသည်ဖြင့် ငါ့ဥစ္စာ-လို့လဲ ထင်နေကြတယ်။ ဒီလို မထင်ကြပေဘူးလား၊ စာပေဗဟုသုတ မရှိယင် အဲဒီလိုဘဲ ထင်နေကြပါတယ်၊ မယုံယင် ကလေးတွေကို မေးကြည့်ပါ၊ အဲဒီလိုဘဲ အဖြေပေးကြပါလိမ့်မယ်။ အဲဒီလို ထင်နေကြတာဟာ ရုပ်ကိုစွဲလမ်း

www.dhammaransi.com



နေကြတာပါဘဲ။ ဒါကြောင့် ရုပ်ကိုယ်ကြီး တခုလုံးဟာ ရုပ်ဥပါဒါနက္ခန္ဓာမည်ပါတယ်။ ကိုယ့်ရုပ်ကို စွဲလမ်းယင် သူတပါးတွေရဲ့ ရုပ်တွေကိုလဲ နည်းတူပင်စွဲလမ်းတော့တာဘဲ။ ဒါကြောင့် ရုပ်ဟူသမျှဟာ ရုပ်ဥပါဒါနက္ခန္ဓာမည်ပါတယ်။ မိမိသန္တာန်က ဖြစ်စေ၊ သူတပါးသန္တာန်က ဖြစ်စေ၊ ရုပ်တရားများ ထင်ရှားပေါ်လာတဲ့အခါ ဝိပဿနာဉာဏ်ဖြင့် မရှုမိလို့ အမှန်အတိုင်းမသိယင် အဲဒီရုပ်တရားကို မြဲတဲ့အနေ ချမ်းသာတဲ့-ကောင်းတဲ့အနေ အတ္တကောင် ငါကောင်သူကောင်အနေဖြင့် စွဲလမ်းတော့တာဘဲ၊ အဲဒီလိုမစွဲလမ်းရအောင်လို့, စွဲလမ်းမှုဖြစ်ခွင့်မရအောင်-လို့ ထင်ရှားပေါ်လာခိုက်မှာ အဲဒီရုပ်ကို ရှုရတာဘဲ။ အကျဉ်းချုပ်အားဖြင့် ပြောရယင် ငါ-ငါ့ဥစ္စာအနေဖြင့် စွဲလမ်းနိုင်တဲ့ တရားကို ဥပါဒါနက္ခန္ဓာ ခေါ်တယ်။ ဒါကြောင့် ဘုန်းကြီးက "ငါ-ငါ့ဥစ္စာ၊စွဲနိုင်တာ၊ဥပါဒါနက္ခန်" လို့ဆောင်ပုဒ် စီထားပါတယ်။ အဲဒီမှာ ငါကောင်အနေနဲ့ စွဲလမ်းတာက ဒိဋ္ဌိဖြင့် အထင်လွဲ အယူလွဲပြီး စွဲလမ်းတာ။ ငါ့ဥစ္စာအနေနဲ့ သာယာသိမ်းပိုက်ပြီး စွဲလမ်းတာက တဏှာဖြင့် စွဲလမ်းတာ။ စွဲလမ်းတယ်ဆိုတာ ဒိဋ္ဌိနဲ့တဏှာ ဒီ ၂-ပါးဖြင့် စွဲလမ်းတာဘဲ။ ဒါကြောင့် "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်"လို့လဲ ဆောင်ပုဒ် စီထားပါတယ်။ ရုပ်ကိုယ်ကြီးဆိုတာ မျက်စိနဲ့မမြင်နိုင်လောက်အောင် အင်မတန်သေးငယ်တဲ့ ရုပ်ကလေးတွေ များစွာ စုပေါင်းပြီးတည်နေတဲ့ ရုပ်အစုအဝေးမျှသာ အမှန်ဖြစ်တယ်၊ မျက်တောင်မွေးကလေး တပင်ထဲမှာကို ရုပ်တွေကုဋေပေါင်းများစွာ ပါဝင်နေတယ်။ အဲဒါကို ယခု သိပ္ပံပညာက ထောက်ခံနေပါတယ်။လက်ညှိုးထိပ်ကို အပ်နှင့်ထိုးပြီး ညှစ်လိုက်ယင် သွေးတစက်ကျလာမယ်၊အဲဒီသွေးတစက်ကို ယခုခေတ်ပေါ် အကောင်းဆုံးမှန်ပြောင်းနဲ့ ကြည့်ယင် ဆဲလ်ခေါ်တဲ့ရုပ်အပေါင်းအစု ကလာပ်တွေ ငါးသန်းခန့်ကို တွေ့မြင်ရတယ်-လို့ သိပ္ပံဆရာတွေက ဆိုပါတယ်၊အဲဒါဟာ ဗုဒ္ဓတရားတော်အဆိုကို ထောက်ခံချက်ပါဘဲ။ အဲဒီတော့ ဒီရုပ်ကိုယ်ကြီးထဲမှာ အင်မတန် သေးငယ်တဲ့ ရုပ်မှုန့်တွေ မရေမတွက်နိုင်အောင် အများကြီးပါဝင်နေတယ်၊ ရုပ်တမှုန် တမှုန်ထဲမှာလဲ ရုပ်အသေးကလေးတွေ များစွာပါဝင်နေတယ်၊ ဒီလို ရုပ်မှုန့် အစုအဝေးမျှသာဖြစ်တဲ့ ကိုယ်ကြီးဟာ ဘယ်မှာ အတ္တကောင် ငါကောင် ဟုတ်နိုင်ပါမလဲ။နောက်ပြီးတော့ အတ္တကောင် ငါကောင်ရယ်လို့မရှိတော့ ငါ၏ ဥစ္စာလို့လဲ ဘယ်မှာ ဆိုနိုင်ပါမလဲ။ နောက်ပြီးတော့ ဒီရုပ်တွေက မြဲတည်နေတာ မဟုတ်ဘူး၊ ခဏမစဲ ဖြစ်ပျက်နေတာဘဲ၊

www.dhammaransi.com



မျက်စိတမှိတ်လောက် တခဏကလေးအတွင်းမှာ စိတ်ဆိုယင် အကြိမ်ပေါင်း ကုဋေတသိန်းခန့် ဖြစ်ပျက်သွားတယ်-လို့ ဆိုတော့ ရုပ်ဆိုယင် အကြိမ်ပေါင်း ကုဋေငါးထောင်လောက် ဖြစ်ပျက်သွားတယ်-လို့ ယူရပါတယ်၊ အဲဒီ ကျမ်းဂန် အဆိုကိုလဲ သိပ္ပံပညာက ထောက်ခံချက် ပေးနေပါတယ်၊ အက်တမ်ခေါ်တဲ့ ပရမာ အဏုမြူရုပ်၏ အသက်ဟာ တစက္ကန့်ကို အပုံတသန်းပုံပြီး တပုံခန့်သာ ရှိတယ်-လို့ သိပ္ပံဆရာတို့က ဆိုကြပါတယ်၊ အဲဒါဟာ မျက်စိတမှိတ်ခန့်မှာ ရုပ်တွေ အကြိမ်ပေါင်း ကုဋေငါးထောင်ခန့် ဖြစ်ပျက်သွားတယ်ဆိုတဲ့ ဗုဒ္ဓစာပေအဆိုနဲ့ နီးစပ်တဲ့အတွက် ထောက်ခံချက် ဖြစ်ပါတယ်။ ဒါလောက်လျင်မြန်စွာ ပျက်နေတဲ့ ရုပ်တွေကို "တဘဝလုံး အသက်ရှင်ပြီး တည်နေတဲ့ ငါကောင်" လို့ ဆိုသင့်ပါ မလား၊ မဆိုသင့်ပါဘူး။ နောက်ပြီးတော့ ဒါလောက် လျင်မြန်စွာပျက်နေတဲ့ ရုပ်တွေကို ချမ်းသာတယ် ကောင်းတယ်လို့ကော ဆိုသင့်ပါမလား၊ မဆိုသင့် ပါဘူး။ ဒါကြောင့် ဒီလိုလျင်မြန်စွာ ဖြစ်ပျက်နေလို့ ရုပ်တရားတွေဟာ မမြဲဘူး၊ ဆင်းရဲမျှဘဲ၊ ငါကောင်မဟုတ်တဲ့ အနတ္တမျှဘဲ၊ ငါ့ဥစ္စာလဲ မဟုတ်ဘူးဆိုတာ တွေကို အမှန်အတိုင်း သိရအောင်-လို့ ဝိပဿနာရှုမှတ်နေကြရတာဘဲ၊ ရှုမှတ်လို့ ဉာဏ်ရင့်လာတဲ့အခါကျတော့ ခဏမစဲ လျင်မြန်စွာ ဖြစ်ပျက်နေတာကို အမှန် အတိုင်းဘဲ သိရပါတယ်။

နာမ် ဥပါဒါနက္ခန္ဓာတွေကိုတော့ ဝေဒနာရယ် သညာရယ် သင်္ခါရရယ် ဝိညာဏ်ရယ် ဒီလို ၄-မျိုးခွဲပြီး ဟောထားတယ်။ ကိုယ်ထဲစိတ်ထဲမှာ ဖြစ်ပေါ် လာတဲ့ ခံစားမှု အကောင်းအဆိုးတွေဟာ ဝေဒနာဘဲ၊ အဲဒီ ခံစားမှုဝေဒနာကို ငါလို့လဲ ထင်မှတ်နေကြတယ်၊ ငါ၏ ခံစားမှု ငါ့ဥစ္စာလို့လဲ ထင်မှတ်နေကြတယ်၊ အဲဒီလို ငါအနေ ငါ့ဥစ္စာအနေဖြင့် ထင်မှတ် စွဲလမ်းနိုင်တဲ့အတွက် အဲဒီခံစားမှုကို ဝေဒနာဥပါဒါနက္ခန္ဓာ-လို့ ခေါ်တယ်။ မှတ်သားမှု သညာကိုလဲ ငါကမှတ်မိတယ် မှတ်နိုင်တယ် မှတ်ဉာဏ်ကောင်းတယ်လို့လဲ ထင်မှတ်နေကြတယ်၊ ငါ၏မှတ်သားမှု ငါ၏ မှတ်ဉာဏ်လို့လဲ ထင်မှတ်နေကြတယ်၊ ဒါကြောင့် သညာကိုလဲ ဥပါဒါ နက္ခန္ဓာ-လို့ ခေါ်တယ်။ ပြုလုပ်အားထုတ်မှု သင်္ခါရတွေကိုလဲ ငါကလုပ်တယ်၊ ငါကြံတယ်၊ ငါကသွားအောင် ရပ်အောင် ထိုင်အောင် ကွေးအောင် ဆန့်အောင် လုပ်တယ် စသည်ဖြင့် ထင်မှတ်နေကြတယ်၊ အဲဒီလို ကြံစည်အားထုတ်မှုတွေကိုလဲ

www.dhammaransi.com



ငါ၏ အားထုတ်မှု ငါ့ဥစ္စာ-လို့ ထင်မှတ်နေကြတယ်၊ ဒါကြောင့် အဲဒီအားထုတ်မှု သင်္ခါရတွေကိုလဲ ဥပါဒါနက္ခန္ဓာ-လို့ ခေါ်တယ်။ စိတ်ကိုလဲ ငါက မြင်တယ် ကြားတယ် သိတယ် စသည်ဖြင့် ထင်မှတ်နေကြတယ်၊ ငါ့စိတ် ငါ့အသိ ငါ့ဥစ္စာ လို့လဲ ထင်မှတ်နေကြတယ်၊ ဒါကြောင့် စိတ်ဝိညာဏ်ကိုလဲ ဥပါဒါနက္ခန္ဓာ-လို့ ခေါ်တယ်။ မြင်ခိုက် ကြားခိုက် စသည်မှာ မရှုမမှတ်မိ-လို့ အဖြစ် အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို အမှန်အတိုင်း မသိယင် ဒီနာမ်ခန္ဓာတွေကိုလဲ ငါအနေ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းနိုင်တယ်၊ အဲဒီလို စွဲလမ်းမှု ဖြစ်ခွင့်မရအောင် မြင်ခိုက် ကြားခိုက် စသည်မှာ မပြတ်လိုက်ပြီး ရှုမှတ်နေကြရတာဘဲ။

အဲဒီလို မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း လိုက်ပြီးရှုနေယင် သမာဓိ ဉာဏ် ရင့်လာတဲ့ အခါမှာ ရှုသိရတဲ့ ရုပ်နာမ် သဘောတရားတွေကို ရှင်းရှင်း လင်းလင်း ပိုင်းပိုင်း ခြားခြား သိလာတယ်။ အဲဒီကနောက် ရှုသိရတဲ့တရားရော ရှုသိတဲ့တရားရော ခဏမစဲ ဖြစ်ပျက်နေတာကို သိရတယ်၊ အဲဒီလို သိရတော့ ဖြစ်ပေါ်လာပြီး ကွယ်ပျောက်သွားလို့ မမြဲတဲ့ တရားတွေဘဲ ဖြစ်မှု ပျက်မှုက မပြတ်နှိပ်စက်နေလို့ ဆင်းရဲတွေဘဲ၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ အနတ္တ သဘောတရားတွေဘဲလို့ သိမြင်သဘောကျလာတယ်၊ အဲဒါက သာမန်ပုဂ္ဂိုလ် တွေရဲ့ သိမြင်ပုံဘဲ။ ဘုရားအလောင်းတော်မှာတော့ ကိုယ်တွင်းကရော ကိုယ်ပ ကရော တလောကလုံးမှာ ရှိရှိသမျှ ရုပ်နာမ် ခန္ဓာတွေ၏ အဖြစ်အပျက်ကို ရှုမြင် တဲ့ ဝိပဿနာဉာဏ်တွေကို ဖြစ်ပွါးစေပါတယ်။ ဒါကြောင့် ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၏။ ဥဒယဗ္ဗယာနုပဿီ၊ အဖြစ်အပျက်ကို ရှုလျက်။ ဝိဟာသိံ၊ နေခဲ့ပြီ–လို့ ဟောတော်မူပါတယ်။

## ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

အဲဒီလို ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကိုရှုရင်း ဝိပဿနာဉာဏ်တွေ တဆင့်ထက် တဆင့် ရင့်ကျက် မြင့်တက်ပြီးတော့ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ် ဉာဏ်ဖြင့် နိဗ္ဗာန်ကိုသိမြင်ပြီး သောတာပန်အဆင့်ကို ရောက်သွားပါတယ်။ အဲဒီက တဖန် ဝိပဿနာရှုပြီးတော့ သကဒါဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီး သကဒါဂါမ်အဆင့်ကို ရောက်သွားပြန်ပါတယ်။ အဲဒီကတဖန် ဝိပဿနာရှုပြီးတော့

www.dhammaransi.com



အနာဂါမိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီး အနာဂါမ် အဆင့်ကို ရောက်သွားပြန်ပါတယ်။ အဲဒီကတဖန် ဝိပဿနာရှုပြီးတော့ အာသဝက္ခယခေါ်တဲ့ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပြီး တရားအလုံးစုံကို အကုန်သိမြင်နိုင်တဲ့ ဗုဒ္ဓ–ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

ဘုရားတပည့် သာဝကများမှာတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်လျှင် ကိလေသာ ကုန်ရုံမျှဘဲ၊ ကိလေသာရှိစဉ်က အထုံပါနေတဲ့ ဝါသနာကတော့ မကင်းဘဲလဲ ရှိတတ်တယ်၊ နောက်ပြီးတော့ တချို့မှာ ရဟန္တာဖြစ်ရုံမျှဘဲ အကြားအမြင်စသော ဂုဏ်ထူးတွေကိုတော့ မရဘူး၊ တချို့မှာတော့ ပု–ဒိ–အာ ဆိုတဲ့ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံရုံမျှဘဲ၊ ပု–ဆိုတာက ရှေးဘဝဟောင်းတွေကိုပြန်ပြီး အောက်မေ့ သိမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်ဘဲ၊ ဒိ–ဆိုတာက အဝေးအနီး အကြီးအသေး မြင်စရာတွေကို ကြည့်ရှုပြီးမြင်နိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ဘဲ။ အာ–ဆိုတာကတော့ အာသဝေါကိလေသာတွေကို ကုန်စေ ကင်းစေနိုင်တဲ့ အာသဝက္ခယခေါ် အရဟတ္တမဂ်ဉာဏ်ဘဲ။ တချို့မှာတော့ အဘိညာဉ် ၆-ပါးနှင့် ပြည့်စုံတဲ့ ဆဠဘိညရဟန္တာ ဖြစ်တယ်၊ အဘိညာဉ် ၆-ပါးဆိုတာ အထွေထွေ အမျိုးမျိုး တန်ခိုးဖန်ဆင်းနိုင်တဲ့ ဣဒ္ဓိဝိဓဉာဏ်၊ အဝေးမှအသံ သိမ်မွေ့သောအသံများကိုလဲ ကြားနိုင်တဲ့ ဒိဗ္ဗသောတဉာဏ်၊ သူတပါး၏ စိတ်အကြံကို သိနိုင်တဲ့ စေတောပရိယဉာဏ်ဆိုတဲ့ ဒီအဘိညာဉ်သုံးပါးနှင့်တကွ ပု-ဒိ-အာ ဆိုတဲ့အဘိညာဉ်သုံးပါးပါဘဲ။ တချို့မှာတော့ အဘိညာဉ် ၆-ပါးအပြင် ပဋိသမ္ဘိဒါဉာဏ် ၄-ပါးနှင့်လဲ ပြည့်စုံတဲ့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဝါသနာကတော့ မကင်းဘူး၊ တရားအလုံးစုံကိုလဲ မသိနိုင်ဘူး။ ဗုဒ္ဓမြတ်စွာ ဘုရားမှာတော့ ကိလေသာ ကင်းရုံမျှမကဘဲ အထုံဝါသနာတွေလဲ ကင်းတယ်၊ တရား အလုံးစုံကိုလဲ သိနိုင်တယ်၊ ဒီပြင် ဘုရားဂုဏ်အလုံးစုံနှင့်လဲ ပြည့်စုံတော်မူတယ်၊ အဲဒီလို ဘုရားတို့၏ဂုဏ် အလုံးစုံနှင့် ပြည့်စုံတော်မူတဲ့အဆင့်သို့ ရောက်သွားတာကို ဘုရားဖြစ်တော်မူတယ်လို့ ဆိုရတယ်။ အဲဒါက ဘယ်အချိန်မှာလဲဆိုယင် ကဆုန်လပြည့်နေ့ညဉ့်အဆုံး အရုဏ်တက်ခါနီးဆဲဆဲ အချိန်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် ယခုပြောခဲ့တဲ့အတိုင်း ဘုရားအဖြစ်သို့လဲရောက်ပြီးရော အရုဏ်လဲတက်ပြီး လပြည့်ကျော်တရက်နေ့သို့လဲ ရောက်သွားတယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

www.dhammaransi.com



## ရူပကာယကိုယ်တော် ဘယ်လိုထူးသလဲ

အဲဒီလို အရဟတ္တမဂ်ဉာဏ်သို့ ရောက်တဲ့အချိန်က စပြီး တရား အလုံးစုံကို သိမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်ကိုလဲ ရတော်မူပါတယ်၊ ဒါကြောင့် အလိုရှိလို့ နှလုံးသွင်း ဆင်ခြင်တော်မူလျှင် ဘယ်အရာမဆို အကုန်လုံး သိတော်မူနိုင်ပါတယ်။ အဲဒီလို ဘုရားဖြစ်တော်မူတဲ့အခါမှာ သဗ္ဗညုတဉာဏ်တော် အစရှိတဲ့ ဉာဏ်တော်အထူးများနှင့် ပြည့်စုံကြောင်းကို ကျမ်းဂန်များမှာ ပြဆိုထားပါတယ်၊ ဒါပေမဲ့ ရုပ်ကိုယ်တော်မှာ ထူးခြားခြင်းကိုတော့ ပြဆိုထားခြင်းမရှိဘူး၊ အဲဒါလဲ အထူးသတိပြုစရာပါဘဲ။ အဲဒီ ရုပ်ကိုယ်တော် ထူးခြားပုံကိုတော့ စတုတ္ထသတ္တာဟ ကျမှ ပြထားတယ်၊ ပြပုံကတော့ ဘုရား ဖြစ်တော်မူပြီးတဲ့နောက် ပဌမ(၇) ရက်မှာ အဲဒီဘုရားဖြစ်တော်မူရာ ပလ္လင်တော်မှာဘဲ ထိုင်မြဲပင် ထိုင်တော်မူလျက် ဖလသမာပတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို အာရုံပြုပြီး ခံစားနေတော်မူပါတယ်၊ ဒုတိယ (၇) ရက်မှာတော့ ရပ်တော်မူလျက် အဲဒီပလ္လင်တော်ကို မမှိတ်သော မျက်စိဖြင့် ရှုစားတော်မူကာ သီတင်းသုံး နေတော်မူပါတယ်၊ တတိယ (၇) ရက်မှာ အရှေ့ အနောက်စင်္ကြံကြွလျက် သီတင်းသုံး နေတော်မူပါတယ်၊ စတုတ္ထ (၇) ရက်မှာ အဘိဓမ္မာတရားတော်ကိုဆင်ခြင်လျက် သီတင်းသုံး နေတော်မူပါတယ်၊ အဲဒီလို ဆင်ခြင်နေစဉ် ပဋ္ဌာန်း ဒေသနာတော်ကြီးကို ဆင်ခြင်တော် မူလိုက်တဲ့အခါ ဉာဏ်တော်အစွမ်းရှိသမျှ ကျက်စားခွင့်ရတဲ့အတွက် ဉာဏ်တော် ကွန့်မြူးပြီး ရူပကာယကိုယ်တော်မှ (နီလ ပီတ လောဟိတ ဩဒါတ မဉ္ဇိဋ္ဌ ပဘဿရ–) အညို အရွှေ အနီ အဖြူ အမောင်း (အနီနုရောင်) ပြိုးပြိုးပြက်ပြက်အရောင် ဆိုတဲ့ ရောင်ခြည်တော် ၆-သွယ် ထွက်ပေါ်လာကြတယ်လို့ အဋ္ဌကထာမှာ ဆိုထားပါတယ်၊ ဒါကြောင့် အဲဒီအခါကျမှ ရူပကာယရုပ်ကိုယ်တော်၏ဂုဏ်ထူး ထင်ရှားပေါ်လာတယ်လို့ မှတ်ရပါတယ်။ အဲဒီကနောက် အဇပါလခေါ်တဲ့ညောင်ပင်ကြီး အောက်မှာ (၇) ရက်၊ မုစလိန္ဒာရေအိုင်အနီး ကျည်းပင်အောက်မှာ (၇) ရက်၊ လင်းလွန်းပင်အောက်မှာ (၇)ရက်၊ အဲဒီသုံးဌာနမှာလဲ ဖလသမာပတ်ဝင်စားပြီး (၇) ရက်စီ သီတင်းသုံးတော်မူခဲ့ပါတယ်။

www.dhammaransi.com



## တရားဟောခြင်းနှင့် ပရိနိဗ္ဗာန်

အဲဒီကနောက် (ဘုရားဖြစ်ပြီးသည်မှ) ရက်ငါးဆယ်မြောက်မှာ အဇပါလ ညောင်ပင်အောက်သို့ တဖန် ကြွပြီး သိတင်းသုံးတော်မူခိုက်မှာ တရားဦး ဟောဘို့ ဆင်ခြင်တော်မူပြီးတော့ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောအရပ်သို့ ကြွတော်မူကာ ဝါဆိုလပြည့်နေ့မှာ နတ်ပြဟ္မာ အပေါင်းနှင့်တကွ ပဉ္စဝဂ္ဂီရဟန်း ငါးပါးတို့အား ဓမ္မစက္ကပဝတ္တနခေါ်တဲ့ ဓမ္မစကြာ တရားတော်မြတ်ကို စတင်ပြီး ဟောတော်မူခဲ့ပါတယ်။ အဲဒီကနောက် ၄၅-ဝါ ၄၅-နှစ် ကာလပတ်လုံး ထိုထို အရပ်ဒေသများကို ကြွရောက်တော်မူပြီး တရားဒေသနာတော်များကို ဟော ကြားတော်မူခဲ့ပါတယ်။ သက်တော်ရှစ်ဆယ် ရှိတဲ့အခါမှာ ကုသိနာရုံမြို့ မလ္လာ မင်းတို့၏ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန်စံတော်မူခဲ့ပါတယ်။

## ရာဇဝင်ကြောင်း ထင်ရှားမှ စိတ်ချရတယ်

ယခုပြောခဲ့တာတွေဟာ ဗုဒ္ဓသာသနာ၀င် ပုဂ္ဂိုလ်တွေရဲ့ ကိုးကွယ်ရာ ဖြစ်တဲ့ ဗုဒ္ဓဘုရားဆိုတာဟာ လူသားစင်စစ်က တရားလမ်းမှန်ကိုကျင့်ပြီး တရားအလုံး စုံကိုသိတဲ့ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ကြောင်း၊ တိုင်းပြည်တော် မယ်တော် ခမည်းတော် စသည်ထင်ရှားရှိကြောင်း၊ ဘုရားဖြစ်တော်မူရာ တရား ဦးဟောရာစသည် ထင်ရှားရှိကြောင်း၊ ပရိနိဗ္ဗာန်စံတော်မူရာ ထင်ရှားရှိကြောင်း ဒီလို အဖက်ဖက်မှ အထောက်အထား ထင်ရှားရှိပြီး ရာဇဝင်ကြောင်း အရ အားဖြင့် ထင်ရှားတဲ့ဘုရားဖြစ်ကြောင်း သိရအောင် ပြဆိုတဲ့စကားများ ဖြစ်ပါ တယ်။ ဒီလို ရာဇဝင်ကြောင်းနှင့်တကွ ထင်ရှားတဲ့ဘုရားကမှ တကယ် ယုံကြည် စိတ်ချရ အားကိုးရပါတယ်၊ ရာဇဝင်ကြောင်းအားဖြင့် မထင်ရှားတဲ့ ဘုရား ကတော့ စိတ်မချရဘူး၊ တကယ်ရှိတာမှ ဟုတ်ပါလေရဲ့လားလို့ စဉ်းစားစရာ ရှိပါတယ်။ ဒါကြောင့် ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာ (နှာ ၁၅)မှာ ဒီလို ပြဆိုထားပါတယ်။

ဣမဿ၊ ဤဘုရား၏။ နေဝ ဧာတနဂရံ၊ ဖွားတော်မူရာ တိုင်းပြည်မြို့တော် လည်းမထင်ရှား။ န ပိတာ၊ ခမည်းတော်လည်းမထင်ရှား။ န မာတာ၊ မယ်တော် လည်းမထင်ရှား။ န ဘရိယာ၊ ကြင်ရာတော်လည်း မထင်ရှား။ န ပုတ္တော

www.dhammaransi.com



ပညာယတိ၊ သားတော်လည်းမထင်ရှား။ (ကမ္ဘာလောကကြီးနှင့်သတ္တဝါတွေကို ဖန်ဆင်းတယ်လို့ယုံကြည်ယူဆထားတဲ့ ဂူဃရခေါ် တဲ့ဘုရားဟာ တိုင်းပြည်တော် ခမည်းတော် မယ်တော် စသည် မထင်ရှားဘူး၊ ဘယ်အရပ်မှာ ရှိတယ် လို့တောင် အတိအကျမပြောနိုင်ဘူး၊ အဲဒီလို မထင်ရှားတော့ လူတွေရဲ့စိတ်ထဲမှာ ဘယ်လိုထင်သလဲဆိုယင်။) ဧသ၊ တိုင်းပြည် စသည် မထင်ရှားသော ဤဘုရား သည်။ ဒေဝေါ ဝါ၊ နတ်သော်လည်း ဖြစ်ရာ၏။ သက္ကော ဝါ၊ သိကြားသော် လည်းဖြစ်ရာ၏။ မာရော ဝါ၊ မာရ်နတ်သော်လည်း ဖြစ်ရာ၏။ ဗြဟ္မာ ဝါ မသေ၊ ဗြဟ္မာသော်လည်း ဖြစ်ရာ၏ဟု ငါထင်၏။ ဒေဝါနဥ္စ၊ နတ်တို့မှာလည်း။ ဤဒိသံ ပါဋိဟာရိယံ အနုဿရိယံ၊ ဤသို့သော အံ့ဘွယ်တန်ခိုးပြာဋိဟာသည်။ အတ္ထိတိ၊ ရှိပေသည်ဟု။ မညမာနော၊ ထင်မှတ်လျက်။ ဇနော၊ လူအပေါင်းသည်။ နေ့ဝ သောတဗ္ဗံ မညေယျ၊ ထိုဘုရား၏တရားကို နာသင့်သည်ဟု မထင်ရာ။ န သဒ္ဓါ- တဗ္ဗံ မညေယျ၊ ယုံကြည်အပ်သည်ဟု မထင်ရာ–လို့ ပြဆိုထားပါတယ်။

အဲဒီအဋ္ဌကထာကပြဆိုထားတဲ့အတိုင်း ဖွားမြင်တော်မူရာ တိုင်းပြည် စသည် မထင်ရှားတဲ့ဘုရားဆိုယင် တကယ့်ပညာရှိတွေက မယုံကြည်နိုင်ကြဘူး၊ တန်ခိုး ကြီးတဲ့ နတ်တို့ ဗြဟ္မာတို့ဆိုတာမျိုးဖြစ်မှာဘဲလို့ထင်မှတ်တတ်ကြတယ်။ ဘုန်းကြီး တို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားကတော့ ဖွားမြင်ရာ စသည်နှင့်တကွ ရာဇဝင်ကြောင်း အရ အလွန်ထင်ရှားပါတယ်၊ ဒီအထဲမှာ သီရိဓမ္မာသောကမင်းတရားကြီးက ဖွားမြင် တော်မူရာဌာန စသည်မှာ ကျောက်တိုင်တွေ စိုက်ထူထားခဲ့လို့ သာပြီးတော့ ခိုင်လုံထင်ရှားနေပါတယ်။ နောက်ပြီးတော့ တရားတော်ဆိုယင်လဲ ဘယ်တရားကို ဘယ်အရပ်မှာ ဟောတယ်၊ ဘယ်ပုဂ္ဂိုလ်တွေအား ဟောတယ် စသည်ဖြင့် ဗုဒ္ဓ ဘုရားဟောထားကြောင်း အလွန်ဘဲ ထင်ရှားပါတယ်။ ဒါကြောင့် ဘုရားစစ် ဘုရားမှန်ဖြစ်ကြောင်း၊ ဘုရားဟော တရားအစစ်အမှန် ဖြစ်ကြောင်း ထင်ရှား ပါတယ်၊ ယုံကြည်စိတ်ချရပါတယ်။ ဒါတွင်တောင် မကသေးဘူး၊ ဘုရားရှင်၏ ဓာတ်တော်များဖြင့်လဲ ထင်ရှားပါသေးတယ်။

www.dhammaransi.com



## ဘုရားရှင်၏ဓာတ်တော်များ

ဘုန်းကြီးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူတဲ့ ဗုဒ္ဓမြတ်စွာ ဘုရားဟာ ၄၅-နှစ်ပတ်လုံး အိန္ဒိယနိုင်ငံ အလယ်ပိုင်းမှာ လှည့်လည်ပြီး တရားဟောတော်မူခဲ့ပါတယ်။ အဲဒီလို တရားဟောခဲ့ရာ အရပ်ဒေသဟာ ကမ္ဘာ့မြေပုံနဲ့ ကြည့်လိုက်ယင် သိပ်မကျယ်ပြန့်လှပါဘူး၊ ဟောတဲ့ ကာလကလဲ ၄၅-နှစ်ဆိုတော့ မကြာလှဘူး။ ဒီတော့ မြတ်စွာဘုရားကို ဖူးမြင်ရတဲ့လူကလဲ များသင့်သလောက် မများခဲ့ဘူး၊ မဖူးမြင်ရတဲ့လူတွေကသာ များခဲ့ပါတယ်။ ဒါကြောင့် ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် ဓာတ်တော်များကို ဖူးမြော်ပြီး ကုသိုလ်ပွါးရစ်ရအောင်လို့ ဓာတ်တော်များ အစိတ်စိတ် အမွှာမွှာ ကွဲအောင် မြတ်စွာဘုရားက အဓိဋ္ဌာန် ပြုတော်မူခဲ့ပါတယ်။ အဲဒီ အဓိဋ္ဌာန်ချက်ကြောင့် တေဇောဓာတ် လောင်တဲ့ အခါမှာ ဓာတ်တော်တွေဟာ အစိတ်စိတ် အမွှာမွှာ ကွဲခဲ့ကြပါတယ်။ အသက်တမ်းရှည်တော်မူကြတဲ့ ဘုရားရှင်များမှာတော့ ဖူးမြင်ဘူးတဲ့သူတွေ များတဲ့အတွက်ကြောင့် အဲဒီလို အဓိဋ္ဌာန်ကို မပြုတော်မူခဲ့ကြဘူး၊ ဒါကြောင့် အသက်သောင်းတမ်း သိန်းတမ်းမှာ ပွင့်တော်မူကြတဲ့ ကဿပဘုရားစသည်တို့၏ သရီရဓာတ်တော်ဟာ အစိတ်စိတ်မကွဲဘဲ တလုံးတခဲတည်းသာ တည်နေတယ်၊ဒါကြောင့် စေတီတည်တဲ့ အခါလဲ တဆူတည်းသာ တည်ထားကိုးကွယ်ကြရတယ်။ ဘုန်းကြီးတို့၏ ဂေါတမ မြတ်စွာဘုရား ဓာတ်တော်တွေကတော့ အဓိဋ္ဌာန်ချက်ကြောင့် အစိတ်စိတ်ကွဲပြီး တည်နေကြတဲ့အတွက် ရှေးဦးစွာ လူ့လောကမှာ ရှစ်ဌာနတွင် အဲဒီ ဓာတ်တော်များကို ဌာပနာပြီး စေတီရှစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြတယ်။ နောက်ကာလ သိရိဓမ္မာသောကမင်း လက်ထက်မှာ စေတီပေါင်း ရှစ်သောင်း လေးထောင် တည်ထားကိုးကွယ်ခဲ့ကြတယ်လို့ အဆိုရှိပါတယ်။

## ဘုရားဓာတ်တော်များ၏ ပမာဏနှင့်အဆင်း

အဲဒီ မြတ်စွာဘုရား၏ ဓာတ်တော်များဟာ အကြီးစား အလတ်စား အငယ်စားအားဖြင့် ၃-မျိုးရှိတယ်။ မဟန္တာ မုဂ္ဂမတ္တာဝ-ဓာတ်တော်အကြီးစားတွေက ပဲနောက်လုံးပမာဏ ရှိကြတယ်။ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ-အလတ်စားတွေက ဆန်ကျိုးပမာဏ ရှိကြတယ်၊ ခုဒ္ဒကာ သာသပမတ္တာ-အငယ်စား တွေက

www.dhammaransi.com



မုန့်ညင်းစေ့ပမာဏ ရှိကြတယ်-တဲ့။ ဒါက ဘုရားဓာတ်တော်များရဲ့ ပမာဏဘဲ။ အသေးအရောင် အဆင်းကတော့ မဟန္တာ သုဝဏ္ဏဝဏ္ဏာ-ဓာတ်တော် အကြီးစားတွေက ရွှေအဆင်းရှိကြတယ်၊ မဇ္ဈိမာ ဗကုလဝဏ္ဏာ-အလတ်စားတွေက ခရေစေ့ အဆင်း ရှိကြတယ်တဲ့၊ နီကျင်ကျင် အရောင် ရှိမှာပေါ့။ ခုဒ္ဒကာ မုတ္တာဝဏ္ဏာဘာ-အငယ်စားတွေက ပုလဲအဆင်းအရောင် ရှိကြတယ်တဲ့၊ ဖြူဖြူကလေးတွေ ဖြစ်မှာပေါ့။ ဒါက ဘုရားဓာတ်တော်များနဲ့ အသေးအရောင်အဆင်းဘဲ။ အဲဒီ ပမာဏ အသေးအရောင် အဆင်းများနှင့် နှိုင်းချိန်ပြီး ဘုရားဓာတ်တော်အစစ် ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ပါတယ်။ ရဟန္တာ ဓာတ်တော်များကတော့ အရိုးအတိုင်းဘဲ ဖြစ်သင့်တဲ့ အကြောင်း ပဌမပိုင်းတုန်းက ပူတိဂတ္တတိဿမထေရ်၏ ဝတ္ထု (နှာ ၇၃)မှာ ပြောခဲ့ပါပြီ။ ယခု ကမ္ဘာ့အေးစေတီမှာ ကိုးကွယ်ထားတဲ့ အရှင်သာရိပုတြာ အရှင်မောဂ္ဂလာန်တို့၏ဓာတ်တော်များကို ဖူးမြော်ကြည့်ရှုပြီးတော့ ဆုံးဖြတ်နိုင်ပါတယ်၊ အဲဒီ ဓာတ်တော် ၂-ဆူဟာ ဟိုတုန်းက ကလကတ္တား မဟာဗောဓိကျောင်း ဓာတ်တော်တိုက်ထဲက အရိုးဓာတ်တော်တွေထဲမှပေးလိုက်တဲ့ ဓာတ်တော်အသေးအငယ်ကလေး ၂-ဆူ ဖြစ်ပါတယ်၊ အဲဒီ ဓာတ်တော်တိုက်ထဲမှာ လက်ချောင်းရိုးအတိုင်း ပကတိ အရိုးအတိုင်း အရိုးဓာတ်တော် ကြီးကြီးတွေလဲ တော်တော်များများ ရှိနေပါတယ်။ ဒါကြောင့် ရဟန္တာဓာတ်တော်ကတော့ ပကတိအရိုးအတိုင်းသာ ဖြစ်သင့်တယ်လို့ ဘုန်းကြီးက သဘောကျနေပါတယ်။

ယခု ဒီမှာ ပြောလိုရင်းကတော့ ဘုရားဓာတ်တော်တွေပါဘဲ။ အဲဒီ ဘုရားဓာတ်တော်တွေကို ယခုထက်တိုင် အထင်အရှား ဖူးမြင်ရတဲ့အတွက်လဲ ဗုဒ္ဓမြတ်စွာဘုရားဟာ ရာဇဝင်ကြောင်းအရ ထင်ရှားပါတယ်။ အဲဒီလို ရာဇဝင်အရ အဖက်ဖက်မှ ထင်ရှားတဲ့ ဗုဒ္ဓမြတ်စွာဘုရား၏ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့ရာ ဗုဒ္ဓနေ့အဖြစ်ဖြင့် ဒီနေ့ ဒီရက်မှာ မြတ်စွာဘုရားကို ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်များက အရှိအသေပြုကြ ပူဇော်ကြတယ်၊ ဘုရားအဖြစ်သို့ ရောက်တော် မူစဉ်က ကျောင်းတော်အဖြစ်ဖြင့် သုံးစွဲတော်မူခဲ့တဲ့ ပရိဘောဂစေတီ ဗောဓိညောင်ပင်ကိုလဲ ရေစင်ရေချမ်းဖြင့် သွန်းလောင်း ပူဇော်ကြတယ်။ ဒါဟာ အင်မတန်သင့်လျော် မှန်မြတ်တဲ့ ပူဇော်ခြင်းပါဘဲ။ ဒီသာသနာ့ရိပ်သာမှာလဲ နံနက်ပိုင်းက

www.dhammaransi.com



ဗောဓိပင်ပွါးဖြစ်တဲ့ ညောင်ပင်ကို (၁၃)ကြိမ်မြောက်ပူဇော်ပွဲအဖြစ်ဖြင့် ကျင်းပပြီး ရေစင်ရေချမ်းဖြင့် သွန်းလောင်း ပူဇော်ခဲ့ကြတယ်။ ယခုအချိန်မှာတော့ တရားဟောခြင်း တရားနာခြင်း တရားနှလုံးသွင်း အားထုတ်ခြင်းဆိုတဲ့ ဓမ္မပူဇာဖြင့် ပူဇော်နေကြတာပါဘဲ။ ဒီလို ပူဇော်ရာမှာ ပဋ္ဌမပိုင်းအနေဖြင့် ဗုဒ္ဓနေ့အကြောင်းကို အခွင့်သင့်သည်အားလျော်စွာ ဟောလာခဲ့တာ တော်တော်စုံသွားပါပြီ၊ ဒါကြောင့် ဗုဒ္ဓနေ့အကြောင်းကို ဒီတွင်ဘဲရပ်ပြီး တန်ခူးလပြည့်နေ့က အဆက် သလ္လေခသုတ်ကို ဆက်ပြီး ဟောရမယ်။

## အဒိန္နာဒါန-လုယက်ခိုးယူခြင်း

ဝိဟိံသာ ပါတ၊ အဒိန္နနှင့်၊ အဖြဟ္မစရိယာ။ပ။ ယူသည်းစွာဟု၊ ကိလေသာဘေး၊ လေးဆဲ့လေးကို၊ ဝေးဝေးစွန့်စေ၊ ညွှန်ပြပေသည်၊ သလ္လေခသုတ် မိန့်ခွန်းတည်း။

ဒီဆောင်ပုဒ်အရ ပယ်ရမည့်ကိလေသာ ၄၄-ပါးထဲက ဝိဟိံသာနဲ့ ပါဏာတိပါတ ဆိုတဲ့ ဒီ ၂-ပါးကို အလျင် ၂-ရက်က ဟောခဲ့ပြီ၊ ဒီကနေ့ အဒိန္နာဒါန-ကို ဟောရမယ်။

ပရေ အဒိန္နာဒါယီ ဘဝိဿန္တိ၊ မယမေတ္ထ အဒိန္နာဒါနာ ပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ အခြားတပါးသော ပုဂ္ဂိုလ်တို့သည်။ အဒိန္နာဒါယီ၊ အရှင်မပေးသော သူတပါးဥစ္စာကို လုယက်ခိုးယူကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ဘုရားအဆုံးအမကို ရကြသော ငါတို့သည်။ အဒိန္နာဒါနာ ပဋိဝိရတာ၊ လုယက်ခိုးယူခြင်းမှ ကြဉ်ရှောင်ကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာ ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-တဲ့။

ကိုယ်ချင်းစာတရားမဲ့တဲ့ အခြားတပါးသောသူတွေက သူတပါးဥစ္စာကို လုယက်ခိုးယူကြလိမ့်မယ်၊ ဒီလိုငဲ့ညှာခြင်းမရှိဘဲ လုယက်ခိုးယူနေကြတဲ့ လောကကြီးထဲမှာ ငါတို့ကတော့ လုယက်ခိုးယူမှုမှ ကြဉ်ရှောင်မယ်လို့ ဆောက်တည်ပြီး

www.dhammaransi.com



ကိလေသာခေါင်းပါးစေတဲ့ သလ္လေခအကျင့်ကို ကျင့်ရမယ်တဲ့၊ ယခုတရားနာနေကြတဲ့ ဒကာ ဒကာမတွေလို ဘုရားအဆုံးအမကို ရိုရိုသေသေလိုက်နာနေကြတဲ့ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေကတော့ ငါးပါးသီလစသည်ကို ဆောက်တည်တဲ့အခါမှာ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-လို့ ဆောက်တည်ပြီး ဒီသလ္လေခအကျင့်ကို ကျင့်လာခဲ့ကြတာ ကြာပါပြီ၊ ဒါပေမဲ့ အဲဒီ အဒိန္နာဒါန် အကြောင်းနဲ့ အပြည့်အစုံကျင့်ပုံကို ချဲ့ပြီး ပြောရဦးမယ်။

အဒိန္နာဒါန်ဆိုတာ အဒိန္န-ပိုင်ရှင်က မပေးတဲ့ပစ္စည်းကို+အာဒါန–ယူခြင်း-လို့ အနက်ရှိပါတယ်၊ ပိုင်ရှင်ကမပေးဘဲ ယူတာကို ခိုးယူတယ်လို့ ဆိုရပါတယ်၊ ခိုးယူဆိုတာ တိတ်တဆိတ်ကွယ်ဝှက်ပြီး ယူတာလဲ ပါဝင်တယ်၊ အတင်း ဗလက္ကာရ ပြုပြီး လုယက်ယူတာလဲ ပါဝင်တယ်၊ ဒုတိယပါရာဇိက အဒိန္နာဒါန်သိက္ခာပုဒ်မှာ ရဟန်းများကြဉ်ရှောင်ဘို့ ပြထားတဲ့ ခိုးပုံ ခိုးနည်းတွေဟာ ၂၅-ပါးရှိတယ်၊ အဲဒီ ၂၅-ပါးကို ဒီနေရာမှာ အစဉ်အတိုင်း ပြောနေယင် အလွန်လဲ ကျယ်သွားမယ်၊ မှတ်လဲ မှတ်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ခိုးယူခြင်းနဲ့ လုယက်ခြင်း ဆိုတဲ့ ဒီခိုးခြင်း ၂-ပါးကို မူတည်ပြီးတော့ အခြားခိုးခြင်းများကိုလဲ ထည့်သွင်းနိုင်သမျှ ထည့်သွင်းပြီး ပြောသွားမယ်။

ခိုးယူတယ်ဆိုတာ ပိုင်ရှင်အိပ်ပျော်နေတုန်းဖြစ်စေ၊ အမှတ်တမဲ့ သတိလစ်နေတုန်းဖြစ်စေ၊ အခြားဘက်ကို မျက်နှာလှည့်နေတုန်းဖြစ်စေ၊ မမြင်နိုင်တဲ့ အခြားအရပ်ကို ရောက်နေတုန်းဖြစ်စေ အဲဒီလိုအခါမျိုးမှာ ပိုင်ရှင်မသိအောင် တိတ်တဆိတ်ခိုးဝှက်ယူခြင်းပါဘဲ၊ တင်းတောင်း အချိန်အခြင့်လိမ်ပြီးယူတာ၊ အဖိုးမတန်တာကို အဖိုးတန်ပစ္စည်းလုပ်ပြီး ရောင်းတာ၊ ရွှေငွေစသည် အတုအပလုပ်ပြီး ရောင်းတာ ဝယ်တာ၊ ပေးသင့် ပေးထိုက်တဲ့ လုပ်ကိုင်ခ ယာဉ်ရထားခ သဘောခ အကောက်အခွန် စသည်ကို မပေးဘဲနေတာ၊ ငှါးရမ်းထားတဲ့ ပစ္စည်းများ အကြွေးများကို မပေးမဆပ်ပဲနေတာ၊ သူတပါးက ခေတ္တအပ်ထားတဲ့ပစ္စည်းကို ပြန်မပေးဘဲနေတာ၊ မိမိ၏ပယောဂကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ ပစ္စည်းအတွက် ဘဏ္ဍာစား မလျော်ဘဲနေတာ၊ ဒီလိုဟာတွေလဲ ခိုးယူခြင်းထဲမှာ ပါဝင်တယ်လို့ မှတ်ရမယ်။

www.dhammaransi.com



လုယက်ခြင်းဆိုတာကတော့ သူတပါးပစ္စည်းကို အနိုင်ကျင့်ပြီး ယူတာပါဘဲ၊ ဓားမြတိုက်တဲ့သဘောမျိုးပါဘဲ၊ အဲဒီ လုယက်ခြင်းထဲမှာ မရသင့် မရထိုက်တာကို ခြိမ်းခြောက်ပြီး အတင်းတောင်းယူတာ၊ အခွန်အခကို ပိုပြီး အတင်းတောင်း ယူတာ၊ မသိမ်းသင့်တဲ့ပစ္စည်းကို အကြွေးအနေဖြင့် အတင်းသိမ်းယူတာ၊ မိမိ မပိုင်တဲ့ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းအနေဖြင့် တရားစွဲဆိုပြီးတော့ မတရား သက်သေများ ကောက်ကျစ်သော လှည့်ကွက်လဲ့ချက်များဖြင့် အနိုင်ရအောင် လုပ်ပြီး သိမ်းယူတာ ဒီလို လုယူခြင်းတွေလဲ ပါဝင်တယ်လို့ မှတ်ရမယ်။

## ခိုးမှုမြောက် မမြောက် စိစစ်ချက်

အဲဒီ ခိုးမှုမှာ အင်္ဂါငါးပါးရှိတယ်၊ (၁) သူတပါးသိမ်းပိုက်ထားတဲ့ဥစ္စာ ဖြစ်ခြင်း၊ (၂) သူတပါးဥစ္စာဟု အမှတ်ရှိခြင်း၊ (၃) ခိုးလို လုယက်လိုခြင်း၊ (၄) လုယက်ခိုးယူခြင်း၊ (၅) တည်ရာဌာနမှ ရွေ့ခြင်း စသည်ဖြင့် ထမြောက် ခြင်း-ဆိုတဲ့ ဒီအင်္ဂါငါးပါး ညီညွတ်ပြည့်စုံလျှင် ခိုးမှုမြောက်တယ်။ အဲဒီ ငါးပါး ထဲမှာ ပိုင်ဆိုင်သူအရှင်မရှိတဲ့ပစ္စည်းဖြစ်လျှင် ပဌမအင်္ဂါ မပြည့်စုံတဲ့အတွက် ခိုးမှုကံ မမြောက်ဘူး။ ပိုင်ရှင်ရှိတဲ့ ပစ္စည်းဖြစ်စေကာမူ ပိုင်ရှင်မရှိဘူးထင်လို့ ဖြစ်စေ၊ ကိုယ့်ပစ္စည်းထင်လို့ဖြစ်စေ ယူမိလျှင်တော့ ဒုတိယ တတိယ အင်္ဂါများ မပြည့်စုံတဲ့အတွက် ခိုးမှုမဖြစ်ဘူး၊ ဒါပေမဲ့ သူတပါးပစ္စည်းမှန်းသိတဲ့အခါ ပြန်ပေး ရတယ်၊ ဘဏ္ဍာစားယင်လဲ ပေးလျော်ရတယ်၊ မပေးဘဲနေယင်တော့ အဲဒါလဲ ခိုးမှုဖြစ်တာဘဲ။ ခိုးလိုတဲ့စိတ်မရှိဘဲ အကျွမ်းဝင်တဲ့အနေဖြင့် ယူလျှင်လဲ တတိယ အင်္ဂါမပြည့်စုံတဲ့အတွက် ခိုးမှုမဖြစ်ဘူး၊ ဒါပေမဲ့ ပိုင်ရှင်က မကျေနပ်ယင်တော့ ပြန်ပေးရတယ်၊ မပေးယင် အဲဒါလဲ ခိုးမှုဖြစ်တာဘဲ။ လုယက်ခိုးယူခြင်းဆိုတဲ့ စတုတ္ထအင်္ဂါမှာတော့ ကိုယ်တိုင် လုယက်ခိုးယူသည်ဖြစ်စေ၊ သူတပါးကို လုယက် ခိုးယူစေသည်ဖြစ်စေ အဲဒီ ၂-မျိုးလုံးကို ယူရမယ်။ ပဉ္စမအင်္ဂါမှာတော့ ခိုးလိုတဲ့ ပစ္စည်းကို ဆွဲ၍ မြှောက်၍ ယူလိုက်လျှင် တည်ရာဌာနမှ ရွေ့သွားသည်နှင့် တပြိုင်နက် ခိုးမှုကံမြောက်တယ်၊ ပိုင်ရှင်က မြင်ခြင်း စသည်ကြောင့် အဲဒီ ပစ္စည်းကို ပြန်ချထားခဲ့ပေမဲ့ ခိုးမှုကတော့ မြောက်သွားပြီ၊ ရဟန်းမှာဆိုယင် အဲဒီပစ္စည်းကလဲ တမတ်တန်ဖြစ်ယင် ပါရာဇိကအာပတ်သင့်တော့တာဘဲ၊ ပြန်ချ ထားခဲ့ပေမဲ့ အပြစ်မှ မလွတ်နိုင်ဘူး၊ အဲဒါဟာ အလွန် အရေးကြီးပါတယ်၊

www.dhammaransi.com



ခိုးတဲ့သူ အပိုင်ရတာ မရတာက လိုရင်းမဟုတ်ဘူး၊ ခိုးယူတဲ့ပစ္စည်း သူ့တည်နေရာမှ ရွေ့တာကသာ လိုရင်းဖြစ်တယ်။ အဲဒီမှာ စသည်-ဆိုတဲ့စကားလဲ ပါတယ်၊ အဲဒီစကားက တည်နေရာမှ မရွေ့စေရဘဲ ခိုးမှုမြောက်တဲ့ပစ္စည်းတွေ ခိုးနည်းတွေအတွက် ပြတဲ့စကားဖြစ်တယ်၊ ပေးသင့် ပေးထိုက်တဲ့ အဖိုးငွေ လုပ်ကိုင်ခယာဉ်ရထားခ စသည်ကို ပေးသင့်တဲ့သူကလဲ မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တဲ့အချိန်, ရသင့်တဲ့သူကလဲ ရမှာမဟုတ်ပါဘူးလို့ ဆုံးဖြတ်လိုက်တဲ့အချိန် အဲဒီလိုအချိန်မှာ ခိုးမှုမြောက်တယ်၊ တရားစွဲပြီး လုယူတဲ့ပစ္စည်းဆိုယင် နောက်ဆုံးစီရင်ချက်ချလိုက်တဲ့အချိန်မှာ ခိုးမှုမြောက်တယ်၊ ဒါကြောင့် ဒီလိုဟာတွေပါ ယူရအောင်လို့ ဒီ ပဌမအင်္ဂါကို တည်ရာဌာနမှ ရွေ့ခြင်း စသည်ဖြင့် ထမြောက်ခြင်းလို့ ဆိုထားခြင်းဖြစ်ပါတယ်။ အဲဒီလို အင်္ဂါငါးပါးပြည့်စုံလျှင် အဒိန္နာဒါန်ကံ ခိုးမှုကံ ထိုက်တယ်၊ တိတ်တဆိတ် လျှို့ဝှက်ပုန်းကွယ် လိမ်လည်ပြီး ခိုးသည်ဖြစ်စေ၊ အတင်းလုယက် ခြိမ်းခြောက်ပြီး သိမ်းယူသည်ဖြစ်စေ ခိုးယူမှုကံမြောက်တယ်။ ဒါကြောင့် အဲဒီလို လုယက်ခိုးယူမှုမှ ကြဉ်ရှောင်ဘို့ရာ မြတ်စွာဘုရားက—

ပရေ အဒိန္နာဒါယီ ဘဝိဿန္တိ၊ မယမေတ္ထ အဒိန္နာဒါနာ ပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော-လို့ ဟောတော်မူပါတယ်။

ပရေ၊ အခြားတပါးသော ပုဂ္ဂိုလ်တို့သည်။ အဒိန္နာဒါယီ၊ အရှင်မပေးသော သူတပါးဥစ္စာကို လုယက် ခိုးယူကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ဘုရားအဆုံးအမကို ရကြသော ငါတို့သည်။ အဒိန္နာဒါနာ ပဋိဝိရတာ၊ လုယက်ခိုးယူခြင်းမှကြဉ်ရှောင်ကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏-တဲ့။

သူများတွေက သူတပါးဥစ္စာကို ကိုယ်ချင်းမစာဘဲ မညှာမတာ လုယက်ကြ ခိုးယူကြမည့်နေရာမှာ ငါတို့ကတော့ သူတပါးဥစ္စာကို မလုယက် မခိုးယူဘူး၊ လုယက်ခိုးယူမှုမှ ကြဉ်ရှောင်မယ်၊ လုယက်ခြင်း ခိုးယူခြင်းဆိုတဲ့ ကိလေသာကို ပယ်မယ်၊ ခေါင်းပါးစေမယ်-လို့ အဓိဋ္ဌာန်ပြုပြီး ကိလေသာခေါင်းပါးစေတဲ့ အကျင့်ကို ကျင့်ရမယ်-လို့ ဆိုလိုပါတယ်၊ အဲဒါက သလ္လေခဝါရမှာ ဟောပုံဘဲ။ စိတ္တုပ္ပါဒဝါရကျတော့ ဣတိ စိတ္တံ ဥပ္ပါဒေတဗ္ဗံ—ဤသို့သော စိတ်ကို ဖြစ်စေရ

www.dhammaransi.com



မယ်-လို့ ဟောတော်မူပါတယ်။ သူတပါးဥစ္စာကို လုယက် ခိုးယူခြင်းမှ ကြဉ်ရှောင်မယ်ဆိုတဲ့ စိတ်ကူး ကြံစည်မှုမျိုးကို ဖြစ်စေရမယ်-လို့ ဆိုလိုပါတယ်။ ပရိက္ကမနဝါရကျတော့—

အဒိန္နာဒါယိနော ပုရိသပုဂ္ဂလဿ၊ သူတပါးဥစ္စာကို ခိုးယူလေ့ရှိသော ပုဂ္ဂိုလ်၏၊ ဝါ–ခိုးယူမှုကိုလေသာ လုံးဝမကင်းသေးသော ပုဂ္ဂိုလ်၏။ အဒိန္နာ-ဒါနာ ဝေရမဏီ၊ ခိုးယူမှုမှ ကြဉ်ရှောင်ခြင်းသည်။ ပရိက္ကမနာယ၊ ခိုးယူခြင်းဟူသော လမ်းဆိုးကို ရှောင်လွှဲရန်အလို့ငှါ။ ဟောတိ၊ ဖြစ်ပေ၏-လို့ ဟောတော်မူပါတယ်။

လက်ဝဲဘက် လမ်းဆိုးက မသွားချင်ယင် လက်ျာဘက် လမ်းကောင်းက ရှောင်လွှဲသွားနိုင်တာလို ခိုးယူမှုလမ်းဆိုးကို ရှောင်လွှဲချင်ယင် မခိုးမှုလမ်းကောင်းကိုလိုက်ပါ၊ ခိုးယူမှုလမ်းဆိုးကို မခိုးမှုလမ်းကောင်းနဲ့ ရှောင်လွှဲလိုက်ပါလို့ ဆိုလိုပါတယ်။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏-လို့ ဒကာ ဒကာမတွေ ဆောက်တည် နေကြတာဟာ ဒီသလ္လေခအကျင့်ကို ဆောက်တည်တာပါဘဲ။ ဒီနေရာမှာ ဝေရမဏီ-အရကြဉ်ရှောင်ပုံ ဝိရတီသုံးပါးကို ပြောရဦးမယ်၊ တနေ့က ပါဏာတိပါတာ ဝေရမဏီကို ဟောတုန်းကတည်းက ဒီဝိရတီသုံးပါးကို ဟောဘို့ပါဘဲ၊ ဒါပေမဲ့ အဲဒီတုန်းက အချိန်မရှိ-လို့ မဟောခဲ့ရဘူး၊ ယခုတော့ ဒီဝိရတီသုံးပါးကို ခွဲပြီး ဟောရမယ်။

## ဝိရတီသုံးပါး

ဝိရတီ-ကြဉ်ရှောင်တယ်ဆိုတာ (၁) သမ္ပတ္တဝိရတီ၊ (၂) သမာဒါနဝိရတီ၊ (၃) သမုစ္ဆေဒဝိရတီရယ်-လို့ သုံးပါးရှိတယ်။ အဲဒီသုံးပါးထဲက သမ္ပတ္တဝိရတီဆိုတာ စောစောက သီလ ဆောက်တည်ထားခြင်း မရှိဘဲနဲ့ သတ်ဖို့ ခိုးဘို့ လိမ်ဘို့ စသည်ဖြင့် အကုသိုလ်အမှုကို ပြုလုပ်ဖို့ အကြောင်းဆုံလာတဲ့အခါ အဲဒီ အကုသိုလ်အမှုကိုမပြုဘဲ ကြဉ်ရှောင်လိုက်တာကို ဆိုတာပါဘဲ။ ဒီနေရာမှာ

www.dhammaransi.com



အဋ္ဌကထာက စက္ကန ဆိုတဲ့လူရဲ့ ကြည်ရှောင်ပုံကို ပုံစံထုတ်ပြထားတယ်။ ထုတ်ပြထားပုံကတော့—

သီဟိုဠ်ကျွန်းမှာ စက္ကန ဆိုတဲ့လူဟာ သူ့အမေ မကျန်းမာတဲ့အတွက် ဆေးဆရာက ယုန်သား ဓာတ်စာပေးထားလို့ ယုန်ဖမ်းဘို့ လယ်တော သွားတယ်၊ အဲဒီအခါ ယုန်တကောင်က ပျိုးပင်နုကိုစားဘို့ လာတယ်၊ စက္ကန ကို မြင်တာနဲ့ အဲဒီယုန်က လန့်ပြီးပြေးရင်း နွယ်နဲ့ငြိပြီး မိနေတယ်၊ စက္ကနက အဲဒီယုန်ကိုဖမ်းယူပြီး အမေ့အတွက် ဓာတ်စာဆေးလုပ်မယ်·လို့ ကြံစည်တယ်၊ အဲဒီလို ကြံစည်ပြီးတော့ တဖန်ထပ်ပြီး စဉ်းစားပြန်တယ်၊ ငါ့အမေ အသက်ရှင်အောင် သူတပါးကို သတ်မယ်ဆိုတာ မသင့်မတော်ဘူး·လို့ စဉ်းစားပြီး စက္ကနက အဲဒီယုန်ကလေးကို ဘေးမဲ့လွှတ်လိုက်ပါသတဲ့။ အဲဒီလို လွှတ်ခဲ့ပြီးတော့ အိမ်ပြန်ရောက်တဲ့အခါ သူ့အမေထံမှာ ဒီလိုသစ္စာဆိုပါသတဲ့၊ ငါဟာ လူဖြစ်လာကတည်းက သတ္တဝါကို သတ်ဘူးကြောင်း အမှတ်မရပါ၊ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ငါ့မိခင်မှာ ရောဂါပျောက်ပါစေ·လို့ သစ္စာဆိုလိုက်တဲ့အခါ သူ့အမေမှာ ရောဂါချက်ခြင်း ပျောက်သွားပါသတဲ့။ အဲဒီဝတ္ထုမှာ စက္ကနဟာ စောစောက သီလဆောက်တည်ထားခြင်း မရှိဘူး၊ ဒါကြောင့် သူဟာ ယုန်ဖမ်းဘို့ တောကိုသွားတယ်၊ ယုန်ကိုရတော့လဲ သတ်ဖို့ကြံစည်တယ်၊ နောက်မှ စဉ်းစားဆင်ခြင်ပြီး ယုန်ကို ဘေးမဲ့လွှတ်လိုက်တယ်။ ဒါဟာ သတ်ဖို့ရာအခွင့်ကြုံလာတဲ့အခါ မသတ်ပဲ ကြည်ရှောင်တဲ့ သမ္ပတ္တဝိရတီပါဘဲ။ ထို့အတူ ခိုးဘို့ လိမ်ဘို့ စသည် အခွင့်ကြုံတဲ့အခါများမှာလဲ မခိုးဘဲ မလိမ်ဘဲ မကောင်းမှုကိုမပြုဘဲ ကြည်ရှောင်ယင် သမ္ပတ္တဝိရတီ·လို့ဘဲ ခေါ်ပါတယ်။

သမာဒါနဝိရတီ ဆိုတာကတော့ ဆောက်တည်ထားတဲ့ သီလမပျက်အောင် ကြည်ရှောင်တာကို ဆိုပါတယ်။ ဒီနေရာမှာလဲ (ဥတ္တရဝဍ္ဍမာန ပဗ္ဗတဝါသီဆိုတဲ့) တောင်ပေါ်သား ဥပါသကာတယောက်ကို ပုံစံ ထုတ်ပြထားပါတယ်။ အဲဒီဥပါသကာဟာ ဗုဒ္ဓရက္ခိတမထေရ်ထံမှာ သီလသိက္ခာပုဒ်များကို ဆောက်တည်ပြီးတော့ လယ်ထွန်နေတယ်၊ လယ်ထွန်ပြီးတော့ လွှတ်လိုက်တဲ့နွားက ပြန်မလာဘဲ ပျောက်နေလို့ တောင်ပေါ် တက်ပြီး လိုက်ရှာရင်း (ဥတ္တရဝဍ္ဍမာနဆိုတဲ့) တောင်ပေါ်တက်သွားတယ်၊ အဲဒီတောင်ပေါ်ရောက်တော့ စပါးကြီးမြွေကြီးက သူ့ကို

www.dhammaransi.com



ရစ်ပတ်ပြီး ဖမ်းတယ်၊ ဒီတော့ သူက လက်ထဲမှာပါတဲ့ဓားနဲ့ မြွေကြီးရဲ့ခေါင်းကို ခုတ်ဖြတ်မယ်-လို့ ကြံမိတယ်၊ အဲဒီလို ကြံပြီးတော့ သူက တဖန် စဉ်းစားဆင်ခြင် မိပြန်တယ်၊ ဩော်-ငါဟာ အလေးပြုအပ်တဲ့ ဗုဒ္ဓရက္ခိတမထေရ်ကြီးထံက သီလ ဆောက်တည်လာခဲ့တယ်၊ ဒီသီလကို ဖျက်ရန်မသင့်ဘူး၊ အသက်ကိုစွန့်မယ်၊ သိက္ခာပုဒ်ကိုတော့ မစွန့်ဘူး-လို့ ဆင်ခြင်ပြီးတော့ ပခုံးပေါ်က ထမ်းလာတဲ့ ဓားကို တောထဲစွန့်ပစ်လိုက်ပါသတဲ့၊ အဲဒီလိုလဲ စွန့်ပစ်လိုက်ရော့၊ မြွေကြီးကလဲ သူ့ကိုလွှတ်ပြီး သွားပါရောတဲ့။ ဒီဝတ္ထုမှာ ဆောက်တည်ထားတဲ့သီလကို မပျက် စေရအောင် စောင့်ရှောက် ကြဉ်ရှောင်တာ ဖြစ်တဲ့အတွက် သမာဒါနဝိရတီ ခေါ်တယ်။

သမုစ္ဆေဒဝိရတီ ဆိုတာကတော့ အရိယာမဂ်ထဲမှာ ပါဝင်တဲ့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ-ဆိုတဲ့ ဝိရတီတရားသုံးပါးပါဘဲ။အဲဒီ အရိယာမဂ်ဝိရတီ ဖြစ်တဲ့အချိန်ကစပြီး သတ်လိုတဲ့စိတ် ခိုးလိုတဲ့စိတ် လိမ်လိုတဲ့စိတ် ဆိုတာတွေဟာ မဖြစ်လာတော့ဘူး၊ ဒုစရိုက် ဒုရာဇီဝဆိုတဲ့ အကုသိုလ်တွေကို ပြုလိုတဲ့စိတ် ပြုနိုင် လောက်အောင် ထက်သန်တဲ့စိတ်တွေဟာ မဖြစ်လာတော့ဘူး၊ တခါတည်း အမြစ်ပြတ် ငြိမ်းသွားတယ်၊ ဒါကြောင့် အဲဒီလို အစဉ်ထာဝရ အမြစ်ပြတ် ငြိမ်းစေနိုင်တဲ့ မဂ်ဝိရတီကို သမုစ္ဆေဒဝိရတီ ခေါ်တယ်။ ဘုရားလက်ထက်တော် ကာလက ခုဇ္ဇုတ္တရာဆိုတဲ့ အစေခံကျွန်မဟာ ပန်းဘိုးရှစ်ကျပ်ထဲက လေးကျပ်ကို နေ့စဉ် ဖြတ်စားတယ်၊ တနေ့တော့ မြတ်စွာဘုရား၏ တရားတော်ကိုကြားနာရင်း သောတာပတ္တိ မဂ်ဖိုလ်ရောက်ပြီး သောတာပန် ဖြစ်သွားတယ်၊ အဲဒီနေ့ကစပြီး ပန်းဘိုး ရှစ်ကျပ်ထဲမှ ခိုးဝှက် ဖြတ်စားခြင်း မပြုတော့ဘဲ ရှစ်ကျပ်ဖိုးလုံး ပန်း ဝယ်ခဲ့ပြီး သူ့အရှင်မ သာမာဝတီမိဖုရားထံ ဆက်သတယ်၊ သာမာဝတီက မေးတဲ့ အခါလဲ လိမ်မပြောဘဲ အမှန်အတိုင်း ဝန်ခံပြောဆိုတယ်။ အဲဒါဟာ သမုစ္ဆေဒ-ဝိရတီဖြင့် မကောင်းမှုကို အမြစ်ပြတ် ကြဉ်ရှောင်တာပါဘဲ။

ဒီတော့ မြတ်စွာဘုရား၏ အဆုံးအမ သလ္လေခအကျင့်ကို ကျင့်တဲ့သူဆိုယင် အောက်ထစ်ဆုံးအားဖြင့် ငါးပါးသီလတော့ ဆောက်တည်ပြီး ကျင့်ရလိမ့်မယ်၊ ဒါကြောင့် သတ်မှု ခိုးမှုအစရှိတဲ့ မကောင်းမှုတွေကို သမာဒါနဝိရတီဖြင့် အမြဲ တမ်း ကြဉ်ရှောင်နေရမယ်၊ ဒီထက် တတ်နိုင်ယင် သမုစ္ဆေဒဝိရတီဖြင့် အမြစ်

www.dhammaransi.com



ပြတ်ကြဉ်ရှောင်နိုင်အောင် ဝိပဿနာအလုပ်ကို အားထုတ်ရမယ်၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှကို ရှုမှတ်နေယင် မှတ်တိုင်း မှတ်တိုင်း အဲဒီမကောင်းမှုတွေကို ကြဉ်ရှောင်ခြင်းကိစ္စ ပြီးနေပါတယ်။ ပြီးပုံကို နဲနဲရှင်းပြဦးမယ်၊ မရှုမမှတ်ပဲနေယင် မြင်ရာကစပြီးတော့လဲ သတ်ချင်တဲ့ စိတ် ခိုးချင်တဲ့စိတ် စသည် ဖြစ်နိုင်တယ်၊ ကြားရာစသည်မှလဲ နည်းတူဘဲ ဖြစ်နိုင်တယ်၊ အဲဒီစိတ်တွေက အားကောင်းလာယင် သတ်မှု ခိုးမှုစသည် ထမြောက်အောင်မြင်သွားနိုင်တယ်။ ဒွါရ ၆-ပါးက ပေါ်လာသမျှကို မပြတ် ရှုနေတဲ့ ယောဂီမှာတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းမှာ ရုပ်နာမ်မျှကိုသာ တွေ့ရတယ်၊ အဖြစ်အပျက်မျှကိုသာ တွေ့ရတယ်၊ အနိစ္စ ဒုက္ခ အနတ္တသဘောမျှကိုသာ တွေ့ရတယ်၊ ချစ်ဖွယ် မုန်းဘွယ် မထင်ဘူး၊ သတ်ချင်တဲ့ စိတ်စသည် ဖြစ်ဖို့ကတော့ ဝေးပါတယ်၊ ဒါကြောင့် မကောင်းမှုမှ ကြဉ်ရှောင် ခြင်းကိစ္စ ပြီးနေပါတယ်။ အဲဒီဝိပဿနာဉာဏ်က ရင့်သန်တဲ့အခါ အရိယာ မဂ်ဉာဏ် ဖြစ်ပေါ်လာတယ်၊ အဲဒီအခါမှာတော့ ဒုစရိုက် ဒုရာဇီဝဆိုတဲ့ မကောင်း မှုကို ပြုလိုတဲ့စိတ်တွေ လုံးဝကင်းသွားတယ်၊ အဲဒါဟာ သမုစ္ဆေဒဝိရတီ၏ အစွမ်းဖြင့် မကောင်းမှုမှ ကြဉ်ရှောင်ခြင်းကိစ္စ လုံးဝ ပြီးစီးသွားတာပါဘဲ။

အဲဒီ ဝိရတီသုံးပါးအရ ကြဉ်ရှောင်တာဟာ အကုသိုလ်လမ်းဆိုးတွေကို ကုသိုလ်လမ်းကောင်းဖြင့် ရှောင်လွှဲလိုက်တာပါဘဲ။ ယခုပြောနေတဲ့ အဒိန္နာဒါန် အရာမှာ ဆိုယင်တော့ ခိုးယူမှုလမ်းဆိုးကို မခိုးမှုဆိုတဲ့လမ်းကောင်းဖြင့် ရှောင်လွှဲ လိုက်တာပါဘဲ။ ဒါကြောင့် ခိုးယူမှုကို မခိုးယူမှုဖြင့် ရှောင်လွှဲမည်–လို့လဲ အဓိဋ္ဌာန်ပြုပြီး ကျင့်ရမယ်။

## မခိုးမှုနှင့် အဆင့်အတန်းတက်မည်

အကုသိုလ်ဆိုတာ ယုတ်ညံ့တဲ့ အောက်တန်းစားဘဝ အခြေအနေမျိုးကို ရောက်စေတတ်တယ်၊ ကုသိုလ်ကတော့ မြင့်မြတ်တဲ့ အထက်တန်းစားဘဝ အခြေအနေမျိုးကို ရောက်စေတတ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက အဒိန္နာ- ဒါနာ ဝေရမဏီ၊ ခိုးမှုမှကြဉ်ရှောင်ခြင်းသည်။ ဥပရိဘာဂါယ၊ အထက်အဖို့ အလို့ငှါ။ ဟောတိ၊ ဖြစ်သည်–လို့ ဟောထားပါတယ်။

www.dhammaransi.com



လောကမှာ တရားမစောင့်တဲ့လူတွေက အခွင့်ရယင် ရသည့်အားလျော်စွာ သူတပါးဥစ္စာတွေကို လုယက် ခိုးယူပြီး ကြီးပွါးအောင် လုပ်တတ်ကြတယ်၊ အဆင့်အတန်းတက်ကြတဲ့ သဘောပါဘဲ။အဲဒီလို သူများတွေက လုယက် ခိုးယူပြီး မတရားသဖြင့် အဆင့်အတန်းတက်နေကြတဲ့ နေရာမှာ ငါတို့ကတော့ ခိုးယူမှုမှ ကြဉ်ရှောင်ပြီး အဆင့်အတန်းတက်မယ်–လို့ ဒီလိုလဲ အဓိဋ္ဌာန်ပြုပြီး ကျင့်ကြရမယ်။

## မခိုးမှုနှင့် ငြိမ်းစေမည်

ပရိနိဗ္ဗာနပါဠ ကျတော့ မြတ်စွာဘုရားက အဒိန္နာဒါနာ ဝေရမဏိ၊ ခိုးယူမှုမှ ကြဉ်ရှောင်ခြင်းသည်။ ပရိနိဗ္ဗာနာယ၊ ခိုးယူမှု ကိလေသာမီးကို အပြီးတိုင် ငြိမ်းစေခြင်းငှါ။ ဟောတိ၊ ဖြစ်သည်–လို့ ဟောထားပါတယ်။ ဒါကြောင့် ခိုးယူမှု ကိလေသာမီးကို မခိုးမှုနှင့် ငြိမ်းသတ်မည်–လို့ ဒီလိုလဲ အဓိဋ္ဌာန်ပြုပြီး ကျင့်ကြရမယ်။ ငါးဝါရလုံး စုံသွားပြီ၊ အဓိဋ္ဌာန် ဆောင်ပုဒ်ကို ဆိုကြစို့။

## (၃) အဓိဋ္ဌာန်ဆောင်ပုဒ်

> သူများတွေက ခိုးယူကြမည့်နေရာမှာ ငါတို့ကတော့ ခိုးယူမှုကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ ခိုးယူမှုကို မခိုးမှုနှင့် ရှောင်လွဲမည်၊ မခိုးမှုနှင့် အဆင့်အတန်းတက်မည်၊ ခိုးယူမှုကိလေသာမီးကို မခိုးမှုနှင့် ငြိမ်းသတ်မည်။

အဲဒီအဓိဋ္ဌာန်အတိုင်း ဆောက်တည်ပြီး ကျင့်ကြရမယ်။ ဒီနေရာမှာ တို့ဒကာ ဒကာမတွေကတော့ ဒီအဒိန္နာဒါန်သိက္ခာပုဒ်ကို ဆောက်တည်ပြီးကျင့်လာကြတာ ကြာပါပြီ။ ဒီတော့ ငါတို့ဆောက်တည်ပြီး ကျင့်လာကြတာဟာ မြတ်စွာဘုရား၏ ဩဝါဒတော်ဖြစ်တဲ့ ဒီသလ္လေခသုတ်နှင့် ညီညွတ်နေတာပါလားလို့ နှလုံးသွင်းပြီး တော့ ပြည့်စုံသည်ထက် ပြည့်စုံအောင် စင်ကြယ်သည်ထက် စင်ကြယ်အောင် စောင့်ရှောက်သွားကြဘို့ပါဘဲ။ ဒီလို ခိုးမှုက ကြဉ်ရှောင်တော့ ဘယ်လိုအကျိုး ရှိသလဲ၊ ခိုးမှုကိုကျူးလွန်တော့ ဘယ်လိုအပြစ်ရှိသလဲ ဆိုလို့ရှိယင် အင်္ဂုတ္တရပါဠိ တော်မှာ မြတ်စွာဘုရားက ဒီလို ဟောထားပါတယ်။

www.dhammaransi.com



# အပြစ်နှင့် အကျိုး

အဒိန္နာဒါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယ-သံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိဝိသယသံဝတ္တနိကံ၊ ယော သဗ္ဗလဟုသော အဒိန္နာဒါနဿ ဝိပါကော မနုဿဘူတဿ ဘောဂဗျသနသံဝတ္တနိကော ဟောတိ။ (အံ ၃၊၇၇)

ဘိက္ခဝေ၊ ရဟန်းတို့။ အဒိန္နာဒါနံ၊ လုယက်ခိုးယူခြင်းသည်။ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ၊ မှီဝဲ ပွါးများ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ နိရယသံဝတ္တနိကံ၊ ငရဲ၌ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိသံဝတ္တနိကံ၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကံ၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ယော သဗ္ဗလဟုသော အဒိန္နာဒါနဿ ဝိပါကော၊ ခိုးယူမှုကံ၏ အပေါ့ဆုံး အညံ့ဆုံးဖြစ်သော အကြင်အကျိုးသည် ရှိ၏။ သော၊ ထိုအညံ့ဆုံး အကျိုးသည်။ မနုဿဘူတဿ၊ လူ့လောက၌ လူဖြစ်နေစဉ်။ ဘောဂဗျသနသံဝတ္တနိကော၊ စီးပွါးဥစ္စာပျက်စီးခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏ – လို့ ဟောထားပါတယ်။

သူတပါးဥစ္စာကို လုယက်ခိုးယူတဲ့သူဟာ ငရဲလဲ ကျတတ်တယ်၊ နွား ကျွဲ မြင်း စသော တိရစ္ဆာန်လဲ ဖြစ်တတ်တယ်၊ မြန်မာပြည်မှာဘဲ မြို့တမြို့က လူကြီး တယောက်ဟာ အကြွေးပေးထားတဲ့ ငွေ ၄၀-ကို ရပြီးသားဖြစ်ပါလျက်နဲ့ မရသေးဘူးလို့ အတင်းငြင်းပြီးတော့ တဖန်ထပ်ပြီး ကြွေးအဆပ်ခိုင်းသတဲ့၊ အကြွေးဆပ်ပြီးသားဖြစ်လို့ရှိယင် သင့်အိမ်မှာ ငါ ကျွဲဖြစ်ပါစေလို့လဲ ကျိန်ဆိုသတဲ့။ အဲဒီတော့ ကြွေးယူသုံးတဲ့ ဆင်းရဲသားက ငွေ ၄၀-နောက်ထပ်ပေးလိုက်ရပါရောတဲ့၊ အဲဒီကနောက် ကျွဲဖြစ်ပါစေလို့ ကျိန်ဆိုပြီး အကြွေးတောင်းတဲ့ လူကြီးဟာ သေသွားတဲ့အခါ အကြွေး ၂-ခါဆပ်ရတဲ့ ဆင်းရဲသားအိမ်မှာ ကျွဲကလေးဖြစ်နေရှာပါသတဲ့။ အဲဒါ ဘယ်လိုနည်းနဲ့ သိရသလဲဆိုယင် အဲဒီ လူကြီးရဲ့ သမီးတွေက ခေါ်နေကျအမည်နဲ့ ခေါ်လိုက်ယင် ဒီကျွဲကလေးက လာသတဲ့၊ ဒါကြောင့် ဟုတ်လောက်တယ်လို့ အများက ယုံကြည်ယူဆကြတယ်။ အဲဒါဟာ ခိုးယူမှုကြောင့် တိရစ္ဆာန် ဖြစ်တတ်တယ်ဆိုရာမှာ ပစ္စုပ္ပန်ဝတ္ထုလို့ ဆိုသင့်ပါတယ်။ နောက်ပြီးတော့ လုယက်ခိုးယူသူမှာ အငတ်ငတ် အပြတ်ပြတ်နဲ့

www.dhammaransi.com



အလွန်ဆင်းရဲတဲ့ ပြိတ္တာလဲ ဖြစ်တတ်တယ်။ ကုသိုလ်ကံက ထောက်ပံ့လို့ လူဖြစ်လာတဲ့အခါမှာလဲ ရှာဖွေစုဆောင်းထားတဲ့ စီးပွါးဥစ္စာတွေ အကြီးအကျယ် ပျက်စီးတတ်ပါတယ်တဲ့။ အဲဒီပါဠိတော်ကို ဒီမှာအကျဉ်းချုပ်ဆောင်ပုဒ် စီထားတယ်။ ခိုးလုသူမှာ၊ ပါယ်လားကာ၊ ဥစ္စာပျက်ဆုံးပါး–တဲ့။ အဲဒါကို ဆိုကြရမယ်။

ခိုးလုသူမှာ၊ ပါယ်လားကာ၊ ဥစ္စာ ပျက်ဆုံးပါး။ (ဆို)

သူတပါးဥစ္စာကို ခိုးယူတဲ့သူ လုယက်တဲ့သူဟာ ငရဲ တိရစ္ဆာန် ပြိတ္တာဆိုတဲ့ အပါယ်ဘုံတွေ ကျရောက်တတ်တယ်၊ အဲဒီအပါယ်ဘဝမှ လွတ်လာတောင် လူဖြစ်တဲ့အခါ စီးပွါးဥစ္စာတွေ ပျက်စီးဆုံးပါးခြင်း ဘေးဆိုးနဲ့ တွေ့ကြုံရတတ်တယ်လို့ ဆိုလိုပါတယ်။ ခိုးယူမှုမှ ကြဉ်ရှောင်ခြင်း၏ အကျိုးကိုတော့ အဲဒီမကောင်းကျိုးမှ ပြောင်းပြန်လှန်ပြီး ယူရုံပါဘဲ၊ နတ်ပြည်လောကသို့ ရောက်တတ်တယ်၊ လူ့ဘဝရောက်လာပြန်လဲ ပစ္စည်းဥစ္စာပြည့်စုံတတ်တယ်၊ မပျက်မစီးခိုင်မြဲတတ်တယ်–လို့ ယူရုံပါဘဲ။ အဲဒါက ပါဠိတော်မှာ ဟောထားတဲ့ အပြစ်နဲ့ အကျိုးဘဲ။ ခုဒ္ဒကပါဌအဋ္ဌကထာ ဣတိဝုတ်အဋ္ဌကထာများမှာတော့ ခိုးယူမှုမှ ကြဉ်ရှောင်ခြင်း၏အကျိုးတွေကို ၁၁-ပါးအထိ ဖော်ပြထားပါတယ်။ ဒီမှာတော့ မှတ်ရလွယ်အောင်လို့ အကျဉ်းချုံးပြီး ဆောင်ပုဒ် ၂-ခုတည်း စီထားတယ်။

ဥစ္စာပေါသည်၊ ရ,ခိုင်တည်၊ ကင်းပြီ ရန်သူငါး။
ကြီးကဲဖြစ်ရ၊ အေးချမ်းစွ၊ အဒိန္နရှောင်ကျိုးများ–တဲ့။

အဲဒီမှာ မဟဒ္ဓနတာ-အရ ဥစ္စာပေါသည်–ဆိုတဲ့ အကျိုးထဲမှာ ပဟူတဓနဓညတာ–များသောဥစ္စာစပါးရှိခြင်းဆိုတဲ့ အကျိုးလဲ ပါဝင်တယ်၊ အနန္တဘောဂတာ–အပိုင်းအခြား အကန့်အသတ်မရှိတဲ့ အသုံးအဆောင်များရှိခြင်းဆိုတဲ့ အကျိုးလဲ ပါဝင်တယ်၊ နတ္ထိကဘာဝဿ အဇာနနတာ–မရှိဆိုတာကို မသိရခြင်းဆိုတဲ့ အကျိုးလဲ ပါဝင်တယ်။ ဒါက အကျိုးလေးပါး။ ရ,ခိုင်တည်ဆိုရာမှာ ရတာက အကျိုးတခု၊ ခိုင်မြဲတည်တံ့တာက အကျိုးတခု။ ရတယ်ဆိုတဲ့ အကျိုးထဲမှာ အနုပ္ပန္နဘောဂုပ္ပတ္တိတာ–မဖြစ်သေးတဲ့ စီးပွါးဥစ္စာ ဖြစ်ပေါ်ခြင်းဆိုတာလဲ ပါဝင်တယ်၊ ခိပ္ပပဋိလာဘိတာ–အလိုရှိတဲ့စီးပွါးဥစ္စာ အသုံးအဆောင်

www.dhammaransi.com



ကို လျင်မြန်စွာရခြင်း ဆိုတာလဲ ပါဝင်တယ်။ အဲဒါက အကျိုး ၂-ပါး။ ခိုင်တည် ဆိုတဲ့ အကျိုးကတော့ ဥပ္ပန္နဘောဂထာဝရတာ–ဖြစ်ပြီးသော စီးပွါးဥစ္စာ၏ ခိုင်မြဲခြင်းဆိုတဲ့ စကားအရပါဘဲ။ ကင်းပြီ ရန်သူငါးဆိုတာကတော့ ရန်သူမျိုး ငါးပါး ကင်းတယ်–လို့ ဆိုလိုပါတယ်။ အဲဒီအကျိုးထဲမှာ ရာဇစောရုဒကဂ္ဂိအပ္ပိ-ယဒါယာဒေဟိ အသာဓာရဏဘောဂတာ–မင်း ခိုးသူ ရေ မီး မလိုမုန်းထားတဲ့ အမွေခံတို့နှင့် မစပ်ဆိုင်တဲ့ ဥစ္စာရှိခြင်းဆိုတဲ့ အကျိုးလဲပါဝင်တယ်၊ အဲဒီမှာ မင်းဆိုတာ တရားစောင့်တဲ့မင်း, တရားမစောင့်တဲ့မင်းလို့ ဒီလို ၂-မျိုးရှိတယ်၊ တရားစောင့်တဲ့မင်းကြောင့်တော့ စီးပွါးဥစ္စာ မပျက်တတ်ဘူး၊ စီးပွါးဥစ္စာဖြစ်ဖို့ တိုးတက်ဖို့သာ ရှိပါတယ်၊ ဒါကြောင့် တရားမစောင့်တဲ့မင်းကိုသာ မင်းဘေးလို့ ဆိုလိုပါတယ်၊ အဲဒီလို တရားမစောင့်တဲ့မင်းကြောင့်လဲ စီးပွါးဥစ္စာ မပျက်နိုင်ဘူးတဲ့၊ အဲဒီလိုမင်းမျိုးနဲ့ မတွေ့ရလို့ဖြစ်စေ၊ တွေ့ရသော်လဲ တနည်းနည်းဖြင့်ဖြစ်စေ အဲဒီမင်းဘေးမှ ကင်းလွတ်တတ်ပါတယ်တဲ့။ စောရ-ခိုးသူဆိုရာမှာလဲ သူခိုးဓားမြနဲ့ မတွေ့ရလို့ဖြစ်စေ၊ တွေ့ရသော်လဲ တနည်းနည်းဖြင့်ဖြစ်စေ အဲဒီခိုးသူဘေးမှလဲ လွတ်တတ်တယ်။ ဥဒက–ရေဘေးဆိုတာကတော့ ရေလွှမ်းမိုးတတ်တဲ့ အရပ်မှာ ဆိုယင် လွတ်ဖို့ခက်ပါတယ်၊ ဒါကြောင့် မိမိပစ္စည်းထားတဲ့နေရာက မြင့်နေလို့ ဖြစ်စေ၊ ရေကာတာစသည် အခြားတနည်းနည်းဖြင့်ဖြစ်စေ အဲဒီရေဘေးမှ လွတ်တတ်တယ်လို့ယူရမှာဘဲ။ မီးဘေးဆိုတာကတော့ ကံကောင်းတဲ့သူမှာ သိသိ ကလေးနဲ့ ကပ်ပြီးတော့လဲ လွတ်တတ်ပါတယ်။ တချို့မှာ သားဆိုး အမွေခံဆိုး တွေကို အမွေမပေးချင်ဘဲနဲ့ ခွဲပေးရလို့ စီးပွါးဥစ္စာ ဆုံးပါးတတ်တယ်၊ အဒိန္န ဒါန်မှ ကြဉ်ရှောင်တဲ့သူမှာတော့ အဲဒီလို အမွေခံဆိုးကြောင့်လဲ စီးပွါးဥစ္စာ ပျက်စီးခြင်း မရှိပါဘူးတဲ့၊ ဒါကြောင့် ရန်သူမျိုးငါးပါးကင်းတယ်လို့ ဆိုထားပါ တယ်။ နောက်ပြီးတော့ ရန်သူမျိုးငါးပါး ကင်းတယ်ဆိုယင် အသာဓာရဏနေ-ပဋ္ဌိလာဘိတာ–သူတပါးနှင့် မစပ်ဆိုင်သောဥစ္စာကို ရခြင်းဆိုတဲ့ အကျိုးလဲ အတွင်းဝင်တော့တာဘဲ။ ဒါကြောင့် ကင်းပြီ ရန်သူငါးဆိုတဲ့ပုဒ်က အကျိုး ၂-ပါး။ အားလုံးပေါင်းလိုက်ယင် ဒီပဌမအပိုဒ်မှာ အကျိုးတရား ၆-ပါး ပါဝင် တယ်။ ကဲ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ဥစ္စာပေါသည်၊ ရ,ခိုင်တည်၊ ကင်းပြီ ရန်သူငါး။ (ဆို)

www.dhammaransi.com



ဒုတိယအပိုဒ်မှာ လောကုတ္တမတာ– လောက၌ အကြီးအကဲ အမြင့်အမြတ် ဖြစ်ရခြင်းဆိုတာကို ကြီးကဲ ဖြစ်ရ-လို့ စီထားတယ်၊ အကြီးအကဲဆိုတာ မင်းတို့ ဝန်ကြီးတို့ အမတ်ကြီးတို့ အရာရှိကြီးတို့ ဒီလိုပုဂ္ဂိုလ်တွေပေါ့၊ ဒါကတော့ ထင်ရှားပါတယ်။ နောက်ပြီးတော့ သုခဝိဟာရိတာ– ချမ်းသာစွာ နေရခြင်းဆိုတာကို အေးချမ်းစွ-လို့ စီထားပါတယ်၊ ဘေးရန်အန္တရာယ် အနှောင့်အယှက်မရှိဘဲ ကိုယ်စိတ်မဆင်းရဲရဘဲ အေးချမ်းစွာနေရတယ်လို့ ဆိုလိုပါတယ်၊ ဒီအကျိုးကလဲ အလွန်အရေးကြီးပါတယ်။ ဒီဒုတိယအပိုဒ်ကတော့ ဒီအကျိုး ၂-ပါးပါဘဲ၊ ပဌမအပိုဒ်က အကျိုး ၉-ပါးနှင့် ပေါင်းလိုက်ယင် အဋ္ဌကထာမှာ ပြဆိုထားတဲ့ အကျိုး ၁၁-ပါး ဖြစ်ပါတယ်။ အကျဉ်းချုပ်ဆိုယင်တော့ (၁) ဉစ္စာပေါခြင်း၊ (၂) စီးပွါးဉစ္စာကို ရခြင်း၊ (၃) စီးပွါးဉစ္စာမပျက်စီးဘဲ ခိုင်မြဲတည်တံ့ခြင်း၊ (၄) ရန်သူမျိုးငါးပါးကင်းခြင်း၊ (၅) အကြီးအကဲဖြစ်ရခြင်း၊ (၆) အေးချမ်းစွာနေရခြင်းဆိုတဲ့ ဒီအကျိုး ၆-ပါးပါဘဲ။ အဲဒီအကျိုးတွေဟာ အဒိန္နဒါန်မှ ကြဉ်ရှောင်ခြင်း၏ အကျိုးတွေဖြစ်တယ်။ ဒါကြောင့် ကြီးကဲဖြစ်ရ၊ အေးချမ်းစွ၊ အဒိန္နရှောင်ကျိုးများလို့ ဆိုထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

ကြီးကဲဖြစ်ရ၊ အေးချမ်းစွ၊ အဒိန္န ရှောင်ကျိုးများ။ (ဆို)

အဲဒါတွေဟာ ခိုးယူမှုမှ ကြဉ်ရှောင်ခြင်းရဲ့ အကျိုးတွေဘဲ၊ ခိုးယူမှုရဲ့ အပြစ်တွေကိုတော့ ပြောင်းပြန်လှန်ပြီး ယူရုံပါဘဲ၊ (၁) ပစ္စည်းဉစ္စာမရှိဘဲ မွဲပြာကျနေခြင်း၊ (၂) ဘယ်လိုပင်အားထုတ်၍ ရှာသော်လဲ အလိုရှိတဲ့စီးပွါးဉစ္စာ အသုံးအဆောင်များကို မရဘဲ ဝတ်တော်ပြတ်ပြတ် ဖြစ်နေခြင်း၊ (၃) ရထားတဲ့စီးပွါးဉစ္စာတွေ ပျက်စီးသွားခြင်း၊ (၄) မင်း ခိုးသူစသော ရန်သူမျိုးငါးပါးကြောင့် ပျက်စီးရခြင်း၊ (၅) အောက်ကျနောက်ကျ လူရာမဝင်ခြင်း၊ (၆) ဆင်းရဲပင်ပန်းစွာ အသက်မွေး နေထိုင်ရခြင်းဆိုတာတွေဟာ ခိုးယူ လုယက်မှုရဲ့ မကောင်းကျိုးအပြစ်တွေဘဲလို့ ယူရမယ်။

## အဆင့်အတန်း တက်ရအောင်

ဒီတော့ လူတိုင်း လူတိုင်း အောက်တန်းမကျချင်ယင် ကြီးပွါးချမ်းသာချင်ယင် ခိုးယူမှုမှ ကြဉ်ရှောင်သင့်ပါတယ်၊ ခိုးယူမှုမှ ကြဉ်ရှောင်တဲ့အကျင့်နဲ့

www.dhammaransi.com



အဆင့်အတန်းတိုးတက်အောင် ကြိုးပွါးချမ်းသာအောင် အားထုတ်သင့်ပါတယ်၊ ဒါသာမဟုတ်သေးဘူး၊ ဒီသလ္လေခသုတ်မှာ ဟောထားတဲ့ ညှဉ်းဆဲခြင်း သတ်ခြင်း အစရှိတဲ့ ကြွင်းသော အကုသိုလ် ၄၃-ပါးကိုလဲ ပယ်ပြီးတော့ အဆင့်အတန်း တက်အောင် ကြိုးပွါးချမ်းသာအောင် အားထုတ်သင့်တယ်။ သီလနှင့်ဆိုင်တဲ့ အကုသိုလ်ဆိုယင် ဆောက်တည်ပြီးတော့ သမာဒါနဝိရတီဖြင့် ပယ်ရမယ်၊ ဝိပဿနာအလုပ်ကို အားထုတ်ပြီး သမုစ္ဆေဒဝိရတီဖြင့် ပယ်နိုင်အောင်လဲ ကြိုးစားရမယ်။ သီလနှင့်မဆိုင်တဲ့ အကုသိုလ်တွေကိုတော့ ယောနိသော မနသိကာရဖြင့်လဲ သင့်လျော်စွာ နှလုံးသွင်းဆင်ခြင်ပြီးတော့လဲ ပယ်ရမယ်၊ ဝိပဿနာရှုပြီးတော့လဲ ပယ်ရမယ်၊ နောက်ဆုံး အရိယာမဂ်ဉာဏ်ဖြင့်လဲ ပယ်ရမယ်။ အဲဒီအကုသိုလ် ၄၄-ပါးထဲက တချို့အကုသိုလ်တွေကို သောတာပတ္တိမဂ်ဖြင့် အကြွင်းမဲ့ ပယ်နိုင်တယ်၊ တချို့ကိုတော့ အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ ပယ်နိုင်တယ်၊ တချို့ကိုတော့ အရဟတ္တမဂ်နဲ့မှ အကြွင်းမဲ့ ပယ်နိုင်တယ်။ အဲဒီ ရောက်အောင် အားထုတ်ရမှာ။

## ကိလေသာကိန်းပုံနှင့် ငြိမ်းပုံ

ယခု ဒီသာသနာ့ရိပ်သာမှာ အားထုတ်နေကြရဘာဟာ အဲဒီ မဂ်ဖိုလ်ဘုရားတွေရောက်အောင်လို့ အားထုတ်နေကြရတာဘဲ၊ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်း စိတ်ကူးစဉ်းစား ကြံစည်တိုင်း ရှုမှတ်ပြီးသိနေကြရတာဟာ အဲဒီ အကုသိုလ် ကိလေသာတွေကို ပယ်နိုင်အောင်လို့ ရှုမှတ်နေကြရတာဘဲ။ မရှုမမှတ်ပဲနေယင် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း အကုသိုလ်ကိလေသာတွေက ဖြစ်နိုင်တယ်၊ မြင်ဆဲ ကြားဆဲ စသည်မှာ မဖြစ်တောင်မှ နောင်ပြန်လည် စဉ်းစားမိတဲ့အခါ အဲဒီ အကုသိုလ် ကိလေသာတွေက ဖြစ်နိုင်သေးတာဘဲ၊ အဲဒီလို ဖြစ်နိုင်တာကို အနုသယကိလေသာ ကိန်းတယ်လို့ ဆိုရတယ်။ အဲဒီလို ကိန်းပြီး ဖြစ်နိုင်တဲ့အတွက် အဲဒီ မြင်ခဲ့တာ ကြားခဲ့တာ စသည်ကို ပြန်လည်စဉ်းစားပြီးတော့ ညှဉ်းဆဲလိုတဲ့စိတ် သတ်လိုတဲ့ စိတ် ခိုးလိုတဲ့စိတ် စသည်တွေ ဖြစ်လာနိုင်တယ်၊ အဲဒီစိတ်တွေက အားကောင်း လာတဲ့အခါမှာ ညှဉ်းဆဲမှု သတ်မှု ခိုးမှု စသည်တွေ ဖြစ်သွားတာဘဲ။

www.dhammaransi.com



မြင်တိုင်း ကြားတိုင်း စသည်မှာ မပြတ်ရှုမှတ်နေယင်တော့ သမာဓိဉာဏ် ရင့်တဲ့အခါမှာ မှတ်တိုင်း မှတ်တိုင်း ရုပ်နာမ် ၂-ပါးမျှကိုသာ တွေ့ရတယ်၊ ခဏ မစဲ ဖြစ်ပျက်နေတာကိုသာ တွေ့ရတယ်၊ အဲဒီတော့ ဖြစ်ပေါ်ပြီး ပျောက်ပျက် သွားလို့ မမြဲဘူးလို့လဲ သိရတယ်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ဆင်းရဲချည်းဘဲလို့လဲ သိရတယ်၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားမျှဘဲလို့လဲ သိရ တယ်။ အဲဒီလို သိရတဲ့အတွက် အဲဒီ မြင်မှုကြားမှု စသည်တွေနှင့်စပ်ပြီး လောဘလဲ မဖြစ်နိုင်ဘူး၊ ဒေါသလဲ မဖြစ်နိုင်ဘူး၊ မောဟလဲ မဖြစ်နိုင်ဘူး။ ဒါကြောင့် ညှဉ်းဆဲလိုတဲ့စိတ် သတ်လိုတဲ့စိတ် ခိုးလိုတဲ့စိတ် အစရှိတဲ့ အကုသိုလ်စိတ်တွေလဲ မဖြစ်နိုင်တော့ဘူး၊ အဲဒီလို အကုသိုလ်တရားတွေ အကုန်ငြိမ်းတယ်၊ အဲဒါဟာ မှတ်တိုင်းမှတ်တိုင်း တမှတ်တမှတ် တခါတခါ ငြိမ်းတယ်၊ ဒါကြောင့် တဒင်္ဂပဟာန် ဖြင့် ငြိမ်းတယ်လို့ ဆိုရတယ်။

အဲဒီလို ဝိပဿနာက မှတ်တိုင်း မှတ်တိုင်း တဒင်္ဂပဟာန်ဖြင့် ငြိမ်းစေပြီးတော့ အဲဒီ ဝိပဿနာ ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယာမဂ်သို့ ရောက်စေတယ်၊ ရှေးဦးစွာ သောတာပတ္တိမဂ်ရောက်ယင် ဒိဋ္ဌိ ဝိစိကိစ္ဆာနှင့်တကွ သတ်မှုခိုးမှု အစ ရှိတဲ့ အပါယ်လားကြောင်း ဒုစရိုက်အကုသိုလ်တွေ အကုန်လုံးငြိမ်းတယ်၊ အဲဒီက နောက် သကဒါဂါမိမဂ် ရောက်တဲ့အခါ ကြမ်းတမ်းတဲ့ ကာမရာဂ ဗျာပါဒနှင့် စပ် ဆိုင်တဲ့ အကုသိုလ်တွေ အကုန်ငြိမ်းတယ်၊ အဲဒီကနောက် အနာဂါမိမဂ်ရောက်တဲ့ အခါ သိမ်မွေ့တဲ့ ကာမရာဂ ဗျာပါဒနှင့် စပ်ဆိုင်တဲ့ အကုသိုလ်တွေ အကုန်ငြိမ်း တယ်၊ နောက်ဆုံး အရဟတ္တမဂ် ရောက်တဲ့အခါကျတော့ ဘဝရာဂ မာန အဝိဇ္ဇာ နှင့် စပ်ဆိုင်တဲ့ အကုသိုလ်တွေ အကုန်ငြိမ်းတယ်၊ အဲဒီလိုငြိမ်းအောင်လို့ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်း ဖောင်းတိုင်း ပိန်တိုင်း စိတ်ကူးစဉ်းစားကြံသိတိုင်း ရှုမှတ်နေကြရတာဘဲ။ အဲဒါဟာ ဒီသလ္လေခသုတ်နှင့်အညီ ကျင့်နေကြတာပါဘဲ။

## ရှုမှတ်တာလဲ သလ္လေခအကျင့်ဘဲ

တချို့က သလ္လေခသုတ်နှင့် ရှုမှတ်တာ ဘာဆိုင်သလဲလို့ မေးချင်ကောင်း မေးချင်ကြလိမ့်မည်၊ နားမလည်ယင်တော့ မဆိုင်ပေဘူး၊ နားလည်ယင်တော့

www.dhammaransi.com



ဆိုင်ပါတယ်၊ အံကျကိုက်နေပါတယ်၊ မှတ်တိုင်း မှတ်တိုင်း သလ္လေခ အကျင့်ကို အမြင့်အမြတ်ဆုံး ကျင့်နေသည် မည်ပါတယ်။ ဒါကြောင့် ရှုမှတ်ခြင်းမရှိတဲ့ သူတပါးတွေက မြင်မှု ကြားမှု စသည်နှင့်စပ်ပြီး ညှဉ်းဆဲခြင်း သတ်ခြင်း ခိုးယူခြင်း စသည်ကို ပြုလုပ်ကြမည့်နေရာမှာ ငါတို့ကတော့ မြင်တိုင်း ကြားတိုင်း စသည်မှာ မပြတ်ရှုမှတ်ပြီးတော့ ညှဉ်းဆဲမှုအစရှိတဲ့ အဲဒီ အကုသိုလ်တွေကို ကင်းစေမည် – လို့ ဒီလိုလဲ အဓိဋ္ဌာန်ပြုပြီး ရှုမှတ်ကျင့်သုံးနိုင်ပါတယ်။

## ရှုမှတ်ယင် အဆင့်အတန်းတက်တယ်

မရှုမမှတ်ပဲနေယင် ဖြစ်နိုင်တဲ့အကုသိုလ်တွေကို လက်ခံနေရာရောက်ပါတယ်။ ဒါကြောင့် ညှဉ်းဆဲမှု သတ်မှု ခိုးမှု စသော လမ်းဆိုးကို သွားနေရာလဲ ရောက်ပါတယ်။ ရှုမှတ်နေယင်တော့ အဲဒီ လမ်းဆိုးကို ရှောင်လွှဲပြီး ဖြစ်နေပါတယ်။ နောက်ပြီးတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဆင့်အတန်းလဲ တက်နေပါတယ်။ ဘယ်လိုလဲဆိုယင် မူလကမြင်ဆဲကြားဆဲ စသည်မှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ဘာမျှမသိသေးတဲ့ အန္ဓပုထုဇဉ်အဆင့်မှာ ရှိနေပါတယ်၊ ရှုမှတ်လိုက်တဲ့ အခါကျတော့ မဖြစ်ဘူးသေးတဲ့ စိတ်တည်ကြည်မှု သမာဓိလဲ ဖြစ်လာတယ်၊ မဖြစ်ဘူးသေးတဲ့ ကိုယ်တိုင်တွေ့ အသိဉာဏ်တွေလဲ ဖြစ်လာတယ်၊ မှတ်တိုင်း မှတ်တိုင်း သိစရာရုပ်နဲ့သိတဲ့နာမ်တရား ဒီ ၂-မျိုးသာ ရှိတယ်လို့လဲ သိလာတယ်၊ အဲဒါဟာ ပဌမဆုံးအဆင့်ဘဲ။ နောက်ပြီးတော့ အကြောင်းနဲ့အကျိုး ဒီ ၂-မျိုးသာ ရှိတယ်လို့လဲ သိလာတယ်၊ အဲဒါက ဒုတိယအဆင့်ဘဲ။ နောက်ပြီးတော့ အဖြစ် အပျက် အနိစ္စ ဒုက္ခ အနတ္တသဘောတွေကိုလဲ လက်နဲ့ကိုင်ကြည့်ရသလို သေသေချာချာ သိတဲ့ ဥဒယဗ္ဗယဉာဏ် စသည်လဲ အဆင့်ဆင့် ဖြစ်လာတယ်။

အဲဒါဟာ အားထုတ်တဲ့ယောဂီပုဂ္ဂိုလ်တွေကိုယ်တိုင် ထုတ်ဖော်ပြီး ဝန်ခံကြတဲ့ သိပုံတွေပါဘဲ၊ အထူးအသိရှင်းတဲ့ အမျိုးသားယောဂီတွေကလဲ ပြောကြတယ်၊ အမျိုးသမီးယောဂီတွေကလဲ ပြောကြတယ်။ ဒီကနေ့နံနက်ကဘဲ ဒုလ္လဘတပါးက ပြောသွားသေးတယ်၊ သူဟာ အစက တရားသဘောကို ဘာမျှမသိဘူးတဲ့၊ ယခုမှ တရားသဘောတွေကို သိပြီးတော့ သာသနာကို ကြည်ညိုတတ်ပါတယ်တဲ့။ ဟုတ်တယ် တရားအားမထုတ်ရသေးယင် တရားအကြောင်း သာသနာအကြောင်းကို

www.dhammaransi.com



ကောင်းကောင်း မသိဘူး၊ မိရိုးဖလာအနေနဲ့သာ ယုံကြည်နေရတာ၊ ဆရာသမားတွေက ဟောပြပေမယ်လို့ တယ်မထူးဘူးလို့အောက်မေ့ပြီး စိတ်မဝင်စားဘဲ ရှိနေတတ်တယ်။ ကိုယ်တိုင် ရှုမှတ်အားထုတ်ကြည့်တော့မှ ရှေးက မသိဘူးသေးတာတွေကို သိလာတယ်၊ ခုတင်ကပြောခဲ့တဲ့အတိုင်း ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေဆိုတာကို သိလာတယ်၊ အဲဒါဟာ အဆင့်အတန်းတွေ တက်လာတာဘဲ။

တချို့က ယောဂီပုဂ္ဂိုလ်တွေ သိပုံကို ဘုန်းကြီးက ထုတ်ဖော် ပြောပြ နေပေမယ်လို့ မနာတတ်ကြဘူး၊ နားမလည်ကြဘူး၊ ဘာတွေပြောနေမှန်း မသိကြဘူး။ ဘာမှ မမှတ်နိုင်ကြဘူးတဲ့။ဟုတ်မှာဘဲ၊ သူတို့မှာ ကိုယ်တိုင်မှတ်သိထားတဲ့အခံက မရှိတော့ နားမလည်ကြပေဘူး၊ မမှတ်မိဘဲလဲ ရှိကြပေလိမ့်မယ်။ မမှတ်မိကြတဲ့အတွက် ဘုန်းကြီးဟောတဲ့တရားကို ဘာမှ မကောင်းဘူးလို့တောင် ပြောသွားကြသေးသတဲ့။ အင်း–ပြောကြပေမှာဘဲ၊ ဘုန်းကြီးက သူတို့နားလည်နိုင်မည့် တရားကိုမှ မဟောဘဲဟာကိုး။ ဒါပေမဲ့ တရားအားထုတ်ထားတဲ့ ယောဂီတွေကတော့ ဘုန်းကြီးဟောတာကို နားလည်ကြပါတယ်၊ သူတို့ကတော့ ဒီလိုတရားမျိုးကိုမှ နာချင်တယ်။ ဒီပြင်တရားတွေကိုနာရယင် သူတို့မှာ အားမရဘဲလဲ ရှိနေတတ်တယ်။ စာပေကျမ်းဂန်နဲ့ ဥပမာ ဥပမေယျတွေနဲ့ အကျယ်တဝင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ဟောတဲ့တရားပေမယ်လို့ လုပ်ငန်းစဉ်မပါယင် ကျဲတယ်လို့ သူတို့က ပြောတတ်ကြတယ်။ ဘာကြောင့် ဒီလိုပြောကြသလဲဆိုယင် ဒေသနာနည်းအရဆိုတော့ ရုပ်နာမ်မျှရှိတယ် ဆိုတာကိုတောင် အသေးစိတ် အကျယ် ဝေဘန်ပြီး ဟောနေရတယ်၊ အနိစ္စအကြောင်းကို ပြောယင်လဲ ဥပမာတွေနဲ့ အကျယ်ဝေဘန်ပြီး ပြောနေရတယ်၊ ရှုမှတ်တဲ့ယောဂီမှာတော့ တချက်မှတ် တချက်မှတ် အတွင်းမှာဘဲ ရုပ်နဲ့နာမ်ကိုလဲ ခွဲခြားပြီးသိတယ်၊ ရှုမှတ်နေဆဲမှာဘဲ ပျောက်ပျောက်သွားလို့ မမြဲဘူးဆိုတာကိုလဲ ရှင်းရှင်းလင်းလင်း သိရတယ်။ အဲဒါဟာ တကြိမ်တခါမျှ မဟုတ်ဘူး၊ မှတ်ချက်တိုင်း မှတ်ချက်တိုင်းမှာ သိသိသွားတာ။ ဒီလို ကိုယ်ထဲက တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို အသေးစိတ်ပြီး သိနေကြတဲ့အတွက် ယောဂီတွေက လုပ်ငန်းစဉ်မပါတဲ့ တရားကို ကျဲတယ်လို့ ပြောကြတာပါဘဲ။အဲဒီလို ရှုမှတ်ပြီး ကိုယ်တွေ့သိထားတဲ့ပုဂ္ဂိုလ်တွေကတော့ ဘုန်းကြီးတို့

www.dhammaransi.com



ဟောတဲ့တရားကို သူတို့ကိုယ်တွေ့နဲ့ တိုက်ဆိုင်ပြီး သဘောကျကြပါတယ်။ အဲဒါဟာ အဆင့်အတန်းတက်လာတာဘဲ။

မရှုမမှတ်ရသေးခင်ကတော့ သူတို့လဲ သူများလိုဘဲ ဘာမှမသိကြသေးဘူး၊ ရှုမှတ်လိုက်တော့ ရုပ်နာမ်သဘောတရားတွေ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ သဘောတရားတွေကိုသိပြီး ဥဒယဗ္ဗယဉာဏ်အစရှိတဲ့ ဝိပဿနာဉာဏ် အဆင့်အတန်းကို ရောက်လာတယ်၊ အဲဒီဝိပဿနာဉာဏ်တွေထဲက ဥဒယဗ္ဗယဉာဏ်ဆိုတာ အင်မတန် ထူးခြားပါတယ်၊ အမှတ်သတိကလဲ လျင်မြန်တယ်၊ အသိဉာဏ်ကလဲ အလွန်ထက်မြက်တယ်၊ မမှတ်နိုင်တာ မသိနိုင်တာ မရှိတော့ဘူးလို့တောင် ထင်ရတယ်၊ အရောင်အလင်းတွေကလဲ ပေါ်နေကြတယ်၊ ဝမ်းမြောက်တက်ကြွတဲ့ ပီတိကလဲ အလွန်အကဲ ဖြစ်နေတယ်၊ စိတ်ကလဲ အလွန်ကြည်လင်ပြီး အလွန်ချမ်းသာနေတယ်၊ အဲဒီအခါမှာ ဘယ်လိုကောင်းမှန်းမသိအောင် ကောင်းနေတတ်ပါတယ်၊ ဒါကြောင့် အဲဒီလိုချမ်းသာပြီး ကောင်းနေတာကို (အမာနုသီရတိ) သာမန်လူတို့ မတွေ့ရဘူးတဲ့ပျော်မွေ့ခြင်းဖြစ်တယ်လို့ မြတ်စွာဘုရားက ချီးကျူးထားပေတာဘဲ။ ဒါပေမဲ့ အဲဒီအကောင်းတွေကိုလဲ ရှုမှတ်ပြီး ပယ်သွားရတယ်။ အဲဒီလို ရှုမှတ်ပြီးပယ်လိုက်တော့ ဘင်္ဂဉာဏ်ဆိုတဲ့အဆင့်ကို ရောက်သွားတယ်၊ အဲဒီဉာဏ်ကျတော့ မှတ်ရတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော မှက်ရင်းမှတ်ရင်း ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ လက် ခြေ ခေါင်း ကိုယ် အစရှိတဲ့ ပုံသဏ္ဌာန်အလည်ဒြဗ်ရယ်လို့ မတွေ့ရတော့ဘဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ ဒါကြောင့် မမြဲဘူး-လို့ သိတဲ့ဉာဏ်ဟာ ပိုပြီး ရှင်းလာတယ်၊ ဒုက္ခ အနတ္တအသိဉာဏ်တွေလဲ ပိုပြီး ရှင်းလာတယ်။

အဲဒီကနောက် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ်ဆိုတာတွေလဲ အစဉ်အတိုင်းဖြစ်ပြီးတော့ သင်္ခါရုပေက္ခာဉာဏ်ဆိုတဲ့ အလွန်သိမ်မွေ့တဲ့ဉာဏ်ကို ရောက်လာတယ်၊ အဲဒီဉာဏ်ကတော့ အလွန်ကောင်းပါဘယ်၊ ရှုမှတ်စရာအာရုံကလဲ တခုပြီးတခု သူ့အလိုလို ပေါ်နေတယ်၊ အမှတ်အသိကလဲ အထူးကြောင့်ကြမစိုက်ရဘဲ သူ့အလိုလို သိသိသွားနေတယ်၊ တနာရီ ၂-နာရီစသည် ကြာအောင်လဲ အရှိန်မပျက်ပဲ သွားနေတယ်၊ နှစ်သက် ဝမ်းမြောက်မှုလဲ မရှိဘူး၊ စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှုလဲ မရှိဘူး၊ အင်မတန်ကို

www.dhammaransi.com



ကောင်းပါတယ်။ အဲဒါလဲ အဆင့်အတန်း တက်လာတာပါဘဲ။ အဲဒီကနောက် အထူးထက်သန်တဲ့ အနုလောမဉာဏ် ဖြစ်ပြီးတော့ ဖြစ်ပျက်တဲ့ ရုပ်နာမ်သင်္ခါရ ဆင်းရဲတွေ ချုပ်ငြိမ်းတဲ့သဘောကို တွေ့မြင်တဲ့ အရိယာမဂ်ဖိုလ်ဉာဏ် ဖြစ်ပေါ်လာတယ်၊ အဲဒါဟာ သောတာပန်ဆိုတဲ့ အရိယာဘုံအဆင့်ကို ရောက်သွားတာပါဘဲ။ ဥပမာအားဖြင့် တောင်ပေါ်တက်ရာမှာ တဆင့်ထက်တဆင့် မြင့်မြင့်ပြီး တောင်ထိပ်ပေါ် ရောက်သွားသလိုပါဘဲ။

အဲဒီကနောက် ဆက်ပြီးရှုမှတ်နေယင် သကဒါဂါမ်အဆင့်၊ အနာဂါမ်အဆင့်၊ ရဟန္တာအဆင့်တွေကိုလဲ ရောက်သွားနိုင်ပါတယ်။ အဲဒီ ရဟန္တာအဆင့်ဆိုတာကတော့ အမြင့်ဆုံးတောင်ထိပ်ကြီးနဲ့ တူပါတယ်။ ယခုပြောခဲ့တဲ့ ဝိပဿနာဉာဏ်အဆင့်ဆင့်နဲ့ အရိယာမဂ်ဉာဏ် အဆင့်တွေဆိုတာ ဒွါရ ၆-ပါးက မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်တွေကို ရှုမှတ်ပါမှ ရောက်နိုင်တာ။ ဒါကြောင့် ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုမှတ်တဲ့ ဝိပဿနာအလုပ်နဲ့ အဆင့်အတန်း တက်မယ်လို့ ဒီလို ဆောက်တည်ပြီး အကုသိုလ် ကိလေသာတွေကို ပယ်ကြရမယ်။

ယခုပြောခဲ့တဲ့ အဆင့်အတန်းတွေထဲမှာ သောတာပန်အဆင့်အတန်း ရောက်ယင် ပါဏာတိပါတ အဒိန္နဒါန် အစရှိတဲ့ အပါယ်လားကြောင်း ဒုစရိုက်အကုသိုလ်တွေကို ပယ်ပြီးသား ဖြစ်သွားပါပြီ။ ဒါကြောင့် ယခုဟောနေတဲ့ အဒိန္နဒါန် ဒုစရိုက်အကုသိုလ်ကို အမြစ်ပြတ် ပယ်နိုင်အောင် အောက်ထစ်ဆုံးအားဖြင့် သောတာပတ္တိမဂ်ဖိုလ်ဉာဏ်အဆင့်ရောက်အောင် အားထုတ်ကြဘို့ လိုပါတယ်။ စွမ်းနိုင်သေးယင်တော့ အရဟတ္တမဂ်ဖိုလ်အဆင့်ရောက်အောင် အားထုတ်သွားကြဘို့ပါဘဲ။ ၄-နာရီတီးသွားပြီ၊ ဒီကနေ့ ဒီတွင်ရပ်ပြီး တရားသိမ်းကြစို့၊ အမျှဝေပြီး တရားသိမ်းကြရမယ်၊ လိုက်ဆိုကြ။

**အမျှဝေ တရားသိမ်း နိဂုံးချုပ်**

ယနေ့အဖို့ဌ ကျနုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ်။ပ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ်တရားတော် တတိယပိုင်း ဤတွင် ပြီး၏။

www.dhammaransi.com

## သလ္လေခသုတ်တရားတော်ကြီး

# စတုတ္ထပိုင်း

### ၁၃၃၂-ခုနှစ်၊ နယုန်လပြည့်နေ့ ဟောသည်။

### မဟာသမယနေ့

ဒီကနေ့ ၁၃၃၂-ခု နယုန်လပြည့်နေ့ ဖြစ်တယ်၊ ဒီနေ့မှာ မြတ်စွာဘုရားက မဟာသမယသုတ်ကို ဟောတော်မူတဲ့အတွက် ဒီနေ့ကို ဗုဒ္ဓသာသနာဝင်တွေက မဟာသမယနေ့လို့ အသိအမှတ်ပြုပြီး ပူဇော်ပွဲတွေ အရပ်ရပ်မှာ ကျင်းပကြပါတယ်။

မဟာသမယသုတ်ကို ဟောတော်မူပုံကတော့ သာကီဝင်မင်းမျိုးက ဖြစ်လာကြတဲ့ ရဟန်းတော်ငါးရာဟာ ဒီနေ့မှာဘဲ မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းယူပြီး ကပိလဝတ်ပြည်အနီးက မဟာဝုန်တောကြီးထဲမှာ အသီးအသီး နေရာယူပြီး တရား အားထုတ်နေကြတယ်၊ အဲဒီလို အားထုတ်ပြီး ဒီနေ့မှာဘဲ ရဟန္တာ ဖြစ်တော်မူကြတယ်၊ပဌမဆုံး ရဟန္တာဖြစ်တဲ့ရဟန်းက မိမိ၏ရဟန္တာဖြစ်ပုံ ရဟန်းကိစ္စပြီးပုံကို မြတ်စွာဘုရားထံ လျှောက်ထားဘို့ လာတယ်၊ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးတော့ မိမိရဟန္တာဖြစ်ကြောင်းလျှောက်မယ်ကြံပြီး နောက်ကို လှည့်ကြည့်လိုက်တဲ့အခါ အခြားရဟန်းတပါးက လာနေတာနဲ့ မလျှောက်ရဘူး၊ အဲဒီနောက်လာတဲ့ ရဟန်းကလဲ လှည့်ကြည့်လိုက်တဲ့အခါ အခြားရဟန်းတပါးက လာနေပြန်လို့ မလျှောက်ရဘူး၊ ဒီနည်းဖြင့် တပါးပြီးတပါး မြတ်စွာဘုရားထံ အဆက်မပြတ် ရောက်လာကြတာဟာ ရဟန်းငါးရာလုံး အကုန်စုံပါရောတဲ့၊ ဒါကြောင့် မိမိတို့ ရဟန္တာဖြစ်တဲ့အကြောင်း မလျှောက်ကြရတော့ဘူးတဲ့။ ဘာကြောင့် မလျှောက်ကြသလဲဆိုယင် မိမိတို့ဂုဏ်ကို သူများမသိစေချင်တဲ့ အပ္ပိစ္ဆတာခေါ် အလိုနည်းတဲ့အတွက်ကြောင့်ပါဘဲ။

www.dhammaransi.com



ရဟန္တာအစစ်ဆိုယင် မိမိရထားတဲ့တရားကို သူတပါးအား ရစေချင်တယ်၊ မိမိလိုဘဲ အခြားသူတွေကိုလဲ ရဟန္တာဖြစ်စေလိုတဲ့ဆန္ဒ ထက်သန်စွာ ရှိပါတယ်၊ ဒါပေမဲ့ ရဟန္တာဆိုတဲ့ မိမိရဲ့ဂုဏ်ကိုတော့ သူတပါးအား မသိစေချင်ဘူး၊ လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ထားတယ်၊ ရဟန်းမဟုတ်တဲ့ အခြားသူများကိုဆိုယင် လုံးလုံး ပြောကြားလေ့ မရှိဘူး၊ ရဟန်းပုဂ္ဂိုလ်က မရှောင်မလွဲသာအောင် အတင်း အကြပ်မေးယင်တော့ တခါတရံ ပြောကြားဘတ်ပါတယ်၊ ဒါတောင် တိုက်ရိုက် မဟုတ်ပဲ ပရိယာယ်နဲ့ ပြောတာလဲ ရှိပါတယ်။ တခါက ရဟန္တာမထေရ်ကြီး တပါးရဲ့နောက်က သပိတ်သက်န်းများကိုယူပြီး ဝတ်ကြီးဝတ်ငယ်များကို ပြုနေတဲ့ တောထွက် ရဟန်းကြီးက "အရိယာပုဂ္ဂိုလ်ဆိုတာ ဘယ်လို နေပါသလဲ"လို့ မထေရ်ကြီးကို မေးလျှောက်တယ်။ ဒီတော့ ရဟန္တာမထေရ်ကြီးက "ဦးပဥ္ဇင်းကြီး အရိယာပုဂ္ဂိုလ်ဆိုတာ အသိရခက်တယ်၊ တချို့တောထွက် ဦးပဥ္ဇင်းကြီးဟာ • အရိယာပုဂ္ဂိုလ်မထေရ်ကြီးရဲ့ သပိတ် သက်န်းကို ယူဆောင်ပြီး နောက်က လိုက်နေ တာတောင် ကိုယ့်ဆရာမထေရ်ကြီးကို အရိယာမှန်း မသိရဘူး၊ ဒါလောက်အထိ အသိရ ခက်တယ်"လို့ ပရိယာယ်နဲ့ ပြောသတဲ့။ ဒီတော့ အဲဒီဦးပဥ္ဇင်းကြီးက "အဲ-ဘုရား အရိယာများ တယ် အသိရခက်သကိုး"လို့ ပြောသတဲ့။ အဲဒါဟာ အလိုနည်းတဲ့အတွက် "ငါ-အရိယာဘဲ ရဟန္တာဘဲ"လို့ မပြောဘဲ ပရိယာယ်နဲ့ ပြောတာဘဲ။ ရဟန္တာများ ဖွင့်ဟပြောကြားတတ်တာကတော့ ပရိနိဗ္ဗာန်စံခါနီး မှာသာ ပြောကြားတတ်ပါတယ်။

ဒါကြောင့် သာကီဝင်မင်းသား ရဟန္တာအရှင်မြတ်တွေလဲ အလိုနည်းတဲ့ အတွက် မိမိရဲ့ရဟန္တာဂုဏ်ကို သူများ မသိစေချင်ဘူး၊ သူများရှေ့မှာ မြတ်စွာ ဘုရားအား လျှောက်လိုက်ယင် မိမိဂုဏ်ကို ဖော်ပြရာရောက်မှာ ရှက်တယ်၊ ဒါကြောင့် မိမိတို့၏ဂုဏ်ကို မလျှောက်ကြတော့ဘဲ ငြိမ်သက်စွာ ထိုင်နေတော်မူ ကြတယ်။ အဲဒီအခါမှာ နတ်တွေဗြဟ္မာတွေက ရဟန္တာဖြစ်ခါစ သစ်သစ်လွင်လွင် ရဟန္တာငါးရာနှင့်တကွ မြတ်စွာဘုရားကို ဖူးမြော်ကြရအောင် ဘုရားထံသို့ လာ ရောက်ကြတယ်၊ စကြဝဠာပေါင်း တိုက်တသောင်းက နတ်ဗြဟ္မာတွေဟာ အများအားဖြင့် လာရောက်ကြတယ်လို့ ဆိုပါတယ်၊ အင်မတန်ကြီးမားတဲ့ နတ်ဗြဟ္မာအစည်းအဝေးကြီးပါဘဲ၊ အဲဒီ အစည်းအဝေးကြီးမှာ လာရောက်တဲ့

www.dhammaransi.com



နတ်တွေ ဖြဟ္မာတွေရဲ့ စာရင်းကို မြတ်စွာဘုရားက ရှေးဦးစွာ ကျေညာတော်မူပါတယ်၊ အဲဒီနောက် အဋ္ဌာသယ ၆-ပါး အသီးအသီးရှိကြတဲ့ နတ်ဖြဟ္မာ ၆-စုနှင့် သင့်လျော်တဲ့ သုတ်တရားတော် ၆-ပုဒ်ကို အသီးအသီး ဟောကြားတော်မူပါတယ်၊ အဲဒီ သုတ်တရားတော်များအဆုံးမှာ သင့်လျော်တဲ့ စရိုက်ရှိတဲ့ နတ်ဖြဟ္မာတွေ အသီးအသီးဟာ မရေမတွက်နိုင်အောင် များစွာပင် မဂ်ဖိုလ် တရားထူးကို ရကြတယ်လို့ ဆိုပါတယ်၊ အဲဒီ ၆-သုတ်ကိုတော့ ရှေးက ဒီရိပ်သာမှာဘဲ ၂-ကြိမ်တိုင်တိုင် ဟောခဲ့ဘူးပါပြီ၊ ပုရာဘေဒသုတ်ဆိုတာကိုတော့ ပုံနှိပ်စာအုပ်အဖြစ်နှင့်တောင် တွေ့နေကြရပါပြီ၊ အဲဒီလို မဟာသမယသုတ်များကို ဟောတော်မူတဲ့နေ့ဖြစ်တဲ့အတွက် ဒီနယုန်လပြည့်နေ့ကို မဟာသမယနေ့လို့ အသိအမှတ်ပြုထားကြပါတယ်၊ ဒီကနေ့ ဒီမှာ ဟောဘို့ကတော့ အလျင်လပြည့်နေ့များက ဟောခဲ့တဲ့ သလ္လေခသုတ်တရားတော်ပါဘဲ။

## ဒီကနေ့ အလှည့်ကျတာက

ဝိဟိံသာ, ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ၊ မုသာ, ပိသု၊ ဖရု, သမ္ဖာ၊ အဘိဇ္ဈ, ဗျာနှင့်၊ ဆယ်ဖြာ မိစ္ဆတ္တာ၊ စဉ်တိုင်းပြ၍-စသည်ဖြင့် ဆိုထားတဲ့ ဆောင်ပုဒ်အရ—

ဝိဟိံသာ-ညှဉ်းဆဲခြင်းကို ဟောပြီးပြီ။ ပါဏာတိပါတ-သူတပါးကို သတ်ခြင်းဆိုတာကိုလဲ ဟောပြီးပြီ။ အဒိန္နာဒါန-သူတပါးဥစ္စာကို ခိုးယူခြင်းဆိုတာကိုလဲ ဟောပြီးပြီ။ ဒီကနေ့ အဗြဟ္မစရိယ-ဆိုတာကို ဟောဘို့ အလှည့်ကျတယ်၊ အဲဒါကို မြတ်စွာဘုရားက ဒီလို ဟောထားပါတယ်။

## သလ္လေခဝါရ

ပရေ အဗြဟ္မစာရီ ဘဝိဿန္တိ၊ မယမေတ္ထ ဗြဟ္မစာရီ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော-တဲ့။

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ အဗြဟ္မစာရီ၊ မမြတ်သော မေထုန်အမှုကို ပြုကျင့်ကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်ကုန်သည်။ ဘဝိဿာမ၊

www.dhammaransi.com



ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

ဒီအပိုဒ်မှာတော့ သူတပါးတွေဆိုတာ မေထုန်အမှုမှ မကြဉ်ရှောင်နိုင်ကြတဲ့ သူတွေကို ဆိုပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေကတော့ အလွန်များပါတယ်၊ ဝိနည်းသိက္ခာပုဒ်ကို ရိုရိုသေသေ စောင့်ရှောက်နေတဲ့ ရဟန်းတော်တွေ၊ ရှစ်ပါးသီလ ဆယ်ပါးသီလ ဗြဟ္မစရိယပဥ္စမသီလများကို စောင့်ရှောက်နေတဲ့ သူတွေ ဒီလို ပုဂ္ဂိုလ်တွေမှတပါးဆိုယင် အကုန်လုံးကိုဘဲ ယူရလိမ့်မယ်၊ အဲဒီလို လူများစုဖြစ်တဲ့ သူတပါးတွေက မမြတ်သောအကျင့်လို့ ဆိုရတဲ့ မေထုန်အမှုကို ပြုကျင့်နေကြလိမ့်မယ်-တဲ့၊ ဒါပေမဲ့ ဒီမမြတ်တဲ့အကျင့်ဆိုတာကတော့ ကာမေသုမိစ္ဆာစာရ မဟုတ်ယင် သတ်မှု ခိုးမှုတို့လို ဒုစရိုက်တော့ မဟုတ်ဘူး၊ ဒါကြောင့် ဒီအဗြဟ္မစရိယကတော့ လူ့ဝတ်ကြောင်များမှာဆိုယင် သူ့သက်သက်နဲ့တော့ အပါယ်ကို ကျစေနိုင်ခြင်း မရှိတဲ့အတွက် သတ်မှု ခိုးမှုတို့လို အပြစ်မကြီးဘူးဆိုတာလဲ သိထားကြရမယ်။

## အဗြဟ္မစရိယနှစ်မျိုး

ဒီနေရာမှာ အဗြဟ္မစရိယ-မမြတ်သောအကျင့်ကို ကာမေသုမိစ္ဆာစာရကံ ထိုက်တဲ့အကျင့်၊ အဲဒီကံ မထိုက်တဲ့အကျင့်လို့ ဒီလို ၂-မျိုးခွဲပြီးတော့လဲ မှတ်ကြရမယ်၊ ကာမေသုမိစ္ဆာစာရကံထိုက်တဲ့ အဗြဟ္မစရိယကိုတော့ လူတိုင်း ရှင်တိုင်း ရဟန်းတိုင်း ကြဉ်ရှောင်ရမယ်၊ အဲဒီကံမထိုက်တဲ့ မေထုန်အမှုကိုတော့ လူများမှာ မကြဉ်ရှောင်သော်လဲ ငါးပါးသီလမပျက်ဘူး၊ ကြဉ်ရှောင်ယင်တော့ ကုသိုလ်ဖြစ်တယ်၊ ရှင်ရဟန်းများမှာတော့ အဲဒီ မေထုန်အမှုကို လုံးဝကြဉ်ရှောင်ရတယ်၊ မကြဉ်ရှောင်ဘဲ ကျူးလွန်မိယင် သီလပျက်တယ်၊ ဒါကြောင့် ဒီအပိုဒ်ကတော့ မုချကြဉ်ရှောင်ရမည့် ရှင်ရဟန်းများကို ပဓာနပြုပြီး ဟောထားတဲ့စကားလို့ ယူရမယ်၊ ဒါပေမဲ့ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ ဆောက်တည်တဲ့လူများ၊ ဗြဟ္မစရိယပဥ္စမသီလဆောက်တည်တဲ့ လူများနှင့်လဲ သက်ဆိုင်ပါတယ်၊ ဒါကြောင့် အဲဒီ သက်ဆိုင်တဲ့ လူများနှင့် ရှင်ရဟန်းများဟာ "သူများတွေက မမြတ်သော မေထုန်အမှုကို ပြုကြမည့်နေရာမှာ ငါတို့ကတော့ မေထုန်အမှုမှ ကြဉ်ရှောင်တဲ့

www.dhammaransi.com



မြတ်သောအကျင့်ကို ကျင့်မည်”လို့ ဒီလိုနှလုံးသွင်း ဆောက်တည်ပြီး ကျင့်ကြရမယ်၊ ဒီအကျင့်ဟာ ဘုရားရဟန္တာအရှင်မြတ်တွေ တသက်လုံး ကျင့်တော်မူကြတဲ့ အကျင့်မြတ်ဖြစ်ပါတယ်၊ လူများမှာ တနေ့ တရက် ကျင့်နိုင်ယင်လဲ အဲဒီတနေ့ တရက်အတွင်းမှာ ဘုရားရဟန္တာများ၏ အကျင့်ဂုဏ်နှင့် တစိတ်တပိုင်း ပြည့်စုံပြီး နေရတာဘဲ၊ အင်မတန် မြင့်မြတ်စင်ကြယ်ပါတယ်၊ အဲဒီလို မကျင့်နိုင်ကြတဲ့အခါမှာတော့ လူဝတ်ကြောင်များမှာ “သူများတွေက မပိုင်မဆိုင်တဲ့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ကြမည့်နေရာမှာ ငါတို့ကတော့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ခြင်းမှ ကင်းစေမည်”လို့ ဒီလိုဆောက်တည်ပြီး ကာမေသုမိစ္ဆာစာရမှ လွတ်လွတ်ကင်းကင်း ကြဉ်ရှောင်နိုင်ယင် သင့်တော်လောက်ပါပြီ။

## ကာမေသုမိစ္ဆာစာရ

ကာမေသုမိစ္ဆာစာရဆိုတာ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်မှုဘဲ၊ ကာမဂုဏ်ဆိုတာကလဲ ဒီနေရာမှာ တခြားကာမဂုဏ်ကိုဆိုတာ မဟုတ်ဘူး၊ မေထုန်နှင့်ဆိုင်တဲ့ အတွေ့အထိ ကာမဂုဏ်ကိုသာ ဆိုတယ်၊ ဒါကြောင့် လောကမှာ ပညာရှိ သူတော်ကောင်းတွေက သတ်မှတ်ထားတဲ့ ကျင့်ရိုးကျင့်စဉ်ကို ကျူးကျော်ပြီးတော့ မေထုန်အမှုကျူးလွန်တာကို ကာမေသုမိစ္ဆာစာရလို့ ခေါ်တယ်၊ ယောကျ်ားများမှာ မသွားမလာကောင်းတဲ့ မိန်းမ ၂၀-သတ်မှတ်ထားတယ်။ အတိုချုပ်ပြောရယင်တော့ မိဘဆွေမျိုးများက စောင့်ရှောက်ထားတဲ့ မိန်းမ၊ အမျိုးအနွယ်တူ ပုဂ္ဂိုလ်တို့က စောင့်ရှောက်ထိန်းသိမ်းထားတဲ့ မိန်းမ၊ တရားကျင့်ဖော်များက စောင့်ရှောက်ထားတဲ့ မိန်းမ၊ လင်ရှိမိန်းမ၊ စေ့စပ်ထားတဲ့ မိန်းမ၊ ဒီလို အစောင့်အရှောက်ရှိတဲ့ မိန်းမ၊ ပိုင်ရှင်ရှိတဲ့မိန်းမတွေဟာ မပိုင်မဆိုင်တဲ့ယောကျ်ားများ မကျူးလွန်ကောင်းတဲ့အရာတွေပါဘဲ။ အိမ်ထောင်ရှင်မိန်းမများမှာ ဆိုယင်တော့ ကိုယ့်လင်မှတပါး အခြားယောကျ်ားများဟာ မကျူးလွန်ကောင်းတဲ့အရာတွေပါဘဲ။ အဲဒီ မပိုင်မဆိုင်တဲ့ ယောကျ်ား မိန်းမ အချင်းချင်းကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံထိုက်တယ်၊ အဲဒီ ကာမေသုမိစ္ဆာစာရကံကိုတော့ လူတိုင်းလူတိုင်း ကြဉ်ရှောင်ရတယ်။

www.dhammaransi.com



## ဗြဟ္မစရိယ

ဗြဟ္မစာရီ-မြတ်သောအကျင့်ကို ကျင့်ကုန်သည်၊ ဘဝိဿာမ-ဖြစ်ကုန်အံ့-လို့ ဆိုရာမှာ မြတ်သောအကျင့်ကတော့ ကာမေသုမိစ္ဆာစာရကံထိုက်တဲ့ မေထုန်မှုရော၊ မထိုက်တဲ့ မေထုန်မှုရော မေထုန်မှုဟူသမျှမှ ကြဉ်ရှောင်တဲ့အကျင့်ကို ဆိုလိုပါတယ်၊ ဒီမြတ်သောအကျင့်ကို ရှင်ရဟန်းများမှာ အမြဲတမ်းကျင့်နေရတယ်၊ ရသေ့များ သီလရှင်များလဲ အမြဲတမ်းကျင့်နေရတယ်။ လူဝတ်ကြောင်များမှာတော့ စွမ်းနိုင်တဲ့အခါ ဗြဟ္မစရိယပဉ္စမသီလကို ဆောက်တည်ပြီးတော့ ဖြစ်စေ၊ ရှစ်ပါးသီလ ဆယ်ပါးသီလများကို ဆောက်တည်ပြီးတော့ ဖြစ်စေ ကျင့်ရတယ်၊ အဲဒီလို ကျင့်ရမှာကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက—

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ အဗြဟ္မစာရီ၊ မမြတ်သော အကျင့်ကို ကျင့်လေ့ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကိုကျင့်ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာ ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏—လို့ ဟောတော်မူပါတယ်။ အဲဒါက သလ္လေခဝါရဘဲ။

စိတ္တုပ္ပါဒဝါရကျတော့.... ဣတိ စိတ္တံ၊ ဤသို့သော စိတ်ကို။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏—လို့ ဟောတော်မူပါတယ်။ ဒါကြောင့် ဒီ ၂-ဝါရအတွက်—

> သူများတွေက မမြတ်သောအကျင့်ကို ကျင့်ကြမည့်နေရာမှာ ငါတို့ကတော့ မြတ်သောအကျင့်ကို ကျင့်မည်၊ ကိလေသာ ပါးစေတဲ့အကျင့်ကိုကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်—လို့ အဓိဋ္ဌာန်ပြုကြရမယ်။

အဲဒါက ရဟန်းတော်များ၊ ရှင်သာမဏေများ၊ သီလရှင်များ၊ ဗြဟ္မစရိယပဉ္စမသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ ဆောက်တည်ထားတဲ့သူများ အတွက် ပြုသင့်တဲ့အဓိဋ္ဌာန်ဘဲ။ ရှစ်ပါးသီလနှင့် တရားအားထုတ်နေတဲ့ ယောဂီတွေဟာ သုံးလေးရက်ဖြစ်စေ၊ ခုနစ်ရက်ဖြစ်စေ၊ တလ နှစ်လ စသည်ဖြစ်စေ အဲဒီကာလအတွင်းမှာ ဒီအဓိဋ္ဌာန်အတိုင်းဆောက်တည်ပြီး ကျင့်နိုင်ပါတယ်။ အဗြဟ္မစရိယာဝေရမဏီသိက္ခာပုဒ်ကို မကျင့်နိုင်ကြတဲ့လူတွေအတွက်ကတော့—

www.dhammaransi.com



သူများတွေက မပိုင်မဆိုင်သော ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်ကြမည့်နေရာမှာ ငါတို့ကတော့ ကာမဂုဏ်တို့၌ မှားယွင်း ကျူးလွန်မှုကင်းစေမည်၊ ကိလေသာပါးစေတဲ့ အကျင့်ကိုကျင့်မည်၊ ဒီလိုစိတ်မျိုးကိုဖြစ်စေမည်–လို့ အဓိဋ္ဌာန်ပြုပြီး ကာမေသုမိစ္ဆာစာရမှ ဝေးစွာ ကြဉ်ရှောင်ကြရမယ်။

## ပရိက္ကမနဝါရစသည်

အဲဒီကနောက် ပရိက္ကမနဝါရ ဥပရိဘာဂဝါရ ပရိနိဗ္ဗာနဝါရများကျတော့–

အဗြဟ္မစရိယာ ဝေရမဏီ၊ မမြတ်သော အကျင့်မှ ကြဉ်ရှောင်ခြင်းသည်။ ပရိက္ကမနာယ ဟောတိ၊ မမြတ်သောအကျင့်ဟူသော လမ်းဆိုးကို ရှောင်လွှဲရန်အတွက် ဖြစ်ပေသည်။ ဥပရိဘာဂါယ ဟောတိ၊ အထက်အဖို့သို့တက်ရန်အတွက်ဖြစ်ပေသည်။ ပရိနိဗ္ဗာနာယ ဟောတိ၊ မမြတ်သောအမှုကို ပြုလိုသော ကိလေသာမီးငြိမ်းရန်အတွက် ဖြစ်ပေသည်–လို့ ဟောတော်မူပါတယ်။

အဲဒီမှာ အဗြဟ္မစရိယဆိုတဲ့အကျင့်လမ်းဆိုးကိုရှောင်လွှဲချင်ယင် အဲဒီအကျင့်ကိုမပြုမလုပ်ပဲ ရှောင်လွှဲလိုက်ရုံပါဘဲ။ ဒါပေမဲ့ ကာမရာဂမကင်းသေးတဲ့ သတ္တဝါတွေမှာ အဲဒီအကျင့်ကို မကြဉ်ရှောင်နိုင်တာက ခက်နေတယ်၊ အဲဒါဟာလဲ ကာမကိလေသာတွေရဲ့ အပြစ်ကိုမမြင်ဘဲ အကောင်းထင်နေလို့ပါဘဲ။ ဒီတော့ ကာမကိလေသာတွေ၏အဖြစ်ကို ဆင်ခြင်ဘို့လိုပါတယ်၊ အဲဒီကာမဂုဏ်ကို သာယာတဲ့ကိလေသာကို လက်ခံထားယင် စိတ်ဟာ မစင်ကြယ်ဘဲ ညစ်နွမ်းနေတယ်၊ ကာမအာရုံ၏အလိုကို လိုက်နေရတယ်၊ ကာမအာရုံ၏ ကျွန်ဖြစ်နေတယ်၊ ကာမအာရုံအတွက် ရှာကြံရလို့လဲ ဆင်းရဲတယ်၊ မတော်မသင့်တာ ပြုမိပြီးတော့ မင်းဘေးမင်းဒဏ် စသည်လဲ သင့်နိုင်တယ်၊ ဒုစရိုက်မှုကိုပြုမိပြီးတော့ အပါယ်လေးပါးလဲကျနိုင်တယ်၊ အောက်တန်းစား ကာမဘဝမှ မထွက်မြောက်နိုင်ဘူး၊ သံသရာမှမထွက်မြောက်နိုင်ဘူး စသည်ဖြင့် ကာမဂုဏ်အာရုံနှင့် ကာမကိလေသာ၏အပြစ်ကိုဆင်ခြင်ပြီး ကြဉ်ရှောင်နိုင်အောင် ကြိုးစားကြရမယ်။

အဲဒီ မေထုနဓမ္မဆိုတဲ့ အဗြဟ္မစရိယမှကြဉ်ရှောင်နေယင် မြင့်မြတ်တဲ့ အဆင့်လဲ ရောက်နေပါတယ်၊ ယခု ရဟန်းတော်တွေကို ကြည့်ပါ၊ အဲဒီ အဗြဟ္မစရိယမှ

www.dhammaransi.com



ကြည်ရှောင်နေတဲ့အတွက် လူအများက အရိုအသေပြုကြတယ်၊ ပေးလှူပူဇော်ကြတယ်။ အဲဒါထက် သီလ သမာဓိ ပညာဆိုတဲ့ သာသနဗြဟ္မစရိယကို အပြည့်အစုံကျင့်ယင် သာပြီးမြင့်မြတ်တယ်၊ အဲဒီအထဲက သီလလောက် ပြည့်ပြည့် စုံစုံကျင့်နေယင်ကို မြင့်မြတ်လှပါပြီ၊ အများက ကြည်ညိုကြ ရိုသေကြ ပေးလှူကြလှပါပြီ။ အဲဒီလို သီလနှင့် ပြည့်စုံပြီး ကြည်ညိုဘွယ်ရှိတဲ့ ရဟန်းတော်များမှာ ဆွမ်းသင်္ကန်းကျောင်းဆေး လိုလေသေးမရှိ အားလုံးပြည့်စုံနေတာဘဲ၊ ဒါကြောင့် သင်္ကန်း ရှားပါတယ် ဆိုပြီး လာအလှူခံကြတဲ့ တခြားက ကိုယ်တော်ကြီးတွေကို "ကိုယ်တော်တို့က ပါသာဒိကဂုဏ်နှင့် ပြည့်စုံအောင် မနေလို့ သင်္ကန်းရှားနေတာပါ၊ ပါသာဒိကဂုဏ်နှင့် ပြည့်စုံယင် ဒကာ ဒကာမတွေက လှူကြပါလိမ့်မယ်၊ ပါသာဒိကဂုဏ်နှင့် ပြည့်စုံအောင် နေကြပါ"လို့ ညွှန်ကြားတိုက်တွန်းရတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင်ကလဲ အာကင်္ခေယျသုတ်မှာ ဒီအတိုင်းဘဲ ဟောထားပါတယ်၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး ပေါများပြည့်စုံချင်လို့ရှိယင်လဲ (သီလေသွေဝဿ ပရိပူရကာရီ) သီလတို့၌ အပြည့် အစုံကျင့်ပါတဲ့။ ဒါကြောင့် ဗြဟ္မစရိယ မြတ်သောအကျင့်ဟာ မျက်မှောက်ဘဝတွင်လဲ အထက်တန်းရောက်ခြင်း၏ အကြောင်းဖြစ်ပါတယ်၊ နောင်သံသရာဘဝတွေမှာလဲ လူ့ဘဝ နတ်ဘဝ အဆင့်ဆင့်တက်ပြီး နိဗ္ဗာန်ထိအောင်ရောက်ခြင်း၏အကြောင်း ဖြစ်ပါတယ်။ နောက်ပြီးတော့ မမြတ်သောအကျင့်ဆိုတဲ့ အကုသိုလ်ငြိမ်းခြင်း၏ အကြောင်းလဲ ဖြစ်ပါတယ်။ ဒါကြောင့် မြတ်သောအကျင့်ကို အမြဲကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်တွေမှာ—

> မမြတ်သောအကျင့်ကို မြတ်သောအကျင့်နှင့် ရှောင်လွှဲမည်၊ မြတ်သော အကျင့်နှင့် အဆင့်အတန်း တက်မည်၊ မမြတ်သော အကျင့်ကိလေသာမီးကို မြတ်သောအကျင့်နှင့် ငြိမ်းသတ်မည်–လို့ ဒီလို အဓိဋ္ဌာန်ပြုပြီး စင်စင်ကြယ်ကြယ် ကျင့်ကြရမယ်။

အဲဒီမှာ စင်စင်ကြယ်ကြယ်ဆိုတာက နှစ်ဦးနှစ်ယောက် သဘောတူပြီးပြုရတဲ့ မေထုန်အကြီးစားမှ ကင်းရုံတွင်မကဘဲ အငယ်စားတွေပါ ကင်းအောင် ကျင့်ဘို့ရာ ရည်ရွယ်ပြီး ပြောခြင်း ဖြစ်ပါတယ်။ မေထုန်အငယ် ဆိုတာက ဘာတွေလဲ

www.dhammaransi.com



ဆိုယင် အင်္ဂုတ္တရပါဠိတော် (၃၊ ၄၃၈) မေထုနသုတ်မှာ မြတ်စွာဘုရားဟောထားတာရှိပါတယ်၊ ဘယ်လိုလဲဆိုယင်—

## မေထုန်ငယ် (၇)ပါး

အခါတပါးမှာ ဇာဏုသောဏိဆိုတဲ့ ပုဏ္ဏားကြီးက မြတ်စွာဘုရားထံ လာရောက်ပြီး မေးလျှောက်တယ်၊ အဲဒီပုဏ္ဏားကြီးဟာ ဟိုခေတ်က ဝေဒကျမ်းတတ် ပဏ္ဍိတ်ပညာရှိကြီးပေါ့၊ အဲဒီခေတ်တုန်းက ပုဏ္ဏားပညာရှိတွေက ဘုရားထံ လာရောက်ပြီး ဆွေးနွေးကြတယ်၊ မေးမြန်းကြတယ်၊ စောဒကတက်ကြတယ်၊ ယခုခေတ် ဟိန္ဒူတွေဆိုတာ အဲဒီပုဏ္ဏားတွေကဆင်းသက်လာတာဘဲ၊ဒါကြောင့် အဲဒီဇာဏုသောဏိကို ဟိန္ဒူပညာရှိကြီးဆိုယင်လဲ အများ သဘောပေါက်လွယ်ပါလိမ့်မယ်။ အဲဒီ ဇာဏုသောဏိဆိုတဲ့ ဟိန္ဒူပညာရှိကြီးက မြတ်စွာဘုရားကို မေးလျှောက်တယ်။ မေးပုံကတော့ အရှင်ဂေါတမလဲ မြတ်သော အကျင့်ကို ကျင့်တဲ့ ဗြဟ္မစာရီပုဂ္ဂိုလ်လို့ ဝန်ခံပါသလားတဲ့၊ သူ့အလိုကတော့ မြတ်သော အကျင့်ကိုကျင့်တဲ့ဗြဟ္မစာရီပုဂ္ဂိုလ်လို့ဝန်မခံထိုက်ဘူးထင်ပြီး စောဒနာတာပါဘဲ။

သူတို့ရဲ့ဗြာဟ္မဏကျမ်းတွေမှာ ဗြဟ္မစရိယကျင့်ပုံကျင့်နည်း ပြထားတာရှိကယ်၊ ငယ်ရွယ်စဉ်ကတည်းက အိမ်ထောင်မပြုဘဲ အသက် ၄၈-နှစ် အထိ ဝေဒကျမ်းတွေကို ရွတ်ဖတ်သင်ယူနေတယ်၊ ၄၈-နှစ်ပြည့်တဲ့အခါကျတော့ တချို့ပုဏ္ဏားက ဆရာခ အလှူခံပေးပြီးတော့ ရသေ့ပြုသွားတယ်၊ တချို့ကတော့ အမျိုးအနွယ် အဆက်မပြတ်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သမီးပျိုရှိတဲ့ ပုဏ္ဏားအိမ်တွေမှာ သွားပြီး သမီးပျိုကို အလှူခံတယ်၊ သူ ၄၈-နှစ်ပတ်လုံး ကျင့်ခဲ့တဲ့ ဗြဟ္မစရိယ ကုသိုလ်တွေကိုပေးမယ် သမီးပျိုကိုလှူပါလို့ဆိုပြီး တောင်းခံတယ်၊ အဲဒီကုသိုလ်တွေကို ကိုယ်တိုင်မကျင့်ရဘဲနဲ့ ရချင်တဲ့ သမီးရှင်ပုဏ္ဏား မိဘများက သူတို့ရဲ့သမီးကို ရေစက်သွန်းချပြီး ဝမ်းမြောက်ဝမ်းသာနဲ့ လှူကြသတဲ့။ ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေအနေနဲ့ စဉ်းစားကြည့်ယင်တော့ အဲဒီလို လှူတယ်ဆိုတာ အံ့ဘွယ်ကြီးဖြစ်နေမှာဘဲ၊ ဒါပေမဲ့ ဗမာပြည်မှာ လူလိမ်တယောက်ကို မင်းလောင်းလို့ ထင်မှတ်ပြီး သမီးကို မိဖုရားအဖြစ် ဆက်သကြတယ်ဆိုတာကို တခါတရံ ကြားရတယ်၊ အဲဒါနှင့် နှိုင်းစာကြည့်ယင်တော့ သိပ်မထူးဆန်းလှပါဘူး၊ ပုဏ္ဏားတွေက

www.dhammaransi.com



သိမ်းလှူတယ်ဆိုတာက သူတို့ဘာသာတရားဖြစ်တဲ့ ဝေဒကျမ်းတွေအရ ယုံကြည်ပြီး လှူတာဘဲ၊ တို့ဗမာတွေ မိဖုရားလောင်းအဖြစ် ဆက်သတာကတော့ ကျမ်းဂန်လွှတ် ကိုယ့်အထင်သက်သက်နဲ့ လှူတာဘဲ၊ လူတွေဟာ သူတပါးအမြင်နဲ့ ဘာမျှမဟုတ်ပေမဲ့ ကိုယ့်အထင်နဲ့ ကိုယ့်ယုံကြည်ချက်နဲ့ ဆိုတော့ မြှော်လင့်စရာ ရှိနေကြတာဘဲ။

အဲဒီလို ပုဏ္ဏေးမသိမ်းပျိုကို ရလာတဲ့ပုဏ္ဏားဟာ အဲဒီပုဏ္ဏေးမနှင့် အတူနေပြီး သားသိမ်းတယောက် ရတဲ့အခါ အမျိုးမပြတ်အောင် သားရပြီလို့ ယူဆပြီးတော့ လူ့ဘောင်က ထွက်ခွါပြီး တဖန် ရသေ့ပြုသွားတာလဲ ရှိတယ်၊ လူ့ဘောင်မှာဘဲ မခွါနိုင်ဘဲ နေမြဲနေသွားတာလဲ ရှိတယ်။ အဲဒီပုဏ္ဏားမျိုးလို ၄၈-နှစ်ပတ်လုံး ငယ်ဖြူအဖြစ်နဲ့နေနိုင်မှ (ဗြဟ္မစာရီ) မြတ်သောအကျင့်ကို ကျင့်သူ ဖြစ်သင့်တယ်လို့ ဇာဏုဿောဏိပုဏ္ဏားက ယူဆထားတယ်၊ ဗုဒ္ဓမြတ်စွာဘုရားကတော့ အလောင်းတော်ဘဝ သိဒ္ဓတ္ထမင်းသားဖြစ်စဉ်က ၁၆-နှစ်သားအရွယ်မှ ၂၉-နှစ်တိုင်အောင် ယသောဓရာ အမှူးရှိသော မိဖုရား မောင်းမတွေနှင့် ကာမဂုဏ် အာရုံတွေကို ခံစားလာခဲ့တယ်၊ ဒါကြောင့် မြတ်သော အကျင့်ကို ကျင့်သူ မဖြစ်သင့်ဘူးလို့လဲ သူက ယူဆတယ်၊ ဒါကြောင့် "အရှင် ဂေါတမလဲ မြတ်သောအကျင့်ကို ကျင့်တဲ့ ဗြဟ္မစာရီပုဂ္ဂိုလ်လို့ဝန်ခံပါသလား" လို့မယုံကြည်တဲ့ သဘောနဲ့ စောဒနာလိုက်တာပါဘဲ။ အဲဒါဟာ ပြေလည်အောင် မဖြေနိုင်ပေဘူး ဆိုတဲ့အနေနဲ့ ဖိနှိပ်ပြီး မေးလိုက်တာပါဘဲ။

အဲဒီတော့ မြတ်စွာဘုရားက "မြတ်သောအကျင့်ကိုကျင့်တဲ့ ဗြဟ္မစာရီပုဂ္ဂိုလ်ကို အမှန်အတိုင်း ညွှန်ပြပြောဆိုမယ်ဆိုယင် ငါဘုရားကိုသာ ပြောဆိုထိုက်တယ်" လို့ ပလ္လင်ခံပြီးတော့ မြတ်သောအကျင့်သီလ၏ ကျိုးပေါက် ပြောက်ကျား ညစ်နွမ်းကြောင်း ဖြစ်တဲ့ မေထုန်ငယ် ခုနစ်ပါးကို ဒီလို ထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။

(၁) အချို့သော သမဏအမည်ခံ ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တွေဟာ–တဲ့၊ အဲဒီခေတ်တုန်းက သူတို့ဘာသာတရားအရ သမဏ–ကိလေသာငြိမ်းတဲ့ရဟန်း၊ ဗြာဟ္မဏ–သူမြတ်လို့ဝန်ခံနေတဲ့ ပုဂ္ဂိုလ်တွေရှိကြတယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေကို ရည်ပြီးတော့ အချို့သော သမဏအမည်ခံ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တွေလို့ ဆိုပါ

www.dhammaransi.com



တယ်၊ အဲဒီ အချို့သော သမဏ ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တွေဟာ မာတုဂါမများနှင့် ပြုလုပ်ရတဲ့မေထုန်အကျင့်မှ ကြဉ်ရှောင်နိုင်ရုံမျှဖြင့် မြတ်သောအကျင့်ကို ကျင့်တဲ့ ဗြဟ္မစာရီပုဂ္ဂိုလ်လို့ ဝန်ခံနေကြတယ်၊ ဒါပေမဲ့ အဲဒီလို ပုဂ္ဂိုလ်တွေဟာ မာတုဂါမက ပွတ်သပ်ပေးတာ နှိပ်နယ်ပေးတာ ရေချိုးချေးတွန်းပေးတာ နှံ့သာ စသည်ဖြင့် လူးလိမ်းပေးတာ–ဒီလိုပြုစုပေးတာတွေကို လက်ခံနေကြတယ်၊ နှစ်သက်သာယာနေကြတယ်၊ အဲဒီလိုပြုစုပေးတာတွေနဲ့ သူတို့ ဝမ်းသာအားရနေကြတယ်၊ အဲဒါဟာ မြတ်သောအကျင့်၏ ကျိုးပျက်ကြောင်းလဲ ဖြစ်တယ်၊ ပေါက်ခြင်း ကြောင်ကျားခြင်း အပြောက်အစွန်းထင်ခြင်း၏ အကြောင်းလဲ ဖြစ်တယ်၊ ဒီလိုပုဂ္ဂိုလ်၏ ဗြဟ္မစရိယဟာ မစင်ကြယ်ဘူး၊ ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ဘူး။ ဒါက (၁) နံပါတ်မေထုန်ငယ် ခေါ်တယ်။ သာသနာတော်တွင်းမှာလဲ ယခုနေအခါမှာ တချို့ ကိုယ်တော်ကြီးတွေဟာ မာတုဂါမအနှိပ်အနယ်ကို ခံနေတယ်လို့ ကြားရတယ်၊ အဲဒါဟာ ဗြဟ္မစရိယ၏ ညစ်နွမ်းကြောင်း ဖြစ်တယ်၊ မာတုဂါမ၏ အတွေ့ကို သာယာပြီး လှုပ်ရှားအားထုတ်ယင် သံဃာဒိသိသ်အာပတ်လဲ သင့်နိုင်တယ်။

(၂) နံပါတ် မေထုန်ငယ်ကတော့ မာတုဂါမနှင့် ရယ်ရွှင်ပြောဆိုပြီး ကျီဆယ်ကစားနေတာတဲ့၊ ဒါကတော့ ကိုယ်ချင်းတော့ ထိပါးခြင်း မရှိဘူး၊ အပြောင်အပျက်တွေ ပြောဆိုပြီး နောက်ပြောင်ရုံ ကစားရုံပါဘဲ၊ ဒါပေမဲ့ ဒါကလဲ ယုတ်ညံ့တဲ့ ကိုယ်အင်္ဂါတွေနဲ့ စပ်ပြီး ပြောလို့ရှိယင် သံဃာဒိသိသ်အာပတ်လဲ သင့်နိုင်တယ်။

(၃) နံပါတ်ကတော့ စက္ခုနာ၊ မိမိမျက်စိဖြင့်။ စက္ခုံ၊ မာတုဂါမ၏မျက်စိ မျက်နှာကို။ ဥပနိဇ္ဈာယတိ ပေက္ခတိ၊ စူးစိုက်၍ တစိန်းစိန်းကြည့်နေ၏–တဲ့။ နှစ်သက်သာယာတဲ့စိတ်နဲ့ မာတုဂါမမျက်နှာကို တစိန်းစိန်းစူးစိုက်ပြီး ကြည့်ရှုနေတာလဲ မေထုန်ငယ် တခုပါဘဲတဲ့။

(၄) နံပါတ်ကတော့ တံတိုင်းတို့ နံရံတို့ လိုက်ကာတို့ဖြင့် ကွယ်ခြားနေလို့ မာတုဂါမ၏ ရုပ်အဆင်းကိုတော့ မမြင်ရဘူး၊ အသံကိုသာ ကြားရတယ်၊ အဲဒီမာတုဂါမရဲ့ ရယ်သံ ငိုသံ ပြောဆိုတဲ့အသံ သီချင်းဆိုတဲ့အသံကို နားထောင်ပြီး နှစ်သက်သာယာနေတယ်တဲ့။ ဒါကတော ယခုနေအခါမှာ ရှေးက

www.dhammaransi.com



ထက် ပေါများနေပါတယ်၊ ရေဒီယိုက လာတဲ့ မာတုဂါမအသံတွေဟာ နေရာ တကာမှာ ကြားနိုင်တယ်၊ အဲဒါတွေကို နှစ်သက်သာယာနေယင်လဲ မေထုန်ငယ် ဖြစ်တာဘဲ။

(၅) နံပါတ်ကတော့ ရှေးကာလက မာတုဂါမနှင့် ရယ်ရွှင်ပျော်ပါး ကစားခဲ့ဘူးတာတွေ ပြောဆိုခဲ့ဘူးတာတွေကို ပြန်လည်စဉ်းစားပြီး သာယာနေ တယ်တဲ့၊ ဒါကတော့ ငယ်ရွယ်စဉ်က လူ့လောကမှာ နေခဲ့ပြီးတော့ ကြီးမှ ရဟန်းပြုလာတဲ့ ပုဂ္ဂိုလ်များနှင့် သာပြီးဆိုင်ပါတယ်။

(၆) နံပါတ်ကတော့ လူ့လောကမှာ ကာမဂုဏ်အာရုံတွေနဲ့ ပြည့်စုံပြီး သုံးဆောင်ခံစားနေတဲ့ သေဌေးသူကြွယ်တွေ သေဌေးသူကြွယ်သားတွေကို မြင်ရတဲ့အခါ ငါလဲ သူတို့လို ဖြစ်ချင်ပါဘိတော့တယ်လို့ လိုလားတောင့်တ အားး ကျနေတာတဲ့။ ဒါလဲ ဗြဟ္မစရိယ၏ ညစ်နွမ်းကြောင်း ဖြစ်တယ်၊ ဒါကတော့ အတော် သိမ်မွေ့လာပြီ၊ ဒီ (၆) နံပါတ်အထိ မေထုန်ငယ်တွေကတော့ ယခု မျက်မှောက်လောကနဲ့ စပ်ဆိုင်တဲ့ မေထုန်ငယ်တွေပါဘဲ။

(၇) နံပါတ် နောက်ဆုံးမေထုန်ငယ်ကတော့ မိမိကျင့်တဲ့ သီလကုသိုလ် ဗြဟ္မစရိယကုသိုလ်ကြောင့် နောင်ဘဝမှာ နတ်ဖြစ်ရပါစေ၊ နတ်စည်းစိမ်ချမ်း သာတွေကို ခံစားရပါစေလို့ တောင့်တတာတဲ့။ အဲဒါကလဲ နောင်ဘဝမှာ နတ်သမီးတွေနဲ့ ခံစားဘို့ရာ တောင့်တတာ ဖြစ်တဲ့အတွက် ရဟန်းဘဝက လူထွက် ပြီး ခံစားဘို့ရာ တောင့်တတာမျိုးဘဲ ဖြစ်နေပါတယ်၊ ဒါကြောင့် နတ်စည်းစိမ် ချမ်းသာ တောင့်တတာကိုလဲ မေထုန်ငယ်အဖြစ်ဖြင့် မြတ်စွာဘုရားက ဟော တော်မူပါတယ်။ အမှန်ကတော့ ရဟန်းပြုလာတယ်ဆိုတာ သံသာရဝဋ္ဋဒုက္ခတော- မောစနတ္ထာယ—လို့ ဆိုခဲ့တဲ့အတိုင်း သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ဖို့ရာသာ ဖြစ်ပါတယ်၊ နတ်စည်းစိမ်တွေ ခံစားဘို့ မဟုတ်ပါဘူး။ ဒါကြောင့် ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု—လို့ ဒီလိုသာ ရည်ရွယ်ဆုတောင်းရမှာ။ ယခုတော့ အဲဒီလို မဟုတ်ပဲ နတ်စည်းစိမ်ချမ်းသာကို ခံစားဘို့ ဆုတောင်း တာကိုး။ ဒါကြောင့် မစင်ကြယ်တဲ့ ဗြဟ္မစရိယလို့ ဆိုရတာပေါ့။ အဲဒီမေထုန်ငယ် (၇)ပါးကို လွယ်လွယ်နဲ့ မှတ်ရအောင် ဘုန်းကြီးကဆောင်ပုဒ်တခု စီထားတယ်။

www.dhammaransi.com



## မေထုန်ငယ်ဆောင်ပုဒ်

ပွတ်သပ်နှိုပ်နယ်(၁)၊ ပြုံးရယ်ကျီစား(၂)၊ မ–နှင့် ကျားတို့၊ ကြည့်ငြား မျက်နှာ(၃)၊ ချောင်းမြောင်းနာနှင့်(၄)၊ ရှေးခါပျော်ပါး၊ တွေးစဉ်းစားတည့် (၅)၊ သူများပျော်တာ၊ မြင်ကာအားကျ (၆)၊ တောင့်တနတ်ပြည် (၇)၊ ခုနစ်လီ၊ ခေါ်သည် မေထုန်အငယ်တည်း–တဲ့။

မာတုဂါမက ပွတ်သပ်နှိုပ်နယ်ပေးတာကို ရဟန်းဖြစ်သူ ဥပုသ်စောင့်သူ ယောကျ်ားပုဂ္ဂိုလ်က နှစ်သက်သာယာနေလျှင်၊ ယောကျ်ားက ပွတ်သပ်နှိုပ်နယ် ပေးတာကို ဥပုသ်သီလရှိသူမိန်းမက နှစ်သက်သာယာနေလျှင် အဲဒါဟာ ဗြဟ္မ-စရိယ ညစ်နွမ်းခြင်း၏ အကြောင်း(၁)နံပါတ် မေထုန်ငယ်ဘဲ၊ အဲဒါကို ပွတ်သပ်နှိုပ်နယ်–လို့ အတိုချုပ် ဆိုထားတယ်၊ ရေချိုးပေးတာ ချေးတွန်းပေးတာ နံ့သာတို့ ဆေးတို့ လူးလိမ်းပေးတာ ဒီလိုဟာတွေကို နှစ်သက်သာယာနေယင်လဲ မေထုန်ငယ်ဘဲလို့ အပြည့်အစုံ ယူရမယ်၊ ဆောင်ပုဒ်မှာတော့ တိုတိုနဲ့ သိနိုင်လောက်ရုံဘဲ ပြဆိုထားတယ်။

နောက်ပြီးတော့ "ပြုံးရယ်ကျီစား"ဆိုတာက မာတုဂါမနှင့် ရဟန်းဖြစ်စေ၊ ဥပုသ်သည်ယောကျ်ား ဖြစ်စေ၊ ယောကျ်ားနှင့် ဥပုသ်သည်မိန်းမ ဖြစ်စေ အချင်းချင်းပြုံးရယ်နေလျှင် ရယ်စရာအပြောင်အပျက်တွေပြောပြီး ကျီစယ် ကစားနေလျှင် အဲဒါ(၂)နံပါတ် မေထုန်ငယ်ဘဲလို့ ဆိုလိုတယ်။

(၃) နံပါတ် မေထုန်ငယ်မှာ မြတ်စွာဘုရားကတော့ ရဟန်းကိုသာ ပဓာန ပြုပြီး "မာတုဂါမ၏ မျက်စိကို ကြည့်တယ်" လို့သာ ဟောထားပါတယ်၊ ဒါပေမဲ့ အပ္ပဓာနဖြစ်တဲ့ ရဟန်းမိန်းမတို့ သီလရှင်တို့ ဥပုသ်သည်အမျိုးသမီးတို့ ဒီလိုမိန်းမတွေက ယောကျ်ားကိုကြည့်တာလဲ ယူရမှာဘဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ မ–နှင့် ကျားတို့ ကြည့်ငြား မျက်နှာ-လို့ ဆိုထားပါတယ်၊ မိန်းမနှင့် ယောကျ်ား အချင်းချင်း တဦးမျက်နှာ တဦးက ကြည့်ပြီး နှစ်သက်သာယာ နေယင် မေထုန်ငယ်ဘဲ–လို့ ဆိုလိုပါတယ်။ အဲဒီ (၃) နံပါတ်မှာလိုဘဲ အခြား မေထုန်ငယ်များမှာလဲ မိန်းမနှင့် ယောကျ်ား အချင်းချင်း အပြန်အလှန် အပြည့် အစုံချည်းယူရမယ်။

www.dhammaransi.com



(၄) နံပါတ်မှာ "ချောင်းမြောင်းနာ" ဆိုတာ မိန်းမနှင့် ယောကျ်ား အချင်းချင်း မတွေ့မမြင်ရပါဘဲ ကွယ်ရာကနေပြီးတော့ ရယ်သံ ငိုသံ ပြောဆိုသံ သီချင်းသံကို တိတ်တဆိတ် နားထောင်ပြီး နှစ်သက်သာယာနေတာကို ဆိုလိုပါတယ်။

(၅-၆-၇) နံပါတ်တွေကတော့ သိသာထင်ရှားနေပါပြီ။

ဒီမေထုန်ငယ် (၇) ပါးထဲမှာ နံပါတ် (၁-၂) မေထုန်ငယ်တွေကတော့ သီလ ပျက်ဖို့ရာနှင့် နီးစပ်ပါတယ်၊ ကျန်တဲ့ငါးပါးကတော့ သူတို့သက်သက်နဲ့ ဆိုယင် သီလကို မပျက်စေနိုင်ပါဘူး၊ ဒါပေမဲ့ သီလညစ်နွမ်းခြင်း၏ အကြောင်းတော့ ဖြစ်ပါတယ်။ ဒါကြောင့် ရဟန်းတော်များမှာ စွမ်းနိုင်လို့ရှိယင် အဲဒီမေထုန်ငယ် (၇) ပါးလုံးကင်းအောင် ကျင့်သင့်ပါတယ်။ ဒါပေမဲ့ အဲဒီ (၇) ပါးထဲမှာ နတ် စည်းစိမ် မတောင့်တရဘူး ဆိုတာကတော့ တရားအားမထုတ်တဲ့ပုဂ္ဂိုလ်များ အတွက် ကင်းရှင်းမှာ မဟုတ်ပါဘူး၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေထဲမှာတောင် အပါယ်မှ လွတ်ရုံလောက် ရည်ရွယ်တဲ့သူတွေအတွက်တော့ ကင်းရှင်းဘို့ ခက်ပါ တယ်။ ဒါပေမဲ့ ဝိပဿနာရှုနေဆဲ ယောဂီတွေမှာတော့ အဲဒီမေထုန်ငယ်နှင့် စပ် ဆိုင်တဲ့ ကြံစည်တောင့်တမှုတွေကိုလဲ ရှုမှတ်ပြီး ပယ်သွားရမှာဘဲ၊ ဆေးကောင်း ရှိနေတဲ့သူမှာ ဖြစ်ပေါ်လာတဲ့ အနာရောဂါကို ကုသဘို့ လွယ်တာလိုဘဲ ရှုမှတ် နည်း ရှိနေတဲ့ယောဂီတွေမှာတော့ အဲဒါတွေကို ပယ်ဘို့ လွယ်ပါတယ်၊ အဲဒီ ဖြစ်ပေါ်လာတဲ့ ကြံစည်မှု နှစ်သက်သာယာမှု တောင့်တမှုတွေကို ရှုမှတ်ပြီး ပယ် လိုက်ရုံပါဘဲ။ တနည်းအားဖြင့်ဆိုယင် (န ပုနေဝံ ကရိဿာမိ) ဒီလို စိတ်ကူး မျိုးကို ပဲဖန်မပြုတော့ဘူး၊ မဖြစ်စေတော့ဘူး – လို့ ဆောက်တည်ရတဲ့ ဣန္ဒြိယ သံဝရသီလ စောင့်ပုံနည်းဖြင့်လဲ ပယ်နိုင်ပါတယ်။

သာသနာပက ဗြဟ္မစရိယကို ကျင့်နေတဲ့သူတွေမှာတော့ အဲဒီမေထုန်ငယ် တွေကို ပယ်ရမယ် ဆိုတာလဲ မသိကြဘူး၊ ပယ်ဘို့ရာ ရှုမှတ်နည်း ဆင်ခြင်နည်းလဲ မရှိဘူး၊ ဒါကြောင့် ဗြာဟ္မဏဝါဒအရ ၄၀-နှစ်ပတ်လုံး ဗြဟ္မစရိယကို ကျင့်နေတဲ့ သူတွေမှာ ဒီမေထုန်ငယ်တွေမှ မစင်ကြယ်ကြဘူး၊ နောက်ပြီးတော့ အဲဒီဗြာဟ္မဏ တွေဟာ ၄၀-နှစ် ကျင့်ပြီးတော့ အိမ်ထောင်ပြုကြတဲ့အတွက်လဲ သူတို့ရဲ့ ဗြဟ္မ- စရိယဟာ မစင်ကြယ်ဘူးဆိုတာတွေကို ဇာဏုဿောဏိပုဏ္ဏားကြီး နားလည်

www.dhammaransi.com



သဘောပေါက်အောင်လို့ မြတ်စွာဘုရားက ဒီမေထုန်ငယ် (၇) ပါးကို ထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။

အဲဒီလို ဟောပြီးတဲ့နောက် မြတ်စွာဘုရားက မိမိဟာ အဲဒီမေထုန်ငယ် (၇) ပါးကို လုံးဝကင်းအောင် မပယ်နိုင်သေးသမျှ ကာလပတ်လုံး သမ္မာသမ္ဗုဒ္ဓ မှန်စွာ ကိုယ်တိုင်သိတဲ့ ဘုရားအဖြစ်ကို ဝန်မခံခဲ့သေးကြောင်း၊ အဲဒါတွေ လုံးဝကင်းအောင် ပယ်ပြီးမှ သမ္မာသမ္ဗုဒ္ဓ-ဘုရားအဖြစ်ကို ဝန်ခံခဲ့ကြောင်းများကိုလဲ ထုတ်ဖော်ပြီး ဟောတော်မူပါတယ်။ အဲဒီတော့မှ ဇာဏုဿောဏိပုဏ္ဏားကြီးဟာ သဘောပေါက်ပြီးတော့ မြတ်စွာဘုရားထံမှာ သရဏဂုဏ် ဆောက်တည်ပြီး တပည့်အဖြစ် ခံယူသွားပါတယ်။

မြတ်စွာဘုရားသာသနာတော်မှာတော့ မြတ်စွာဘုရားမှာသာ အဲဒီမေထုန်ငယ်တွေကင်းတာ မဟုတ်သေးပါဘူး၊ ရဟန္တာအရှင်မြတ်တွေမှာလဲ ကင်းပါတယ်၊ အနာဂါမ်မှာတောင် ရူပဘဝ အရူပဘဝကို သာယာမှုမှ တပါးဆိုယင် ကင်းနေပါတယ်။ သောတာပန် သကဒါဂါမ်တွေမှာလဲ ရှင်ရဟန်းဆိုယင် အများအားဖြင့် ကင်းဘို့ ရှိပါတယ် လူဝတ်ကြောင်တွေမှာလဲ ဥပုသ်သီလ ဆောက်တည်နေတဲ့အခါ တရားအားထုတ်နေတဲ့အခါများမှာ အဲဒါမျိုးတွေ ကင်းအောင်အားထုတ်ဖို့ လိုပါတယ်၊ဖြစ်ပေါ် လာယင်လဲ ရှုမှတ်ပြီးတော့ ဖြစ်စေ၊ တဖန် မဖြစ်စေတော့ဘူးလို့ ဆောက်တည်ပြီးတော့ ဖြစ်စေ ပယ်ပယ်သွားဘို့ လိုပါတယ်။ အဲဒီလို ပယ်သွားနိုင်လို့ရှိယင် မိမိတို့ကျင့်နေတဲ့ ဗြဟ္မစရိယအတွက် အင်မတန်ဝမ်းမြောက်စရာပါဘဲ၊ အစွန်းအကွက် အညစ်အနွမ်းမရှိဘဲ ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူ စင်ကြယ်နေတဲ့ ဗြဟ္မစရိယ ဖြစ်ပါတယ်။ အဲဒီလို ဗြဟ္မစရိယကို ရည်ရွယ်ပြီး ကျင့်ကြရအောင်လို့ ဒီနေရာမှာ ဒီမေထုန်ငယ် (၇) ပါးအကြောင်းကို ထည့်သွင်းပြီး ပြောခြင်းဖြစ်ပါတယ်။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ–လို့ ဆောက်တည်ပြီး ကျင့်ရတဲ့ ဗြဟ္မစရိယ သီလသက်သက်အလိုကတော့ နှစ်ဦးနှစ်ယောက် တို့ ပြုလုပ်အပ်တဲ့ မေထုန်အမှုကြီးကို မပြုယင် စင်ကြယ်နေတာပါဘဲ၊ အပြစ်ကင်းနေတာပါဘဲ။

အဲဒီ အဗြဟ္မစရိယ သိက္ခာပုဒ်ကို မဆောက်တည်နိုင်ကြတဲ့ လူဝတ်ကြောင်တွေအတွက် အဓိဋ္ဌာန်ဆောင်ပုဒ်ကတော့—

www.dhammaransi.com



ကာမဂုဏ်တို့၌ မှားယွင်း ကျူးလွန်မှုကို ကြဉ်ရှောင်မှုနှင့် ရှောင်
လွဲမည်၊ ကြဉ်ရှောင်မှုနှင့် အဆင့်အတန်းတက်မည်၊ ကာမေသုမိစ္ဆာစာရ
ကိလေသာမီးကို ကြဉ်ရှောင်မှု ဝိရတီဖြင့် ငြိမ်းသတ်မည်–လို့

ဒီလိုအဓိဋ္ဌာန်ပြုပြီးတော့ မပိုင်မဆိုင်တဲ့ ကာမဂုဏ်မှာ မကျူးလွန်မိအောင် ကြဉ်ရှောင်ကျင့်သုံးကြရမယ်။

## အပြစ်နှင့်အကျိုး

အဲဒီ ကာမေသုမိစ္ဆာစာရကို မရှောင်ဘဲ ကျူးလွန်ယင် ခံစားရတတ်တဲ့ မကောင်းကျိုးတွေကို အင်္ဂုတ္တရပါဠိတော်မှာ မြတ်စွာဘုရား ဟောထားတဲ့ စကားတော်ရှိပါတယ်၊ အဲဒါကို အလွယ်တကူမှတ်ရအောင် ဘုန်းကြီးက ဆောင်ပုဒ်စီထားပါတယ်။ "ကာမေသုမှာ၊ ပါယ်လားကာ၊ လူ့ရွာ ရန်သူများ"တဲ့။ ဆိုလိုတာကတော့ ကာမဂုဏ်တို့၌ မှားယွင်းကျူးလွန်တဲ့သူဟာ အပါယ်လေးပါး ကျတတ်တယ်၊ အပါယ်မှလွတ်ပြီးတော့ လူ့ဘဝရောက်လာတဲ့အခါမှာလဲ မုန်းတဲ့ ရန်သူတွေ များတတ်တယ်လို့ ဆိုလိုပါတယ်။ ကဲ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ကာမေသုမှာ၊ ပါယ်လားကာ၊ လူ့ရွာ ရန်သူများ။ (ဆို)

ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်ယင် ဘယ်လိုအကျိုးကို ရသလဲဆိုတော့– အဲဒီဆောင်ပုဒ်ကို ပြောင်းပြန် ပြန်ပြီး ယူရုံပါဘဲ၊ အပါယ်မှ ပြောင်းပြန်ဖြစ်တဲ့ နတ်ပြည်လောကကို ရောက်တတ်တယ်၊ အဲဒီကုသိုလ်ကံက အရှိန်ကုန်လို့ လူ့ဘဝ ရောက်လာတဲ့အခါလဲ ရန်သူကင်းတယ်၊ မုန်းတဲ့လူ မရှိဘူး၊ ချစ်တဲ့သူတွေ မိတ်ဆွေကောင်းတွေ များတယ်-လို့ ဒီလို ပြန်လှန်ပြီး ယူရုံပါဘဲ။ အဲဒါက အင်္ဂုတ္တရပါဠိတော်နှင့်အညီ ကာမေသုမိစ္ဆာစာရနှင့်စပ်ပြီး ရတတ်တဲ့ အပြစ်နှင့် အကျိုးတွေဘဲ။

ခုဒ္ဒကပါဌအဋ္ဌကထာနှင့် ဋီကာဝိုဏ်အဋ္ဌကထာများမှာတော့ အဗြဟ္မစရိယမှ ကြဉ်ရှောင်ခြင်း၏ အကျိုးတွေကို ၂၀-အထိ ပြဆိုထားပါတယ်။ အဲဒီ အကျိုး ၂၀-ထဲက အထူးမှတ်ဖွယ်ကောင်းတဲ့ အကျိုး(၈)ပါးကို ပမာနပြုပြီး ဆောင်ပုဒ် ၃-ခု စီထားတယ်။ အဲဒီ ၃-ပုဒ်ထဲက ပဌမဆောင်ပုဒ်မှာ "ရန်–ဘေးကင်းပ၊

www.dhammaransi.com



ချင်ခင်ကြ၊ ပေါလှ သုံးဘွယ်များ”တဲ့။ ဆိုလိုတာကတော့–ရန်ကင်းတယ်၊ **ဘေး** ကင်းတယ်၊ အများက ချစ်ခင်ကြတယ်၊ သုံးဆောင်ဘွယ်တွေ ပေါများတယ်–လို့ ဆိုလိုတယ်၊ အဲဒါဟာ အရေးကြီးတဲ့ အကျိုး ၄-ပါး-ဘဲ၊ အဲဒီ ၄-ပါးထဲမှာ ရန်ကင်းတယ်ဆိုတာက ဝိဂတပစ္စတ္ထိကတာ–ဆိုတဲ့ အဋ္ဌကထာရဲ့ ဘာသာပြန်ပါဘဲ၊ ဘေးကင်းတယ် ဆိုတာကတော့ (၁) အပါယဘယဝိနိမုတ္တတာ-အပါယ်ဘေးမှ လွတ်ခြင်း၊ (၂) အကုတောဘယတာ – ဘယ်အရပ်ကမှ ကြောက်ဖွယ်ဘေး မရှိခြင်း – ဆိုတဲ့ ဒီအကျိုး ၂-ပါးကို ပေါင်းပြီးပြထားတဲ့ စကားဘဲ။ နောက်ပြီးတော့ (၁) ပစ္စက္ခကာရိတာ–ပုန်းကွယ်ပြီးမပြုဘဲ မျက်မှောက်၌ပြုလေ့ရှိခြင်း ဆိုတာလဲ ကြောက်ဖွယ်မရှိလို့ပါဘဲ၊ (၂) အပတိတက္ခန္ဓတာ – ပခုံးမကျဘဲ ပြောရဲဆိုရဲ ရှိခြင်းဆိုတာလဲ ကြောက်ဖွယ်မရှိလို့ပါဘဲ၊ (၃) အနခေါမုခတာ – မျက်နှာ ခေါင်းမငုံ့ရဘဲ ပြောဆိုနိုင်ခြင်း ဆိုတာလဲ ကြောက်ဖွယ်မရှိလို့ပါဘဲ၊ ဒါကြောင့် ဒီအကျိုးသုံးပါးလဲ ဘေးကင်းတယ်ဆိုတဲ့ အကျိုးထဲမှာ ပါဝင်တယ်။ ဒါကြောင့် ဘေးကင်းတယ်ဆိုတာထဲမှာ အကျိုး ၅-ပါး ပါဝင်တယ်လို့ မှတ်ရမယ်။ “ချစ်ခင်ကြ ဆိုတာကတော့ သဗ္ဗဇနပ္ပိယတာ – ဆိုတဲ့ စကားရဲ့ ဘာသာပြန် ပါဘဲ၊ အဲဒီအကျိုးထဲမှာ အညမညပိယတာ – မိန်းမနှင့်ယောကျ်ား အချင်းချင်း ချစ်ခင်ခြင်းဆိုတာလဲ ပါဝင်တယ်။ သုံးဆောင်ဘွယ် ပေါများသည် ဆိုတာက တော့ အန္နပါနဝတ္ထသယနာဒီနံ လာဘိတာ – ထမင်း အဖျော် အဝတ် အိပ်ရာ အစရှိသော အသုံးအဆောင်တို့ကို များစွာရခြင်းဆိုတဲ့ စကားရဲ့ အတိုချုပ် ပါဘဲ။ ဒါကြောင့် ဒီဆောင်ပုဒ်ထဲမှာ အားလုံးပေါင်း အကျိုး ၉-ပါး ပါဝင် တယ်။ ကဲ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ရန်ဘေးကင်းပ၊ ချစ်ခင်ကြ၊ ပေါလှ သုံးဘွယ်များ။ (ဆို)

နောက်တပုဒ်ကတော့ “ရုပ်အင်စုံစွာ၊ မကဲ့ကွာ၊ ချမ်းသာ မရွံ့ရှား”တဲ့။ အဲဒီမှာ ရုပ်အင်စုံစွာဆိုတာက ရုပ်လက္ခဏာကိုယ်အင်္ဂါအလုံးစုံ ပြည့်စုံတယ်လို့ ဆိုလိုပါတယ်၊ အဲဒီစကားထဲမှာ (၁) ပရိပုဏ္ဏိန္ဒြိယတာ – မျက်စိ နားစသော ဣန္ဒြေများ ပြည့်စုံခြင်းလဲ ပါဝင်တယ်၊ (၂) ပရိပုဏ္ဏလက္ခဏတာ – အမျိုးသား အမျိုးသမီးကောင်းတို့မှာ ပြည့်စုံသင့်တဲ့ လက္ခဏာနှင့် ပြည့်စုံခြင်းဆိုတာလဲ ပါဝင် တယ်၊ (၃) နပုန်းပဏ္ဍုက် မဖြစ်ခြင်းဆိုတာလဲ ပါဝင်တယ်၊ (၄) ယောကျ်ား

www.dhammaransi.com



ဘဝမှ မိန်းမအဖြစ်သို့ မရောက်ရခြင်းဆိုတာလဲ ပါဝင်တယ်။ ဒါကြောင့် အဲဒီ စကားထဲမှာ အဋ္ဌကထာကပြထားတဲ့ အကျိုး ၄-ပါး ပါဝင်တယ်လို့ မှတ်ရမယ်။ မကွဲကွာ ဆိုတာကတော့ ပိယဝိပ္ပယောဂါဘာဝတာ – ချစ်ခင်မြတ်နိုးအပ်သော ပုဂ္ဂိုလ်ဝတ္ထုတို့နှင့် ကွဲကွာရမှု မရှိခြင်းဆိုတဲ့ စကားရဲ့ အတိုချုပ်ပါဘဲ။ ချမ်းသာ ဆိုတာကတော့ ချမ်းသာစွာအိပ်ရခြင်း, ချမ်းသာစွာနိုးရခြင်း, ချမ်းသာစွာနေ ရခြင်းဆိုတဲ့ အကျိုး ၃-ပါးကို အတိုချုံးပြတဲ့ စကားပါဘဲ၊ အဲဒီအကျိုးထဲမှာ စားဝတ်နေရေး စသည်အတွက် ကြောင့်ကြမပူရခြင်းဆိုတဲ့ အကျိုးကိုလဲ ထည့်သွင်း ယူနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုယင် ကြောင့်ကြမစိုက်ရတော့ မပင်ပန်းဘူး ချမ်းသာတယ်ဆိုတာ ပါဝင်နေလို့ပါဘဲ။ နောက်ပြီးတော့ အကျောခနေတာ – ဒေါသမကြီးဘူး ဆိုတာကိုလဲ ထည့်သွင်းယူနိုင်ပါသေးတယ်၊ ဘာကြောင့်လဲဆိုယင် အမျက်ထွက်လွယ်ပြီး ဒေါသကြီးနေယင် ဆင်းရဲတယ်၊ မချမ်းသာဘူး၊ အမျက်မထွက်ယင် ချမ်းသာတယ်ဆိုတာ ပါဝင်နေလို့ပါဘဲ။ ဒါကြောင့် ချမ်းသာဆိုတဲ့ စကားထဲမှာ အကျိုး ၅-ပါး ပါဝင်တယ်။ မရွံ့ရှား ဆိုတာကတော့ နိရာသင်္ကတာပုဒ်ရဲ့ ဘာသာပြန်ပါဘဲ။ ဒါကြောင့် ဒီဒုတိယ ဆောင်ပုဒ်ထဲမှာ အကျိုး ၁၁-ပါး ပါဝင်တယ်။ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ရုပ်အင်စုံစွာ၊ မကွဲကွာ၊ ချမ်းသာ မရွံ့ရှား။ (ဆို)

အဲဒါတွေဟာ အကျဉ်းအားဖြင့် (၈)ပါး၊ အကျယ်အားဖြင့် (၂၀)ရှိတယ်၊ အဲဒီအကျိုးတွေဟာ ကာမေသုမိစ္ဆာစာရမှ ရှောင်တဲ့ကုသိုလ်၏ အကျိုးတွေ ဖြစ်တယ်၊ ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်ရုံနဲ့တောင် ဒီ အကျိုးတွေကို ရနိုင်ယင် အဗြဟ္မစရိယမှ ကြဉ်ရှောင်တဲ့သူမှာတော့ အဲဒါတွေထက် ပိုပြီးရဘို့ဘဲ ရှိပါတယ်၊ ဒါကြောင့် "မိစ္ဆာရှောင်နှင့်၊ မြတ်သောကျင့်၊ ရသင့်အကျိုးများ" လို့ နိဂုံးချုပ် ဆောင်ပုဒ်ကိုလဲ စီထားတယ်။ ကဲ အဲဒါကို ဆိုကြရမယ်။

မိစ္ဆာရှောင်နှင့်၊ မြတ်သောကျင့်၊ ရသင့်အကျိုးများ။ (ဆို)

ယခုဆိုခဲ့တဲ့ အကျဉ်းချုပ်အကျိုး (၈)ပါး၊ အကျယ်အကျိုး (၂၀)ဆိုတာ တွေဟာ ငါးပါးသီလ ဆောက်တည်တဲ့အခါ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ-သိက္ခာပဒံ သမာဒိယာမိ – လို့ ဆောက်တည်ပြီး ကာမေသုမိစ္ဆာစာရမှ ကြဉ်

www.dhammaransi.com



ရှောင်တဲ့ သီလကုသိုလ်ဖြင့် ရနိုင်တဲ့အကျိုးများလဲ ဖြစ်တယ်၊ ရှစ်ပါးသီလ ဆောက်တည်တဲ့အခါ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ–လို့ ဆောက်တည်ပြီး အဗြဟ္မစရိယမှ ကြဉ်ရှောင်တဲ့ ဗြဟ္မစရိယသီလကုသိုလ်ဖြင့် ရနိုင်တဲ့ အကျိုးများလဲ ဖြစ်တယ်၊ ရှင်ရဟန်းများ အမြဲတမ်းကျင့်နေတဲ့ ဗြဟ္မစရိယသီလကုသိုလ်၏ အကျိုးလဲဖြစ်တယ်ဆိုတာကတော့ အထူးပြောနေဘို့ မလိုတော့ပါဘူး။ အဲဒီဗြဟ္မစရိယအကျင့်ဖြင့် ဒီလိုအကျိုးတွေရပုံကို သာဓက ဝတ္ထုတခု ထုတ်ပြီး ပြရဦးမယ်။

## အမျိုးသားများဘက်က ဝတ္ထု

ကဿပမြတ်စွာဘုရား လက်ထက်တော်က သာသနာတော်နောက်ပိုင်းမှာ အချို့သော ရှင်ရဟန်းများ အကျင့်သိက္ခာ ချွတ်ယွင်းဖောက်ပြန်ကြတာကို တွေ့မြင်ကြရလို့ အကျင့်သိက္ခာကိုလိုလားတဲ့ ရဟန်းတော်(၇)ပါးဟာ သဘောတူ တိုင်ပင်ပြီး တောထွက်ကြတယ်၊ တောင်ကလာပ်တခုပေါ်သို့ လှေကားထောင်ပြီး တက်ကြတယ်၊ တောင်ပေါ်ရောက်တော့ အားလုံးသဘောတူ အဲဒီလှေကားကို လှဲလိုက်ကြတယ်၊ အသက်ကို မငဲ့ကွက်ဘဲ တရားအားထုတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ကြတာပါဘဲ၊ အဲဒီလို အသက်ကိုမငဲ့ဘဲ အားထုတ်ကြရာမှာ ရှေးဦးစွာ သံဃာ့မထေရ်ကြီးက ရဟန္တာဖြစ်တယ်၊ အဘိညာဉ်တန်ခိုးနှင့်လဲ ပြည့်စုံတယ်၊ ဒါကြောင့် အဲဒီမထေရ်ကြီးက အဘိညာဉ်တန်ခိုးဖြင့် ဆွမ်းခံကြွပြီး ကျန်တဲ့ ၆-ပါးကို သူယူလာခဲ့တဲ့ဆွမ်း ဘုဉ်းပေးကြဘို့ ဖိတ်ကြားပြောဆိုတယ်၊ ဒါပေမဲ့ အဲဒီရဟန်းများက သူတပါးယူလာတဲ့ဆွမ်းကို စားနေယင် သေဘေးကို မကြောက်ပဲ ပေါ့လျော့နေလိမ့်မယ်ဆိုတဲ့ ယင်မြင်ချက်နဲ့ အဲဒီဆွမ်းကို လက်မခံဘဲ အားထုတ်နေကြတယ်။

နောက်တရက်ကျတော့ ကျန်တဲ့ ၆-ပါးထဲက အကြီးဆုံးမထေရ်က အနာဂါမ် ဖြစ်တယ်၊ အဘိညာဉ်တန်ခိုးနဲ့လဲ ပြည့်စုံတယ်၊ အဲဒီ အနာဂါမ်မထေရ်ကလဲ နည်းတူဘဲ ဆွမ်းခံကြွပြီး ကျန်တဲ့ရဟန်း ၅-ပါးကို ဆွမ်းလှူပြန်တယ်၊ အဲဒီ ဆွမ်းကို အဲဒီ ရဟန်း ၅-ပါးက လက်မခံဘဲ တရားကိုသာ အားထုတ်နေကြတယ်။ ဒါပေမဲ့ အဲဒီရဟန်း ၅-ပါးမှာ ပါရမီဉာဏ်ကြွေက မရင့်ကျက်သေးလို့ မဂ်ဖိုလ်

www.dhammaransi.com



တရားထူးကိုတော့ မရရှာကြဘူး၊ နောက်ဆုံးတနေ့မှာ အစာငတ် ရေငတ်တာနဲ့ ကွယ်လွန်တော်မူရှာကြတယ်။

ဒီနေရာမှာ ဒီကိုယ်တော်တွေဟာ အလွန်အကျုံကျင့်လို့ မသေသင့်ဘဲ သေသွားကြရတယ်၊ ဆုံးရှုံးသွားရှာကြတယ်လို့ ထင်စရာရှိတယ်၊ ဒါပေမဲ့ ယောနိသောမနသိကာရနဲ့ ဆင်ခြင်ကြည့်ယင် မဆုံးရှုံးပါဘူး- အများကြီး မြတ်ပါတယ်၊ ဘယ်လိုလဲဆိုယင် – အဲဒီကိုယ်တော်တွေဟာ ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်ကို ကောင်းစွာ မကျင့်ဘဲ ချမ်းသာစွာနှင့် စားသောက်ပြီး အသက်နှစ်သောင်းတမ်း ကာလပတ်လုံး အသက်ရှည်နေကြပေမဲ့ သေသည်၏အခြားမဲ့မှာ ကောင်းကျိုးချမ်းသာတွေကို များစွာရကြမှာ မဟုတ်ဘူး၊ ယခုတော့ သူတို့ဟာ ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်ကို အပြည့်အစုံ ကောင်းစွာကျင့်ပြီး သေသွားကြတဲ့အတွက် သေသည်၏အခြားမဲ့မှာ နတ်ပြည်လောကကို ရောက်ကြတယ်၊ အဲဒါဟာ တဘဝနှစ်ဘဝ အနည်းငယ်မျှမဟုတ်ဘူး၊ ကဿပမြတ်စွာဘုရား လက်ထက်တော်မှစပြီး ယခုဘုရား လက်ထက်ရောက်အောင် နတ်ပြည်မှာချည်း ထပ်ကာ ထပ်ကာဖြစ်ပြီး နတ်စည်းစိမ်ချမ်းသာတွေကို ခံစားလာခဲ့ကြရတယ်။ယခုဘုရားလက်ထက်ကျတော့လဲ အဲဒီငါးပါးလုံး ကျွတ်တမ်းဝင်ကြရတယ်၊ တပါးက အရှင်ဒဗ္ဗဆိုတဲ့ ရဟန္တာဖြစ်တယ်၊ တပါးက အရှင်ကုမာရကဿပဆိုတဲ့ ရဟန္တာဖြစ်တယ်၊ တပါးက ဗာဟိယဒါရုစီရိယဆိုတဲ့ ရဟန္တာဖြစ်တယ်၊ တပါးက သဘိယဆိုတဲ့ ပရိဗိုဇ်အဖြစ်မှ မြတ်စွာဘုရားထံ ပြဿနာများကို မေးလျှောက်ပြီးတော့ ရဟန္တာဖြစ်တယ်၊ တပါးက ပုက္ကုသာတိဆိုတဲ့ မင်းအဖြစ်မှ ဓာတုဝိဘင်္ဂသုတ်တရားကိုနာပြီး အနာဂါမ်ဖြစ်တယ်၊ မကြာခင်ဘဲ စုတေပြီး သုဒ္ဓါဝါသဗြဟ္မာ့ဘုံရောက်ပြီး ရဟန္တာဖြစ်သွားတယ်။ အဲဒီငါးပါးလုံး နတ်ပြည်မှာအကြိမ်ကြိမ်ဖြစ်ပြီး နတ်စည်းစိမ်ချမ်းသာတွေ ခံစားကြရတာရယ်၊ ယခုဘုရားလက်ထက်မှာ ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင်ကြရတာရယ် – ဒါတွေဟာ ရဟန်းအဖြစ်နဲ့ ဗြဟ္မစရိယအကျင့်ကို ကျင့်ခဲ့ကြလို့ပါဘဲ၊ ဒါကြောင့် သူတို့ဟာ ဟိုဘဝက အစာပြတ်ပြီး သေခဲ့ကြရပေမဲ့ အများကြီး အမြတ်ရတယ်လို့ ဆိုနိုင်ပါတယ်၊ အဲဒါဟာ အမျိုးသားများဘက်က ဗြဟ္မစရိယအကျင့်ဖြင့် ကောင်းကျိုးများကိုရပုံ သာဓကဝတ္ထုပါဘဲ။ (ဤဝတ္ထုအကျယ်ကို ဝမ္မိကသုတ်တရားတော်မှာ ကြည့်ပါ)။

www.dhammaransi.com



## အမျိုးသမီးများဘက်က ဝတ္ထု

အမျိုးသားများဘက်က ပြောပြီးတော့ အမျိုးသမီးများဘက်ကလဲ ပြောရဦးမယ်၊ ကဿပမြတ်စွာဘုရားလက်ထက်တော်က သက်တော်ထင်ရှား ကဿပမြတ်စွာဘုရားကို ပြုစုလုပ်ကျွေးတဲ့ ဒါယကာအရင်းဖြစ်တဲ့ ကိကီဆိုတဲ့ ဗာရာဏသီပြည်က မင်းတပါးရှိခဲ့တယ်၊ အဲဒီမင်းမှာ သမီးတော်(၇)ယောက် ရှိတယ်၊ တယောက်က သမဏီ-တဲ့၊ အခြားတယောက်က သမဏဂုတ္တာ-တဲ့၊ နောက်တယောက်က ဘိက္ခုနီ-တဲ့၊ နောက်တယောက်က ဘိက္ခုဒါယိကာ-တဲ့၊ နောက်တယောက်က ဓမ္မာ-တဲ့၊ နောက်တယောက်က သုဓမ္မာ-တဲ့၊ နောက်ဆုံးတယောက်က သံဃဒါယိကာ-တဲ့၊ ဒီအမည်တွေကို စဉ်းစားကြည့်လိုက်ယင် အဲဒီ ကိကီမင်းကြီးဟာ သာသနာတော်ကို အလွန်ကြည်ညိုကြောင်း သိရပါတယ်၊ ဘာကြောင့်လဲဆိုယင် သူ့သမီးတော်တွေကို သာသနာနဲ့စပ်တဲ့ အမည်တွေချည်း ပေးထားလို့ပါဘဲ၊ အဲဒီ သမီးတော်(၇)ယောက်ကလဲ သာသနာတော်ကို အလွန်ကြည်ညိုကြပါတယ်၊ ကြည်ညိုကြတဲ့အတွက် သာသနာတော်မှာ ရဟန်းပြုလိုတဲ့ဆန္ဒတွေ ထက်သန်စွာ ဖြစ်ကြပါတယ်၊ ဒါကြောင့် သူတို့ရဲ့ခမည်းတော်မင်းကြီးထံ ရဟန်းပြုဘို့ ခွင့်တောင်းကြပါတယ်၊ ဒါပေမဲ့ မင်းကြီးက ခွင့်မပြုလို့ သာသနာတော်ကိုတော့ မဝင်ရရှာကြဘူး၊ လူ့ဘဝတွင်ဘဲ အိမ်ထောင်မပြုဘဲ ဗြဟ္မစရိယခေါ်တဲ့ မြတ်သောအကျင့်ကို အနှစ် နှစ်သောင်းကာလပတ်လုံး ကျင့်သုံးလာခဲ့ကြပါတယ်-တဲ့၊ ဒါကြောင့် အပဒါန်ပါဠိတော်မှာ ဒီလိုပြဆိုထားပါတယ်။

> အနုဇာနိ န နော တာတော၊ အဂါရေဝ တဒါ မယံ။
> ဝီသဝဿသဟဿာနိ၊ ဝိစရိမှ အတန္ဒိတာ။
>
> ကောမာရဗြဟ္မစရိယံ၊ ရာဇကညာ သုခေဓိတာ။
> ဗုဒ္ဓေါပဋ္ဌာနနိရတာ၊ မုဒိတာ သတ္တ ဓီတရော။

နော၊ သမီးတော်ဖြစ်ကြသော ငါတို့၏။ တာတော၊ ခမည်းတော်ဖြစ်သော ကိကီမင်းကြီးသည်။ နော၊ ငါတို့အား။ န အနုဇာနိ၊ ရဟန်းပြုရန် ခွင့်မပြုခဲ့ပေ။ တသ္မာ၊ ထို့ကြောင့်။ တဒါ၊ ထိုစဉ်အခါ ထိုဘဝကာလ၌။ ရာဇကညာ၊ ကိကီမင်းကြီး၏ သမီးကညာဖြစ်ကြကုန်သော။ သုခေဓိတာ၊ ချမ်းသာစွာ

www.dhammaransi.com



ကြီးပွါးလာကုန်သော။ သတ္တမိတရော၊ သမီးတော် ခုနစ်ယောက်ဖြစ်ကြကုန်သော။ မယံ၊ ငါတို့သည်။ ဗုဒ္ဓေါပဋ္ဌာနနိရတာ၊ မြတ်စွာဘုရားအား ဆွမ်းစသည်ဖြင့် ပြုစုလုပ်ကျွေးခြင်း၌ အမြဲတမ်းမွေ့လျော်ကုန်သည်ဖြစ်၍။ အဂါရေဝ၊ နန်းတော်တွင်း အိမ်တော်၌သာလျှင်။ ဝါ-လူ့ဘောင်၌သာလျှင်။ ကောမာရ-ဗြဟ္မစရိယံ၊ အပျိုစဉ်အဖြစ်ဖြင့် မြတ်သောအကျင့်ကို။ အတန္ဒိတာ၊ ပျင်းရိခြင်းမရှိကုန်ဘဲ။ ဝါ-အိမ်ထောင်ပြုလိုခြင်း မရှိကုန်ဘဲ။ မုဒိတာ၊ ဝမ်းမြောက်ပျော်ရွှင်ကြကုန်လျက်။ ဝီသဝဿသဟဿာနိ၊ အနှစ် နှစ်သောင်းတမ်းကာလပတ်လုံး။ ဝိစရိမှ၊ ကျင့်သုံးနေထိုင်ခဲ့ကြပါကုန်သတည်း။

အဲဒီမှာ ဘုရင်မင်းမြတ်၏ သမီးတော်တွေဆိုတော့ မွေးဖွားလာကတည်းက အထိန်းတော်တွေနဲ့ ယုယုယယ ပြုစုစောင့်ရှောက်ခံရပြီး ကြီးလာကြရတယ်၊ ဒါကြောင့် သုခေဓိတာ၊ ချမ်းသာစွာ ကြီးပွါးလာကြတယ်လို့ ဆိုထားပါတယ်။ နောက်ပြီးတော့ သူတို့မှာ စား ဝတ် နေရေး စသည်အတွက် ဘာမျှ ကြောင့်ကြမစိုက်ကြရဘူး၊ အိမ်ထောင်ကလဲ မရှိတော့ ဘာမျှ ပူပန်စရာ ကြောင့်ကြစိုက်စရာ မရှိကြဘူး၊ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးတဲ့ အလုပ်သာ ရှိကြတယ်၊ ဒါကြောင့် ဗုဒ္ဓေါပဋ္ဌာနနိရတာ၊ ဘုရားအား ပြုစုလုပ်ကျွေးခြင်း၌ အမြဲတမ်းမွေ့လျော်နေကြတယ်လို့လဲ ဖော်ပြထားပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ တရားအကျင့်ကတော့ ကောမာရဗြဟ္မစရိယအကျင့်-တဲ့၊ ကောမာရ-ကုမာရီ-အပျိုစဉ်အဖြစ်နဲ့ ဗြဟ္မစရိယ မြတ်သောအကျင့်ကို ကျင့်သုံးခဲ့ကြပါတယ်၊ အဲဒါက တနေ့တရက်မျှလဲ မဟုတ်ဘူး၊ တလမျှ တနှစ်မျှလဲ မဟုတ်ဘူး၊ သူတို့ရဲ့ အသက်တမ်းရှိသမျှ အနှစ် နှစ်သောင်းကာလပတ်လုံး ကျင့်သုံးခဲ့ကြပါတယ်-တဲ့၊ ဒီလိုအကြာကြီးဆိုတော့ မပျင်းကြ မငြီးငွေ့ကြဘူးလားလို့ မေးစရာရှိတယ်၊ ဒါကြောင့် အတန္ဒိတာ-ပျင်းရိခြင်း ငြီးငွေ့ခြင်းလဲ မရှိကြပါဘူးလို့ ဖော်ပြထားပါတယ်၊ အဲဒီ မြတ်သောအကျင့်ကထွက်ပြီး အိမ်ထောင်ပြုလိုတဲ့စိတ်လဲ မရှိကြပါဘူးလို့ ဆိုလိုပါတယ်။ နောက်ပြီးတော့ မုဒိတာ-ဝမ်းမြောက်ဝမ်းသာနဲ့ဘဲ ကျင့်သုံးခဲ့ကြပါတယ်လို့လဲ ဖော်ပြထားသေးတယ်။

အဲဒီလို အနှစ် နှစ်သောင်းကာလပတ်လုံး အပျိုစဉ်အဖြစ်နဲ့ ဗြဟ္မစရိယကို ကျင့်သုံးလာခဲ့ကြတဲ့အတွက် အဲဒီ ဘဝက ကွယ်လွန်ကြတဲ့အခါမှာ နတ်ပြည်

www.dhammaransi.com



လောက ရောက်ပြီးတော့ နတ်စည်းစိမ်ချမ်းသာတွေကို အကြိမ်ကြိမ်ခံစားလာခဲ့ကြရတယ်၊ တရံတခါလဲ လူ့လောကရောက်ပြီး လူ့ချမ်းသာတွေနဲ့ ပြည့်စုံလာခဲ့ကြတယ်၊ ယခု နောက်ဆုံးဘဝကျတော့ ဘုရားသာသနာတော်မှာ တရားထူးတွေကို ရကြပါတယ်၊ အဲဒီ သမီးတော်ခုနစ်ယောက်ထဲက သမဏီဆိုတဲ့ အကြီးဆုံးသမီးတော်က ပညာအရာမှာ ဧတဒဂ်ရတဲ့ ပဋ္ဌမအဂ္ဂသာဝိက ခေမာထေရီဆိုတဲ့ ရဟန္တာမ ဖြစ်လာတယ်။

## ( ၁ ) ခေမာထေရီဝတ္ထု

သူ့ဖြစ်ပုံကတော့ ပဋ္ဌမက သူဟာ မဂဓတိုင်းပြည်၏ဘုရင် ဗိမ္ဗိသာရမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်ခဲ့တယ်၊ မြတ်စွာဘုရားက ဥရုဝေလတောမှ ရသေ့တထောင်ကိုချွတ်ပြီး အဲဒီ ရသေ့တွေမှ ဖြစ်လာတဲ့ ရဟန္တာတထောင်နှင့်တကွ ရာဇဂြိုဟ်မြို့ကို ကြွလာတော်မူတဲ့အခါ ဗိမ္ဗိသာရမင်းကြီးက တသိန်းနှစ်သောင်းသော လူထုနှင့်တကွ ခရီးဦးကြိုဆိုပါတယ်၊ အဲဒီအခါမှာ မြတ်စွာဘုရားက သူတို့နှင့် သင့်လျော်တဲ့တရားကို ဟောတော်မူတယ်၊ အဲဒီတရားကို နာရတဲ့အတွက် ဗိမ္ဗိသာရမင်းကြီးနှင့်တကွ တသိန်းတသောင်းသော လူတွေဟာ သောတာပန် ဖြစ်ကြတယ်၊ ဗိမ္ဗိသာရမင်းကြီးဟာ နောက်တရက်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းကပ်ပြီးတော့ ဝေဠုဝန်ဉယျာဉ်တော်ကို ကျောင်းတိုက်အဖြစ်ဖြင့် ဘုရားအမှူးရှိတဲ့ သံဃာကို လှူတယ်၊ အဲဒီအခါကစပြီး သံဃာတော်များနှင့်တကွ မြတ်စွာဘုရားဟာ ဝေဠုဝန်ကျောင်းတိုက်တော်မှာ သီတင်းသုံးပြီး တရားဟောနေတော်မူပါတယ်၊ ဝါတော်စဉ်အားဖြင့်ဆိုယင် ဒုတိယ တတိယ စတုတ္ထဝါများနှင့် ၁၇-ခုမြောက်ဝါ နှစ်ဆယ်မြောက်ဝါများမှာ အဲဒီ ဝေဠုဝန်ကျောင်းတိုက်တော်မှာဘဲ သီတင်းသုံးတော်မူပါတယ်၊ အခြားဝါများမှာလဲ ဝါပကာလများမှာ ဒေသစာရီကြွရင်း အခိုက်အတန့် သီတင်းသုံးတော်မူပါတယ်၊ အဲဒီလို သီတင်းသုံးတော်မူတဲ့အခါများမှာ ဗိမ္ဗိသာရမင်းကြီးက အခွင့်သာတိုင်း မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး တရားနာလေ့ ရှိပါတယ်။

ဒါပေမဲ့ ခေမာဆိုတဲ့ သူ့ရဲ့မိဖုရားကြီးကတော့ မြတ်စွာဘုရားထံ ချဉ်းကပ်ခြင်း မရှိဘူးတဲ့၊ ဘာကြောင့်လဲဆိုယင် သူက ရုပ်အဆင်း အလွန်လှပတဲ့အတွက်

www.dhammaransi.com



သူ့ရုပ်အဆင်းကိုသာ အလေးအမြတ်ပြုပြီး အလှပြင်ဆင်နေတယ်၊ မြတ်စွာဘုရားက ရုပ်အဆင်းကို ကဲ့ရဲ့ရှုတ်ချပြီး တရားဟောလေ့ရှိတယ် ဆိုတာကိုလဲ သူက သတင်းကြားထားတယ်၊ ဒီတော့ သူ့ကို တွေ့ယင်လဲ မြတ်စွာဘုရားက ကဲ့ရဲ့ရှုတ်ချပြီး တရားဟောလိမ့်မယ်လို့ သူက ထင်မြင်ပြီး ကြောက်ရွံ့နေလို့ မသွားဘဲနေခြင်း ဖြစ်ပါသတဲ့။ ဗိမ္ဗိသာရမင်းကြီးကတော့ တရားကိုသိပြီး ဖြစ်တဲ့အတွက် သူ့မိဖုရားကြီး ခေမာကို ဘုရားထံ ဆည်းကပ်စေချင်တယ်၊ တရားနာစေချင်တယ်၊ ဒါပေမဲ့ ခေမာမိဖုရားကြီးကတော့ ဘုရားထံ သွားလိုတဲ့ စိတ်မရှိဘူး၊ မိဖုရားကြီးဆိုပေမဲ့ အရွယ်ကတော့ သိပ် မကြီးလှသေးပေဘူး၊ ဗိမ္ဗိသာရမင်းကြီးတောင် မြတ်စွာဘုရားအောက် ငါးနှစ်ငယ်တယ်ဆိုတော့ အဲဒီ အခါတုန်းက ခေမာမိဖုရားဟာ အသက် နှစ်ဆယ်ကျော် သုံးဆယ်အရွယ် လောက်ပဲ ရှိဟန်တူပါတယ်၊ ဒါကြောင့် သူက ရုပ်အဆင်းကိုသာ တသသ ပြင်နေသတဲ့။ ဒီတော့ မင်းကြီးက ခေမာမိဖုရားကြီး ဝေဠုဝန်ဉယျာဉ်တော်ကို သွားချင်အောင် ကဗျာဆရာတွေကို ဝေဠုဝန်ဉယျာဉ်တော်ဖွဲ့ သီချင်းများကို အရေးခိုင်းပြီး အဆိုတော်များကို ဆိုစေတယ်။

ကဗျာဆရာတွေကလဲ အရေးအသား အဖွဲ့အနွဲ့ တယ်ကောင်းတယ်၊ "မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဝေဠုဝန်ဉယျာဉ်တော်ဟာ အလွန် ပျော်မွေ့ဘွယ် ကောင်းတဲ့အကြောင်း၊ အဲဒီ ဉယျာဉ်တော်ကို တွေ့မြင်ရယင် နတ်ပြည်က နန္ဒဝန် ဉယျာဉ်ကို တွေ့မြင်ရတာနဲ့ တူညီကြောင်း၊ နတ်တွေတောင် နန္ဒဝန်ဉယျာဉ်မှ ထွက်ခွါခဲ့ကြပြီးတော့ ဝေဠုဝန်ဉယျာဉ်တော်သို့ လာကြကြောင်း၊ မွေ့လျော် ဘွယ်ကောင်းလှတဲ့ ဝေဠုဝန်ဉယျာဉ်တော်ကို မြင်ကြရတော့ နတ်တွေဟာ အံ့မခန်းဖြစ်ပြီး ရှုစား၍ အားမရနိုင်ဘဲ ရှိကြတဲ့အကြောင်း၊ မင်း၏ဘုန်းကံ ကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဠုဝန်ဉယျာဉ်တော်ဟာ မြတ်စွာဘုရား၏ ဘုန်းကံ တော်ကြောင့် တမျိုးတဖုံ အလွန်တင့်တယ်နေကြောင်း"စသည်တို့ကို ဖော်ပြပြီး စီကုံးထားကြပါတယ်၊ ပါဠိဂါထာသီချင်းတွေပါဘဲ၊ အသံကောင်းကောင်း အရွတ်အဆိုကောင်းကောင်းနဲ့ ရွတ်ပြီး ဟောလိုက်ရယင် အင်မတန်ကောင်းမှာ ပါဘဲ။

www.dhammaransi.com



အဲဒီ သီချင်းတွေကို နန်းတွင်းသူတွေကလဲ သီဆိုနေကြတယ်၊ အဲဒီ သီဆိုသံတွေကို ကြားရတော့ ခေမာမိဖုရားကြီးမှာ ဝေဠုဝန်ဥယျာဉ်တော်သို့ သွားလိုတဲ့ အကြံအစည်ဖြစ်လာတယ်၊ ဝေဠုဝန်ဥယျာဉ်တော်ဟာ မြတ်စွာဘုရား၏ ဘုန်းကံတော်ကြောင့် တမျိုးတဖုံ အလွန်တင့်တယ်သာယာနေတယ်လို့လဲဆိုတယ်၊ နတ်ပြည်က နတ်တွေတောင် လာကြပြီးတော့ ရှုစားလို့ အားမရနိုင်အောင် ဖြစ်နေတယ်လို့လဲ ဆိုတယ်၊ ငါလဲ မရောက်တာ ကြာသွားပြီ၊ ယခုတခါ သွားကြည့်ဦးမှဘဲလို့ အကြံအစည် ဖြစ်လာသတဲ့။ အဲဒီမှာ ဝေဠုဝန်ဥယျာဉ်တော်ဟာ မြတ်စွာဘုရား၏ ဘုန်းကံတော်ကြောင့် တမျိုးတဖုံ အလွန်တင့်တယ်သာယာနေတယ်ဆိုတာလဲ မှန်ပါပေတယ်၊ ရှေးကတော့ ရိုးရိုးပန်းပင် အသီးပင် စသည်ဖြင့်သာ တင့်တယ်သာယာခဲ့တယ်၊ ယခုတော့ မြတ်စွာဘုရား၏ တရားတော်သံဖြင့်လဲ တင့်တယ်သာယာနေတယ်၊ တရားအားထုတ်နေတဲ့ ရဟန်းတော်တွေ ယောဂီပုဂ္ဂိုလ်တွေဖြင့်လဲ တင့်တယ်သာယာနေတယ်။ ဈာန်သမာပတ် ဝင်စားနေတဲ့ အရှင်မြတ်တွေဖြင့်လဲ တင့်တယ်သာယာနေတယ်၊ နောက်ပြီးတော့ နတ်တွေဟာ ဥယျာဉ်တော်ကို လာရောက်ပြီး အားမရနိုင်အောင် ပျော်နေကြတယ်ဆိုတာလဲ မှန်ပါပေတယ်၊ နတ်တွေဟာ မြတ်စွာဘုရားထံ လာရောက်ကြတယ်၊ တရားနာခြင်း ဘုရားနှင့်သံဃာတော်ကို ဖူးမြော်ခြင်းဖြင့် အားမရနိုင်ဘဲ ရှိနေကြတယ်၊ ဒါကြောင့် စာရေးဆရာတွေက စီကုံးထားတဲ့အတိုင်း အမှန်တွေချည်း ဖြစ်နေပါတယ်။

အဲဒီလို အကြံအစည်ဖြစ်ပြီးတော့ ခေမာမိဖုရားကြီးဟာ ဝေဠုဝန်ဥယျာဉ်တော်ကိုသွားဘို့ ဘုရင်မင်းမြတ်ထံ ခွင့်ပန်တယ်၊ ဘုရင်မင်းမြတ်က ဝမ်းမြောက်ဝမ်းသာနဲ့ ခွင့်ပြုလိုက်တယ်၊ ဒါပေမဲ့ မြတ်စွာဘုရားကိုလဲ ဖူးမြော်ခဲ့ရမယ်ဆိုတဲ့ အချုပ်အချယ်ကလေးတခုပါ ထည့်ပေးလိုက်တယ်၊ ဒီတော့ ခေမာမိဖုရားက "ကျောင်းတော်မှာ ဘုရားမရှိတဲ့အချိန်သွားမယ်"လို့ ကြံပြီးတော့ နံနက်ခင်း မြတ်စွာဘုရား ဆွမ်းခံကြွနေတဲ့အချိန်မှာ ဥယျာဉ်တော်ကို သွားပါသတဲ့၊ မြတ်စွာဘုရားမရှိခိုက်မို့ မဖူးမြော်ခဲ့ရဘူးလို့ ဘုရင်မင်းမြတ်အား ဖြေရှင်းပြဘို့ ရည်ရွယ်ချက်နဲ့ သွားတာပါဘဲ၊ ဒါပေမဲ့ ဥယျာဉ်တော်ရောက်တော့ ဥယျာဉ်တော်၏ ရှုမျှော်ခင်း ကြည့်နူးဘွယ်တွေကို တွေ့မြင်ရတဲ့အတွက် အင်မတန်

www.dhammaransi.com



ဝမ်းမြောက် ဝမ်းသာ ဖြစ်နေတယ်၊ ရှုမျှော်ခင်းတွေကို တခုပြီး တခု လျှောက်ကြည့်နေရင်း တခုသော သစ်ပင်အောက်မှာ ထိုင်ပြီး တရား အားထုတ်နေတဲ့ ရဟန်းငယ်တပါးကို တွေ့ရတော့ သူ့စိတ်ထဲမှာ အလွဲရှောက်ပြီး ကြံတွေးမိတယ်၊ ပျိုရွယ်စဉ်မှာ ကာမဂုဏ်အာရုံတွေကို ခံစားပြီးတော့ အိုမင်းကြီးရင့်မှ ရဟန်းတရား အားထုတ် သင့်တာဘဲ၊ ဒီကိုယ်တော် ကလေးကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာကြောင့် ရဟန်းပြုပြီး တရားအားထုတ် နေပါလိမ့်မလဲလို့ ကြံတွေးမိပါသတဲ့။ ယခုနေအခါလဲ ဒီလို ထင်မြင်ကြံတွေးတဲ့လူတွေ ရှိမှာပါဘဲ။

အချိန်အတန်ကြာလို့ နန်းတော်ကို ပြန်ဘို့ ခေမာကပြောတဲ့အခါမှာ အမတ်ကြီးတွေက မြတ်စွာဘုရားကို ဖူးမြော်ပြီးမှ ပြန်ခဲ့ဘို့ ဘုရင်မင်းမြတ်က မိန့်မှာလိုက်တဲ့အကြောင်း အတင်းအကြပ်ပြောကြတယ်၊ ဒီတော့ ခေမာမိဖုရားဟာ မငြင်းသာတာနဲ့ ဂန္ဓကုဋီတိုက်သို့ သွားရတယ်၊ မြတ်စွာဘုရား ဆွမ်းခံရာမှ ပြန်မရောက်သေးဘဲ ရှိကောင်းပါရဲ့လို့လဲ သူက မြော်လင့် လိုက်သေးသတဲ့၊ မြတ်စွာဘုရားနဲ့ လွဲအောင်လို့ တိမ်းရှောင်တဲ့ သဘောပါဘဲ။ ဒါပေမဲ့ ဘဝပေါင်းများစွာက ဆည်းပူးခဲ့တဲ့ ပါရမီက ပြည့်စုံနေတော့ ရှောင်တိမ်းလို့မရဘူး၊ မြတ်စွာဘုရားနဲ့ ပက်ပင်းပါ တွေ့ရတော့တာဘဲ၊ ဂန္ဓကုဋီတိုက်ထဲ ဝင်သွားတဲ့အခါ မြတ်စွာဘုရား၏ အနီးမှာ နတ်သမီးတမျှ အလွန်လှပတဲ့ သူငယ်မပျိုကလေးက မြတ်စွာဘုရားအား ယပ်ခပ်ပြီး ဝတ်ပြုနေတာကိုလဲ တွေ့ရတယ်။ အမှန်ကတော့ အဲဒီ သူငယ်မပျိုကလေးဆိုတာဟာ မြတ်စွာဘုရားက အဘိညာဉ်တန်ခိုးဖြင့် ဖန်ဆင်းထားတဲ့ နိမ္မိတ အရုပ်ကလေးပါဘဲ၊ ခေမာကတော့ တကဲ့လူသားမိန်းကလေးထင်ပြီး အလွန်အံ့အား သင့်သွားတယ်၊ ဒီလောက် အဆင်းလှတဲ့မိန်းမကို တခါမျှ မမြင်ဘူးဘူး၊ ဒီ မိန်းကလေးနှင့် နှိုင်းယှဉ်ကြည့်ယင် ငါ အဆင်းလှတယ် ဆိုတာ ဘာမျှမပြောလောက်ဘူး၊ ဒီလောက် အဆင်းလှတဲ့ မိန်းမကိုတောင်မှ အနီးအပါးမှာ လက်ခံထားတယ်ဆိုတော့ လှပတဲ့ ငါ့ရုပ်အဆင်းကို ဘုရားက ကဲ့ရဲ့ရှုတ်ချလိမ့်မယ်လို့ ထင်ခဲ့တာဟာ မှားတာဘဲလို့လဲ ဆင်ခြင်မိတယ်၊ ရုပ်အဆင်းနဲ့စပ်ပြီး တက်ကြွနေတဲ့ မာန်မာနလဲ ကျသွားတယ်။

အဲဒီလို မာန်မာန ကျပြီးတော့ နိမ္မိတမိန်းမပျိုကလေး၏ ရုပ်အဆင်းကိုသာ စူးစိုက်ပြီး ကြည့်ရှုနေတဲ့ အခါမှာ မြတ်စွာဘုရားက အဲဒီ နိမ္မိတ မိန်းမရုပ်ကို

www.dhammaransi.com



အသက် သုံးဆယ်ရှယ် လေးဆယ်ရှယ် ငါးဆယ်ရှယ် ဖြစ်အောင်လဲ အဓိဋ္ဌာန် ပြုတော်မူတယ်၊ ခေမာက သူ့မျက်စိအောက်တွင်ပင် ပျိုရွယ်တဲ့ရုပ်အဆင်းတွေဟာ ရင့်ပြီး ပြောင်းလဲသွားတာကို စဉ်းစားဆင်ခြင်မိတယ်။ အဲဒီကနောက် အသက် ခြောက်ဆယ်ရှယ် ခုနစ်ဆယ်ရှယ် ရှစ်ဆယ်ရှယ် ကိုးဆယ်ရှယ် ဖြစ်အောင်လဲ အဓိဋ္ဌာန်ပြုတော်မူပြန်ပါတယ်၊ အဲဒီတော့ အဲဒီ မိန်းမရုပ်ဟာ ဆံပင်တွေကဖြူ, သွားတွေကကျိုး, အရေတွေကတွန့်, အကြောတွေက ပြိုင်းပြိုင်းထပြီး အရိုးတွေက ငေါငေါပေါ်လို့ အလွန်အိုမင်းတဲ့ အဖွားအိုကြီး ဖြစ်သွားတယ်၊ အဲဒီ အဖွားအိုကြီးက သူ့ကိုယ်သူ မဆောင်နိုင်လို့ လဲခွေကျပြီး တညည်းညည်း တညူညူ ဖြစ်နေတာ, မေ ာပန်းပြီး ဖိုလှိုက် ဖိုလှိုက်နဲ့ အသက်ရှူနေတာကိုလဲ ခေမာက တွေ့မြင်ရတယ်၊ အဲဒီလို တွေ့မြင်ရတော့ ခေမာမှာ သံဝေဂဉာဏ် ဖြစ်လာတယ်၊ သြော် ဒီရုပ်ကိုယ်ကြီးဟာ ဘာမျှမစင်ကြယ်ပါကလား စက်ဆုပ်ရွံစရာပါကလား၊ အမှန်ကို မသိတဲ့သူတွေက ဒီ ရုပ်ကိုယ်ကြီးကို နှစ်သက်သာယာနေကြတာဘဲလို့ သံဝေဂဉာဏ် ဖြစ်လာတယ်။ အဲဒီအခါ မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူပါတယ်။

> အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
> ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။

ခေမေ၊ ခေမာမိဖုရား။ အာတုရံ၊ ရောဂါအမျိုးမျိုး ဘေးဒဏ် ဆိုးတို့ဖြင့် လွှမ်းမိုးအစဉ် နှောင့်ယှက်နှိပ်စက်တတ်သော။ ဥဂ္ဃရန္တံ၊ အပုပ်အညှီ တစီစီ တပွက်ပွက် ဆန်ထွက်တတ်သော။ ပဃရန္တံ၊ အောက်ဖက်သို့လည်း ယိုစီး ထွက်ကျတတ်သော။ ဝါ-ယိုစီး ထွက်ကျတတ်သည် ဖြစ်၍။ အသုစိံ၊ မစင်မကြယ် စက်ဆုပ်ဖွယ် အစုအဝေးမျှ ဖြစ်သော။ ပူတိံ၊ ပုပ်ညှန်လှောင်း မကောင်းသော အနံ့ရှိသော။ ဝါ-မကောင်းသော အနံ့ရှိနေပါလျက်။ ဗာလာနံ၊ သဘောမှန်ကို မသိသူ အများလူတို့က။ အဘိနန္ဒိတံ၊ နှံ့သာတုံးပမာ လွန်စွာနှစ်သက်အပ်သော။ သမုဿယံ၊ ရုပ်အပေါင်းမျှ ကိုယ်ကာယကို။ ပဿ၊ ဉာဏ်ဖြင့်ထင်ထင် ရှုဆင်ခြင်လိုက်ပါလော့ချစ်သမီး။

www.dhammaransi.com



အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
သတိ ကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါဗဟုလော ဘဝ။

တသ္မာ၊ ထိုသို့ မစင်ကြယ်သော အပုပ်ကောင်မျှသာ ဖြစ်သောကြောင့်။ စိတ္တံ၊ သင်၏ စိတ်ကို။ အသုဘာယ၊ စပ်ဆုပ်ရွံဘွယ် မတင့်တယ်ဟု ရှုသော ဘာဝနာ၌။ ဧကဂ္ဂံ၊ တခုတည်းသော အာရုံရှိလျက်။ သုသမာဟိတံ၊ ကောင်းစွာ တည်ကြည်အောင် ပြု၍။ ဘာဝေဟိ၊ ဖြစ်ပွါးစေလော့။ တေ၊ သင်၏။ သတိ၊ အမှတ်ရမှုသည်။ ကာယဂတာ၊ စက်ဆုပ်ဖွယ် ရုပ်အပေါင်း ကိုယ်၌တည်သည်။ အတ္ထု၊ ဖြစ်စေလော့။ တွံ၊ သင်သည်။ နိဗ္ဗိဒါဗဟုလော၊ ငြီးငွေ့မှု အဖြစ်များသည်။ ဘဝ၊ ဖြစ်ပါလော့ချစ်သမီး။

ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ကာယေ ဆန္ဒံ ဝိရာဇယ။

ယထာ ဣဒံ၊ ဤ သင့်ကိုယ်သည် ယခုအခါ တင့်တယ်သကဲ့သို့။ တထာ ဧတံ၊ ထို မိန်းမငယ်၏ ရုပ်ကိုယ်သည်လည်း မပျက်စီးမီက တင့်တယ်ခဲ့ပေ၏။ ယထာ ဧတံ၊ ပျက်စီးသွားသော ထို မိန်းမငယ်၏ ရုပ်ကိုယ်သည် ယခုအခါ စက်ဆုပ်ဖွယ် ဖြစ်သကဲ့သို့။ တထာ ဣဒံ၊ ထို့အတူပင် သင့်ကိုယ်သည်လည်း စက်ဆုပ်ဘွယ်ဖြစ်လတ္တံ့။ အဇ္ဈတ္တဉ္စ ကာယေ၊ အတွင်းဘက် မိမိကိုယ်၌ရင်း။ ဗဟိဒ္ဓါ စ ကာယေ။ အပြင်ဘက် သူတပါး၏ ကိုယ်၌ရင်း။ ဆန္ဒံ၊ လိုချင် နှစ်သက်မှုကို။ ဝိရာဇယ၊ ကင်းစေပါလော့ချစ်သမီး။

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ။

အနိမိတ္တဉ္စ၊ အမြဲတည်နေဟန် သဏ္ဌာန်နိမိတ်ကင်းသော အနိစ္စာနုပဿနာ ကိုလည်း။ ဘာဝေဟိ၊ ပွါးစေပါလော့။ (ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်ခြင်းမရှိဘဲ မိမွေးတိုင်း ဖမွေးတိုင်း ပကတိနေမြဲနေကြတဲ့သူတွေမှာ မိမိတို့၏ ရုပ်ကိုယ်ကို လဲ ငယ်ငယ် ကလေးဘဝမှ ယခုထက်တိုင် အမြဲတမ်းတည်နေတယ်လို့ ထင်နေကြတယ်၊ စိတ်ကိုလဲ အမြဲတမ်းတည်နေတဲ့ အကောင်အနေအားဖြင့် ထင်နေ

www.dhammaransi.com



ကြတယ်၊ တချို့ကတော့ ရုပ်ကိုယ်ရော စိတ်ရော တကိုယ်တည်းဘဲ အမြဲတည်နေတယ်လို့ ထင်နေကြတယ်၊ အဲဒါဟာ မြဲတဲ့သညာနိမိတ် ထင်နေတာပါဘဲ။ ရုပ်နာမ် စိတ် စေတသိက်တွေကို သရုပ်ခွဲပြီး ပြောတတ်တဲ့သူပေမဲ့ ဖြစ်ခိုက်ရုပ်နာမ်ကို ကျကျနန မရှုမမှတ်ဘူးယင် ပကတိအသိကတော့ ဒီအတိုင်း ထင်မြင်နေတာဘဲ၊ မြဲတဲ့သညာနိမိတ် ထင်နေတာဘဲ။ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်ခိုက်ရုပ်နာမ်ကို မပြတ်ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်မှာတော့ သမာဓိဉာဏ် ရင့်သန်လာတဲ့အခါမှာ လက် ခြေ ခေါင်း ကိုယ် စသည် ပုံသဏ္ဌာန်လဲ မထင်တော့ဘူး၊ မှတ်သိရတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော မှတ်ဆဲ မှတ်ဆဲမှာဘဲ ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ ဒီတော့ တရိပ်ရိပ်နဲ့ ခဏမစဲ ပျောက်ပျက်သွားတဲ့ တရားတွေ ချည်းဘဲ၊ တခဏကလေးမျှ မတည်မြဲတဲ့ တရားတွေချည်းဘဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းရှင်း လင်းလင်း သိသိသွားတယ်၊ အဲဒါဟာ အနိမိတ္တာနုပဿနာခေါ်တဲ့ အနိစ္စာနုပဿနာဉာဏ်ဘဲ၊ အဲဒီ အနိစ္စာ-နုပဿနာဉာဏ်ကို ဖြစ်ပါစေ၊ အဲဒီ ဉာဏ်ဖြစ်အောင် ရှုလိုက်ပါ–လို့ ဆိုလိုပါတယ်။ အဲဒီလို ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲတာချည်းဘဲလို့ သိမြင်နေယင် ထောင်လွှားတက်ကြွတဲ့မာန်မာနလဲ ကင်းငြိမ်းတယ်။ ဒါကြောင့်) မာနာနုသယံ၊ မမြဲဟု ပိုင်ပိုင်နိုင်နိုင်မသိလျှင် ဖြစ်နိုင်သော မာန်မာနကို။ ဥဇ္ဇဟ၊ အမြစ်ပြတ်ပယ်စွန့်လော့။ (ခဏမစဲ ပျက်နေလို့ မမြဲတာချည်းဘဲ ဆိုတာကို ပိုင်ပိုင်နိုင်နိုင် မသိတဲ့အတွက် ငါဟာ အဆင်းလှတယ်လို့ စွဲလမ်းပြီးတော့လဲ မာနက ခေမာမိဖုရားကြီးမှာ အလွန်အကဲ ဖြစ်နေတယ်၊ အဂ္ဂမဟေသီမိဖုရားကြီးဘဲလို့ စွဲလမ်းပြီးတော့လဲ မာနက အလွန်အကဲ ဖြစ်နေတယ်၊ အဲဒီလို မာနကို အမြစ်ပြတ်ပယ်နိုင်အောင် အားထုတ်ပါလို့ ဆိုလိုတယ်။ အဲဒီမာနကို ပယ်လိုက်တော့ဘာအကျိုးရှိသလဲ ဆိုယင်) တတော မာနာဘိသမယာ၊ ထိုမာနကို သိ၍ပယ်ခြင်းကြောင့်။ တွံ၊ သင်သည်။ ဥပသန္တော၊ ငြိမ်းအေးသည် ဖြစ်၍။ စရိဿသိ၊ သွားလာနေထိုင်ရပေလတံ့။ (အဲဒီ မာနကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်နိုင်လျှင် ကိလေသာပူပန်မှုတွေ အကုန်ငြိမ်းပြီး အခါခပ်သိမ်း ချမ်းသာစွာနေရပါလိမ့်မယ် တဲ့။)

www.dhammaransi.com



ယေ ရာဂရတ္တာနုပတန္တိ သောတံ၊
သယံကတံ မက္ကဋကောဝ ဇာလံ။
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ၊
အနပေက္ခိနော ကာမသုခံ ပဟာယ။

မက္ကဋကော၊ ပင့်ကူကောင်သည်။ သယံကတံ ဇာလံ၊ ကိုယ်တိုင်လုပ်ထားသော ပင့်ကူမျှင် ကွန်ရက်အိမ်ကို။ အနုပတတိ ဣဝ၊ အစဉ်တစိုက် လိုက်နေသကဲ့သို့။ ရာဂရတ္တာ၊ ရာဂဖြင့် တပ်စွဲနေကုန်သော။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ သယံကတံ၊ ကိုယ်တိုင်ပင် ပြုလုပ်ထားသော။ သောတံ၊ ရာဂအယဉ် (ရာဂကြောင့်ဖြစ်သော ခန္ဓာအယဉ်)ကို။ အနုပတန္တိ၊ တဘဝပြီးတဘဝ အစဉ်တစိုက် လိုက်နေကြကုန်၏။ (တေ၊ ထိုရာဂအယဉ် ခန္ဓာအယဉ်ကို အစဉ်လိုက်နေကြသော ပုဂ္ဂိုလ်တို့သည်။ န ပရိဗ္ဗဇန္တိ၊ သံသရာမှ မထွက်ခွါနိုင်ကုန်။) ကာမသုခံ၊ ကာမဂုဏ်နှင့်စပ်သော ချမ်းသာကို။ အနပေက္ခိနော၊ မငဲ့မကွက်ကုန်ဘဲ။ ပဟာယ၊ ပယ်စွန့်ကုန်၍။ ဝါ- ပယ်စွန့်၍ ကျင့်သော သူတို့သည်။ ဧတမ္ပိ၊ အစဉ်လိုက်၍ နေရာ ရာဂအယဉ် ခန္ဓာအယဉ်ကိုသော်လည်း။ ဆေတွာန၊ ဖြတ်ကုန်၍။ ပရိဗ္ဗဇန္တိ၊ သံသရာမှ ထွက်ခွါသွားကုန်၏။

ဒီ နောက်ဆုံးဂါထာမှာ ဆိုလိုတာကတော့ ပင့်ကူကောင်မျိုးဟာ ကိုယ်လုပ်ထားတဲ့ ပင့်ကူမျှင်အိမ်ကို မခွါနိုင်ဘူး၊ အဲဒီ ပင့်ကူအိမ်မှာသာ လှည့်ပတ်သွားလာနေသလို ထို့အတူပင် ရာဂမကင်းသေးတဲ့ သတ္တဝါတွေဟာလဲ တဏှာရာဂဖြင့် တပ်မက်စွဲလမ်းပြီး ပြုထားတဲ့ကံကြောင့် ရထားတဲ့ မိမိတို့၏ ရုပ်နာမ် ခန္ဓာအယဉ်ဆိုတဲ့ သံသရာကို တဘဝပြီး တဘဝ အစဉ်လျှောက်နေကြတယ်၊ ရုပ်နာမ်ခန္ဓာအယဉ်မှ ခွဲခွါမသွားနိုင်ကြဘူး၊ တချို့က နိဗ္ဗာန်ရောက်သွားယင် လူ့ဘဝ နတ်ဘဝမှာ ပြန်မဖြစ်ရတော့ဘူး ဆိုတာကိုတောင် ကြောက်နေကြတယ်၊ အဲဒါဟာ ခန္ဓာအယဉ်မှ မထွက်ခွါရဲဘဲ ဖြစ်နေတာပါဘဲ။ အဲဒီလို စွန့်ခွါနိုင်ခဲတဲ့ ခန္ဓာအယဉ်ကိုလဲ ဘုရားရဟန္တာများကတော့ ကာမဂုဏ် ချမ်းသာကို မငဲ့မကွက် စွန့်ပယ်ပြီး ကျင့်သောအားဖြင့် ပယ်ဖြတ်ပြီး သံသရာမှ ထွက်ခွါသွားကြတယ်။ ခေမာလဲ ကာမဂုဏ်ချမ်းသာကို မငဲ့မကွက်ပဲ စွန့်ပြီး ရဟန်းတရား

www.dhammaransi.com



ကို ကျင့်သောအားဖြင့် ဘဝအစဉ် ခန္ဓာအယဉ်ကို ဖြတ်ရမယ်၊ အဲဒီလို ဖြတ်ပြီးတော့ သံသရာမှ ထွက်ခွါသွားရမယ်လို့ ဆိုလိုပါတယ်။

အဲဒီတရားကို ကြားနာရတဲ့အတွက် ခေမာမိဖုရားဟာ ရဟန္တာမ ဖြစ်သွားတယ်လို့ အဋ္ဌကထာများမှာ ဆိုပါတယ်။ အပဒါန်ပါဠိတော်မှာတော့ ဒီဂါထာတရားများနှင့် မဟာနိဒါနသုတ်ကို ကြားနာပြီးတော့ ဓမ္မစက္ခုကို ရသွားတယ်၊ အဲဒီကနောက် ရဟန်းမိန်းမ ပြုပြီးတဲ့အခါ တလခွဲကြာမှ တရားနှလုံးသွင်းအားထုတ်ပြီး ရဟန္တာမ ဖြစ်သွားတယ်လို့ ဆိုပါတယ်။ အဲဒီမှာ ဓမ္မစက္ခု–တရားမျက်စိဆိုတာက သောတာပတ္တိမဂ်ဉာဏ်လဲ ဖြစ်နိုင်တယ်၊ အနာဂါမိမဂ်ဉာဏ်လဲ ဖြစ်နိုင်တယ်။ ထေရီအဋ္ဌကထာမှာတော့ သောတာပတ္တိမဂ်ဉာဏ်ကိုယူပြီး ပြဆိုထားတယ်။ လူ့ဘောင်မှထွက်ခွါပြီး ရဟန်းပြုပုံကို ထောက်ဆကြည့်ယင်တော့ ရဟန္တာမဖြစ်သေးတောင် ကာမရာဂကင်းတဲ့အနာဂါမ်အဆင့်တော့ ရောက်သွားတယ်လို့ယူလျှင် သင့်လျော်ဘွယ် ရှိပါတယ်။

အဲဒီလို တရားထူးများကို ရပြီးတော့ ခေမာမိဖုရားဟာ နန်းတော်ကို ပြန်သွားတယ်၊ ဗိမ္ဗိသာရဘုရင်မင်းမြတ်ထံ ရဟန်းပြုဘို့ ခွင့်တောင်းတယ်၊မင်းကြီးက ဝမ်းမြောက်ဝမ်းသာနဲ့ ခွင့်ပြုပြီးတော့ ရွှေထမ်းစင်ဖြင့် ဘိက္ခုနီမကျောင်းသို့ လိုက်ပို့ပြီး ရဟန်းပြုစေပါတယ်။ ရဟန်း ပြုပြီးတဲ့အခါမှာ ခေမာထေရီလို့ ခေါ်ကြပါတယ်။ ရဟန်းမထဲမှာ ဉာဏ်ပညာဘက်က အကြီးအမြတ်ဆုံး ဖြစ်တဲ့အတွက် မြတ်စွာဘုရားက ခေမာထေရီကို ပညာအရာမှာ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပါတယ်။

## ( ၂ ) ဥပ္ပလဝဏ်ထေရီဝတ္ထု

ကိကီမင်းကြီး၏သမီးတော် (၇)ယောက်ထဲက ပဌမသမီးတော် အကြောင်းကတော့ ပြီးသွားပြီ။ ဒုတိယသမီးတော် သမဏဂုတ္တာဆိုတာကတော့ ယခုဘုရားလက်ထက်မှာ သာဝတ္ထိပြည်က သေဋ္ဌေး တဦး၏သမီး ဖြစ်လာတယ်၊ သူ့အရေအဆင်းက ကြာညိုပန်းအဆင်းနဲ့ တူတဲ့အတွက် ဥပ္ပလဝဏ္ဏာလို့ အမည်ပေးထားတယ်၊ ဒီကနောက်တော့ အကျဉ်းချုပ်ပဲ ပြောသွားရမယ်။ ဥပ္ပလဝဏ္ဏာရဲ့လှပတဲ့ ဂုဏ်သတင်း ကြားကြရတဲ့အတွက် ဇမ္ဗူဒိပ်ကျွန်း အိန္ဒိယမှာရှိကြတဲ့ မင်းတွေ

www.dhammaransi.com



သေဌေးတွေက သူ့ဘခင် သေဌေးကြီးထံ သဝဏ်လွှာပို့ပြီး ဥပ္ပလဝဏ္ဏာကို တောင်းဆိုကြသတဲ့။ ဒီတော့ သေဌေးကြီးမှာ အကြပ်ကျနေတယ်၊ သမီး တယောက်တည်းနဲ့ တောင်းဆိုတဲ့မင်းတွေ သေဌေးတွေကို ကျေနပ်အောင် ဆောင်ရွက်ဖို့ ခက်နေတယ်၊ ဘယ်သူ့ကိုမှ ပေးလို့မဖြစ်နိုင်ဘဲ ရှိနေတယ်။ ဒါကြောင့် သေဌေးကြီးက သူ့သမီးကို ရဟန်းပြုနိုင်ပါ့မလားလို့ မေးတယ်၊ ပါရမီရှင် ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ပြုနိုင်ပါတယ်လို့ ပြန်ကြားလိုက်တယ်။ ဒီတော့ ဘခင်သေဌေးကြီးက ဥပ္ပလဝဏ္ဏာကို အခမ်းအနားဖြင့် ဘိက္ခုနီမ ကျောင်းသို့ပို့ပြီး ရဟန်းပြုစေပါတယ်၊ ရဟန်းပြုပြီးတဲ့အခါ ဥပ္ပလဝဏ်ထေရီလို့ ခေါ်ကြပါတယ်။ မကြာမီပင် ရဟန္တာဖြစ်သွားပါတယ်၊ ရဟန်းမိန်းမထဲက တန်ခိုးအရာမှာ အကြီးအမြတ်ဆုံး ဖြစ်တဲ့အတွက် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူး ခြင်းခံရပါတယ်။

## ( ၃ ) ပဋာစာရာထေရီဝတ္ထု

တတိယ သမီးတော် ဘိက္ခုနီ ဆိုတာကတော့ ပဋာစာရာထေရီမ ဖြစ်လာ ပါတယ်။ သူ့အကြောင်းကတော့ ဇာတ်ပွဲတွေကပြကြတဲ့အတွက် အများကသိပြီး ဖြစ်နေပါတယ်၊ လင်ရယ် သားတွေရယ် မိဘတွေရယ် မောင်ရယ်–အဲဒါတွေ သေဆုံးကြတာ အကြောင်းပြုပြီး အရူးမ ဖြစ်သွားတယ်၊ ခြေဦးတည့်ရာ လျှောက်သွားနေရင်း ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား တရားဟော နေရာ ရောက်လာတယ်။ မြတ်စွာဘုရားက "သူငယ်မ သတိရလော့"လို့ သတိ ပေးလိုက်တာနဲ့ ပါရမီရှင်ဖြစ်တဲ့အတိုင်း ကျွတ်ချိန်တန်နေတဲ့အတွက် သတိရပြီး အရူးပျောက်သွားတယ်၊ အဲဒီတထိုင်အတွင်းမှာဘဲ မြတ်စွာဘုရား၏ တရားကို နာပြီး သောတာပန်ဖြစ်တယ်၊ ရဟန်းပြုပြီးမကြာခင်ဘဲ ရဟန္တာဖြစ်သွားတယ်။ ဝိနည်းဆောင်ဧတဒဂ်ရ ရဟန္တာမဖြစ်ပါတယ်။

## ( ၄ ) ကုဏ္ဍလကေသာထေရီဝတ္ထု

ဘိက္ခုဒါယိကာ ဆိုတဲ့ စတုတ္ထသမီးတော်ကတော့ ရာဇဂြိုဟ်မြို့မှာ သေဌေး တဦး၏သမီး ဖြစ်လာတယ်၊ မူလအမည်ကတော့ ဘဒ္ဒါတဲ့။ အရွယ်ရောက်တဲ့ အခါ သေဒဏ်အပြစ်ရောက်နေတဲ့ ခိုးမှုလူဆိုးကို ငွေဖြင့် ရွေးယူပြီး အိမ်ထောင်

www.dhammaransi.com



ဘက်ပြုမိလို့ တနေ့ကျတော့ အဲဒီလူဆိုးက နတ်ပူဇော်ရန်ဆိုပြီး သူ့ကို တောင်ပေါ် ခေါ်သွားတယ်၊ တောင်ပေါ်ရောက်တော့ သူ့လက်ဝတ်လက်စား တွေကိုယူပြီး သူ့ကိုလဲ သတ်မယ်လို့ ပြောတယ်။ ဒီတော့ ဘဒ္ဒါက မသေခင် ကန်တော့ပါရစေလို့ တောင်းပန်ပြီး တောင်စောင်းမှာ လူဆိုးကို လှည့်ပတ် ပွေ့ဖက်ပြီး ကန်တော့ရင်း တောင်ထိပ်မှ ချောက်ထဲတွန်းချလိုက်တယ်။ အဲဒီက နောက် မိဘအိမ်လဲ မပြန်ဝံ့တာနဲ့ ပရိဗိုဇ်ကျောင်းတခုမှာဝင်ပြီး ပရိဗိုဇ်ပြုပေးဘို့ တောင်းပန်တယ်၊ ပရိဗိုဇ်ပြုပေးတဲ့အခါမှာ သူတို့ရဲ့ တရားကျမ်းဂန်အရ ဆံပင် တွေကို ထန်းစေ့နဲ့ညှပ်ပြီး နှုတ်ပစ်ကြတယ်၊ ဆံတပင်ချင်းညှပ်ပြီး ဆွဲနှုတ်တယ် ဆိုတော့ အကြိမ်ပေါင်းတသောင်းမက အနာခံရမှာပါဘဲ၊ အဲဒီလိုနှုတ်ပြီး ပရိဗိုဇ်ပြုပေးကြတဲ့အတွက် သူ့ခေါင်းမှာ ဆံပင်တွေ အသစ်ပေါက်လာတဲ့ အခါ နားဒွေးလို အဝိုင်းပုံပေါ်နေတယ်၊ ဒါကြောင့် သူ့ကို ကုဏ္ဍလကေသာ လို့ ခေါ်ကြတယ်။

သူက ပရိဗိုဇ်တို့၏ အခြေအတင်ဝါဒတွေကို သင်ယူပြီးတော့ ထိုထိုမြို့ရွာတွေ ကိုလှည့်ပြီး ဝါဒပြိုင်နေတယ်၊ တနေ့သောအခါမှာ အရှင်သာရိပုတြာနဲ့ တွေ့ပြီး ဝါဒအခြေအတင်ပြုရာမှာ ရှုံးနိမ့်သွားတဲ့အတွက် အရှင်သာရိပုတြာထံမှာ တပည့်ခံတယ်၊ အရှင်သာရိပုတြာက မြတ်စွာဘုရားထံ ညွှန်ကြားလိုက်တယ်။ မြတ်စွာဘုရားထံမှာ တရားနာပြီး အရဟတ္တဖိုလ်ရောက်သွားတယ်လို့ အဋ္ဌကထာ များမှာ ဆိုတယ်။ အပဒါန်ပါဠိတော်မှာတော့ မြတ်စွာဘုရားထံမှာ တရားနာပြီး ဓမ္မစက္ခုခေါ်တဲ့ အရိယမဂ်ဉာဏ်ကို ရတဲ့အကြောင်း၊ ရဟန်းပြုပြီးတော့ တရား နှလုံးသွင်းအားထုတ်သဖြင့် ရဟန္တာမဖြစ်သွားကြောင်း ပြဆိုထားပါတယ်။ သူဟာ ခိပ္ပါဘိညအရာ ဧတဒဂ်ရ ရဟန္တာမဖြစ်ပါတယ်။

## (၅) . ကိသာဂေါတမီ ထေရီဝတ္ထု

ဓမ္မာဆိုတဲ့ ပဉ္စမသမီးတော်ကတော့ သာဝတ္ထိပြည်မှာ ဆင်းရဲသားတဦး၏ သမီးဖြစ်လာတယ်၊ မူလအမည်က ဂေါတမီတဲ့၊ အသားအရေက ပိန်ပိန်ပါးပါးမို့ ကိသာ – ပိန်တယ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့တွဲပြီး ကိသာဂေါတမီလို့ သူ့ကို ခေါ်ကြတယ်။ အရွယ်ရောက်လို့ အိမ်ထောင်ကျတဲ့အခါ သူ့ခင်ပွန်းဘက်က အမျိုးတွေက သူ့ကို ဆင်းရဲသား၏သမီး ဖြစ်တဲ့အတွက် ဖိနှိပ်ပြီး ပြောကြဆိုကြ ခိုင်းကြတယ်၊

www.dhammaransi.com



သားကလေးရလာတဲ့အခါကျမှ သူ့ကို လေးစားလာကြတယ်၊ ကံမကောင်း အကြောင်းမသင့်ချင်တော့ အဲဒီသားကလေးက ပြေးလွှားကစားနိုင်တဲ့အရွယ် မှာ ဆုံးသွားတယ်၊ ဒါကြောင့် သောကပွါးပြီး ရူးသလိုလို ဖြစ်နေရှာတယ်။

သားသေကလေးကို မစွန့်ရက်ပဲ ရင်ခွင်မှာပိုက်ပြီး အသက်ပြန်ရှင်အောင် ကုဘို့ မြို့ထဲမှာ အိမ်စဉ်လှည့်ပြီး ဆေးကောင်းရှာနေတယ်။ အဲဒီအခါမှာ ပညာရှိ တယောက်က မြတ်စွာဘုရားထံသွားဘို့ ညွှန်ကြားလိုက်တယ်၊ မြတ်စွာဘုရားထံ ရောက်တော့ လူတယောက်မျှ မသေဘူးတဲ့အိမ်က မုန်ညင်းစေ့ကို ယူခဲ့ဘို့ရာ မြတ်စွာဘုရားက ပြောကြားလိုက်တယ်၊ ဒီတော့ သူက ဝမ်းမြောက်ဝမ်းသာနဲ့ မြို့ထဲသွားပြီး သူ့သားကို ဆေးကုဘို့ မုန်ညင်းစေ့တောင်းတယ်၊ တောင်းခံရတဲ့ အိမ်က မုန်ညင်းစေ့ပေးမယ်ဆိုတော့ ဒီအိမ်မှာ သေဘူးတဲ့သူမရှိမှ ယူမယ်လို့ ဆိုတယ်၊ ဒီတော့ ဟဲ့ နင် ဘယ့်နှယ်ပြောတာလဲ၊ ဒီအိမ်မှာ သေဘူးတဲ့သူတွေ များလှပြီ၊ ရေတောင် မရေတွက်နိုင်တော့ဘူးလို့ ပြောလိုက်ကြတယ်။ တခြားအိမ်တွေ သွားတောင်းပြန်တော့လဲ ဒီနည်းအတိုင်းဘဲ ပြောလိုက်ကြ တယ်။ ဒီတော့ ကိသာဂေါတမီဟာ ၃-အိမ်လောက်သွားမိတော့ သဘော ပေါက်လာတယ်၊ တမြို့လုံးလျှောက်ပြီးတောင်းနေယင်လဲ ဒီလိုချည်းတွေ့ရမှာဘဲ၊ လူမသေဘူးတဲ့ အိမ်ရယ်လို့ မရှိနိုင်ဘူး၊ ငါ့သားတယောက်တည်းသာ သေတာ မဟုတ်ဘူး၊ အားလုံး သေတတ်ကြတာချည်းဘဲလို့ သဘောပေါက်ပြီးတော့ သားသေကို သုသာန်မှာ စွန့်ပစ်ခဲ့ပြီး ဒီလိုလဲ နှုတ်က ရွတ်ဆိုမိပါသတဲ့။

န ဂါမဓမ္မော နော နိဂမဿ ဓမ္မော၊ န စာပိယံ ကေကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊ ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

အယံ၊ ဤသေခြင်းတရားသည်။န ဂါမဓမ္မော၊ တရွာတည်းနှင့်သာဆိုင်သော တရားလည်း မဟုတ်ချေ။ န နိဂမဿ ဓမ္မော၊ နိဂုံးတခုတည်းနှင့်သာ ဆိုင်သော တရားလည်း မဟုတ်ချေ။ န စာပိ ကေကုလဿ ဓမ္မော၊ တခုသောအမျိုး တခုသော အိမ်ထောင်စုနှင့်သာဆိုင်သော တရားလည်း မဟုတ်ချေ။ ယဒိဒံ အနိစ္စတာ၊ မမြဲသည်၏ဖြစ်ကြောင်း အကြင်သေခြင်းသည် ရှိ၏။ ဧသ၊ ဤသေ ခြင်းသည်။ သဒေဝကဿ၊ နတ်နှင့်တကွသော။ သဗ္ဗဿဝေ လောကဿ၊ တလော ကလုံး သတ္တဝါအားလုံး၏သာလျှင်။ ဓမ္မော၊ သက်ဆိုင်သောတရားပေတည်း။

www.dhammaransi.com



ဒီနေရာမှာ မေးစရာရှိပါတယ်၊ ဒီဆင်းရဲသူမကလေးက ဆန်းဂိုဏ်းနဲ့ သဒ္ဒါနဲ့ အညီ ဂါထာဖြစ်အောင် စီတတ်ပါသလား-လို့ မေးစရာရှိပါတယ်၊ သူကိုယ်တိုင် စီတတ်တာလဲ ဖြစ်နိုင်ပါတယ်၊ သူက အရပ်သုံးစကားနဲ့ ပြောဆိုတာကို မြတ်စွာဘုရားက ဂါထာဖြင့် ဟောထားတာလဲ ဖြစ်နိုင်ပါတယ်။ အဲဒါက အဋ္ဌကထာ များမှာ ကိသာဂေါတမီက ရွတ်ဆိုတယ်-လို့ ပြဆိုထားတဲ့အတိုင်း ကြံဆပြီး ပြောရတာပါဘဲ။ အပဒါန် ပါဠိတော်မှာတော့ သားသေကို စွန့်ပစ်ခဲ့ပြီး မြတ်စွာ ဘုရားထံ ပြန်သွားတဲ့အခါ အဲဒီဂါထာကိုရော အခြားဂါထာတခုကိုရော မြတ်စွာ ဘုရားက ဟောတယ်-လို့ဘဲ ပြဆိုထားပါတယ်။ အဲဒီအခါ မြတ်စွာဘုရားဟောတဲ့ တရားကို ကြားနာပြီးတော့ ကိသာဂေါတမီဟာ သောတာပန် ဖြစ်သွားတယ်၊ အဲဒီကနောက် ရဟန်းပြုပြီးတော့ တရားအားထုတ်သဖြင့် မကြာခင်ဘဲ ရဟန္တာမ ဖြစ်သွားတယ်၊ ဒီ ထေရီမဟာ ခေါင်းပါးတဲ့ သင်္ကန်းဝတ်ရုံသော ရဟန်းမိန်းမ တွေထဲမှာ ဧတဒဂ်ရထေရီမဖြစ်ပါတယ်။

## ( ၆ ) ဓမ္မဒိန္နာထေရီဝတ္ထု

သုဓမ္မာဆိုတဲ့ ဆဋ္ဌသမီးတော်ကတော့ ယခု ဘုရားလက်ထက်မှာ ရာဇဂြိုဟ် မြို့တွင် ဝိသာခသေဌေးကြီး၏ ဇနီး ဓမ္မဒိန္နာဆိုတဲ့ သေဌေးကတော် ဖြစ်လာ တယ်။ ဝိသာခသေဌေးကြီးက မြတ်စွာဘုရား ရာဇဂြိုဟ်ကို ပဌမကြွလာစဉ်က ခရီးဦးကြိုဆိုပွဲမှာ တရားနာပြီး ဗိမ္ဗိသာရမင်းကြီးနှင့်အတူဘဲ သောတာပန်ဖြစ် ခဲ့တယ်၊ နောက်လဲ မြတ်စွာဘုရားထံ သွားရောက်ပြီး တရားနာလေ့ ရှိပါတယ်၊ တနေ့သောအခါမှာတော့ အဲဒီလို တရားနာရင်း အနာဂါမ် ဖြစ်လာတယ်၊ အနာဂါမ်ဆိုတော့ ကာမဂုဏ်အာရုံကို သာယာနှစ်သက်မှု ရာဂကင်းတယ်၊ ဝိသဘာဂအာရုံကောင်းတွေကို ကြည့်ချင် မြင်ချင်တာ မရှိဘူး၊ ဝိသဘာဂ အသံ ကောင်းတွေကို ကြားချင် နားထောင်ချင်တာ မရှိဘူး၊ အနံ့ကောင်း အရသာ ကောင်းတွေကို ခံစားချင်တာ မရှိဘူး၊ ဝိသဘာဂ အတွေ့အာရုံနှင့် တွေ့ထိ ချင်တာ မရှိဘူး။ ဒါကြောင့် အလျင့်အလျင် နေ့များကလို ဟိုဟိုဒီဒီ ကြည့် ခြင်းမရှိဘဲ အဲဒီနေ့မှာ စက္ခုန္ဒြေကိုချုပြီး ဣန္ဒြေရစွာနှင့် အိမ်ပြန်လာတယ်။ အိမ်က သေဌေးကတော် ဓမ္မဒိန္နာက သေဌေးကြီး ပြန်လာမည့် လမ်းဆီကို ပြူတင်းပေါက်က မျှော်ကြည့်နေတယ်၊ အခါတိုင်းဆိုယင် သေဌေးကြီးကလဲ

www.dhammaransi.com



သေဌေးကတော်ရှိရာ ပြူတင်းပေါက်ဆီကို မျှော်ကြည့်ပြီး လာတယ်၊ သေဌေးကတော်နှင့် မျက်နှာချင်းဆိုမိတဲ့အခါမှာ နှစ်ယောက်လုံး ပြုံးကြတယ်၊ ဒီကနေ့တော့ မျက်လွှာကိုချပြီး ဣန္ဒြေကြီးနဲ့ လမ်းလောက်သာကြည့်ပြီး လာနေတာကို မြင်ရတဲ့အခါ "ဘာဖြစ်လာပါလိမ့်မလဲ"လို့ သေဌေးကတော်ရဲ့ စိတ်ထဲမှာ စိုးရိမ်မကင်း ဖြစ်သွားတယ်။

သေဌေးကတော်က အခါတိုင်းလိုပင် တိုက်အိမ်ပေါ်ကဆင်းပြီး သေဌေးကြီးကို ကြိုဆိုတယ်၊ လှေကားရင်းမှာ အခါတိုင်းလို လက်တွဲပြီး တက်ရအောင် လက်ကို လှမ်းပေးလိုက်တယ်၊ ဝိသာခသေဌေးကြီးက မိမိလက်ကို နောက်ပြန်ဆုတ်လိုက်တယ်၊ "နံနက်စာ စားတဲ့အခါ သူ့အကြောင်းသိရမှာဘဲ"လို့ သေဌေးကတော်က စဉ်းစားမိတယ်၊ အခါတိုင်းဆိုယင် ဝိသာခသေဌေးကြီးက သေဌေးကတော် ဓမ္မဒိန္နာနှင့်အတူ စကားတပြောပြောနဲ့ ထမင်းစားလေ့ရှိတယ်၊ ဒီကနေ့ ဓမ္မဒိန္နာကို အတူစားဘို့ ခေါ်ခြင်းမရှိဘဲ ယောဂီပုဂ္ဂိုလ်လို တိတ်ဆိတ်ငြိမ်သက်စွာနဲ့ တယောက်တည်း စားနေတယ်၊ ဒီတော့ ဓမ္မဒိန္နာမှာ "ဒီကနေ့ ဘာများဖြစ်လာပါလိမ့်မလဲ"လို့ သာပြီး စိတ်ပူသွားတယ်၊ "အဲလေ ညနေချမ်းကျတော့ သိရမှာပေါ့"လို့ ကြံတွေးပြီး ဓမ္မဒိန္နာက စောင့်ကြည့်နေတယ်၊ ဝိသာခသေဌေးကြီးက အဲဒီနေ့ညမှာ အခါတိုင်း နှစ်ယောက်အတူ အိပ်နေကျ အခန်းကို မဝင်တော့ဘူး၊ တခြားအခန်းကို ရှင်းလင်းပြီး ရှစ်ပါးသီလနှင့် လျော်တဲ့ ကုတင်ကို ခင်းစေပြီးတော့ သူတယောက်တည်း အိပ်တယ်၊ အဲဒီလို ထူးခြားတဲ့ အခြေအနေတွေကို တွေ့ရတော့ ဓမ္မဒိန္နာမှာ အလွန်စိတ်နှလုံး ပူပန်ခြင်းဖြစ်တယ်၊ "ဘယ့်နှယ်လဲ သူ့မှာ တခြားမိန်းမကိုများ လိုချင်တောင့်တခြင်း ရှိနေလေသလား၊ သို့မဟုတ် တယောက်ယောက်က ငါ့ကို မုန်းအောင် ဂုံးတိုက်ထားလေသလား၊ အဲဒီလို မဟုတ်ယင်လဲ ငါ့မှာဘဲ အပြစ်ရှိနေလေသလား"လို့ ကြံတွေးပြီး အကြီးအကျယ် ပူဆွေးနေတယ်၊ ဒါပေမဲ့ နှစ်ရက်လောက်တော့ အောင့်ပြီး သည်းခံနေတယ်၊ သုံးရက်လောက်ရှိတဲ့အခါကျတော့ မအောင့်နိုင်တော့ဘူး၊ သေဌေးကြီးထံ ချဉ်းကပ်ပြီးတော့ ရှိခိုးလျက် ရပ်တည်နေတယ်။

ဒီတော့ သေဌေးကြီးက "ဘာလဲ ဓမ္မဒိန္နာ, အချိန်အခါမဟုတ်ပဲ ဘာကြောင့်လာရသလဲ"လို့ မေးတယ်၊ လာရပါသော်ကော အရှင်သေဌေးကြီး၊ ရှင်က

www.dhammaransi.com



အလျင်ကလို မဟုတ်ပဲ ဖြစ်နေတာကိုး၊ ဘယ့်နှယ်လဲ ရှင့်မှာ အခြားမိန်းမကို လိုချင်တောင့်တခြင်း ရှိနေပါသလား။ မရှိပါဘူး ဓမ္မဒိန္နာရယ်။ ဒါဖြင့် တခြားလူကများ ဂုံးတိုက်ထားပါသလား။ အဲဒီလို ဂုံးတိုက်တဲ့လူလဲ မရှိပါဘူးကွယ်။ ဒီလိုဆိုယင်တော့ ကျမရဲ့ အပြစ်တခုခုရှိလို့ ဖြစ်မှာပေါ့။ သင့်မှာလဲ အပြစ်မရှိပါဘူးကွယ်။ ဒါဖြင့် အခါတိုင်းလို ကျမနှင့် စကားမပြောဘဲနေတာက ဘာကြောင့်လဲလို့ ဓမ္မဒိန္နာက ဒွဲဒိုးကြီး မေးပါတယ်။

အဲဒီတော့ ဝိသာခသေဋ္ဌေးကြီးက စဉ်းစားဆင်ခြင်တယ်၊ လောကုတ္တရာတရားဆိုတာ သူတပါးအား မပြောပြသင့်တဲ့တရားဘဲ၊ ယခု ဓမ္မဒိန္နာမေးတဲ့ပြဿနာကတော့ မဖြေဘဲနေလို့ မဖြစ်ပေဘူး၊ မဖြေဘဲနေလျှင် သူဟာ နှလုံးကွဲပြီး သေဘွယ်ရာအကြောင်းရှိတယ်၊ ဒါကြောင့် သူ့ကို ချီးမြှောက်စောင့်ရှောက်သောအားဖြင့် အမှန်ကို ထုတ်ဖော်ပြောမှဘဲလို့ ကြံပြီး ဒီလို ဖွင့်ဟပြောလိုက်ပါတယ်။ "ဓမ္မဒိန္နာရေ ငါဟာ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာပြီး လောကကို ကျော်လွန်တဲ့ လောကုတ္တရာတရားဆိုတာကို ရလာတယ်၊ အနာဂါမိမဂ်ဖိုလ်ဆိုတဲ့ ဒီတရားကို ရတဲ့သူမှာ အလျင်က သင်နဲ့ငါ ရောနှောဆက်ဆံတဲ့ လောကီအမှုအရာမျိုးကိုတော့ မပြုအပ်တော့ဘူး၊ မပြုနိုင်တော့ဘူး၊ ပြုလိုတဲ့စိတ်လဲ မရှိတော့ဘူးကွဲ့။ ဒါကြောင့် ဒီအိမ်မှာ သင့်ဥစ္စာက ကုဋေ ၄၀၊ ငါ့ဥစ္စာက ကုဋေ ၄၀၊ အားလုံးပေါင်း ကုဋေ ၈၀ ရှိတယ်၊ အဲဒီဥစ္စာတွေအားလုံးကို သင့်သဘောအတိုင်း သိမ်းပိုက်စီမံပါ၊ ငါ့ကိုတော့ အစ်ကိုရင်းလို သဘောထားပြီး နေပါတော့၊ ငါကတော့ သင်ပေးသမျှ ကျွေးသမျှနဲ့ မျှတပြီးနေပါ့မယ်၊ အကယ်၍ အဲဒီလို မနေချင်ယင်လဲ အဲဒီဥစ္စာတွေကို ယူပြီး သင့်မိဘအိမ် ပြန်လိုက ပြန်သွားနိုင်ပါတယ်၊ အကယ်၍ သင့်မှာ တခြားယောကျ်ားကို လိုလားတောင့်တခြင်း မရှိဘူး၊ ဒီအိမ်မှာဘဲ နေလိုပါတယ်ဆိုယင်လဲ သင့်ကို ငါက နှစ်မလို သမီးလို သဘောထားပြီး ကျွေးမွေး စောင့်ရှောက်သွားပါမယ်" လို့ ဝိသာခသေဋ္ဌေးကြီးက သာယာညင်းပျောင်းစွာနှင့် ရှင်းလင်း ပြောပြပါတယ်။

ဒီတော့ ဓမ္မဒိန္နာက ပါရမီရှင်ဖြစ်တဲ့အတိုင်း ဒီလိုစဉ်းစား ဆင်ခြင်မိတယ်၊ "သာမန် ပကတိယောကျ်ားဆိုယင် ဒီလိုစကားမျိုးကို မပြောနိုင်ပေဘူး၊ သူဟာ

www.dhammaransi.com



ထူးမြတ်တဲ့ လောကုတ္တရာတရားကို ရလာတယ်ဆိုတာ ကေန်ဟုတ်ပေလိမ့်မယ်၊ ဒီတရားကို ငါလဲရယင် ကောင်းမှာဘဲ” လို့ စဉ်းစားဆင်ခြင်မိတယ်။ ပါရမီရှင်မို့ ဒီလိုစဉ်းစားမိတာ၊ သို့မဟုတ်ယင် အလွဲလျှောက်ပြီး ကြံမိမှာ၊ “သူက ငါ့အပေါ်မှာ ဒါလောက် စိတ်ပြတ်ယင် ငါကလဲ သူ့အပေါ်မှာ စိတ်ပြတ်လိုက်မယ်၊ လောကထဲမှာ ယောကျ်ားဆိုတာ မရှားပါဘူး” လို့မျိုး အလွဲလျှောက်ပြီးကြံမိလျှင် အကျိုးမဲ့တွေ အများကြီး ဖြစ်သွားနိုင်တယ်။ ဓမ္မဒိန္နာကတော့ ပါရမီရှိတဲ့သူမို့ ယောနိသော မနသိကာရနဲ့ အသင့်အမှန်ကိုသာ ကြံမိတယ်၊ “သူ့မှာ တရားထူးရလာလို့ ရှေးက အင်မတန် ခင်မင်မြတ်နိုးနေတဲ့ ကာမဂုဏ်တွေကို ခင်မင်တွယ်တာမှု နှစ်သက်သာယာမှု မရှိတော့ဘူးတဲ့၊ သူရလာတယ်ဆိုတဲ့တရားဟာ အင်မတန်ကောင်းတဲ့ တရားပေဘဲ၊ ဒီတရားကိုရအောင် ငါလဲ ကျင့်ချင်တယ်၊ ငါလဲ ရချင်တယ်” လို့ ကြံပြီးတော့ “အရှင်သေဌေးကြီး၊ ရှင်ရလာတဲ့တရားက ယောကျ်ားများသာ ရနိုင်တဲ့တရားပါလား၊ သို့မဟုတ် ကျမတို့မိန်းမများလဲ ရနိုင်ပါသလား” လို့ မေးပါတယ်။ မည်သူမဆို ဒီတရားကို ကျင့်နိုင်ပါတယ်၊ အကြောင်း ဉပနိဿယရှိတဲ့သူဆိုယင် ရနိုင်တာချည်းပါဘဲလို့ ဝိသာခသေဌေးကြီးက ပြန်ပြောတယ်။ ဒါဖြင့် ကျမကို ရဟန်းပြုဘို့ရာ ခွင့်ပြုပါလို့ ဓမ္မဒိန္နာက ခွင့်တောင်းတယ်။ “ရှင်မရေ ကောင်းလိုက်တာကွယ် သာဓုပါဘဲ၊ ငါကလဲ သင့်ကို အဲဒီလို ရဟန်းပြုဘို့ဘဲ တိုက်တွန်းချင်နေတာ၊ ဒါပေမဲ့ သင့်စိတ်သဘောကို မသိရလို့ မပြောရဘဲရှိနေပါတယ်၊ ဝမ်းမြောက်စွာနဲ့ ခွင့်ပြုပါတယ်”လို့ ပြောပြီးတော့ ဗိမ္ဗိသာရမင်းကြီးထံမှ ရွှေထမ်းစင်ကို တောင်းယူပြီး အဲဒီရွှေထမ်းစင်ဖြင့် သေဌေးကတော် ဓမ္မဒိန္နာကို တခမ်းတနား ဘိက္ခုနီမကျောင်းကို လိုက်ပို့တယ်။ ရဟန်းမိန်းမ အဖြစ်သို့ ရောက်ပြီး မကြာမီပင် ရဟန္တာမ ဖြစ်သွားပါတယ်။ အဲဒီအခါမှာ ဝိသာခသေဌေးကြီးက အလွန်နက်နဲတဲ့ ပြဿနာတွေကိုမေးလို့ ဓမ္မဒိန္နာထေရီမက ရှင်းလင်းပြတ်သားစွာ ဖြေကြားတယ်၊ အဲဒီအမေးအဖြေကို စူဠဝေဒလ္လသုတ် ဆိုတဲ့အမည်နဲ့ မဇ္ဈိမနိကာယ်မှာ သံဂါယနာတင်ထားတယ်၊ အဲဒီအဖြေကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရားက ဓမ္မဒိန္နာထေရီကို ဓမ္မကထိကအရာမှာ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးတော်မူပါတယ်။

www.dhammaransi.com



## (၇) ဝိသာခါဝတ္ထု

သံဃဒါယိကာဆိုတဲ့ သတ္တမသမီးတော်ကတော့ ယခု ဘုရားလက်ထက်မှာ ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ ဖြစ်လာတယ်၊ ဒီဝိသာခါကတော့(၇)နှစ်သမီး အရွယ်ကတည်းက ဘဒ္ဒိယမြို့သို့ မြတ်စွာဘုရား ကြွလာတော်မူတဲ့အခါ အခြွေအရံ သူငယ်မ ငါးရာနှင့်တကွ ခရီးဦးကြိုဆိုကြစဉ်က တရားနာရပြီး သောတာပန်ဖြစ်ခဲ့တယ်၊ နောက်ကာလမှာ ပသေနဒီကောသလမင်းကြီးက သူ့ဘခင် ဓနဉ္စယသေဋ္ဌေးကို ကောသလနိုင်ငံထဲမှာ လာနေဘို့ ဖိတ်ခေါ်တဲ့အတွက် မိဘများနှင့် အတူ သာကေတမြို့ကို ရောက်သွားတယ်၊ အရွယ်ရောက်တဲ့အခါ သာဝတ္ထိမြို့က မိဂါရသေဋ္ဌေး၏သား ပုဏ္ဏဝဍ္ဎနနှင့် လက်ဆက်ပြီး သာဝတ္ထိမြို့မှာ နေရတယ်၊ ပုဗ္ဗာရုံမည်တဲ့ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းတယ်၊ သူ့အိမ်မှာ နေ့စဉ် သံဃာတော်များအား ယာဂုများ ဆွမ်းများကို ကပ်လှူတယ်၊ ညနေပိုင်းမှာလဲ ကျောင်းသို့ သွားပြီးတော့ အဖျော်များ ဆေးပစ္စည်းများကို သံဃာတော်များအား ကပ်လှူပြီး တရားနာတယ်၊ ဒါတွေကတော့ သိကြပြီး ဖြစ်နေပါတယ်။

ကောမာရဗြဟ္မစရိယကို ကျင့်လာခဲ့ကြတဲ့ ကိကီမင်းကြီး၏ သမီးတော်(၇)ယောက်ထဲက ရှေး(၆)ယောက်ကတော့ ခုတင်ကပြောခဲ့တဲ့အတိုင်း ရဟန္တာမတွေဖြစ်ပြီး ပရိနိဗ္ဗာန်စံတော်မူကုန်ပါပြီ၊ နောက်ဆုံးသမီး သံဃဒါယိကာမှ ဖြစ်လာတဲ့ ဝိသာခါကျောင်းအမကြီးကတော့ အထက်မဂ်ဖိုလ်များကို မရောက်ဘူး၊ သောတာပန် အဖြစ်နဲ့ဘဲ ကွယ်လွန်ပြီးတော့ ကာမာဝစရနတ်ပြည် ၆-ထပ်ထဲက နိမ္မာနရတိဆိုတဲ့ ငါးခုမြောက်နတ်ပြည်မှာ သုနိမ္မိတဆိုတဲ့ နတ်မင်းကြီး၏ နတ်မိဖုရားကြီး ဖြစ်နေပါတယ်(ဝိမာန၊ ဋ္ဌ။၁၇၅)။ အဲဒီ နတ်ပြည်မှာ အနာဂါမ်ဖြစ်ပြီး အဲဒီက စုတေတဲ့အခါ သုဒ္ဓါဝါသ ငါးဘုံမှာ အစဉ်အတိုင်း ဖြစ်သွားမယ်၊ နောက်ဆုံး အကနိဋ္ဌဘုံရောက်တဲ့အခါ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရပါလိမ့်မယ်-တဲ့။

### ဘုံစဉ်စံ သောတာပန်

ဒါကြောင့် ကျောင်းအမကြီး ဝိသာခါကတော့ ယခုနေအခါ နိမ္မာနရတိ နတ်ပြည်မှာ အကြီးဆုံး နတ်မိဖုရားကြီးအဖြစ်နဲ့ ရှိနေဆဲပါဘဲ၊ အဲဒီဘုံမှာ နတ်

www.dhammaransi.com



တို့၏ သက်တမ်းက ရှစ်ထောင်(၈၀၀၀)ရှိတယ်၊ လူတို့၏ နှစ်အရေအတွက်နဲ့ ဆိုယင် သန်းပေါင်း နှစ်ထောင့်သုံးရာနှင့် လေးသန်းရှိတယ်၊ ဒါကြောင့် အဲဒီ ဝိသာခါနတ်မိဖုရားကြီးဟာ အဲဒီဘုံမှာ အနှစ်သန်းပေါင်း နှစ်ထောင့်သုံးရာကျော် တိုင်အောင် ရှိနေဦးမယ်၊ နတ်စည်းစိမ်ချမ်းသာတွေကို ခံစားနေရဦးမယ်၊ ဒါလောက်ကြာတယ်ဆိုတော့ ပျင်းစရာတောင် ကောင်းနေမှာပါ၊ အဲဒီက အနာဂါမ်ဖြစ်ပြီး စုတေတဲ့အခါမှာ သုဒ္ဓါဝါသငါးဘုံထဲက အောက်ဆုံးဖြစ်တဲ့ အဝိဟာဘုံကိုရောက်ပြီး ဗြဟ္မာဖြစ်သွားမယ်၊ ဗြဟ္မာဆိုတာ မိန်းမလဲ မဟုတ်ဘူး၊ ယောကျ်ားလဲ မဟုတ်ဘူး၊ ဒါပေမဲ့ ယောကျ်ားပုံအသွင်နဲ့ ခန့်ခန့်ညားညား ကြီးပါဘဲ၊ ကာမရာဂမရှိတော့တဲ့အတွက် ကာမဂုဏ်အာရုံကိုလဲ အလိုမရှိဘူး၊ အဲဒီဘုံက ကပ္ပါပေါင်း တထောင် အသက်တမ်း ရှိတယ်၊ အဲဒီက အသက်တမ်း ကုန်လို့ စုတေတဲ့အခါမှာ အတပ္ပါဆိုတဲ့ ဒုတိယသုဒ္ဓါဝါသဘုံကို ရောက်မယ်၊ အဲဒီမှာ အသက်တမ်း ကပ္ပါပေါင်း နှစ်ထောင်ရှိတဲ့အခါ စုတေပြီး သုဒဿာဆိုတဲ့ တတိယ သုဒ္ဓါဝါသဘုံကို ရောက်မယ်၊ အဲဒီမှာ ကပ္ပါပေါင်း လေးထောင်နေပြီးတဲ့ အခါ သုဒဿီဆိုတဲ့ စတုတ္ထ သုဒ္ဓါဝါသဘုံကို ရောက်မယ်၊ အဲဒီမှာ ကပ္ပါပေါင်း ရှစ်ထောင်နေပြီးတဲ့အခါ အကနိဋ္ဌဆိုတဲ့ အထက်ဆုံး သုဒ္ဓါဝါသဘုံကို ရောက်မယ်၊ အဲဒီဘုံကျမှ ရဟန္တာ ဖြစ်မယ်၊ အဲဒီမှာ အသက်တမ်း ကမ္ဘာပေါင်း တသောင်း ခြောက်ထောင်နေပြီးတဲ့အခါ ပရိနိဗ္ဗာန်စံရမယ်-တဲ့၊ အဲဒီက ဗြဟ္မာသက်တွေကို ပေါင်းလိုက်ယင် ကပ္ပါပေါင်း သုံးသောင်းတထောင်ရှိတယ်၊ ဒါကြောင့် ကျောင်း အမကြီး ဝိသာခါကတော့ ဒီကပ္ပါကနောက် ကပ္ပါပေါင်း သုံးသောင်းတထောင် တိုင်အောင် ဗြဟ္မာ့ချမ်းသာတွေကို ခံစားပြီးမှ နိဗ္ဗာန်ကို ဝင်စံမယ်-တဲ့။

ဝိသာခါဟာ နိမ္မာနရတိမှ သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်းတက်ပြီး ကပ္ပါ ပေါင်း သုံးသောင်းတထောင်ကြာမှ နိဗ္ဗာန်ဝင်စံရမယ်ဆိုတာ ဘယ်ကျမ်းကို အမှီပြုပြီး သိရပါသလဲဆိုယင် ဒီဃနိကာယ် မဟာဝဂ် သက္ကပဉှသုတ်အဖွင့် (၃၃၂) အဋ္ဌကထာကို အမှီပြုပြီး သိရပါတယ်။ အဲဒီအဋ္ဌကထာမှာ ဆိုထားပုံ ကတော့—

အယံ၊ ဤသိကြားမင်းသည်။ တသ္မိံ အတ္တဘာဝေ အနာဂါမိမဂ္ဂံ ပဋိ-လဒ္ဓုတ္တာ၊ ထိုသိကြားဘဝ၌ အနာဂါမိမဂ်ကို ရသောကြောင့်။ တတော သက္ကတ္တ-

www.dhammaransi.com



ဘာဝတော စုတော၊ ထိုသိကြားအဖြစ်မှ စုတေလတ်သော်။ (သိကြားဘဝမှာဘဲ အနာဂါမ်ဖြစ်တယ်၊ အဲဒီဘဝမှာဘဲ စုတေတဲ့အခါမှာလို့ ဆိုလိုပါတယ်၊ အဲဒါကို အထူးသတိပြုထားကြရမယ်။) ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ ဟုတွာ၊ အထက်သို့ ဆန်လျက် အကနိဋ္ဌဘုံအထိ သွားမည့်ပုဂ္ဂိုလ်ဖြစ်လတ်၍။ အဝိဟာဒီသု နိဗ္ဗတ္တန္တော၊ အဝိဟာအစရှိသော သုဒ္ဓါဝါသ အောက်လေးဘုံတို့၌ဖြစ်လျက်။ ဝါ–ဖြစ်ပြီးလျှင်။ အဝသာနေ အကနိဋ္ဌေ နိဗ္ဗတ္တိဿတိ၊ နောက်ဆုံးမှာ အကနိဋ္ဌ ဘုံ၌ ဖြစ်လတ့်။ တံ သန္ဓာယ၊ ထိုသို့ဖြစ်မည်ကို ရည်ရွယ်၍။ ဝေမာဟ၊ ထိုအကနိဋ္ဌသည် အကျွန်ုပ်၏ နောက်ဆုံးနေရာဘုံ ဖြစ်ပါလိမ့်မည်ဟု သိကြားမင်းက ဘုရားအား လျှောက်လေ၏။ ကိရ၊ ဆရာအစဉ်အဆက်အားဖြင့် ကြားသိရသည်မှာ။ သော၊ ဤသိကြားသည်။ အဝိဟေသု၊ အဝိဟာဗြဟ္မာတို့၌။ ဝါ– အဝိဟာဘုံ၌။ ကပ္ပသဟဿံ၊ ကပ္ပါပေါင်း တထောင်ပတ်လုံး။ ဝသိဿတိ၊ နေရလတ့်။ အတပ္ပေသု ဒွေကပ္ပသဟဿာနိ၊ အတပ္ပါဘုံ၌ ကပ္ပါနှစ်ထောင်နေရလတ့်။ သုဒဿေသု စတ္တာရိ ကပ္ပသဟဿာနိ၊ သုဒဿာဘုံ၌ ကပ္ပါလေးထောင် နေရလတ့်။ သုဒဿီသု အဋ္ဌ၊ သုဒဿီဘုံ၌ ကပ္ပါရှစ်ထောင် နေရလတ့်။ အကနိဋ္ဌေသု သောဠသ၊ အကနိဋ္ဌဘုံ၌ ကပ္ပါ တသောင်းခြောက်ထောင် နေရလတ့်။ ဣတိ၊ ဤရေတွက်နည်းဖြင့်။ ဧကတိံသ ကပ္ပသဟဿာနိ၊ ကပ္ပါပေါင်း သုံးသောင်း တထောင်တို့ပတ်လုံး။ ဗြဟ္မအာယုံ အနုဘဝိဿတိ၊ ဗြဟ္မာ့အသက်-ဗြဟ္မာ့ချမ်းသာကို ခံစားရလတ့်။ (ဒီတိုင်အောင်သောစကားရပ်ကတော့ သိကြားမင်းမှာ ဖြစ်သွားရမည့် ဘဝအစဉ်ကိုပြတဲ့ စကားဖြစ်ပါတယ်၊ အဲဒီစကားထဲမှာ အကနိဋ္ဌဘုံရောက်တော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရမယ်ဆိုတာကိုတော့ ပြမထားဘူး၊ အဲဒါကတော့ အကနိဋ္ဌဘုံမှာ ဘဝအသစ် ထပ်ပြီး ဖြစ်ရိုးလဲ မရှိဘူး၊ အဲဒီဘုံမှ အခြားဘုံကို ပြောင်းရွှေ့ပြီး ဖြစ်ရိုးလဲ မရှိဘူး၊ အဲဒီဘုံမှာဘဲ မုချ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရတယ်ဆိုတာဟာ သာသနာ့ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တွေမှာ အလွန် ထင်ရှားနေပါတယ်၊ ဒါကြောင့် အများ သိနားလည်ပြီးဖြစ်နေတဲ့ အဲဒီစကားကို ဒီနေရာမှာ မပြဘဲထားခြင်း ဖြစ်ပါတယ်။ အဲဒီ အကနိဋ္ဌဘုံလိုဘဲ ဝေဟပ္ဖိုလ်ဘုံနှင့် နေဝသညာ နာသညာယတနဘုံများမှာလဲ သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်များ ရောက်လာယင် အဲဒီမှာလဲ ထပ်ပြီး မဖြစ်ဘူး၊ အခြားဘုံမှာလဲ ပြောင်းရွှေ့ပြီး မဖြစ်ဘူး၊ အဲဒီဘုံမှာဘဲ မုချ ရဟန္တာဖြစ်ပြီး

www.dhammaransi.com



ပရိနိဗ္ဗာန် ဝင်စံရတယ်ဆိုတာကိုလဲ ဗဟုသုတအဖြစ် မှတ်ထားကြရမယ်။ ယခု ပြောခဲ့တဲ့အတိုင်း သိကြားမင်း၏ ဖြစ်ရမည့်ဘဝအစဉ်ကို ပြောပြီးတော့ အဲဒီ အဋ္ဌကထာမှာ အနာထပိဏ် ဝိသာခါတို့၏ ဖြစ်ရမည့်ဘဝအစဉ်ကိုလဲ ထိုနည်း အတူဘဲဆိုတာကို ဒီလိုဆက်ပြီး ပြဆိုပြန်ပါတယ်။) သဏ္ဍော ဒေဝရာဇာ အနာထ- ပိဏ္ဍိကော ဂဟပတိ ဝိသာခါ မဟာဥပါသိကာတိ၊ သိကြားမင်း အနာထပိဏ် သေဋ္ဌေးကြီး ဝိသာခါ ဥပါသိကာမကြီး ဟူကုန်သော။ တယောပိ ဇနာ၊ ဤ သုံးဦးလုံးတို့သည်လည်း။ ဧကပ္ပမာဏာအာယုကာဧဝ၊ ဘဝအသက်တမ်းတူသော ပမာဏရှိကုန်သည်သာလျှင်တည်း-တဲ့။

ဒီ သက္ကပဉှသုတ် အဋ္ဌကထာမှာ အနာထပိဏ်နှင့် ဝိသာခါတို့လဲ သိကြား မင်းနှင့် အသက်အပိုင်းအခြား တူညီတယ်လို့ ဆိုထားတဲ့အတွက် သိကြားမင်း ဟာ သိကြားဘဝမှ သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်းဖြစ်သွားသလို ဝိသာခါ လဲ နိမ္မာနရတိမှ သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်း ဖြစ်သွားလိမ့်မယ် ဆိုတဲ့ အနက်ကို ယူရပါတယ်။ ဒီလို မယူဘဲ နိမ္မာနရတိဘုံမှ စုတေပြီး ပရနိမ္မိတဝသ- ဝတ္တီဘုံမှာ ဖြစ်မယ်၊ အဲဒီဘုံမှာ အနာဂါမ် ဖြစ်ပြီးတော့ အဲဒီက စုတေတဲ့ အခါကျတော့မှ သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်းဖြစ်သွားမယ်လို့ ဒီလို ပြော ဆိုတဲ့ဝါဒလဲ ရှိပါတယ်၊ အဲဒါဟာ ပါဠိ အဋ္ဌကထာ ဋီကာရယ်လို့တော့ တိတိ ကျကျ မရှိဘူး၊ သို့သော် အဲဒီလိုလဲ ဖြစ်နိုင်ပါတယ်။ သံယုတ်အဋ္ဌကထာ (တတိယတွဲ ၂၇၁) နှင့် ပုဂ္ဂလပညတ်အဋ္ဌကထာ (၄၇) များမှာတော့ ဒီလို ပြဆိုထားပါတယ်။

အချို့ သောတာပန်ပုဂ္ဂိုလ်သည် ဝိပါကဝဋ္ဋ-ဟူသော လောကီချမ်းသာကို လိုလား၏၊ လောကီချမ်းသာ၌ ပျော်မွေ့၏၊ ဝိပါကဝဋ္ဋဟူသော လောကထဲ၌ သာလျှင် အဖန်ဖန် ကျင်လည်၏ ထင်ပေါ်၏၊ အနာထပိဏ် ဝိသာခါ စူဠရထ နတ်သား မဟာရထနတ်သား အနေကဝဏ္ဏနတ်သား သိကြားမင်း နာဂဒတ္တ- နတ်သား ဟူကုန်သော ဤ (၇) ဦးသော ပုဂ္ဂိုလ်တို့သည် ဝိပါကဝဋ္ဋကို လိုလား ကြ၏၊ ဝိပါကဝဋ္ဋ၌ ပျော်မွေ့ကြ၏၊ အစမှ စ၍ (ဆ ဒေဝလောကေ သော- ဓေတွာ) ကာမာဝစရနတ်ပြည် ၆-ထပ်ကို သုတ်သင်၍ (နတ်ပြည် ၆-ထပ်၌

www.dhammaransi.com



အစဉ်အတိုင်း ဖြစ်၍ဟု ဆိုလို၏) အကနိဋ္ဌဘုံ၌ တည်လျက် ပရိနိဗ္ဗာန်ဝင်စံကုန်လတ္တံ့ – လို့ ဆိုထားပါတယ်။

ဒီ အဋ္ဌကထာ စကားထဲမှာ ကာမာဝစရ နတ်ပြည် ၆-ထပ်မှာ အစဉ်အတိုင်း ဖြစ်တယ် ဆိုတာကတော့ တိတိကျကျ ယူသင့်ဟန်မတူပါဘူး၊ နတ်ပြည် ၆-ထပ်ထဲက တဘုံ နှစ်ဘုံစသည်မှာ ဖြစ်ပြီး အဲဒီမှာ အနာဂါမ် ဖြစ်တယ်၊ အဲဒီဘုံမှ အဝိဟာဘုံမှာ ဖြစ်တယ် စသည်ဖြင့် ယူလျှင် သင့်စရာရှိပါတယ်။ ဘာကြောင့်လဲ ဆိုလျှင် သက္ကပဉ္စသုတ်ပါဠိတော်မှာဘဲ သိကြားမင်းဘဝမှာ အနာဂါမ်ဖြစ်ပြီး အဲဒီဘုံမှ အဝိဟာ-စသော သုဒ္ဓါဝါသဘုံများမှာ ဖြစ်မည့်အကြောင်း ပြဆိုထားသောကြောင့် ဖြစ်ပါတယ်။ ဝိသာခါလို သောတာပန်ကတော့ သတ္တက္ခတ္တုပရမ ခေါ်တဲ့ သောတာပန်လဲ မဟုတ်ဘူး၊ ကောလံကောလ, ဧကဗီဇီလို့ ခေါ်တဲ့ သောတာပန်မျိုးလဲ မဟုတ်ဘူး၊ ဘုံစဉ်စံသောတာပန်လို့ မြန်မာဝေါဟာရဖြင့် ခေါ်ကြတယ်။ သံယုတ်အဋ္ဌကထာ ပုဂ္ဂလပညတ်အဋ္ဌကထာများကို ထောက်ဆကြည့်မယ် ဆိုယင်တော့ နတ်ပြည် ၆-ထပ်နှင့် သုဒ္ဓါဝါသ ငါးထပ် ဘုံအဆင့်ဆင့် စံသွားမှာကို အကြောင်းပြုပြီးတော့ ဘုံစဉ်စံခေါ်တယ်လို့ ဆိုဘွယ်ရာ ရှိပါတယ်။

တနည်းအားဖြင့်တော့ ဓမ္မသင်္ဂဏီပါဠိတော်မှာ သောတာပတ္တိဖိုလ်ကို ပဌမဘုံ, သကဒါဂါမိဖိုလ်ကို ဒုတိယဘုံ, အနာဂါမိဖိုလ်ကို တတိယဘုံ, အရဟတ္တဖိုလ်ကို စတုတ္ထဘုံ–လို့ ဟောထားတယ်၊ အဲဒီ အရိယာဖိုလ်လေးပါးဘုံတွေကို တဆင့်ချင်း တက်သွားတဲ့အတွက် ဘုံစဉ်စံခေါ်တယ်လို့လဲ ဆိုနိုင်ပါတယ်။ ဒီ အရိယာဘုံတဆင့်ချင်း စံသွားဘုံက သတ္တက္ခတ္တုပရမသောတာပန် - စသည်ဖြစ်ပုံနှင့် ကွဲလွဲထူးခြားတဲ့အတွက် သာပြီး သင့်လျော်ပါတယ်။ ထူးခြားပုံကတော့ သတ္တက္ခတ္တုပရမသောတာပန်က (၇) ဘဝပတ်လုံး သောတာပန်အဖြစ်ဖြင့် တည်နေတယ်၊ ခုနစ်ခုမြောက် နောက်ဆုံးဘဝ ကျမှ အထက်မဂ်ဖိုလ်သုံးဆင့်ကို တခါတည်း တက်ပြီး ရဟန္တာ ဖြစ်သွားတယ်။ ကောလံကောလ, ဧကဗီဇီ တို့ကလဲ နည်းတူဘဲ၊ နောက်ဆုံးဘဝ ကျမှ အထက်မဂ်ဖိုလ်သုံးဆင့်ကို တခါတည်း တက်ပြီး ရဟန္တာဖြစ်ကြတာချည်းဘဲ။ ဒီ ဘုံစဉ်စံကတော့ အဲဒီလိုမဟုတ်ဘူး၊ သောတာပန် ဖြစ်ပြီးတဲ့နောက် ကာမာဝစရနတ်ဘုံ တခုခုမှာ အနာဂါမ်

www.dhammaransi.com



ဖြစ်ဘယ်၊ အဲဒီနတ်ဘုံက စုတေတဲ့အခါ သုဒ္ဓါဝါသငါးဘုံမှာ ဖြစ်တယ်၊ အကနိဋ္ဌဘုံမှာ ရဟန္တာ ဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံတယ်၊ ဒီလိုထူးပါတယ်၊ ဒါကြောင့် သောတာပန်ဘုံအဆင့်မှ သကဒါဂါမ် အနာဂါမ် ရဟန္တာဘုံအဆင့်များသို့ တဘဝစီ တက်ရောက်သွားလို့ ဘုံစဉ်စံခေါ်တယ် ဆိုတာက သာပြီး အသင့်ယုတ္တိရှိပါတယ်။

ယခုပြောလာခဲ့တာဟာ အမျိုးသမီးများဘက်မှ ဗြဟ္မစရိယအကျင့်၏အကျိုးတွေကို ခံစားရပုံသာဓကဝတ္ထုတွေပါဘဲ။ အဲဒီတော့ အမျိုးသားဘက်ကရော အမျိုးသမီးဘက်ကရော အကျိုးပြသာဓကတွေ စုံသွားပါပြီ။ အဲဒီသာဓကတွေထဲမှာ ဗြဟ္မစရိယဖြင့် အဆင့်အတန်း တက်လာပုံတွေ တော်တော်များများပါပါတယ်၊ လူ့ချမ်းသာထက် နတ်ချမ်းသာအဆင့်ဆင့် တက်သွားပုံတွေလဲ ပါတယ်၊ ပုထုဇဉ်အဆင့်က အရိယာအဆင့်တက်သွားပုံလဲ ပါတယ်၊ သောတာပန်အဆင့်က သကဒါဂါမ် အနာဂါမ်အဆင့် တက်သွားပုံလဲ ပါတယ်၊ဘုံအားဖြင့် လူ့ဘုံမှ နတ်ဘုံအဆင့်ဆင့် တက်သွားပုံ၊ နတ်ဘုံမှ သုဒ္ဓါဝါသဗြဟ္မာ့ဘုံအဆင့်ဆင့် တက်သွားပုံလဲ ပါတယ်၊ နောက်ဆုံးမှာ ရဟန္တာအဆင့် ရောက်ပြီး နိဗ္ဗာန်သို့ ဝင်စံသွားပုံလဲ ပါတယ်။ ဒါကြောင့် ဗြဟ္မစရိယကို အမြဲတမ်းဖြစ်စေ၊ ရက်ပိုင်းလပိုင်းဖြင့် ရံခါဖြစ်စေ ကျင့်တဲ့ပုဂ္ဂိုလ်များက ဒီလိုအဓိဋ္ဌာန်ပြုပြီး လေးလေးနက်နက် ကျင့်ကြရမယ်။ ကဲ လိုက်ဆိုကြ။

သူများတွေက မမြတ်သောအကျင့်ကို ကျင့်ကြမည့်နေရာမှာ ငါတို့ကတော့ မြတ်သောအကျင့်ကို ကျင့်မည်၊ ကိလေသာပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ မမြတ်သောအကျင့်ကို မြတ်သောအကျင့်နှင့် ရှောင်လွှဲမည်၊ မြတ်သောအကျင့်နှင့် အဆင့်အတန်းတက်မည်၊ မမြတ်သောအကျင့် ကိလေသာမီးကို မြတ်သောအကျင့်နှင့် ငြိမ်းသတ်မည်။

ငါးပါးသီလလောက် ကျင့်နိုင်ကြတဲ့ပုဂ္ဂိုလ်တွေကတော့ ဒီလိုအဓိဋ္ဌာန်ပြုပြီး ကာမေသုမိစ္ဆာစာရမှ ကင်းကင်းရှင်းရှင်း ကြဉ်ရှောင်ကြရမယ်။ ကဲလိုက်ဆိုကြ။

သူများတွေက မပိုင်မဆိုင်သော ကာမဂုဏ်တို့၌ မှားယွင်း ကျူးလွန်ကြမည့်နေရာမှာ ငါတို့ကတော့ မှားယွင်း ကျူးလွန်မှု ကင်းစေမည်၊ ကိလေသာ

www.dhammaransi.com



ပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ ကာမဂုဏ်တို့၌ မှားယွင်း ကျူးလွန်မှုကို ကြဉ်ရှောင်မှုနှင့် ရှောင်လွဲမည်၊ ကြဉ်ရှောင်မှုနှင့် အဆင့်အတန်း တက်မည်၊ ကာမေသုမိစ္ဆာစာရ ကိလေသာမီးကို ကြဉ်ရှောင်မှု ဝိရတီဖြင့် ငြိမ်းသတ်မည်။

အဖြဲ့ပဟ္မစရိယ ကိလေသာကို ပယ်ဘိုနှင့် စပ်ပြီး ပြောဟော လာတာကတော့ တော်တော်စုံသွားပါပြီ။ ဒါကြောင့် ယခု အမျှဝေပြီး တရားသိမ်းကြစို့။

## အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျနုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ် ။ပ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ်တရားတော် စတုတ္ထပိုင်း ဤတွင် ပြီး၏။

www.dhammaransi.com

# သလ္လေခသုတ်တရားတော်ကြီး
# ပဥ္စမပိုင်း

၁၃၃၂-ခုနှစ်၊ ဝါခေါင်လပြည့်နေ့ ဟောသည်။

### တရားအနုသန္ဓေ

သလ္လေခသုတ်တရားတော်ကို ဟောလာတာ ၄-ကြိမ်ရှိခဲ့ပြီ၊ အဲဒီ ၄-ကြိမ်မှာ "ဝိဟိံသာပါတ၊ အဒိန္နနှင့် အဗြဟ္မစရိယာ၊ မုသာ ပိသု၊ ဖရု သမ္ဖာ၊ အဘိဇ္ဈာနှင့်" စသည်ဖြင့် ဆိုထားတဲ့ခေါင်းစဉ် ဆောင်ပုဒ်ထဲက အဗြဟ္မစရိယာအထိ ဟောလို့ပြီးခဲ့ပြီ၊ ယနေ့ငါးကြိမ်မြောက်မှာ အစဉ်ကျတဲ့ မုသာဝါဒကို ဟောရမယ်။

### မုသာဝါဒ

ပရေ မုသာဝါဒီ ဘဝိဿန္တိ၊ မယမေတ္ထ မုသာဝါဒါ ပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ အခြားတပါးသောပုဂ္ဂိုလ်တို့သည်။ မုသာဝါဒီ၊ မဟုတ်မမှန်သည်ကို လိမ်လည်ပြောဆိုကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ သူတပါးတို့က လိမ်လည်ပြောဆိုကြမည့် ဤအရာဌာန၌။ မယံ၊ မြတ်စွာဘုရား၏ တပည့်တော် သားတော် သမီးတော်ဖြစ်ကြသော ငါတို့သည်။ မုသာဝါဒါ ပဋိဝိရတာ၊ လိမ်လည်ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

အဲဒါ မြတ်စွာဘုရား၏ ဩဝါဒဘဲ။ သလ္လေခအကျင့်ကို မကျင့်ကြတဲ့ သူတပါးတွေက မုသာဝါဒကို ပြောဆိုကြမည့်နေရာမှာ ငါတို့ကတော့ မုသာဝါဒမှ ကြဉ်ရှောင်မယ်လို့ ဒီလို အဓိဋ္ဌာန်ပြုပြီး သလ္လေခအကျင့်ကို ကျင့်ရမယ် တဲ့။ အဲဒီမှာ

www.dhammaransi.com



မုသာဆိုတာက မဟုတ်မမှန်တာ၊ ဝါဒ-က ပြောဆိုခြင်း၊ ဒါကြောင့် မုသာဝါဒ ဆိုတာ မဟုတ်မမှန်တာကို အဟုတ်အမှန်လုပ်ပြီး လိမ်လည်ပြောဆိုခြင်းပါဘဲ။ ကိုယ်က မြင်ပါသိပါလျက်နှင့် မမြင်ဘူး မသိဘူးလို့ ပြောတာ၊ မမြင်ပါဘဲ မသိပါဘဲနှင့် မြင်တယ် သိတယ်လို့ ပြောတာ-အဲဒီလို လိမ်လည်ပြီး ပြောတာမျိုး ပါဘဲ။ အဲဒီမှာ အင်္ဂါ ၄-ပါးရှိတယ်၊ (၁) ပြောတဲ့အရာဝတ္ထုက ပြောတဲ့အတိုင်း မဟုတ်မမှန်ခြင်း၊ (၂) အလွဲအမှားကို သူတပါးအား သိစေလိုခြင်း၊ (၃) အလွဲအမှားကို အမှန်ပြု၍ ပြောဆိုခြင်း၊ (၄) ထိုအလွဲအမှားကို အမှန်အနေအားဖြင့် နားကြားသူက သိမှတ်ယုံကြည်ခြင်းဆိုတဲ့ ဒီအင်္ဂါ ၄-ပါး ညီညွတ်လျှင် မုသာဝါဒကံမြောက်တယ်။ အဲဒါဟာ သူတပါးအကျိုးကို ပျက်စေနိုင်တဲ့ လိမ်လည်မှု ဖြစ်ယင် အပါယ်လေးပါးသို့ ကျစေနိုင်တယ်။

အပြစ်အကြီးအငယ်ကတော့ သီလအစရှိသောဂုဏ်ကျေးဇူးနှင့် ပြည့်စုံတဲ့ သူကို လိမ်ယင် အပြစ်ကြီးတယ်၊ အလိမ်ခံရတဲ့သူက ဂုဏ်ကျေးဇူးများလေလေ အပြစ်ကြီးလေလေဘဲ၊ အလိမ်ခံရတဲ့သူက သီလစသော ဂုဏ်မရှိယင် အပြစ် ငယ်တယ်။ နောက်ပြီးတော့ အလိမ်ခံရတဲ့သူမှာ အကျိုးမဲ့ဖြစ်ယင် အပြစ်ကြီး တယ်၊ အကျိုးမဲ့များစွာဖြစ်လေလေ အပြစ်ကြီးလေလေဘဲ၊ အကျိုးမဲ့မဖြစ်စေ နိုင်တဲ့ လိမ်မှုကတော့ အပြစ်မကြီးဘူး၊ "အပါယ်ပဋိသန္ဓေ အကျိုးမပေးတတ် ဘူး" လို့လဲ ပြဆိုထားတာရှိတယ်၊ ဒါပေမဲ့ သူတော်ကောင်းအနေနဲ့ဆိုယင်တော့ လိမ်လည်ပြောဆိုမှုကို လုံးဝရှောင်ကြဉ်ရတယ်၊ ပြက်ရယ်ပြုပြီး ရယ်စရာပြောတာ မျိုးကိုလဲ ရှောင်ရတယ်၊ ရှောင်နိုင်လေလေ ကောင်းလေလေပါဘဲ။

သူများက ကိုယ့်ဆီလာပြီး ပစ္စည်းတစုံတခုကို ချေးငှါးလာ တောင်းလာလို့ ရှိယင် ကိုယ်ကလဲ အဲဒါကို မချေးချင် မပေးချင်ဘူးဆိုပါတော့ အဲဒါကို ဘယ်လို ပြန်ပြောမလဲ၊ ရှိနေပါလျက်နဲ့ မရှိဘူးလို့ ပြောယင် မုသာဝါဒ ဖြစ်လိမ့်မယ်၊ ဒါပေမဲ့ သူ့အကျိုးမဲ့ဖြစ်အောင် ပြောတာ မဟုတ်လို့ အပြစ်ကြီးတယ်လို့တော့ မဆိုရဘူး၊ အပြစ်မကြီးပေမဲ့ မုသာဝါဒကိုတော့ ရှောင်ကြဉ်သင့်တာဘဲ၊ ဘယ့်နှယ် ပြောမလဲ၊ မချေးချင်ဘူး မပေးနိုင်ဘူးလို့ တဲ့တဲ့ပြောလိုက်ယင် ဝန်တိုတယ်ထင်ပြီး စိတ်ခု သွားလိမ့်မယ်၊ မြို့သူ မြို့သားတွေဆိုတော့ အပြစ်ကင်းအောင် ပြောဘို့ရာ

www.dhammaransi.com



အကြွက်မြင်နေမှာပါဘဲ၊ ဘုန်းကြီးအမြင်နဲ့ ပြောရယင်တော့ ကိုယ်သုံးဘို့ရာ လောက်သာ ရှိပါတယ်၊ ချေးဘို့ရာ ပေးဘို့ရာ မရှိပါဘူးလို့ ပြောယင် သင့်တော် လောက်စရာရှိပါရဲ့၊ အဲဒီလို အသေးအနုပ်ကလေးများမှစပြီး မုသာဝါဒ ကင်းအောင် ပြောဆိုဘို့ လိုပါတယ်။ မုသာဝါဒကို ကြဉ်ရှောင်ပြီး မှန်ကန်တဲ့ သစ္စာစကားကိုသာ ပြောလေ့ရှိတဲ့သူကို ပတ်ဝန်းကျင်လူအများက ယုံကြည် တယ်၊ ဒီလူပြောတဲ့စကားဆိုယင် ဧကန်ဟုတ်ပေလိမ့်မယ်လို့ အများက ယုံကြည် ကြတယ်၊ အလေးပြုကြတယ်။

## သက်သေခံတဲ့အခါ အရေးကြီးတယ်

အမှန်ကို ပြောဆိုဘို့ရာ အရေးအကြီးဆုံးအခါကတော့ ပါဠိတော်များမှာ သက္ခိပုဋ္ဌော သက်သေအဖြစ် အမေးခံရလျှင်-လို့ ဆိုထားတဲ့အတိုင်း အငြင်းအခုံ အမှုကိစ္စကို ဆုံးဖြတ်ရန်အတွက် သက်သေအဖြစ်ဖြင့် မေးတဲ့အခါမှာ အမှန် အတိုင်း ပြောဆိုဘို့ အလွန်အရေးကြီးပါတယ်၊ တရားစီရင်ရာ ရုံးတော်မှာ ဖြစ်စေ၊ အခြားဌာနမှာ ဖြစ်စေ သက်သေအဖြစ်ဖြင့် မေးယင် မြင်တာ သိတာကို မြင်တယ် သိတယ်လို့ဘဲ ပြောရမယ်၊ မမြင်တာ မသိတာကို မမြင်ဘူး မသိဘူး လို့ဘဲ ပြောရမယ်၊ အဲဒါ အလွန်အရေးကြီးပါတယ်။ တချို့က မြင်ပါလျက် သိပါ လျက် မမြင်ဘူး မသိဘူးလို့ ငြင်းကွယ်တယ်၊ မမြင်ဘဲ မသိဘဲနဲ့ မြင်ပါတယ် သိပါ တယ်လို့ မတရားထွက်ဆိုတယ်၊ အဲဒီ မတရားထွက်ဆိုချက်ကို အတည်ပြုပြီး တရားသူကြီးက တရားစီရင်လိုက်ယင် မတရားသက်သေခံတဲ့သူမှာ အင်မတန် အပြစ်ကြီးပါတယ်၊ လူသတ်မှုမှာဆိုယင် အမှုမှန်မဟုတ်ပေမဲ့ တရားခံမှာ ထောင်ဒဏ် သေဒဏ် ကျရောက်နိုင်တယ်၊ အခြား ရာဇဝတ်မှုတွေမှာလဲ ငွေဒဏ် ထောင်ဒဏ် ကျရောက်နိုင်တယ်၊ အပြစ်မရှိဘဲနဲ့ ခံရတဲ့သူမှာလဲ အလွန်နစ်နာ တယ်၊ တရားစီရင်တဲ့သူမှာလဲ အပြစ်မကင်းဘူး။ ဒါပေမဲ့ လူ့ရုံးဆိုတာကတော့ သက်သေထွက်ချက်တွေအရသာ စီရင်ရတယ်၊ ကိုယ်က အမှားအမှန်သိနေပေ မယ်လို့ သက်သေအထောက်အထားမရှိယင် ကိုယ်သိတဲ့အတိုင်း စီရင်ဘို့ မဖြစ် နိုင်ဘူးလို့ ဆိုကြပါတယ်၊ ဘုန်းကြီးတို့၏ သာသနာတော်မှာလဲ အဓိကရဏ်း အမှုကိစ္စ ဖြစ်ပေါ်လာယင် ပဋိရူပံ ကာရဏံ လဘိတွာ-လို့ ဆိုထားတဲ့အတိုင်း သက်သေအထောက်အထားကို မှီပြီး ဆုံးဖြတ်ရတာပါဘဲ။

www.dhammaransi.com



ဒါကြောင့် သက်သေအဖြစ် အမေးခံရတဲ့အခါမှာ အမှန်အတိုင်း ပြောဆိုဘို့ ရာဟာ အလွန်အရေးကြီးပါတယ်၊ ပစ္စည်းနှင့်ပတ်သက်ပြီး အငြင်းအခုံ ဖြစ်ရာမှာလဲ သက်သေက သိလျက်နဲ့ မသိဘူးလို့ ပြောယင်၊ မသိဘဲနဲ့ သိတယ်လို့ လိမ်ပြောယင် တရားသူကြီးက အမှန်အတိုင်း ဆုံးဖြတ်ပေးဘို့ ခက်ပါတယ်၊ အလွဲဆုံးဖြတ်လိုက်ယင် ပိုင်ရှင်အစစ်အမှန်ဖြစ်တဲ့သူမှာ အများကြီး ဆုံးရှုံးနစ်နာတတ်ပါတယ်၊ တရားစီရင်တဲ့သူမှာလဲ အပြစ်မကင်းဘဲ ဖြစ်သွားတတ်ပါတယ်။

## အရိယနှင့် အနရိယဝေါဟာရများ

ဒါကြောင့် အဲဒီလို သက်သေအဖြစ် အမေးခံရတဲ့အခါမှာ မြင်တာ ကြားတာ တွေ့တာ သိတာကို မြင်တယ် ကြားတယ် တွေ့တယ် သိတယ်လို့ အမှန်အတိုင်းဘဲ ပြောဘို့ အရေးကြီးပါတယ်၊ မမြင်တာ မကြားတာ မတွေ့တာ မသိတာကိုလဲ မမြင်ဘူး မကြားဘူး မတွေ့ဘူး မသိဘူးလို့ အမှန်အတိုင်းပြောဘို့ အလွန်အရေးကြီးပါတယ်၊ အဲဒီလို အမှန်အတိုင်း ပြောတဲ့ စကားရှစ်မျိုးကို အရိယဝေါဟာရရှစ်ပါးလို့ ခေါ်ပါတယ်၊ အရိယာများ သူတော်သူမြတ်များ ပြောတဲ့ စကားရှစ်ပါးလို့ ဆိုလိုပါတယ်။ အဲဒီလို အမှန်အတိုင်း မပြောဘဲ မမြင်တာ မကြားတာ မတွေ့တာ မသိတာကို မြင်တယ် ကြားတယ် တွေ့တယ် သိတယ်လို့ လိမ်ပြောယင်၊ မြင်တာ ကြားတာ တွေ့တာ သိတာကို မမြင်ဘူး မကြားဘူး မတွေ့ဘူး မသိဘူးလို့ လိမ်ပြောယင် အဲဒီ စကားရှစ်မျိုးကို အနရိယဝေါဟာရလို့ ခေါ်တယ်၊ သူယုတ်မာတို့ ပြောတဲ့စကား ရှစ်ပါးလို့ ဆိုလိုပါတယ်။ (ပါဠိ-လိုကတော့ ဒိဋ္ဌေ ဒိဋ္ဌဝါဒိတာ၊ သုတေ သုတဝါဒိတာ၊ မုတေ မုတဝါဒိတာ၊ ဝိညာတေ ဝိညာတဝါဒိတာ–လို့ ဒါက ၄-ပါး၊ အဒိဋ္ဌေ အဒိဋ္ဌဝါဒိတာ–စသည်က ၄-ပါး၊ အဲဒါဟာ အရိယဝေါဟာရ ရှစ်ပါးဘဲ၊ အနရိယ ဝေါဟာရ ရှစ်ပါးကိုတော့ ဒိဋ္ဌေ အဒိဋ္ဌဝါဒိတာ– စသည်ဖြင့်၄င်း၊ အဒိဋ္ဌေ ဒိဋ္ဌဝါဒိတာ– စသည်ဖြင့်၄င်း ပြောင်းပြန်ပြန်ပြီး ယူရုံပါဘဲ။)

ဒါကြောင့် သူများတွေက လိမ်လည်ကြမည့် နေရာမှာ ငါတို့ကတော့ လိမ်လည်မှုကင်းစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်–ဆိုတဲ့ ဒီသလ္လေခအကျင့်အရ သူယုတ်မာတို့၏ မုသာဝါဒစကား ရှစ်ပါးကို ပယ်ပြီးတော့ အရိယ

www.dhammaransi.com



ဝေါဟာရ ဆိုတဲ့ သူမြတ်တို့၏ သစ္စာစကား ရှစ်ပါးကိုသာ ပြောဆိုသွားကြဘို့ပါဘဲ။

## စိတ္တုပ္ပါဒဝါရ စသည်အတွက်

နောက်ပြီးတော့ စိတ္တုပ္ပါဒဝါရ အရ ဆိုယင်လဲ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်လို့ ရှေး ဆောင်ပုဒ်တွေအတိုင်း ဆိုရုံပါဘဲ။ အဲဒီကနောက် ပရိက္ကမနဝါရ စသည်အတွက်ကတော့ လိမ်လည်မှုကို သစ္စာစကားနဲ့ ရှောင်လွဲမည်၊ သစ္စာစကားနဲ့ အဆင့်အတန်းတက်မည်၊ လိမ်လည်မှုကိလေသာမီးကို သစ္စာစကားနဲ့ ငြိမ်းသတ်မည်–လို့ ဒီလို ဆိုရုံပါဘဲ။ အဲဒီမှာ သစ္စာ ဆိုတဲ့ ပါဠိကတော့ ဗမာစကားဖြစ်နေပါပြီ၊ ဒါကြောင့် မှန်တာပြော သစ္စာလို့ လူတိုင်းရဲ့ နှုတ်ဖျားမှာ တက်နေပါတယ်။ မှန်ကန်တဲ့သစ္စာစကားကို ပြောခြင်းဖြင့် အပါယ်ကျစေနိုင်တဲ့ မုသာဝါဒလမ်းဆိုးကို ရှောင်လွဲပြီးလဲ ဖြစ်သွားတယ်၊ လူ့ဘဝမှ နတ်ဘဝ ဗြဟ္မာဘဝ အဆင့်ဆင့်တွေလဲ တက်သွားနိုင်တယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာအဆင့်တွေကိုလဲ တက်သွားနိုင်တယ်၊ နောက်ဆုံးမှာ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုလဲ ရောက်သွားနိုင်တယ်။ ကဲ–အဲဒီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

## အဓိဋ္ဌာန် ဆောင်ပုဒ်

သူများတွေက လိမ်လည်ကြမည့် နေရာမှာ ငါတို့ကတော့ လိမ်လည်မှု ကင်းစေမည်။ ကိလေသာ ပါးစေတဲ့အကျင့်ကို ကျင့်မည်။ ဒီလို စိတ်မျိုးကို ဖြစ်စေမည်၊ လိမ်လည်မှုကို သစ္စာစကားနဲ့ ရှောင်လွဲမည်၊ သစ္စာစကားနဲ့ အဆင့်အတန်း တက်မည်၊ လိမ်လည်မှု ကိလေသာမီးကို သစ္စာစကားနဲ့ ငြိမ်းသတ်မည်။

## အပြစ်နှင့် အကျိုး

လိမ်ယင် ဘယ်လို အပြစ်ရှိသလဲ၊ လိမ်လည်မှုမှ ကြဉ်ရှောင်ယင် ဘယ်လို အကျိုးရှိသလဲ - လို့ ဆိုတော့– အဲဒါကို အင်္ဂုတ္တရပါဠိတော်မှာ မုသာဝါဒေါ ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိကော– စသည်ဖြင့် ပြထားပါတယ်၊ ပါဠိအသွားကတော့ အဒိန္နာဒါန်အရာမှာ ထုတ်ပြခဲ့တဲ့

www.dhammaransi.com



ပါဠိအသွားမျိုးပါဘဲ။ အတိုချုပ် ပြောရယင် လိမ်လည်ပြောတဲ့သူဟာ အပါယ်လေးပါးကျတတ်ပါတယ်– တဲ့၊ အပါယ်ကလွတ်ပြီး လူ့ဘဝ ရောက်လာလျှင်လဲ အစွပ်အစွဲခံရတတ်ပါတယ်–တဲ့။ အဲဒါကို တိုတိုနဲ့ မှတ်ရအောင် ဘုန်းကြီးက "လိမ်လျှင် ပါယ်ကျ။ လူဖြစ်က၊ ခံရစွပ်စွဲများ" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

လိမ်လျှင်ပါယ်ကျ၊ လူဖြစ်က၊ ခံရစွပ်စွဲများ။ (ဆို)

မုသာဝါဒမှ ရှောင်ခြင်း၏ အကျိုးကိုတော့ အဲဒီက ပြန်လှန်ပြီး ယူရုံပါဘဲ၊ လိမ်လည်မှုမှ ကြဉ်ရှောင်ယင် စတုမဟာရာဇ် တာဝတိံသာ-စသော နတ်ပြည် ၆-ထပ်ကို ရောက်တတ်တယ်၊ လူ့ဘဝပြန်ရောက်လာယင်လဲ စွပ်စွဲကဲ့ရဲ့ခံရခြင်း မရှိဘဲ အများက ယုံကြည်လေးစားခြင်း ခံရတယ်လို့ ဒီလို ယူရုံပါဘဲ။ ခုဒ္ဒက-ပါဌနှင့် ဋီကာဝုတ်အဖွင့် အဋ္ဌကထာများမှာတော့ မုသာဝါဒမှ ကြဉ်ရှောင်ခြင်း၏ အကျိုးများကို ၁၄-ပါးအထိ ပြထားပါတယ်၊ အဲဒါကို အကျဉ်းချုံးပြီး ဘုန်းကြီးက ဆောင်ပုဒ် ၃-ခု စီထားတယ်။

ပဌမဆောင်ပုဒ်က "ခံတွင်းမွှေးစွာ၊ သွားညီညာ၊ လိုက်နာသူ့စကား"တဲ့။ အဲဒီမှာ ခံတွင်းမွှေးစွာဆိုတာက (ဥပ္ပလဂန္ဓမုခတာ) ကြာပန်းနံ့ကဲ့သို့ မွှေးသော ခံတွင်းရှိခြင်းဆိုတဲ့ စကားရဲ့ အတိုချုပ်ပဲ။ သွားညီညာဆိုတာက (သမသိတ-သုဒ္ဓဒန္တတာ) ညီညာစေ့စပ်၍ ဖြူစင်သော သွားရှိခြင်းဆိုတာရဲ့ အတိုချုပ်ပဲ။ လိုက်နာသူ့စကားဆိုတာထဲမှာ (သုဿူသကပရိဇနတာ)ရိုရိုသေသေ နားထောင်သော ပရိသတ်ရှိခြင်းဆိုတာနှင့် (အာဒေယျဝစနတာ) သူ့စကားကို အများက လိုက်နာခြင်းဆိုတဲ့ အကျိုး ၂-ပါးအတွက် ဖြစ်တယ်။ ဒီတော့ ဒီပဌမဆောင်ပုဒ်မှာ (၁) ကြာပန်းကဲ့သို့ ခံတွင်းအနံ့မွှေးခြင်း၊ (၂) ညီညွတ်စေ့စပ် ဖြူစင်သော သွားရှိခြင်း၊ (၃) သူ့စကားကို အခြွေအရံများက ရိုသေစွာ နားထောင်ခြင်း၊ (၄) သူ့စကားကို အများက လိုက်နာခြင်းဆိုတဲ့ အကျိုးလေးပါး ပါဝင်တယ်။

ဒုတိယဆောင်ပုဒ်ကတော့ "အတွေ့ကောင်းသည်၊ ဣန္ဒြေကြည်၊ စိတ်တည်လျှာနုပါး"တဲ့။ အဲဒီမှာ အတွေ့ကောင်းသည်ဆိုတာက (သုခသမဿတာ) ချမ်းသာသော အတွေ့ရှိခြင်းဆိုတာရဲ့ အတိုချုပ်ပဲ။ ဣန္ဒြေကြည် ဆိုတာက

www.dhammaransi.com



(ဝိပ္ပသန္နိန္ဒြိယတာ) ကြည်လင်သော ဣန္ဒြေရှိခြင်းဆိုတာရဲ့ အတိုချုပ်ပဲ။စိတ်တည်ဆိုတာက (အနုဒ္ဓတတာ) မတက်ကြွ မပျံ့လွင့်ခြင်းဆိုတာနှင့် (အစပလတာ) မလျှပ်ပေါ်ခြင်းဆိုတာတို့၏ အတိုချုပ်ပဲ။ လျှာနုပါးဆိုတာက (ကမလဒလသဒိသမုဒုလောဟိတ တနုဇိဝှတာ) ကြာပွင့်ဖတ်တူစွာ နူးညံ့နီမြန်း၍ ပါးလွှာသော လျှာရှိခြင်း ဆိုတာရဲ့ အတိုချုပ်ပဲ။ ဒီတော့ ဒီပုဒ်မှာ (၁) ကောင်းသော အတွေ့ရှိခြင်း၊ (၂) မျက်စိစသော ဣန္ဒြေတို့ ကြည်လင်ခြင်း၊ (၃) စိတ်တည်ကြည်၍ မပျံ့လွင့်ခြင်း၊ (၄) လျှပ်ပေါ်မှုကင်းခြင်း၊ (၅) နီသောအဆင်းရှိလျက် နူးညံ့ပါးလွှာသော လျှာရှိခြင်းဆိုတဲ့ အကျိုးငါးပါး ပါဝင်တယ်။ ပဌမပုဒ်က ၄-ပါးနှင့် ပေါင်းလိုက်ယင် အကျိုး ၉-ပါး ရှိသွားပြီ။

တတိယပုဒ်ကတော့ "လုံးရပ်ညီညာ၊ပြောချိုစွာ၊ မုသာရှောင်ကျိုးများ" တဲ့။ အဲဒီမှာ လုံးရပ်ညီညာဆိုတာက (၁) မဝလွန်းခြင်း၊ (၂) မပိန်လွန်းခြင်း၊ (၃) မပုလွန်းခြင်း၊ (၄) မမြင့်လွန်းခြင်း ဆိုတဲ့ အကျိုး ၄-ပါးအတွက် အတိုချုပ်ပဲ။ ပြောချိုစွာဆိုတာကတော့ (ဝိဿဋ္ဌမဓုရဘာဏိတာ) ပြတ်သား ချိုသာသော စကားရှိခြင်းဆိုတာရဲ့ အတိုချုပ်ပါဘဲ။ ဒီတော့ ဒီပုဒ်ထဲမှာ အကျိုး ၅-ပါး ပါဝင်တယ်၊ ရှေး ၂-ပုဒ်က ၉-ပါးနှင့် ပေါင်းလိုက်ယင် အကျိုး ၁၄-ပါး ဖြစ်တယ်။ မုသာဝါဒမှ ကြဉ်ရှောင်တဲ့သူမှာ နောက်ဘဝများ၌ ဒီအကျိုး ၁၄-ပါးကို ရနိုင်တယ်။ ဒါကြောင့် "မုသာရှောင်ကျိုးများ" လို့ ဆိုထားပါတယ်။ ကဲ အဲဒီဆောင်ပုဒ်တွေကို ဆိုကြရမယ်။

ခံတွင်းမွှေးစွာ၊ သွားညီညာ၊ လိုက်နာသူစကား။ (ဆို)

အဲဒီမှာ ခံတွင်းမွှေးတယ်၊ သွားညီညွတ် စေ့စပ်ဖြူစင်တယ်၊ ကိုယ့်စကားကို အများက လိုက်နာတယ်ဆိုတာတွေဟာ လူတိုင်း လူတိုင်း အလိုရှိအပ်တဲ့ အကျိုးတွေဘဲ။

အတွေ့ကောင်းသည်၊ ဣန္ဒြေကြည်၊ စိတ်တည် လျှာနုပါး (ဆို)

အဲဒီမှာ ကိုယ်အတွေ့ကောင်းတယ်၊ မျက်စိ နား စသည် ကြည်လင်တယ်၊ စိတ်တည်တံ့တယ်၊ လျှာနူးညံ့တယ် ပါးတယ် ဆိုတာတွေဟာလဲ လူတိုင်း လူတိုင်း အလိုရှိအပ်တဲ့ အကျိုးတွေချည်းဘဲ။

www.dhammaransi.com



လုံးရပ်ညီညာ ပြောချိစွာ၊ မုသာရှောင်ကျိုးများ။ (ဆို)

အဲဒီမှာ လုံးရပ်ညီညာတယ် အချိုးကျတယ်ဆိုတာ လူတိုင်းအလိုရှိအပ်တဲ့ အကျိုးဘဲ၊ အလွန်ဝပြီး ပုတ်ကြီးလို ဖြစ်နေယင်လဲ နေရာမကျဘူး၊ အလွန်ပိန်ပြီး အရိုးနဲ့ အရေမျှဖြစ်နေယင်လဲ နေရာမကျဘူး။ လူစဉ်မမှီဘဲ ပုက္ကကွကလေး ဖြစ်နေယင်လဲ နေရာမကျဘူး၊ သူများထက် အလွန်မြင့်ပြီး ဒေါင်ရှည်ကြီးဖြစ်နေယင်လဲ သိပ်နေရာမကျဘူး၊ အများ၏ စံချိန်အတိုင်း ကိုယ်လုံးနှင့်အရပ်အချိုးကျနေမှ ကောင်းတယ်။ နောက်ပြီးတော့ ပြတ်ပြတ်သားသား ချိုချိုသာသာပြောတတ်တယ် ဆိုတာကလဲ အလွန်အရေးကြီးပါတယ်၊ ပြောဆိုတဲ့ အကြောင်းအရာက ဘယ်လိုပင် ကောင်းနေပေမဲ့ အပြောအဆိုက နေရာမကျယင် အများက မကြိုက်ကြဘူး၊ ဝေ့လယ်ဝေ့လယ်နဲ့ လုံးထွေးထွေးကြီး ပြောနေယင် နားမထောင်ချင်ကြဘူး။ တချို့က အကောင်းတွေပြောနေတာပါဘဲ၊ ဒါပေမဲ့ ပြောပုံက ရန်ဖြစ်တဲ့ စကားမျိုး ဖြစ်နေတယ်၊ နားမခံသာတဲ့ စကားဖြစ်နေတယ်၊ အဲဒီလိုစကားကိုလဲ မကြိုက်ကြဘူး။ တချို့ကတော့ သိပ်အပြောကောင်းတယ်၊ ရှင်းလင်းပြတ်သားတယ်၊ အစီအစဉ်ကျတယ်၊ နားဝင်လဲ ချိုတယ်၊ အဲဒီလိုစကားကိုတော့ အများက ကြိုက်ကြတယ်၊ အဲဒီလိုအပြောကောင်းတဲ့သူမှာ ပြောတိုင်းပြောတိုင်း ပြီးပြတ်အောင်မြင်တယ်၊ ဒါကြောင့် ပြတ်ပြတ်သားသားနဲ့ နားဝင်ချိုအောင် ပြောတတ်တယ်ဆိုတဲ့ ဂုဏ်ဟာ အလွန်အရေးပါအရာရောက်ပါတယ်။ အဲဒါတွေဟာ မုသာဝါဒမှ ရှောင်ပြီး သစ္စာစကားကို ပြောခြင်း၏ အကျိုးတွေပါဘဲ။

မုသာဝါဒ၏ အပြစ်ဆိုတဲ့ မကောင်းကျိုးကိုတော့ အဲဒီကောင်းကျိုးတွေမှ ပြန်လှန်ပြီး မှတ်ယူရုံပါဘဲ။ ဘယ်လိုလဲဆိုရင် – ခံတွင်းမွှေးစွာဆိုတာမှ ပြန်လှန်ပြီး ခံတွင်းပုပ်တယ်လို့လဲ မှတ်ယူရမယ်၊ တချို့ခံတွင်းက အနံ့တွေ အလွန်ဆိုးနေတာဟာ ရှေးဘဝတွေက မုသာဝါဒ ပြောခဲ့ဘူးတဲ့ အတွက်ကြောင့်လို့ ယူရမှာဘဲ။ သွားညီညာမှ ပြန်လှန်ပြီး သွားမညီဘူး ကျိုးတိုကျဲတဲ ထော်လော်ကန့်လန့် ပေါက်တယ်လို့လဲ မှတ်ယူရမယ်။ လိုက်နာသူ့စကားမှ ပြန်လှန်ပြီး သူ့စကားကို မယုံကြည်ကြ မလိုက်နာကြဘူး စသည်ဖြင့် ဒီလိုပြန်လှန်ပြီး မှတ်ယူရုံပါဘဲ။

www.dhammaransi.com



## မျက်မှောက်မှာလဲ အကျိုးရနိုင်တယ်

နောက်ပြီးတော့ သစ္စာစကားဖြင့် နောင်တမလွန်ကျမှသာ အကျိုးကို ရနိုင်တာ မဟုတ်သေးဘူး၊ မျက်မှောက်မှာလဲ အကျိုးကို ရနိုင်ပါတယ်၊ သစ္စာစကားဖြင့် ရေပေါ်မှာလဲ သွားနိုင်ပါတယ်တဲ့ (သံ ၄ ၁၊၃၀၁)။ ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက မဟာကပ္ပိနမင်းကြီးဆိုတာ နောက်ပါအမတ် တထောင်နှင့်တကွ ရဟန်းပြုကြဖို့ ရည်ရွယ်ပြီး မြတ်စွာဘုရားထံ လာကြတယ်၊ လမ်းမှာတွေ့ရတဲ့ မြစ်ကြီးသုံးတန်ကို ဘုရား တရား သံဃာ ရတနာသုံးပါးဖြင့် သစ္စာဆိုပြီး ကူးကြတယ်၊ သူတို့စီးလာတဲ့ မြင်းတွေရဲ့ခွါတောင် ရေမစွပ်ဘူးတဲ့။ အဲဒါဟာ သစ္စာဖြင့် ရေပေါ်မှာ ဖြတ်သွားနိုင်တယ်ဆိုတဲ့ အကြောင်းသာဓက ဝတ္ထုပါဘဲ။ ဒါပေမဲ့ ယခုခေတ်လူတွေကတော့ အဲဒါကို ဒဏ္ဍာရီပါလို့ ပြောကြကောင်း ပြောကြလိမ့်မယ်။ ဒီနေရာမှာ ယောနိသော မနသိကာရနဲ့ စဉ်းစားဖို့ကတော့–ယခုခေတ်မှာ လေယာဉ်တွေဖြင့် ကောင်းကင်က သွားနေကြပုံတွေ၊ အာကာသယာဉ်နဲ့ ကမ္ဘာကိုပတ်နေပုံတွေ၊ လဗိမာန်သွားပုံတွေ – အဲဒါတွေကို ဘုရားလက်ထက်ကာလက ကြိုတင်ပြီးပြောပြမယ်ဆိုယင် အဲဒီခေတ်က လူတွေကလဲ ယခုခေတ် ဖြစ်ရပ်အမှန်တွေကို ဒဏ္ဍာရီလို့ ဆိုကြဘွယ်ရှိပါတယ်။ အမှန်ကတော့ ယခုခေတ်လူတွေ သိပ္ပံပညာဘက်က ထူးချွန်ပြည့်စုံသလို ဟိုရှေးခေတ်က လူတွေမှာလဲ ဘဝအဆက် ဆက်က ဖြည့်ဆီးပူးလာခဲ့တဲ့ ပါရမီတွေ ရှိကြတယ်ဆိုတာကို ဆင်ခြင်မိယင် လက်ခံနိုင်ဘွယ်ရှိပါတယ်။

## အဆိပ်ကိုလဲ ပယ်ဖျောက်နိုင်တယ်

နောက်ပြီးတော့ သစ္စာစကားဖြင့် အဆိပ်ကိုလဲ ပယ်ဖျောက်နိုင်ပါတယ် တဲ့ (သံ ၄ ၁၊၃၀၁)။ အဲဒီ အကြောင်းအရာဟာ ကဏှဒီပါယနဇာတ်ဖြင့် ထင်ရှားပါတယ်။ အဲဒီဇာတ်မှာ ကဏှဒီပါယနရသေ့ဟာ သူ့ဒါယကာဖြစ်တဲ့ မဏ္ဍဗျသူကြွယ်အိမ်ရောက်နေခိုက်မှာ သူကြွယ်၏ သားဖြစ်တဲ့ ယညဒတ်ဆိုတဲ့ သူငယ်ကို မြွေကိုက်လို့ သူငယ်ဟာ အဆိပ်တက်ပြီး မေ့မျောနေတယ်၊ အဲဒီအခါမှာ မဏ္ဍဗျသူကြွယ်က ကလေးကို ဆေးကုပေးဖို့ ရသေ့ကို တောင်းပန်တယ်။ ရသေ့က ဆေးတော့ ငါမကုတတ်ဘူး၊ သစ္စာဆိုပြီး ကုရမှာဘဲလို့ပြောပြီး သစ္စာဆိုပါသတဲ့၊ ဆိုပုံကတော့—

www.dhammaransi.com



ငါဟာ ရသေ့ပြုပြီး ခုနစ်ရက်သာ ပျော်မွေ့ခဲ့တယ်၊ အဲဒီကနောက် အနှစ်ငါးဆယ်ပတ်လုံး မပျော်မွေ့ဘဲနဲ့ မြတ်သောအကျင့်ကို ကျင့်လာခဲ့တယ်၊ အဲဒီလို မပျော်မွေ့ကြောင်းကို မည်သူမျှ မသိရအောင် ကျင့်ဝတ်မပျက် ကျင့်သုံးနေထိုင်ခဲ့တယ်၊ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သူငယ်မှာ အဆိပ်ပျက်ပြယ်ပြီး ချမ်းသာပါစေ-လို့ သစ္စာဆိုလိုက်သတဲ့။

အဲဒီအခါ သူငယ်မှာ ရင်ဘတ်၏ အထက်ပိုင်းမှ အဆိပ်လျှောကျသွားသဖြင့် မျက်စိများ ဖွင့်ကြည့်ကာ အမေ အဖေလို့ ခေါ်နိုင်ပြီး ပြန်အိပ်သွားသတဲ့။ အဲဒီအခါ ကလေးအဖေ မဏ္ဍဗျသူကြွယ်က ဒီလိုသစ္စာဆိုပြန်သတဲ့။

ငါဟာ ပေးလှူရတာကိုလဲ မနှစ်သက်ဘူး၊ အလှူခံပုဂ္ဂိုလ်ကိုလဲ မမြင်ချင်ဘူး၊ အဲဒီလို ငါမနှစ်သက်တာကို အလှူခံပုဂ္ဂိုလ်တွေအား မရိပ်မိ မသိစေဘဲ ဝတ်မပျက် ပေးလှူနေပါတယ်၊ ဒီမှန်ကန်တဲ့သစ္စာစကားကြောင့် သူငယ်မှာ အဆိပ်ပျက်ပြယ်ပြီး ချမ်းသာပါစေ-လို့ သစ္စာဆိုလိုက်သတဲ့။

ဒီတော့ ခါးအထက်မှ အဆိပ်တွေကျသွားလို့ သူငယ်က ထပြီးထိုင်သတဲ့။ အဲဒီအခါ သူကြွယ်က ကလေးအမေကို သစ္စာအဆိုခိုင်းတယ်၊ ကလေးအမေက "ရှင့် မျက်မှောက်မှာတော့ မဆိုဝံ့ပါဘူး"လို့ ပြောတယ်၊ "ဆိုသာဆိုပါကွယ်၊ ငါ့သားချမ်းသာတာက လိုရင်းပါဘဲ"လို့ ပြောပြီး အတင်းတိုက်တွန်းတဲ့အတွက် ကလေးအမေက ဒီလို ဆိုပါသတဲ့။

ချစ်သားရေ၊ သင့်ကိုက်တဲ့မြွေကို မချစ်တာနှင့် သင့်အဖေကို ငါက မချစ်တာ ထူးခြားခြင်းမရှိ အတူတူပင် ဖြစ်ပါတယ်၊ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ငါ့သားမှာ အဆိပ်ပျက်ပြယ်ပြီး ချမ်းသာပါစေ-လို့ ဆိုလိုက်သတဲ့။

ဒီတော့ သူငယ်မှာ အဆိပ်တွေ အကုန်လျှောကျပြီး ကောင်းကောင်းချမ်းသာသွားပါသတဲ့။ အဲဒီကနောက် ရသေ့နှင့် ကလေး၏ မိဘများဟာ

www.dhammaransi.com



အချင်းချင်း သတိပေးဟောပြောကြတာနဲ့ သူကြွယ်ကလဲ ဝမ်းမြောက်ဝမ်းသာ စေတနာထက်သန်စွာနဲ့ ပေးလှူတယ်၊ ကလေးအမေကလဲ သူကြွယ်အပေါ်မှာ ချစ်ခင်မြတ်နိုးစွာနဲ့ ပြုစုတယ်၊ ရသေ့ကြီးကလဲ ပျော်မွေ့စွာ တရားအားထုတ်တဲ့အတွက် စျာန်အဘိညာဉ်များကို ရသွားပါသတဲ့။

ဒီဇာတ်မှာ ပြထားတဲ့အတိုင်း သစ္စာဆိုရုံမျှဖြင့် အဆိပ်ပျက်ပြယ်သွားတယ် ဆိုတာကို သိပ္ပံဆရာတွေအနေနဲ့တော့ ယုံကြည်နိုင်ဘွယ် မရှိပေဘူး၊ ဒါပေမဲ့ ဗမာနိုင်ငံမှာ မြွေဆိပ်တက်နေတဲ့သူကို ဂါထာမန္တာန်နဲ့ မန်းမှုတ်ပြီး ကုသရုံနဲ့ ပျောက်သွားတာ တွေ့မြင်ဘူးတဲ့လူတွေအဖို့မှာတော့ ယုံမှားဖွယ်မရှိပါဘူး။

## ရောဂါကိုလဲ ပျောက်စေနိုင်တယ်

သစ္စာစကားကြောင့် ရောဂါလဲ ပျောက်တဲ့အကြောင်းကို ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားတာ ရှိပါတယ်၊ ဘယ်လိုလဲဆိုယင် သာသနာတော် အနှစ် ၄၀၀-လောက် အတွင်းက သီဟိုဠ်ကျွန်းမှာ မဟာမိတ္တမထေရ်ဆိုတာ ရှိခဲ့တယ်၊ အဲဒီ မထေရ်၏ မယ်တော်မှာ ဝိသဂဏ္ဍကဆိုတဲ့ ရောဂါဖြစ်တယ်၊ ရင်သား ပတ်ဝန်းကျင်မှာဖြစ်တဲ့ အနာလို့ ဆိုပါတယ်၊ ဆိပ်အိုင်းနာလို့ မြန်မာပြန်ကြတယ်၊ ကင်ဆာနာတမျိုး ဖြစ်ဟန်တူပါတယ်။အဲဒီတော့ မယ်တော်ကြီးက သူ့သမီး ဘိက္ခုနီမကို သားတော် မထေရ်ထံ ဆေးတောင်းဘို့ လွှတ်လိုက်တယ်၊ အဲဒီ ဘိက္ခုနီမက သူ့အစ်ကို မထေရ်ထံ သွားပြောတဲ့အခါ မဟာမိတ္တမထေရ်က ဒီလို ပြောလိုက်ပါတယ်၊ "ငါက ဆေးမြစ် စသည်ကို ဖော်စပ်ကြိုချက်တဲ့ဆေးနည်းကိုတော့ နားမလည်ဘူး၊ သစ္စာဆေး ပြောလိုက်ရမှာဘဲ၊ ငါဟာ ရဟန်းပြုလာကတည်းက တပ်မက်သာယာတဲ့စိတ်ဖြင့် မာတုဂါမကို မကြည့်ဘူးဘူး၊ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ငါ့မယ်တော်မှာ ရောဂါပျောက်၍ ချမ်းသာပါစေ၊ ကဲ–သွားတော့ ဒီအတိုင်းဆိုပြီး မယ်တော်ကြီး၏ ကိုယ်ကို ပွတ်သပ်ပေးလေ"လို့ ပြောလိုက်ပါတယ်။ ဘိက္ခုနီမက မယ်တော်ကြီးထံ ပြန်သွားပြီး မှာလိုက်တဲ့အတိုင်း သစ္စာဆိုပြီး ပွတ်သပ်ပေးလိုက်တဲ့အခါ မယ်တော်ကြီး၏ အနာရောဂါဟာ တခဏချင်း ကြေပြီး ပျောက်သွားပါသတဲ့၊ (အဲဒါ ဝိသုဒ္ဓိမဂ် ပဌမတွဲ စာမျက်နှာ(၃၇)မှာ ရှိပါတယ်)။

www.dhammaransi.com



## တရားဆေးတမျိုးပေါ့

ဒါကိုလဲ ယခုခေတ် ဆရာဝန်တွေအနေနဲ့တော့ ယုံချင်မှ ယုံမယ်၊ ဘာဖြစ်လို့လဲဆိုလျှင် သူတို့က သင့်လျော်တဲ့ဆေးနဲ့မှ ရောဂါပျောက်တာကို တွေ့ဘူးတယ်၊ ရောဂါပိုးတွေ ဆိုတာကိုလဲ သူတို့က တွေ့ထားတယ်၊ ဒီပိုးတွေ အလိုလိုပျောက်သွားတယ်ဆိုတာ သူတို့အနေနဲ့ ယုံကြည်ဘို့ ခက်နေကောင်း နေပါလိမ့်မယ်၊ ဒါကြောင့်ပါဘဲ။ ဒါပေမဲ့ ဒီလို သစ္စာနဲ့ပျောက်တယ်ဆိုတာကလဲ ကမ္ဘာပေါ်မှာ ကုနည်းအမျိုးမျိုးထဲက ကုနည်းတမျိုးလို့ မှတ်ယူသင့်ပါတယ်၊ တရားဆေးတမျိုးပေါ့၊ ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဌာနတွေမှာ ဒုက္ခဝေဒနာကို ရှုမှတ်ပြီး ရောဂါပျောက်သွားကြတဲ့သူတွေ တော်တော်များများ ရှိပါတယ်၊ တချို့က ရောဂါရှိလို့ ဆရာဝန်ကို သွားပြတယ်၊ ဆရာဝန်က ခွဲစိတ်ကုရမယ်လို့ ညွှန်ကြားလိုက်တော့ ခွဲစိတ်ကုတဲ့အခါ အားကိုးရာရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုန်းကြီးတို့ရိပ်သာမှာ လာပြီး တရားအားထုတ်တယ်၊ တရားအားထုတ်နေရင်း သမာဓိဉာဏ်က ထက်သန်လာတော့ ရောဂါက သူ့အလိုလို ပျောက်သွားတယ်၊ ဒါပေမဲ့ တကယ်ပျောက်တာ ဟုတ်–မဟုတ် သိရအောင်လို့ ပဌမက ကြည့်ရှုဘူးတဲ့ ဆရာဝန်ထံ သွားပြတယ်၊ ဒီတော့ ဆရာဝန်က ကြည့်ရှုစမ်းသပ်ပြီးတော့ ရောဂါမရှိကြောင်းပြောပြပြီး ဘယ်လိုကုလို့ ပျောက်သွားသလဲဆိုတာ မေးတယ်၊ ဘယ်လိုမှ မကုပါဘူး၊ တရားအားထုတ်ရင်း ပျောက်သွားတာပါဘဲလို့ ပြန်ပြောတော့ ဆရာဝန်က အံ့ဩနေသတဲ့၊ ပျောက်ဘူးတဲ့ရောဂါတွေကတော့ တော်တော်စုံပါပြီ၊ တချို့မှာ လေနာပျောက်တယ်၊ တချို့မှာ ဗိုက်အောင့်နေတာ ပျောက်တယ်၊ တချို့မှာ သွေးတိုးရောဂါပျောက်တယ်၊ တချို့မှာ ခေါင်းကိုက်နာပျောက်တယ်၊ တဦးမှာတော့ နှစ်ပေါင်းများစွာက နားပင်းနေတာ ပျောက်တယ်၊ တဦးမှာတော့ အနှစ် ၂၀-လောက်က နှာခေါင်းပိတ်နေတာ ပျောက်တယ်၊ အရှင်မဟာကဿပ အရှင်မဟာမောဂ္ဂလာန်တို့မှာတော့ ဗောဇ္ဈင်တရားနာရုံနဲ့တောင် ရောဂါပျောက်ဘူးတယ်၊ မြတ်စွာဘုရားမှာတော့ ပရိနိဗ္ဗာန်စံလောက်အောင် ပြင်းထန်တဲ့ရောဂါတောင်မှ ဝိပဿနာရှုတာနဲ့ ပျောက်သွားတယ်၊ ဒါကြောင့် ဆေးမပါဘဲ အခြားနည်းဖြင့် ရောဂါပျောက်တာလဲ ရှိတယ်ဆိုတာကို ယုံကြည်သင့်ပါတယ်။

www.dhammaransi.com



## မိုးကိုလဲ ရွာစေနိုင်တယ်

နောက်တခုကတော့ သစ္စာစကားဖြင့် မိုးကိုလဲ ရွာစေနိုင်ပါတယ်-တဲ့၊ (သံ ၄၁၊၃၀၁) အဲဒါကတော့ ငါးရံ့မင်းပရိတ်ဖြင့် ထင်ရှားနေပါပြီ၊ ဒီနေရာမှာ သစ္စာစကားဖြင့် အဆိပ်ကို ပျောက်စေနိုင်တယ်၊ ရောဂါကို ပျောက်စေနိုင်တယ်၊ မိုးကို ရွာစေနိုင်တယ် ဆိုတာတွေဟာ မုသာဝါဒမှ ကြဉ်ရှောင်တဲ့ပုဂ္ဂိုလ်များနှင့်သာ ဆိုင်တယ်၊ အဲဒီလို ပုဂ္ဂိုလ်များက မိမိတို့မှာရှိတဲ့ အကြောင်းအရာထူးကို ထုတ်ဖော်ပြီး သစ္စာဆိုမှ သစ္စာ၏ အစွမ်းအာနုဘော်က ထင်ရှားပေါ်လာနိုင်တယ် ဆိုတာကိုလဲ သတိပြုထားကြရမယ်။

## သုတသောမမင်း

မုသာဝါဒမှ ကြဉ်ရှောင်မှုနှင့်စပ်ပြီး သုတသောမမင်း၏ သစ္စာစောင့်ပုံဟာ အင်မတန် စိတ်ဝင်စားစရာကောင်းတယ်၊ ဒါကြောင့် အဲဒါကို ဒီနေရာမှာ အကျဉ်းချုပ် ထည့်ပြီးပြောရဦးမယ်။ သုတသောမ ဆိုတာ ဇာတ်တော်ထဲမှာ ၂-ဦးရှိတယ်၊ ယခုပြောမည့် သုတသောမမင်းဆိုတာကိုတော့ အခြားသုတသောမကို ထောက်ပြီးတော့ မဟာသုတသောမလို့ ခေါ်တွင်ပါတယ်၊ ဒါပေမဲ့ ဒီမှာတော့ မဟာကိုဖြုတ်ပြီး သုတသောမလို့ဘဲ ပြောသွားမယ်။

## ယခု လူတွေကလဲ အသားကြိုက်ကြတယ်

ပေါရိသာဒ ဆိုတာ အများက ကြားဘူးကြပါတယ်၊ တချို့မှာ ပေါရိသာဒ ရုပ်တောင် ဆေးထိုးထားကြသေးတယ်။ သူဟာ မူလကတော့ ကာသိတိုင်းပြည် ဗာရာဏသီမြို့က ဗြဟ္မဒတ်ဆိုတဲ့ မင်းပါဘဲ၊ သူက ဘီလူးဘဝတွေမှာ အဖြစ်များခဲ့လို့ အသားကို ကြိုက်နေတယ်၊ အသားဟင်းမပါလျှင် ထမင်းမစားဘူးတဲ့၊ ယခုခေတ် လူတွေလဲ အများအားဖြင့် အသားကို ကြိုက်ကြတာဘဲ၊ ကမ္ဘာပေါ်မှာ လိုက်ကြည့်ယင် အသားမစားတဲ့လူက အနည်းသာဘဲ၊ အိန္ဒိယတတိုက်က ဇာတ်မြင့် ဟိန္ဒူတွေလောက်ပဲ အစုလိုက်အားဖြင့် ထင်ရှားတယ်၊ တခြားအရပ်တွေမှာတော့ သက်သတ်လွတ်စားတဲ့သူက အလွန်နည်းပါတယ်။ ဆရာဝန်တွေကလဲ အာဟာရဓာတ်ပြည့်အောင် အသားစားဘို့ ညွှန်ကြားတတ်တယ်၊ လူတွေကလဲ အသားကြိုက်နေတာနဲ့တော့ အံကျ ကိုက်နေတာပါဘဲ။

www.dhammaransi.com



## လူသားစားလို့ နှင်ထုတ်ခံရတယ်

အဲဒီ ဗာရာဏသီမင်းက အသားမပါယင် ထမင်းမစားတဲ့အတွက် ရသက ဆိုတဲ့ စားတော်ချက်က အမြဲတမ်းအသားဟင်းချက်ပြီးတော့ ဆက်နေရတယ်၊ တနေ့သောအခါမှာ မာဃာတ ခေါ်တဲ့ သားငါးမသတ်ရတဲ့နေ့ဖြစ်တဲ့အတွက် အသားမရဘဲ ရှိနေတယ်၊ အသားဟင်းမပါယင် အပြစ်ဒဏ် ပေးမှာကို ရသက-က ကြောက်ရှာတယ်၊ ဒါကြောင့် သူက သုသာန်သွားပြီးတော့ လတ်လတ်ဆတ်ဆတ်လူသေကောင်မှ အသားကို ယူလာပြီး ချက်တယ်၊ အိန္ဒိယမှာ လူသေယင် ကြာကြာမထားရဘူး၊ နေ့ချင်းဘဲ သုသာန် ပို့ရတယ်၊ ဒါကြောင့် သေပြီးခါစ လောလော လတ်လတ် လူသေကောင်တွေက ရလွယ်ပါတယ်။ ရသက-က အဲဒီ လူသားကို ချက်ပြီး မင်းအား စားတော် ဆက်တယ်။ ဗြဟ္မဒတ်မင်းက အဲဒီ လူသားဟင်းကို စားမိတဲ့အခါ အလွန်မြိန်ရှက်ပြီး အရသာတွေ့သွားသတဲ့၊ ဒါကြောင့် ဒီအသားမျိုးကိုသာ စားလိုတဲ့အတွက် ဘာသားလဲလို့ မေးတယ်၊ ရသက–က မပြောဝံ့၍ မပြောဘဲနေတယ်၊ မပြောယင် သတ်မယ်လို့ ခြိမ်းခြောက်တယ်၊ ဒီတော့မှ လူသား ဖြစ်ကြောင်း ပြောတယ်။ အဲဒီ အခါကစပြီး လူသားကိုသာချက်ပြီး ဆက်သတို့ ရသက-အား အမိန့်ပေးလိုက်တယ်။ ရသက-က ထောင်ထဲက သေဒဏ် အပြစ်ရှိတဲ့ သူတွေကို သတ်ပြီး ချက်ပြုတ် ဆက်သရတယ်၊ သေဒဏ်အပြစ်ရှိတဲ့သူတွေ ကုန်တော့ ညအခါ လူတယောက်ယောက်ကို သတ်ပြီး ချက်ပြုတ် ဆက်သတယ်၊ နောက်ဆုံးကျတော့ လူသားစားတဲ့အမှုက ပေါ်လို့ စစ်သူကြီးနှင့်တကွ တိုင်းသူပြည်သားတွေက ဗြဟ္မဒတ်မင်းကို တိုင်းပြည်မှ နှင်ထုတ် လိုက်ကြတယ်။

## လူသားစားလို့ ပေါရိသာဒ ခေါ်တယ်

ဒါကြောင့် ဗြဟ္မဒတ်မင်းဟာ ရသက–ဆိုတဲ့ စားတော်ချက်နှင့်တကွ အဲဒီ တိုင်းပြည်နယ်ပယ်မှ ထွက်ပြီးတော့ တခုသော တောအရပ်မှာ ညောင်ပင်ကြီးတခုကို အမှီပြုပြီး နေတယ်၊ တောလမ်းမှာ လာတဲ့လူကို ဖမ်းသတ်ပြီးတော့ ရသကအား ချက်ခိုင်းပြီး လူသားကို စားနေတယ်၊ ဒါကြောင့် သူ့ကို ပေါရိ-သာဒလို့ ခေါ်တယ်၊ ပေါရိသ - ဆိုတာက လူ၏အသား၊ အဒ ဆိုတာက စားသူ၊ အဲဒီ ၂-ခုအပေါင်း ပေါရိသာဒ ဆိုတာက လူသားစားသူလို့ အနက်ရတယ်။

www.dhammaransi.com



## မရလှ ရသကချိုင်

တနေ့သောအခါမှာ ပေါရိသာဒဟာ အသားကို မရခဲ့ဘဲ ပြန်လာပြီးတော့ ရသကကို မီးဖိုမှာ ဟင်းအိုး အတည်ခိုင်းတယ်၊ အရှင်မင်းကြီး အသားက ဘယ်မှာလဲလို့ ရသက-က မေးတော့ အသားရမှာပေါ့ အိုးသာ တည်လိုက်လို့ အမိန့်ပေးတယ်၊ ဒီတော့ ရသကခမျာမှာ ဒီကနေ့တော့ ငါ့အလှည့်ကျပြီလို့ တွေးတောပြီး ကြောက်ကြောက်လန့်လန့် တုန်တုန်ရီရီနဲ့ မီးထည့်ပြီး ဟင်းအိုးကို တည်ရရှာတယ်၊ ဟင်းအိုးတည်ပြီးတဲ့အခါ ပေါရိသာဒ-က ရသက ကို သတ်ပြီး ချက်စားလိုက်ပါရောတဲ့၊ အဲဒါကို အကြောင်းပြုပြီးတော့ မရလှတော့ ရသကကို ချိုင်တယ်လို့ ပြောစမှတ် တွင်နေတာဘဲ။

## ညောင်စောင့်နတ် ကိုးတယ်

အဲဒီကနောက်တော့ ပေါရိသာဒဟာ ခိုင်းစရာ တပည့်မရှိတော့ဘူး၊ အဲဒီ တောလမ်းလာတဲ့လူတွေထဲက ကြိုက်ရာလူကိုဖမ်းသတ်ပြီး သူ့ဟာသူဘဲ ချက်ပြုတ် စားနေတယ်၊ တနေ့သောအခါမှာ အစောင့်အရှောက်တွေ များစွာနဲ့ လာတဲ့ ပုဏ္ဏားတယောက်ကို ဖမ်းယူလာတယ်၊ အစောင့်အရှောက်တွေက အရဲစွန့်ပြီး လိုက်ကြတော့ သူက စည်းရိုးတခုကို ခုန်ကျော်လိုက်တဲ့အခါမှာ ရှားငုတ်ပေါ် ကျပြီး သူ့ခြေထောက်ကို စူးသွားတယ်၊ အကြီးအကျယ် အနာတရဖြစ်တာနဲ့ ဖမ်းလာတဲ့ပုဏ္ဏားကို စွန့်ပစ်ထားခဲ့ပြီးတော့ သူနေမြဲနေရာ ညောင်ပင်အောက် မှာ ခွေပြီးအိပ်နေရတယ်၊ အဲဒီလို ခွေပြီးအိပ်နေရင်း သူက ညောင်ပင်စောင့် နတ်ကို "အနာပျောက်အောင် ကုပေးပါ၊ အနာပျောက်ယင် အရှင်နတ်မင်းကို ၁၀၁-ပါးသော မင်းတွေရဲ့ လည်ချောင်းသွေးနဲ့ ပူဇော်ပါမည်" လို့ ကိုးသတဲ့။ နတ်ကိုးတယ်ဆိုတာ ကလေးအရွယ်တုန်းက ဘုန်းကြီး ကြားရ တွေ့ရ ဘူးတယ်၊ တောရွာက အမျိုးသမီးကြီးတွေဟာ "ဘိုးတော်ကြီး၊ အရှင်ကြီး ကျုပ် သားကလေး ရောဂါကို ကုပေးပါ၊ ပျောက်တဲ့အခါ ပူဇော်ပသပါမယ်၊ နတ် အုန်းသီးလဲ ပေးပါမယ်"စသည်ဖြင့် နတ်ကိုးတာတွေကို ကြားဘူးတယ်၊ တကယ် ဆိုတော့ နတ်ကလဲ ကုပေးနိုင်မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ မိရိုးဖလာ အစွဲအလမ်း ရှိတဲ့အတိုင်း တောရွာတွေက အမျိုးသမီးတွေဟာ ဒီလိုဘဲ ကိုးလေ့ရှိကြပါတယ်၊ အကြားအမြင်သုတနဲ့ အမြော်အမြင် ခေါင်းပါးရှာကြလို့ပါဘဲ။

www.dhammaransi.com



## ယဇ်ပူဇော်ဘို့ မင်းတွေ ဖမ်းတယ်

ပေါရိသာဒမှာ စားစရာမရှိလို့ အစာမစားရတာနဲ့ ဒဏ်ရာက ခြောက်ပြီး ခုနစ်ရက်လောက်ကြာတော့ ပျောက်သွားတယ်၊ အဲဒါကို သူက ညောင်ပင်စောင့် နတ် ကုလို့ပျောက်တယ် ထင်ပြီး သူကိုးသားတဲ့အတိုင်း ပူဇော်ဘို့ မင်းတွေကို ဖမ်းလာတယ်၊ လက်ဝါးကိုဖောက်ပြီး နွယ်ကြိုးနဲ့သီကာ ညောင်ပင်ရင်းမှာ ချည်နှောင်ထားတယ်၊ သုတသောမမင်းမှတပါးသော မင်းတရာကို ခုနစ်ရက် အတွင်းမှာ ဖမ်းယူလာပြီး အဲဒီညောင်ပင်ရင်းမှာ စုထားတယ်လို့ ဆိုပါတယ်။ ဇမ္ဗူဒီပါလို့ခေါ်တဲ့ အိန္ဒိယနိုင်ငံဟာ အရှေ့အနောက် တောင်မြောက်မိုင်ပေါင်း နှစ်ထောင်ကျော် သုံးထောင်ကျယ်ပါတယ်၊ ဒါလောက် ဝေးတဲ့ခရီးကို သူ တယောက်တည်းနဲ့ မင်းတပါးကို ဖမ်းယူလာလိုက်၊ တခါပြန်သွားလိုက်၊ အခြား မင်းတပါးကို ဖမ်းယူလာလိုက်နဲ့ ဒီလို အခေါက်ပေါင်း တရာလောက် လုပ်ရလိမ့်မယ်၊ ခုနစ်ရက်အတွင်းဆိုတော့ နာရီတွက်ကြည့်လိုက်ယင် အလုပ် လုပ်ချိန်ဟာ နာရီပေါင်း ၁၆၈-နာရီလောက်ဘဲရှိတယ်၊ မင်းတရာနဲ့ ဝေကြည့် လိုက်ယင် ပျမ်းမျှခြင်းအားဖြင့် မင်းတပါးအတွက် အသွားအပြန် ၂-နာရီလောက် သာ ရနိုင်တယ်၊ ဒါကြောင့် အိန္ဒိယတနိုင်ငံလုံးက မင်းတရာဆိုယင် ခုနစ်ရက် အတွင်း ပြီးဘို့ ခက်ပါတယ်၊ အနီးပတ်ဝန်းကျင်က မင်းတွေလောက်သာ ဖြစ်နိုင်စရာ ရှိပါတယ်။

အဲဒီလို မင်းတွေကို ဖမ်းထားပြီးတော့ ပေါရိသာဒက စဉ်းစားတယ်၊ သုတ သောမမင်းကတော့ ပညာသင်စဉ်က ငါ့ဆရာဖြစ်နေတယ်၊ သူ့တော့ သွားဖမ်း လို့ မတော်ဘူး၊ ယခုဖမ်းထားပြီး မင်းတွေရဲ့ သွေးနဲ့ဘဲ ညောင်ပင်စောင့်နတ်ကို ပူဇော်တော့မယ်လို့ စဉ်းစားမိသတဲ့။ အဲဒီအခါ ညောင်ပင်စောင့် နတ်ကလဲ ပေါရိသာဒအနာဟာ ငါကုလို့ ပျောက်တာလဲမဟုတ်ဘူး၊ မင်းတွေကို သတ်ပြီး သူတို့ရဲ့သွေးတွေနဲ့ ပူဇော်ယင် ငါ့ညောင်ပင်လဲ ညစ်ပေနေတော့မှာဘဲ၊ အဲဒီ မင်းတွေလဲ အချည်းနှီး အသက်ဆုံးရှုံးရာကြမယ်၊ ဘယ်လိုလုပ်ပြီး တားမြစ်ရ ပါမလဲလို့ စဉ်းစားပြီးတော့ နတ်မင်းကြီးတွေထံ သွားပြီး အကြံဉာဏ်တောင်း တယ်။ သုတသောမမင်းကိုပါ ဖမ်းပြီး ပူဇော်မှ လက်ခံမယ်လို့ ပြောဘို့ အဲဒီက အကြံဉာဏ်ပေးလိုက်တယ်။ ဒါကြောင့် ညောင်ပင်စောင့်နတ်က ကိုယ်ထင်ရှား

www.dhammaransi.com



ပြပြီး ပေါရိသာဒကို ဒီလိုပြောတယ်၊ ဟေ့–ပေါရိသာဒ သင်ဟာ ဝန်ခံတုန်းက ဇမ္ဗူဒိပ်ကမင်းတွေ အကုန်လုံးဖမ်းပြီး ပူဇော်ပါ့မယ်လို့ ပြောခဲ့တယ်၊ ယခုတော့ ဂုဏ်သိမ်ရမရှိတဲ့ အသေးအနုပ်မင်းကလေးတွေသာ ဖမ်းလာခဲ့တယ်၊ ဒါနဲ့တော့ ငါလက်မခံနိုင်ဘူး၊ ထင်ရှား ကျော်စောတဲ့ သုတသောမမင်းကိုပါ ဖမ်းလာမှ လက်ခံနိုင်မယ်လို့ ပြောသတဲ့။ ဒီတော့ ပေါရိသာဒက ညောင်ပင်စောင့်နတ်ကိုလဲ ထင်ရှား တွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာနဲ့ အရှင်နတ်မင်းကြီး ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ သုတသောမမင်းကိုလဲ ဖမ်းယူခဲ့ပါမယ်လို့ ဝန်ခံပြီး ဖမ်းဘို့ရာကြံစည်တယ်။

## သုတသောမမင်းကို ဖမ်းပုံ

အဲဒီနေ့ရဲ့ နောက်တရက်ကလဲ ဖုဿနက္ခတ်နှင့် စန်းယှဉ်တဲ့နေ့ ဖြစ်နေတဲ့ အတွက် သုတသောမမင်း ခေါင်းဆေးမင်္ဂလာပြုမည့် အကြောင်းကို ပေါရိသာဒက သိတယ်၊ ဖုဿနက္ခတ်နှင့် စန်းယှဉ်တဲ့နေ့ဆိုတော့ ပြာသိုလပြည့်နေ့ ဖြစ်မှာပေါ့။ ဒါကြောင့် အဲဒီနေ့မှာ သုတသောမမင်း၏ အစောင့်အရှောက်တွေ စစ်ဘပ်တွေ ရဲတွေ မရောက်သေးမီကတည်းက ပေါရိသာဒဟာ ကုရုတိုင်း ဣန္ဒပတ္ထ မြို့အနီးက ဥယျာဉ်တော်အတွင်း မင်္ဂလာရေကန်တော်ထဲမှာ ဆင်းပြီးတော့ ကြာဖက်အောက်က ပုန်းနေနှင့်တယ်။ သုတသောမမင်း၏ စစ်သည်တွေ ရဲတွေ ကလဲ နံနက်စောစောကတည်းက နေရာယူပြီး စောင့်နေကြတယ်၊ ဥယျာဉ်တော် အတွင်းနှင့် ပတ်ဝန်းကျင်မှာ ဆင်တပ်တွေ မြင်းတပ်တွေ ရထားတပ်တွေ ခြေလျင် တပ်တွေ အထပ်ထပ် ပြည့်နေအောင် နေရာယူပြီး စောင့်နေကြသတဲ့။ အဲဒါ ဘယ်လောက် ကြီးကျယ်သလဲဆိုယင် အဲဒီ အစောင့်အရှောက်တွေ ချထားတဲ့ နေရာဟာ သုံးယူဇနာတောင်ရှိတယ်လို့ ဆိုပါတယ်။

သုတသောမမင်းလဲ အချိန်ကျတဲ့အခါမှာ ဆင်တော်ကိုစီးပြီး စစ်သည်တော် အခြံအရံတွေနှင့်တကွ ဣန္ဒပတ္ထမြို့တော်က ထွက်လာတယ်။ တံခါးဝ ရောက်တဲ့ အခါ နန္ဒဆိုတဲ့ပုဏ္ဏားက အမြင့်တနေရာကရပ်ပြီး အောင်ဆုပေးနေတာကို တွေ့ရလို့ မေးကြည့်တဲ့အခါမှာ တဂါထာမှာ တရာတန်တဲ့ တရားဂါထာ ၄-ပုဒ်ကို ဟောဘို့လာတဲ့အကြောင်း ကြားသိရတယ်၊ ဒါနဲ့ အဲဒီပုဏ္ဏားအား သင့်လျော် တဲ့နေရာကို ပေးစေပြီးတော့ ဥယျာဉ်တော်က ပြန်လာတဲ့အခါကျမှ တရား

www.dhammaransi.com



ဂါထာများကို နာမည့်အကြောင်း ပြောကြားပြီးတော့ ဥယျာဉ်တော်ကို ဆက်သွားတယ်၊ ဥယျာဉ်တော်ရောက်တော့ ဆံမုတ်ဆိတ်များကို ပြုပြင်စေပြီးတော့ မင်္ဂလာရေကန်ထဲဆင်းပြီး ရေချိုးတယ်၊ ရေချိုးပြီးလို့ပြန်တက်လာတဲ့အခါ ဝတ်လဲတော်ကို ဝတ်တယ်၊ အဲဒီကနောက် ကိုယ်ရုံတော်နဲ့ မင်းတို့၏ အဆင်တန်ဆာတွေ ပန်းနံ့သာတွေကို ဆက်သကြတယ်။

အဲဒီအခါမှာ "ကိုယ်ရုံတော်တွေ အဆင်တန်ဆာတွေ ဆင်ပြီးတဲ့အခါမှ ဖမ်းယူယင် ထမ်းရတာ လေးလိမ့်မယ်၊ ယခုနေအခါ ဖမ်းယူမှ တော်မယ်"လို့ စဉ်းစားပြီးတော့ ပေါရိသာဒ-က သန်လျက်ကိုလဲ ဝင့်ပြီး, အလွန်စူးရှပြင်းထန်တဲ့အသံနဲ့ "ငါ ပေါရိသာဒ ဟေ့"လို့လဲ ဟစ်အော်ပြီး ရေကန်ထဲက ခုန်တက်လာတယ်၊ "ပေါရိသာဒ ဟေ့"ဆိုတဲ့အသံကို ကြားတာနဲ့ အစောင့်အရှောက် စစ်တပ်တွေဟာ ဖရိုဖရဲဖြစ်ပြီး ထွက်ပြေးကုန်သတဲ့၊ ဆင်ပေါ်က စစ်သူရဲတွေတောင် လိမ့်ကျတယ်လို့လဲ ဆိုပါတယ်။ ဟိုခေတ်တုန်းက လူစွမ်းကောင်းကို အလေးပေးတဲ့ ခေတ်ဖြစ်တဲ့အတွက် အကြောက်လွန်ကြတာပါဘဲ၊ ဒါကြောင့် အဲဒီခေတ်တုန်းက လူစွမ်းကောင်း တယောက်တည်းနဲ့ပေမဲ့ ရန်သူအများကြီးကို အောင်နိုင်ပေတာဘဲ၊ ယခုခေတ်မှာတော့ အဲဒီလို မဟုတ်တော့ဘူး၊ လူစွမ်းကောင်းတယောက်တည်းနဲ့ မအောင်မြင်နိုင်ဘူး၊ လက်နက်ကောင်း အကြံဉာဏ်ကောင်းနဲ့ လူများစုဖြင့်သာ အောင်မြင်နိုင်တယ်၊ ဟိုရှေးခေတ်ကတော့ လက်နက်ကလဲ ကိုယ်လိုသူလို ထူးကြတာမဟုတ်ဘူး၊ ခွန်အားဗလနဲ့ အစွမ်းသတ္တိကောင်းတဲ့သူကို ကြောက်ကြရတယ်၊ ဒါကြောင့် ပေါရိသာဒအသံကို ကြားရုံနဲ့ ကစင့်ကရဲ ထွက်ပြေးကုန်ကြတာပါဘဲ။ အဲဒီအခါ ပေါရိသာဒက သုတသောမမင်းကို ပွေ့ချီပြီး ပခုံးနဲ့ထမ်းကာ တဟုန်တည်း လျင်မြန်စွာ ယူဆောင်ပြေးသတဲ့၊ အစောင့်အရှောက်တွေက လိုက်ပြီး ရန်မူမှာကြောက်လို့ ပြေးတာပါဘဲ၊ သူလဲ ကြောက်သေးတာပါဘဲ၊ အဲဒီတုန်းက လူများစုက ဝိုင်းပြီး ခဲနှင့်ထုယင်တောင် ပေါရိသာဒဟာ သေသွားနိုင်ပါတယ်၊ ဒါကြောင့် သူလဲ အတင်းပြေးပြီးတော့ လွတ်လောက်ရာရောက်မှ ပြန်လှည့်ကြည့်တယ်၊ တစုံတယောက်မျှ လိုက်လာတာကို မမြင်ရတော့မှ ဖြေးဖြေးသက်သာ သွားတယ်။ တခြားမင်းတွေ ဖမ်းတဲ့အခါတုန်းကဆိုယင် ပေါရိသာဒဟာ ခြေထောက်ကကိုင်ပြီး ဇောက်ထိုး

www.dhammaransi.com



တဲ့လောင်းဆွဲယူလာတယ်၊ သုတသောမမင်းကိုတော့ ဆရာဖြစ်ဘူးတဲ့အတွက် ပခုံးနဲ့ထမ်းပြီး ယူလာတယ်၊ အဲဒီလို ယူလာရာမှာ ရေချိုးပြီးခါစမို့ ဆံပင်မှ ရေတွေက ပေါရိသာဒကိုယ်ပေါ် ကျနေတယ်၊ အဲဒါကို ပေါရိသာဒက မျက်ရည် ကျတယ်လို့ ထင်မှတ်ပြီးတော့ ဒီလိုပြောဆိုမေးမြန်းတယ်။ "ဆရာ, ပညာရှိ ဆိုတာ ငိုရိုးထုံးစံမရှိဘူး၊ သေရမှာကြောက်လို့ ငိုတာလား၊ သားမယား စသည်အတွက် စိုးရိမ်လို့ ငိုတာလား" လို့ မေးတယ်။

## ဝန်ခံချက် ပျက်မှာတော့ စိုးရိမ်တယ်

ဒီတော့ သုတသောမမင်းက ပြန်ပြောတယ်၊ "ပေါရိသာဒ ငါမငိုပါဘူး၊ သင့်ကိုယ်ပေါ်ကျတဲ့ ရေတွေက မျက်ရည်မဟုတ်ပါဘူး၊ ဆံပင်က ရေတွေပါ၊ ငါဟာ သေရမှာလဲ မကြောက်ဘူး၊ သားမယားစသည်အတွက်လဲ မစိုးရိမ်ဘူး၊ ဒါပေမဲ့ စိုးရိမ်ပူပန်တာတခုတော့ ရှိတယ်၊ ဥယျာဉ်တော်ထွက်လာစဉ်က နန္ဒပုဏ္ဏားနှင့် ချိန်းဆိုထားခဲ့တာ ရှိတယ်၊ အဲဒီချိန်းဆိုထားတဲ့စကား ပျက်ကွက်မှာတော့ စိုးရိမ်တယ်၊ ဒါကြောင့် အဲဒီပုဏ္ဏားနှင့် တွေ့ပြီး အဲဒီအချိန်းအချက်ကိစ္စကို ဖြေရှင်းပြီးတော့ သစ္စာစကား စောင့်သောအားဖြင့် သင့်ထံ ပြန်လာပါ့မယ်" လို့ ပြောတယ်။

ဟာ ဆရာ့နှယ် ဘယ့်နှယ်ပြောပါလိမ့်၊ သေမင်းလက်က လွတ်သွားတဲ့သူဟာ သေမင်းထံ ပြန်လာမယ်ဆိုတာ ကျုပ် မယုံနိုင်ဘူး၊ ဆရာဟာ ကိုယ့်နန်းတော် ပြန်ရောက်ပြီး သားမယားစသည် အခြွေအရံတွေနဲ့ ချမ်းချမ်းသာသာနေရာက ရန်သူထံ ပြန်လာမယ်ဆိုတာ မဖြစ်နိုင်ဘူး၊ စစ်တပ်အစောင့်အရှောက်တွေ အလယ်မှာနေတဲ့ ဆရာ့ကို ကျုပ်ကလဲ တဖန်လာပြီး ဖမ်းယူနိုင်မှာမဟုတ်ဘူး– လို့ ပေါရိသာဒက ပြန်ပြောတယ်။

အဲဒီတော့ သုတသောမမင်းက "ပေါရိသာဒ သင်ဟာ ပညာသင်စဉ်က ငါနှင့်အတူ အကြာကြီး နေဘူးတာဘဲ၊ လေတိုက်လို့ တောင်ကြီးသာ လိမ့်သွားယင် သွားနိုင်မယ်၊ ငါကတော့ ဘယ်နည်းနဲ့မှ လိမ်မပြောနိုင်ဘူး၊ ဒီလိုဝန်ခံပြောဆိုရုံနဲ့ မယုံသေးယင် ငါကျိန်ဆိုပြမယ်၊ သံလျက်ဓားကိုလဲ သုံးသပ်ပါမယ်၊ လှံကိုလဲ သုံးသပ်ပါမယ်၊ ငါဟာ ပြန်မလာလို့ရှိယင် သန်လျက်ဓားလှံ ဘေးဒဏ် သင့်ပြီး သေရပါစေ"လို့ ကျိန်ဆိုပြီး ခွင့်တောင်းလိုက်ပါတယ်။

www.dhammaransi.com



ဒီတော့ ပေါရိသာဒက စဉ်းစားတယ်၊ "မင်းဆိုတာ သန်လျက်ထားလို့နှင့် စပ်ပြီး ကျိန်ဆိုလေ့ မရှိဘူး၊ သုတသောမမင်းဟာ အလွန်ကြမ်းတမ်းတဲ့ အလွန် ကြောက်ဖွယ်ကောင်းတဲ့ ကျိန်ဆိုခြင်းကိုတောင် ပြုပေတယ်၊ ပုဏ္ဏားနှင့် တွေ့ဆုံ မယ်ဆိုတဲ့ ဝန်ခံချက် ပျက်သွားမှာ အလွန်စိုးရိမ်ပူပန်နေလို့ ဖြစ်မှာဘဲ"လို့ ယုံကြည်ယူဆပြီး သုတသောမမင်းကို လွှတ်လိုက်ပါတယ်၊ ဝန်ခံချက်ကိစ္စပြီးတဲ့ အခါ သစ္စာစကားကို စောင့်သောအားဖြင့် ဆက်ဆက်ပြန်လာခဲ့ရမယ်–လို့လဲ မှာလိုက်သေးတယ်။

## တရာတန် ဂါထာများ

သုတသောမမင်းဟာ ပြန်လာတဲ့အခါ မြို့ပြင်က စောင့်နေကြတဲ့ မှူး မတ် စစ်သည်အခြွေအရံတွေနဲ့ တွေ့တယ်၊ အဲဒီအခြွေအရံတော်တွေနဲ့ နန်းတော် ရောက်တဲ့အခါ နန္ဒပုဏ္ဏားရဲ့တရားကိုနာဘို့ အရေးတကြီး အလျင်အမြန် စီစဉ် တယ်၊ အဲဒီတရားဂါထာ ၄-ပုဒ်က ဒီကနေ့အတွက် မှတ်သားဖွယ် အထူးတရပ်ပဲ။ နန္ဒပုဏ္ဏားက ဟောမည့်တရားဖြစ်ပေမဲ့ မူလကတော့ ကဿပမြတ်စွာဘုရား ဟောခဲ့တဲ့ တရားဂါထာများ ဖြစ်တယ်၊ ဒါကြောင့် သုတသောမမင်းက နန္ဒပုဏ္ဏားကို မြင့်တဲ့နေရာမှာ နေစေတယ်၊ မိမိက နိမ့်တဲ့နေရာက ထိုင်ပြီး တရား နာပါတယ်။ အဲဒီအခါမှာ နန္ဒပုဏ္ဏားက ဒီလိုဟောပါတယ်။

(၁) သကိဒေဝ သုတသောမ၊ သဗ္ဘိ ဟောတိ သမာဂမော။
သာ နံ သင်္ဂတိ ပါလေတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော။

သုတသောမ၊ အရှင်သုတသောမမင်း။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သမာဂမော၊ ပေါင်းဆုံခြင်းသည်။ သကိဒေဝ၊ တကြိမ်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝါ-တကြိမ်သာလျှင် ဖြစ်စေကာမူ။ သာ သင်္ဂတိ၊ ထိုတကြိမ်မျှပေါင်းဆုံရ တွေ့ရခြင်းသည်။ နံ၊ သူတော်ကောင်းတို့နှင့် ပေါင်းဆုံရ တွေ့ရသော ထိုသူကို။ ပါလေတိ၊ အကျိုးမဲ့ပယ်ရှား အကျိုးများအောင် ရှက်ဆောင်စောင့်ရှောက်တတ် ပေ၏။ အသဗ္ဘိ၊ သူယုတ်မာတို့နှင့်။ ဗဟုသင်္ဂမော၊ အကြိမ်များစွာ ပေါင်းဆုံ ရခြင်းသည်။ ဝါ-အကြိမ်များစွာ ပေါင်းဆုံရစေကာမူ။ န ပါလေတိ၊ အကျိုး များအောင် မရှက်ဆောင် မစောင့်ရှောက်တတ်ပေ။

www.dhammaransi.com



သူတော်ကောင်းဆိုတာ မိမိအကျိုး သူတပါးအကျိုးပျက်အောင် မပြုတတ်ဘူး၊ မိမိအကျိုး သူတပါးအကျိုးဖြစ်အောင်သာ ကြံတတ်တယ်၊ ပြောတတ်တယ်၊ ပြုတတ်တယ်၊ အဲဒီလို သူတော်ကောင်းနဲ့ တကြိမ်တခါလောက် တွေ့ဆုံရပေါင်းသင်းရတယ်ဆိုယင်ကို အဲဒီလို တကြိမ်တခါ တွေ့ဆုံပေါင်းသင်းရခြင်းက အဲဒီ တွေ့ဆုံပေါင်းသင်းရတဲ့သူကို အကျိုးမဲ့မဖြစ်ရအောင် အကျိုးစီးပွါးဖြစ်ရအောင် ကျေးဇူးပြုတတ် စောင့်ရှောက်တတ်ပါတယ်။ မိမိအကျိုး သူတပါးအကျိုးကို ပျက်အောင် ကြံတတ် ပြောတတ် ပြုတတ်တဲ့ သူယုတ်မာနဲ့ဆိုယင်တော့ အကြိမ်များစွာ တွေ့ဆုံရ ပေါင်းသင်းရပေမဲ့ အဲဒီ တွေ့ဆုံပေါင်းသင်းရခြင်းက အကျိုးများအောင် မဆောင်ရွက်တတ်ဘူး၊ အကျိုးမဲ့ကိုသာ ဖြစ်စေတတ်တယ်–လို့ ဆိုလိုပါတယ်။ အဲဒါကို အလွယ်တကူ မှတ်ထားရအောင် ဆောင်ပုဒ် ၂-ခု စီထားတယ်၊ သပ္ပုရိသ၊ တကြိမ်မျှ၊ တွေ့က စောင့်ရှောက်သည် တဲ့။ သပ္ပုရိသဆိုတဲ့ ပါဠိကတော့ ဗမာစကားဖြစ်နေပါပြီ၊ ဒါကြောင့် တရားနာဖိတ်တဲ့ အခါမှာ "သပ္ပုရိသအပေါင်း သူတော်ကောင်းတို့" လို့ ကြေးကြော်လေ့ရှိကြပါတယ်၊ ကဲ အဲဒါကို ဆိုကြရမယ်။

သပ္ပုရိသ၊ တကြိမ်မျှ၊ တွေ့က စောင့်ရှောက်သည်။ (ဆို)

ဒုတိယဆောင်ပုဒ်ကတော့ "သူယုတ်မာအား၊ အကြိမ်များ၊ တွေ့ငြား မစောင့်ပြီ" တဲ့။ သူယုတ်မာကို အကြိမ်များစွာ တွေ့ဆုံပေါင်းသင်းရသော်လဲ အဲဒါကတော့ မစောင့်ရှောက်တတ်ဘူးလို့ ဆိုလိုပါတယ်၊ အဲဒါကို ဆိုကြရမယ်။

သူယုတ်မာအား၊ အကြိမ်များ၊ တွေ့ငြား မစောင့်ပြီ။ (ဆို)

အဲဒီလို ပဌမဂါထာကို ဟောပြီးတော့ နန္ဒပဏ္ဍာဒီက ဒုတိယဂါထာကို ဒီလို ဟောပါတယ်။

(၂) သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ န ပါပိယော။

သဗ္ဘိရေဝ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ အတူတကွ နေထိုင်ရာ၏။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းဘက်ယှဉ်တွဲ မှီဝဲဆည်းကပ်ခြင်းကို။ ကုဗ္ဗေထ၊ ပြုရာ၏။

www.dhammaransi.com



သူတော်ကောင်းနှင့်သာ အတူတကွနေထိုင်ရမယ်၊ သူတော်ကောင်းနှင့် အတူနေယင် အဲဒီသူတော်ကောင်း၏ ပြောဆိုပုံ ပြုလုပ်ပုံတွေကို တွေ့မြင်ကြားသိရပြီးတော့ ကောင်းတဲ့အမူအရာတွေကို အတုလိုက်ပြီး ပြောတတ် ပြုတတ်တယ်၊ ဒါကြောင့် သူတော်ကောင်းထံ ဆည်းကပ်မှု မရှိနှင့်ဦးတော့ အတူတကွနေထိုင်ရုံမျှပင် ကျေးဇူးများလှပါပြီ။ ဒါပေမဲ့ အဲဒါလောက်နဲ့ အားရ မနေဘဲ သူတော်ကောင်းကို ဆည်းကပ်ပေါင်းသင်းရမယ်တဲ့၊ ဆရာတင်ပြီး ဆည်းကပ်မှိဝဲတာကို ဆိုတာပါဘဲ။ အဲဒီ ၂-ပိုဒ်ကိုပေါင်းပြီး ဆောင်ပုဒ်တခု တည်းဘဲ စီထားတယ်၊ "သူတော်ကောင်းသာ၊ ပေါင်းသင်းရာ၊ မြတ်စွာ မိန့်ခဲ့သည်–တဲ့။ အဲဒီဂါထာကို သုတသောမမင်းအား နန္ဒပုဏ္ဏားကဟောတာ ဖြစ်ပေမဲ့ မူလကတော့ ကဿပမြတ်စွာဘုရားကိုယ်တော်တိုင် ဟောခဲ့တဲ့ဂါထာ ဖြစ်ပါတယ်၊ ဒါပေမဲ့ သာသနာ့ရဲ့အပြင်ပက ပုဂ္ဂိုလ်တွေကယူပြီး အဆက်ဆက် ဟောပြောလာကြတဲ့အတွက် အဲဒီအခါမှာ နန္ဒပုဏ္ဏားလက်ထဲ ရောက်နေခြင်း ဖြစ်ပါတယ်။ ယခုလဲ မြတ်စွာဘုရားဟောခဲ့တဲ့ တရားဂါထာအချို့ကို အိန္ဒိယက ဗြာဟ္မဏတွေက သူတို့ရဲ့ကျမ်းတွေထဲ ထည့်သွင်းထားခဲ့ကြလို့ သူတို့ရဲ့ကျမ်းရင်းက တရားလိုလို ဖြစ်နေတာတွေ တော်တော်များများ ရှိနေပါတယ်၊ အဲဒီလို တရားဂါထာတွေဟာ ဗုဒ္ဓသာသနာတော် ကွယ်သွားပေမဲ့ သူတို့ရဲ့ကျမ်းတွေ ထဲမှာ ရှိနေမှာဘဲ၊ ယခု နန္ဒပုဏ္ဏားဟောတဲ့ ဂါထာတွေဟာလဲ အဲဒီနည်းဖြင့် သာသနာပမှာ တည်ရှိနေတာပါ၊ မူလကတော့ ဘုရားဟောပါဘဲ။ ဒါကြောင့် "မြတ်စွာ မိန့်ခဲ့သည်" လို့လဲ ဆောင်ပုဒ်ထဲမှာ ထည့်ထားပါတယ်။ ကဲ အဲဒါကို ဆိုကြရမယ်။

သူတော်ကောင်းသာ၊ ပေါင်းသင်းရာ၊ မြတ်စွာ မိန့်ခဲ့သည်။ (ဆို)

## သိလျှင် သိရသလောက် မြင့်မြတ်လာသည်

သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အညာယ၊ သိ၍။ ဝါ-သိသည်ရှိသော်။ သေယျော၊ ရှေးကထက်တိုး၍ တမျိုး မြင့်မြတ်သည်။ ဟောတိ၊ ဖြစ်၏။ န ပါပိယော၊ ယုတ်ညံ့သွားသည်ကား မဟုတ်ပေ။

www.dhammaransi.com



သူတော်ကောင်းတို့နှင့် ပေါင်းသင်းတော့ သူတော်ကောင်းတရားကို သိရတယ်၊ သူတော်ကောင်းတရားကို သိရတော့ ရှေးကထက်တိုးပြီး တမျိုးတမည် မြင့်မြတ်လာပါတယ်တဲ့။ သူတော်ကောင်းတရားကို တလုံးတပါဒမျှ သိရယင် အဲဒီတလုံးတပါဒအတွက် မြင့်မြတ်လာတာဘဲ၊ နှစ်လုံး သုံးလုံးစသည်သိရယင် အဲဒီသိရသလောက် မြင့်မြတ်လာတာဘဲ၊ နဲနဲသိယင် နဲနဲတော့ မြင့်မြတ်လာတာဘဲ၊ များများသိယင် များများမြင့်မြတ်လာတာဘဲ၊ ယခု ဗုဒ္ဓသာသနာတော်မှာ သူတော်ကောင်းဖြစ်တဲ့ မိဘ ဆရာသမားတွေထံမှ ဘုရားစစ် ဘုရားမှန် အကြောင်းကို ကြားနာရပြီး သိကြရတယ်၊ အရဟံအစရှိသော ဂုဏ်တော်တွေထဲက တပုဒ်လောက် သိရယင် အဲဒီ တပုဒ်ကိုသိရတဲ့အတွက် မြင့်မြတ်လာတာဘဲ၊ ဥပမာ – ကိလေသာတို့မှ ကင်းဝေးစင်ကြယ်တယ်ဆိုတဲ့ အရဟံဂုဏ်တော်အရ မြတ်စွာဘုရားမှာ လိုချင်တပ်မက်တဲ့ လောဘမရှိဘူး၊ စိတ်ဆိုးတတ် ပြစ်မှားတတ်တဲ့ ဒေါသမရှိဘူး၊ အမှန်ကိုမသိဘဲ အလွဲအမှားကို သိတတ်တဲ့ မောဟ မရှိဘူးဆိုတာကို သိရယင် အဲဒီလို သိပြီး ဘုရားစစ် ဘုရားမှန်ကို ကြည်ညိုတတ်တဲ့အတွက် မြင့်မြတ်လာတာဘဲ၊ ဗုဒ္ဓဂုဏ်တော်အရ မြတ်စွာဘုရားဟာ တရားအလုံးစုံကို အကုန်သိတယ်၊ မသိတာရယ်လို့ မရှိဘူးဆိုတာကို သိရယင်လဲ ဘုရားစစ် ဘုရားမှန်ကို ကြည်ညိုတတ်တဲ့အတွက် မြင့်မြတ်လာတာဘဲ။ တရားနဲ့ စပ်ပြီးတော့လဲ တရားတော်ဟာ လိုက်နာပြီး ကျင့်တဲ့သူကို အပါယ်လေးပါးမှ လွတ်စေတယ်၊ လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ရစေတတ်တယ်လို့ သိရယင် မြင့်မြတ်လာတာဘဲ၊ လိုက်နာကျင့်ကြံယင် ကိုယ်တိုင် တွေ့နိုင်တဲ့ တရားတော်ဘဲ၊ ကျင့်နေဆဲမှာပင် ချက်ခြင်း အကျိုးပေးတတ်တဲ့ တရားတော်ဘဲလို့ သိရယင်လဲ မြင့်မြတ်လာတာဘဲ။ သံဃာတော်နဲ့ စပ်ပြီးတော့လဲ လောဘ ဒေါသ မောဟကင်းအောင် သီလ သမာဓိ ပညာအကျင့်တွေကို ကောင်းမွန်စွာ ကျင့်နေတဲ့ သံဃာတော်ဘဲလို့ သိရယင် မြင့်မြတ်လာတာဘဲ၊ သံဃာတော်ကို လက်အုပ်ချီမိုး ရှိခိုးယင် အသက်ရှည်ခြင်း အနာကင်းခြင်းစသော ကောင်းကျိုးတွေကို ရနိုင်တယ်လို့ သိရယင်လဲ မြင့်မြတ်လာတာဘဲ။

www.dhammaransi.com



## မိဘကြောင့် မြင့်မြတ်လာပုံ

ကလေးသူငယ်ကလေးတွေဟာ အစက ဘုရား တရား သံဃာဆိုတာ ဘာမှ မသိသေးဘူး၊ အဲဒီတုန်းက အနိမ့်ဆုံး အခြေအနေမှာ ရှိနေတယ်၊ နောက် စကားပီ နားလည် သိတတ်တဲ့ အရွယ်ရောက်လာတော့ လိမ္မာတဲ့ မိဘများက ဘုရားကို ရှိခိုးဘို့ သံဃာတော်ကို ရှိခိုးဘို့ သင်ကြားပေးတယ်၊ ရှိခိုးယင် ကုသိုလ် ရတယ် အသက်ရှည်တယ် အနာကင်းတယ် စသည်ဖြင့် ရှိခိုးချင်အောင်လဲ ပြောပြပေးတယ်၊ အဲဒီလို ပြောပြလို့ သိနားလည်လာယင် အဲဒီ ကလေးသူငယ် ဟာ မူလအခြေအနေထက် မြင့်မြတ်လာတာဘဲ။ အဲဒီကနောက် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ ဓမ္မံ သရဏံ ဂစ္ဆာမိ-တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ သံဃံ သရဏံ ဂစ္ဆာမိ-သံဃာတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏-ဆိုတဲ့ သရဏဂုံဆောက်တည်ပုံတွေကို သင်ပေးပြီး သရဏဂုံဆောက်တည်စေတယ်၊ အဲဒီတော့ ရှေးက မသိရသေးတဲ့ သရဏဂုံဆောက်တည်ပုံကိုလဲ သိရတယ်၊ သရဏဂုံတည်တဲ့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်လဲ ဖြစ်လာတယ်၊ အဲဒါ မြင့်မြတ်လာတာဘဲ၊ အဲဒီလို သရဏဂုံတည်တဲ့သူ ဖြစ်ယင်ကို အပါယ်လေးပါးမှ လွတ်မြောက်နိုင်တယ်။ အဲဒီကနောက် ပါဏာတိ-ပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-စသည်ဖြင့် ငါးပါးသီလ ဆောက်တည်ပုံကို သင်ပေးတယ်၊ သီလကိုလဲ ဆောက်တည်စေတယ်၊ အဲဒီတော့ သီလရှိသူ အဖြစ်ကို ရောက်လာတယ်၊ အတော်ကို မြင့်မြတ်လာပြီ၊ အဲဒါဟာ သူတော်ကောင်းတရားကို သိပြီး မြင့်မြတ်လာပုံ အခြေခံတွေပါဘဲ၊ တတ်သိလိမ္မာတဲ့ မိဘတွေကို အမှီပြုပြီး ကလေးသူငယ်ဘဝကတည်းက မြင့်မြတ်လာပုံပါဘဲ၊ ဒီလို ဘာသာရေး သာသနာရေးနှင့်စပ်ပြီး သိသင့် သိထိုက်တာတွေကို မိဘများက သင်ကြားပေးရတယ်၊ ကိုယ်တိုင်က နားမလည်ယင်လဲ ဆရာကောင်းများထံ အပ်နှံပြီး သင်ပေးစေရတယ်။ ဒီပြင်လဲ ဩကာသဘုရားရှိခိုးတို့၊ နမော တဿ-ဘုရားရှိခိုးတို့၊ ဣတိပိ သော-ဂုဏ်တော်ပါဠိတို့ ဒီလိုဟာတွေလဲ ကလေးများကို သင်ပေးရတယ်၊ အဲဒါဟာ အတိုင်းမသိ အဖိုးတန်တဲ့ ဘာသာရေးအမွေတွေကို ပေးတာဘဲ။

www.dhammaransi.com



## ဘုရားဟောနှင့်ညီမှ မြင့်မြတ်သည်

အဲ ယခုပြောခဲ့တာတွေဟာ မိဘတွေက သားသမီးတွေကို ငယ်စဉ်ကပင် မြင့်မြတ်သူဖြစ်အောင် ဆောင်ရွက်ပေးပုံတွေဘဲ။ အရွယ်ရောက်လို့ ကြီးလာတဲ့ အခါကျတော့ သရဏဂုံသီလ၌ တည်သည့်ပြင် ဒါနကုသိုလ်တွေ ပြုလုပ်ပုံလဲ သိရပြီး စွမ်းနိုင်သလောက် ပေးကမ်းလှူဒါန်းတယ်၊ မြင့်မြတ်လာတာဘဲ။ ရှစ်ပါးသီလ ဆောက်တည်ပုံကို သိရပြီး ဥပုသ်သီလဆောက်တည်ကျင့်သုံးတယ်၊ မြင့်မြတ်လာတာဘဲ။ ဘုရားဟော တရားတော်နှင့်အညီ ဘာဝနာတရားကို ကြားနာရပြီးတော့ ဘာဝနာအလုပ်ကို နည်းလမ်းမှန်စွာ အားထုတ်တယ်၊ မြင့်မြတ်လာတာဘဲ။ အဲဒီမှာ ဘုရားဟောတရားတော်နှင့်အညီ ဆိုတဲ့စကား၊ နည်းလမ်းမှန်စွာ ဆိုတဲ့စကားများကို အထူးသတိပြုကြရမယ်၊ ဘုရားဟော တရားနှင့် မညီညွတ်ပဲ ထင်ရာ မြင်ရာ ဟောနေတဲ့တရားတွေကလဲ ရှိတယ်၊ နည်းလမ်းမမှန်ဘဲ အားထုတ်နေကြတာတွေကလဲ ရှိတယ်၊ အဲဒီလို ဘုရားဟောနှင့်မညီဘဲ အလွဲအမှားတွေကို လေ့လာအားထုတ်နေယင်တော့ မမြင့်မြတ်ဘူး၊ တရားမှန်တွေကို အထင်မှား ပြစ်မှားပြီး ယုတ်ညံ့တောင်သွားတတ်သေးတယ်၊ ဘုရားဟောနှင့်အညီ နည်းမှန်အတိုင်း အားထုတ်ယင်တော့ သမထဘာဝနာကို အားထုတ်ယင်လဲ မြင့်မြတ်တာဘဲ၊ တချို့က သမထကို အားမထုတ်ကောင်းသယောင်ယောင် ရှုတ်ချပြီး ပြောတတ်ကြတယ်၊ အဲဒါ မသိနားမလည်လို့ ပြောတာဘဲ၊ အမှန်ကတော့ သမထကမ္မဋ္ဌာန်းကို အားထုတ်ပြီး စျာန်ရယင်လဲ မြတ်တာဘဲ၊ အဲဒီစျာန်ကို အခြေတည်ပြီး ဝိပဿနာရှုယင်တော့ အကောင်းအမြတ်ဆုံးဘဲ၊ အဲဒါဟာ မြတ်စွာဘုရားနှင့် အဂ္ဂသာဝက မဟာသာဝ-ကတွေ အားထုတ်သွားတဲ့ ပဌမတန်းလမ်းစဉ်ဘဲ၊ ဒါကြောင့် သမထကို အားထုတ်ယင်လဲ မြင့်မြတ်တယ်၊ ဝိပဿနာကို အားထုတ်ယင်တော့ သာပြီး မြင့်မြတ်တယ်။ ဒါကြောင့်—

သတံ၊ သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အညာယ၊ သိ၍။ ဝါ-သိသည်ရှိသော်။ သေယျော၊ ရှေးကထက်တိုး၍ တမျိုးမြင့်မြတ်သည်။ ဟောတိ၊ ဖြစ်၏။ န ပါပိယော၊ ယုတ်ညံ့သွားသည်ကား မဟုတ်ပေ-လို့ ဟောထားပါတယ်။

www.dhammaransi.com



## ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ဖြင့် မြင့်မြတ်ပုံ

အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်၊ "သူတော်ကောင်းတရား၊ သိမြင်ငြား၊ တိုးပွါးမြင့်မြတ်သည်"တဲ့။ ယခု ဒီသာသနာ့ရိပ်သာမှာ တရားအားထုတ်ကြတဲ့ သူတွေဟာ မူလကတော့ ဝိပဿနာ ရှုပုံ ရှုနည်းကို ကောင်းကောင်း မသိသေးဘူး၊ တချို့ကတော့ လုံးလုံးကို မသိကြပါဘူး၊ ရင်းနှီးတဲ့ ယောဂီဟောင်းများထံမှ ကြားရလို့ဖြစ်စေ၊ စာအုပ်ကို ကြည့်ရှုရလို့ဖြစ်စေ၊ တရားနာရလို့ဖြစ်စေ အားထုတ်ပုံ အားထုတ်နည်းကို သိလာတယ်၊ ဝိပဿနာဉာဏ် ဖြစ်ပုံတွေကို သိလာတယ်၊ အဲဒါဟာ မြင့်မြတ်လာတာဘဲ။ အဲဒီကနောက် ရိပ်သာကို လာရောက်ပြီး အားထုတ်တဲ့အခါမှာ ရှစ်ပါးသီလ ယူလိုက်ရုံနဲ့လဲ မြင့်မြတ်လာတာဘဲ၊ ရှုမှတ်လို့ တည တရက် စသည်ကြာတဲ့အခါ စိတ်တည်ကြည်မှု သမာဓိဖြစ်လာတယ်၊ တခြားတပါး ထွက်သွားတဲ့စိတ် မရှိတော့ဘူး၊ ရှုမှတ်တဲ့စိတ်ချည်း တစဉ်တတန်းတည်း ဖြစ်နေတယ်၊ အဲဒါဟာ စိတ္တဝိသုဒ္ဓိစခန်းဘဲ၊ မြင့်မြတ်လာတာဘဲ။ အဲဒီကနောက် မှတ်သိရတဲ့ရုပ်နဲ့ မှတ်သိတဲ့နာမ် ဒီ ၂-ခုကိုသာ တွေ့ရတယ်၊ ဒိဋ္ဌိဝိသုဒ္ဓိစခန်းဘဲ၊ မြင့်မြတ်လာတာဘဲ။ အဲဒီကနောက် အကြောင်းနှင့်အကျိုး ဆက်စပ်ပြီး ဖြစ်နေတာကို တွေ့ရတယ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းဘဲ၊ မြင့်မြတ်လာတာဘဲ၊ စူဠသောတာပန်ဖြစ်ပြီ ဂတိမြဲပြီလို့ ဝိသုဒ္ဓိမဂ်က အဆုံးအဖြတ်ပေးထားပါတယ်။ အဲဒီကနောက် အဖြစ်အပျက်ကို သိပြီး အနိစ္စ ဒုက္ခ အနတ္တသဘောကို မြင်လာတယ်၊ ဥဒယဗ္ဗယဉာဏ်စခန်းလဲ ရောက်ပြီး, အရောင်အလင်း ပီတိ သုခ အစရှိသော ဝမ်းမြောက်ဖွယ်တွေကို အကြီးအကျယ်တွေ့ရတယ်၊ မြင့်မြတ်လာတာဘဲ။ အဲဒီကနောက် မှတ်ရတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော အတွဲလိုက် အတွဲလိုက် ပျက်ပျက်သွားတာကို ရှုတိုင်း မှတ်တိုင်း တွေ့နေရတယ်၊ ဘင်္ဂဉာဏ်စခန်းဘဲ၊ မြင့်မြတ်လာတာပါဘဲ။ အဲဒီကနောက် မှတ်တိုင်း မှတ်တိုင်း ကြောက်ဖွယ်ထင်လာတယ်၊ ဘယဉာဏ်ဘဲ။ အပြစ်မြင်လာတယ်၊ အာဒီနဝဉာဏ်ဘဲ။ ငြီးငွေ့လာတယ်၊ နိဗ္ဗိဒါဉာဏ်ဘဲ။ စွန့်လွှတ်ချင်လာတယ်၊ မုဉ္စိတုကမျတာဉာဏ်ဘဲ။ စွန့်လွှတ်နိုင်အောင် တဖန်ရှုပြီး အထူးသိလာတယ်၊ ပဋိသင်္ခါဉာဏ်ဘဲ။ မြင့်မြတ်လာတာတွေချည်းပါဘဲ၊ အဲဒီကနောက် အာရုံ အဆိုး အကောင်းတွေကို အညီအမျှရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ်

www.dhammaransi.com



ဖြစ်လာတယ်၊ မြင့်မြတ်လာတာဘဲ၊ တောင်ပေါ်တက်ရာမှာ တောင်ထိပ်အနီး ရောက်လာသလို အများကြီးကို မြင့်မြတ်လာပြီ။ အဲဒီကနောက် မကြာတော့ဘူး၊ အထူး လျင်မြန်တဲ့ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်အသိများ ဖြစ်ပေါ်လာပြီးတော့ ရုပ်နာမ် သင်္ခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မဂ် ၄-ပါး ဖိုလ် ၄-ပါးဖြင့် မျက်မှောက် တွေ့သွားလိမ့်မယ်၊ အဲဒါကတော့ အမြင့်အမြတ်ဆုံး ခေါင်ထိပ်ရောက်သွား တာဘဲ။ အဲဒီလို သူတော်ကောင်းတရားကိုသိယင် တဆင့်ထက်တဆင့် မြင့်မြတ် သွားပါတယ်၊ ဒါကြောင့် "သူတော်ကောင်းတရား၊ သိမြင်ငြား၊ တိုးပွါးမြင့်မြတ် သည်"လို့ ဆိုထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

သူတော်ကောင်းတရား၊ သိမြင်ငြား၊ တိုးပွါးမြင့်မြတ်သည်။ (ဆို)

တရာတန်ဂါထာ ၂-ပုဒ် ပြီးသွားပြီ၊ တတိယဂါထာကတော့—

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ–တဲ့။

သုစိတ္တာ၊ အလွန်ဆန်းကြယ်၍ တင့်တယ်လှပကုန်သော။ ရာဇရထာ၊ မင်းစီး ယာဉ်ရထားတို့သည်။ ဝေ၊ စင်စစ်။ ဇီရန္တိ၊ ဆွေးမြည့်ယိုယွင်း အိုမင်းကြလေ ကုန်၏။

## တော်ဝင်ရထားတွေလဲ အိုမင်းသွားသည်

ရှေးတုန်းက ရှင်ဘုရင်ဆိုတဲ့ အဓိပတိမင်းတွေစီးတဲ့ ရထားတွေဆိုတာ သူ့ခေတ်အလိုက် အင်မတန်လှပ အင်မတန်ဆန်းကြယ်ပြီး အင်မတန်ကောင်း မှာပေါ့၊ ဒါပေမဲ့ ယခုကာလ မော်တော်ကားမျိုးတော့ မဟုတ်ဘူး၊ မော်တော် ကားပေါ်လာတာက အနှစ်တရာလောက်ပဲ ရှိသေးတယ်၊ အဲဒီအလျင်ကတော့ မြင်းကတဲ့ရထားတွေသာ ရှိခဲ့ပါတယ်၊ ဒါကြောင့် မြင်းရထားတွေပါဘဲ၊ အဲဒီ ရှင်ဘုရင်မင်းများစီးတဲ့ ရထားတွေဟာ အင်မတန်ဆန်းကြယ်ပြီး တင့်တယ်လှပ ပေလိမ့်မယ်၊ သစ်သစ်လွင်လွင်ဆိုယင် လူအများက တအံ့တသြငေးမောကြည့်ရ လောက်အောင် လှပပေလိမ့်မယ်၊ အဲဒီလို ဆန်းကြယ်လှပပေမဲ့ ပဌမမင်း လက်ထက်က ရထားဟာ ဒုတိယမင်းလက်ထက်ကျတော့ အိုမင်းသွားတာဘဲ၊

www.dhammaransi.com



တတိယမင်းလက်ထက် စသည်ကြတော့ သုံးလို မရလောက်အောင်လဲ အိုမင်း ပျက်စီးသွားလိမ့်မယ်။ တချို့မင်းက အနှစ် လေးငါးခြောက်ဆယ် အသက် ရှည်နေတာလဲ ရှိတယ်၊ အဲဒီလို နန်းသက်ရှည်တဲ့ မင်းများမှာတော့ နန်းတက် ခါစက ရထားတွေဟာ ၁၅ နှစ် အနှစ် ၂၀-စသည် ကြာတဲ့အခါ အိုမင်းကုန် မှာဘဲ။ ယခုခေတ်မှာ မင်းစီးယာဉ်ရထားတွေလဲ ဒီလိုပါဘဲ ကြာယင် အိုမင်း ကုန်တာပါဘဲ၊ တချို့မော်တော်ကားများဟာ ပေါ်လာခါစတော့ လှလိုက်တာ လှလိုက်တာနဲ့ ဝိုင်းပြီး ကြည့်နေကြတယ်၊ နောက်အနှစ်အစိတ် သုံးဆယ် လောက်ကြာတဲ့အခါကျတော့ ကားအိုကလေး ဖြစ်သွားတယ်၊ နောက်ထပ် ပေါ်လာတဲ့ ပုံသစ် ကားသစ်တွေနဲ့ယှဉ်ကြည့်ယင် ကြည့်ရှုလို့မကောင်းအောင်လဲ အိုနေတတ်တယ်၊ ဒါကြောင့် အရာရှိသားသမီးတွေ ပစ္စည်းရှင် သားသမီးတွေက အဲဒီလို ကားအိုကို မစီးချင်ကြတဲ့အတွက် မိဘများက ကားအသစ် ဝယ်ပေးရ တယ်လို့တောင် ကြားရဘူးပါတယ်။ ရထားတွေ ကားတွေသာ မဟုတ်သေးဘူး၊ အိမ်တွေ တိုက်တွေလဲ ဆောက်လုပ်ပြီးခါစတော့ လှပတင့်တယ်ပါတယ်၊ ဒါပေမဲ့ အနှစ် လေး ငါး ခြောက်ဆယ်စသည် ကြာတဲ့အခါမှာ အိုမင်းကုန်တာဘဲ၊ ဘုရားလက်ထက်တော်ကာလက အိန္ဒိယနိုင်ငံမှာ ရာဇဂြိုဟ်မြို့ သာဝတ္ထိမြို့ ဆိုတာ တွေဟာ အင်မတန် ကြီးကျယ်တဲ့မြို့ကြီးတွေပါဘဲ၊ ဒါပေမဲ့ ယခုနေ အခါမှာ တော့ အဲဒီမြို့တွေဟာ သစ်ပင်တွေ ချုံဖုတ်တွေနဲ့ တောဖြစ်နေတယ်၊ အိမ်တို့ တိုက်တို့ ဆိုတာ တခုမျှ မရှိတော့ဘူး။ ဗမာပြည်မှာလဲ ရှေးက ကြီးကျယ်ခဲ့တဲ့ ပုဂံမြို့ အင်းဝမြို့ ဆိုတာတွေဟာ ရွာငယ်ကလေးလောက်ပဲ ရှိတော့တယ်၊ အဲဒီမှာ ကြီးကျယ်ခဲ့တဲ့ အဆောက်အဦတွေဟာ အိုမင်းရာက ပျက်စီးကုန်တာဘဲ။ အဲဒါ မင်းစီးရထားတွေ အိုမင်း ဆွေးမြည့်သွားကြတယ် ဆိုရာမှာ အလားတူ အိုမင်း ဆွေးမြည့် ပျက်စီးတတ်ကြတယ် ဆိုတာကို နည်းမှီးပြီး ဆင်ခြင်ရအောင်လို့ အစဖော်ပေးတာပါဘဲ။ အဲဒီမှာ ဆောင်ပုဒ်ကတော့ "မင်းစီးရထား၊ လွန် ဆန်းပြား၊ အိုသွားကြလေသည်" တဲ့။ ကဲ အဲဒါကို ဆိုကြရမယ်။

မင်းစီးရထား၊ လွန်ဆန်းပြား၊ အိုသွားကြလေသည်။ (ဆို)

အထော၊ ထိုမှတပါး။ သရီရမ္ပိ၊ လူ၏ ခန္ဓာကိုယ်သည်လည်း။ ဇရံ၊ အိုမင်းဆွေးမြည့်ခြင်းသို့။ ဥပေတိ၊ ကပ်ရောက်လေတော့၏။

www.dhammaransi.com



## ခန္ဓာကိုယ်လဲ အိုမင်းသွားသည်

အခုတင်က ပြောခဲ့တဲ့ မင်းစီးရထားတွေ အိမ်တွေ တိုက်တွေ မြို့ရွာအဆောက်အဦတွေ အိုမင်းဆွေးမြည့်သွားကြတယ် ဆိုတာက ဥပမာ အနေနဲ့ ပြခဲ့တာဘဲ၊ အဲဒါတွေလိုဘဲ လူ့ခန္ဓာကိုယ်လဲ အိုမင်းဆွေးမြည့်သွားတာဘဲ·တဲ့။ အဲဒီပါဠိအတွက် ဆောင်ပုဒ်ကတော့ "ခန္ဓာကိုယ်လဲ၊ နည်းတူဘဲ၊ မလွဲအိုရသည်"တဲ့။ အဲဒါကတော့ ယခု အသက် ၆၀-ကျော် ၇၀-ကျော် ရှိနေတဲ့ အဖိုးကြီး အဖွားကြီးပိုင်း ပုဂ္ဂိုလ်တွေက ကိုယ်တွေ့ ဖြစ်နေပါတယ်၊ အဲဒီလို အရွယ်ကြီးတဲ့သူတွေက ကိုယ့်ကိုယ်ကို စဉ်းစားကြည့်ယင် ရှေးကလို မဟုတ်တော့ဘဲ အိုမင်း ဆွေးမြည့်နေတာကို ထင်ရှား တွေ့ရတယ်၊ တချို့မှာ ဆံပင်တွေက ဖြူလို့၊ တချို့မှာ သွားတွေကလဲ ကျိုးလို့ အိုရှုပ် ပေါ် နေတာကို တွေ့ရတယ်၊ အဲဒီမှာ တချို့လို ခြွင်းချက်နဲ့ ပြောရတာကတော့ ကံထူးတဲ့ တဦးတလေမှာ အသက် ၇၀-ကျော် အထိ ဆံမဖြူ သွားမကျိုးတာလဲ ရှိတတ်သေးလို့ပါဘဲ၊ ဒါပေမဲ့ အဲဒီအရွယ်မှာ ဆံဖြူသွားကျိုးတာတွေဘဲ များပါတယ်။ နောက်ပြီးတော့ အသက် ၅၀-လောက်ကတည်းက စပြီး အရေတွေ တွန့်နေတာကိုလဲ တွေ့ကြရတယ်၊ အသက် ၃၀-လောက် အတွင်းဆီကတော့ မျက်နှာက အရေတွေဟာ ပြောင်ချောလို့ တင်းနေတယ်၊ လက်မောင်းစသည်မှာလဲ ပြောင်တင်းနေတယ်၊ ၅၀-ကျော် ၆၀-ကျော်ကျတော့ မျက်နှာကလဲ ရှုံ့တွတွဖြစ်နေတယ်၊ လက်မောင်းစသည်မှာလဲ ရှုံ့တွတွဖြစ်နေတယ်၊ တချို့မှာဆိုယင် အသားတွေက လျော့ပါးပြီး အကြောတွေက ပြိုင်းပြိုင်းထလို့ အရိုးတွေက ငေါငေါပေါ် နေတယ်၊ ကြည့်ရှုလို့ကို အဆင်မပြေတော့ပါဘူး၊ တချို့မှာ မျက်စိကလဲမှုန်၊ နားကလဲထိုင်း ခါးကလဲ ကိုင်းလို့ အားကလဲမရှိဘဲ ဖြစ်နေတတ်သေးတယ်။ အဲဒါအရွယ်ကြီးသူတွေ ကိုယ်တွေ့ဘဲ၊ ကဲ ဆိုကြရမယ်။

ခန္ဓာကိုယ်လဲ၊ နည်းတူဘဲ၊ မလွဲအိုရသည်။ (ဆို)

အဲဒီလို ကြည့်ရှုမကောင်း နေထိုင်သွားလာမကောင်းအောင် အိုမင်းနေတဲ့ ခန္ဓာကိုယ်တွေဟာ လွန်ခဲ့တဲ့ အနှစ် သုံးလေးဆယ်ကျော် ကာလကဆိုယင် ပျိုပျို ရွယ်ရွယ် တင့်တင့်တယ်တယ်ဘဲ ရှိခဲ့ပါတယ်၊ ယခု ၁၅-နှစ်အရွယ် ၂၀-အရွယ် အမျိုးသားကလေးတွေ အမျိုးသမီးကလေးတွေလိုဘဲ ရှိခဲ့ပါတယ်၊ ပြည့်ပြည့်

www.dhammaransi.com



၀၀ စိုစိုပြေပြေနဲ့ မိမိတို့ကိုယ်ကို တသသနဲ့ ပြင်ဆင်နေခဲ့ကြပါတယ်။ ပြန်လှန်ကြည့်လိုက်ယင် အဲဒီ အခြေအနေတွေကို မြင်နိုင်ပါတယ်၊ ဒါပေမဲ့ ယခုတော့ အဲဒီတုန်းက အခြေအနေတွေ မရှိတော့ဘူး၊ အိုမင်းကုန်ပြီ။ ယခု ၁၅-နှစ် အနှစ် ၂၀-၃၀-အရွယ်တွေဟာလဲ နောင် အနှစ်သုံးလေးဆယ်လောက် ကြာတဲ့ အခါ ဒီလို အိုမင်းကုန်ကြမှာဘဲ၊ ဒါကြောင့် ယခု ငယ်ရွယ်နေသေးတဲ့ သူတွေကလဲ တနေ့ကျတော့ ငါတို့လဲ ယခုတွေ့မြင်နေကြရတဲ့ အဘိုးအို အဖွားအိုများလို အိုရဦးမယ်ဆိုတာ နှလုံးသွင်း ဆင်ခြင်ကြည့်ကြရမယ်၊ မဂ်လာမရှိဘူးလို့ မအောက်မေ့ကြနဲ့။ ဆောင်ပုဒ်ကတော့ မလွဲအိုရသည် ဆိုမည့်အစား မလွဲအိုရမည်-လို့ ဆိုကြရမယ်။ ကဲ ဆိုကြ။

ခန္ဓာကိုယ်လဲ၊ နည်းတူဘဲ၊ မလွဲအိုရမည်။ (ဆို)

အိုတတ်တဲ့ ရုပ်တွေကို အထည်ကိုယ် လုပ်နေရတော့ သူ့ အချိန်ကျယင် အိုရမှာဘဲ။ ပဋိသန္ဓေတည်ခါစ ကလလရေကြည်ဆိုတဲ့ ရုပ်ကစပြီး ဖြစ်လာခဲ့တယ်၊ အနောက်တိုင်း ဆရာဝန်တွေရဲ့ စမ်းသပ်တွေ့မြင်ချက်အရ ဆိုယင်တော့ သားဥနှင့် သုက်ခေတ် ဒီ ၂-ခုစပ်ရုပ်ကစပြီး ဖြစ်လာတယ်-လို့ ဆိုရပေလိမ့်မယ်၊ အဲဒါလဲ ကလလ ရေကြည်က စဖြစ်တာနှင့် သဘောအားဖြင့် အတူတူပါဘဲ၊ အဲဒီရေကြည်ရုပ်ကရင့်ပြီး အမြှုပ်ဆိုတာ ဖြစ်လာတယ်၊ အဲဒီကရင့်ပြီး အသားတစ်ဆိုတာ ဖြစ်လာတယ်၊ အဲဒီကရင့်ပြီး အစိုင်အခဲကလေးဖြစ်လာတယ်၊ အဲဒီကရင့်ပြီး ခေါင်း လက် ခြေ ဆိုတဲ့ အစိတ်အပိုင်းတွေဖြစ်ဖို့ ခက်မငါးဖြာ အဖုငါးခု ထွက်လာတယ်၊ အဲဒီမှာလဲ ခေါင်းပိုင်းကကြီးပြီး ကိုယ်ပိုင်းက သေးနေတယ်-လို့ လက်တွေ့ဆရာတို့က ဆိုကြတယ်။ အဲဒီကနောက် လက် ခြေ အဖုကလေးတွေက ရှည်ထွက်ပြီး လက်ပုံ ခြေပုံ ဖြစ်လာတယ်၊ ခေါင်းပိုင်းကလဲ မျက်စိ နား နှာခေါင်း စသည်ပေါ်လွင်ပြီး ထင်ရှားလာတယ်၊ ယောကျ်ားပုံ မိန်းမပုံ ရုပ်လုံးပေါ်လာတယ်၊ အဲဒီကနောက် တဖြည်းဖြည်း ကြီးထွားလာပြီးတော့ ၉-လကျော် ၁၀-လကြာတဲ့အခါ မွေးဖွားလာတယ်။ အဲဒီကနောက် မိဘတွေက နို့ ရည်စသည် တိုက်ကျွေးပြီး ပြုစုစောင့်ရှောက်လာ-လို့ ကြီးပြင်းလာတယ်၊ တဆဲ့သုံးလေးနှစ်လောက် အထိတော့ ကလေးသူငယ်အနေဘဲ ရှိပါသေးတယ်။ ဒါပေမဲ့ မွေးစကရုပ်နှင့် နှိုင်းယှဉ်ကြည့်ယင်တော့ ကြီးရင့်တဲ့သဘော

www.dhammaransi.com



ထင်ရှားပါတယ်။ ၁၄-နှစ်ကျော်ကျော် ၁၅-နှစ် အရွယ်လောက်ကစပြီး ပျိုပျို ရွယ်ရွယ် ဖြစ်လာတယ်၊ ဘေးက ပုဂ္ဂိုလ်အနေနဲ့ဆိုယင်လဲ ကြည့်လို့ကောင်းတယ် လှတယ် တင့်တယ်တယ်-လို့ ထင်ရတယ်၊ ကိုယ့်ဟာကိုယ်လဲ လှတယ် တင့်တယ် တယ်-လို့ ထင်ပေလိမ့်မယ်၊ အဲဒီ အခြေအနေဟာ အနှစ် ၂၀-ကျော် ၃၀-လောက် ထိအောင်တော့ အခြေမပျက်ပဲ တည်နေတတ်ပါတယ်။ အဲဒီက နောက်တော့ တချို့ပုဂ္ဂိုလ်မှာ အခြေပျက်လာတတ်တယ်၊ တချို့မှာတော့ အသက် ၄၀-ကျော် လောက်ကျမှ အခြေပျက်တတ်တယ်၊ အများအားဖြင့် အသက် ၅၀-ကျော် လာယင် အိုရုပ်တွေ ပေါ်လာကြတော့တာဘဲ၊ အသက် ၆၀-ကျော်ဆိုတော့ တယ်နေရာမကျတော့ပါဘူး၊ အတိုးကြီးတွေ အဖွားကြီးတွေ ဖြစ်ကုန်ပါပြီ။ ဒီတော့ မအိုသေးတဲ့သူတွေကလဲ တနေ့ကျယင် ဒီလိုဘဲ အိုကြရလိမ့်မယ်ဆိုတာ ဆင်ခြင်ပြီး စောစောကတည်းက အားကိုးစရာ ရှာထားဘို့ လိုပါတယ်၊ အိုနေတဲ့ သူတွေကလဲ နောင်တဖန် မအိုရအောင် မအိုတဲ့တရားရှာဘို့ လိုပါတယ်။ အဲဒီ မအိုတဲ့တရားက ဘယ်ဟာလဲဆိုယင်——

သတဉ္စ ဓမ္မော၊ သူတော်ကောင်းတို့၏ တရားသည်ကား။ ဇရံ၊ အိုမင်း ခြင်းသို့။ န ဉပေတိ၊ မရောက်တတ်။ ဣတိ၊ ဤသို့။ သန္တော၊ သူတော် ကောင်းတို့သည်။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ ဟဝေ ပဝေဒယန္တိ၊ စင်စစ် အားဖြင့် ပြောကြားဆွေးနွေးကြလေကုန်၏။

မအိုတဲ့ တရားဆိုတာ သူတော်ကောင်းတို့ သိထားတဲ့ တရားပါဘဲ-တဲ့။ သာမန်သူတော်ကောင်းတွေ သိတဲ့တရားတော့ မဟုတ်ဘူး၊ ဘုရားရဟန္တာ အရိယာသူတော်ကောင်းတွေ သိထားတဲ့တရားကို ဆိုပါတယ်၊ ဘယ်ဟာလဲ ဆိုယင် နိဗ္ဗာန်တရားပါဘဲ။ အဲဒီ နိဗ္ဗာန်တရားကို အရဟတ္တမဂ်ဖိုလ်နဲ့ သိယင် တော့ ဘဝတဖန် မဖြစ်ရတဲ့အတွက် တဖန် မအိုရတော့ဘူး၊ မအိုရုံတင် မဟုတ် သေးဘူး၊ နာလဲ မနာရတော့ဘူး၊ သေလဲ မသေရတော့ဘူး။ ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ သူတော်ကောင်းတရားဟာ အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့ တရားပါဘဲ၊ ဒါပေမဲ့ ဒီဂါထာမှာတော့ သိလွယ်တဲ့ ရထားတွေ အိုမင်းဆွေးမြည့် တာကို ဥပမာပြုပြီး အိုခြင်းကင်းတဲ့ဂုဏ်ကိုသာ ဖော်ပြထားတယ်၊ အိုခြင်း ကင်းတယ်ဆိုယင် နာခြင်း သေခြင်းလဲ ကင်းတော့တာပါဘဲ။

www.dhammaransi.com



သတ္တဝါတွေဟာ ဘဝအသစ် ဖြစ်ဖြစ်ပြီးတော့ အိုနာပြီး သေလာခဲ့ရတာတွေ မရေမတွက်နိုင်အောင် များလှပြီ၊ ဒါကြောင့် မအို မနာ မသေတဲ့ တရားကို ရှာဘို့ရာ သင့်လှပြီ။ မြတ်စွာဘုရားအလောင်းတော်ဟာ ဒီ အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့ တရားကို လေးသင်္ချေနှင့် ကုဋေတသိန်းထက်က စပြီး ရှာလာခဲ့တယ်၊ ယခု နောက်ဆုံးဘဝမှာလဲ ထီးနန်းနှင့်တကွ လောကီစည်းစိမ်တွေကို အကုန်စွန့်ပြီး ရဟန်းပြုကာ ရှာလာခဲ့တယ်၊ လွန်ခဲ့တဲ့ ၂၅၅၉-ခုမြောက်နှစ်ကမှ အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့ ဒီ နိဗ္ဗာန်တရားကို ရတော်မူခဲ့တယ်၊ အဲဒီ နိဗ္ဗာန်တရားကို လူနတ်ဗြဟ္မာ သတ္တဝါတွေ သိပြီး အိုခြင်း နာခြင်း သေခြင်း ကင်းကြရအောင် ဆင်းရဲခပ်သိမ်း ငြိမ်းကြရအောင် ၄၅-နှစ်ပတ်လုံး ဟောကြား ညွှန်ပြတော်မူခဲ့တယ်။ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း လိုက်နာပြီး ကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာ အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့ အဲဒီ နိဗ္ဗာန်တရားကို ရကြတာဘဲ၊ ယခု ဒီသာသနာ့ရိပ်သာမှာ အားထုတ်နေကြတဲ့ ယောဂီတွေလဲ ဒီနိဗ္ဗာန်တရားကို ရဘို့ အားထုတ်နေကြတာဘဲ၊ သမာဓိဉာဏ် ရင့်သန်ပြည့်စုံတဲ့ အခါကျတော့ အဲဒီ နိဗ္ဗာန်တရားကို ကိုယ်တိုင် တွေ့ကြရပါလိမ့်မည်။

## တရားရှာပုံ အားကျဘွယ်

ဒီနေရာမှာ အရှင်သာရိပုတြာအလောင်း ဥပတိဿနှင့် အရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတတို့၏ တရားရှာပုံဟာ အလွန်စိတ်ဝင်စားစရာ ကောင်းတယ်။ သူတို့ ၂-ဦးဟာ ငယ်ရွယ်စဉ်ကတည်းက သွားအတူ လာအတူ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းမိတ်ဆွေများ ဖြစ်ကြတယ်၊ တနေ့သော အခါမှာ ပွဲကြည့်နေရင်း ဒီလို စိတ်ကူးပေါ်လာတယ်၊ ယခု ပွဲကြည့်နေကြတဲ့လူတွေ ပွဲကပြနေကြတဲ့လူတွေ အားလုံးဟာ နောင်အနှစ်တရာလောက် ရှိတဲ့အခါ ဘယ်သူတယောက်မျှ ရှိကြမှာ မဟုတ်ဘူး၊ အကုန်လုံး အိုနာပြီး သေကုန်ကြမှာဘဲ၊ ဒါကြောင့် ငါတို့ဟာ မအို မနာ မသေတဲ့ တရားကို ရှာရယင် ကောင်းမှာဘဲ-လို့ စိတ်ကူးကြံစည်မိကြတယ်။ အဲဒီလို ကြံစည်ပြီးတော့ သူတို့ ၂-ဦးလုံး ပရိဗိုဇ် ရဟန်းပြုကြတယ်၊ မအို မနာ မသေတဲ့ တရားကို ဇမ္ဗူဒိပ် (အိန္ဒိယ) တခွင်မှာ အနှံ့အပြား လိုက်ရှာကြတယ်၊ ဘယ်မှာမှ အဲဒီတရားကို မတွေ့ကြရဘူး၊

www.dhammaransi.com



နောက်ဆုံးကြတော့ အရှင်အဿဇိနဲ့ တွေ့ရတယ်၊ အဲဒီအခါ အရှင်အဿဇိ ဟောတဲ့ ဂါထာတပုဒ် တရားကိုနာပြီး အရှင်သာရိပုတြာအလောင်း ဥပတိဿ-သောတာပန် ဖြစ်တယ်၊ အရှင်မောဂ္ဂလာန်အလောင်း ကောလိတလဲ ဥပတိဿ-ဟောတဲ့ အဲဒီ ဂါထာတပုဒ် တရားကိုနာပြီး သောတာပန် ဖြစ်တယ်၊ အဲဒီက နောက် မြတ်စွာဘုရားထံ သွားရောက်ပြီး ရဟန်းအဖြစ် ခံယူကြတယ်၊ အရှင်-မောဂ္ဂလာန်က (၇) ရက်၊ အရှင်သာရိပုတြာက (၁၅) ရက် တရားအားထုတ်ပြီး ရဟန္တာ ဖြစ်ကြတယ်၊ အဲဒီ အဂ္ဂသာဝက အရှင် ၂-ပါးဟာ မြတ်စွာဘုရား ထင်ရှားရှိစဉ်ကဘဲ ပရိနိဗ္ဗာန် ဝင်စံတော်မူသွားကြပါပြီ၊ အိုခြင်း နာခြင်း သေခြင်း လုံးဝကင်းတော်မူသွားကြပါပြီ။ အဲဒါဟာ အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့ တရားကို ရှာနေကြတဲ့ ပုဂ္ဂိုလ်တွေ အားကျစရာပါဘဲ။ "သပ္ပုရိသ၊ တကြိမ်မျှ၊တွေ့က စောင့်ရှောက်သည်" ဆိုတဲ့ တရားဆောင်ပုဒ်နှင့်အညီ တရားစစ် တရားမှန်ကို ဟောပြနိုင်တဲ့ အရှင်အဿဇိနဲ့ တကြိမ်မျှ တွေ့ရတာနဲ့ အကျိုး ပြီးသွားပုံလဲ ဖြစ်ပါတယ်။ "သူတော်ကောင်းများ၊ သိတရား၊ အိုသွား မရှိပြီ" ဆိုတာနဲ့လဲ အညီပါဘဲ။ ကဲ အဲဒါကို ဆိုကြရမယ်။

သူတော်ကောင်းများ၊ သိတရား၊ အိုသွား မရှိပြီ။ (ဆို)

သူတော်ကောင်းများသိထားတဲ့ နိဗ္ဗာန်တရားဟာ အိုမင်း ဆွေးမြည့်ခြင်း မရှိဘူး၊ ပျက်စီးခြင်းမရှိဘဲ အမြဲတည်နေတယ်၊ အဲဒီတရားကို အပြည့်အစုံ သိတဲ့ ရဟန္တာပုဂ္ဂိုလ်မှာလဲ ပရိနိဗ္ဗာန်စံသည်မှ နောက်ကာလ၌ အိုခြင်းမရှိဘူး၊ နာခြင်း သေခြင်းလဲ မရှိဘူးလို့ ဆိုလိုပါတယ်။ တရာတန် ၃-ဂါထာ ပြီးသွားပြီ၊ နောက်ဆုံး ဂါထာကတော့—

## အဝေးကြီး ၄-ပါး

(၄) နဘဉ္စ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။

www.dhammaransi.com



ရာဇ၊ အရှင် သုတသောမ မင်းမြတ်။ နဘဥ္စ၊ ကောင်းကင်အရပ်သည်လည်း။ ဒူရေ၊ ကမ္ဘာမြေကြီးမှ ဝေးလှ၏။ ပထဝီ စ၊ ကမ္ဘာမြေကြီး သည်လည်း။ ဒူရေ၊ ကောင်းကင်မှ ဝေးလှ၏။

ကောင်းကင် ဆိုတာ ဟင်းလင်းပြင်အရပ်ကို ခေါ်တယ်၊ မြေကြီးမှ တလက်မ တပေ တတောင် လူ့တရပ်စာ စသည် လွတ်နေတဲ့အရပ်ကိုလဲ ကောင်းကင်လို့ ဆိုနိုင်တာဘဲ၊ ဝါးတပြန် ထန်းတဖျားအမြင့်ကိုလဲ ကောင်းကင်လို့ ဆိုနိုင်တာဘဲ၊ ဒါပေမဲ့ အဲဒီ ဟင်းလင်းအရပ်တွေကတော့ မြေကြီးနဲ့ မဝေးသေးဘူး၊ အဲဒီ လောက် အမြင့်ကို ဆိုလိုတာ မဟုတ်ဘူး။ မျက်စိတဆုံးလောက် မြင့်နေတဲ့ အရပ်မျိုးကိုသာ ဒီနေရာမှာ ကောင်းကင်လို့ ဆိုလိုတယ်၊ အဲဒီ ကောင်းကင်ကို ရှေးရှေးက လူတွေဟာ အမျိုးမျိုးအထွေထွေ ကြံခဲ့ကြတယ်၊ တချို့က ဒယ်အိုး ကြီးများလို ခုံးခုံး အမိုးကြီးရှိပြီး အဲဒီမှာ ကြယ်တွေကို မီးအိမ်တွေ ဆွဲထားတဲ့ အနေနဲ့လဲ ကြံခဲ့ကြတယ်၊ ဘုရားသခင်က ကောင်းကင်နဲ့ မြေကြီးကို ရှေးဦးစွာ ဖန်ဆင်းတယ်လို့လဲ ယူဆခဲ့ကြတယ်။ အမှန်ကတော့ မျက်စိနဲ့ မြင်နိုင်ကောင်းတဲ့ အထည်ဒြဗ်တွေ မရှိဘဲ ဟာလာဟင်းလင်းပြင် အရပ်ကြီးပါဘဲ၊ မျက်စိနဲ့ ကြည့်လိုက်ယင် မြင်စရာမရှိလို့ မဲမှောင်နေတဲ့ အခြေအနေကိုသာ တွေ့ရတယ်၊ ညအခါ ဆိုယင် အဲဒီဟင်းလင်းပြင်ထဲမှာ ဝင်းလက်နေတဲ့ ကြယ်တွေကို တွေ့ရ တယ်၊ လကိုလဲ တွေ့ရတယ်၊ နေ့အခါဆိုယင်တော့ နေကြီးကို တွေ့ရတယ်၊ အဲဒီ မျက်စိတဆုံး ဝေးကွာတဲ့ ဟင်းလင်းပြင်အရပ်ကို ရည်ပြီးတော့ "ကောင်း ကင်က မြေကြီးနှင့် ဝေးသည်၊ မြေကြီးကလဲ ကောင်းကင်နှင့် ဝေးသည်"လို့ ဆိုထားပါတယ်၊ အဲဒါဟာ အဝေးကြီး ၄-ပါးထဲက အဝေးကြီး ၂-ပါးဘဲ"။ "ကောင်းကင် တထွေ၊ ကမ္ဘာမြေ၊ ဒူရေ ဝေးလှသည်"လို့ ဆောင်ပုဒ်လဲ စီထား ပါတယ်။ အဲဒီမှာ ဒူရေ–ဆိုတဲ့ ပါဠိနဲ့ ဝေးလှသည်–ဆိုတဲ့ ဗမာစကားဟာ အရတူပါဘဲ။ ကဲ– အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

ကောင်းကင်တထွေ၊ ကမ္ဘာမြေ၊ ဒူရေ ဝေးလှသည်။ (ဆို)

သမုဒ္ဒဉ္စ၊ သမုဒ္ဒရာ၏။ ပါရံ၊ ဟိုဘက်ကမ်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထို သမုဒ္ဒရာ၏ ဟိုဘက်ကမ်းကို။ ဒူရေ၊ ဝေးသည်ဟူ၍။ အာဟု၊ ဆိုကုန်၏။

www.dhammaransi.com



သမုဒ္ဒရာ၏ ဟိုဘက်ကမ်းဆိုတာ ဒီဘက်ကမ်းမှ မျှော်ကြည့်ယင် ဝေးတယ်၊ ဒါပေမဲ့ ရေလက်ကြားကလေးလောက် ဆိုယင်တော့ မဝေးဘူး၊ အဲဒီလို နီးတဲ့ ကမ်းခြေကိုတော့ ဒီမှာ မဆိုလိုပါဘူး၊ ဆိုလိုတာကတော့ ဗမာပြည် ပင်လယ် ကမ်းခြေကနေပြီး ကိုကိုးကျွန်း ကပ္ပလီကျွန်း သီဟိုဠ်ကျွန်းတို့လို ဥရောပကမ်းခြေ ကနေပြီး အမေရိကတိုက် ကမ်းတို့လို ဟိုဘက်ကမ်းကိုသာ ဆိုလိုပါတယ်။ အဲဒီလို ဟိုဘက်ကမ်းတွေကတော့ အလွန်ဝေးပါတယ်၊ မျက်စိနဲ့ မျှော်ကြည့်လို့ မမြင် နိုင်ဘူး၊ အဲဒါကို "သမုဒ္ဒရာ၊ ဟိုကမ်းဟာ၊ ဝေးကွာလှချေသည်" လို့ ဆောင် ပုဒ် စီထားတယ်။ ကဲ–ဆိုကြရမယ်။

သမုဒ္ဒရာ၊ ဟိုကမ်းဟာ၊ ဝေးကွာလှချေသည်။ (ဆို)

**အဝေးတကာ့ အဝေးဆုံး**

တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။

ရာဇ၊ အရှင်သုတသောမ မင်းမြတ်။ သတဉ္စ ဓမ္မော၊ သူတော်ကောင်းတို့၏ တရားသည်၎င်း။ အသတဉ္စ ဓမ္မော၊ သူယုတ်မာတို့၏ တရားသည်၎င်း။ အတ္ထိ၊ ရှိ၏။ တဒုဘယံ၊ ထိုတရားနှစ်ပါးကို။ တတော၊ ထိုဆိုခဲ့သော အဝေးကြီး ၃-မျိုးထက်။ ဟဝေ၊ စင်စစ်။ ဒူရတရံ၊ သာလွန်၍ ဝေးသည်ဟု။ ဝဒန္တိ၊ ပညာ ရှိတို့က ပြောဆိုကြကုန်၏။

ကောင်းကင်ဟာ မြေကြီးနဲ့ ဝေးတယ်၊ မြေကြီးကလဲ ကောင်းကင်နဲ့ ဝေးတယ်၊ သမုဒ္ဒရာ၏ ဟိုဘက်ကမ်းလဲ ဝေးတယ်၊ အဲဒီ သုံးမျိုးထက် သူတော် ကောင်းတရားနဲ့ သူယုတ်မာတရားက သာလွန်ပြီး ဝေးပါတယ်–တဲ့။ သူတော် ကောင်းတရားဆိုတာ ကုသိုလ်တရားဘဲ၊ သူယုတ်မာတရားဆိုတာ အကုသိုလ် တရားဘဲ။ ဒီ သလ္လေခသုတ်နဲ့ ပြောရယင် ဝိဟိံသာ– ညှဉ်းဆဲခြင်း၊ ပါဏာတိ ပါတ–သတ္တဝါကို သတ်ခြင်း အစရှိတဲ့ အကုသိုလ်တရား ၄၄-ပါးဟာ သူယုတ် မာတရားတွေပါဘဲ။ မညှဉ်းဆဲခြင်း၊ မသတ်ခြင်း အစရှိတဲ့ ကုသိုလ်တရား ၄၄-ပါးဟာ သူတော်ကောင်း တရားတွေပါဘဲ။ အဲဒီ သူတော်ကောင်းတရား တွေက မြင့်မြတ်တယ်၊ သူယုတ်မာတရားတွေက ယုတ်ညံ့တယ်။ ဒါပေမဲ့

www.dhammaransi.com



သူယုတ်မာတရား ၄၄-ပါးလုံး ယုတ်ညံ့ပုံချင်း ညီတူညီမျှဘဲလို့တော့ မမှတ်ရဘူး။ ဒုစရိုက်ဆယ်ပါး အစရှိသော အချို့အကုသိုလ်တရားတွေက အလွန်ယုတ်ညံ့တယ်၊ ထိန မိဒ္ဓ ဥဒ္ဓစ္စတို့လို သာမန် အကုသိုလ်တွေကတော့ အဲဒါတွေလောက် မယုတ်ညံ့ဘူး။ ကုသိုလ်တရားတွေကတော့ အမြင့်အမြတ်ချည်းပါဘဲ၊ ဒါပေမဲ့ အဲဒီမှာလဲ သာမန်ကုသိုလ်ထက် မဂ်ဖိုလ်၏ အကြောင်းဖြစ်တဲ့ ကုသိုလ်က သာပြီး မြင့်မြတ်တယ်၊ ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု၊ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု–လို့ ဆုတောင်းပြီး ပြုတဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်တွေ, ယခု ရှုမှတ်နေကြတဲ့ ဝိပဿနာကုသိုလ်တွေ–ဒါတွေဟာ အဲဒီ သာပြီး မြင့်မြတ်တဲ့ ကုသိုလ်တွေပါဘဲ။ အဲဒါထက် မဂ် ၄-ပါး ကုသိုလ်တွေက သာပြီး မြတ်တယ်။

ဒါကြောင့် သာမန်ယုတ်ညံ့တဲ့အကုသိုလ်ကို ပွါးစေတဲ့သူဟာ သာမန်ယုတ်ညံ့တဲ့သူ မည်တယ်၊ သူတပါးကို ညှဉ်းဆဲခြင်း သတ်ဖြတ်ခြင်း သူ့ဥစ္စာကို လုယက်ခိုးယူခြင်း စသည်ဖြင့် အလွန်ယုတ်ညံ့တဲ့ အကုသိုလ်တွေကို ပြုလုပ်နေတဲ့သူဟာ အလွန်ယုတ်ညံ့တဲ့သူ မည်တယ်။ အဲဒီလို ယုတ်ညံ့တဲ့ သူတွေဟာ သူတို့ ပြုလုပ်နေကျ သူယုတ်မာ တရားထဲမှာသာ စိတ်ဝင်စား နေတယ်၊ အဲဒီ အကုသိုလ်အလုပ်တွေမှ ကြဉ်ရှောင်ရတဲ့ ကုသိုလ်အလုပ်ကို စိတ်မဝင်စားနိုင်ဘူး။ သူတော်ကောင်းတွေကလဲ ကုသိုလ်အလုပ်မှာသာ စိတ်ဝင်စားနေကြတယ်၊ အကုသိုလ်အလုပ်မှာ စိတ်မဝင်စားနိုင်ဘူး။ ဒီလိုလဲ ဆန့်ကျင်ပြီး ဝေးကွာနေတယ်။ အကုသိုလ်က အကျိုးမဲ့ကို ဖြစ်စေတတ်တယ် ညစ်နွမ်းတယ်၊ ကုသိုလ်က အကျိုးစီးပွါးကို ဖြစ်စေတတ်တယ် ဖြူစင်တယ်၊ ဒီလိုလဲ ဆန့်ကျင် ဝေးကွာနေတယ်၊ တောင်နဲ့ မြောက်, အရှေ့နဲ့ အနောက်လို ပြောင်းပြန် ဖြစ်ပြီး ဝေးကွာနေပါတယ်။ ဒါကြောင့် သူတော်ကောင်းတရားနဲ့ သူယုတ်မာတရားကို သာပြီးဝေးတယ်လို့ ဆိုပါတယ်။ အဲဒါကို "သူတော် သူညစ်၊ တရားနှစ်၊ စင်စစ် ဝေးလှသည်" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒီမှာ တရားနှစ် ဆိုတာက တရားနှစ်မျိုး–လို့ ဆိုလိုတယ်။ ကဲ–အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

သူတော် သူညစ်၊ တရားနှစ်၊ စင်စစ် ဝေးလှသည်။ (ဆို)

www.dhammaransi.com



## ရာတန်က ထောင်တန် ဖြစ်သည်

နန္ဒပုဏ္ဏား ဟောတဲ့ တရားဂါထာ ၄-ပုဒ် ပြည့်စုံသွားပါပြီ။ အဲဒီ ဂါထာ ၄-ပုဒ်ကို ဟောပြီးတဲ့အခါ သုတသောမမင်းက မေးပါတယ်။

ဆရာပုဏ္ဏား၊ အခြားမင်းတွေကို ဒီဂါထာများဟောတဲ့အခါ ဘယ်လောက်ရပါသလဲ။

အရှင်မင်းမြတ်၊ တဂါထာ တဂါထာမှာ တရာ တရာ ရပါတယ်၊ ဒါကြောင့် (သတာရဟာ) ရာတန် ဂါထာ မည်ပါတယ်။

ဆရာပုဏ္ဏား၊ ဆရာဟာ ကိုယ့်ပစ္စည်းရဲ့ တန်ဘိုးကို မသိဘဲကိုး၊ ဒီ ဂါထာတွေဟာ ရာတန် မဟုတ်ဘူး၊ ထောင်တန် တွေဘဲ–လို့ ပြောပြီး၊ နန္ဒပုဏ္ဏားအား တရားပူဇော်တဲ့အနေနဲ့ ငွေလေးထောင် ပေးစေပါတယ်၊ ယာဉ်ငယ် တခုလဲ ပေးပြီး ပူဇော်ချီးမြှောက် လိုက်ပါတယ်။ အဲဒီကနောက် မယ်တော် ခမည်းတော်များကို ရှိခိုးကန်တော့ ပြီးတဲ့အခါ သုတသောမမင်းက "တရားနာခြင်းကိစ္စ ပြီးယင် ပြန်လာခဲ့ပါမယ်" လို့ ဝန်ခံခဲ့တဲ့အတိုင်း "ပေါရိသာဒထံ ပြန်သွားတော့မယ်" လို့ ပြောကြားလိုက်ဘယ်။ ဒီတော့ မယ်တော် ခမည်းတော်များကရော အခြွေအရံများကရော "ပေါရိသာဒ လူဆိုးကြီးကို စစ်တပ်နဲ့ ဖမ်းမယ်၊ ပေါရိသာဒထံ မသွားပါနဲ့"လို့ တောင်းပန်ကြတယ်။ နန်းတွင်းသူတွေကလဲ ငိုကြွေးပြီး တောင်းပန်ကြတယ်။

## သစ္စာစောင့်ပုံ

ဒီတော့ သုတသောမမင်းက ဒီလို ရှင်းလင်းပြောပြပါတယ်။ "ဝန်ခံချက်အတိုင်း မှန်ကန်စွာ ဆောင်ရွက်တာဟာ သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်တယ်၊ ပေါရိသာဒဟာ ငါ့ကို ယုံကြည်၍ လွှတ်လိုက်တယ်၊ သူက လွှတ်လိုက်ပေလို့ နန္ဒပုဏ္ဏားထံ တရားနာဘို့ ဝန်ခံထားတဲ့ ပဋိညာဉ်လဲ ပြေလည်သွားတယ်၊ အဲဒါဟာ သူ့ကျေးဇူးဘဲ၊ အဲဒီ သူ့ကျေးဇူးကို သိသောအားဖြင့်လဲ သွားရမယ်၊ သူ့ထံ ပြန်မသွားယင် ဝန်ခံချက်ပျက်ပြီး မုသာဝါဒသဘောသက်ရောက်လိမ့်မယ်၊ ဒါကြောင့်လဲ သူ့ထံပြန်သွားရမယ်" လို့ ရှင်းလင်း ပြောပြပြီးတော့ မြို့တော်ကထွက်ပြီး ပေါရိသာဒထံသို့ ပြန်သွားပါတယ်။ အဲဒီမှာ

www.dhammaransi.com



"ဝန်ခံချက်ပျက်ယင် မုသာဝါဒသဘော သက်ရောက်တယ်"ဆိုတာက မူလက စေတနာရှိးနဲ့ ဝန်ခံခဲ့ပြီးတော့ အကြောင်းမညီညွတ်လို့ ပျက်ကွက်သွားတာမျိုးပါဘဲ၊ အဲဒါမျိုးကတော့ မုသာဝါဒကံ မထိုက်ပါဘူး၊ ဂတိသစ္စာပျက်ကွက်ရုံလောက်ပဲ ရှိပါတယ်။ မူလကတည်းက မရိုးသားတဲ့စေတနာနဲ့ ဝန်ခံယင်တော့ အဲဒီလို ဝန်ခံကတည်းက မုသာဝါဒကံလဲ ထိုက်ပါတယ်၊ ဝန်ခံတဲ့ အတိုင်း မဆောင်ရွက်တဲ့အတွက် ဂတိသစ္စာလဲ ပျက်ကွက်ပါတယ်။

အဲဒီ အခါမှာ ပေါရိသာဒ–က "သုတသောမမင်း မလာယင်လဲ အခြားမင်းတွေရဲ့အသားအသွေးဖြင့် ရုက္ခဇိုဝ်းနတ်မင်းအား ပူဇော်တော့မယ်"လို့ကြံပြီး မီးကိုမွေး တံစို့များကိုလဲ ချွန်နေတယ်၊ အဲဒီလိုလုပ်နေတုန်း သုတသောမမင်း ရောက်လာတာကို တွေ့ရတော့ "ကိစ္စအလုံးစုံ ပြီးခဲ့ပြီလား" လို့ မေးတယ်။ သုတသောမမင်းက "တရားလဲ နာခဲ့ပြီ၊ တရားလဲ ပူဇော်ခဲ့ပြီ၊ ကိစ္စအားလုံး ပြီးတဲ့အတွက် ယခု ပြန်လာခဲ့တယ်၊ ငါ့ကို သတ်ပြီး ယဇ်ပူဇော်ချင်ယင်လဲ ပူဇော်ပါ၊ ငါ့အသားကိုစားချင်ယင်လဲ စားပါ" လို့ ရဲရဲ ရင့်ရင့် ပြန်ကြားပြောဆိုလိုက်ပါတယ်။ ဒီတော့ ပေါရိသာဒ-က စဉ်စားတယ်၊ "သုတသောမ မင်းဟာ သေရမှာကို မကြောက်ဘူး၊ အဲဒါဟာ တရားဂါထာတွေကို နာခဲ့ရလို့ဖြစ်မှာဘဲ၊ ငါလဲ အဲဒီတရားနာပြီး မကြောက်မရွံ့ ရဲရင့်ချင်တယ်" လို့ ကြံပြီးတော့ အဲဒီ တရားဂါထာတွေကို သူ့အား ဟောဘို့ တောင်းပန်တယ်။

## ပေါရိသာဒ ချွတ်ခဏ်း

ဒီတော့ သုတသောမမင်းက ဟော့–ပေါရိသာဒ၊ သင်ဟာ လူတွေကို သတ်စားနေတဲ့ လူဘဲ၊ တရားမစောင့်ဘူး၊ သင့်မှာ သစ္စာလဲ မရှိဘူး၊ တရားလဲ မရှိဘူး၊ သင့်မှာ တရားနာလို့ ဘာအကျိုးရှိမလဲ၊ အလကားဖြစ်မှာဘဲလို့ ရှုတ်ချပြီး ပြောလိုက်တယ်၊ ရှက်ပြီး သံဝေဂရစေချင်လို့ ဒီလိုခပ်ကြမ်းကြမ်း ပြောလိုက်တာပါဘဲ။ ဒီလိုပြောလိုက်တော့ ပေါရိသာဒက သာပြီး တရားနာချင်စိတ် ရှိလာတယ်။ ဒါကြောင့် သူက ဆရာရယ် တရားကိုနာပြီးမှ ကောင်းမှု မကောင်းမှုကို သိရမယ်မဟုတ်ပါလား၊ အဲဒီဂါထာများကိုနာရယင် ကျွန်ုပ်စိတ်ဟာ တရားထဲမှာ ပျော်မွေ့ သက်ဝင်သွားချင် သွားပါလိမ့်မယ်၊ ဒါကြောင့် ဟောပါလို့ ထပ်ပြီး တောင်းပန်ပြန်တယ်။ အဲဒီတော့ သုတသောမမင်းက သူ့အခြေအနေကြည့်ပြီး

www.dhammaransi.com



တော့ ဟောသင့်တယ်လို့ ဆင်ခြင်ပြီး အဲဒီတရားဂါထာ ၄-ပုဒ်ကို ပေါရိသာဒအား ဟောပြလိုက်ပါတယ်။ ဒီနေရာမှာ ဟောပုံကို ပါဠိဂါထာတွေ ရွတ်ပြီး အနက်ပေးပြနေလျှင် အချိန်ကုန်နေလိမ့်မယ်၊ လုံးလုံးမဖော်ပြဘဲ ချန်ထားယင်လဲ တရားနာပြီး ပေါရိသာဒကျွတ်သွားပုံဟာ မပေါ်လွင် မထင်ရှားဘဲ ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် ဘုန်းကြီးက ဆောင်ပုဒ်များကိုသာ ဖြည်းဖြည်းချင်းရွတ်ပြသွားမယ်၊ သုတသောမမင်းက ဟောနေပုံ၊ ပေါရိသာဒ–က ရိုသေစွာ တရားနာနေပုံတွေကို မြှော်တွေးပြီး နာကြရမယ်။

၁။ သပ္ပုရိသ၊ တကြိမ်မျှ၊ တွေ့က စောင့်ရှောက်သည်။
သူယုတ်မာအား၊ အကြိမ်များ၊ တွေ့ငြား မစောင့်ပြီ။

၂။ သူတော်ကောင်းသာ၊ ပေါင်းသင်းရာ၊ မြတ်စွာ မိန့်ခဲ့သည်။
သူတော်ကောင်းတရား၊ သိမြင်ငြား၊ တိုးပွါး မြင့်မြတ်သည်။

၃။ မင်းစီးရထား၊ လှန်ဆန်းပြား၊ အိုသွားကြလေသည်။
ခန္ဓာကိုယ်လဲ၊ နည်းတူဘဲ၊ မလွဲ အိုရသည်။
သူတော်ကောင်းများ၊ သိတရား၊ အိုသွား မရှိပြီ။

၄။ ကောင်းကင်တယ္ဓေ၊ ကမ္ဘာမြေ၊ ဒူရေ ဝေးလှသည်။
သမုဒ္ဒရာ၊ ဟိုကမ်းဟာ၊ ဝေးကွာလှချေသည်။
သူတော် သူညစ်၊ တရားနှစ်၊ စင်စစ် ဝေးလှသည်။

ပေါရိသာဒဟာ ဘဝအဆက်ဆက်က အလေ့အလာကြောင့် ကြမ်းကြုတ်နေပေမယ်လို့ တရားနဲ့တော့ တယ်မဝေးဘူး၊ ဒါကြောင့် သုတသောမမင်း ဟောတဲ့ အဲဒီဂါထာတရားကို နာနေရင်း သူ့ကိုယ်ထဲမှာ ဖြိုးဖြိုးဖျဉ်းဖျဉ်းနဲ့ နှစ်သိမ့်ဝမ်းမြောက်တဲ့ ပီတိတွေ အနှံ့အပြား ဖြစ်နေသတဲ့၊ အဲဒီလိုဖြစ်ပုံကို အဋ္ဌကထာက သုဏန္တဿေဝ၊ တရားဂါထာတို့ကို နာစဉ်ပင်လျှင်။ သကလသရီရံ၊ တကိုယ်လုံးကို။ ပဉ္စဝဏ္ဏာယ ပီတိယာ၊ ငါးမျိုးသောပီတိဖြင့်။ ပရိပူရိ၊ ပြည့်လေပြီလို့ ပြဆိုထားပါတယ်။ အဲဒီလို ပီတိဖြစ်ပြီး ကြည်ညိုလာတော့ အဲဒီတရားကို သူကပူဇော်ချင်တယ်၊ ဒါကြောင့် သူက ဒီလိုပြောပါတယ်၊ ဆရာ၊ ဆရာ့ကို ပူဇော်ချင်တယ်၊ ရွှေငွေဆိုတာတော့ ပေးလှူစရာမရှိဘူး၊ တဂါထာ တဂါထာ

www.dhammaransi.com



အတွက် 'ဝရ' ခေါ်တဲ့ ဆုတခုတခုပေးချင်ပါတယ်လို့ ပြောတယ်။ ရှေးတုန်းက မင်းများဟာ ဆုပေးတယ်ဆိုယင် ဘယ်ဟာမဆို တောင်းနိုင်တယ်၊ တောင်းတဲ့ ဟာကို မငြင်းပယ်ဘဲ ပေးရတယ်၊ဒီလိုစည်းကမ်းရှိနေတယ်။ ဒီတော့ သုတသောမ မင်းက သူပေးမည့်ဆုကို ခိုင်မြဲစေလိုတဲ့အတွက် ဟော့–ပေါရိသာဒ၊ ကိုယ့်အကျိုး စီးပွါးကိုတောင်မသိတဲ့ သင်လိုလူဆိုးကြီးက ဘယ်လိုဆုကို ပေးမှာလဲကွယ်လို့ ရှုတ်ချပြီးပြောလိုက်တယ်။ ဆရာ၊ ကျွန်ုပ်က တကယ်ပြောတာပါ၊ အသက်ကို စွန့်ရစေကာမူ ဆရာအလိုရှိတဲ့ဆုကို ပေးပါ့မယ်၊ အလိုရှိတဲ့ဆုကို ယူပါလို့ ပေါရိ သာဒက ထပ်ပြီး ပြန်ပြောတယ်။ အဲဒီတော့ သုတသောမမင်းက ရှေးဦးစွာ ဒီလိုဆုကို တောင်းယူလိုက်ပါတယ်။

အဆွေ ပေါရိသာဒ၊ သူမြတ် သူမြတ်ချင်း၊ ပညာရှိ ပညာရှိချင်း အဆွေ ခင်ပွန်းဖြစ်တာဟာ ညီညွတ်ကောင်းမြတ်တယ်၊ ငါဟာ သင့်ကို အသက်တမ်းပြည့် အနှစ်တရာပတ်လုံး အနာရောဂါမရှိဘဲ ကျန်းမာနေတာ မြင်ချင်ပါတယ်–လို့ တောင်းယူလိုက်ပါတယ်။

ဒီဆုတောင်းပုံကတော့ ပေါရိသာဒ၏အကျိုးကို မြော်လင့်သလိုလိုနဲ့ အမှန် ကတော့ သုတသောမမင်းက "ငါ့ကိုမသတ်ပါနဲ့" လို့ ဆုတောင်းလိုက်ခြင်းဖြစ်ပါ တယ်၊ မသတ်ပါမှ အနှစ်တရာပတ်လုံး တွေ့မြင်ခွင့်ရမယ် မဟုတ်လား၊ ဒါကြောင့် ဒီလိုစကားမျိုးကတော့ ကိုယ့်အကျိုးလဲပြီးအောင် သူတပါးလဲနားဝင်ချိုအောင် ပြောတဲ့ ပညာရှိစကားဖြစ်တယ်၊ နည်းယူထိုက်တဲ့စကားပါဘဲ။ ပေါရိသာဒက အဲဒီစကားကိုကြားရတော့ ငါက သူ့ကိုသတ်ဖို့ဖမ်းပေမဲ့ သူကတော့ ငါ့အပေါ်မှာ မေတ္တာမပျက်ဘူး၊ ငါ့အကျိုးကိုတောင် အလိုရှိနေပေသေးတယ်လို့ ဆင်ခြင်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ အဲဒီဆုကို ပေးလိုက်ပါတယ်။

အဲဒီကနောက် ဖမ်းထားတဲ့မင်းတွေကို မသတ်ဖို့ ဒုတိယဆုနှင့် အဲဒီမင်းတွေကို သူတို့တိုင်းပြည် အသီးအသီး ပြန်ပို့ဘို့ တတိယဆုများကို တောင်းယူလိုက်ပါတယ်။ ပေါရိသာဒကလဲ အဲဒီဆုများကို အလွယ်တကူနဲ့ဘဲ ပေးလိုက်ပါတယ်။

နောက်ဆုံး စတုတ္ထဆုကိုတော့ "အဆွေပေါရိသာဒ သင်ဟာ လူသားစား ခြင်းမှ ကြဉ်ရှောင်ပါ၊ အဲဒါကို နောက်ဆုံး စတုတ္ထဆုအဖြစ်ဖြင့် တောင်းယူပါ တယ်လို့ သုတသောမမင်းက ဆုတောင်းလိုက်ပါတယ်။ အဲဒီတော့ ပေါရိသာဒက

www.dhammaransi.com



ဆရာ–ကျွန်ုပ်ဟာ လူသားကြိုက်လို့ တိုင်းပြည်ကိုစွန့်ပြီး ဒီတောထဲ လာနေရပါတယ်၊ ဒါကိုတော့ မကြဉ်ရှောင်နိုင်ဘူး၊ အခြားဆုကို ပြောင်းလဲယူပါလို့ ဆိုတယ်။

သုတသောမမင်းကလဲ ပေါရိသာဒအား တရားဟောပြီး လူသားစားခြင်းမှ ကြဉ်ရှောင်ဘို့ဆုကိုသာ ပေးပါ အခြားဆုကိုတော့ မယူလိုဘူးလို့ အတင်းအကြပ်တောင်းဆိုတယ်။ ဒီတော့ ပေါရိသာဒမှာ အကြပ်ကျနေတယ်၊အသက်ကိုစွန့်ပြီး တော့တောင် တောင်းတဲ့ဆုကို ပေးပါ့မယ်လို့ ဝန်ခံထားပြီးလဲ ဖြစ်နေတယ်၊ နောက်ပြီးတော့ မင်းဆိုတာ ဆုပေးမယ်လို့ဝန်ခံထားယင် အဲဒီဆုကိုမငြင်းပယ်ဘဲ ပေးရတဲ့စည်းကမ်းကလဲ ရှိနေတယ်၊ လူသားကိုကြဉ်ရှောင်ဘို့ဆိုတာကလဲ သူ့မှာ အလွန်ခက်ခဲနေတယ်၊ ဘယ်လောက် ခက်မယ်ဆိုတာဟာ ထီးနန်းစည်းစိမ်တွေ သားမယား အစရှိတဲ့ ကာမဂုဏ်တွေကို စွန့်ပြီးတော့ တောထဲမှာ အဆင်းရဲခံပြီးနေခြင်းဖြင့် အလွန်ထင်ရှားနေပါတယ်။နောက်ပြီးတော့ မိမိတို့၏ကိုယ်တွေ့နဲ့ စဉ်းစားကြည့်ယင်လဲ ထင်ရှားပါတယ်။ယခုလူတွေဟာ အများအားဖြင့် အသားဟင်းကိုကြိုက်ကြတယ်၊ အဲဒီအသားဟင်းကြိုက်နေတဲ့လူတွေကို သက်သတ်လွတ်စားရမယ်ဆိုယင် လက်ခံဘို့ မခက်ကြပေဘူးလား၊ ယခု ဒီမှာတရားနာနေတဲ့ လူတွေကို ဘုန်းကြီးက သက်သတ်လွတ်စားဘို့အလှူခံယင် လှူနိုင်ကြပါမလား၊ အင်း....ခက်ကြမှာပါဘဲ၊ လူတွေထက် ဘုန်းကြီးတွေက သာပြီးခက်လိမ့်မယ် ထင်တယ်၊ ဘာကြောင့်လဲဆိုယင် သက်သတ်လွတ် ဆွမ်းကျွေးဆိုယင် တယ်မလိုက်ချင်ကြဘူးဆိုတာ ကြားသိရတယ်၊ နောက်ပြီးတော့ သက်သတ်လွတ်စားတာကို ဘုန်းကြီးတွေက ဒေဝဒတ်အကျင့်လို့ ကဲ့ရဲ့ရှုတ်ချတာကိုလဲ ကြားဘူးတယ်၊ သက်သတ်လွတ်စားရာမှာလဲ သာယာယင် လောဘဖြစ်တာဘဲ၊ မထူးပါဘူးလို့ ချေပတာကိုလဲ ကြားဘူးတယ်၊ မှန်ပေတယ်၊ ပစ္စဝေက္ခဏာ ဆင်ခြင်မှု ရှုမှတ်မှု မရှိဘဲစားနေယင် သာယာတဲ့လောဘ ဖြစ်တာကတော့ တူပေလိမ့်မယ်၊ဒါပေမဲ့ လောဘဖြစ်ပုံချင်းကတော့ မတူပေဘူး၊ အဲဒါဟာ သက်သတ်လွတ်စားပါဆိုယင် မစားနိုင်ကြတာက သက်သေခံနေပါတယ်၊ တချို့က အသားဟင်းတွေထဲမှာ တောင် ကြက်သား ဝက်သား ဆိတ်သား ဘဲသားတို့မပါယင်ဘဲ ငါးခြောက်ဟင်းလောက်ဆိုယင် တယ်မကြိုက်ချင်ကြဘူး၊ အဲဒါဟာ အသားဟင်းကို သာယာ

www.dhammaransi.com



စွဲလမ်းမှု အားကြီးနေလို့ပါဘဲ။ ဒီလိုဖြစ်ပုံတွေကို ထောက်ဆ ကြည့်ယင် ပေါရိ-သာဒမှာ လူသားမစားဘဲ ကြဉ်ရှောင်ရန်အတွက် အလွန် ခက်ခဲရှာပေလိမ့်မယ် ဆိုတာ သိနိုင်ပါတယ်။ ဒါကြောင့် ပေါရိသာဒက တခြားဆု ယူဘို့ရာ ငိုယိုပြီး တော့လဲ တောင်းပန်ပါတယ်။ သုတသောမမင်းကလဲ တခြားဆုကို မယူနိုင်ဘူး၊ ဒီဆုကိုဘဲပေးပါလို့ အတင်းအကြပ် တောင်းတယ်။ ဒါနဲ့ နောက်ဆုံးကျတော့ ပေါရိသာဒဟာ မတိမ်းမရှောင်သာတဲ့အတွက် မျက်ရည်တွေကျလျက် ငိုနေရင်း ဒီလို ဆုပေးလိုက်ပါတယ်။

> အဆွေ သုတသောမမင်းမြတ်၊ ကျွန်ုပ်ဟာ လူသား ကြိုက်လွန်းလို့ တိုင်းပြည်ကိုစွန့်ပြီး တောထဲမှာ လာနေခဲ့ပါတယ်၊ ဒီလောက် မြတ်နိုး နေပေမဲ့ အဆွေတောင်းတဲ့အတိုင်း လူသားစားခြင်းမှ ကြဉ်ရှောင်ဘို့ ဆိုတဲ့ ဆုကိုလဲ ပေးပါတယ်....လို့

ဆိုပြီး အဲဒီနောက်ဆုံးဆုကိုလဲ ပေးလိုက်ပါသတဲ့။ အဲဒါဟာ အားကျစရာနည်းယူ စရာ အလွန်ကောင်းပါတယ်။ ပေါရိသာဒလူဆိုးလူကြမ်း ကြီးတောင်မှ သူအလွန် ကြိုက်နှစ်သက်တဲ့ လူသားကို ရှောင်နိုင်သေးတာဘဲ၊ ငါတို့ဟာ ဘာကြောင့် အကုသိုလ် ဒုစရိုက်အမှုတွေကို မရှောင်ကြဉ်နိုင်ဘဲ ရှိပါ့မလဲ၊ ပေါရိသာဒဟာ ဘုရားအလောင်းမျှသာဖြစ်တဲ့ သုတသောမမင်း၏ စကားကိုတောင်မှ လိုက်နာ နိုင်သေးတာဘဲ၊ ငါတို့ဟာ ဗုဒ္ဓမြတ်စွာဘုရား၏စကားကို ဘာကြောင့် မလိုက် နာနိုင်ဘဲရှိပါ့မလဲစသည်ဖြင့် အားကျပြီး မကောင်းမှုဟူသမျှကို ကြဉ်ရှောင်သင့် ပါတယ်၊ ကောင်းမှုဟူသမျှကိုလဲ ပြုနိုင်အောင် ကြိုးစားသင့်ပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း ပေါရိသာဒက နောက်ဆုံး စတုတ္ထဆုကို ပေးပြီးတဲ့ အခါ သုတသောမမင်းက ပေါရိသာဒအား ငါးပါးသီလကိုလဲ ဆောက်တည် ကျင့်သုံးစေပါတယ်။ အဲဒီကနောက် ဖမ်းထားတဲ့ မင်းတွေကိုလဲ လွှတ်စေပြီး တော့ အားအင်ပြည့်အောင် ပြုစုစေပါတယ်၊ အသီးအသီးသော တိုင်းပြည် များသို့ပို့ရန်လဲ စီမံပါတယ်၊ ရှေးဦးစွာ ပေါရိသာဒကို သူ့တိုင်းပြည်သို့ပြန်ရန် တိုက်တွန်းပါတယ်၊ အစပဌမမှာတော့ တိုင်းပြည်ကို မပြန်တော့ဘူး၊ အဲဒီ တောအရပ်မှာဘဲ သစ်သီးသစ်မြစ်များကိုစားပြီး နေတော့မယ်၊ လူသားမစား ရယင် အသက်လဲ ရှည်မှာမဟုတ်ပါဘူး၊ မလိုက်တော့ပါဘူး စသည်ဖြင့် ငြင်းနေ

www.dhammaransi.com



ပါသေးတယ်၊ နောက်ဆုံးကျတော့ သုတသောမမင်း၏ တရားစကားကြောင့် သုတသောမမင်းနှင့်အတူ လိုက်လာပါတယ်။အဲဒီပေါရိသာဒကို သုတသောမမင်း ဆုံးမတဲ့အရပ်ဟာ သတိပဋ္ဌာနသုတ် ဟောရာဌာန ကမ္မာသဒမ္မ (ကမ္မာသဓမ္မ) ဆိုတဲ့အရပ်ဖြစ်တဲ့အကြောင်း သတိပဋ္ဌာနသုတ်အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ ယခု အိန္ဒိယနိုင်ငံမှာ ဒေလီမြို့ဆိုတဲ့အရပ်ဟာ ရှေးက ကုရုတိုင်း ဣန္ဒပတ္ထမြို့အရပ် ဖြစ်တယ်လို့ ဆိုကြပါတယ်၊ ဒါကြောင့် ပေါရိသာဒကို ဆုံးမရာအရပ်ဟာ အဲဒီ ဒေလီမြို့နယ်အတွင်းက တနေရာဖြစ်ဖွယ်ရှိပါတယ်။

## ပြည်တော်ပြန်ခန်း

သုတသောမမင်းဟာ သူ့ပိုင်နက်ဖြစ်သောဣန္ဒပတ္ထမြို့တော်မှ မူးမတ်စစ်သည် အခြွေအရံများနှင့်တကွ ရှေးဦးစွာ ဗာရာဏသီမြို့သို့ သွားပြီး ပေါရိသာဒကို ပို့ပါတယ်။ အဲဒီမှာ မူလကနှင်ထုတ်လိုက်တဲ့ စစ်သေနာပတိကြီး ကာဠဟတ်က ပေါရိသာဒကို လက်မခံနိုင်ပါဘူးလို့ အပြင်းအထန် ငြင်းဆိုနေတဲ့အတွက် သုတသောမမင်းက အကြီးအကျယ် ဟောပြောနားချပြီး အပ်ရတယ်။ အဲဒီကနောက် အခြားမင်းတွေကိုလဲ သူတို့တိုင်းပြည်ကို ပြန်ပို့ပြီး သုတသောမမင်းလဲ သူ့တိုင်းပြည် ဣန္ဒပတ္ထမြို့တော်သို့ ပြန်ပါတယ်။

## ဇာတ်ပေါင်းခန်း

အဲဒီအခါတုန်းက ပေါရိသာဒဟာ ယခုဘုရားလက်ထက်မှာ အင်္ဂုလိမာလ မထေရ် ဖြစ်လာတယ်၊ ကာဠဟတ်ဆိုတဲ့ စစ်သူကြီးက အရှင်သာရိပုတ္တရာ ဖြစ်လာတယ်၊ နန္ဒပုဏ္ဏားက အရှင်အာနန္ဒာ ဖြစ်လာတယ်၊ ညောင်ပင်စောင့် နတ်က အရှင်မဟာကဿပ ဖြစ်လာတယ်၊ သုတသောမမင်းက ဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်မူပါတယ်။ အားလုံး ပရိနိဗ္ဗာန် ဝင်စံကုန်ကြပါပြီ။

## လိုရင်းကောက်နုတ်ချက်

အဲဒီ ဇာတ်ဝတ္ထုအကြောင်းအရာထဲက ဒီမှာပြောလိုရင်းကတော့ သုတသောမမင်း မုသာဝါဒကြဉ်ရှောင်ပုံ သစ္စာစောင့်ပုံပါဘဲ၊ ဥယျာဉ်တော်က ပြန်လာတဲ့အခါ နန္ဒပုဏ္ဏား၏တရားကို နာမယ်လို့ ပြောခဲ့တဲ့အတိုင်း မပျက်မကွက်

www.dhammaransi.com



တရားနာနိုင်အောင် အားထုတ်ခဲ့တယ်၊ တရားနာပြီးတဲ့အခါ ပြန်လာပါ့မယ်လို့ ဝန်ခံခဲ့တဲ့အတိုင်း အသက်ကို မငဲ့ဘဲ ပေါရိသာဒထံ ပြန်လာခဲ့တယ်၊ အဲဒါ တွေဟာ ဒီသလ္လေခသုတ်မှာ "သူများတွေက လိမ်လည်ကြမည့်နေရာမှာ ငါတို့ ကတော့ လိမ်လည်မှုကင်းစေမည်" ဆိုတဲ့ အစီဋ္ဌာန်ဆောင်ပုဒ်အရ ကျင့်ရန် အတွက် အတုယူစရာတွေပါဘဲ။ ကဲ အဲဒီဆောင်ပုဒ်ကို ဆိုလိုက်ကြဦးစို့။

> သူများတွေက လိမ်လည်ကြမည့်နေရာမှာ ငါတို့ကတော့ လိမ်လည်မှု ကင်းစေမည်၊ ကိလေသာပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ လိမ်လည်မှုကို သစ္စာစကားနဲ့ ရှောင်လွှဲမည်၊ သစ္စာစကားနဲ့ အဆင့်အတန်းတက်မည်၊ လိမ်လည်မှု-ကိလေသာမီးကို သစ္စာစကားနဲ့ ငြိမ်းသတ်မည်။

ယနေ့ ဒီတွင်ဘဲ အမျှဝေပြီး တရားသိမ်းကြစို့။

## အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျနုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ် ။ပ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ်တရားတော် ပဥ္စမပိုင်း ဤတွင် ပြီး၏။

www.dhammaransi.com

## သလ္လေခသုတ်တရားတော်ကြီး

# ဆဋ္ဌမပိုင်း

---

၁၃၃၂-ခုနှစ် တော်သလင်းလပြည့်နေ့ ဟောသည်။

### တရားအနုသန္ဓေ

သလ္လေခသုတ်တရားတော်ကို ဟောလာခဲ့တာဟာ ၅-ကြိမ်ရှိခဲ့ပြီ၊ အဲဒီ ၅-ကြိမ်ထဲက တကြိမ် တကြိမ်မှာ သလ္လေခတရား တပါးတပါးသာ ပြီးခဲ့တယ်၊ (၁) ဝိဟိံသာတရားကို ခေါင်းပါးစေတဲ့ အကျင့်က တပါး၊ (၂) ပါဏာတိပါတကို ခေါင်းပါးစေတဲ့အကျင့်က တပါး၊ (၃) အဒိန္နဒါန်ကို ခေါင်းပါးစေတဲ့ အကျင့်က တပါး၊ (၄) အဗြဟ္မစရိယကို ခေါင်းပါးစေတဲ့အကျင့်က တပါး၊ (၅) မုသာဝါဒကို ခေါင်းပါးစေတဲ့အကျင့်က တပါး၊ ဒီ ၅-ပါးဘဲ ပြီးခဲ့သေးတယ်၊ သလ္လေခတရား ၄၄-ပါးထဲမှ အဲဒီ ၅-ပါးကို နှုတ်လိုက်ယင် ဟောဘို့ရာ ၃၉-ပါးကျန်သေးတယ်။ ဒါကြောင့် "ဝိဟိံသာ ပါတ၊ အဒိန္နနှင့်၊ အဗြဟ္မစရိယာ၊ မုသာ, ပိသု၊ ဖရု,သမ္ဖာ၊ အဘိဇ်, ဗျာနှင့်" စသဖြင့် ဆိုထားတဲ့ ခေါင်းစဉ်ဆောင်ပုဒ်ကြီးထဲမှာ မုသာရဲ့နောက်က ပိသု-ဆိုတဲ့ ခေါင်းစဉ်ကို ဟောဘို့ရာ အလှည့်ကျနေတယ်၊ အဲဒါကစပြီး ဒီကနေ့ ဟောရမယ်။

### ပိသုဏဝါစာ

> ပရေ ပိသုဏဝါစာ ဘဝိဿန္တိ၊ မယမေတ္ထ ပိသုဏာယ ဝါစာယ
> ပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ သလ္လေခအကျင့်ကို မကျင့်နိုင်ကြသော သူတပါးတို့သည်။ ပိသုဏ-ဝါစာ၊ ဂုံးတိုက်စကားကို ပြောဆိုကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတံ့။ ဧတ္ထ၊ ဤသို့ ဂုံးတိုက်ပြောဆိုကြရာ၌။ မယံ၊ ငါတို့သည်။ ပိသုဏာယ ဝါစာယ၊ ဂုံးတိုက်ပြောဆိုခြင်းမှ။ ပဋိဝိရတာ၊ ကြဉ်ရှောင်ကြကုန်သည်။ ဘဝိဿာမ၊

www.dhammaransi.com



ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာခေါင်းပါးစေသောအကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

တဦးနှင့် တဦး ရင်းရင်းနှီးနှီးဖြစ်ပြီး ချစ်ခင်ကြည်ညိုနေကြရာမှာ အဲဒီပုဂ္ဂိုလ်အချင်းချင်း မရင်းနှီးအောင် မချစ်ခင်အောင် မုန်းတီးအောင် အကြည်ညိုပျက်အောင် တဦး၏ အပြစ်အနာအဆာကို အခြားသူတဦးထံ သွားပြောတာကို ပိသုဏဝါစာလို့ ခေါ်တယ်၊ ဗမာလိုကတော့ ဂုံးတိုက်တယ်၊ ဂုံးချောတယ်လို့ ခေါ်တယ်၊ ပါဠိသဒ္ဒါနည်းဖြင့် ခွဲပြရလျှင်တော့ ပိယ–ချစ်သူနှစ်ဦးတို့၏ ချစ်ခင်ကြည်ညိုခြင်းကို+သုည–ဆိတ်သုဉ်း ပျက်စီးစေတတ်တဲ့စကားလို့ ဆိုလိုပါတယ်။ မျက်ကွယ်မှာ သူတပါး၏ အတင်းအဖျင်းစကားကို ပြောတာလဲ ဒီပိသုဏဝါစာထဲမှာ ပါဝင်တယ်လို့ မှတ်ရမယ်၊ ဘာကြောင့်လဲဆိုလျှင် အဲဒီလိုပြောတဲ့အတင်းအဖျင်းစကားကို ကြားရတဲ့သူတွေဟာ အဲဒီအတင်းအဖျင်းနှင့် စပ်ဆိုင်တဲ့ပုဂ္ဂိုလ်အပေါ်မှာ မူလက ကြည်ညိုရင်းရှိနေပေမဲ့ အကြည်ညိုမဲ့သွားတတ်ကြတယ်၊ အဲဒါကြောင့်ပါဘဲ။

ဒီပိသုဏဝါစာကို မြတ်စွာဘုရား ဝေဘန်ပြပုံကတော့ ဒီကလူတွေနှင့် ဟိုကလူတွေ ကွဲပြားကုန်အောင် ဒီကစကားကို ဟိုသွားပြောတယ်၊ ဟိုကစကားကို ဒီမှာလာပြောတယ်၊ ဒီလိုပြောခြင်းဖြင့် (သမဂ္ဂါနံ ဝါ ဘေတ္တာ) ညီညွတ်နေတဲ့သူတွေကိုလဲ ခွဲတတ်တယ်၊ (ဘိန္နာနံ ဝါ အနုပ္ပဒါတာ) ကွဲပြားနေတဲ့သူတွေကိုလဲ တိုးပြီးကွဲအောင် အားပေးအားမြှောက် ပြုတတ်တယ်၊ (ဝဂ္ဂါရာမော ဝဂ္ဂရတော ဝဂ္ဂနန္ဒီ) အဲဒီလို ဂုံးတိုက်တဲ့သူက ကွဲပြားနေတာကို နှစ်သက်တယ်၊ သူများကွဲပြားနေမှ သူကပျော်တယ်။ ဒါ့ကြောင့် သူက (ဝဂ္ဂကရဏိံ ဝါစံ ဘာသိတာ ဟောတိ) ကွဲပြားကြောင်းစကားကို ပြောတတ်တယ်လို့ ဝေဘန်ပြထားပါတယ်။

လောကမှာ ဒီလို ဂုံးတိုက်စကားကို ပြောနေကြတာကလဲ တော်တော်များပါတယ်၊ သူတပါး၏ အပြစ်အနာအဆာ အတင်းအဖျင်းတွေကို ပြောရတာနားထောင်ရတာ တဆင့်ပြောရတာတွေကို အများက ကြိုက်တတ်ကြတယ်၊ သတင်းထူးအနေနဲ့ သဘောကျတတ်ကြတယ်၊ သူတော်ကောင်းတရားနဲ့ မွေ့လျော်နေတဲ့ ပုဂ္ဂိုလ်တွေသာ ဒီလိုဒုစရိုက်စကားတွေမှ ကင်းကြတယ်၊ ဒါကြောင့်

www.dhammaransi.com



သူတော်ကောင်းတရားကို လိုလားကြတဲ့သူတွေဟာ ဒီသလ္လေခသုတ် တရားတော်နှင့်အညီ ကျင့်ကြရမယ်၊ သူများတွေက ဂုံးချောစကားပြောကြမည့်နေရာမှာ ငါတို့ကတော့ ဂုံးချောစကားကင်းစေမယ်လို့ နှလုံးသွင်း ဆောက်တည်ပြီး ကျင့်ကြရမယ်။

## ဘေဒဥပါယ်

ဒီလိုဝစီဒုစရိုက်ကင်းအောင် ကျင့်နေနိုင်တာဟာ တရားဘက်ကနေကြည့်ယင် အင်မတန် မွန်မြတ်ပါတယ်၊ ဒါပေမဲ့ လောကဘက်ကနေကြည့်ယင်တော့ ဒီလို ဂုံးတိုက်စကားကလဲ သူနေရာ သူ့ကာလအားလျော်စွာ ပြုသင့်ပြုထိုက်တဲ့အနေနဲ့ ထင်မြင်ယူဆနေကြတယ်၊ ရှေးရှေးက မင်းများဟာ ညီညွတ်နေတဲ့ တဖက်သားပုဂ္ဂိုလ်တွေကို ဘေဒဥပါယ်ဖြင့် ကွဲပြားကုန်အောင်လုပ်ပြီး အနိုင်ယူတတ်ကြတယ်။ အဇာတသတ်မင်းဟာ ညီညွတ်နေတဲ့ ဝေသာလီမင်းတွေကို ဂုံးတိုက်ခြင်းဆိုတဲ့ ဒီဘေဒဥပါယ်ဖြင့် ကွဲပြားအောင်လုပ်ပြီး အနိုင်ယူခဲ့တယ်၊ ယူပုံကတော့–အဇာတသတ်မင်းက ဝဿကာရဆိုတဲ့ ပုဏ္ဏားအမတ်ကြီးကို ပြည်နှင်ဒဏ်ပေးဟန်ဆောင်ပြီး နှင်ထုတ်လိုက်တယ်၊ အဲဒီပုဏ္ဏားကြီးက ဝေသာလီပြည်သို့ ထွက်သွားတယ်၊ ဝေသာလီပြည်က လိစ္ဆဝီမင်းအချို့က "ဒီဝဿကာရပုဏ္ဏားကြီးဟာ အလွန်ကောက်ကျစ်တယ်၊ ဒါကြောင့် ဒီပုဏ္ဏားကြီးကို လက်မခံသင့်ဘူး"လို့ ကန့်ကွက်ကြတယ်။ ဒါပေမဲ့ လိစ္ဆဝီမင်းအများစုက "ဒီပုဏ္ဏားကြီး နှင်ထုတ်ခံရတာဟာ ငါတို့အကျိုးအတွက် ငါတို့ဘက်က ပြောမိလို့ နှင်ထုတ်ခံရတာဖြစ်တယ်၊ ဒါကြောင့် လက်ခံသင့်တယ်"လို့ ထောက်ခံပြောဆိုပြီး လက်ခံကြတယ်၊ မင်းသားကလေးတွေကို ပညာသင်ပေးဖို့ ရာထူးကိုလဲ ပေးပြီး ချီးမြှောက်ထားကြတယ်။

## ဝဿကာရ၏ ဂုံးတိုက်ပုံ

ဒီပုဏ္ဏားကြီးက အစမှာတော့ အများယုံကြည်အောင် မင်းသားကလေးတွေကို ပညာကောင်းကောင်းသင်ပေးတယ်၊ မင်းသားကလေးတွေက ဆရာကြီးဆရာကြီးနဲ့ အလေးအမြတ်ပြုပြီး ယုံကြည်အားကိုးနေကြတယ်၊ အဲဒီအခါမှာ သူက မင်းသားတွေအချင်းချင်း ကွဲပြားကုန်အောင် ဂုံးတိုက်တယ်၊ သူဂုံးတိုက်ပုံက ယဉ်ယဉ်ကလေးပါဘဲ၊ မင်းသားတယောက်ကိုခေါ်ပြီး နှစ်ကိုယ်ကြားတိုးတိုးကလေးမေးတယ်၊ ထမင်းစားပြီးခဲ့ပြီလား၊ ဘာဟင်းနဲ့စားခဲ့သလဲ တဲ့။

www.dhammaransi.com



အဲဒါဟာ သူများမယုံသင်္ကာဖြစ်အောင် မေးပုံပါဘဲ။ နောက်တယောက်ကိုလဲ "သင်တို့အဖေ လယ်ထွန်တော့ နွားနှစ်ကောင်နဲ့တပ်ပြီး ထွန်သလား" လို့ တိုးတိုးတိတ်တိတ် မေးပြန်တယ်၊ ဒီနည်းဖြင့် လျှို့ဝှက်ဖွယ်မဟုတ်တဲ့စကားကို လျှို့ဝှက်ပြီး မေးမြန်းပြောဆိုတယ်။ ဒီတော့ အခြားမင်းသားတွေက အရေးကြီးတဲ့စကားကို တိတ်တဆိတ် လျှို့ဝှက်ပြောတယ်ထင်ပြီး အချင်းချင်းမေးကြတယ်၊ အမေးခံရတဲ့ မင်းသားက အမှန်အတိုင်းပြောပြတဲ့အခါ မေးတဲ့မင်းသားတွေက မယုံကြဘူး၊ "ဘာဟင်းနဲ့စားခဲ့သလဲ၊ နွားနှစ်ကောင်တပ်ပြီး လယ်ထွန်သလား" ဆိုတဲ့ ဒီလိုစကားမျိုးကိုတော့ လျှို့ဝှက်ပြီးပြောနေဘို့မလိုဘူး၊ အရေးကြီးတဲ့ အခြား စကားတခုခု ဖြစ်လိမ့်မယ်၊ အဲဒါကို လျှို့ဝှက်ထားတယ်လို့ ထင်မြင်ပြီး အချင်းချင်း မယုံမကြည် ဖြစ်ကုန်ကြတယ်။ အဲဒီအခါမှာ မင်းသားတယောက်ကိုခေါ်ပြီး "သင်ဟာ ကြောက်တတ်တယ်ဆိုတာ ဟုတ်သလား" လို့ မေးတယ်၊ ဘယ်သူက ပြောသလဲလို့ ပြန်မေးတဲ့အခါ သင့်သူငယ်ချင်း မည်သူက ပြောတယ်လို့ ပုဏ္ဏားကြီးက လိမ်ပြောတယ်။ ဒီတော့ အမေးခံရတဲ့မင်းသားက "ငါ့ကို မဟုတ်မမှန်ဘဲ လုပ်ကြံပြီး ပြောရမလား" လို့ အမျက်ထွက်ပြီး သူ့သူငယ်ချင်းမင်းသားနဲ့ စိတ်ဝမ်းကွဲသွားတယ်။ ဒီပုံဒီနည်းဖြင့် ဝဿကာရပုဏ္ဏားကြီးက ဂုံးတိုက်လိုက်တာဟာ သုံးနှစ်အတွင်းမှာဘဲ လိစ္ဆဝီမင်းတွေ တဦးနှင့်တဦး မျက်နှာချင်းဆိုင် မတွေ့ချင်အောင် အကွဲကြီးကွဲကုန်ပါသတဲ့။

အဲဒီအခါမှာ ဝဿကာရပုဏ္ဏားကြီးက ဝေသာလီပြည်ကိုသိမ်းယူဘို့ရာ အချိန်တန်တဲ့အကြောင်း အဇာတသတ်မင်းထံ လျှို့ဝှက်စာပေးလိုက်တယ်၊ အဇာတသတ်မင်းက စစ်တပ်တွေနဲ့ ဝေသာလီပြည်ကို ချီတက်လာတယ်၊ ဝေသာလီပြည် စစ်ဌာနက ခုခံကာကွယ်ဘို့ရာ စစ်စည်တီးပြီး နှိုးဆော်တယ်၊ လိစ္ဆဝီမင်းတွေက စိတ်ဝမ်းကွဲနေကြတဲ့အတွက် ဘယ်သူမှ မထွက်လာကြဘူး၊ သင်တို့သူရဲကောင်းတွေသာ ထွက်ပြီး တိုက်ကြပေတော့လို့ဆိုပြီး ကိုယ့်အိမ်မှာသာ နေမြဲနေနေကြသတဲ့။ ဒါကြောင့် အဇာတသတ်မင်းမှာ ခုခံမည့်သူမရှိဘဲ အလွယ်တကူနဲ့ ဝေသာလီပြည်ကို သိမ်းပိုက်နိုင်ပါသတဲ့။ အဲဒါဟာ ဘေဒဥပါယ်ဖြင့် ဂုံးတိုက်ပြီး အနိုင်ယူပုံပါဘဲ။ သံဝေဂယူစရာ သတိပြုစရာ အလွန်ကောင်းတဲ့ သာဓကတခုပါဘဲ။

www.dhammaransi.com



ယခုခေတ်မှာလဲ လောကရေး နိုင်ငံရေးဘက်ကလူတွေက ဒီဘေဒဥပါယ်ကို သုံးနေကြတယ်၊ ဝါဒဖြန့်တယ် ဆိုတာတွေထဲမှာ တဖက်သားပုဂ္ဂိုလ်တွေ အပေါ် အကြည်ညိုပျက်အောင် ပြောတာတွေက တော်တော်များများ ပါနေတတ်တယ်၊ သာသနာရေး တရားဘက်မှာတောင် တချို့က ဒီလိုအထိအခိုက် စကားတွေကို ထည့်သွင်းပြီး ပြောတတ်ကြသေးတယ်။ တဦးတယောက်အပေါ်မှာ ဖြစ်စေ၊ အများအပေါ်မှာ ဖြစ်စေ အကြည်ညိုပျက်အောင်, မုန်းတီးအောင် ပြောတဲ့ စကားဆိုယင် ပိသုဏဝါစာတွေချည်းပါဘဲ။ ဒါပေမဲ့ မကြည်ညိုသင့်တဲ့ပုဂ္ဂိုလ်ကို ကြည်ညိုနေလို့ အကျိုးမဲ့ဖြစ်ဖွယ်ရှိတဲ့အတွက် အဆုံးအမ သြဝါဒပေးတဲ့အနေနဲ့ ပြောတာကတော့ ပိသုဏဝါစာလဲ မဖြစ်ပါဘူး၊ အပြစ်လဲ မရှိပါဘူး။

## ပိသုဏဝါစာကို ပယ်ပုံ

အကြည်ညိုပျက်အောင် ကွဲပြားအောင် ပြောတဲ့စကားမျိုးကိုတော့ မပြော မဆိုဘဲ ကြဉ်ရှောင်ရမယ်၊ ကြဉ်ရှောင်ရုံတွင်တောင် မဟုတ်သေးဘူး၊ ကြည်ညို သင့်တဲ့ပုဂ္ဂိုလ်ကို ကြည်ညိုအောင် အကြည်ညိုမပျက်အောင်, ကွဲပြားစပြုနေတဲ့ သူတွေကို မကွဲပြားအောင် ညီညွတ်အောင် ပြောဆိုရမယ်၊ ပုဂ္ဂိုလ်တဦး တယောက်ကို အထင်လွဲပြီး အပြစ်ပြောသံကို ကြားရလျှင် တားမြစ်ရမယ်၊ "ဒီပုဂ္ဂိုလ်က ဒီလိုစကားမျိုးကို မပြောပါဘူး၊ အကျိုးမဲ့ဖြစ်အောင် ပြောတာ မဟုတ်ပါဘူး၊ ကောင်းစေလိုလို့ ပြောတာပါ" စသည်ဖြင့် ဖြောင်းဖြဖြေရှင်းပြီး ပြောရမယ်၊ ဒါကြောင့် မြတ်စွာဘုရားက ပိသုဏဝါစာမှ ကြဉ်ရှောင်ပုံကို ဒီလို ဝေဘန်ပြတော်မူပါတယ်။

ဒီကလူတွေနှင့်ဟိုကလူတွေ ကွဲပြားအောင် ဒီကစကားကို ဟိုသွားမပြောဘူး၊ ဟိုကစကားကိုလဲ ဒီမှာလာပြီး မပြောဘူး၊ ဒီလိုမပြောခြင်းဖြင့် (ဘိန္နာနံ ဝါ သန္ဓာတာ) ကွဲပြားနေတဲ့သူတွေကိုလဲ စေ့စပ်ပေးတတ်တယ်၊ (သဟိတာနံ ဝါ အနုပ္ပဒါတာ)ညီညွတ်နေတဲ့သူတွေကိုလဲ တိုးပြီးညီညွတ်အောင် အားပေးစကား ပြောတတ်တယ်၊ (သမဂ္ဂါရာမော သမဂ္ဂရတော သမဂ္ဂနန္ဒီ) သူများတွေညီညွတ် နေတာကို မြင်ရယင် ပျော်မွေ့တယ်၊ ညီညွတ်နေတာကို နှစ်သက်တယ်၊ (သမဂ္ဂကရဏိံ ဝါစံ ဘာသိတာ ဟောတိ) ဒါကြောင့် သူကညီညွတ်ကြောင်း စကားကိုသာ ပြောတတ်တယ် – လို့ ဝေဘန်ပြတော်မူပါတယ်။

www.dhammaransi.com



ဒါကြောင့် တဦးထံက ပြောမှားဆိုမှားတဲ့ အကျိုးမဲ့စကားကို သက်ဆိုင်တဲ့ အခြားတဦးထံ သွားမပြောရဘူး၊ တဦး၏အပြစ်ကို အခြားတဦးထံ သွားမပြောရဘူး၊ အကျိုးရှိတဲ့စကား ကောင်းတဲ့စကားကိုသာ ပြောရတယ်၊ ခင်ဗျားရဲ့ မိတ်ဆွေက ခင်ဗျားရဲ့ရိုးသားဖြောင့်မတ်ပုံ စိတ်သဘောထားကြီးပုံ လုပ်ရည်ကိုင်ရည်ရှိပုံတွေကို ခဏခဏ ချီးမွမ်းတယ်စသည်ဖြင့် ဒီလိုညီညွတ်ရေးစကားမျိုးကိုသာ ပြောရတယ်။ လူတယောက်က လူတယောက်ရဲ့အပြစ်ကို ပြောသံကြားရယင် "ဟာ ဒီလိုမဟုတ်ပေဘူး၊ အကြားမှားလို့ အပြောမှားလို့ ဖြစ်ပါလိမ့်မယ်၊ ဒီသူက စိတ်သဘောထား အလွန်ကောင်းပါတယ်၊ ဒီလို အကျိုးမဲ့စကားကို မပြောတန်ပါဘူး" စသည်ဖြင့် ဖြေဖျောက်ပြီး ပြောရတယ်၊ အဲဒီလို အပြစ်တင်တဲ့စကားမျိုးကို မထောက်ခံရဘူး၊ အားမပေးရဘူး၊ တတ်နိုင်ယင် ဖြေသာဖြေဖျောက်ပြီး ပြောရတယ်၊ အဲဒီလို ဖြေဖျောက်ပြီးပြောယင် ကွဲမဲ့လူတွေလဲ မကွဲဘဲ ညီညွတ်သွားတတ်တယ်၊ ကွဲနေတဲ့လူတွေတောင် ပြန်ပြီး စေ့စပ်ညီညွတ်သွားတတ်ပါသေးတယ်။ ဒါကြောင့် ဒီသလ္လေခသုတ်မှာ–

ဧတ္ထ၊ ဤသို့ သူတပါးတို့က ဂုံးတိုက်ပြောဆိုကြမည့်နေရာ၌။ မယံ၊ ငါတို့သည်။ ပိသုဏာယ ဝါစာယ၊ ဂုံးတိုက်ပြောဆိုခြင်းမှ။ ပဋိဝိရတာ၊ ကြဉ်ရှောင်ကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏–လို့ ဟောထားပါတယ်။

အဲဒါက သလ္လေခဝါရမှာ ဟောပုံဘဲ။ စိတ္တုပ္ပါဒဝါရကျတော့–ဣတိ စိတ္တံ၊ ဤသို့သောစိတ်ကို။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏–လို့ ဟောတော်မူပါတယ်။ သူများတွေက ဂုံးတိုက်ပြောဆိုကြမည့်နေရာမှာ ငါတို့ကတော့ ဂုံးတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်မယ်လို့ ဒီလိုစိတ်မျိုးကို ဖြစ်စေရမယ်တဲ့။ ပရိက္ကမနဝါရကျတော့–ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ဂုံးတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်မှုသည်။ ပရိက္ကမနာယ ဟောတိ၊ ဂုံးတိုက်ပြောဆိုခြင်းဟူသော လမ်းဆိုးကို ရှောင်လွှဲရန် ဖြစ်ပေသည်–လို့ ဟောထားပါတယ်၊ ဂုံးချောစကား ပြောဆိုခြင်းဆိုတဲ့ လမ်းဆိုးက မသွားချင်ယင် ဂုံးချောစကားမပြောဘဲ ကြဉ်ရှောင်ခြင်းဆိုတဲ့ လမ်းကောင်းနဲ့ ရှောင်လွှဲသွားလိုက်ရုံပါဘဲ-တဲ့၊ ဥပရိဘာဂဝါရကျတော့လဲ

www.dhammaransi.com



ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ဂုံးတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းသည်။ ဥပရိဘာဂါယ ဟောတိ၊ အထက်အဖို့သို့ တက်သွားရန် ဖြစ်ပေသည်-လို့ ဟောထားပါတယ်။ ဂုံးတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်တာဟာ လူ့ဘဝ နတ်ဘဝအဆင့်ဆင့်နဲ့ ဉာဏ်အဆင့်ဆင့် တက်သွားဘို့ ဖြစ်ပါတယ်တဲ့၊ ဒီတော့ အဆင့်အတန်းတက်ချင်ကြယင် ဂုံးတိုက်စကားပြောဆိုခြင်းမှ ကြဉ်ရှောင်ကြရုံပါဘဲ၊ နောက်ဆုံး ပရိနိဗ္ဗာနဝါရကျတော့လဲ ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ဂုံးတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းသည်။ ပရိနိဗ္ဗာနာယ ဟောတိ၊ အချင်းခပ်သိမ်းငြိမ်းရန်အလို့ငှါ ဖြစ်ပေသည်-လို့ ဟောထားပါတယ်၊ ဒါကြောင့် ပိသုဏဝါစာ အကုသိုလ်တရားကို လုံးဝငြိမ်းစေချင်ယင် ဂုံးတိုက်ပြောဆိုခြင်းမှ ကြဉ်ရှောင်သွားရုံပါဘဲ။

ဒီနေရာမှာ ဂုံးဘိုက်ပြောဆိုခြင်းမှ ပကတိ ပင်ကိုသဘောအားဖြင့် ကင်းရှင်းနေတဲ့ပုဂ္ဂိုလ်မျ ားလဲ ရှိပေလိမ့်မယ်၊ သီလဆောက်တည်ပြီး ရိုရိုသေသေ ထိန်းသိမ်း စောင့်ရှောက်နေလို့ ကင်းရှင်းနေတဲ့ ပုဂ္ဂိုလ်များလဲ ရှိပေလိမ့်မယ်၊ အဲဒါကတော့ ပကတိသီလ, ဆောက်တည်ထားတဲ့ သီလဖြင့် ဝီတိက္ကမ ခေါ်တဲ့ နှုတ်ဖြင့် ကျူးလွန်မှု ကိလေသာ ကင်းငြိမ်းနေတာပါဘဲ၊ အဲဒီလို ကင်းငြိမ်းနေတာလဲ အလွန်ကောင်းပါတယ်၊ ဝမ်းသာစရာပါဘဲ၊ အဲဒီလို သီလဖြင့် ကင်းငြိမ်းဘို့ရာကိုလဲ ဒီသလ္လေခသုတ်က ညွှန်ပြပါတယ်၊ ဒါပေမဲ့ အဲဒါလောက်နဲ့တော့ အားရနေဘို့ မဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုလျှင် အဲဒီ သီလဖြင့် ကင်းငြိမ်းတယ်ဆိုတာက ယခု ကင်းငြိမ်းနေပေမဲ့ တော်တော်ကြာယင် ကင်းချင်မှ ကင်းမယ်၊ ယခုဘဝမှာ ကင်းနေပေမယ်လို့ နောက်ဘဝတွေကျတော့ ကင်းချင်မှ ကင်းမယ်၊ မသေချာဘူး မခိုင်မြဲဘူး၊ ဒါကြောင့် အရိယာမဂ်ဖြင့် အမြစ်ပြတ် ကင်းငြိမ်းသွားအောင်ကျင့်ဘို့ လိုပါတယ်၊ အဲဒီလို အရိယာမဂ်ဖြင့် အမြစ်ပြတ် ငြိမ်းသွားတာကို ဝိရတီ သုံးပါးထဲမှာ သမုစ္ဆေဒ ဝိရတီ-လို့ ခေါ်တယ်၊ ဝိရတီ သုံးပါးအကြောင်းကိုတော့ တတိယပိုင်းတုန်းက ပြောခဲ့ပါပြီ၊ အဲဒီ သမုစ္ဆေဒဝိရတီအထိ ပြည့်စုံအောင် အားထုတ်သွားဘို့ရာ ဒီသုတ်မှာ ဝါရငါးပါးဖြင့် ဟောကြားတော်မူပါတယ်၊ ဒါကြောင့် ယခု အဲဒီ ဝါရငါးပါးနှင့် အညီ အဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြစို့။

www.dhammaransi.com



## အစိဋ္ဌာန်ဆောင်ပုဒ်

(၅) သူများတွေက ဂုံးချောစကား ပြောကြမည့်နေရာမှာ ငါတို့ကတော့ ဂုံးချောစကား ကင်းစေမည်၊ ကိလေသာ ပါးစေတဲ့အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ ဂုံးချောစကား ပြောဆိုမှုကို မပြောဆိုမှုနှင့် ရှောင်လွဲမည်၊ ဂုံးချောစကား မပြောဆိုမှုနှင့် အဆင့်အတန်းတက်မည်၊ ဂုံးချောစကားပြောဆိုမှု ကိလေသာမီးကို မပြောဆိုဘဲ ရှောင်ကြဉ်မှုဟူသော ကုသိုလ်ရေစင်ဖြင့် ငြိမ်းသတ်မည်။

အဲဒီ အစိဋ္ဌာန်ဆောင်ပုဒ်အတိုင်း ကျင့်သွားကြဘို့ပါဘဲ၊ အဲဒီလို ကျင့်သွားယင် အင်မတန် အကျိုးများပါတယ်။ ဘယ်လိုလဲဆိုယင်—

## အပြစ်နှင့် အကျိုး

အင်္ဂုတ္တရပါဠိတော် တတိယတွဲ စာမျက်နှာ(၇၈)မှာ ဟောထားတဲ့ စကားတော်နှင့်အညီ ဒီမှာ အကျဉ်းချုံးပြီး ဆောင်ပုဒ်ကလေးစီထားတယ် "ဂုံးချောပါယ်ကျ၊ လူဖြစ်က၊ ကွဲရ မိတ်ဆွေများ"တဲ့။ ဂုံးချောစကားပြောတဲ့သူဟာ အပါယ်လေးပါး ကျရောက်တတ်တယ်၊ အဲဒီ အပါယ်မှလွတ်ပြီး လူ့ဘဝရောက်လာယင်လဲ မိတ်ဆွေသင်္ဂဟတွေ ဆွေမျိုးဉာတိတွေနဲ့ ကွဲပြားတတ်တယ်လို့ ဆိုလိုပါတယ်၊ အဲဒီ မကောင်းကျိုးတွေဟာ ဂုံးချောစကားကို များများကြီးပြောတဲ့သူမှာ များများကြီး (မကောင်းကျိုးနဲ့)တွေ့ရတတ်တယ်၊ သီလ အစရှိတဲ့ ဂုဏ်ရှိတဲ့သူတွေကို ကွဲပြားအောင်ပြောယင် မကောင်းကျိုးတွေနဲ့ များများကြီး တွေ့ရတတ်တယ်၊ ဂုံးချောစကားမှ ရှောင်ကြဉ်ခြင်းရဲ့ အကျိုးကိုတော့ ယခုပြောခဲ့တဲ့ အပြစ်တွေမှ ပြောင်းပြန်လှန်ပြီး ယူရုံပါဘဲ၊ ဂုံးချောစကားကို မပြောဘဲ ကြဉ်ရှောင်တဲ့သူဟာ နောက်ဘဝများမှာ နတ်ရွာသုဂတိရောက်ပြီး နတ်စည်းစိမ်ချမ်းသာတွေကို ခံစားရတယ်၊ လူ့ဘဝပြန်ရောက်လာယင်လဲ မိတ်ဆွေသင်္ဂဟ ဆွေမျိုးဉာတိတွေနဲ့ ကွဲပြားခြင်းမရှိဘဲ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ ချမ်းသာစွာနေရတယ်လို့ ယူရုံပါဘဲ။ ကဲအဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ဂုံးချောပါယ်ကျ၊ လူဖြစ်က၊ ကွဲရ မိတ်ဆွေများ။ (ဆို)

www.dhammaransi.com



ဂုံးချော စကား ပြောမိတဲ့အတွက် အပါယ်ကျပြီးတော့ လူဖြစ်လာတဲ့အခါ မှာလဲ မိတ်ဆွေသင်္ဂဟ အပေါင်းအဖော်တွေနဲ့ ကွဲရတယ်ဆိုတဲ့ မကောင်း ကျိုးပေးပုံကို ထင်ရှားပေါ်အောင် သာဓကဝတ္ထုကလေးတခုကို အကျဉ်းချုံးပြီး ပြောရဦးမယ်၊ ဒီဝတ္ထုက အမျိုးသားတွေနဲ့လဲ ဆိုင်တယ်၊ အမျိုးသမီးတွေနဲ့လဲ ဆိုင်တယ်၊ ဝတ္ထုတပုဒ်တည်းနဲ့ နှစ်ဖက်လုံးအတွက် ပြပြီးဖြစ်သွားမယ်၊ မှတ်သား စရာ အင်မတန်ကောင်းတယ်။

## ဗ္ဗလသိဒါသီထေရီဝတ္ထု

မြတ်စွာဘုရား၏ လက်ထက်တော်ကာလကရော, မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့နောက် နှစ်ပေါင်းတထောင်နီးပါး ကာလအတွင်းကရော ဘိက္ခုဆိုတဲ့ အမျိုးသားရဟန်းများလို ဘိက္ခုနီဆိုတဲ့ အမျိုးသမီးရဟန်းမတွေလဲ ရှိခဲ့တယ်၊ ယခုပြောရမည့် ဗ္ဗလသိဒါသီဝတ္ထုကတော့ ပါဋလိပုတ်မြို့မှာလို့ ဖော်ပြထားတဲ့ အတွက် ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့ နောက်ကာလမှာ ဖြစ်တယ်လို့ သိရပါတယ်၊ ဘာကြောင့်လဲဆိုယင် ပါဋလိပုတ်မြို့ဆိုတာဟာ ဘုရားပရိနိဗ္ဗာန်စံခါနီးမှ တည် ထောင်ပြီး ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့ နောက်ကာလကျမှ ထင်ရှားတဲ့ မြို့ဖြစ်တဲ့ အတွက်ကြောင့်ပါဘဲ၊ ဒါပေမဲ့ ဒီဝတ္ထုက သံဂါယနာတင်ပါဠိတော်ထဲမှာ ပါဝင် နေတဲ့အတွက် ဒုတိယသံဂါယနာ မတင်မီက ဖြစ်ပေါ်ခဲ့ဟန် ရှိပါတယ်၊ ဒါကြောင့် ဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် အနှစ်တရာအတွင်းက ဖြစ်ခဲ့တယ်လို့ ယူသင့် ပါတယ်။

ဒီဝတ္ထုမှာ အခြေခံအနုသန္ဓေက ၅-ဂါထာ၊ ဗ္ဗလသိဒါသီထေရီက ပြန်ပြော တာက ၄၂-ဂါထာ၊ အားလုံးပေါင်း ၄၇-ဂါထာရှိပါတယ်။ သာမန်ဝတ္ထုကြောင်း ကိုတော့ ပါဠိမရွတ်ပဲ မြန်မာသက်သက်နဲ့ လိုရင်းကိုသာ ပြောသွားမယ်၊ အထူး မှတ်ဖွယ်ကောင်းတဲ့ အရေးကြီးတဲ့ စကားအချို့ကိုတော့ သူ့ပါဠိရင်းပါရွတ်ပြီး ပြောသွားမယ်။

တနေ့သောအခါမှာ ဗ္ဗလသိဒါသီဆိုတဲ့ ထေရီမနှင့် ဗောဓိထေရီဆိုတဲ့ ထေရီမတို့ ဟာ ပါဋလိပုတ်မြို့အနီးက ဂင်္ဂါမြစ်ထဲရှိ ဖြူစင်သန့်ရှင်းတဲ့ သဲသောင်ပြင်ပေါ်မှာ ခေတ္တထိုင်နေကြတယ်၊ နှစ်ပါးလုံး အာသဝေါကုန်ခန်းပြီး ရဟန္တာမချည်းပါဘဲ၊ အဲဒီမှာ အေးချမ်းသာယာတဲ့ လေကိုလဲ ရှူရှိုက်ရင်း တသွင်သွင်နဲ့ စီးသွားနေတဲ့

www.dhammaransi.com



ကြည်လင်အေးမြတဲ့ ဂင်္ဂါမြစ်ရေကိုလဲ ကြည့်ရှုရင်း တရားကိုလဲနှလုံးသွင်းလျက် ခေတ္တထိုင်နေကြဟန်ရှိပါတယ်၊ အဲဒီလို ထိုင်နေရင်း ဗောဓိထေရီက ဣသိဒါသီထေရီကို ကြည့်လိုက်တဲ့အခါ ရုပ်ရေကလဲ အင်မတန်လှပပြီး အသက်အရွယ် နုနယ်နေတာကို မြင်ရတော့ ဒီလိုအခြေအနေနဲ့ ဒီလိုအရွယ်မှာ ရဟန်းပြုလာတာဟာ ထူးတဲ့အကြောင်းတော့ ရှိလိမ့်မယ်လို့ တွေးတောပြီးတော့ ဒီလို မေးမြန်းလိုက်ပါတယ်။

ပါသာဒိကာသိ အယျေ၊ ဣသိဒါသိ ဝယောပိ တေ အပရိဟီနော။
ကိံ ဒိသွာန ဗျာလိကံ၊ အထာသိ နေက္ခမ္မ မနုယုတ္တာ။

အယျေ ဣသိဒါသိ၊ ရှင်မ ဣသိဒါသီရေ။ တွံ၊ သင်သည်။ ပါသာဒိကာ၊ ရုပ်ရေအဆင်း လှပခြင်းကြောင့် ရှုခင်းသပ္ပါယ် အလွန်တင့်တယ်၍ ကြည်ညိုဘွယ် ရှိသည်။ အသိ၊ ဖြစ်ပါပေ၏။ တေ၊ သင်၏။ ဝယောပိ၊ အရွယ်သည်လည်း။ နပရိဟီနော၊ မဆုတ်ယုတ်သေးဘဲ ပျိုမြဲပျိုနုလျက် ရှိပါသေး၏။ အထ၊ ထိုသို့ ပျိုမျစ်နုနယ် တင့်တယ်လှပသူ ဖြစ်ပါလျက်။ ကိံ ဗျာလိကံ၊ လူ့ဘောင် လောက၌ အဘယ်သို့သော အဆင်မပြေသည့် အပြစ်ဒေါသကို။ ဒိသွာန၊ ရှောင်တိမ်းမရ တွေ့မြင်ရသောကြောင့်။ နေက္ခမ္မံ၊ ရဟန်းပြုခြင်း ရဟန်းတရားကို။ အနုယုတ္တာ၊ အားထုတ်နေသည်။ အသိ၊ ဖြစ်ပါသနည်း–လို့ မေးလိုက်ပါတယ်။

သူ့အမေးက ရှင်းလင်းပြတ်သားပါတယ်၊ လောကမှာ ရုပ်ရေအဆင်းကလဲ ပြည့်စုံနေတယ်၊ အသက်အရွယ်ကလဲ ပျိုနုနေတယ်ဆိုယင် လူ့ဘောင်မှာဘဲ ကာမဂုဏ်အာရုံတွေနဲ့ ပျော်မွေ့နေကြစမြဲဘဲ၊ ကျောင်းကန်ဘုရားဆိကို မျက်နှာလှည့်ခဲပါတယ်၊ လာရောက်ခဲပါတယ်၊ သက်န်းဝတ်ဖို့ ရဟန်းပြုဘို့ဆိုတာကတော့ သာပြီး ခဲယဉ်းတာဘဲ။ ဒါကြောင့် ဗောဓိထေရီက ဣသိဒါသီကို ကြည့်ပြီးတော့ "ရှင်မ ဣသိဒါသီရေ၊ သင့်မှာ ရုပ်ရေအဆင်းကလဲ အလွန်လှပတင့်တယ်ပြီး ရှုချင်ဘွယ် ကြည်ညိုဘွယ်ကောင်းလိုက်တာကွယ်၊ အရွယ်ကလဲ ပျိုပျိုရွယ်ရွယ် အငယ်ကလေးရှိသေးတာဘဲ၊ ဒီလို ရုပ်ရေအဆင်းနဲ့ ဒီလို အရွယ်ဆိုတော့ လူ့ဘောင်လောကမှာ ပျော်မွေ့နေစရာဘဲကွဲ၊ သို့ဖြစ်ပါလျက် သင် ရဟန်းပြုလာ

www.dhammaransi.com



တာဟာ အဆင်မပြေတဲ့အကြောင်းတော့ ရှိရမယ်၊ ဘယ်လိုအပြစ်ဒေါသကို တွေ့မြင်ရလို့ ရဟန်းပြုလာပါသလဲ–လို့ မေးလိုတာပါဘဲ။

ဒီတော့ ဣသိဒါသီထေရီမက သူ့အကြောင်းမှန်ကို "အရှင်မ ဗောဓိထေရီ ဘုရား၊ တပည့်တော်မဟာ ဥဇ္ဇေနီပြည်မှာ သီတင်းသီလနှင့် ပြည့်စုံတဲ့ သေဌေး ကြီး၏ တဦးတည်းသောသမီး ဖြစ်ပါတယ်၊ မိဘနှစ်ပါးတို့က အလွန်ချစ်မြတ် နိုးတဲ့သမီး ဖြစ်ပါတယ်"စသည်ဖြင့် ဖြေကြားပါတယ်။

အဲဒီမှာ ဥဇ္ဇေနီပြည်ဆိုတာ အိန္ဒိယပြည် အလယ်ပိုင်းအနောက်ပိုင်းမှာ ရှိပါတယ်၊ ဘိုပေါ်နယ်ထဲကပေါ့၊ မြေပုံထဲမှာ ဥဂျိန်းလို့ ဖော်ပြထားတယ်၊ သီဟိုဠ်သာသနာပြု အရှင်မဟိန္ဒ၏ မယ်တော်ဒေဝီရပ်ပါဘဲ၊ ယခုအခါ ဆန်ချီလို့ ထင်ရှားတဲ့ စေတီတော်နဲ့လဲ သိပ်မဝေးလှဘူး၊ အဲဒီဥဇ္ဇေနီပြည်က သီတင်း သီလနဲ့ ပြည့်စုံတဲ့ သေဌေးကြီး၏ တဦးတည်းသောသမီး ဖြစ်ပါတယ်တဲ့၊ တဦးတည်းသောသမီးဆိုတော့ မိဘတွေက အလွန်အလေးအမြတ်ပြုကြ ယုယုယယနဲ့ ချစ်ခင်ကြဘာပေါ့။ အဲဒီလို ယုယုယယနဲ့ မွေးမြူပြုစုလို့ အရွယ် ရောက်လာတဲ့အခါကျတော့ အိန္ဒိယပြည် အလယ်ပိုင်းမြောက်ပိုင်းမှာရှိတဲ့ သာကေတမြို့က ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝတဲ့ သေဌေးကြီးက သူ့သားနဲ့ထိမ်းမြား လက်ထပ်ဖို့ တောင်းရမ်းလာတယ်၊ ဥဇ္ဇေနီနဲ့ သာကေတမြို့ဟာ တော်တော် ဝေးပါတယ်၊ ရန်ကုန်နဲ့ မန္တလေးလောက်တောင် မကပါဘူး၊ ရှေးတုန်းက လှည်းနဲ့ မြင်းရထားနဲ့ သွားရတာဟာ ၂-လ ၃-လလောက် ကြာကောင်းကြာပါ လိမ့်မယ်။

အဲဒီလို လာရောက်တောင်းရမ်းတဲ့အခါ အမျိုးဂုဏ်သိရ် စည်းစိမ်ဥစ္စာချင်း တူညီတဲ့အတွက် ဣသိဒါသီကို သူ့မိဘများက သာကေတသေဌေးသားနဲ့ ထိမ်းမြားလက်ထပ်ပေးလိုက်ပါတယ်။ ထိမ်းမြားလက်ထပ်ပြီးတယ်ဆိုယင် မင်္ဂလာ ဆောင်သတို့သမီးဟာ အိန္ဒိယထုံးစံအရ မင်္ဂလာဆောင်သတို့သား၏ မိဘအိမ်ကို လိုက်ပြီး နေရတယ်၊ ဒါကြောင့် ဣသိဒါသီဟာ သာကေတမြို့ ယောက္ခမမိဘ အိမ်ကို လိုက်သွားရတယ်။ အဲဒီရောက်တော့ ဣသိဒါသီဟာ မိဘများ၏အဆုံး အမကို ရထားတဲ့ မိကောင်းဖခင်သမီးဖြစ်တဲ့အတိုင်း ယောက္ခမများကိုလဲ မိဘများလိုပင် အရိုအသေပြုပါတယ်၊ ယောက္ခမမိဘများကို ညနေတကြိမ်

www.dhammaransi.com



နံနက်တကြိမ် နေ့စဉ်ရှိခိုးပါတယ်တဲ့၊ ဒါကြောင့် "သဿုယာ စ၊ ယောက္ခမ မိခင်၏ရင်း။ သသုရဿ စ၊ ယောက္ခမဘခင်၏ရင်း။ ပါဒေ၊ ခြေတို့ကို။ သာယံ၊ ညနေချမ်း၌ရင်း။ ပါတံ၊ နံနက်ခင်း၌ရင်း။ ဥပဂမ္မ၊ ချဉ်းကပ်၍။ သိရသာ၊ ဦးခေါင်းဖြင့်။ ပဏာမံ ကရောမိ၊ ရှိခိုးခြင်းကို ပြုပါတယ်–လို့ ပြဆိုထားပါတယ်။ အဲဒီလို ရှိခိုးတာကလဲ မိဘများသင်ကြားဆုံးမထားတဲ့အတိုင်း ရှိခိုးခြင်း ဖြစ်ပါတယ်တဲ့။ ဒါကြောင့် ယထာမှိ အနုသိဋ္ဌာ၊ မိဘများက သင်ကြားဆုံးမထားသည့်အတိုင်း။ ဝန္ဒာမိ၊ ရှိခိုးပါတယ်–လို့လဲ ပြဆိုထားပါသေးတယ်။

အိန္ဒိယမှာ မိဘတွေ ယောက္ခမတွေ အရွယ်ကြီးသူတွေကို ရှိခိုးတယ်ဆိုတာဟာ ပြုရိုးပြုစဉ်ဘဲ၊ သူတို့မှာ ပြုနေကျမို့ ဘာမျှ မထူးဆန်းပါဘူး။ ဘုန်းကြီးတို့ သံဃာယနာကိစ္စနဲ့ အိန္ဒိယမှ သီဟိုဠ်သို့ သွားစဉ်က မဒရပ်မြို့ ရောက်တော့ ကုလားသေဌေးကြီး တဦးအိမ်ကို အကြောင်းအားလျော်စွာ ရောက်သွားတယ်၊ အိမ်ရှင်ကုလားသေဌေးကြီးက အပြင်ထွက်သွားနေခိုက် ဖြစ်လို့ ခေတ္တစောင့်နေကြရတယ်၊ ၁၅-မိနစ်လောက်ကြာတော့ အဲဒီအိမ်ရှင် သေဌေးကြီးက ပြန်ရောက်လာတယ်၊ အဲဒီအခါမှာ အိမ်ရှင်မနှင့်တကွ အိမ်သူအိမ်သားအားလုံးက အဲဒီအိမ်ရှင်သေဌေးကြီးကို လက်အုပ်ချီပြီး အရိုအသေပြုကြရှိခိုးကြတယ်၊ သူတို့ထုံးစံအတိုင်း နှုတ်ဆက်တဲ့သဘောပါဘဲ။ သူတို့ဆီမှာ လူကြီးအချင်းချင်း နှုတ်ဆက်တဲ့အခါလဲ ဒီလိုဘဲ လက်အုပ်ချီပြီး နှုတ်ဆက်လေ့ရှိကြတယ်။ ဗမာပြည်မှာတော့ ဒီလိုဓလေ့ထုံးစံက မရှိတော့ လူကြီးမိဘများကို လက်အုပ်ချီပြီး ရှိခိုးဘို့ရာ ဝန်လေးနေကြတယ်၊ ဘုရားဆင်းတုတော် စေတီတော်တို့ ရဟန်းသံဃာတို့လောက်ပဲ လက်အုပ်ချီရှိခိုးဘို့ လွယ်ကူတတ်ကြတယ်၊ နတ်ကိုးကွယ်တဲ့သူတွေမှာတော့ နတ်ကိုလဲ ရှိခိုးဘို့ရာ လွယ်ကူပါရဲ့၊ လူလူချင်းတော့ လက်အုပ်ချီပြီး အရိုအသေပြုဘို့ရာ ခဲယဉ်းနေကြတယ်၊ အဲဒါဟာ ငယ်ငယ်က အလေ့အထ မလုပ်ခဲ့လို့ပါဘဲ။ တချို့က မိဘကိုတောင် ရှိခိုးရမှန်း မသိကြဘူး၊ သီတင်းကျွတ်လ အသက်ကြီးသူတွေကို ကန်တော့တဲ့အခါမှာဖြင့် ရှိခိုးရမှန်းသိကြသေးရဲ့။ တတ်သိလိမ္မာတဲ့ အချို့မိဘများက သားသမီးများကို ငယ်ငယ်ကတည်းက မိဘများလူကြီးများကို ရှိခိုးဘို့သင်ပေးထားတယ်၊ အဲဒီလို လူကလေးတွေကတော့ မိဘများ လူကြီးများကို ရှိခိုးဘို့ရာ ဝန်မလေးကြဘူး၊

www.dhammaransi.com



အင်မတန်ကောင်းတဲ့ ယဉ်ကျေးမှုတရပ်ပါဘဲ၊ မိဘတိုင်း မိဘတိုင်းက သားသမီး ကလေးသူငယ်များကို လူကြီးမိဘများ ရှိသေတတ်အောင် သင်ကြားပေးထား သင့်ပါတယ်။ ဣသိဒါသီမှာတော့ ငယ်ငယ်ကတည်းက မိဘများ၏ အဆုံးအမကို ရလာလို့ ယောက္ခမမိဘများကို လက်အုပ်ချီပြီး ရှိခိုးတယ်၊ အရိုအသေပြုတယ်။

နောက်ပြီးတော့ သူ့ခင်ပွန်းရဲ့ ညီတွေ ညီမတွေ အရွယ်တူတွေကိုလဲ သူ့ထံ ရောက်လာယင် နေရာဖယ်ပေးတယ်၊ စားဖွယ်သောက်ဖွယ်စသည် ပေးသင့် သမျှကိုလဲ ပေးကမ်းတယ်၊ စပ်ဆိုင်ရာတွေကို ဒီလိုယဉ်ယဉ်ကျေးကျေး ဆက် ဆံပါတယ်။ သူ့ခင်ပွန်းထံ သွားချိန်တန်ယင် လက်ခြေများကို သန့်သန့်ပြန့်ပြန့် ဆေးကြောသုတ်သင်ပြီး လက်အုပ်ကလေးချီလို့ ရိုရိုသေသေနဲ့ သူ့ခင်ပွန်းထံ ချဉ်းကပ်တယ်၊ သူ့ခင်ပွန်းကို ခေါင်းဖီးပေးတယ်၊ ကြည့်မှန်ကို ယူပေးပြီး ကုလားထုံးစံအတိုင်း မျက်စိကိုလဲ မျက်စဉ်းညိုနဲ့ ကွင်းပေးတယ်၊ အစေခံ ကျွန်မလိုဘဲ သူ့ခင်ပွန်းကို အဝတ်အဆင် တန်ဆာများနဲ့လဲ ပြင်ဆင်ပေးတယ်၊ ထမင်းဟင်း စားသောက်ဖွယ်ဆိုယင်လဲ သေဌေးသမီးဖြစ်ပေမဲ့ အိမ်ဖော်တွေ အခြားသူတွေကို မျက်နှာလွှဲမခိုင်းဘူး၊ သူကိုယ်တိုင်ဘဲ ချက်ပြုတ်ပြုပြင်ပြီး ကျွေးမွေးပါတယ် တဲ့၊ သူ့ခင်ပွန်းစားတဲ့ ဟင်းကန်ခွက်ယောက်များကိုလဲ သူကိုယ်တိုင်ဘဲ ဆေးကြောတယ်၊ ကုန်ကုန်ပြောရမယ်ဆိုယင် တဦးတည်းသော သားကလေးကို မိခင်က ပြုစုသလိုဘဲ သူ့ခင်ပွန်းကို ယုယုယယပြုစုလုပ်ကျွေး ပါတယ်တဲ့။ ဣသိဒါသီ လင့်ဝတ္တရား ကျေပြွန်ပုံကတော့ အမျိုးသားတွေဘက်က အလွန်ဘဲ အားရစရာ ကျေနပ်စရာကောင်းပါပေတယ်။

ဝတ်တရား ကျေပြွန်ရုံမကဘဲ ဒီလိုကျိုးကျိုးနွံနွံ ရိုရိုသေသေ ပြုစုလုပ်ကျွေး နေပေမဲ့ ကံမကောင်း အကြောင်းမသင့်ချင်တော့ တလလောက်ကြာတဲ့အခါ သူ့ခင်ပွန်းက သူ့အပေါ်မှာ အကြီးအကျယ်မုန်းတီးပြီး မေတ္တာတွေ ပျက်သွား တယ်။ ဒါကြောင့် သူ့ခင်ပွန်းသေဌေးသားက သူ့မိဘများကို ဒီလိုပြောတယ်၊ အမေတို့ အဖေတို့ ကျွန်တော်ဟာ ဣသိဒါသီနှင့် အတူမနေနိုင်တော့ဘူး၊ ဒီအိမ်မှာ ဣသိဒါသီရှိနေမယ်ဆိုယင် ယခုကျွန်တော် ပန်ကြားပါတယ်၊ကျွန်တော် ဒီအိမ်က ထွက်ခွါသွားပါတော့မယ်လို့ ပြောတယ်။

www.dhammaransi.com



ဒီတော့ သူ့မိဘများက “ ချစ်သားရယ်၊ ဒီလိုမပြောပါနဲ့ကွယ်၊ ဣသိဒါသီဟာ လိမ္မာတယ်ကွဲ့၊ တတ်သိနားလယ်တယ်၊ ထကြွလုံ့လ ရှိတယ်၊ သူ့ဝတ်တရား တွေကို မပျင်းမရိ ကျေကုံအောင် ရွက်ဆောင်တတ်တယ်ကွဲ့၊ ချစ်သားရယ် သင့်မှာ ဘာများမကြိုက်လို့လဲကွယ်၊ မကျေနပ်စရာတော့ မရှိပါဘူး” စသည်ဖြင့် ချော့မော့နားချပြီး ပြောကြတယ်။

ကျွန်တော့ကိုတော့ သူက ဘာမှ နှိပ်စက်ခြင်းမရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော် က ဣသိဒါသီနဲ့ အတူမနေချင်တာပါဘဲ၊ မချစ်နိုင်ဘဲ သက်သက်မုန်းနေတာ ပါဘဲ၊ သူ့ကိုတော့ အလိုမရှိတော့ပါဘူး။ အကယ်၍ အမေအဖေတို့က ဣသိဒါသီ နှင့်အတူနေရမယ်ဆိုလို့ရှိယင်တော့ ကျွန်တော်ဟာ မပန်ကြားဘဲနဲ့ ဒီအိမ်က ထွက်သွားရပါလိမ့်မယ်လို့ သေဋ္ဌေးသားက သူ့မိဘများကို အကြပ်ကိုင်ပြီး ပြောတယ်။

ဒီတော့ သေဋ္ဌေးကြီးနဲ့ သေဋ္ဌေးကတော်ကြီးများက ဣသိဒါသီကို မေးမြန်း ကြတယ်၊ ချစ်သမီး ဣသိဒါသီရေ၊ မင်းတို့ဇနီးမောင်နှံ ဘယ်လိုများဖြစ်ကြ တာလဲကွယ်၊ သမီးက ငါ့သားကို ဘယ်လိုများပြောဆို ပြစ်မှားမိသလဲ ကွယ်၊ စိုးရိမ်ကြောက်ရွံ့ခြင်းမရှိဘဲ ပွင့်ပွင့်လင်းလင်းသာ ပြောပါကွယ်-လို့ မေးကြတယ်။

ကျမကဖြင့် သူ့ကို ဘာမျှ မပြစ်မှား မပြောဆိုမိပါဘူး၊ ညှဉ်းဆဲမိတာလဲ မရှိ ပါဘူး၊ နားမချမ်းသာစရာ စကားဆိုးကိုလဲ မပြောဘူးပါဘူး၊ ချစ်ချစ်ခင်ခင် ရိုရိုသေသေနဲ့ဘဲ ပြုစုနေပါတယ်၊ ဒီအထဲက ကျမကို သူက မုန်းတီးတာကိုတော့ ကျမလဲ ဘယ်လိုမှ မပြုပြင်နိုင်တော့ပါဘူးလို့ ဣသိဒါသီက ဝမ်းနည်းကာ မျက်နှာ မကြည်မသာနဲ့ ပြောရှာတယ်။

ဒီလို ချွေးမဘက်က အပြစ်မရှိပေမဲ့ လူတွေဆိုတာ ကိုယ့်သားမှ သားလို့ ထင်ကြတာ၊ ဒါကြောင့် ငါတို့၏သား တခြားကို ထွက်သွားယင် ခက်ရချေရဲ့ လို့ တွေးတောပြီးတော့ ဣသိဒါသီကို သူ့မိဘအိမ် ပြန်ပို့လိုက်ကြတယ်၊ ပြန်ပို့တဲ့ အခါမှာ သားဖြစ်သူကို ငဲ့လို့သာ ပြန်ပို့ရတယ်၊ သူတို့ရဲ့ချွေးမကလေးကိုတော့ အင်မတန် နှမြောကြပါတယ်၊ အင်မတန် နှလုံးမသာခြင်း စိတ်ဆင်းရဲခြင်း ဖြစ်နေရှာကြပါတယ်။ ဒါကြောင့် (ဇိတာမှသေ ရူပိနိံ လက္ခိံ) မယံ၊ ငါတို့ သည်။ ရူပိနိံ၊ ရုပ်ရည်အဆင်း လှပခြင်းအင်္ဂါ တင့်တယ်သောလက္ခဏာနှင့်

www.dhammaransi.com



ပြည့်စုံသော။ လက္ခိံ၊ သိရီနတ်သမီးပမာ ကျက်သရေရှိလှစွာသော ချွေးမကလေးကို။ ဇိတာ၊ ဆုံးရှုံးကြရကုန်သည်။ အမှသော၊ ကံအကြောင်းမသင့်လှ၍ ဖြစ်ကြရချေသည်တကား-လို့ နှုတ်က တတွတ်တွတ်နဲ့ ရွတ်ဆိုညည်းညူပြီး သူ့မိဘများထံ ပြန်အပ်ကြပါသတဲ့။

အဲဒီမှာ ဣသိဒါသီကို ဘာမှအပြစ်မရှိပါဘဲနဲ့ သေဌေးသားက မချစ်နိုင်ဘူး မုန်းတယ်ဆိုတာဟာ ဣသိဒါသီရဲ့ ရှေးကပြုခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံကြောင့် ဖြစ်ကြောင်း နောက်ပိုင်းကျတော့ ဖော်ပြထားပါတယ်၊ ဒါပေမဲ့ သူ့အပြစ် ချည်းလဲ မဟုတ်ပေဘူး၊ အဲဒီသေဌေးသားမှာလဲ ဒီလိုအမျိုးသမီးကောင်း မိန်းမမြတ်နှင့် အတူနေထိုက်တဲ့ကံက မရှိတဲ့အတွက်ကြောင့်လို့လဲ ဆိုသင့်ပါတယ်၊ နောက်နားကျမှ သာဓကနှင့်တကွ ရှင်းပြပါမယ်။

အဲဒီတော့ ဣသိဒါသီရဲ့ ဘခင်သေဌေးကြီးက ရုပ်ရည်အလိမ္မာ အစစအရာရာနှင့် ပြည့်စုံနေတဲ့ ငါ့သမီးကို သူတို့က ပြန်ပို့ကြတယ်၊ ရှိပါစေတော့ ငါ့သမီးမှာ လင်ကောင်းတယောက်တော့ ရရှိနိုင်ပါတယ်လို့ ကြံစည်ပြီးတော့ ပစ္စည်းဥစ္စာ အတော်အတန်ကြွယ်ဝတဲ့ ဒုတိယတန်းသေဌေးတဦး၏သားနဲ့ လက်ထပ်ထိမ်းမြားပေးပြန်တယ်။ အဲဒီမှာလဲ ဣသိဒါသီက သေဌေးသားကို အိမ်ဦးနတ်ပမာ ရိုရိုသေသေ ပြုစုလုပ်ကျွေးနေပါတယ်၊ ဒါပေမဲ့ အဲဒီသေဌေးသားကလဲ တလလောက်ကြာတော့ ဣသိဒါသီနဲ့ အတူမနေနိုင်တော့ဘူး-လို့ ဆိုပြန်ပါတယ်။ ဒါကြောင့် အဲဒီသေဌေးကလဲ ဣသိဒါသီကို သူ့မိဘအိမ် ပြန်ပို့ပြန်တယ်။

ဒီတော့ ဣသိဒါသီရဲ့ ဘခင်သေဌေးကြီးက စဉ်းစားဆင်ခြင်ကြည့်တယ်၊ အလိမ္မာရော ရုပ်ရည်ရော အဖက်ဖက်က ပြည့်စုံနေတဲ့ ငါ့သမီးကို သူတို့ပြန်ပို့ကြတာဟာ ပစ္စည်းရှင်တွေဖြစ်တဲ့အတွက် ပစ္စည်းမာန်တက်ပြီး ပြန်ပို့ကြတာ ဖြစ်မှာဘဲ၊ပစ္စည်းမဲ့ ရုပ်ရည်သင့်တော်တဲ့ လူရွယ်တယောက်နဲ့ဆိုယင်တော့ မြဲလောက်စရာရှိတယ်လို့ ဆင်ခြင်ပြီးတော့ သင့်တော်မည့်သူကို ကြည့်ရှုနေတယ်၊အဲဒီအခါမှာ ခွက်လက်စွဲပြီး တောင်းစားနေတဲ့ အရွယ်ကောင်းရုပ်ရည်သင့်တော်တဲ့ သူတောင်းစားတယောက်က သူ့အိမ်ရောက်လာတယ်၊ ဒီတော့ သေဌေးကြီးက အဲဒီ သူတောင်းစားကိုခေါ်ပြီး အဝတ်တွေကိုလဲ လဲလှယ်ပေးတယ်၊ သူတောင်းစားရဲ့ ခွက်ကိုလဲ ယူပြီး သူ့အိမ်မှာဘဲ သားသမက်အဖြစ်ဖြင့် ချမ်းသာစွာ နေဘို့လဲ

www.dhammaransi.com



ပြောပြီး သူ့သမီးနှင့် လက်ဆက်ပေးတယ်။ အဲဒီသူတောင်းစားကလဲ ၁၅ ရက် လောက်ကြာတော့ စိတ်ပြောင်းလာတယ်၊ ဒါကြောင့် သူက "အရှင်သေဌေး ကြီး၊ ကျွန်တော်ရဲ့ အဝတ်ဟောင်းနဲ့ ခွက်ကို ပြန်ပေးပါ၊ ရှေးကလိုဘဲ တဖန် လှည့်လည်တောင်းစားပါတော့မယ်"လို့ သေဌေးကြီးကို ပြောတယ်။

ဒီတော့ ဇလသိဒါသီရဲ့ မိဘဆွေမျိုးတွေက "လူကလေး၊ မင့်မှာ ဘာများ အလိုမပြည့်တာ ရှိသလဲ ပြောပါကွယ်၊ အားမနာပါနဲ့ ငါတို့က ပြုပြင် ဆောင်ရွက်ပေးပါမယ်၊ တခြားကိုတော့ မသွားပါနဲ့" လို့ ဝိုင်းပြီး တောင်းပန် ပြောဆိုကြတယ်။ "ဘာမှ လိုတာမရှိပါဘူး၊ ကျွန်တော့်ကိုယ်ဟာ တောင်းစား နိုင်အောင် သန်စွမ်းပါတယ်၊ ဇလသိဒါသီနဲ့တော့ တအိမ်တည်း အတူမနေနိုင် တော့ပါဘူး၊ ကျွန်တော်ကို သွားခွင့်ပြုကြပါ"လို့ ပြောဆိုပြီး အဲဒီ သူတောင်း စားကလဲ ဇလသိဒါသီကို စွန့်ပစ်သွားသတဲ့၊ ကံအကျိုးပေးပုံများ သိပ်အံ့သြစရာ ကောင်းတာဘဲ။ ဒါပေမဲ့ ဒီသူတောင်းစားက သေဌေးအိမ်မှာ သားသမက် အဖြစ်နဲ့ ချမ်းချမ်းသာသာ မနေနိုင်တာကတော့ အဲဒီသူတောင်းစားမှာလဲ အဲဒီလိုနေထိုက်တဲ့ ကုသိုလ်ကံ မပြည့်စုံလို့လဲ ဖြစ်နိုင်ပါတယ်၊ ဘယ်လိုလဲဆိုယင် မဟောသဓာဇာတ်ထဲက ဥဒ္ဒုမ္ဗရဒေဝီကို စွန့်ပြေးတဲ့ လူလိုပေါ့။

## ဥဒ္ဒုမ္ဗရဒေဝီအကြောင်း

ဝိဒေဟတိုင်းပြည် မိထိလာမြို့က ပိင်္ဂုတ္တရဆိုတဲ့ လူငယ်တယောက်ဟာ တက္ကသိုလ်မြို့သွားပြီး ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်နေတယ်၊ သူက ဉာဏ်ကောင်းတဲ့အတွက် ပညာကို မကြာခင်ဘဲ သင်ယူတတ်မြောက်သွားတဲ့ အတွက် မိမိနေရပ်ပြန်ဘို့ရာ ဆရာကြီးကို ပန်ကြားတယ်၊ အဲဒီဆရာကြီးရဲ့ အမျိုးဓလေ့က ဒီလိုရှိပါတယ်၊ အရွယ်ရောက်နေတဲ့ သမီးရှိယင် တပည့်ကြီးနဲ့ လက်ထပ်ပေးရတဲ့ ဓလေ့ပါဘဲ၊ ဆရာကြီးမှာလဲ အဲဒီအခါက အရွယ်ရောက် နေတဲ့ သမီးတယောက်ရှိနေတယ်၊ (ဒေဝစ္ဆရာပဋိဘာဂါ) နတ်သမီးတမျှ လှပ တယ်လို့ ဆိုပါတယ်၊ ဒါကြောင့် အဲဒီသမီးကို ဆရာကြီးက တပည့်ကြီးဖြစ်သူ ပိင်္ဂုတ္တရနှင့် လက်ထပ်ပေးလိုက်ပါတယ်၊ ဒါပေမဲ့ ပိင်္ဂုတ္တရလုလင်က ဘုန်းကံ နည်းတဲ့သူဖြစ်ပြီး သတို့သမီးက ဘုန်းကံကြီးတဲ့သူ ဖြစ်နေတဲ့အတွက် ပိင်္ဂုတ္တရက

www.dhammaransi.com



အဲဒီသတို့သမီးကို ချစ်တဲ့စိတ် လုံးလုံးမရှိဘူး၊ ဆရာကြီးကို အားနာရိုသေလို့သာ လက်ခံထားလိုက်ရသတဲ့။

ည အိပ်ရာဝင်တဲ့အခါကျတော့ မင်္ဂလာတိုက်ခန်း မင်္ဂလာခုတင်ပေါ်ကို သတို့သမီးက တက်လာယင် ပိဂ်ုတ္တရက မြေပြင် ကြမ်းပြင်ကို ဆင်းပြီး အိပ်တယ်၊ တဖန် သတို့သမီးက သူတာဝန်ဝတ္တရားအရ ကြမ်းပြင်ပေါ် လိုက်အိပ်ပြန်ယင် ပိဂ်ုတ္တရက ခုတင်ပေါ် တက်အိပ်တယ်၊ တဖန် သတို့သမီးက ခုတင်ပေါ် လိုက်အိပ်ပြန်ယင် ပိဂ်ုတ္တရက ကြမ်းပြင်သို့ ဆင်းအိပ်တယ်၊ ဒီနည်းဖြင့် ၇-ရက် ပတ်လုံး သတို့သမီးက ခုတင်ပေါ်မှာအိပ်တယ်၊ ပိဂ်ုတ္တရက မြေပြင်ကြမ်းပြင်မှာ အိပ်ရသတဲ့။ အဲဒါဟာ သူယုတ်နဲ့ ကျက်သရေ အတူမနေတဲ့ သဘောပါဘဲ။ အဲဒီလို ၇-ရက်နေပြီးတော့ ပိဂ်ုတ္တရလုလင်ဟာ ဆရာကြီးကို ကန်တော့ပြီး သတို့သမီးနှင့်အတူ တက္ကသိုလ်မြို့မှ ထွက်ခွါလာခဲ့တယ်၊ လမ်းတလျှောက်လုံးမှာ အချင်းချင်းစကားပြောဆိုခြင်းတောင် မရှိဘူးတဲ့။ မိထိလာမြို့အနီးရောက်တော့ အသီးတွေမှည့်နေတဲ့ ရေသဖန်းပင်ကိုတွေ့ရလို့ ပိဂ်ုတ္တရလုလင်က အဲဒီသဖန်းပင် ပေါ် တက်ပြီး သဖန်းသီးတွေကို စားနေတယ်၊ အဲဒီအခါ သူဇနီးက သဖန်းသီး များကို ချွေချပေးဘို့ တောင်းပန်တယ်၊ "နင့်မှာလဲ လက်တွေ ခြေတွေ ရှိနေ တာဘဲ၊ ကိုယ့်ဟာကိုယ် တက်စားပေါ့" လို့ ပိဂ်ုတ္တရကပြောတဲ့အတွက် သူဇနီး တက္ကသိုလ်ပြည်သူက သဖန်းပင်ပေါ် တက်ပြီး သဖန်းသီးတွေကို စားနေတယ်၊ အဲဒီလို စားနေတုန်းမှာ ပိဂ်ုတ္တရက သဖန်းပင်ပေါ်မှ ဆင်းပြီးတော့ သဖန်းပင် ရင်းမှာ ဆူးခက်တွေနဲ့ ခြံရံပိတ်ဆို့ပြီး ထွက်ပြေးတယ်၊ တော်တော်ရက်စက်တဲ့ လူလို့ ဆိုစရာဘဲ၊ ဒါပေမဲ့ သူ့ခမျာ မထိုက်တန်လို့ စွန့်ပြေးရှာတာပါဘဲ။

အဲဒီကနောက် မျှားမကြာမီမှာဘဲ ဝိဒေဟရာဇ်မင်းကြီးက အဲဒီသဖန်းပင် အနီးကို ရောက်လာတယ်၊ သဖန်းပင်ပေါ်မှာ ရုပ်ရည်အလွန်လှပတဲ့ တက္ကသိုလ် ပြည်သူ အမျိုးသမီးပျိုကို တွေ့မြင်ရတဲ့အခါ ဝိဒေဟရာဇ်မင်းကြီးက တပ်မက် စွဲလမ်းသွားတယ်၊ ဒါကြောင့် ပိုင်ရှင် လင်ရှိ မရှိအကြောင်းကို မေးစေတယ်၊ တက္ကသိုလ်ပြည်သူက "မိမိမှာ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီး၏ သမီးဖြစ်ကြောင်း, မိမိ၏ ဖခင်က တပည့်ဖြစ်သူ ပိဂ်ုတ္တရလုလင်နှင့် လက်ထပ် ပေးလိုက်သဖြင့် မူလကပိုင်ရှင် လင်ရှိကြောင်း, အဲဒီလင်ယောကျ်ားက သဖန်း

www.dhammaransi.com



ပင်ရင်းမှာ ဆူးခက်တွေနဲ့ ခြံရံပြီး ပစ်ပြေးကြောင်း, ယခု ထိုယောကျ်ား ဘယ် ရောက်နေသည်ဟု မသိရကြောင်း, မိမိမှာ သစ်ပင်ပေါ်မှ မဆင်းနိုင်ဘဲ ဒုက္ခ ရောက်နေရကြောင်းများကို" ပြန်ကြား ပြောဆိုလိုက်တယ်၊ အဲဒီအခါ ဝိဒေ ဟရာဇ်မင်းကြီးက "ဒီလိုဆိုယင် ပိုင်ရှင် လင်မရှိတဲ့ အမျိုးသမီးဘဲ" ဆိုပြီးတော့ အဲဒီတက္ကသိုလ်ပြည်သူကို သိမ်းပိုက်သွားတယ်၊ ရေသဖန်းပင်ပေါ်က ရတဲ့အတွက် ဥဒုမ္ဗရဒေဝီ (ရေသဖန်းမိဖုရား) လို့ အမည်ပေးပြီး မိဖုရားကြီး အဖြစ် ချီးမြှောက်လိုက်ပါတယ်။

တနေ့သောအခါမှာ ဘုရင်မင်းမြတ် ဥယျာဉ်ထွက်ရန်အတွက် မြို့တံခါးအနီး ရွာသားတွေကို လမ်းပြင်ဆင်ရန် အမိန့်ပေးလိုက်တယ်၊ ပိင်္ဂုတ္တရဆိုတဲ့လူကလဲ ခါးတောင်းကျိုက်ပြီး ပေါက်တူးဖြင့်လမ်းကို ပြင်နေပါတယ်၊ အဲဒီလို ပြင်နေတုန်း မှာဘဲ ဝိဒေဟရာဇ်မင်းကြီးက ဥဒုမ္ဗရဒေဝီနှင့်အတူ မင်းစီးယာဉ်ရထားကို စီးပြီး နောက်ပါ မှူးမတ်အခြွေအရံတွေနှင့်တကွ အဲဒီလမ်းကို ထွက်လာပါတယ်၊ အဲဒီ အခါ ခါးတောင်းကျိုက်ပြီး ပေါက်တူးဖြင့် လမ်းပြင်နေတဲ့ ပိင်္ဂုတ္တရလုလင်ကို မြင်ရတော့ ဥဒုမ္ဗရဒေဝီက မအောင့်နိုင်လို့ ပြုံးရယ်မိသတဲ့။ ဒီတော့ မင်းကြီးက "ရှင်မိဖုရား၊ ဘာကြောင့် ပြုံးရယ်ရသလဲ"လို့ မေးတယ်။ "အရှင်မင်းကြီး၊ ဟောဟိုက ခါးတောင်းကျိုက်နဲ့ ပေါက်တူးကိုင်ပြီး လမ်းပြင်နေတဲ့လူဟာ ကျွမရဲ့ ပဌမလင်ယောကျ်ားဖြစ်ပါတယ်၊ သူဟာ ကျွမကို သဖန်းပင်ပေါ်မှာ ဆူးခက် တွေနဲ့ ခြံရံပြီး စွန့်ပြေးခဲ့ပါတယ်၊ သူဟာ ဒီလို (ကျွမလို) ကျက်သရေကို မဆောင်နိုင်တဲ့ သူယုတ်ပဲလို့ ဆင်ခြင်မိတဲ့အတွက် ပြုံးရယ်မိပါတယ်"လို့ ဥဒုမ္ဗရ ဒေဝီက ပြောတယ်။ အဲဒါကို မင်းကြီးက မယုံဘူး၊ ဒါကြောင့် မင်းကြီးက "နင် ငါ့ကို လိမ်တာဘဲ၊ အခြားယောကျ်ားတယောက်ယောက်ကို မြင်ပြီး ကြိုက်လို့ ပြုံးရယ်တာ ဖြစ်မှာဘဲ နင့်ကိုသတ်မယ်"လို့ ဆိုပြီး သန်လျက်ထားကို စွဲကိုင် လိုက်ပါသတဲ့။ ဒီတော့ ဥဒုမ္ဗရဒေဝီက ကြောက်ရွံ့လွန်းလို့ ပညာရှိအမတ်ကြီး တွေ မေးကြည့်ဘို့ပြောတယ်။ ဒီတော့ မင်းကြီးက သေနကအမတ်ကြီးကို မေး ပါတယ်၊ သေနကအမတ်ကြီးက "ဒီလိုလှပတဲ့ မိန်းမရတနာကို ဘယ်လို ယောကျ်ားမှ စွန့်ပစ်ပြေးမည် မဟုတ်ပါ၊ ဒါကြောင့် ကျွန်တော်မျိုး မယုံကြည် ပါ"လို့ လျှောက်ကြားတယ်။ အဲဒီသေနက လျှောက်ချက်ကို ကြားရတော့

www.dhammaransi.com



ဥဒုမ္ဗရဒေဝီဟာ အလွန့်အလွန်ကြောက်သွားရှာပါသတဲ့။ ဒါပေမဲ့ မင်းကြီးက စဉ်းစားပြန်တယ်၊ "သေနကဟာ အမှန်ကို သိမှာမဟုတ်ပါဘူး၊ မဟောသဓာ ပညာရှိကို မေးဦးမှပါဘဲ"လို့ စဉ်းစားပြီးတော့ "ချစ်သားမဟောသဓာ၊ မိန်းမ တယောက်ဟာ ရုပ်အဆင်းလဲ လှပတယ်၊ ကိုယ်ကျင့်သီလလဲ ကောင်းတယ်၊ ဒီလိုမိန်းမကို ယောကျ်ားက အလိုမရှိဘူး စွန့်ပစ်သွားတယ်ဆိုတာ သင် ယုံကြည် ရဲ့လား"လို့ မေးပါတယ်။ အဲဒီအခါ မဟောသဓာက—

မဟာရာဇ၊ မြတ်သောမင်းကြီး။ ပုရိသော၊ ရုပ်ရည်အဆင်းလှပ၍ ကိုယ်ကျင့် သီလကောင်းသော မိန်းမကို စွန့်ပစ်သွားသော ယောကျ်ားသည်။ ဒုဗ္ဘဂေါ၊ ဘုန်းကံနည်းသူသည်။ သိယာ၊ ဖြစ်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ သဒ္ဒဟာမိ၊ ရုပ်ရည်အဆင်းလှပ၍ ကိုယ်ကျင့်သီလကောင်းသော မိန်းမကို ယောကျ်ားက အလိုမရှိဟူသောစကားကို ကျွန်ုပ် ယုံကြည်ပါ၏၊ သိရီ စ၊ ဘုန်းကံကျက်သရေ သည်ငှင်း။ ကာလကဏ္ဏီ စ၊ ဘုန်းကံမဲ့သော သူယုတ်သည်ငှင်း။ ကုဒါစနံ၊ တရံ တခါမျှ။ န သမေန္တိ၊ အတူတကွ မတည်ကြပါ။ ဝါ-အတူတကွ တည်နေကြရိုး မရှိပါ အရှင်မင်းကြီး-လို့ ဖြေကြားလိုက်ပါတယ်။

ဒီလို မဟောသဓာက ဖြေကြားလိုက်တော့မှ မင်းကြီးက ဥဒုမ္ဗရဒေဝီရဲ့ စကားကို ယုံကြည်ပြီး ဥဒုမ္ဗရဒေဝီကို ချစ်မြတ်နိုးမြဲ ချစ်မြတ်နိုးသွားပါသတဲ့။ ဒါတွင်တောင်မကသေးဘူး၊ "အကယ်၍ မဟောသဓာပညာရှိသာ မရှိခဲ့ပါမူ သေနကအမတ်မိုက်၏ စကားကြောင့် ဒီလို မိဖုရားရတနာ ဆုံးရှုံးရချေ တော့မယ်၊ မဟောသဓာပညာရှိကို အမှီပြုပြီး ဒီမိဖုရားကို ရမြဲရနေပေတယ်"လို့ ကျေးဇူးတင်ပြီးတော့ မဟောသဓာအား ဆုတော်ငွေ တသိန်းလဲ ချီးမြှင့်လိုက် ပါသေးသတဲ့။ အဲဒီ အဖြေစကား ၂-ရပ်ထဲမှာ သေနကအမတ်ရဲ့ အဖြေကတော့ မဟုတ်မမှန်တဲ့စကားလဲ ဖြစ်တယ်၊ မင်းကြီးက ပသက်ာလို့ မိဖုရားနှင့် ကွဲပြားမည့် အခြေအနေရောက်နေတဲ့အထဲမှာ ကွဲပြားသထက် ကွဲပြားအောင် တဆင့်အားပေးတဲ့ ဂုံးတိုက်စကားမျိုးလဲ ဖြစ်တယ်၊ ဒီလို စကားမျိုးကို အကြံပေး ဉာဏ်ပေးပုဂ္ဂိုလ်များက မပြောကောင်းဘူး။ မဟောသဓာရဲ့ အဖြေ ကတော့ သဘာဝကျပြီး ဟုတ်မှန်တဲ့စကားလဲ ဖြစ်တယ်၊ ကွဲပြားချင်နေတဲ့ မင်းကြီးကို မကွဲပြားအောင် ညီညွတ်မြဲ ညီညွတ်အောင် အားပေးတဲ့စကားလဲ

www.dhammaransi.com



ဖြစ်တယ်၊ အဲဒါဟာ ပိသုဏဝါစာရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သူတော်ကောင်း စကားဘဲ၊ အကြံပေး ဉာဏ်ပေးပုဂ္ဂိုလ်များဟာ ဒီလို စကားကောင်းကို ပြောမိအောင် ကြိုးစားသင့်ပါတယ်။

အဲဒီ ဥဒုမ္ဗရဒေဝီဝတ္ထုထဲမှာ ပိင်္ဂုတ္တရလုလင်က စွန့်ပစ်သွားတာဟာ ဥဒုမ္ဗရ-ဒေဝီက ကံဆိုးလို့ မဟုတ်ကြောင်း၊ ပိင်္ဂုတ္တရက ဘုန်းကံနည်းလို့ ဖြစ်ကြောင်း ထင်ရှားပါတယ်။ အဲဒါလိုဘဲ ဣသိဒါသီကို စွန့်ပစ်သွားတဲ့ သူတောင်းစားဟာလဲ သူ့မှာ သေဌေးအိမ်၌ ချမ်းချမ်းသာသာနဲ့ နေဘို့ ကံမရှိတဲ့အတွက် စွန့်ပစ်သွားခြင်းလဲ ဖြစ်သင့်ပါတယ်၊ နောက်ပြီးတော့ ပဌမ ဒုတိယ သေဌေးသားတွေက ဣသိဒါသီကို စွန့်ပစ်ကြတာဟာလဲ ဣသိဒါသီရဲ့ အကုသိုလ်ကံကြောင့်ချည်း မဟုတ်ပဲ သူတို့မှာ ဒီလို အမျိုးကောင်းသမီးနှင့် အတူနေဘို့ကံ မပြည့်စုံတဲ့အတွက်ကြောင့်လဲ ဖြစ်စရာရှိပါတယ်။

## ဣသိဒါသီထေရီအကြောင်း

ယခု ပြောခဲ့တဲ့အတိုင်း သူတောင်းစားကတောင် စွန့်ပစ်သွားတဲ့အခါ သေဌေးကြီးလဲ သူ့သမီးအတွက် အိမ်ထောင်ရေးကို ဆက်လက်မကြံနိုင်တော့ဘူး၊ ဣသိဒါသီလဲ အရှက်လဲရ ဝမ်းလဲနည်းပြီး တကိုယ်တည်း ဒီလို ကြံစည်မိသတဲ့၊ "ဘယ်လို ဆိုးဝါးတဲ့ ရှေးကံက အကျိုးပေးနေသလဲ မသိပါဘူး၊ လူ့လောကမှာ နေစရာတောင် မကောင်းတော့ပါဘူး၊ မိဘများကို ပန်ကြားပြီး ထွက်ခွါသွားမှပါဘဲ၊ သေယင်လဲ သေပါစေတော့၊ ဒီလိုမှ မဟုတ်ယင်လဲ ရဟန်းပြုမှ ကောင်းမှာဘဲ"လို့ ကြံစည်မိတယ်၊ အဲဒီလို ကြံစည်နေတုန်းမှာဘဲ ဇိနဒတ္တာဆိုတဲ့ ထေရီမကြီးက အဲဒီ သေဌေးအိမ်ကို ဆွမ်းခံကြွလာတယ်၊ အဲဒီ ထေရီမကြီးကို တွေ့မြင်ရတော့ ဣသိဒါသီက နေရာလဲ ခင်းကျင်းပေးတယ်၊ ရိုရိုသေသေ ရှိခိုးပြီး ဆွမ်းခဲဘွယ် ဘောဇဉ်များကိုလဲ ကပ်လှူတယ်၊ အဲဒီလို ဆွမ်းကပ်လှူပြီးတော့ ဣသိဒါသီက "တပည့်တော်မ ရဟန်းပြုလိုပါတယ်၊ တပည့်တော်မကို ရဟန်းပြုပေးပါ ထေရီအရှင်မကြီးဘုရား"လို့ လျှောက်ထားတောင်းပန်တယ်။

ဒီတော့ ဘခင်သေဌေးကြီးက "ချစ်သမီးရေ၊ ဘယ်ကိုမှ မသွားပါနဲ့ကွယ်၊ ဒီအိမ်မှာဘဲ ချမ်းသာစွာနေပါ၊ လူ့ဘောင်မှာဘဲ ကုသိုလ်တရားကို ကျင့်ပွါး

www.dhammaransi.com



နေတာပေါ့၊ ရဟန်းသူမြတ်များအား ထမင်း အဖျော် စသည်ကို ပေးလှူပြီး နေတာပေါ့၊ ဘယ်မှ မသွားပါနဲ့”လို့ တားမြစ်တယ်။ အင်း....တဦးတည်းသော သမီးကလေးဆိုတော့ မခွဲချင်ကြပေဘူး။ အဲဒီတော့ ဣသိဒါသီက သူ့ဘခင် သေဋ္ဌေးကြီးကို လက်အုပ်ချီပြီး ငိုယိုရင်း တောင်းပန်ရှာတယ်၊ (ပါပံ ဟိ မယာ ပကတံ၊ ကမ္မံ တံ နိဇ္ဇရေဿာမိ)တာတ၊ ဘခင်။ မယာ၊ ကျွန်တော်မသည်။ ပါပံ ကမ္မံ၊ ယုတ်မာသော မကောင်းမှုကို။ ပကတံ၊ အလွန် အကြူး ပြုခဲ့ဘူးသည်။ ဘဝေယျ၊ ဖြစ်ရာပါသည်။ တံ ကမ္မံ၊ ထိုယုတ်မာသော မကောင်းမှုကို။ နိဇ္ဇရေဿာမိ၊ ရဟန်းပြုလျက် တရားဖက်၍ ပယ်ဖျက်ချေမှုန်းလိုက်ပါ တော့အံ့·တဲ့၊ ကျမမှာ ယခုလို အဆင်မပြေ ဖြစ်ရတာဟာ ရှေးဘဝတခုခုက လွန်လွန်ကြူးကြူး ပြုခဲ့ဘူးတဲ့ မကောင်းမှုကံကြောင့် ဖြစ်ပါလိမ့်မယ်၊ အဲဒီ မကောင်းမှုကံ ကြေပျက် ပပျောက်သွားအောင် ရဟန်းပြုပါရစေ၊ ရဟန်းတရား ကျင့်သုံးပြီး အဲဒီ မကောင်းမှုကံကို ပယ်ဖျောက်ချေမှုန်းပါရစေ-လို့ ဣသိဒါသီက တောင်းပန်တယ်။ ဒီတော့ ဘခင်သေဋ္ဌေးကြီးကလဲ တားမြစ်ရန် မသင့်တာနဲ့ ခွင့်ပြုလိုက်ရတယ်၊ ဒီလိုလဲ ဆုမွန်ကောင်း တောင်းလိုက်ပါသေးတယ်။

ဒွိပဒသေဋ္ဌော၊ နတ်လူတို့ထက် မြတ်သော ဘုရားသခင်သည်။ ယံ၊ အကြင် မဂ် ဖိုလ် နိဗ္ဗာန်ကို။ သစ္ဆိကရိ၊ မျက်မှောက်ပြုတော်မူလေပြီ။ တံ၊ ထိုသို့သော။ ဗောဓိဥ္စ၊ အရိယမဂ်ဉာဏ်သို့ငှင်း။ အဂ္ဂဓမ္မဥ္စ၊ အမြတ်ဆုံးတရား အရဟတ္တဖိုလ် သို့ငှင်း။ ပါပုဏ၊ ရောက်ပါစေသတည်း။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်ကိုလည်း။ လဘဿု၊ ရပါစေသတည်း-လို့ ဒီလိုလဲ ဆုမွန်ကောင်း တောင်းလိုက်ပါသေးတယ်။

အဲဒီလို ဘခင်ကြီးက ကျေကျေနပ်နပ် ခွင့်ပြုလိုက်တဲ့အခါ ဣသိဒါသီဟာ မိခင် ဘခင်များကိုရော ဆွေမျိုးထဲက လူကြီးများကိုရော ရှိခိုးကန်တော့ပြီး ဇိနဒတ္တာထေရီမကြီးထံမှာ ရဟန်းပြုပါတယ်၊ ရဟန်းပြုပြီးတော့လဲ မကြာဘူး၊ သူက ပါရမီထူးရှိနေတဲ့အတွက် ခုနစ်ရက်အတွင်းမှာဘဲ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတဲ့ ရဟန္တာမ ဖြစ်သွားတယ်။ ဒါကြောင့် သတ္တာဟံ ပဗ္ဗဇိတာ၊ ရှင်ရဟန်းပြု၍ ခုနစ်ရက်ရှိလတ်သော်။ တိဿော ဝိဇ္ဇာ၊ သုံးပါးသော ဝိဇ္ဇာဉာဏ်ထူးတို့ကို။ အဖဿယိံ၊ တွေ့မြင်ရရှိခဲ့လေပြီ·လို့ သူကိုယ်တိုင် ဖော်ပြဝန်ခံထားပါတယ်။

www.dhammaransi.com



ရဟန်းတရားအားထုတ်တာ ခုနစ်ရက်နဲ့ ရဟန္တာဖြစ်တယ်ဆိုတော့ ပါရမီထူး ရှိလို့ပါဘဲ၊ ယခု ဒီမှာ အားထုတ်ကြတဲ့ ယောဂီတွေထဲမှာ ခုနစ်ရက်နဲ့ မဂ်ဖိုလ် တရားထူးရတဲ့ပုဂ္ဂိုလ်က အလွန်ရှားပါတယ်၊ တရာမှ တဦးတောင် ရှိခဲပါတယ်၊ နေ့ရောညဉ့်ပါ မပြတ်မစဲလဲ ကြိုးကြိုးစားစား အားထုတ်လို့ ဉာဏ်လဲ အထူး ထက်မြက်တဲ့သူဆိုယင် အဲဒီခုနစ်ရက်အတွင်းမှာ ဥဒယဗ္ဗယဉာဏ် ဘင်ဉာဏ် လောက်ပဲ အများအားဖြင့် ရောက်တတ်ကြပါတယ်၊ ဣသိဒါသီမှာတော့ ခုနစ် ရက်တည်းနဲ့ ဝိဇ္ဇာသုံးပါးကိုလဲ ရတယ်၊ ဝိဇ္ဇာသုံးပါး-ဆိုတာ သုံးပါးဝိဇ္ဇာ၊ ပု-ဒိ-အာ-ဆိုတဲ့အတိုင်း (၁) ရှေးရှေး ဘဝဟောင်းတွေကိုပြန်ပြီး ဆင်ခြင်သိမြင် နိုင်တဲ့ ပုဗ္ဗေနိဝါသဉာဏ်က တပါး၊ (၂) ပကတိမျက်စိဖြင့် မမြင်နိုင်တဲ့ နတ်ပြည် ငရဲပြည် အခြားအရပ်က လူ့ပြည်ဆိုတာတွေကို စိတ်နဲ့မှန်းကြည့်လိုက်ရုံနဲ့ မြင်နိုင် တဲ့ ဒိဗ္ဗစက္ခုဉာဏ်က တပါး၊ (၃) အာသဝေါကိလေသာတွေကို ကုန်ခန်းစေနိုင်တဲ့ အရဟတ္တမဂ်ဉာဏ်ဆိုတဲ့ အာသဝက္ခယဉာဏ်က တပါး၊ ဒီဉာဏ် သုံးပါးပါဘဲ။

အဲဒီဉာဏ် သုံးပါးထဲက အာသဝက္ခယဆိုတဲ့ အရဟတ္တမဂ်ဉာဏ်ကို ရယင် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားတော့တာဘဲ၊ ဣသိဒါသီဟာ လင် တွေက ပစ်ပစ်သွားလို့ သံဝေဂရပြီး ရဟန်းပြုလိုက်တော့ ခုနစ်ရက်အတွင်းမှာ ရဟန္တာ ဖြစ်သွားတယ် ဆိုတာကို ဆင်ခြင်ကြည့်ယင် လင်တွေက ပစ်ပစ်သွား တာကို ကျေးဇူးတင်ရဦးမှာလို ဖြစ်နေတယ်၊ အကယ်၍သာ ပဌမသေဌေး သားနှင့်မြဲနေတယ်ဆိုယင် ဒုတိယသေဌေးသားထံတောင် ရောက်မှာ မဟုတ်ဘူး၊ ရဟန်းပြုဘို့ဆိုတာ စိတ်ကူးတောင်ဖြစ်မှာ မဟုတ်ဘူး၊ ဒုတိယသေဌေးသားနဲ့ မြဲနေယင်လဲ ထိုအတူနေမှာဘဲ၊ သူတောင်းစားနဲ့ မြဲနေတောင်မှ ရဟန်းပြုဖြစ် ချင်မှ ပြုဖြစ်မယ်။ ယခုဖြစ်ပုံကတော့ သူတို့ သုံးဦးလုံးက ပစ်သွားတဲ့အတွက် လောကကြီးကို စိတ်နာပြီး ရဟန်းပြုခဲ့တယ်၊ အဲဒီလို ရဟန်းပြုလိုက်တော့ ခုနစ်ရက်အတွင်း ရဟန္တာမ ဖြစ်သွားတယ်၊ သံသရာဝဋ်ဆင်းရဲမှ အပြီးတိုင် လွတ်မြောက်သွားတယ်၊ ဒါကြောင့် ဣသိဒါသီရဲ့ ဖြစ်ပုံကတော့ လင်တွေက ပစ်ပစ်သွားတာကို ကျေးဇူးတင်ရဦးမှာလို ဖြစ်နေတယ်လို့ ပြောရတာဘဲ။ အဲဒါဟာ ယောနိသောမနသိကာရနဲ့ သင့်လျော်အောင် စဉ်းစားပုံဘဲ၊ အကု သိုလ်က မကောင်းကျိုးပေးလို့ ဒုက္ခနဲ့ တွေ့ရပေမဲ့ တဖက်ကနေကြည့်ယင်

www.dhammaransi.com



ရဟန္တာမ ဖြစ်သည်အထိ ကောင်းကျိုးတွေကို ရသွားတယ်ဆိုတော့ ဣသိဒါသီ အဖို့မှာ ဝမ်းသာစရာ အလွန်ကောင်းနေပါတယ်။ ဒါကြောင့် အဆိုးနဲ့တွေ့ရတဲ့အခါမှာ အဆိုးဘက်ကချည်း ကြည့်ပြီး စိတ်ပျက်မနေရဘူး၊ အကောင်းဘက်ကလဲ လှည့်ပြီး ကြည့်တတ်ရတယ်၊ အဲဒီလို စိတ်သက်သာရာရအောင် ကုသိုလ်ဖြစ်အောင် ဆင်ခြင်ကြည့်တာမျိုးကို ယောနိသောမနသိကာရ ခေါ်တာဘဲ။ ဒါပေမဲ့ ဣသိဒါသီလို လင်တွေက ပစ်သွားတယ်ဆိုတာမျိုးကိုတော့ ဘယ်အမျိုးသမီးမှ မလိုလား မတောင့်တသင့်ပေဘူး၊ ဘာကြောင့်လဲဆိုတော့ ဣသိဒါသီမှာ ရဟန္တာ ဖြစ်သည်အထိ အကျိုးများသွားပေမယ်လို့ အခြား အမျိုးသမီးတွေမှာတော့ အဲဒီလို အကျိုးထူးကို ရဘို့ရာ ခဲယဉ်းပါလိမ့်မယ်၊ ဒါကြောင့်ပါဘဲ။

ဣသိဒါသီဟာ ယခု ပြောခဲ့တဲ့အတိုင်း သူ ရထားတဲ့ ပု-ဒိ-အာ-ဆိုတဲ့ ဝိဇ္ဇာသုံးပါးထဲက ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရှေးဘဝဟောင်းတွေကို ပြန်ကြည့်တဲ့အခါမှာ လွန်ခဲ့တဲ့ ခုနစ်ခုမြောက်ဘဝကစပြီး မကောင်းမှုကို ပြုမိခဲ့လို့ ဆင်းရဲဒုက္ခ မကောင်းကျိုးတွေ ခံစားလာရတယ် ဆိုတာကို တွေ့မြင်တယ်၊ အဲဒီ ခုနစ်ဘဝထဲမှာ (၁) ပဌမဘဝက ဧရကစ္ဆဆိုတဲ့မြို့မှာ ရွှေပန်းထိမ်သည် ဖြစ်ခဲ့တယ်၊ ရွှေပန်းထိမ်သည်ဆိုတော့ အမျိုးသမီးတွေနဲ့ နီးစပ်တဲ့အပြင် အရွယ်ကလဲ ကောင်းတုန်းမို့ အရွယ်မာန်ယစ်ပြီး သူတပါး၏မယားကို ပြစ်မှားကျူးလွန်ခဲ့မိပါသတဲ့၊ အဲဒီဘဝက သေတဲ့အခါမှာ အဲဒီ ကာမေသုမိစ္ဆာစာရကံကြောင့် (၂) ဒုတိယဘဝမှာ ငရဲကျပြီး ကြာမြင့်စွာ ငရဲဆင်းရဲတွေကို ခံစားခဲ့ရတယ်၊ အဲဒီ ငရဲမှ လွတ်လာတဲ့အခါ (၃) တတိယဘဝမှာ မျောက်မျိုး၌ ဖြစ်ခဲ့ရတယ်၊ မွေးပြီးလို့ ခုနစ်ရက်ကြာတဲ့အခါ မျောက်ဗိုလ်ကြီးက မျောက်ထီးကို အလိုမရှိတဲ့အတွက် အဲဒီ မျောက်ကလေးရဲ့ ဝှေးစေ့များကို သွားနဲ့ကိုက်ပြီး သင်းကွပ်လိုက်တယ်၊ အဲဒါဟာ ကာမေသုမိစ္ဆာစာရကံရဲ့ အကျိုးဘဲ၊ အဲဒီ မျောက်ဘဝက သေတဲ့အခါ (၄) စတုတ္ထဘဝမှာ ဋ္ဌေကဆိုတဲ့ သိုးဖြစ်ရတယ်၊ အဲဒီ ဋ္ဌေက-ပုဒ်ကို အဋ္ဌကထာက အဇ-လို့ ဖွင့်ထားတယ်၊ အဇ-ဆိုတော့ ဆိတ်လို့ အနက်ရတယ်၊ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက သဒ္ဒါကျမ်းသင်တဲ့အခါ (အဇော စ၊ ဆိတ်မြန်မာလည်း။ ဋ္ဌေကော စ၊ ဆိတ်ကုလားလည်း။ အဇဋ္ဌေကာ၊ ဆိတ်မြန်မာ-ဆိတ်

www.dhammaransi.com



ကုလား)လို့ ကျက်မှတ်ခဲ့ရတယ်၊ ယခုထက်ထိ နှုတ်တက်နေတုန်း ရှိသေးတယ်၊ အဲဒီမှာ အဇ-ဆိတ်မြန်မာဆိုတာ ယခု ဆိတ်လို့ ခေါ်နေကြတဲ့ အကောင်ပါဘဲ၊ ဧဠက-ဆိတ်ကုလားဆိုတာ ယခု သိုးလို့ ခေါ်နေကြတဲ့အကောင်ပါဘဲ၊ ဒီတော့ အဲဒီ သဒ္ဒါကျမ်း အဘိဓာန်ကျမ်းများ အလိုအားဖြင့် ဆိုယင် ဧဠက-ဆိုတာ သိုးပါဘဲ၊ ဒါပေမဲ့ ဒီနေရာမှာ အဋ္ဌကထာက အဇ-လို့ ဖွင့်ထားတဲ့အတွက် ဆိတ်လို့ဘဲ ဆိုကြပါစို့၊ အဲဒီ ဆိတ်ဘဝမှာလဲ သင်းကွပ်ခံရတယ်၊ ဆိတ်ဆိုတာ လူတွေရဲ့ ဟင်းမျိုးဖြစ်တဲ့အတွက် အဲဒီဘဝမှာ ဟင်းလုပ်ဖို့ အသတ်ခံရမှာပါဘဲ၊ အဲဒီ ဘဝကသေတဲ့အခါ (၅) ပဉ္စမဘဝမှာ နွားဖြစ်ရတယ်၊ ဒီအဲ နွားဘဝမှာလဲ သင်းကွပ်ခံရပြီး ထွန်တို့ ထယ်တို့ လှည်းတို့ကို ရုန်းနေရတယ်၊ ဒါလဲ ကာမေသုမိစ္ဆာစာရကံ၏အကျိုးဘဲ။ နွားဆိုတာ နွားသိုးအတိုင်းဆိုယင် အခိုင်းရခက်လို့ သင်းကွပ်လေ့ရှိကြတယ်၊ ဘုန်းကြီးတို့ ကလေးဘဝတုန်းက နွားသင်းကွပ်တာ တွေ့မြင်ရဘူးတယ်၊ သိပ်ကြောက်စရာကောင်းတာဘဲ၊ နွားကို ကြိုးနဲ့ ချည်တုပ်ပြီး ဝှေးစေ့ကို ထွန်သွားလို သစ်သားနဲ့ ထုကြရိုက်ကြတာဘဲ၊ အင်မတန် နာရှာမှာပါဘဲ၊ သုံးလေးရက်လောက်အတွင်းမှာ ဒီနွားဟာ အစာကို ကောင်းကောင်း မစားနိုင်ရှာဘူး။ နောက်ပြီးတော့ အဲဒီနွားကို သန်စွမ်းနေသမျှကာလပတ်လုံး ထွန်ယက်ဖို့ ဝန်ရုန်းဖို့ ခိုင်းကြတယ်၊ နေပူမိုးရွာမရှောင် ဝန်ကို ရုန်းနေရတယ်၊ နေမကောင်းလို့လဲ မပြောနိုင်ရှာဘူး၊ သနားစရာပါဘဲ၊ နောက်ဆုံး အိုမင်းတဲ့အခါကျတော့ နွားရှင်က နွားဘိုးမဆုံးရအောင်လို့ နွားသတ်သမားလက်ထဲ ရောင်းလိုက်တယ်၊ တသက်ပတ်လုံး ဝန်ရုန်းပြီး ကျေးဇူးပြုနေတဲ့ ကျေးဇူးရှင်ကို သူသတ်သမားလက်ထဲ အပ်လိုက်တာပါဘဲ၊ အဲဒီအခါကျတော့ နွားခမျာမှာ ဘယ်သူမှ အားကိုးစရာမရှိရှာဘူး၊ နွားသတ်သမားလက်ချက်ဖြင့် အသက်ထွက်ရရှာတော့တာဘဲ၊ အဲဒါဟာ သေသေချာချာ စဉ်းစားကြည့်ယင် ဝမ်းနည်းစရာ အသည်းနာစရာ သိပ်ကောင်းတာဘဲ။ အဲဒီနွားဘဝက မရှုမလှသေရတဲ့အခါ (၆) ဆဋ္ဌမဘဝမှာ ကျွန်မရဲ့ဝမ်းမှာ ဖြစ်ရတယ်၊ မွေးကတည်းက အိမ်ပေါက်ကျွန် ဖြစ်တော့တာဘဲ၊ အဲဒါထက် ဆိုးတာကတော့ သူ့မှာ မွေးကတည်းက အထီးအမ အင်္ဂါမပါဘူး နပုန်းပဏ္ဍုက် ဖြစ်ရတယ်၊ ရှက်စရာသိပ်ကောင်းတာဘဲ၊ အဲဒါဟာ ကာမေသုမိစ္ဆာစာရကံ၏ အကျိုးဘဲ။

www.dhammaransi.com



အဲဒီ နပုန်းပဏ္ဏုက်ဘဝမှာ အနှစ်သုံးဆယ်ပတ်လုံး ဒုက္ခတွေခံစားပြီးတော့ သေတဲ့အခါ (၇) သတ္တမဘဝမှာ အလွန်ဆင်းရဲ မွဲပြာကျနေတဲ့ ဆင်းရဲသား လှည်းသမား၏ သမီးဖြစ်ရတယ်၊ လှည်းမှူးကြီး၏ အတိုးနှင့်တကွ အကြွေးကို ပြန်မဆပ်နိုင်တဲ့အတွက် အဲဒီ လှည်းမှူးကြီးက ကျွန်အစေခံအဖြစ်နဲ့ ခိုင်းဘို့ အဲဒီ သူငယ်မကလေးကို သိမ်းယူတယ်၊ အဲဒီ သူငယ်မကလေးဟာ အဲဒီ လှည်းမှူးကြီးရဲ့အိမ်မှာ စေခိုင်းသမျှ အမှုကိစ္စတွေကို လုပ်ကိုင်နေရရှာတယ်၊ အဲဒီလို လုပ်ကိုင်နေရင်းထဲက သူမှာ ကုသိုလ်ကံအားလျော်စွာ ရုပ်ရည်ကလေးက သပ်သပ်ရပ်ရပ်ရှိတဲ့အတွက် အရွယ်ရောက်တဲ့အခါ လှည်းမှူးကြီး၏သား ဂိရိဒါသ–က သူ့ကို မယားငယ်အဖြစ်နဲ့ ယူလိုက်တယ်၊ မယားငယ်ဆိုတာ မယားကြီး၏ အကျိုးမဲ့ကို လုပ်တတ်တယ်၊ မယားကြီးကလဲ မယားငယ်ရဲ့ အကျိုးမဲ့ကို လုပ်တတ်တာဘဲ၊အဲဒါဟာ ယေဘုယျအားဖြင့် ဖြစ်ရိုးဖြစ်စဉ်လို့ ဆိုရမှာဘဲ၊ဒါကြောင့် အဲဒီ ဂိရိဒါသ၏ မယားငယ်ဖြစ်တဲ့ မိန်းမငယ်က ဂိရိဒါသကို မယားကြီးနဲ့ စိတ်ဝမ်းကွဲအောင် ဂုံးတိုက်တယ်၊ အဲဒီမယားကြီးဖြစ်တဲ့ အမျိုးသမီးကြီးကလဲ သီလနှင့်ပြည့်စုံတယ်၊ သူတော်ကောင်းစိတ်ရှိတယ်၊ အဲဒီလို သီလ စသောဂုဏ် ကျေးဇူးနှင့်ပြည့်စုံတဲ့ မယားကြီးနဲ့ စိတ်ဝမ်းကွဲအောင် ဂုံးတိုက်မိတာဟာ အင်မတန်ကြီးလေးတဲ့အကုသိုလ်ကံ ဖြစ်သွားတယ်၊ နွားရာ ဝဲစွဲ၊ လဲရာ သူခိုးထောင်း ဆိုတာလိုဘဲ ပဌမက သူတပါး၏မယားကို ပြစ်မှားကျူးလွန်ခဲ့မိတဲ့ အကုသိုလ်ကံကြောင့် ယုတ်ညံ့တဲ့ မိန်းမဘဝရောက်နေရာမှာ ဂုံးတိုက်တဲ့ အကုသိုလ်ကံကို ထပ်ပြီး ကျူးလွန်မိပြန်တယ်၊ ဒါကြောင့် (တဿာဟံ ဝိဒ္ဒေသနမကာသိံ) အဟံ၊ ဟိုဘုန်းက ဂိရိဒါသ-၏ မယားငယ်ဖြစ်ခဲ့သော ငါသည်။ တဿာ၊ ထို မယားကြီးကို။ ဝိဒ္ဒေသနံ၊ မုန်းတီးကြောင်း ဖြစ်သော ဂုံးတိုက်စကားကို။ အကာသိံ၊ ပြုခဲ့မိ ပြောဆိုခဲ့မိ လေပြီ–လို့ ဖော်ပြထားပါတယ်။ (တဿေတံ ကမ္မဖလံ) တေ၊ ကျွန်မပမာ ရှိသေစွာ ပြုစုလုပ်ကျွေးနေသော ငါ့ကို ခင်ပွန်း ဖြစ်သူတို့က မချစ်နိုင်သဖြင့် စွန့်ပစ်ခြင်းသည်။ ဝါ–စွန့်ပစ်ခံရခြင်းသည်။ တဿ၊ ထို မုန်းတီးအောင် ပြောဆိုသော ဂုံးတိုက်ခြင်း ပိသုဏဝါစာ၏။ ကမ္မဖလံ၊ အကုသိုလ်ကံ၏ အကျိုးပေတည်း–လို့လဲ ဖော်ပြထားပါတယ်။

www.dhammaransi.com



လှည်းမှူးကြီး၏ သားဖြစ်တဲ့ ဂိရိဒါသ၏ မယားငယ်ဘဝတုန်းက ဂုံးတိုက်ခဲ့တဲ့ အကုသိုလ်ကံကြောင့် သူတောင်းစားကတောင် မချစ်နိုင်ဘဲ မုန်းပြီး သူ့ကို စွန့်ပစ်သွားကြပါတယ်-တဲ့။ တဿ ပိ၊ ထိုပိသုဏဝါစာ မကောင်းမှုကံ၏လည်း။ အန္တော၊ ကုန်ဆုံးသွားခြင်း ဟူသော အပိုင်းအခြားကို။ မယာ၊ အကျွန်ုပ်သည်။ ကတော၊ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ထွင်းဖောက်သိမြင် အကျင့်လမ်းစဉ်ဖြင့် သုတ်သင်ပယ်နှုတ် ပြုလုပ်အပ်ပါပြီ-တဲ့။ အဲဒါက အရေးအကြီးဆုံးဘဲ၊ အရဟတ္တဖိုလ်ရောက်လို့ ရဟန္တာ ဖြစ်သွားတယ်ဆိုယင် ရှေးက ပြုဘူးတဲ့ မကောင်းမှုကံတွေဟာ အကျိုးမပေးနိုင်တော့ဘဲ အစွမ်းသတ္တိ ကုန်သွားကြတော့ဒါဘဲ၊ ကုသိုလ်တွေလဲ ထို့အတူ ကုန်သွားကြတော့တာဘဲ၊ နောင်ဘဝ တဖန် ထပ်ပြီးအကျိုးမပေးနိုင်ကြတော့ဘူး၊ အဲဒီ နောက်ဆုံးဘဝမှာ အသက်ရှည်နိုင်တဲ့ အချိန်ကာလကုန်တဲ့အခါ ပရိနိဗ္ဗာန်ပြုရုံဘဲ ရှိတော့တယ်၊ ပရိနိဗ္ဗာန်ပြုပြီးတဲ့ နောက်မှာတော့ ဘဝအသစ် ရုပ်နာမ် ထပ်ဖြစ်ဖို့ မရှိတော့ဘူး၊ ဒါကြောင့် အဲဒီ ဣသိဒါသီ ထေရီမဟာ အသက်အတိုင်းနေပြီး အဲဒီ ခေတ်တုန်းကဘဲ ပရိနိဗ္ဗာန်စံသွားပါပြီ၊ ဆင်းရဲဇာတ်သိမ်းပြီး လုံးဝငြိမ်းသွားပါပြီ။

## ကောက်နုတ်ချက်

အဲဒီဝတ္ထုဟာ အမျိုးသားတွေနဲ့လဲ ဆိုင်တယ်၊ အမျိုးသမီးတွေနဲ့လဲ ဆိုင်တယ်၊ ပဌမ ရှေ့ပန်းထိမ်သည် ဖြစ်စဉ်က သူတပါးတို့၏ မယား၌ ကျူးလွန်ခဲ့တဲ့ ကာမေသုမိစ္ဆာစာရကံကြောင့် ငရဲကျရတယ်၊ ငရဲမှ လွတ်တော့ မျောက်ဖြစ်ပြီး သင်းကွပ်ခံရတယ်၊ တဖန် ဆိတ်ဖြစ်ပြီးတော့လဲ သင်းကွပ်ခံရပြန်တယ်၊ အဲဒီ ကနောက် နွားဖြစ်ပြီးတော့လဲ သင်းကွပ်ခံရပြန်တယ်၊ အဲဒီကနောက် ကျွန်မရဲ့ဝမ်းထဲမှာဖြစ်ပြီး နပုန်းပဏ္ဍုက် ဖြစ်ရတယ်၊ ဒါတွေဟာ ခေတ္တ ခဏမျှ ပျော်မွေ့ရတဲ့ ကာမေသုမိစ္ဆာစာရကံရဲ့ မကောင်းကျိုးတွေဘဲ။ အဲဒီကနောက် ဆင်းရဲသားလှည်းသမားရဲ့ သမီးဖြစ်ပြီး အစေခံဘဝရောက်ရာက လှည်းမှူးရဲ့သား ဂိရိဒါသ၏ မယားငယ်ဖြစ်ရတယ်၊ အဲဒီလို ကာမေသုမိစ္ဆာစာရကံ၏ မကောင်းကျိုးတွေကို ခံစားနေရတုန်းမှာဘဲ သီတင်းသီလနဲ့ပြည့်စုံတဲ့ အမျိုးကောင်းသမီး မယားကြီးဖြစ်သူနဲ့ သူ့ယောကျ်ား ဂိရိဒါသကို စိတ်ဝမ်းကွဲအောင် ဂုံးတိုက်ပြန်တယ်၊ ဘယ်လောက်အထိ ကွဲပြားပြီး ဒုက္ခရောက်တယ်ဆိုတဲ့ အကြောင်းတော့

www.dhammaransi.com



စာထဲမှာ မပါလို့ တိတိကျကျ မပြောနိုင်ဘူး၊ အကြီး အကျယ် ကွဲပြားပြီး အကြီးအကျယ် ဒုက္ခရောက်ကုန်ကြဟန် တူပါတယ်။ အဲဒါဟာ မယားငယ်တွေ, မယားကြီးတွေ, မယား အငယ်အနှောင်း ယူတဲ့သူတွေ အထူးသတိပြုစရာပါဘဲ။ အဲဒီ ဂုံးတိုက်တဲ့ မကောင်းမှုကံကြောင့် နောက်ဆုံးဘဝမှာ ဣသိဒါသီဆိုတဲ့ သေဌေးသမီး ဖြစ်ရသော်လဲ သူတောင်းစားကတောင် မချစ်နိုင်အောင် ရှိပြီး ခင်ပွန်းဖြစ်သူတွေက သုံးကြိမ်အထိ အစွန့်အပယ်ခံရတယ်၊ အဲဒါတွေဟာ ဂုံးတိုက်တဲ့ အကုသိုလ်ကံ၏ မကောင်းကျိုးတွေဘဲ။ ဒါကြောင့် "ဂုံးချော ပါယ်ကျ၊ လူ ဖြစ်က၊ ကွဲရ မိတ်ဆွေများ" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဂုံးချော ပါယ်ကျ၊ လူ ဖြစ်က၊ ကွဲရ မိတ်ဆွေများ။ (ဆို)

ပိသုဏဝါစာနဲ့ စပ်ပြီး ပြောစရာကတော့ တော်တော် စုံသွားပါပြီ၊ ယခု ဖရုသဝါစာကို ပြောကြစို့။

**ဖရုသဝါစာ**

ပရေ ဖရုသဝါစာ ဘဝိဿန္တိ၊ မယမေတ္ထ ဖရုသာယ ဝါစာယ
ပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ဖရုသဝါစာ၊ ကြမ်းတမ်းသောစကားကို ပြောဆိုကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ ဖရုသာယ ဝါစာယ၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ။ ပဋိဝိရတာ၊ ကြဉ်ရှောင်ကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

ဖရုသဝါစာ ဆိုတာ ဆဲရေးခြင်း ကြိမ်းမောင်းခြင်း ကျိန်ဆိုခြင်းဆိုတဲ့ ကြမ်းကြုတ်တဲ့စကားတွေပါဘဲ၊ အဲဒီ စကားမျိုးကို ကြားရယင် သက်ဆိုင်တဲ့ ပုဂ္ဂိုလ်မှာ အလွန်စိတ်မချမ်းမသာ ဖြစ်ရတယ်၊ မသက်ဆိုင်တဲ့ပုဂ္ဂိုလ်မှာတောင် အဲဒီလိုစကားကို ကြားရယင် နားမချမ်းသာဘူး၊ လူတိုင်း လူတိုင်း မကြားချင်တဲ့စကားပါဘဲ၊ ပညာရှိ သူတော်ကောင်းတွေဆိုယင် အလွန်စက်ဆုပ်ရွံရှာ

www.dhammaransi.com



တဲ့စကားပါဘဲ။ အဲဒီစကားမှာ အင်္ဂါ ၃-ပါးရှိတယ်၊ (၁) အဆဲအဆိုခံပုဂ္ဂိုလ်လဲ ရှိရမယ်၊ (၂) အဲဒီပုဂ္ဂိုလ်အပေါ်မှာ အမျက်ထွက်တဲ့စိတ်လဲ ရှိရမယ်၊ (၃) ဆဲရေးကျိန်ဆိုခြင်းလဲ ရှိရမယ်၊ ဒီအင်္ဂါ ၃-ပါးညီလျှင် ဖရုသဝါစာ ဝစီကံမြောက်တယ်။ ဒါပေမဲ့ စိတ်ထဲ တကယ်ဆင်းရဲစေလိုတဲ့ စိတ်ကြမ်းမရှိယင်တော့ ကံမမြောက်ဘူး၊ တခါက သူငယ်တယောက်ဟာ မိခင်စကားကို နားမထောင်ဘဲ တောထဲ ထွက်သွားတယ်၊ မိခင်ဖြစ်သူက ဒေါသဖြစ်ပြီး "နင့်ကို ကျွဲခတ်လို့ သေပါစေ" လို့ ကျိန်ဆဲလိုက်သတဲ့။ အဲဒီသူငယ် တောထဲရောက်တဲ့အခါ သူ့အမေက ကျိန်ဆိုလိုက်တဲ့အတိုင်း ကျွဲမတကောင်က ခတ်ဖို့ ထလာသတဲ့၊ အဲဒီအခါ သူငယ်က "ငါ့အမေနှုတ်က ဆိုလိုက်တဲ့အတိုင်း မဖြစ်ပါစေနဲ့၊ စိတ်ထဲက အလိုရှိတဲ့ ကြံစည်တဲ့အတိုင်းသာ ဖြစ်ပါစေ" လို့ သစ္စာပြုလိုက်သတဲ့။ အဲဒီအခါ ကျွဲမဟာ ရှေ့ကို မတိုးလာဘဲ ရပ်တန့်တည်နေပါသတဲ့။ မိဘတွေဆိုတာ သားသမီးတွေကို ပြောဆိုလို့မရယင် ကျွဲခတ်ပါစေ၊ မြွေကိုက်ပါစေ၊ သေခြင်းဆိုးနဲ့ သေပါစေ စသည်ဖြင့် ကျိန်ဆိုတတ်ကြတယ်၊ ဒါပေမဲ့ စိတ်ထဲကတော့ သားသမီးများအပေါ်မှာ ကြာပန်းဖတ်ကလေးကျတာကိုတောင် အလိုမရှိကြပါဘူး၊ ဆရာသမားများကလဲ တပည့်တွေကို ပြောလို့မရယင် နင်တို့ သွားကြ၊ ငါ့ဆီမှာ မနေကြနဲ့၊ နင်တို့ဟာ နင်တို့ ဖြစ်ချင်သလို ဖြစ်ကြပါစေ စသည်ဖြင့် မာန်မဲပြောဆိုတတ်ကြပါတယ်၊ ဒါပေမဲ့ စိတ်ထဲကတော့ အဲဒီတပည့်တွေ သီလစသည် ကြီးပွါးတိုးတက်ခြင်းကိုသာ အလိုရှိကြပါတယ်။ ဒါကြောင့် ဒီလိုအပြောအဆိုမျိုးကတော့ နှုတ်ထွက်က ကြမ်းပေမဲ့ စိတ်ထဲကမကြမ်းတဲ့အတွက် ဖရုသဝါစာကံမမြောက်ဘူးလို့ မှတ်ရမယ်။ နှုတ်က နူးညံ့ပေမဲ့ စိတ်ကကြမ်းယင်တော့ အဲဒီကံမြောက်တာဘဲ၊ မင်းများဟာ သေဒဏ်ထိုက်တဲ့သူကို ကဲ–ဒီလူကို ချမ်းသာစွာ အိပ်ပါစေကွယ်–လို့ ချိုချိုသာသာနဲ့ ပြောပေမဲ့ စိတ်ထဲက သေစေလို့ကြမ်းတမ်းတဲ့ စေတနာရှိနေတဲ့အတွက် အဲဒီလို စကားကတော့ ဖရုသဝါစာဝစီကံ မြောက်တာဘဲ။

ဒါကြောင့် သူတပါးတွေက ကြမ်းကြုတ်တဲ့ စိတ်စေတနာဖြင့် ဆဲရေးကျိန်ဆိုကြမည့်နေရာမှာ ငါတို့ကတော့ အဲဒီလို ဆဲရေးကျိန်ဆိုမှုကိုမပြုဘဲ ကြဉ်ရှောင်မယ်၊ စိတ်ကောင်း နှလုံးကောင်းနဲ့ နူးညံ့သိမ်မွေ့တဲ့စကား, နားချမ်း

www.dhammaransi.com



သာတဲ့ စကား , နားဝင်ချိုတဲ့စကား , နှစ်သက်ဖွယ် စကားမျိုးကိုသာ ပြောဆိုမယ်လို့ နှလုံးသွင်းဆောက်တည်ပြီး စကားကြမ်းတွေကို ရှောင်ရမယ်၊ ချိုသာယဉ်ကျေးတဲ့ စကားကိုသာ ပြောကြရမယ်။ ဖရုသာယ ဝါစာယ (ကြမ်းတမ်းသော စကားမှ) ဝေရမဏိသိက္ခာပဒံ (ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို) သမာဒိယာမိ (ဆောက်တည်ပါ၏)လို့ တိုက်ရိုက်ဆောက်တည်ပြီးတော့ ဖြစ်စေ၊ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-လို့ ဆောက်တည်မှုထဲမှာ အတွင်းသွင်းပြီး ဆောက်တည်၍ ဖြစ်စေ သီလဖြင့်လဲ ဒီလိုစကားကြမ်းတွေကို ပယ်ရမယ်၊ သမထ အာရုံတခုခုကို နှလုံးသွင်းရှုမှတ်ပြီး သမာဓိဖြင့်လဲ ပယ်ရမယ်၊ အနိဋ္ဌာရုံတွေကို တွေ့ရတဲ့အခါ ဝိပဿနာရှုခြင်းဖြင့်လဲ ပယ်ရမယ်၊ အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံတွေကို မြင်ရ ကြားရ ထိရ သိရတဲ့အခါ ဒေါသဖြစ်ပြီး အဲဒီလို စကားကြမ်းတွေကို ပြောမိတတ်တယ်၊ ဒါကြောင့် အဲဒီလို အာရုံဆိုးတွေနဲ့ တွေ့ရတဲ့ အခါ ရှုမှတ်ပြီး ပယ်ရမယ်၊ အထူးအားဖြင့် ကိုယ်မကြိုက်တဲ့စကားကို ကြားရတဲ့ အခါ နှုတ်ကစကားကြမ်းတွေကို ပြောမိတတ်တယ်၊ ဒါကြောင့် မကြားချင်တဲ့ စကားတွေကို ကြားရတဲ့ အခါ အထူးဂရုစိုက်ပြီး ရှုမှတ်ဖို့လိုပါတယ်။

## ရှုမှတ်ခြင်းဖြင့် ဖရုသဝါစာကို ပယ်နိုင်ပုံ သာဓက

ဘုန်းကြီး၏ ဇာတိအရပ် ရွှေဘို ဆိပ်ခွန်ရွာမှာ အထူးအမှတ်ကောင်းတဲ့ ယောဂီဟောင်းတဦး ရှိတယ်၊ သူက ယခုတော့ ရဟန်းဖြစ်နေလို့ ဝါ ၂၀-ကျော်တောင် ရှိနေပါပြီ၊ သူ့မှာ လူဝတ်နဲ့နေစဉ်တုံးက သူ့ယောက္ခမ ဘခင်ကြီးက အပြစ်တင် ပြောဆိုနေတဲ့အခါ အဲဒီအပြစ်တင် ပြောဆိုတဲ့ စကားတွေကို ကြားတိုင်း ကြားတိုင်း "ကြားတယ် ကြားတယ်" လို့ သူက မပြတ်ရှုမှတ်နေသတဲ့၊ အဲဒီလို ပြောဆိုနေတာဟာ ၁၀-မိနစ်လောက် ကြာဟန်ရှိပါတယ်၊ ဒါပေမဲ့ သူ့မှာတော့ ကြားရတဲ့အသံရော ကြားသိတာရော ကြားသိရင်း ပျောက်သွားရင်း ကြားသိရင်း ပျောက်သွားရင်းနဲ့ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရတယ်၊ ဘာပြောတယ် ဘာဆိုတယ်-လို့ တလုံးတပါဒမျှ မသိလိုက်ရဘူး-တဲ့၊ ဒါကြောင့် သူ့မှာ စိတ်လဲ မဆိုးရဘူး၊ ပြန်ပြီးချေပပြောဆိုလိုတဲ့ စိတ်လဲ မဖြစ်ရဘူးတဲ့။ အကယ်၍သာ အဲဒီ အပြစ်ပြောတဲ့ စကားတွေကို မရှုမမှတ်ပဲ နားထောင်နေယင် မခံချင်တဲ့စိတ်တွေဖြစ်ပြီး စိတ်ဆိုးလိမ့်မယ်၊ ပြန်လည်

www.dhammaransi.com



ချေပတဲ့ အနေနဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေကိုလဲ ပြောမိလိမ့်မယ်၊ အဲဒီတုန်းက သူမှာ ကြားတိုင်း ကြားတိုင်း မပြတ်ရှုမှတ်နေတဲ့အတွက်, အမှတ်အသိကလဲ ကောင်းနေတဲ့အတွက် အဲဒီလို ဖြစ်ရမည့်ဟာတွေ မဖြစ်ရပဲ ငြိမ်းသွားတယ်၊ ဒါဟာ ရှုမှတ်မှု ဝိပဿနာဖြင့် ဖရုသဝါစာကို ပယ်တာ ငြိမ်းစေတာပါဘဲ။ ဒီပြင် ပုဂ္ဂိုလ်တွေလဲ ဒီလို အရေးကြုံတဲ့အခါ ဒီနည်းအတိုင်း ရှုမှတ်ပြီး ပယ်နိုင်ပါတယ်၊ အလွန်ကောင်းတဲ့ ပယ်ပုံ ပယ်နည်းပါဘဲ။ အဲဒီလို အနိဋ္ဌာရုံတွေ ပေါ်လာတဲ့အခါ မပြတ်ရှုမှတ်နေယင် ဖရုသဝါစာကို ပယ်နိုင်ရုံတွင်မကသေးဘူး၊ မခံချင်တဲ့စိတ် ဒေါသစိတ်တွေကိုလဲ ပယ်နိုင်တယ်၊ အလွန်ကျေးဇူးများပါတယ်။ ဝိပဿနာဉာဏ်ရင့်လို့ အရိယာမဂ်ဉာဏ်များ ရောက်သွားတဲ့အခါကျတော့ အဲဒီ ဖရုသ-ဝါစာကို အမြစ်ပြတ် လုံးဝကင်းစေနိုင်ပါတယ်၊ ဒါပေမဲ့ ပိသုဏဝါစာနှင့် ဒီဖရုသ-ဝါစာကတော့ ဒေါသနှင့် ယှဉ်ပြီးဖြစ်တဲ့ အကုသိုလ်ဖြစ်တဲ့အတွက် အနာဂါမိမဂ်ကျမှ အကုန်ကင်းစေနိုင်တယ်၊ သောတာပတ္တိမဂ်ဖြင့် ဆိုယင် အပါယ်ကျစေနိုင်တဲ့ ပိသုဏဝါစာ, ဖရုသဝါစာကိုသာ ကင်းစေနိုင်တယ်၊ သကဒါဂါမိမဂ်ဖြင့် ဆိုယင် အပါယ်မကျစေနိုင်တဲ့ ပိသုဏဝါစာ, ဖရုသဝါစာထဲက ရုန့်ရင်းကြမ်းတမ်းတဲ့ အကုသိုလ်ကိုသာ ကင်းစေနိုင်တယ်၊ သိမ်မွေ့တဲ့ ပိသုဏဝါစာနှင့် ဖရုသဝါစာကိုတော့ မကင်းစေနိုင်သေးဘူး၊ အဲဒီလိုသိမ်မွေ့တဲ့ ပိသုဏဝါစာနှင့် ဖရုသဝါစာတွေကတော့ အနာဂါမိမဂ်ရောက်မှ လုံးဝ အကုန် ကင်းပြတ်သွားကြတယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ "ပိသုဏဝါစာ, ဖရုသဝါစာ, ဗျာပါဒ ဟူသော အကုသိုလ်ကမ္မပထ သုံးပါးတို့သည် (တတိယဉာဏဝဇ္ဈာ) အနာဂါမိမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့ပေတည်း" လို့ မိန့်ဆိုထားပါတယ်။ ဒါကြောင့် ခုတင်က ပြောခဲ့တဲ့ ပိသုဏဝါစာနှင့် ယခုပြောနေဆဲ ဖရုသဝါစာ ဆိုတဲ့ အကုသိုလ်တွေကို လုံးဝ ပယ်နိုင်အောင် အဲဒီ အနာဂါမိမဂ်အထိ အားထုတ်သွားဘို့ပါဘဲ။

## အပြစ်နှင့် အကျိုး

ဆဲရေးကျိန်ဆိုတဲ့ ဖရုသဝါစာကို ပြောဆိုယင် ဘယ်လို အပြစ်ရှိသလဲလို့ဆိုတော့ အပါယ်ကျတတ်တဲ့အကြောင်း၊ လူ့ဘဝရောက်လာပြန်ယင်လဲ ဆဲရေးကြိမ်းမောင်းသံ ဆိုတဲ့ အသံဆိုးများကို များစွာကြားရတတ်ကြောင်းများကို အင်္ဂုတ္တရပါဠိတော်မှာ ပြဆိုထားပါတယ်။ အဲဒါကို ဘုန်းကြီးက "ဆဲဆို ပါယ်ကျ၊

www.dhammaransi.com



လူဖြစ်က၊ ကြားရ သံဆိုးများ ”လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဆဲဆိုပါယ်ကျ၊ လူဖြစ်က၊ ကြားရသံဆိုးများ။ (ဆို)

တချို့က “ငါ့ဥစ္စာ ခိုးတဲ့သူ ယူတဲ့သူဟာ သေချင်းဆိုးနဲ့ သေပါစေ၊ ငရဲကျပါစေ” စသည်ဖြင့် သူတပါးကို ကျိန်ဆိုတတ်ကြတယ်၊ အိန္ဒိယက ကုလားရသေ့ ကုလားဘုန်းကြီးတွေမှာ ဒီလို ကျိန်တတ်တဲ့ ဓလေ့ထုံးစံရှိတယ်၊ သူတို့ အလှူခံတာကို မလှူယင်လဲ ကျိန်တတ်ကြတယ်၊ အကျိန်ခံရတဲ့သူမှာ အဲဒီလို ကျိန်တဲ့အတိုင်း ဘေးသင့်တတ်တယ်လို့လဲ အဲဒီမှာ လူတော်တော်များများက ယုံကြည်နေကြတယ်၊ ဒါကြောင့် အဲဒီလို ယုံကြည်တဲ့သူတွေက အကျိန်ခံရမှာ အလွန်ကြောက်ကြတယ်၊ သူတို့ကြောက်ခြင်း၏ အကြောင်းကတော့ သူတို့ အလေးပြုတဲ့ ပုရာဏ်ကျမ်းတွေထဲမှာ အဲဒီလို ရသေ့ကြီးတွေက ကျိန်ဆိုလို့ ကျိန်စာသင့်ပြီး ဒုက္ခရောက်ပုံတွေ ပြထားတာ တော်တော်များများ ရှိတယ်၊ အဲဒါတွေကို ကြားသိထားရတဲ့အတွက် ကြောက်ကြတာနဲ့ တူပါတယ်၊ ဗုဒ္ဓသာသနာဝင် ရဟန်းတော်များမှာတော့ အဲဒီလို သူတပါးကိုလဲ မကျိန်ရဘူး၊ မိမိကိုယ်ကိုလဲ မကျိန်ရဘူး၊ ဗုဒ္ဓတရားတော်အရအားဖြင့်ဆိုယင် အကုသိုလ်ကံကြောင့်သာ မကောင်းကျိုးရောက်နိုင်တယ်၊ ကျိန်ဆိုမှုသက်သက်ကြောင့်တော့ မကောင်းကျိုး မရောက်နိုင်ပါဘူး။ အမှန်ကတော့ သူတပါးကို မကောင်းကျိုး ရောက်အောင် ကျိန်ဆိုယင် သူတပါးဆီမရောက်ပဲ ကိုယ့်ဆီကိုသာ ပြန်လာတတ်တယ်၊ အဲဒီလို ပြန်လာတတ်ပုံကို ပေတဝတ္ထုပါဠိတော်မှာ ပြထားတာတွေ ရှိတယ်၊ ယခု အဲဒီ ကျိန်ဆိုမှု ဆဲရေးမှုကြောင့် ပြိတ္တာ ဖြစ်ရပုံကို အဲဒီ ပေတဝတ္ထုပါဠိတော်မှ ထုတ်ပြီး အကျဉ်းချုပ် ပြဦးမယ်။

## ကျိန်ဆဲလို့ ပြိတ္တာဖြစ်သည်

ဘုရားလက်ထက်တော်ကာလက ယက္ကန်းသည်အိမ်ထောင်စု ၁၁-အိမ်သာရှိတဲ့ တောရွာတခုမှာ ရဟန်းတော် ၁၂-ပါး ဝါကပ်သီတင်းသုံးနေကြတယ်၊ အကြီးအကဲ ယက္ကန်းသည်ကြီးက ရဟန်းတော် ၂-ပါးကို ပစ္စည်း ၄-ပါးဖြင့် လှူဒါန်းပြုစုတယ်၊ အခြား ၁၀-အိမ်က တပါးစီ တာဝန်ယူပြီး လှူဒါန်း ပြုစုကြတယ်။

www.dhammaransi.com



ယက္ကန်းသည်ကြီး၏ ဇနီးကတော့ မိစ္ဆာဒိဋ္ဌိ အယူရှိတယ်၊ သဒ္ဓါတရား မရှိဘူး၊ ဒါကြောင့် တာဝန်ယူထားတဲ့ ရဟန်း ၂-ပါးကို ရိုရိုသေသေ မပြုစု မလုပ်ကျွေးဘူးတဲ့။ အဲဒီလို ရိုရိုသေသေ မပြုစုတာကို မြင်ရတော့ ယက္ကန်းသည်ကြီးက သဒ္ဓါ-တရားနဲ့ ပြည့်စုံတဲ့ အခြားအမျိုးသမီးကို လက်ဆက်ပြီး ပစ္စည်းဥစ္စာတွေကို အကုန် လွှဲအပ်ထားတယ်၊ အဲဒီ ဇနီးအငယ်ကတော့ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ အတွက် ရိုရိုသေသေ ပြုစုလုပ်ကျွေးတယ်၊ သူကလဲ တခြားက မဟုတ်ပါဘူး၊ ဇနီးအကြီးရဲ့ ညီမပါဘဲ-တဲ့။ ဝါကျွတ်တဲ့အခါကျတော့ ရဟန်းတော်တပါး တပါးအား သင်္ကန်းလျာအဝတ်တထည်စီ လှူကြတယ်။ အဲဒီမှာ ယက္ကန်းသည် ကြီး၏ ဇနီးအကြီးက သူ့ခင်ပွန်းကို စိတ်ဆိုးပြီးတော့ ဒီလို ကျိန်ဆဲလိုက်ပါသတဲ့။

> သာကီဝင်နွယ် ရဟန်းများအား သင်လှူတဲ့ ထမင်း အဖျော်တွေ ဟာ နောင်ဘဝကျတော့ သင့်မှာ ကျင်ကြီး ကျင်ငယ်တွေ ပြည်တွေ သွေးတွေ ဖြစ်ပါစေ၊ လှူတဲ့ အဝတ်တွေလဲ ရဲရဲတောက်သော သံပြား တွေ ဖြစ်ပါစေ-လို့ ကျိန်ဆဲလိုက်ပါသတဲ့။

အသက်အတိုင်းနေပြီး သေကြတဲ့အခါ ယက္ကန်းသည်ကြီးဟာ ဝိဥ္ဈတောမှာ ရုက္ခဇိုဝ်းနတ်ကြီးဖြစ်ပြီး နေပါသတဲ့၊ ကျိန်ဆဲတဲ့ သူ့ဇနီးကတော့ အဲဒီရုက္ခဇိုဝ်း နတ်ကြီးရဲ့ ဗိမာန်အနီးမှာဘဲ ပြိတ္တာမကြီး ဖြစ်နေရှာပါသတဲ့။ အဲဒီ ပြိတ္တာမကြီး မှာ အဝတ်လဲ မရှိရှာဘူး၊ စားစရာလဲ မရှိရှာဘူး၊ ဒါကြောင့် သူက ရုက္ခဇိုဝ်း နတ်ကြီးထံ လာပြီးတော့ "အရှင်၊ ကျမမှာ အဝတ်လဲ မရှိဘူး၊ အလွန်ဘဲ ဆာလောင်မွတ်သိပ်ပြီး ဒုက္ခရောက်နေပါတယ်၊ အဝတ်နဲ့ ထမင်းအဖျော်များကို ပေးကမ်းမစတော်မူပါ" လို့ တောင်းတယ်၊ ဒီတော့ ရုက္ခဇိုဝ်းနတ်ကြီးက သနား တာနဲ့ နတ်တို့ အသုံးအဆောင်ဖြစ်တဲ့ ထမင်း အဖျော်တွေကို ပေးလိုက်တယ်၊ အဲဒီ ထမင်း အဖျော်တွေဟာ ပြိတ္တာမကြီး လက်ထဲရောက်တော့ ကျင်ကြီး ကျင်ငယ်တွေ ပြည်တွေ သွေးတွေ ဖြစ်သွားသတဲ့၊ နတ်တို့အဝတ်ကို ပေးလိုက် ပြန်တော့လဲ အဲဒီအဝတ်က ပြိတ္တာမကိုယ်မှာ ဝတ်ရုံလိုက်သည်နှင့် တပြိုင်နက် ရဲရဲတောက်တဲ့ သံပြားဖြစ်သွားသတဲ့၊ ဒီတော့ ပြိတ္တာမကြီးဟာ သံပြားအပူ လောင်ပြီး ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရတဲ့အတွက် အဲဒီ သံပြားအဝတ်ကို

www.dhammaransi.com



စွန့်ပစ်ပြီး ငိုယိုမြည်တမ်းပြေးရှာသတဲ့။ အဲဒါဟာ သူ့ကျိန်စာနဲ့ သူ့ပြန်ထိတာ ပါဘဲ။

ဒါပေမဲ့ နောက်တချိန်ကျတော့ ရဟန်းတပါးက အဲဒီ တောအရပ်ကို ရောက်လာလို့ အဲဒီ ဖြစ်ပုံတွေကို တွေ့မြင်ရပြီးတဲ့အခါ အဲဒီ ရဟန်းရဲ့ ညွှန်ကြား ချက်အရ ရုက္ခဇိုဝ်းနတ်ကြီးက အဲဒီရဟန်းအား နတ်တို့၏ မွန်မြတ်သော ထမင်း အဖျော်တွေကို လှူပြီး အဲဒီ ပြိတ္တာမကြီးအား အမျှပေးဝေတယ်၊ အဲဒီအခါ ပြိတ္တာမကြီးဟာ နတ်တို့၏အစာကို စားရပြီး နတ်သမီးလိုပင် ပြည့်ဖြိုး ပြည့်စုံ သွားပါသတဲ့။ နောက်ပြီးတော့ နတ်အဝတ်တစုံကိုလဲ မြတ်စွာဘုရားအား လှူဘို့ အဲဒီရဟန်းထံမှာ အပ်ပြီးတော့ ပြိတ္တာမကြီးအား အမျှပေးဝေပြန်တယ်၊ အဲဒီ အခါမှာ ပြိတ္တာမကြီးဟာ နတ်တို့၏ အဝတ်တန်ဆာများကို ဝတ်ဆင်ရပြီး နတ်သမီးတမျှ လှပတင့်တယ်သွားတယ်-လို့ ဆိုပါတယ်။ ဒီလိုဆိုတော့ ကျိန်စာ သင့်လို့ ဒုက္ခရောက်နေရပေမဲ့ ကုသိုလ်နဲ့ ကုစားနိုင်တဲ့အတွက် တော်သေးရဲ့လို့ ဆိုရမှာဘဲ။

## ဆဲရေးလို့လဲ ပြိတ္တာဖြစ်တတ်သည်

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိမြို့အနီးက ရွာငယ်တခုမှာ နန္ဒိသေန ဆိုတဲ့ ဥပါသကာတယောက်ရှိတယ်၊ သဒ္ဓါတရားနဲ့ ပြည့်စုံတယ်၊ သူ့ဇနီးကတော့ နန္ဒာ တဲ့၊ သဒ္ဓါတရားမရှိဘူး၊ ကြမ်းတမ်းတယ်၊ ခင်ပွန်းလင် ကိုလဲ မရိုသေဘူး၊ ဆဲရေးတတ်တယ်၊ ယောက္ခမ မိခင်ကိုလဲ သူခိုးမလို့ ဆဲဆို တယ်၊ အဲဒီ နန္ဒာဟာ သေတဲ့အခါ ပြိတ္တာမကြီးဖြစ်ပြီး အဲဒီရွာအနီးမှာဘဲ သွားလာကျက်စားနေတယ်၊ တနေ့သောအခါ နန္ဒိသေန ဥပါသကာကြီးက ရွာအပြင်ထွက်ခိုက်မှာ သူက ကိုယ်ထင်ပြတယ်၊ ဒီတော့ နန္ဒိသေနက "ဟဲ့- အသားအရောင်ကလဲ နက်ပါဘိနဲ့ အရုပ်ဆိုးလှပါကလား၊ နင်ဟာ လူတော့ ဟုတ်ဟန်မတူဘူး၊ ဘာလဲ၊ ဘယ်လိုမကောင်းမှုကြောင့် ဒီလို ဖြစ်နေရသလဲ"လို့ မေးတယ်။ ဒီတော့ ပြိတ္တာမကြီးက သင်၏ဇနီး နန္ဒာပါဘဲလို့ ပြောပြီးတော့—

အဟံ၊ အကျွန်ုပ်သည်။ စဏ္ဍီ စ၊ အပြုအမူ ကြမ်းတမ်းသည်ရှင်း။
ဖရုသာ စ၊ အပြောအဆို ကြမ်းတမ်းသည်ရှင်း။ အာသိံ၊ ဖြစ်ခဲ့ပါသည်။

www.dhammaransi.com



တယိပိ၊ ခင်ပွန်းဖြစ်သော သင်အပေါ်၌လည်း။ အဂါရဝါ၊ ရိုသေခြင်း မရှိသည်။ အာသိံ၊ ဖြစ်ခဲ့ပါသည်။ တံ၊ ခင်ပွန်းဖြစ်သောသင်ကို။ ဒုရုတ္တံ ဝတ္တာန၊ ဆဲရေးပြောဆိုခဲ့သောကြောင့်။ ပေတလောကံဂတာ၊ ပြိတ္တာလောကသို့ ရောက်နေရပါတယ်-လို့ ပြောကြားတယ်။

အဲဒါဟာ သီတင်းသီလနဲ့ ပြည့်စုံတဲ့လင်ကို ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုခဲ့လို့ ပြိတ္တာဖြစ်ရတာဘဲ။ အဲဒီလို ပြောမှားဆိုမှားရှိလို့ အပြစ်မှ လွတ်မြောက်ချင်ယင် ကန်တော့တောင်းပန်ရတယ်၊ ကန်တော့တောင်းပန်လိုက်ယင် အဲဒီလို မကောင်းကျိုးတွေမှ လွတ်မြောက်နိုင်ပါတယ်။ နန္ဒာဆိုတဲ့ ဒီမိန်းမကြီးကတော့ တောင်းပန်ရမှန်းလဲ သိဟန်မတူပါဘူး၊ တောင်းပန်ခြင်းလဲ ရှိဟန်မတူပါဘူး၊ ဒါကြောင့် သူဟာ ပြိတ္တာမကြီး ဖြစ်နေရတယ်။ အဲဒီအကြောင်းကို သိရတော့ နန္ဒိသေန ဥပါသကာကြီးက သူ့ကိုယ်ရုံအဝတ်ကို လှမ်းပေးတယ်၊ အဲဒါကို ဝတ်ပြီး "အိမ်လိုက်ခဲ့၊ အိမ်ကျတော့ အဝတ်ရော စားသောက်စရာရောရမယ်"လို့လဲ ပြောတယ်။

အဲဒီအခါ ပြိတ္တာမကြီးက ဒီလို အဝတ် အစာကို လက်ဆင့်ကမ်းပေးလို့ မရနိုင်ဘူး၊ သီလနှင့်ပြည့်စုံတဲ့ ရဟန်းများကို လှူပြီး အမျှဝေမှ ရနိုင်တယ်-လို့ ပြောတယ်။ အဲဒီလို ပြောတဲ့အတိုင်းဘဲ နန္ဒိသေန ဥပါသကာကြီးက သီလနှင့်ပြည့်စုံတဲ့ ရဟန်းများကို ဆွမ်းခဲဘွယ် အဝတ်အထည် စသည်တို့ကို လှူပြီး အဲဒီ ပြိတ္တာမကြီးအား ရည်စူးအမျှပေးဝေတယ်၊ အမျှပေးဝေလို့ သာဓုခေါ်လိုက်သည်နှင့် တပြိုင်နက် နတ်ပြည်လောက၌ ဖြစ်သော စားဘွယ် သောက်ဘွယ် ဝတ်ဘွယ် စသည်တွေကို ရပြီး နတ်သမီးလိုပင် လှပတင့်တယ်သွားပါသတဲ့။ ဒီပြိတ္တာမကြီးမှာလဲ ကုသိုလ်နဲ့ ပြုပြင်လို့ရတဲ့အတွက် တော်ပါသေးရဲ့။

ယခုပြောခဲ့တာတွေဟာ ဆဲဆိုမှု ဖရုသဝါစာကြောင့် အပါယ်ကျတတ်ပုံ သာဓကတွေပါဘဲ။ ဒါကြောင့် "ဆဲဆို ပါယ်ကျ၊ လူ ဖြစ်က၊ ကြားရ သံဆိုးများ"လို့ ဆောင်ပုဒ်က ဆိုထားပါတယ်။ အဲဒီ ဖရုသဝါစာမှ ကြဉ်ရှောင်ပြီး ချိုသာတဲ့စကားကို ပြောခြင်း၏ အကျိုးကိုတော့ အဲဒီအကုသိုလ်၏ အကျိုးမှ ပြန်လှန်ပြီး ယူရုံပါဘဲ။ သူများက ဆဲဆိုပေမဲ့ မိမိက ပြန်လှန်ပြီး ဆဲဆိုချေပခြင်း မပြုဘဲ သည်းခံပြီး ချိုချိုသာသာ စကားကိုသာ ပြောယင် နတ်ပြည်ရောက်တတ်တယ်၊ ဝိမာနဝတ္ထုတွေထဲမှာ ဒီလို အကျိုးပေးပုံတွေရှိပါတယ်၊ လူ့ဘဝ

www.dhammaransi.com



ပြန်ရောက်ယင်လဲ သူတပါးက ချိုချိုသာသာနဲ့ နားဝင်ချိုတဲ့စကားကိုသာ ပြောကြတယ်၊ အသံဆိုးကို မကြားရဘူး၊ အသံကောင်းကိုသာ ကြားရတယ်-လို့ ဒီလို ပြန်လှန်ပြီး ယူရုံပါဘဲ။ ဖရုသဝါစာကို ကြဉ်ရှောင်ပြီး ချိုချိုသာသာ ပြောဆိုခြင်းကြောင့် ရတဲ့ကောင်းကျိုးကတော့ နောင်ဘဝကျမှသာ မဟုတ်ဘူး၊ ယခုဘဝတွင်လဲဘဲ ထင်ရှားပါတယ်။ ချိုချိုသာသာ ပြောတတ်တဲ့ လူကို သက်ဆိုင်ရာ လူအားလုံးက ချစ်ခင်ကြည်ညိုကြတယ်၊ အလေးအမြတ်ပြုကြတယ်၊ မိတ်ဆွေတွေနဲ့ ကွဲပြားခြင်းမရှိဘူး၊ ဒါကြောင့် ချိုချိုသာသာ ပြောတတ်အောင် အထူးသဖြင့်ကို လေ့လာကျင့်သုံးသင့်ပါတယ်၊ စိတ်ဆိုးနေတဲ့အခါ ပြောစရာရှိပေမဲ့ မပြောနဲ့အုံး၊ အဲဒီ စိတ်ဆိုးနေတာကို ပြေပျောက်သွားအောင် ရှုမှတ်ပြီး ပယ်လိုက်ပါအုံး၊ အဲဒီစိတ်ဆိုးပြေသွားတဲ့အခါကျမှ ချိုချိုသာသာ ပြောပါ၊ ဒီအတိုင်းကျင့်နေယင် မျက်မှောက်မှာလဲ ကောင်းကျိုးတွေကို ရပါလိမ့်မယ်။ ဖရုသဝါစာ အကြောင်းကတော့ ပြည့်စုံလောက်ပါပြီ၊ သမ္ဖပ္ပလာပကို ပြောကြစို့။

## သမ္ဖပ္ပလာပ

ပရေ သမ္ဖပ္ပလာပီ ဘဝိဿန္တိ၊ မယမေတ္ထ သမ္ဖပ္ပလာပါ ပဋိဝိရတာ ဘဝိဿာမာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသောပုဂ္ဂိုလ်တို့သည်။ သမ္ဖပ္ပလာပီ၊ အနှစ်မဲ့သော မဟုတ်တမ်းစကားကို ပြောဆိုလေ့ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့ံ။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ သမ္ဖပ္ပလာပါ၊ အနှစ်မဲ့စကားကို ပြောဆိုခြင်းမှ။ ပဋိဝိရတာ၊ ကြဉ်ရှောင်ကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

သမ္ဖပ္ပလာပ ဆိုတာ အဘူတ-တကယ်ဖြစ်ဘူးတဲ့ အကြောင်းအရာ မဟုတ်တဲ့ ဒဏ္ဍာရီစကား၊ အနတ္ထ—အကျိုးစီးပွါးနှင့် မစပ်ဆိုင်တဲ့စကား၊ အဓမ္မ—တရားနှင့် မစပ်ဆိုင်တဲ့ စကား၊ အဝိနယ—အဆုံးအမနှင့်မစပ်ဆိုင်တဲ့ စကား၊ အနိဓာနဝတီ-စိတ်နှလုံးထဲ၌ မှတ်စွဲ သိမ်းပိုက်ထားရန် မသင့်တဲ့စကား။ ဒီလိုစကားမျိုးပါဘဲ။ လိုရင်းကတော့ တကယ်မဟုတ်တဲ့ အကြောင်း အရာတွေကို ဟုတ်သလိုလို လုပ်ပြီး ပြောတဲ့ ဒဏ္ဍာရီစကားမျိုးပါဘဲ။ သို့သော်လဲ လောကမှာ လူတွေက

www.dhammaransi.com



အဲဒီလို မဟုတ်တမ်း စကားတွေကို အကြိုက်များနေကြတယ်၊ စာရေးဆရာတွေက စိတ်ကူး ကောင်းကောင်းနဲ့ ဇာတ်လမ်း ဝတ္ထုတွေကို ရေးထုတ်ကြတယ်၊ အဲဒီလို ဝတ္ထုစာအုပ်တွေကို လူတွေက အကြိုက်များကြတယ်၊ ထုတ်ဝေလိုက်တယ် ဆိုတာနဲ့ တလအတွင်းလောက်မှာဘဲ အဲဒီလို စာအုပ်တွေဟာ ကုန်သွားတတ်တယ်၊ ရောင်းလို့ကို လက်မလည်နိုင်ဘူး။ ဘုန်းကြီးတို့ တရားဘက်က စာအုပ်တွေကျတော့ တော်တော်နဲ့ မကုန်နိုင်ဘူး၊ လူကြိုက်နည်းတယ်။ အဲဒါ ဘာကြောင့်လဲ ဆိုယင် တရားစာအုပ်တွေက သမ္ဖပ္ပလာပစာအုပ်တွေလို ဆွဲဆောင်နိုင်စွမ်းမရှိတဲ့ အတွက်ကြောင့်လို့ ဆိုရမှာဘဲ၊ အဲဒီ သမ္ဖပ္ပလာပ စာအုပ်တွေက ဆွဲဆောင်နိုင်တာဟာလဲ လူတွေရဲ့အကြိုက်ကို လိုက်ပြီးတော့ ပျော်ရွှင်ခန်း လွမ်းခန်း ဆွေးခန်း စသည်တွေကို တကယ်ရှိတာမဟုတ်ပါဘဲနဲ့ အမျိုးမျိုး အထွေထွေ တန်ဆာဆင်ပြီး ဖော်ပြထားတဲ့ အတွက်ကြောင့်ပါဘဲ။ အဲဒီလို အနှစ်မဲ့ သမ္ဖပ္ပလာပစကားတွေကို သူများတွေက ပြောဆိုကြ ရေးသားကြ ဖြန့်ဖြူးကြမည့်နေရာမှာ ငါတို့ကတော့ အဲဒါမျိုးတွေကို မပြောဆိုဘူး၊ မရေးသားဘူး၊ မဖြန့်ဖြူးဘူးလို့ နှလုံးသွင်း ဆောက်တည်ပြီး သလ္လေခအကျင့်ကို ကျင့်ရမယ်။

အဲဒီလိုကျင့်တဲ့သူဟာ ဘူတဝါဒီ–တကယ်ဖြစ်ဘူးတဲ့ အကြောင်းအရာမျိုးကိုသာ ပြောတတ်သူ ဖြစ်ရမယ်၊ အတ္ထဝါဒီ–အကျိုးစီးပွါးနှင့် စပ်တဲ့စကားကိုသာ ပြောတတ်သူ ဖြစ်ရမယ်၊ ဓမ္မဝါဒီ–တရားစကားကိုသာ ပြောတတ်သူ ဖြစ်ရမယ်။ ဝိနယဝါဒီ–အဆုံးအမစကားကို ပြောတတ်သူ ဖြစ်ရမယ်၊ နိဓာနဝတီ–စိတ်နှလုံးထဲ၌ မှတ်စွဲ သိမ်းပိုက်ထားသင့်သော စကားကိုသာ ပြောတတ်သူ ဖြစ်ရမယ်၊ အဲဒီလို စကားကောင်းကို ပြောပေမဲ့ အချိန်အခါမဟုတ်ရာမှာတော့ မပြောရဘူး၊ အတိုင်း အရှည်မရှိဘဲ အလွန်အကျွံတော့ မပြောရဘူး၊ ပြောသင့်တဲ့ အချိန် အခါမှာသာ တော်သင့်ရုံလောက်သာ ချင့်ချိန်ပြီး ပြောရမယ်။ ဒါကြောင့် တရားစကားပေမဲ့ အခြေအနေ ကြည့်ပြီး ပြောရတယ်၊ တရားမနာချင်တဲ့ လူကို ခဏခဏသွားပြီးဟောနေယင် အဲဒီလူက တရားကိုကြောက်သွားတတ်တယ်၊ တရားအားမထုတ်ချင်တဲ့လူကို ခဏခဏတိုက်တွန်းယင်လဲ အဲဒီလူက အတွေ့မခံချင်ဘဲ ဖြစ်နေတတ်တယ်၊ ဒါကြောင့် အဲဒီလိုလူ့ရဲ့ အခြေအနေကို

www.dhammaransi.com



ကြည့်ပြီး သင့်လျော်တဲ့ အချိန်အခါမှာ နည်းနည်းချင်း ပြောရ တိုက်တွန်းရတယ်။ သို့ပေမဲ့ အလွန်ရင်းနှီးတဲ့ ပုဂ္ဂိုလ်ဆိုယင်တော့ ဃဋိကာရထုံးကို နှလုံးသွင်းပြီး သင့်လျော်တဲ့ အချိန်အခါမှာ အတင်းလဲ တိုက်တွန်းသင့်ပါတယ်။

## ဃဋိကာရထုံး

ကဿပ မြတ်စွာဘုရား လက်ထက်တော် ကာလ တုန်းက ဝေဂဠိင် ခေါ်တဲ့ နိဂုံးရွာကြီးမှာ ဃဋိကာရဆိုတဲ့ အိုးလုပ်သမား အနာဂါမ် ဥပါသကာတယောက် ရှိတယ်၊ တနေ့သောအခါမှာ သူက မိတ်ဆွေရင်းဖြစ်တဲ့ ဇောတိပါလကို ကဿပ မြတ်စွာဘုရားအား အဖူးမြော်သွားရန် သုံးကြိမ်တိုင်တိုင် တိုက်တွန်းတယ်၊ ဇောတိပါလကလဲ "ဦးပြည်းရဟန်းကို ဖူးမြော်လို့ ဘာမျှအကျိုးမရှိပါဘူး၊ မသွားလိုပါဘူး"လို့ ချည်း သုံးကြိမ်တိုင်တိုင် ရင့်ရင့်သီးသီး ငြင်းပယ်တယ်။ ဇောတိပါလ ဆိုဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး၊ ဂေါတမမြတ်စွာဘုရား၏ အလောင်းလျာဘဲ၊ ဒါပေမဲ့ အဲဒီ ဘဝတုန်းက ပုဏ္ဏားမျိုး ဖြစ်နေတဲ့အတွက် ဗြာဟ္မဏဝါဒအစွဲကြောင့် ကဿပမြတ်စွာဘုရားကို သူက အထင်သေးပြီး အဲဒီလို မရိုမသေပြောဆို ငြင်းပယ်နေတယ်၊ မိဘရိုးရာ အစွဲအလမ်းများဟာ သိပ်ကြောက်စရာကောင်းတာဘဲ။ အဲဒီတော့ ဃဋိကာရ ဆိုတဲ့ အိုးလုပ်သမားက ဇောတိပါလကို မြစ်ဆိပ်သွားပြီး ရေချိုးဘို့ ခေါ်တယ်၊ ကဿပမြတ်စွာဘုရား သီတင်းသုံးရာ ကျောင်းနဲ့ နီးတဲ့နေရာရောက်အောင်လို့ ပရိယာယ်ဖြင့် ဖြားယောင်းပြီး ခေါ်တာပါဘဲ၊ အဲဒီလို ရေချိုးဘို့လို့ ဆိုတော့ ဇောတိပါလက လွယ်လွယ်ကူကူနဲ့ဘဲ လိုက်လာတယ်။ အဲဒီမြစ်ဆိပ်မှာ ရေချိုးပြီးလို့ ခါးဝတ်ကို ဝတ်ပြီး ဆံပင်များ ရေခြောက်အောင် ခေတ္တရပ်နေတဲ့အခါ ဇောတိပါလကို ဃဋိကာရက ကဿပ မြတ်စွာဘုရား၏ ကျောင်းတော်ဟာ အနီးတွင် ရှိတဲ့အကြောင်း ပြောပြီး ဘုရားဖူးရန် သုံးကြိမ်တိုင်တိုင် တိုက်တွန်းပြန်တယ်၊ ဇောတိပါလကလဲ သုံးကြိမ်တိုင်တိုင် ရှေးနည်း အတိုင်းပင် ငြင်းပယ်နေတယ်။ ဒီတော့ ဃဋိကာရက ဇောတိပါလ၏ ခါးပုံကို ဆွဲကိုင်ပြီး ဘုရားထံ သွားဘို့ တိုက်တွန်းပြန်တယ်၊ ဇောတိပါလက ခါးပုံစကို လွတ်စေပြီး ငြင်းပယ်ပြန်တယ်။ ဒီတော့ ဃဋိကာရက ဆံပင်ကို ကိုင်ပြီး တိုက်တွန်းပြန်တယ်၊ အဲဒီအခါ ဇောတိပါလမှာ အံ့အား သင့်သွားတယ်၊ ဃဋိကာရက အိုးလုပ်သမား ဇာတ်နိမ့်သူဘဲ၊ ဇာတ်မြင့်

www.dhammaransi.com



သူ ငါ၏ ဆံပင်ကိုတောင် ဆွဲကိုင်ပြီး တိုက်တွန်းတာဟာ သိပ်အံ့ဩစရာကောင်းတာဘဲ၊ ဃဋီကာရက ငါ့ဆံပင်ကို ကိုင်ဝံ့တာဟာ သူ့ဆရာ ဘုရားကို အားကိုးပြီး ကိုင်ဝံ့တာ ဖြစ်ပေလိမ့်မယ်-လို့ အံ့အားသင့်ပြီး ကြံမိတယ်၊ "အဆွေဃဋီကာရ၊ ဆံပင်ကို ဆွဲကိုင်ရသည်တိုင်အောင်တောင် ဆိုတော့ အရေးကြီးလှပါကလား" လို့လဲ ပြောတယ်၊ ဃဋီကာရကလဲ အဆွေ ဇောတိပါလ၊ ဆံပင်ကို ဆွဲကိုင်ရသည်တိုင်အောင်ဘဲ အရေးကြီးပါတယ်–လို့ ပြောပြီး ဘုရားထံသွားဘို့ တိုက်တွန်းပြန်ပါတယ်။ အဲဒီတော့ ဇောတိပါလက "ဃဋီကာရဟာ ပဌမက နှုတ်သက်သက်နဲ့ တိုက်တွန်းတယ်၊ အဲဒီကနောက် ခါးပုံဆွဲပြီး တိုက်တွန်းတယ်၊ နောက်ဆုံးမှာ ဆံပင်ကို ဆွဲကိုင်ပြီး တိုက်တွန်းပြန်တယ်၊ ဒီတော့ ဒီကိစ္စဟာ ယုတ်ညံ့သေးနုပ်တဲ့ကိစ္စ မဟုတ်ပေဘူး" လို့ စဉ်းစားပြီးတော့ ဃဋီကာရ၏ တိုက်တွန်းချက်ကို လက်ခံလိုက်ပါတယ်၊ လက်ခံပြီးတော့ ဃဋီကာရနှင့်အတူ ကဿပဘုရားထံ လိုက်သွားတဲ့အခါ မြတ်စွာဘုရား၏တရားကို နာရတော့ ဗုဒ္ဓသာသနာတော်မှာ ကြည်ညိုပြီး ရဟန်းပြုသွားပါတယ်။

အဲဒီမှာ ဃဋီကာရက ဇာတ်နိမ့် အမျိုးညံ့ထဲကဖြစ်ပြီး ဇောတိပါလက ဇာတ်မြင့် ပြာဟ္မဏအမျိုးဖြစ်ပေမဲ့ အကျိုးများမည့်အမှုဖြစ်တဲ့အတွက် နှုတ်နဲ့ တိုက်တွန်းလို့မရတဲ့အခါ ခါးပုံကို ဆွဲကိုင်ပြီးတော့လဲ တိုက်တွန်းတယ်၊ ဇာတ်မြင့်တွေက မထိကောင်းဘူးလို့ စွဲလမ်းထားတဲ့ အမျိုးညံ့ထဲက ဖြစ်ပါလျက်နဲ့ ဆံပင်ကို ဆွဲကိုင်သည်အထိ တိုးတက်ပြီးတော့ တိုက်တွန်းတယ်၊ အဲဒါတွေဟာ ဃဋီကာရ၏ တိုက်တွန်းတဲ့ထုံးပါဘဲ။ အဲဒီလို တိုက်တွန်းတဲ့အတွက် ဇောတိပါလဟာ မြတ်စွာဘုရား၏တရားကို နာရပြီး၊ အတိုင်းမသိ အကျိုးများသွားတယ်၊ အဲဒီ အခါကျတော့ ဇောတိပါလက ဃဋီကာရကို အများကြီးကျေးဇူးတင်တယ်။ အဲဒါလိုဘဲ ယခုအခါလဲ တချို့ယောဂီတွေက မိတ်ဆွေဖြစ်သူကို အတင်းအကြပ်တိုက်တွန်းကြတယ်၊ အဲဒီလို တိုက်တွန်းတဲ့အတွက် မိတ်ဆွေဖြစ်သူက စိတ်မပါပေမဲ့ အားနာတာနဲ့ ဘုန်းကြီးတို့၏ ရိပ်သာတွေမှာ လာပြီး အားထုတ်တယ်၊ အားထုတ်တဲ့အခါ သူ့ပါရမီ အားလျော်စွာ တရားအရသာတွေကိုတွေ့ရတော့ တိုက်တွန်းတဲ့သူကို အများကြီးကျေးဇူးတင်တယ်၊ ဒီလို ပုဂ္ဂိုလ်တွေ များလှပါပြီ။ အဲဒါဟာ ဃဋီကာရထုံးနှင့်အညီ အတင်းအကြပ်

www.dhammaransi.com



တိုက်တွန်းလို့ ကျေးဇူးများသွားကြပုံပါဘဲ။ ဒါကြောင့် တရားတော်ကို ဧဟိ ပဿိ-က ဂုဏ်နှင့်ပြည့်စုံတယ်လို့ ချီးကျူးရပေတာဘဲ၊ မြတ်စွာဘုရား၏ တရားတော်ဟာ ဧဟိ ပဿ–လာပါ ကြည့်လှည့်ပါ-လာကြည့်စမ်းပါလို့ ဖိတ်ခေါ် တိုက်တွန်းထိုက်တဲ့ တရားပါ–တဲ့၊ အရသာကောင်းများကို ဖိတ်ခေါ်ပြီး ကျွေးသင့်သလိုပါဘဲ၊ အရသာကောင်းကို ဖိတ်ခေါ်ပြီး ကျွေးယင် စားရတဲ့သူက ကျေးဇူးတင်တယ်၊ ဒါလိုဘဲ မြတ်စွာဘုရား၏ တရားတော်ကို ကျင့်ဘို့ တိုက်တွန်းယင်၊ လက်ခံပြီး ကျင့်တဲ့သူက တရားအရသာကို တွေ့ရတော့ အများကြီး ကျေးဇူးတင်တယ်။ ဒါကြောင့် ခင်မင်ရင်းနှီးတဲ့ သူများကိုတော့ သင့်လျော်တဲ့ အချိန်အခါမှာ ဃဋိကာရထုံးကို နှလုံးသွင်းပြီး သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို အားထုတ်ဖို့ အတင်းအကြပ်ပဲ တိုက်တွန်းရမယ်။

ယခုပြောခဲ့တဲ့ ပြောသင့်တဲ့ စကားကောင်းတွေထဲမှာ အတ္တ–အကျိုးစီးပွါးနှင့် စပ်တဲ့စကား၊ ဝိနယ-အဆုံးအမစကား ဆိုတာတွေကတော့ လောကရေးရာ အကျိုးစီးပွါး အဆုံးအမတွေနှင့်လဲ ဆိုင်ပါတယ်၊ ဒါကြောင့် လောကဘက်က အကျိုးဖြစ်ထွန်းစေမည့်စကား, လောကရေးရာ အဆုံးအမစကား–ဒီလိုစကားကောင်းတွေကိုလဲ ပြောသင့်ပါတယ်၊ ဒါပေမဲ့ ရဟန်းများမှာတော့ ဝိနည်းသိက္ခာပုဒ်နဲ့ မလွတ်တဲ့ စကားကိုတော့ ကြဉ်ရှောင်ရတယ်၊ ၃၂-ပါးသော တိရစ္ဆာနကထာ - ဆိုတဲ့ စကားတွေကိုလဲ ကြဉ်ရှောင်သင့်တယ်၊ လူဝတ်ကြောင်များမှာလဲ တရားအားထုတ်နေဆဲမှာတော့ အဲဒီစကားမျိုးတွေကို ကြဉ်ရှောင်သင့်တာဘဲ၊ တိရစ္ဆာနကထာ ဆိုတာ မဂ်ဖိုလ်နှင့် ဗီလာဖြစ်တဲ့စကားလို့ ဆိုလိုပါတယ်၊ ဘယ်လိုဟာတွေလဲ ဆိုလျှင် (ရာဇကထာ) မင်းနှင့် စပ်တဲ့စကား၊ (စောရကထာ)သူခိုး ဓားမြ သူပုန်နှင့် စပ်တဲ့စကား၊(မဟာမတ္တကထာ) အမတ်ကြီး ဝန်ကြီးနှင့် စပ်တဲ့ စကား၊ (သေနာကထာ) စစ်တပ်နှင့် စပ်တဲ့ စကား၊ ထမင်းစကား၊ အဖျော်စကား၊ အဝတ်အထည်စကား၊ ဆွေမျိုးစကား၊ ယာဉ်စကား၊ ရွာစကား၊ မြို့စကား၊ မိန်းမအကြောင်း– ယောကျ်ားအကြောင်းစကား–အစရှိတဲ့ ဒီလို လောကရေးရာ စကားတွေပါဘဲ၊ အဲဒီလို စကားတွေဟာ သံဝေဂ–ထိတ်လန့်ခြင်း နိဗ္ဗိန္ဒ–ငြီးငွေ့ခြင်းများနှင့် မစပ်ယင်၊ သဒ္ဓါတရား–

www.dhammaransi.com



သူတော်ကောင်းတရားနှင့် မစပ်ယှင်၊ သမ္ဖပ္ပလာပထဲမှာ ပါဝင်တယ်၊ ဒါကြောင့် အဲဒီလို စကားတွေကိုလဲ ကြဉ်ရှောင်သင့်ပါတယ်။

## အပြစ်နှင့် အကျိုး

သမ္ဖပ္ပလာပကို ပြောယင် ဘယ်လို အပြစ်ရှိသလဲလို့ ဆိုတော့ ဒီအမေးကို အင်္ဂုတ္တရပါဠိတော်မှာ ဖြေထားပြီးသားရှိပါတယ်၊ ပါဠိအသွားကတော့ အဒိန္န-ဒါန် အရာမှာ ထုတ်ပြခဲ့တာမျိုးပါဘဲ၊ သမ္ဖပ္ပလာပကို ပြောတဲ့သူဟာ အပါယ်လေးပါး ကျတတ်တယ်၊ လူဖြစ်လာတဲ့အခါလဲ သူ့စကားကို လူအများက မနာယူဘဲရှိတတ်တယ် တဲ့။ အဲဒါကို ဘုန်းကြီးက "နှစ်မဲ့ပြောမှာ၊ ပါယ်လားကာ၊ မနာသူ့စကား" လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

နှစ်မဲ့ပြောမှာ၊ ပါယ်လားကာ၊ မနာ သူ့စကား (ဆို)

အဲဒီလို အပါယ်ကျလောက်အောင် အပြစ်ကြီးတဲ့ သမ္ဖပ္ပလာပကတော့ ဘာရတမင်းတို့၏ စစ်တိုက်ပုံကို ပြဆိုတဲ့ မဟာဘာရတ ကျမ်းလာစကား (ဒသ-ဂိရိ ခေါ်တဲ့) ရာဝဏဘီလူးက သီတာဒေဝီကို ခိုးယူသွားပုံ–စသည်ကိုပြတဲ့ ရာမာယန ကျမ်းလာစကား – အဲဒီလိုဟာတွေကို အလေးအမြတ်ပြုပြီး ပြောတဲ့စကားကိုသာ ယူသင့်တယ်၊ ဘာကြောင့်လဲ ဆိုယင်– အဋ္ဌကထာမှာ အဲဒီလို စကားတွေကိုသာ သမ္ဖပ္ပလာပလို့ ပြထားတဲ့ အတွက်ကြောင့်ပါဘဲ။ မဟာဘာရတ ကျမ်းမှာ ပြထားပုံ အကျဉ်းချုပ်ကတော့—

ယမုနာ မြစ်ကမ်း၌ တံငါမျိုးမင်း၏သမီး သစ္စဝတီသည် ပရာသရခေါ် ရသေ့ကြီးနှင့် ဖက်စပ်၍ သားတယောက်ကို ကျွန်းငယ်တခု၌ ဖွားသည်၊ ထို့ကြောင့် ၎င်းသားကို ဒေပါယန (ကျွန်း၌ဖွားသူ) ခေါ်သည်၊ ထိုသားကို မွေးပြီးသောအခါ သစ္စဝတီသည် ရသေ့ကြီး၏ တန်ခိုးကြောင့် အပျိုစင်ပြန်ဖြစ်သွားသည်၊ ဒေပါယနလည်း နောက်ကာလ၌ ရသေ့ပြုသွားသည်၊ သူ့ကို ဗျာသဟုလည်း ခေါ်သည်၊ မိခင်က တမ်းတလိုက်သောအခါ လာမည်ဟူ၍လည်း ဂတိပေးသွားသည်။ နောက်ကာလ၌ ကုရုတိုင်း၏ ဘုရင် သန္တနုမင်းက သစ္စဝတီကို မိဖုရားအဖြစ် တင်မြှောက်သည်၊ သား ၂-ယောက်ရသည်၊ သားကြီးကို စိတြင်္ဂဒ

www.dhammaransi.com



ဟု၊ သားငယ်ကို စိတြဝိရိယဟု ခေါ်သည်၊ သန္တနုမင်း ကွယ်လွန်ပြီးနောက် စိတြင်္ဂဒလည်း ကွယ်လွန်သွားသည်၊ စိတြဝိရိယ မင်းဖြစ်သည်၊ ၎င်းလည်း ငယ်စဉ်မှာပင် ကွယ်လွန်သွားသည်၊ သားသမီးမရှိ မိဖုရား ၂-ယောက် ကျန်ရစ်သည်၊ ထိုအခါ သစ္စဝတီက မင်းမျိုးအဆက်မပြတ်စေရန် သားကြီးဗျာသရသေ့ကို ခေါ်၍ ချွေးမများနှင့် ဆက်ဆံစေသည်၊ ဗျာသရသေ့သည် အလွန်အရုပ်ဆိုးသောကြောင့် မိဖုရား အကြီးထံသို့ ချဉ်းကပ်သောအခါ မကြည့်နိုင်၍ ထိုမိဖုရားက မျက်စိမှိတ်နေသည်၊ ထိုသို့မျက်စိမှိတ်နေသောကြောင့် မျက်မမြင်သားကို မွေးဖွားသည်၊ ၎င်းကို ဓတရဋ္ဌဟု ခေါ်သည်။ မိဖုရားအငယ်ကမူ ချဉ်းကပ်လာသော ဗျာသရသေ့ကို ဖျော့တော့ မှေးမှိန်သော မျက်စိဖြင့် ကြည့်နေသည်၊ ထို့ကြောင့် ဖျော့တော့သော သားကိုရသည်၊ ၎င်းကို ပဏ္ဍုဟု ခေါ်သည်။ မင်းသားကြီး ဓတရဋ္ဌသည် မျက်စိကွယ်နေသောကြောင့် ပဏ္ဍုမင်းသားကို မင်းမြှောက်သည်၊ ဓတရဋ္ဌ မင်းသားသည် ဂန္ဓာရဘုရင်၏ သမီး ဂန္ဓာရီနှင့် လက်ထပ်သည်၊ ၎င်းမှ သား တရာ မွေးဖွားသည်၊ ဒုယောဓနသည် အကြီးဆုံးသားဖြစ်သည်။ တနေ့သောအခါ ပဏ္ဍုမင်းသည် သမင် ဖိုမ ၂-ကောင် မိတ်လိုက်နေစဉ် လေးနှင့် ပစ်သတ်သည်၊ စင်စစ်မှာ သမင်ဖိုသည် တန်ခိုးကြီးသော ရသေ့ဖြစ်သည်၊ ထိုရသေ့က ပဏ္ဍုမင်းကို "အပျော်အပါး ခံစားနေစဉ် သေပါစေ" ဟု ကျိန်ဆဲလိုက်သည်၊ ပဏ္ဍုမင်းသည် ထို ကျိန်စာမသင့်စေရန်အတွက် ကာမဂုဏ်စပ်ယှက်ခြင်းမှ ကြဉ်ရှောင်ရန် ဆုံးဖြတ်လိုက်သည်၊ ၎င်းမှာ မိဖုရား ၂-ယောက် ရှိသည်၊ တယောက်က ယဒုမင်း၏သမီး ဖြစ်သည်၊ ပိယာဟူ၍၎င်း ကုန္တီဟူ၍၎င်း ခေါ်သည်၊ အခြားတယောက်က မဒ္ဒဘုရင် သာလျ၏နှမ ဖြစ်သည်၊ မဒ္ဒီဟု ခေါ်သည်၊ နှစ်ယောက်လုံးမှာပင် သားမရှိသေး။ ထို့ကြောင့် ကုန္တီက အမွေခံ သားရရန်အတွက် သစ္စာပြု ဆုတောင်းသည်၊ ထိုဆုတောင်းမှုကြောင့် ဓမ္မနတ်နှင့် ဆက်စပ်၍ ကုန္တီသည် ယုဓိဋ္ဌိရမည်သော သားကို၎င်း၊ လေနတ်နှင့် စပ်၍ ဘီမ မည်သော သားကို၎င်း၊ သိကြားနတ်မင်းနှင့် စပ်၍ အဇ္ဇုနမည်သော သားကို၎င်း ရသည်၊ မဒ္ဒီသည် အဿဝိနတ် ၂-ဦးနှင့် ဆက်စပ်၍ နကုလနှင့် သဟဒေဝ ဟူသော သား ၂-ယောက်ကို အမွှာဖွားမြင်သည်။ ပဏ္ဍုမင်းသည် မကြာမီပင် ကွယ်လွန်သွားသည်၊ ထိုအခါ မျက်မမြင်အစ်ကို ဓတရဋ္ဌက မင်းဖြစ်လေသည်။

www.dhammaransi.com



ဓတရဋ္ဌ၏သား ဒုယောဓန စသည်တို့ကို ကုရုအဆက်အနွယ်ဖြစ်သောကြောင့် ကောရဗျ ဟု ခေါ်သည်၊ ယုဓိဋ္ဌိရစသည်တို့ကို ပဏ္ဍု၏သား ဖြစ်သောကြောင့် ပဏ္ဍဝ ဟု ခေါ်သည်၊ (ပဏ္ဍု၏သားအစစ် မဟုတ်ကြသော်လည်း ပဏ္ဍု၏ မိဖုရားများမှ မွေးဖွားသောကြောင့် ထိုသို့ခေါ်ပေသည်) နောက်ကာလ၌ ပဏ္ဍု၏သားတို့က လူစွမ်းကောင်းများ ဖြစ်ကြသောကြောင့် ဒုယောဓန စသည်တို့က ၎င်းတို့ကို မလိုလားကြ မုန်းကြသည်၊ ထို့ကြောင့် ဒုယောဓနသည် သူ၏ညီငယ် ဒုဿာသန, သူ၏သူငယ်ချင်း ကဏ္ဏ, သူ၏ ဦးလေး သကုဏိတို့နှင့် တိုင်ပင်၍ ယုဓိဋ္ဌိရတို့ကို တောအရပ် အိမ်တခု၌ ဝါရဏဝတခေါ် ဆင်အကျင့်ကို ကျင့်ရန် ဓတရဋ္ဌမင်း၏ အမိန့်ဖြင့် စေခိုင်းသည်၊ သူ၏အကြံမှာ ထိုအိမ်ထဲ၌ ညဉ့်အခါ အိပ်ပျော်နေစဉ် အိမ်ကိုမီးရှို့၍ သတ်ပစ်ရန် ဖြစ်သည်၊ သို့သော် ဝိဒုရခေါ် ပညာရှိက ကြိုတင်၍ သတိပေးထားသဖြင့် မိခင် ကုန္တီနှင့် တကွ ပဏ္ဍု၏သားငါးယောက်တို့သည် မီးမရှို့မီ ထိုအိမ်မှ ထွက်ပြေးကြ၍ သေဘေးမှ လွတ်သွားကြသည်၊ သို့သော် မိခင် ကုန္တီနှင့်တကွ မင်းသားငါးယောက်တို့သည် တောစခန်း၌ လှန်စွာ ဆင်းရဲကြရသည်၊ မင်းသားငါးယောက်တို့သည် ပုဏ္ဏားယောင်ဆောင်၍ တိမ်းရှောင်နေကြရသည်၊ ထိုအတောအတွင်း၌ ဟိဍိမ္ဗခေါ် လူသားစား ဘီလူးကိုင်း၊ ဗကခေါ် လူသားစား ဘီလူးကိုင်း ဘီမက သတ်ပစ်ပုံကိုလည်း ပြထားသည်၊ ထိုမှနောက်၌ ပဉ္စာလဘုရင် ဒြုပဒ၏ သမီး ဒြောပဒီ၏ ကြင်ရာတော် ရွေးပွဲသို့ ထိုမင်းသားငါးယောက်တို့သည် ပုဏ္ဏား အသွင်ဖြင့် တက်ရောက်ကြသည်၊ ၎င်းပွဲမှာ ကြိုက်သည့်သတို့သားကို ဒြောပဒီခေါ် ကဏှာဒေဝီက ပန်းကုံးစွပ်၍ ရွေးချယ်ရန် ဖြစ်သည်၊ ထိုပွဲသို့ ဒုယောဓန တို့ အဖွဲ့နှင့်တကွ ပတ်ဝန်းကျင်မှ မင်းများ မင်းသားများလည်း အရွေးခံရန် တက်ရောက်ကြသည်၊ ပရိသတ် စုံသောအခါ ကဏှာ၏အစ်ကို ဖြစ်သူက တက် ရောက်လာကြသော မင်းသားတို့ကို ဒုယောဓနမှစ၍ အစဉ်အတိုင်း ကျေညာ၍ ကဏှာအား သိစေသည်၊ မိတ်ဆက်ပေးခြင်းပင် ဖြစ်သည်၊ ပဌမလေးကို တင်ရ မည် ဖြစ်သောကြောင့် တဦးပြီးလျှင် တဦး လေးကို တင်ကြသည်၊ မည်သူမျှ မတင်နိုင်ကြ၊ ဒုယောဓန၏ ဘက်တော်သား ကဏ္ဏဆိုသူ ရထားမောင်းသမား၏ သားက လေးကိုတင်သည်၊ တင်နိုင်၍ ပစ်ရမည့် အမှတ်ကို ပစ်မည်ပြုစဉ် ကဏှာက ကျယ်လောင်သော အသံဖြင့် "ရထားမောင်းသမားကို ရွေးချယ်မည်

www.dhammaransi.com



မဟုတ်''ဟု ဟစ်အော်ပြောလေသည်၊ နောက်ဆုံး၌ ပုဏ္ဏားယောင်ဆောင်ထားသော အဇ္ဇုနက ထ၍ လေးကိုတင်ပြီးလျှင် ပစ်မှတ်ကို ထိမှန်အောင်ပစ်လိုက်သည်၊ ကဏှာက အဇ္ဇုနကို ပန်းကုံးစွပ်၍ ရွေးချယ်လိုက်သည်၊ သို့သော် အဇ္ဇုနက မိမိတယောက်တည်းအတွက်သာ မဖြစ်စေဘဲ မိသားစုခလေ့အရဟုဆိုကာ ညီအစ်ကို ငါးယောက်လုံး၏ မယားအဖြစ်ဖြင့် လက်ထပ်စေသည်ဟု ဆိုသည်၊ ထူးဆန်းသည်၊ ကုဏာလဇာတ်ထဲက ကဏှာဒေဝီနှင့် ခပ်ဆင်ဆင် တူသည်၊ နောက်ဆုံးကျသောအခါ ဒုယောဓနတို့ လူစုနှင့် ယုဓိဋ္ဌိရတို့လူစု စစ်တိုက်၍ အချင်းချင်း သတ်ဖြတ်ကြသည်၊ ဤသို့ စသည်ဖြင့် အလွန်ကျယ်ဝန်းစွာ စစ်တိုက်ပုံကို ပြထားသည်။

အဲဒါတွေကို တကယ်အစစ်အမှန်လို့လဲ ယုံကြည်ဘို့ ထပ်ကာ ထပ်ကာလဲ ကြားနာဘို့ ညွှန်ကြားထားတယ်၊ အဲဒီလို ယုံကြည်ပြီး ရွတ်ဖတ်ကြားနာတဲ့သူမှာ အကုသိုလ် အပြစ်ဟူသမျှတွေ ကင်းစင်ပြီး သေတဲ့အခါ ကောင်းကင်ဘုံရောက်တယ်လို့လဲ ဆိုထားပါတယ်။ နောက်ပြီးတော့ ရာမာယနကျမ်းမှာလဲ ရာမ၏ကြင်ရာတော် သီတာဒေဝီကို ရာဝဏဘီလူးက သီဟိုဠ်ကျွန်းသို့ ခိုးယူသွားပုံ၊ ရာမမင်းက ဟနုမန်မျောက်ကြီး၏ အကူအညီဖြင့် ရာဝဏဘီလူးကို စစ်တိုက်ပြီး သီတာဒေဝီကို ပြန်ယူလာပုံစသည်တွေကို အလွန်ခမ်းနားစွာ ပြထားတယ်၊ အဲဒါတွေကိုလဲ အစစ်အမှန်အနေဖြင့် ယုံကြည်ပြီး အဖန်ဖန် ရွတ်ဖတ်ကြားနာဘို့ ညွှန်ကြားထားတယ်၊ အဲဒီလိုရွတ်ဖတ်ကြားနာခြင်းဖြင့် သေသောအခါ ကောင်းကင်ဘုံ နတ်ပြည်ကို ရောက်တယ်လို့လဲ ပြဆိုထားတယ်။ အမှန်စင်စစ်ကတော့ အဲဒီ ဘာရတမင်းတို့၏ စစ်တိုက်ပုံ, သီတာဒေဝီကို ဆောင်ပုံအကြောင်းအရာများဟာ (မိရိုးဖလာ ဟိန္ဒူဝါဒရှိသူ မဟုတ်လျှင်) ပညာရှိတိုင်းပင် အဲဒါတွေကို ဖတ်ကြည့်လျှင် ကြံဖန်ရေးထားသော ဒဏ္ဍာရီများသာဖြစ်ကြောင်း ထင်ရှားသိနိုင်ပါတယ်၊ ယုတ္တိမရှိကြောင်း အလွန်ထင်ရှားပါတယ်။ အဲဒါတွေကို အစစ်အမှန်အနေဖြင့် ယုံကြည်စွဲလမ်းနေလျှင် တရားလမ်းမှန်အကျင့်ကို မကျင့်နိုင်ဘဲ အကျိုးမဲ့တွေ များစွာ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် အဲဒါမျိုးတွေကို သူတပါးအား အစစ်အမှန်အနေဖြင့် ယုံကြည်အောင် ဟောပြောလျှင် အပယ်လေးပါး ကျတတ်တယ်၊ လူဖြစ်လာတဲ့အခါလဲ သူ့စကားကို

www.dhammaransi.com



သူများက မယုံကြည် မလေးစားဘဲ ရှိတတ်တယ်လို့ ယူရပါမယ်။ ဒါကြောင့် သမ္ဖပ္ပလာပကံ၏ အင်္ဂါကို အဋ္ဌကထာမှာ ဒီလို ပြထားပါတယ်။

တဿ၊ ထို သမ္ဖပ္ပလာပ၏။ သမ္ဘာရာ၊ အကြောင်းအင်္ဂါတို့သည်။ (၁) ဘာရတယုဒ္ဓ သီတာဟရဏာဒိ နိရတ္ထကကထာ ပုရေက္ခာရတာ၊ ဘာရတမင်းတို့၏ စစ်တိုက်ခြင်း, သီတာဒေဝီကို ဆောင်ခြင်း အစရှိသော အကျိုးမဲ့ (အနက်မဲ့ အဖြစ်မှန် မဟုတ်သော) စကားကို ရှေးရှုပြုခြင်းရှင်း။ (ထိုသို့သော စကားကို ပြောဘို့ အလေးအမြတ် ရည်ရွယ်ခြင်း-ဟု ဆိုလို၏) (၂) တထာ-ရူပီကထာကထနဉ္စ၊ ထိုသို့ သဘောရှိသော စကားကို ပြောဆိုခြင်းရှင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့ပေတည်း-လို့ ပြဆိုထားပါတယ်။

နောက်ပြီးတော့ အဲဒီလိုပြောဆိုတဲ့စကားကို နာသူက အစစ်အမှန်အနေဖြင့် ယုံကြည်မှသာ ကံမြောက်တယ်၊ မယုံကြည်ယင်တော့ ကံမမြောက်ဘူး-လို့ ဒီလိုလဲ ပြဆိုထားပါသေးတယ်။ နောက်ပြီးတော့ သမ္ဖပ္ပလာပကို အရဟတ္တမဂ်ကျမှ အကြွင်းမဲ့ ပယ်နိုင်တယ်-လို့ ဝိသုဒ္ဓိမဂ် အစရှိသော အဋ္ဌကထာများမှာ ပြဆိုထားတယ်။ ဒါကြောင့် ၃၂-ပါးသော တိရစ္ဆာနကထာများလို အပါယ်လားကြောင်း မဟုတ်တဲ့ သာမန် သမ္ဖပ္ပလာပ စကားကတော့ သောတာပန် သကဒါဂါမ် အနာဂါမ်များမှာလဲ လုံးဝ မကင်းသေးဘူး-လို့ ဒီလိုလဲ မှတ်သားထားသင့်ပါတယ်။

သမ္ဖပ္ပလာပကို ကြဉ်ရှောင်ပြီး အကျိုးရှိတဲ့ စကားကောင်းကို ပြောဆိုခြင်း၏ အကျိုးကိုတော့ ပြဆိုခဲ့တဲ့ မကောင်းကျိုးမှ ပြန်လှန်ပြီး ယူရုံပါဘဲ၊ အဲဒီလို စကားကောင်းကို ပြောတဲ့သူဟာ နတ်ပြည်ရောက်တတ်တယ်၊ လူဖြစ်လာတဲ့ အခါမှာလဲ သူ့စကားကို လူအများက အလေးအမြတ်ပြုပြီး ယုံကြည်ကြတယ်-လို့ ဒီလို ပြန်လှန်ပြီးယူရုံပါဘဲ။ ဝစီဒုစရိုက်ကတော့ ပြီးသွားပြီ၊ မနောဒုစရိုက်ပဲ ပြောဘို့ လိုတော့တယ်။

## အဘိဇ္ဈာ

ပရေ အဘိဇ္ဈာလူ ဘဝိဿန္တိ၊ မယမေတ္ထ အနဘိဇ္ဈာလူ ဘဝိဿာ-မာတိ သလ္လေခေါ ကရဏီယော။

www.dhammaransi.com



ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ အဘိဇ္ဈာလူ၊ သူ့စည်းစိမ်ကို ရလိုသမှု ရှေးရှုကြံစည်ကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အနဘိဇ္ဈာလူ၊ သူ့စည်းစိမ်ကို ရလိုသမှု ရှေးရှုမကြံစည်ကြကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာ ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

အဘိဇ္ဈာဆိုတာ သူတပါး၏ စည်းစိမ်ကို မတရားသဖြင့် မိမိအပိုင်ရဘို့ ကြံစည်တာပါဘဲ။ ဒါပေမဲ့ ဒီသုတ်မှာတော့ နီဝရဏမျှသာ ဖြစ်တဲ့ ကာမစ္ဆန္ဒကိုလဲ ဒီပုဒ်ထဲမှာဘဲ ထည့်သွင်းပြီး ဟောထားပါတယ်။ ဒါကြောင့် ဒုစရိုက် ဖြစ်တဲ့ လောဘရော၊ ဒုစရိုက် မဖြစ်တဲ့ လောဘရော အကုန်ယူသင့်ပါတယ်။ ဒုစရိုက် အဘိဇ္ဈာကတော့ သူတပါးပိုင်တဲ့ ဥစ္စာကို "ငါ့ဥစ္စာဖြစ်ယင် ကောင်းလေစွ၊ ငါ့ဥစ္စာ ဖြစ်ပါစေ"လို့ ကိုယ်ပိုင်ဥစ္စာအနေနဲ့ ကြံစည်တောင့်တတာပါဘဲ၊ ဒါကလဲ တန်ရာတန်ဘိုးပေးပြီး ဝယ်ယူမည့် အနေမျိုးမဟုတ်ပဲ မတရားသဖြင့် ပိုင်ဘို့ကြံစည်တာကိုသာ ဆိုလိုပါတယ်။ ဒါကြောင့် "သူတပါးဥစ္စာကို မတရား သဖြင့် အပိုင်စီးလိုမှု ရှေးရှုကြံစည်ကြမည့် နေရာမှာ ငါတို့ကတော့ ထိုသို့သော ကြံစည်မှု ကင်းစေမည်"လို့ နှလုံးသွင်း ဆောက်တည်ပြီး ကျင့်ရမယ်။

## လိုချင်မှု ၄-မျိုး

နီဝရဏမျှဖြစ်တဲ့ အဘိဇ္ဈာကိုတော့ (၁) သာမန်လိုချင်နှစ်သက်မှု၊ (၂) ပါပိစ္ဆာ၊ (၃) မဟိစ္ဆာ၊ (၄) အတြိစ္ဆာ-လို့ ဒီလို ၄-မျိုး ခွဲခြားပြီ ယူသင့်ပါတယ်။ အဲဒီ ၄-မျိုးထဲမှာ (၁) သာမန်လိုချင် နှစ်သက်မှုဆိုတာ မြင်ရ ကြားရ တွေ့ရလို့ ဖြစ်စေ၊ မမြင်ရ မကြားရ မတွေ့ရဘဲနဲ့ ဖြစ်စေ တစုံတခုကို လိုချင် နှစ်သက်တာ သာယာတပ်မက်တာပါဘဲ။ ဒီ သာမန်လိုချင်နှစ်သက်မှုကိုတော့ အစွဲဥာဏ်ပြုပြီး ပယ်ဘို့ ခက်ပါတယ်၊ လောဘ မကင်းသေးယင် ဒီလို သာမန် လိုချင်နှစ်သက်မှုကတော့ ထိုက်သည်အားလျော်စွာ ဖြစ်နေဦးမှာဘဲ၊ ဒါပေမဲ့ ဝိပဿနာ ရှုမှတ်နေဆဲ ယောဂီမှာတော့ ဒီလို သာမန်လိုချင် နှစ်သက်မှုကိုလဲ မဖြစ်အောင် ရှုမှတ်နေမယ်လို့ နှလုံးသွင်းထားရမယ်၊ ဖြစ်ပေါ်လာယင်လဲ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ပြီး ပယ်ရမယ်။

www.dhammaransi.com



(၂) ပါပိစ္ဆာ ဆိုတာကတော့ ကိုယ့်မှာ မရှိတဲ့ဂုဏ်နဲ့ သူများက အထင်ကြီးစေချင်တာ ကြည်ညိုစေချင်တာပါဘဲ၊ သဒ္ဓါတရားမရှိဘဲနဲ့ သဒ္ဓါတရားရှိတယ်-လို့ ထင်စေချင်တယ်၊ သီလမရှိဘဲနဲ့ သီလရှိတယ်-လို့ ထင်စေချင်တယ်၊ သုတမရှိဘဲနဲ့ သုတများတယ်လို့ ထင်စေချင်တယ်၊ စာမတတ်ဘဲနဲ့ စာတတ်တယ်လို့ ထင်စေချင်တယ်၊ တရားအားမထုတ်ဘဲနဲ့ တရားအားထုတ်တယ်-လို့ ထင်စေချင်တယ်၊ ဈာန်မရဘဲနဲ့ ဈာန်ရတယ်-လို့ ထင်စေချင်တယ်၊ အဘိညာဉ် မရဘဲနဲ့ အဘိညာဉ်ရတယ်-လို့ ထင်စေချင်တယ်၊ အကြားအမြင် မပေါက်ဘဲနဲ့ အကြားအမြင်ပေါက်တယ်-လို့ ထင်စေချင်တယ်၊ ဝိပဿနာဉာဏ်မရှိဘဲနဲ့ ဝိပဿနာဉာဏ်ရှိတယ်-လို့ ထင်စေချင်တယ်၊ အရိယာမဟုတ်ဘဲနဲ့ အရိယာ-လို့ ထင်စေချင်တယ်၊ ရဟန္တာမဟုတ်ဘဲနဲ့ ရဟန္တာ-လို့ ထင်စေချင်တယ်၊ ရဟန္တာ ထင်အောင်လဲ ဟန်ဆောင်တတ်တယ်၊ ရဟန္တာ-လို့ သူများက ချီးမွမ်းတာကိုလဲ မဟုတ်ဘဲနဲ့ သဘောတူ လက်ခံနေတတ်တယ်၊ အဲဒီလို ကိုယ့်မှာ မရှိတဲ့ဂုဏ်နဲ့ အထင်ကြီးစေချင်တာ ကြည်ညိုစေချင်တာဟာ ပါပိစ္ဆာ-ယုတ်မာတဲ့အလို ခေါ်ပါတယ်။ အဲဒီ ပါပိစ္ဆာနှင့် စပ်ပြီးတော့ "သူများတွေက ယုတ်မာတဲ့အလို ရှိကြမည့်နေရာမှာ ငါတို့ကတော့ ယုတ်မာတဲ့အလို ကင်းစေမည်-လို့ နှလုံးသွင်း ဆောက်တည်ပြီး ကိလေသာ ခေါင်းပါးစေတဲ့ အကျင့်ကို ကျင့်ရမယ်။ အဲဒီလို ကျင့်ဘို့ရာက ဒီ သလ္လေခသုတ်မှာ အလွန် အရေးကြီးပါတယ်။

(၃) မဟိစ္ဆာ ဆိုတာကတော့ အလိုကြီးတာ လောဘကြီးတာပါဘဲ၊ အဲဒီ အလိုကြီးတဲ့သူက ရသမျှနဲ့ မရောင့်ရဲနိုင်ဘူး၊ များများလိုချင်တယ်၊ ကောင်းသည်ထက် ကောင်းတာကို လိုချင်တယ်။ ဒီ မဟိစ္ဆာနဲ့ စပ်ပြီးတော့လဲ "သူများတွေက အလိုကြီးကြမည့်နေရာမှာ ငါတို့ကတော့ အလိုနည်းစေမည်"လို့ နှလုံးသွင်း ဆောက်တည်ပြီး ကိလေသာ ခေါင်းပါးစေတဲ့ အကျင့်ကို ကျင့်ရမယ်။ ဒါကလဲ ဒီသုတ်မှာ အရေးကြီးတာဘဲ။

(၄) အတြိစ္ဆာ ဆိုတာကတော့ ပစ္စည်းချင်းတူပေမဲ့ ကိုယ့် လက်ရှိထက် သူတပါး လက်ရှိက ပိုပြီးကောင်းတယ် ထင်ပြီးတော့ အဲဒီ သူတပါးလက်ရှိကို လိုချင်တာပါဘဲ၊ ဒါလဲ ရတာနဲ့ မရောင့်ရဲတဲ့ သဘောပါဘဲ။ ဒီ အတြိစ္ဆာနဲ့ စပ်ပြီးတော့လဲ "သူများတွေက ရပြီးဥစ္စာထက် မရသေးတာကို သာ၍

www.dhammaransi.com



ကောင်းသည်ထင်ပြီး လိုချင်ကြမည့်နေရာမှာ ငါတို့ကတော့ ထိုသို့သော အလို ကင်းစေမည်” လို့ နှလုံးသွင်း ဆောက်တည်ပြီး ကိလေသာ ခေါင်းပါးစေတဲ့ အကျင့်ကို ကျင့်ရမယ်။ ဒါကလဲ ဒီသုတ်မှာ အရေးကြီးတာဘဲ။ အသစ် အသစ်ကို ကောင်းနိုးနိုးထင်ပြီး ရှာဖွေနေကြတာ အဲဒီလို ရှာဖွေပြီး ဒုက္ခ ရောက်နေကြတာဟာ ဒီအတြိစ္ဆာကြောင့်ဘဲ၊ ဒါကြောင့် ဒီအလိုကို ပယ်ဘို့ရာလဲ အလွန် အရေးကြီးပါတယ်။

ဒီအဘိဇ္ဈာအပိုဒ်မှာ မူရင်းကတော့ ဒုစရိုက်အဘိဇ္ဈာပါဘဲ၊ ဒါကြောင့် အဲဒီ ဒုစရိုက်အဘိဇ္ဈာနှင့် စပ်ပြီး နဲနဲထပ်ပြောဦးမယ်။ အဘိဇ္ဈာဆိုတာ သူတပါးဥစ္စာ ကို ကိုယ့်ဥစ္စာအဖြစ်နဲ့ အပိုင်စီးချင်တဲ့သဘောဖြစ်ကြောင်း ရှေ့နားက ပြောခဲ့ပြီ၊ အဲဒီလို သူတပါးဥစ္စာကို မတရားရလိုတဲ့စိတ်တွေက ယခုခေတ်မှာ တော်တော် များနေပုံပေါ်တယ်၊ သူတပါးဥစ္စာကို ရနိုင်တဲ့ဝါဒနည်းလမ်းတွေကို ဟောပြော ညွှန်ကြားနေတာလဲ ရှိတယ်၊ အဲဒါတွေကို ကြားရပြီးတော့ သူတပါးဥစ္စာကို ရနိုးနိုးနဲ့ မြှော်လင့် တောင့်တနေတဲ့ သူတွေလဲ တော်တော်များနေပုံပေါ်တယ်၊ တကယ်ဆိုတော့ သူတို့ထင်တဲ့အတိုင်းလဲ ရကြမှာမဟုတ်ပါဘူး၊ ဒါပေမဲ့ သူတပါး ဥစ္စာကို အချောင်ရဘို့ ကြံစည်တိုင်း ကြံစည်တိုင်း အဘိဇ္ဈာဆိုတဲ့ မနောဒုစရိုက် အကုသိုလ်ကံကတော့ ဖြစ်ပွါးနေတာဘဲ။ ဒါကြောင့် သလ္လေခအကျင့်ကို ကျင့် လိုတဲ့သူဆိုယင်တော့ အဲဒီလို အချောင်ရဘို့လမ်းကို မကြံစည်ရဘူး၊ မမြှော်လင့် ရဘူး၊ လိုချင်ယင် တရားသဖြင့် ရဘို့ရာသာ အားထုတ်ရတယ်၊ တန်ရာတန်ဘိုး ပေးပြီး ဝယ်ယူဘို့၊ အဲဒီလို တန်ရာတန်ဘိုးကို ပေးနိုင်အောင် တရားသဖြင့် လုပ်ကိုင်ရှာဖွေဘို့ရာသာ ကြံစည်ရတယ်။

အဲဒီလိုမဟုတ်ပါဘဲနဲ့ သူတပါးဥစ္စာကို မတရားသဖြင့် အချောင်ရဘို့ရာ ကြံယင် ဒီအဘိဇ္ဈာဆိုတဲ့ ကံက မနောကံဖြစ်တဲ့အတွက် အဲဒီလိုကြံစည်ရုံနဲ့ အကု သိုလ်ကံ မြောက်တော့တာဘဲ၊ ထက်သန်အားကောင်းယင် အပါယ်ပဋိသန္ဓေ အကျိုးကို ပေးနိုင်တော့တာဘဲ။ ခိုးဘို့ အတင်းအဓမ္မလုယက်ယူဘို့ ကြံယင်တော့ အဒိန္နာဒါန်ကံ၏ ပုဗ္ဗစေတနာတွေ ဖြစ်သွားတယ်၊ သာပြီးအပြစ်ကြီးတာပေါ့၊ တကယ်ခိုးယူယင် လုယက်ယင်တော့ အဒိန္နာဒါန်ကံ မြောက်သွားတယ်၊ အဲဒါက

www.dhammaransi.com



သာပြီးအပြစ်ကြီးတယ်။ ဒါကြောင့် အဲဒီလို ကြီးလေးတဲ့ အကုသိုလ်ကံတွေ မဖြစ်ရအောင် သီလဖြင့်လဲ ပယ်ရမယ်၊ "ငါ့ဥစ္စာကို သူတပါးက မတရားသဖြင့် ရယူဘို့ကြံယင် ငါက မကြိုက်ဘူး၊ ငါက သူတပါးဥစ္စာကို ကြံယင်လဲ သူတပါးက မကြိုက်ပေဘူး" စသည်ဖြင့် ဆင်ခြင်ပြီးတော့လဲ ပယ်ရမယ်၊ သူတပါးဥစ္စာကို ကြံစည်တဲ့စိတ် ဖြစ်ခွင့်မရအောင် သမထကမ္မဋ္ဌာန်းကို မပြတ်နှလုံးသွင်းတဲ့ သမာဓိဖြင့်လဲ ပယ်ရမယ်။

နောက်ပြီးတော့ သူတပါးဥစ္စာကို လိုချင်တယ်ဆိုတာဟာ လိုချင်စရာကောင်းတဲ့ သူတပါးဥစ္စာတွေကို မြင်ရလို့လဲ ဖြစ်တတ်တယ်၊ သတင်းစကားကြားရလို့လဲ ဖြစ်တတ်တယ်၊ နံရ စားရ တွေ့ထိသုံးဆောင်ရလို့လဲ ဖြစ်တတ်တယ်။ ဒါကြောင့် မြင်ခိုက်စသည်မှာ မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဝိပဿနာဉာဏ် အားကောင်းနေတဲ့အခါမှာ မှတ်တိုင်းမှတ်တိုင်း ပျောက်ပျောက်သွားတာကိုသာ တွေ့ရတဲ့အတွက် သူတပါးဥစ္စာကို လိုချင်မှုဆိုတာ ဖြစ်ကို မဖြစ်နိုင်တော့ဘူး၊ မတရားသဖြင့် ရယူဘို့ကြံစည်တာက သာပြီးဝေးတော့တာဘဲ။ ဒါကြောင့် ဝိပဿနာရှုမှတ်ခြင်းဖြင့်လဲ အဲဒီအဘိဇ္ဈာကို ပယ်ရမယ်။ အရိယာမဂ်ဉာဏ်ရောက်သွားယင်တော့ အဲဒီအဘိဇ္ဈာကို အမြစ်ပြတ်ပယ်နိုင်ပါတယ်၊ သောတာပတ္တိမဂ်ဖြင့် ဒုစရိုက် အဘိဇ္ဈာကို အမြစ်ပြတ်ပယ်နိုင်တယ်။ ပါပိစ္ဆာဆိုတဲ့ အလိုဆိုးကိုလဲ ပယ်နိုင်တယ်၊ ကျန်တဲ့ သာမန်အဘိဇ္ဈာတွေကိုတော့ အထက်မဂ်သုံးပါးဖြင့် ထိုက်သည်အားလျော်စွာ ပယ်တယ်လို့ မှတ်ရမယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ အဘိဇ္ဈာကို အရဟတ္တမဂ်ကျမှ အကြွင်းမဲ့ပယ်ကြောင်း ပြဆိုထားပါတယ်၊ အဲဒါဟာ သာမန်လောဘကိုလဲ အဘိဇ္ဈာထဲမှာ ထည့်သွင်းပြီး ဆိုထားတဲ့အတွက်ကြောင့် အဲဒီလို ဆိုထားခြင်းဖြစ်ပါတယ်၊ ဒါကြောင့် ဒုစရိုက်အဘိဇ္ဈာနှင့် ပါပိစ္ဆာတို့ကိုတော့ သောတာပတ္တိမဂ်ဖြင့် ပယ်တယ်လို့ မှတ်ရမယ်၊ ဘာကြောင့်လဲဆိုယင် အဲဒါတွေက အပါယဂမနီယ – အပါယ်လားစေနိုင်တဲ့ သဘောရှိလို့ပါဘဲ။ ဒါကြောင့် အဘိဇ္ဈာကိုပယ်ဘို့ ညွှန်ကြားတဲ့ ဒီသလ္လေခသုတ်စကားဟာ အရိယာမဂ်လေးပါးဖြင့် ပယ်သည်အထိ ကျင့်သွားဘို့ ရည်ရွယ်တော်မူတဲ့အတွက် အလွန်နက်နဲပါတယ်။ ကဲအဓိဋ္ဌာန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

www.dhammaransi.com



## အစိဋ္ဌာန်ဆောင်ပုဒ်

သူများတွေက သူ့ဥစ္စာကို ရလိုသမှု ရှေးရှုကြံစည်ကြမည့် နေရာမှာ ငါတို့ကတော့ အဲဒီလို အကြံအစည်မျိုး ကင်းစေမည်၊ ကိလေသာ ပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ သူ့ဥစ္စာ ရလိုသမှု ရှေးရှုကြံစည်ခြင်းကို မကြံစည်ခြင်းနှင့် ရှောင်လွှဲမည်၊ မကြံစည်ခြင်းနှင့် အဆင့်အတန်း တက်မည်၊ သူ့ ဥစ္စာရလိုသမှု ရှေးရှုကြံစည်ခြင်း ကိလေသာမီးကို မကြံစည်ခြင်းဟူသော ရေစင်ဖြင့် ငြိမ်းသတ်မည်။

အဘိဇ္ဈာအကြောင်းကတော့ တော်လောက်ပါပြီ၊ ဗျာပါဒအကြောင်းကို ပြောကြစို့။

### ဗျာပါဒ

ပရေ ဗျာပန္နစိတ္တာ ဘဝိဿန္တိ၊မယမေတ္ထ အဗျာပန္နစိတ္တာ ဘဝိဿာ-မာတိ သလ္လေခေါ ကရဏီယော။

ပရေ၊ တပါးသော ပုဂ္ဂိုလ်တို့သည်။ ဗျာပန္နစိတ္တာ၊ သူတပါးကို သေပျက်စေလိုသောစိတ်ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကြကုန်လတံ့။ ဧတ္ထ၊ ဤအရာ၌။ မယံ၊ ငါတို့သည်။ အဗျာပန္နစိတ္တာ၊ သေပျက်စေလိုသောစိတ် ကင်းကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ သလ္လေခေါ၊ ကိလေသာ ခေါင်းပါးစေသော အကျင့်ကို။ ကရဏီယော၊ ပြုကျင့်အပ်၏။

ဗျာပါဒ ဆိုတာ သူ့ဘပါးကို သေပါစေ ပျက်ပါစေ-လို့ ဖြစ်မှားကြံစည်တဲ့ သဘောဘဲ။ဒါကြောင့် ဗျာပါဒ ပုဒ်၏ အဖွင့် ပါဠိတော်များမှာ–"ဣမေ သတ္တာ၊ ဤ သတ္တဝါတို့သည်။ ဟညန္တု ဝါ၊ အနှိပ်စက်မှုလည်း ခံကြရပါစေ။ ဝဇ္ဈန္တု ဝါ၊ အသတ်မှုလည်း ခံကြရပါစေ။ ဥစ္ဆိဇ္ဇန္တု ဝါ၊ တမျိုးလုံးမှုလည်း ပြတ်ကြပါစေ။ ဝိနဿန္တု ဝါ၊ပျက်စီးမှုလည်း ပျက်စီးကြပါစေ။မာ ဝါ အဟေသုံ၊မရှိကြတော့ဘဲ ကင်းပျောက်မှုလည်း ကင်းပျောက်ကြပါစေ။ ဣတိ၊ ဤသို့။ ပဒုဋ္ဌမနသင်္ကပ္ပေါ၊ ပြစ်မှားလျက် ပျက်စီးသော စိတ်အကြံရှိ၏"လို့ ဖွင့်ပြထားပါတယ်။ ဒါကြောင့် မုန်းတဲ့သူ တဦးကို ဖြစ်စေ၊ အများကို ဖြစ်စေ "သတ်ဖြတ်ညှဉ်းဆဲ ခံရပါစေ၊

www.dhammaransi.com



သေပါစေ၊ ပျက်ပါစေ”လို့ ကြံစည်တာဟာ ဗျာပါဒဘဲ။ အဲဒီလို ကြံရုံမျှနဲ့ ဒုစရိုက်မမြောက် ဖြစ်တယ်။ အယုတ်ဆုံးအားဖြင့် ခြင်တို့ ကြမ်းပိုးတို့ကို “သေကုန်ပါစေ၊ ပျက်ကုန်ပါစေ”လို့ ကြံယင် ဗျာပါဒ အကုသိုလ်ကံ မြောက်တာဘဲ၊ ဒါပေမဲ့ အဲဒီ အကောင်တွေက သီလစသော ဂုဏ်မရှိလို့ အပြစ်တော့ မကြီးလှပေဘူး၊ သီလစသော ဂုဏ်ရှိတဲ့လူတွေ ရှင်ရဟန်း တွေကို “သေကြပါစေ ပျက်ကြပါစေ အမျိုးပြတ်ကြပါစေ”လို့ ပြစ်မှားကြံစည်ယင်တော့ အပြစ်ကြီးတယ်။ ဒါကြောင့် အဲဒီ သေစေလို ပျက်စေလိုတဲ့ ဗျာပါဒကို ပယ်ရမယ်၊ ဘယ်လို ပယ်ရမလဲ ဆိုယင် “အဝေရာ ဟောန္တု-ဘေးရန်ကင်းကြပါစေ၊ အဗျာပဇ္ဈာ ဟောန္တု-စိတ်ဆင်းရဲ ကင်းကြပါစေ၊ အနီဃာ ဟောန္တု-ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ သုခီအတ္တာနံ ပရိဟရန္တု-ချမ်းသာစွာနှင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ”လို့ မေတ္တာပွါးပြီး ပယ်ရမယ်။ အဲဒါဟာ ဗျာပါဒဆိုတဲ့ လမ်းဆိုးကို မေတ္တာဆိုတဲ့ လမ်းကောင်းဖြင့် ရှောင်လွှဲလိုက်တာဘဲ၊ အဲဒီလို မေတ္တာပွါးနေယင် တဆင့်ထက် တဆင့် မြင့်ရာသို့ တက်သွားနိုင်တယ်၊ ဗျာပါဒ ကိလေသာမီးကို မေတ္တာရေစင်ဖြင့် ငြိမ်းလဲ ငြိမ်းစေနိုင်တယ်။ ကဲ အဓိဋ္ဌာန် ဆောင်ပုဒ်ကို ဆိုကြရမယ်။

> သူများတွေက သေပျက်စေလိုကြမည့် နေရာမှာ ငါတို့ကတော့ သေပျက်စေလိုမှု ကင်းစေမည်၊ ကိလေသာ ပါးစေတဲ့ အကျင့်ကို ကျင့်မည်၊ ဒီလိုစိတ်မျိုးကို ဖြစ်စေမည်၊ သေပျက်စေလိုမှု ဗျာပါဒကို မေတ္တာဖြင့် ရှောင်လွှဲမည်၊ မေတ္တာဖြင့် အဆင့်အတန်း တက်မည်၊ ဗျာပါဒ ကိလေသာမီးကို မေတ္တာရေစင်ဖြင့် ငြိမ်းသတ်မည်။

လောကမှာ မစောင့်စည်းကြတဲ့ သူတွေဟာ မုန်းတဲ့သူတွေကို သေပါစေ, ပျက်ပါစေ-လို့ ပြစ်မှားပြီး ကြံစည်တတ်ကြတာဘဲ၊ အဲဒီလို လောကထဲမှာ ငါတို့ကတော့ ပြစ်မှားတဲ့ ဗျာပါဒ ကင်းစေမည်၊ ချမ်းသာစေလိုတဲ့ မေတ္တာကို ပွါးမည်လို့ ဒီလို နှလုံးသွင်း ဆောက်တည်ပြီး ဗျာပါဒဒေါသကို ပယ်ရမယ်၊ ပြစ်မှားတဲ့ အကြံမျိုးကို မကြံရဘူး၊ ကြံမိယင်လဲ ရှုမှတ်ပြီး ပယ်ရမယ်၊ အဲဒါဟာ သလ္လေခ အကျင့်ဘဲ။

www.dhammaransi.com



နောက်ပြီးတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဝိပဿနာ ရှုမှတ်ခြင်းဖြင့်လဲ အဲဒီဗျာပါဒကို ပယ်နိုင်ပါတယ်၊ ဘယ်လိုလဲဆိုယင် မမြင်ချင်တဲ့သူကို မြင်ရယင်၊ မကြားချင်တဲ့အသံကို ကြားရယင် အထူးအားဖြင့် ဘယ်သူက အကျိုးမဲ့ဖြစ်အောင် ဘာလုပ်သတဲ့ ဆိုတာမျိုးကို ကြားရယင်၊ မတွေ့ချင်တာ မသိချင်တာကို တွေ့ရ သိရယင် "ဒီအကောင် သေပါစေ၊မြန်မြန်သေပါစေ" လို့ ကြံတဲ့ ဗျာပါဒ ဖြစ်တတ်တယ်။ မြင်တိုင်း ကြားတိုင်း စသည်ကို ရှုမှတ်နေယင် ပေါ်ပြီး ချက်ခြင်း ပျောက်ပျောက်သွားတာကိုသာ တွေ့ရတဲ့အတွက် အဲဒီလို ပြစ်မှားကြံစည်တဲ့ ဗျာပါဒဟာ မဖြစ်နိုင်တော့ဘူး၊ သာမန်စိတ်ဆိုးတဲ့ ဒေါသတောင် မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် ပေါ်လာသမျှကို မပြတ်ရှုမှတ်နေယင် အဲဒီဗျာပါဒဟာ ဖြစ်ခွင့်မရဘဲ ငြိမ်းသွားတယ်။ အဲဒါဟာ ဝိပဿနာ အကျင့်ဖြင့် ဗျာပါဒကို ပယ်တာဘဲ။

အဲဒီလို မရှုမမှတ်နိုင်ယင်လဲ မေတ္တာဘာဝနာဖြင့် ဗျာပါဒကို ပယ်နိုင်ပါတယ်၊ ဘယ်လိုလဲဆိုယင် မြင်သမျှ ကြားသမျှ တွေ့သမျှ သတ္တဝါတွေကို ချမ်းသာကြပါစေ ချမ်းသာကြပါစေ-လို့ မေတ္တာပို့ရမယ်၊ သွားရင်း လာရင်း အလုပ် လုပ်ကိုင်ရင်းလဲ မြင်သမျှ ကြားသမျှကို ချမ်းသာပါစေ ချမ်းသာပါစေ-လို့ နှလုံးသွင်းပြီး မေတ္တာပွါးနေရမယ်၊ အဲဒီလို မေတ္တာပွါးနေယင် အဲဒီ မြင်ရ ကြားရတဲ့ သူတွေအပေါ်မှာ ဗျာပါဒ ဒေါသ မဖြစ်ပဲ ငြိမ်းတယ်။မမြင်ရ မကြားရတဲ့ သတ္တဝါတွေကိုလဲ စိတ်ဖြင့် အာရုံပြုပြီး မေတ္တာပွါးရတယ်၊ အဲဒီလို မေတ္တာပွါးတဲ့စိတ်ကို နောက်ကလိုက်ပြီး ရှုမှတ်ယင် ဝိပဿနာလဲ ဖြစ်တယ်၊ ဒါကြောင့် မေတ္တာပွါးလိုက်၊ ရှုမှတ်လိုက်၊ မေတ္တာပွါးလိုက်၊ ရှုမှတ်လိုက်နဲ့ အားထုတ်သွားရင်း ဝိပဿနာဉာဏ် အစဉ်အတိုင်း တက်ပြီး အနာဂါမိမဂ်ဖိုလ်ကို ရောက်သွားယင်တော့ ဒီဗျာပါဒကို လုံးဝကင်းငြိမ်းစေနိုင်ပါတယ်၊ သောတာပတ္တိမဂ်ဉာဏ် ရောက်ယင်ကို အပါယ်ကျစေနိုင်တဲ့ ဗျာပါဒကတော့ ကင်းငြိမ်းသွားပါပြီ။ ဒါကြောင့် အောက်ထစ်ဆုံးအားဖြင့် အဲဒီ သောတာပတ္တိ မဂ်ဖိုလ်ရောက်အောင် အားထုတ်ပြီး ဒီဗျာပါဒကို ပယ်ဘို့ပါဘဲ။ ဒါထက် တတ်နိုင်သေးယင်တော့ အနာဂါမိ မဂ်ဖိုလ်ရောက်အောင် အားထုတ်ပြီး အဲဒီဗျာပါဒကို အကြွင်းမဲ့ ပယ်ဘို့ပါဘဲ။ ကဲ ယခု တရားနာရင်း မေတ္တာလဲပွါး, ဝိပဿနာလဲ ရှုကြရအောင်

www.dhammaransi.com



လိုက်ဆိုကြ၊ ဆိုတဲ့အတိုင်း စိတ်ထဲကလဲ အာရုံပြုကြ၊ အဲဒီ ဆိုတာတွေရော စိတ်တွေရော နောက်ကလဲလိုက်ပြီး ရှုမှတ်ကြ။

အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊
ကိုယ်ဆင်းရဲကင်းကြပါစေ၊
စိတ်ဆင်းရဲကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့်
မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အဲဒီလို မေတ္တာပွါးတဲ့အခါမှာ ဘေးရန်ကင်းကြပါစေ-စသည်ဖြင့် နှလုံးသွင်းတဲ့ စိတ်ရော ရွတ်ဆိုတဲ့ရုပ်ရော ချက်ခြင်းဘဲ ပျောက်ပျောက်သွားတယ်၊ အဲဒီလို ပျောက်သွားတာကို သိတဲ့စိတ်ကလဲ သိပြီးယင် ချက်ခြင်းဘဲ ပျောက်သွားတာဘဲ၊ အဲဒီလို ပျောက်သွားတာဟာ မမြဲတဲ့တရားပေါ့၊ မမြဲတာတွေဟာ ဒုက္ခ-ဆင်းရဲတွေ မကောင်းတာတွေပေါ့၊ အဲဒီ မမြဲတာတွေ ဆင်းရဲတွေဟာ အတ္တ-မဟုတ်တဲ့ အနတ္တ-သဘောတရားတွေပေါ့၊ အဲဒီလို မေတ္တာပွါးရင်း သိသိလိုက်နေတာဟာ ဝိပဿနာဘဲ၊ ကဲ အဲဒီလို မေတ္တာနဲ့ ဝိပဿနာ တွဲပြီး တခါ ပွါးလိုက်ကြဦးစို့။

အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ ။ပ။
မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ကဲ ဒီကနေ့ ဒီတွင်ရပ်ပြီး တရားသိမ်းကြစို့။

www.dhammaransi.com

## အမျှဝေ တရားသိမ်း နိဂုံးချုပ်

ယနေ့အဖို့၌ ကျွနုပ်တို့ ပြုစုပွါးများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဝေယျာဝစ္စကုသိုလ် တရားဟောရသောကုသိုလ် တရားနာရသောကုသိုလ် အစရှိသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမိအဘတို့အား အမျှပေးဝေပါကုန်၏၊ အဆွေအမျိုးတို့အား အမျှပေးဝေပါကုန်၏၊ ဤအရပ်၌ ရောက်ရှိနေကြသော လူပရိသတ် နတ်ပရိသတ် အပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ သိကြားမင်းကြီးမှစ၍ အလုံးစုံသော နတ်အပေါင်း အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

သလ္လေခသုတ် တရားတော် ဆဌမပိုင်း ဤတွင် ပြီး၏။

သလ္လေခသုတ် တရားတော် ပဌမတွဲ ပြီး၏။

---

အထူးမှာထားချက်—ဤတရားတော် ပဥ္စမပိုင်း နှာ ၂၃၃-၌ မြေကြီးနှင့် ကောင်းကင် ဝေးပုံကို နားလည်လွယ်သောနည်းဖြင့် ပြောထားသည်။ ဇာတကအဖွင့်၌မူ တည်ရာရှိ,မရှိ၊ ကိုင်တွယ်၍ ဖြစ်,မဖြစ်အားဖြင့် ကွဲပြားခြင်းကြောင့် တစပ်တည်းဖြစ်နေသော်လည်း မရောခြင်း,-မကပ်ငြိခြင်း သဘောအားဖြင့် အချင်းချင်း ဝေးသည် မည်ကြောင်း ဖွင့်ပြထားလေသည်။

မဟာစည်ဆရာတော်

ပ-မ-သ-စ—၁၉—၁၄-၂-၇၃—၂၀၀၀။

www.dhammaransi.com